www.burmeseclassic.com



# ကွမ်းစကား

သုမောင်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာဘေးကင်းကွာ
စည်းကမ်းရှိမှတိုးတက်မည်
စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

BURMESE CLASSIC .com



## မာတိကာ


| | |
|---|---|
| ကွမ်းစကားနှင့်ပတ်သက်၍... | ၇ |
| ၁။ ကျွန်တော်စဉ်းစားကြည့်တယ် | ၂၂ |
| ၂။ ဒဂါးနှင့်နိုင်ငံကျော်အဆိုတော်သုမောင် | ၂၇ |
| ၃။ သူ့ဇာတာ | ၄၃ |
| ၄။ သဘာဝအုပ်စု | ၅၃ |
| ၅။ နတ်ရေကန် | ၇၀ |
| ၆။ အမေများ | ၈၆ |
| ၇။ ပရိသတ် | ၉၆ |
| ၈။ သာရ–သုမောင်စာပေတိုက်ပွဲ | ၁၁၀ |
| ၉။ စိတ်ကူးထဲကသူငယ်ချင်း | ၁၂၅ |
| ၁၀။ ဟိုင်းဟောင်ကောင် | ၁၄၂ |
| ၁၁။ သုမောင်တဲ့ကွ မှတ်ထား | ၁၅၃ |
| ၁၂။ ခါးပိုက်နှိုက်မောင်ဝဏ္ဏ | ၁၅၉ |
| ၁၃။ အနံ့အသက် | ၁၆၇ |
| ၁၄။ ကျွန်တော် နစ်နာသွားသောအကြွေး | ၁၇၆ |
| ၁၅။ ကျွန်တော်စဉ်းစားကြည့်တယ် –၂ | ၁၉၀ |
| ၁၆။ ကျွန်တော်နှင့်မြို့တော်ဝန် | ၂၀၁ |
| ၁၇။ မောင်နှင့်ပတ်သက်၍ | ၂၁၄ |
| ၁၈။ သူခိုး | ၂၂၃ |
| ၁၉။ ၁၉၉၄ ခရစ္စမတ်နေ့ အမှတ်တရ | ၂၃၂ |


www.burmeseclassic.com

www.burmeseclassic.com




| | |
|---|---|
| ၂၀။ ဆွေးမျိုးဉာတိ | ၂၄၄ |
| ၂၁။ ကုသိုလ်ကံအကြောင်းရယ် | ၂၅၆ |
| ၂၂။ ကျွန်တော်နှင့် ကောလိပ်ဂျင်နေဝင်း | ၂၇၄ |
| ၂၃။ ဓမ္မာရုံရှေ့မှ ရင်ခုန်သံ | ၂၉၅ |
| ၂၄။ သုမောင်၏ပင်ကိုမူလသည်ကား | ၃၀၇ |
| ၂၅။ မောင်ဝဏ္ဏတဲ့ | ၃၁၅ |
| ၂၆။ ကျွန်တော့်အား နိမိတ်ဖတ်ခဲ့သူများ | ၃၂၃ |
| ၂၇။ နောက်တစ်ခွေလာပြန်ပြီဟေ့ | ၃၃၇ |
| ၂၈။ တို့အိမ် | ၃၅၂ |
| ၂၉။ ကျွန်တော်သိသောသာစု | ၃၆၀ |
| ၃၀။ မိုမို့မြင်အောင်နတ် | ၃၇၆ |
| ၃၁။ အငှားစနစ်ဖြောင့်ရတယ် | ၃၉၀ |
| ၃၂။ အဘိုးအို၏နောက်ဆုံးအိမ် | ၄၀၅ |
| ၃၃။ သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည် | ၄၂၀ |
| ၃၄။ ချစ်ကိုယ်တွေ့ | ၄၃၂ |
| ၃၅။ Elizabeth အေးဘုံနှင့်သုမောင် | ၄၅၀ |
| ၃၆။ အသုဘဖြင့်လုပ်စားခြင်း | ၄၆၀ |
| ၃၇။ ကြီးတစ်ခါ ငယ်နှစ်ခါ | ၄၆၆ |
| ၃၈။ ပန်းခြံထဲမှာ | ၄၇၅ |
| ၃၉။ ထိုဝင်းဦး | ၄၈၅ |
| ၄၀။ အလင်းအမှောင်ကိုခင်မောင် | ၄၉၅ |
| ၄၁။ အကျိုးအပဲ့ | ၅၀၇ |


# ကွမ်းစကားနှင့်ပတ်သက်၍

"ကွမ်းစကား"ဟူသော ခေါင်းစီးအသေအောက်တွင် ကျွန်တော်၏စာစုများ ပေါ်ပေါက်လာခဲ့သည်မှာ ၁၉၉၂၊ မေလမှ စတင်ပါသည်။ ကလျာမဂ္ဂဇင်းတွင် ဖြစ်ပါ၏။ သည့်မတိုင်ခင် ယခင့် ယခင်က ရေးခဲ့သော ကျွန်တော်၏စာစုအချို့နှင့် ပတ်သက်၍ ကျွန်တော့် စာဖတ်ပရိသတ်အချို့နှင့် စာပေဝေဖန်ရေးဆရာအချို့က (ဒါဟာဝတ္ထုတိုလည်းမဟုတ်၊ စာညွှန့်လည်းမဟုတ်၊ ဆောင်းပါးလည်းမဟုတ်၊ စာတမ်းငယ်လည်းမဟုတ်၊ အတ္ထုပ္ပတ္တိအကျဉ်းလည်းမဟုတ်...) မည်သည့်စာစုမျိုးတွင် အကျုံးဝင်သနည်းဟု မေးခွန်းထုတ်ကြပါသည်။ ဝေဖန်ဆွေးနွေးကြပါသည်။

ထိုအခါ ကျွန်တော်က... "**ကျွန်တော့်စာစုတွေကို ကျွန်တော်က ကွမ်းစားသလို ဝါးသလိုရေးတာပါ**"ဟု ပြန်ဖြေ၏။

ပန်းဆောင်စာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ကွမ်းယာ စားကြဝါးကြကြသော အခါ အရည်ကိုလည်းမရ၊ အဖတ်ကိုလည်းမရ ထွေးထုတ်ပစ်ကြပါသည်။ အရည်မရ အဖတ်မရ၊ သို့သော် ကွမ်းယာကို ဘာကြောင့် စားသနည်း။ ဘာကြောင့် ဝါးနေကြသနည်း။ တစ်စုံတစ်ရာသော အရသာရှိသောကြောင့်ပင် မဟုတ်ပါလား။ ယင်းအရသာကို ကွမ်းစားတတ် ဝါးတတ်သူတို့သာ သိနိုင်ပါသည်။ ကျွန်တော်က ကျွန်တော့်စာစုများကို ဤသို့ပင် မှတ်ချက်ချပါ၏။

ထိုမှစတင်ကာ ကျွန်တော်သည် "ကွမ်းစကား"ဟူသော ခေါင်းစီးအသေကို ယူ၍ ကလျာမဂ္ဂဇင်းတွင် စာမျက်နှာအချို့ယူ၍ ရေးလေသည်။ ဤခေါင်းစီးကြောင့်ပင် ကျွန်တော့်စာစုများကို ပရိသတ်လက်ခံလာကြောင်း တွေ့ရပေသည်။

သို့သော် လူ့သဘာဝကား တစ်စုံတစ်ရာသော ကိစ္စ၌ အောင်မြင်မှုရလာလျှင် ထိုအရာပေါ်၌ သာယာလာတတ်၏။ ကျွန်တော်သည်လည်း ကွမ်းစကားပေါ်၌ သာယာမိလေတော့သည်။ ထိုအခါ ကျွန်တော့်တွင် ပြဿနာသုံးရပ်နှင့် ကြုံရတော့၏။

(၁) ကျွန်တော်ရေးသမျှ "ကွမ်းစကား"များကို ကလျာက နိုင်ခံ၍ ပုံမှန်ထည့်မပေးနိုင်ခြင်း

(၂) ခေါင်းစီးသေးတစ်ခုကို တခြားမဂ္ဂဇင်း၌ ပြောင်းရေးရန်မသင့်ဟု ယူဆမိခြင်း





(၃) နောက်ပိုင်း ရေးသမျှစာများတွင် အများစုမှာ "ကွမ်းစကား"ဆန်နေခြင်း

တို့ဖြစ်ပါသည်။

အထက်ပါ ပြဿနာသုံးရပ်တွင် နံပါတ်(၃) အချက်သည် ကျွန်တော့်အား ဒုက္ခအပေးဆုံး ဖြစ်လေသည်။ အကြောင်းမှာ စောစောက ပြောသလို ကွမ်းစကားပေါ်၌ သာယာမိသောကြောင့် ဘယ်မဂ္ဂဇင်းမှာပဲ ထရေးရေး ကွမ်းစကား ပုံသဏ္ဌာန်ဝင်နေသောကြောင့်ပင်။ ဤတွင် အလိုလို ကွမ်းစကားဆန်သွားသည်များ ပါသလို ကွမ်းစကား မဖြစ်ဖြစ်အောင် ရေးမိနေခြင်းတို့လည်း ဖြစ်လာပါသည်။

သည်တော့...မဂ္ဂဇင်းတစ်စောင်၌ ကွမ်းစကားဆန်သော စာစုတစ်ပုဒ်ကို ရေးမိသော်လည်း ကွမ်းစကား ခေါင်းစီး မတပ်ဖြစ်။ ကလျာ၌ "ကွမ်းစကား"ရေးသော်လည်း(မဖြစ်ဖြစ်အောင်ရေးမိသည့်အတွက်) ကွမ်းစကားစာစု အမှန်တကယ် ဖြစ်မလာ။

ဤသို့ဖြင့် "ကွမ်းစကား"ခေါင်းစီးသည့် ကျွန်တော်နှင့် စာဖတ်သူအကြား... တဖြည်းဖြည်း မှိန်မှေး ပျောက်ကွယ်လာရတော့သည်။

❑ ❑ ❑

ခုတစ်ဖန်... "ကွမ်းစကား"ဟူသော ခေါင်းစဉ်ဖြင့် စာစုပေါင်းချုပ်တစ်အုပ် ထုတ်ဝေရန် "ပန်းအောင်"စာပေနှင့် စကားပြောဖြစ်ကြသောအခါ၌ကား...။



www.burmeseclassic.com

www.burmeseclassic.com



စောစောက ကျွန်တော် ပြောခဲ့သော ပြဿနာများသည်ပင် ဤစာအုပ်အတွက် အကျိုးရှိရာရှိကြောင်း ဖြစ်လာပြန်ပါသည်။

အကြောင်းမှာ "ကွမ်းစကား"ခေါင်းစီးအောက်၌ ရေးခဲ့သော်လည်း လိုရင်းမရောက်သော စာစုများကို ကျွန်တော်ပယ်ထုတ်ပစ်ခွင့်ရလာသည်။ အခြားမဂ္ဂဇင်းများတွင် ခေါင်းစီးသေမတပ်ဘဲ ရေးခဲ့သော စာစုများကိုလည်း "ကွမ်းစကား" အဖြစ် ပြန်လည်အသုံးချနိုင်လာခြင်း တို့ဖြစ်ပါသည်။ ထို့အပြင် "ကွမ်းစကား"ဟူ၍ ၁၉၉၂၊ မေလမှ စတင်ပေါ်ပေါက်လာသော်လည်း ဟိုးလွန်းခဲ့သော ၁၉၈၄ လောက်က ကျွန်တော့် စာမူအချို့မှာပင်လျှင် ကွမ်းစကား အငွေ့အသက်များ ပါရှိနေသည်ကို တွေ့သဖြင့် ယခုစာအုပ်တွင် ဖော်ပြခွင့်ရလာလေသည်။ သည့်အရင် ကျွန်တော် စာပေနယ်၌ စတင်နာမည်ရလာသော ၁၉၇၃ ကာလဆီမှ ၁၉၈၄ ကာလအတွင်း ရေးခဲ့သော စာစုအချို့ကား ဝတ္ထုတိုပေါင်းချုပ် စာအုပ်များ ထုတ်ဝေပြီးဖြစ်သဖြင့် ပြန်လည်ဖော်ပြခြင်း မပြုလိုတော့ပါ။

မည်သို့ပင်ရှိစေ... ပန်းအောင်စာပေတိုက်မှ ကိုအောင်လှနှင့် ဆွေးနွေးကြသောအခါ ဤ"ကွမ်းစကား"စာအုပ်တွင် ကွမ်းစကားဆန်သော စာစုများကို တတ်နိုင်သရွေ့ ရွေးချယ်ပေါင်းချုပ်နိုင်ရန်ကား သဘောတူနိုင်ခဲ့လေသည်။

ဤနေရာတွင် စာရေးဆရာကြီးများ၊ ဝေဖန်ရေးဆရာကြီးများ၏ အမှာစာကို ထည့်သွင်း ဖော်ပြရန်ဖြစ်သော်လည်း ရိုးသားစွာ ပြောရလျှင် ကျွန်တော်က "အမှာစာ"ဆိုသည့်စကားအသုံးကို သိပ်မကြိုက်။ ထို့ကြောင့်မည်သူ့ထံမှ အမှာစာမတောင်းချင်တော့ပါ။ ဤစာအုပ်ဖြစ်ပေါ်လာစေရန် မဂ္ဂဇင်းများကို လှန်လှောရှာဖွေရာ၌ အောက်တွင် ဖော်ပြမည့် စာရေးဆရာကြီးအချို့၏ ကျွန်တော့်စာပေအပေါ် ရှုမြင်ပုံများကို အမှတ်မထင်ပြန်၍ တွေ့ရှိရလေသည်။

သည်လိုဖြင့်... ဆရာကြီး၊ ဆရာမကြီးများ၏ မှတ်ချက်အချို့ကို အမှာစာဟု မရည်ရွယ်ဘဲလျက် ဖော်ပြလိုက်ရပါသည်။

❑ ❑ ❑

**ကိုင်း... ပြောလိုက်စမ်းမယ် သောင်းပြောင်းထွေလာ**

ဘယ်စာပဲဖြစ်ဖြစ် ဖတ်သွားပေမယ့် သဘောလေးတွေ၊ အလှည့်အပတ်တွေ၊ အတွေးအခေါ်တွေ မျက်စိမှောက်ပြီး မမြင်ရှိတတ်တယ်။ ဒါမျိုးကို မြင်တက်တဲ့ ဒ၊သိပညာရှင်တစ်ဦးဦး ဖော်ထုတ်ပြတော့မှ "ဩော်... ဟုတ်ယေသားပဲ၊ အစက ငါမမြင်မိဘူး"ဆိုပြီး စာရဲ့အရသာ ပိုထူးသွားတာလည်းရှိတယ်။

ဒေါ်ခင်မျိုးချစ်– သောင်းပြောင်းထွေလာမဂ္ဂဇင်း
(၁၉၉၈–မတ်လ)

❑ ❑ ❑





ပန်းအောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



**မောင်စေဖန်(ဆရာကြီးမောင်ထင်)**
**စာပေအကဲဖြတ်**
**ဒုရင်ကောက်(ဝတ္ထုတိုများစာအုပ်)**

ရေးသူ - သုမောင်
ထုတ်ဝေသူ - နှလုံးလှစာပေ၊ ရန်ကုန်မြို့။
ထုတ်ဝေသောနှစ် - ၁၉၈၃

ဝတ္ထုတိုဟု အမည်တပ်ထားသော်လည်း ဤစာစုမှာ စင်စစ် မိမိဘဝဖြစ်စဉ်ကို မိမိမှတ်မိသည့်အတိုင်း မိမိ၏ ထင်မြင်ယူဆချက်နှင့်တကွ ရေးဖြစ်ဟောင်းအောက်မေ့ဖွယ်တို့ကို တင်ပြသော မင်းမှား(memoir) အဖွဲ့ထဲတွင် အကျုံးဝင်သည်။ ဤ





စာပေမျိုးကို သွက်သွက်လက်လက်နှင့် ဟာသမြောက်အောင် ရေးရာ၌ ထင်ရှားသူမှာ သော်တာဆွေဖြစ်သည်။ သို့သော် သော်တာဆွေ၏ ဟာသက ဟက်ဟက်ပက်ပက်နှင့် အုန်းခနဲ ရယ်ရသည်။ သုမောင်၏ ဟာသမှာကား မထိတထိ ပြုံးစေ့စေ့ ဟာသမျိုးဖြစ်၍ ရယ်ရကောင်းမလားဟု စဉ်းစားရသည်။ နက်နက်နဲနဲ တွေး ကြည့်မှ အဓိပ္ပာယ်ပေါ်သော ဟာသမျိုးကား မဟုတ်။ အများမြင်သာသော သာမန်အချက်အလက်တစ်ခု အပေါ်တွင် တစ်မူ ထူးခြားစွာ မြင်သော သဘာဝကို လှစ်ပြသည့် ဟာသမျိုး ဖြစ်သည်။

သုမောင်သည် မိဘနှစ်ပါးကို ဇာတိပြု၍ ထွန်းကားလာသော မိသားစုနှင့် ယင်းတို့၏ ကျောထောက်နောက်ခံအိမ်သူ အိမ်သားများအကြောင်းကို ဖွဲ့ဆိုသည်။ အိမ်ထောင်စုပုံပြင်ဟု ယူဆလိုက ယူဆနိုင်သည်။ သူ့ဟာသထဲမှ အမျိုးမျိုးသော လူ့စရိုက်များ ပြူတစ်ပြူတစ်နှင့် ခေါင်းထောင်ပြနေကြသည်။ သနားစရာ၊ အတုခိုးစရာ၊ တရားကျစရာ၊ ကြည်ညိုစရာ၊ မှတ်သားစရာများပါသည်။

(စာပေလုပ်သားမဂ္ဂဇင်း၊ မတ်လ-၁၉၈၄ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



သာမုဇွတ်ရေးသည်
သာမုနှင့်ကျွန်တော်တို့၏ ဖခင်များအကြောင်း(ဝတ္ထုတိုစာအုပ်)
မြဝတ်ရည်စာပေ
၁၉၈၄ ခု၊ ဒီဇင်ဘာလ

သားများအနက် သုမောင်သည် ဖွေဆော်ဦးသာမုကို တော်လှန်သူဖြစ်ချေ၏။ သူ... သူငယ်တန်းမှစ၍ ကျောင်းပို့ ကျောင်းကြို အဖော်နှင့် လွှတ်သည်။ သူ ၇ နှစ် ၈ နှစ်သား လောက်တွင် သာမု မန္တလေးရောက်နေသဖြင့် ရန်ကုန်သို့ စာလှမ်းရေးသည်။ ကလေးများ အဖော်မပါဘဲ ကျောင်းမလွှတ်ရန်။

သုမောင်တစ်ယောက်တည်းထံမှ စာပြန်လာသည်။

ဖေဖေ–

မေမေ့ဆီ စာရေးတယ်ဆို ဟုတ်သလား။ အဖော်မပါဘဲ ကျောင်းမသွားရဘူးဆိုတာ ကျွန်တော် ကလေးမှ မဟုတ်တော့ဘဲ။ အဖော်က လိုက်လိုက်ပို့တာ ကျွန်တော် ရှက်တယ်ဗျ။ အဖော်နဲ့ဆို ကျောင်းမတက်တော့ဘူး။

သား–ဗလကြီး

ဤသည်မှစ၍ အာခံခဲ့သည်။ ပေကတ်ကတ် လုပ်ခဲ့သည်။ တစ်ခါတစ်ရံ ဘောက်ဆတ်ဆတ် ပြောသည်။ တစ်ကြိမ်ကလည်း သာမုက...





"ဟေ့... ဗလ။ ငါ အခုလို ပင်ပန်းတကြီး လုပ်ကိုင်ရှာဖွေနေတာ ဘယ်သူတွေဖို့လဲ။ ငါ ခုနေ သေသွားရင် ငါ့ပစ္စည်းတွေ ဘယ်သူခံစားရမလဲ၊ မင်းတို့ပဲ ရှိတယ်မဟုတ်လား" ဟု ပြောသည်ကို...

သုမောင်သည် သာမုလက်နှစ်ဖက်ကို ဆုပ်ကိုင်ရင်း တဆတ်ဆတ် တတုန်တုန်ဖြင့်...

"ဖေဖေ ဖေဖေ့ပစ္စည်းတွေ၊ ခြံတွေ၊ တိုက်တွေ ဘာတစ်ခုမှ ကျွန်တော် မမက်မောပါဘူးဗျ" ဟု အသံသြကြီးဖြင့် ပြောဆိုဖူးသည်။

အတိုချုံးကြပါစို့...။

ဝတ္ထုရေး၊ သီချင်းသွင်း အပေါင်းအသင်းကလေး တွေ့လာသောအခါ အရက်ကလေး မြူ့စမြူ့လာသဖြင့် သာမုက ချောင်းဖမ်းပြီး ရိုက်ပစ်လိုက်သည်။ သို့တိုင်အောင် သူမှန်သည် ထင်သော အလုပ်ကို ဆက်လုပ်သည်။ အရက်ကို လစ်တိုင်း သောက်သည်။

သာမု သူ့ကို အိမ်မှ မောင်းထုတ်လိုက်သည်။ သူ မှန်သည်ထင်ရာ ဆက်လုပ်ပြန်သည်။ မိန်းမယူသည်။ မောင်ဝတ္ထု အိမ်တစ်လှည့်၊ မင်းသားစိန်မြင့်အိမ်တစ်လှည့် သွားနေသည်။

၉ လခန့်ကြာသောအခါ သာမုမိတ်ဆွေ တရားရုံးချုပ်ရှေ့နေကြီး ဦးတင်ရီက သုမောင်တို့ ဇနီးမောင်နှံကို ညကြီးချုပ်ခေါ်လာပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဦးသာစု... ကလေးတွေ ပြန်ခေါ်ထားပါဗျာ။ ခု... သူကတီပေးပါပြီ။ အရက်ဖြတ်ပါ့မယ်...တဲ့"

သားကို ဒေါသဖြစ်နေသောကြောင့် တစ်ယောက်တည်းဆိုက လက်ခံရန် မလွယ်သော်လည်း ချွေးမမှာ ကိုယ်ဝန်အရင့်အမာနှင့် ဖြစ်နေ၍ အိမ်တွင် ပြန်တင်ထားလိုက်စေကာမူ သုမောင် ဦးမကျိုးသေး။

မကြာမီ ပြည်ထောင်စု ပဒေသာကပွဲတွင် သုမောင်နှင့် ပြဇာတ်တစ်ခု ကပေးရန် သက်ဆိုင်ရာက တောင်းဆိုလာသဖြင့် သုမောင်၊ မေခလာတို့နှင့် ကပြပေးသည့် တတိယမြောက်နေ့တွင် သုမောင် နောက်ချန်နေခဲ့ပြီး ဇာတ်စင်သို့ တက်လာသောအခါ အရက်တွေလာသည်။ သာစု ဒေါသဖြစ်လိုက်သည်မှာ ပြောစရာမရှိ။ ကပြမှု ပျက်သွားမည်စိုး၍ အံကြိတ်နေလိုက်ရသည်။

ကအပြီး အိမ်ရောက်သည်နှင့် နားထင်နားရင်းကို ဖျဉ်းခနဲပူသွားအောင် ၄-၅ ချက် ရိုက်ပစ်လိုက်သည်။ ပြဇာတ်စင်တွင် သာစု အံကြိတ်ခဲ့၍ ခလျှာသွားသော်လည်း သုမောင်က အံကြိတ်လာသည်။ နောက် မှန်ဗီရိုကို လက်သီးနှင့် ထိုးသဖြင့် လက်သီးထိပ်ရော လက်မကြားပါ စုတ်ပြတ်ကုန်သည်။ သာစု ထူပူသွားကာ ညကြီးမိုးချုပ် ၁ နာရီခွဲခန့်တွင် ဒေါက်တာဦးဆင်ဖိုးအိမ် သွားနှိုးပြီး သုမောင်ကို ချုပ်ပေးလိုက်ရသည်။





နောက်တစ်နေ့ ပြဇာတ်ကသွားရန် ပြင်ဆင်နေကြရာမှ သတိရ၍ သုမောင်၏လက်ဒဏ်ရာ မေးခိုင်းသည်။ ကနိုင်၊ မကနိုင်။

ဖြစ်သင့်သည်မှာ သူကိုယ်တိုင်လာပြီး အကျိုးအကြောင်းပြောသင့်သည်။ သူ မလာ။

"ကိစ္စမရှိဘူး... က,ပေးမယ့်လို့ ပြောလိုက်"

သူ့ကို ရိုက်ထားသည့်အတွက် စိတ်ကျေပုံ မရသေး။

အားလုံး အသင့်ဖြစ်၍ ပြည်ထောင်စုပွဲသို့ သွားရန် ကားပေါ်တက်ကြသည့်အနိုက် တယ်လီဖုန်းမြည်လာသည်။ သာစုဆီလာသည်ထင်၍ ဆင်းသွားရာ ဖုန်းနားထောင်သူ တပည့်ကလေးက...

"ဆရာ...မအေးဘုံ မွေးပြီတဲ့။ မိန်းကလေးတဲ့၊ နေကောင်းကြတယ်တဲ့"

သာစု ဝမ်းသာအယ်လဲ ဖြစ်သွားသည်။ ထိုတပည့်ကပင် သုမောင်အား သတင်းပေးလိုက်ရာ အခြားကားမှ သုမောင်ဆင်းလာသည်။ နောက် သာစုကို ပြေးဖက်ပြီး ငိုပါချေတော့သည်။ ရှိုက်ကြီးတငင်...။

သာစုပါ မျက်ရည်ဝေရသည်။

သာစု ဘာတစ်ခုမှ မေးစရာ မလိုပါချေ။ သူကလည်း ဘာတစ်လုံးမှ မပြော။ ငိုလိုက်သည်မှာ တစ်ကိုယ်လုံး တုန်ခါနေသည်။ ပါးစပ်မှ ဖွင့်ပြောသည်ထက် အဆထောင်ရာ တာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးသည် ငယ်ရာမှ ကြီးလာရသောကြောင့် လူငယ်အကြောင်း ကောင်းကောင်းသိသည်။

လူငယ်သည် လူကြီးမဖြစ်သေးသရွေ့ လူကြီးအကြောင်း မသိ။

လူငယ်အဖြစ် သားအဖြစ် လူကြီးမိဘကို စော်လှန်ချင်သောအကောင်၊ ယခု... သူကိုယ်၌က လူကြီးနေရာ၊ ဖခင်နေရာ ရောက်လာသောအခါ သဘာဝကို မလွန်ဆန်နိုင်။ လူကြီးဆိုသူကို နားလည်လာသည်။ မိဘဟူသည်ကို သူ့ကိုယ်နှင့်သူ နှိုင်းယှဉ်ထင်ဟပ်လာသည်။

အထူးသဖြင့် သုမောင်သည် လူကြီးအကြောင်းများများတွေး၊ များများရေးသောအားဖြင့် ရာဇဝင်ကြွေးဆပ်ခဲ့၊ ဆပ်နေ၊ ဆပ်လိမ့်ဦးမည့် အရိပ်လက္ခဏာ။

သာခု... သာခု... သာခု။

သာခု

၂၉-၁၁-၉၄

□ □ □





ကိုသုမောင်ရေ

၁၉၈၄ ခု၊ နိုဝင်ဘာလထုတ် ပေဖူးလွှာမဂ္ဂဇင်းတွင် သုမောင်၏ သူ့စေတနာ ဝတ္ထုတိုကို ကျွန်မ ဖတ်ရပါသည်။ သူ့ဝင်္ကပါ (ဝင်္ကဘာ) ပွဲတွင် စာတစ်ပိုဒ်ကို ကျွန်မ သေသေချာချာ ဖတ်မိ၏။ အထပ်ထပ် ဖတ်မိ၏။

(ဟုတ်သားပဲ၊ ဘယ်လောက်မှန်ကန်သည့်ကိစ္စဖြစ်ဖြစ်၊ ဘယ်လောက်သဘာဝကျသည့်ကိစ္စဖြစ်ဖြစ်၊ ကာယကံရှင် ကိုယ်၌က ခွင့်လွှတ်ကျေနပ်ပြီးသားပင်ဖြစ်ဖြစ် တစ်ခါတစ်ရံ ခွင့်မပြောအပ်သည့် အကြောင်းအရာများ ရှိတတ်ပါကလားဟု အသိတရားတစ်ခု တိုးရသည်။ သို့မဟုတ် လူကြီးအရာရောက်ဖို့ရာတွင် လိုအပ်သောချင့်ချိန်မှုတစ်ခု ရလိုက်ခြင်းဟု ဆိုရပါသည်။)

ထိုစာပိုဒ်ကို ကျွန်မ ယခု ပိုမို၍ သဘောသက်ဝင်လာသည်ဟု ဆိုရပါမည်။ ဤအသိတရားကို သုမောင်က ဦးစိန်ခင်မောင်ရီ၏ အဆုံးအမမှ ရယူခဲ့၍ ကျွန်မက ညီမငယ် နုနုဆွေထံမှ ရယူခဲ့ပါသည်။ ဘယ်သို့ပင်ဆိုစေ ကျွန်မနှင့် သုမောင် ခံယူချက်ချင်းတူ၍ “သဘောသက်ဝင်”သည်ဟူသော စကားလုံးကို ကျွန်မ သုံးခြင်းဖြစ်ပါသည်။

ကျွန်မသည် ကျွန်မ ဖေဖေအကြောင်းကို သုမောင်လိုပင် ဘူ၊ ဖေဖော်ဝါရီလက ရေးခဲ့ပါသည်။ ကျွန်မနှင့် သုမောင်တို့သည် ထူးခြားသော ဖေဖေများ ရှိခဲ့ကြသည်ဟု ဆိုရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားပုံချင်းကတော့ မတူကြပါ။ သို့သော် သုမောင်နှင့် ကျွန်မတို့၏ ဖေဖေများသည် စာတစ်စောင် ပေတစ်ဖွဲ့ဖွဲ့ လောက်သော ဖေဖေတို့ ဖြစ်နေကြချင်းကတော့ တူပါသည်။

(စာဖွဲ့လောက်သောဆိုရာ၌ ကျွန်မတို့ အဖေများသည် အာဇာနည်ကြီးများ၊ နိုင်ငံခေါင်းဆောင်ကြီးများဟု မဆိုလိုပါ။)

ကိုသုမောင်ရေ –

"ကျွန်မလည်း ရှင့်လိုပါပဲ"ဟု သူ့ဝတ္ထုဖတ်ရင်း ရေရွတ်မိပါသည်။ လောကကြီးတစ်ခုလုံးတွင် ဖေဖေတို့ရှိ၍သာ မေမေတို့လည်း လူသားကလေးများကို မွေးဖွားလာခဲ့လေသည်။ ဖေဖေတို့သည် ကမ္ဘာတည်သရွေ့ အသက်ရှင်နေကြရမည်သာ တည်း။ သူတို့အကြောင်းကလည်း ရေး၍ ကုန်နိုင်မည်မဟုတ်ပါ။

ထို့အတူ မေမေအကြောင်းများလည်း ရေးစရာ ရှိကြပေလိမ့်မည်။

ခင်နှင်းယု

ပေဖူးလွှာမဂ္ဂဇင်း

၁၉၈၅ ခု၊ မတ်လ။

□ □ □





ဤမျှလောက်ဆိုလျှင်ပင် ကျွန်တော်၏စာစုများကို ကျွန်တော်က ကွမ်းယာစားသလို ဝါးသလိုဟု သဘောထားသော်လည်း ဆရာကြီး၊ ဆရာမကြီးတို့က မည်သို့သဘောထားကြောင်း ပေါ်လွင်လောက်ပါပြီ။

ထို့ပြင်တစ်ခု... ကျွန်တော်၏ စာစုများကို သော်တာဆွေ၊ ဒဂုန်တာရာ စသောဆရာကြီးများ၊ အောင်ပြည့်၊ ငြိမ်းကျော်၊ ချစ်ဦးညို စသောဆရာလတ်များ၏ မှတ်ချက်များ ရှိပါသေးသည်။ သို့သော်... မှတ်ချက်တွေ များလွန်းမည်ကို စိုးရိမ်သောကြောင့်တစ်ကြောင်း၊ ဤစာအုပ်နှင့် သက်ဆိုင်သောမှတ်ချက်များကိုသာ အသုံးပြုလို၍တစ်ကြောင်း ပြန်လည်ဖော်ပြခြင်း မပြုတော့ပါ။

မည်သို့ပင်ရှိစေ ဖော်ပြပါမှတ်ချက်များနှင့် ကျွန်တော့်စာစုများကို စပ်ဟပ်ကြည့်စေချင်ပါသည်။ အကယ်၍ မကိုက်ညီပါဟု စာဖတ်သူက ဆုံးဖြတ်မည်ရှိသော် ယင်းမှတ်ချက်များ အသုံးချမိသူ ကျွန်တော့် အပြစ်ဟု ဆိုကြပါ။ ဆရာကြီး ဆရာမကြီးတို့၏ မှတ်ချက်နှင့် ကျွန်တော့်စာစုများ အနည်းအကျဉ်းမျှပင်ဖြစ်စေ ကိုက်ညီသည်ဆိုပါမူကား ကျွန်တော်ကတော့ ဝမ်းသာရပါလိမ့်မည်။

ကျန်းမာချမ်းသာကြပါစေ

သုမောင်

၁၉၉၈၊ မေလ(၁၂)ရက်။



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်စဉ်းစားကြည့်တယ်

လူများစုကို ကြည့်မည်ဆိုလျှင် သမီးရည်းစားချစ်သူဘဝ၌ မိမိတို့ အိမ်ထောင်ပြုပြီးလျှင် သားသမီး ရတနာရဖို့ကိစ္စ၊ ယူဖို့ကိစ္စကို နှစ်ဦးချင်းတွေ့လျှင် ဆွေးနွေးကြည်နူးတတ်ကြဘိသကဲ့သို့ တစ်ဦးချင်း ညအိပ်ရာဝင်မှာ စိတ်ကူးတွေ တစ်လှေတစ်မကြီး ယဉ်တတ်ကြလေသည်။ ဤသည်မှာ ဓမ္မတာသဘောပင်ဖြစ်ပေသည်။

ကျွန်တော်ငယ်စဉ်ကဆိုလျှင် မိမိ၌ချစ်သူဟူ၍ မြူမျှမထင်ရသေးခင် သားသမီးရတနာကိစ္စကို ကြိုတင်စိတ်ကူးအရှုးထခဲ့ဖူးလေ၏။

အဆန်းတကြယ်တော့ကား မဟုတ်ပေ။





ကလေးငယ်များက ကစားခုန်စားကြသည်ကိုပင် ကြည့်ပါတော့။ အထူးသဖြင့် မိန်းကလေးများသည် ကစားစရာကော်ပတ်ရုပ်ကလေးများကို အဝတ်စပိုင်းကလေးများဖြင့် ပိုက်၍ နို့တိုက်တမ်း၊ ချော့သိပ်တမ်း ကစားနေသည်ကို မြင်ကြရပေလိမ့်မည်။ သူတို့၏ မိခင်များကို အတုခိုးပုံရလေသည်။ မိဘတို့နှင့် အလွန်နီးကပ်စွာ အိပ်စက်ကြရကုန်သော ကလေးငယ်တို့ဆိုလျှင် သူတို့ ဘာသာဘာဝ ကစားခုန်စားကြသည့်အခါ ကြင်ဖက်လုပ်တမ်း ကစားကြသည်အထိ ဖြစ်ရသည်ကို မြင်ဖူးကြပေလိမ့်မည်။

သည်ကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တို့သည် သတိကြီးစွာထား၍ ထိန်းကွပ်အပ်ပေသည်။ (ဤကား စကားချပ်)

မည်သို့ပင်ရှိစေ သိလွယ်၊ မှတ်လွယ်၊ တတ်လွယ်သောအရွယ် သားငယ်သမီးငယ်များ၏ စရိုက်သဘာဝကို စူးစမ်းရန်လိုအပ်ပါသည်။ မိမိနှင့် သက်ဆိုင်ပါက ပို၍ အလေးထား ရပေသည်။ သူကလေးတို့၏ စရိုက်သဘာဝများတွင် ချစ်စရာကောင်းသည်များ ပါဝင်နေတတ်သလို စိုးရိမ်စရာကောင်းသည်များလည်း ပါဝင်နေတတ်ပေသည်။ ကျွန်တော့် တစ်ယောက်တည်း သဘောကို ပြောပါဟုဆိုလျှင် မုန်းစရာကောင်းသည့် ကလေးများကား မရှိဟု ဆိုရပါမည်။

သူတို့သည် မသိကြသေးသဖြင့် သိချင်းချင်းတပ်ခြင်း၊ အတုမြင်၍ အတတ်သင်လိုခြင်း၊ အချိန်ကာလကို မထိမ့်မြင်ပြုလိုခြင်းမျှသာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ စကားကို ပြန်ကောက်ပါမည်။

သမီးရည်းစားဘဝတွင် သားသမီး ရတနာကိစ္စကို ကြိုတင်စိတ်ကူးယဉ်တတ်ကြသော ထိုလူများစုသည် တကယ်တမ်းကျသောအခါ အိမ်ထောင်ဦးကာလ၌ သားသမီးရလိုခြင်းကို တတ်အားသရွေ့ မေ့ဖျောက်ထားတတ်ကြပြီး တတ်နိုင်သလောက်အချစ်၌ သာယာနှစ်မျောချင်တတ်သော လူများစုဖြစ်ကုန်ကြပြန်ပါသည်။

ကျွန်တော်သည်ကားဟုဆိုလျှင် ချစ်သူရှိစဉ်ကာလကလည်း သားသမီးစိတ်ကူးရှိခဲ့သလို အိမ်ထောင်ဦးကာလ၌လည်း ထို စိတ်ကူးကို မစွန့်လွှတ်ခဲ့ချေ။ ကျွန်တော့် ဇနီးသည်လည်း ၎င်း အတိုင်းပင် ဖြစ်ပါသည်။

သို့ရာတွင် တကယ်တမ်း ကိုယ်ဝန်လာရသောအခါ၌မူ သူနှင့် ကျွန်တော် သဘောထားချင်း အနည်းငယ်ကွဲပြားလာတော့သည်။

ကျွန်တော်က သားဦးလိုချင်သည်။ သူကတော့ ဘာလေးပဲရရ။

တကယ်တမ်းမွေးလာတော့ သမီးဦးလေး ဖြစ်နေရလေသည်။

သို့သော် ကျွန်တော်၏စိတ်ကူးနှင့် ဆန့်ကျင်ဘက်မွေးဖွားလာသော ထိုသမီးကလေးကို ကျွန်တော်က သူ့အမေထက် ပို၍ ချစ်သည်ဟု ကျွန်တော့်ဘာသာတော့ဖြင့် ယနေ့တိုင် ယုံကြည်ထားလေတော့သည်။





ကျွန်တော်သည် သမီးအား မွေးကင်းစမှ ယခုထိအရိပ်တကြည့်ကြည့်နေတတ်၏။ သူ့လှုပ်ရှားမှု မှန်သမျှကို ကျွန်တော်အကဲခတ်နေတတ်၏။ ကိုယ့်သမီးမို့ဟူသော အစွဲအလမ်းပါရှိသလို မိန်းကလေးများ၏ သဘာဝကို လေ့လာတတ်သောလူ့သဘောလည်း ပါဝင်ပါသည်။ အထူးသဖြင့် သမီး မိန်းကလေးများကို ပို၍ ဂရုစိုက်တတ်သော ဖခင်တို့၏ ဓမ္မတာဖြစ်ပေသည်။

သမီးသည် လေးနှစ်သမီးအရွယ်တွင် စတင်၍ ထဘီဝတ်လိုကြောင်း သူ့ဆန္ဒကို ဖွင့်ဟခဲ့သည်။ ကျွန်တော် အလွန်သဘောတွေ့ရပါသည်။ ကျွန်တော့်သမီးသည် မြန်မာပီသပါဘိတောင်းဟု ပီတိဖြစ်ရသည်။

အစပထမတွင် ကျွန်တော်တို့က ဝတ်ဝတ်ပေးရသည်။ နောက်တော့ မနိုင့်တနိုင်။ ဟော... ဘာမျှ မကြာလိုက်ခင် သူ့ဘာသာ သူ ကောင်းစွာဝတ်တတ်သွားတော့သည်။ သူ့ဘာသာသူ လိမ်းအပ်သော သနပ်ခါး ပိန်ကြပ်းနှင့် ထဘီကလေးသည် လွန်စွာ လိုက်ဖက်၍ ချစ်ဖို့ကောင်းသော မြင်ကွင်းဖြစ်၏။ သမီးသည် ရေလည်း သူ့ဘာသာ သူချိုးချင်သည်။ ကျွန်တော်ကြိုက်ပါသည်။ ကိုယ့်ကိုယ်ကိုယ် အားကိုးတတ်သည့် သဘာဝ မဟုတ်ပါလား။

တစ်နေ့တွင် သမီးကလေး ရေချိုးနေသည်ကို ကျွန်တော်နှင့် သူ့အမေတို့ မျက်စိ အရသာခံ ကြည့်နေကြပါသည်။ မိမိ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး စင်ကြယ်စေရန် မမိမကမ်းသော လက်ကလေးဖြင့် ချေးတွန်းနေသည်မှာ ချစ်ဖို့ကောင်းလှသည်။

သမီးသည် ကလေးတို့ဘာဝ ရေချိုးရာတွင် ကိုယ်လုံးတီးချိုးနေခြင်း ဖြစ်ပါသည်။ သည်အတွက် ကျွန်တော်တို့ ကန့်ကွက်စရာ မရှိပါ။ "ကန့်ကွက်စရာမရှိပါ" ဆိုသည်ထက် အမှုမဲ့ အမှတ်မဲ့ပင် ထားခဲ့သော ကိစ္စဟု ဆိုက ပို၍ မှန်ကန်ပေမည်။ ကလေးပဲ။ လေးနှစ်သမီးပဲ။

ခဏကြာသောအခါ သမီးရေချိုး၍ပြီးပါသည်။ ထိုအခါ သမီးသည် သူ၏ထဘီကလေးကို ခြေထောက်မှစ၍ စွပ်လိုက်ပါသည်။ အကျအနပင် ထဘီဝတ်ပါသည်။ ထိုအချိန်တွင် ကျွန်တော့် ဇနီးသည်ကား မည်သို့မျှ မထူးခြားသလို "သမီး မြန်မြန်လုပ်၊ အအေးပတ်မယ်" ဟု ဆုံးမစကား ဆိုပါသည်။ ကျွန်တော်မူကား အမည်မသိသော ဝေဒနာတစ်ခုကို လျှပ်တစ်ပြက် ခံစားလိုက်ရပါသည်။

လေးနှစ်အရွယ် သမီးသည် ထဘီကို ရင်လျားဝတ်တတ်နေပါပကောလား။

ထိတ်ခနဲ ရင်ခုန်ထိတ်လန့်မိပါသည်။

(စံပယ်ဖြူ၊ နိုဝင်ဘာ၊ ၁၉၅၆)



# "ဒဂါးနှင့် နိုင်ငံကျော်အဆိုတော်သုမောင်

(၁)

အိန္ဒိယနိုင်ငံ လက်ရှိသမ္မတကြီး၏အမည်မှာ "ရန်းဂါး ဆွာမိ" ဟု တလောဆီကမှ ကျွန်တော် သတိထားမိခဲ့ပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် သမ္မတကြီးက မိန့်ခွန်းတစ်ရပ် ပြောကြားခြင်းအကြောင်း မြန်မာ့အသံမှ သတင်းလွှင့်သည်ကို နားထောင်ရင်း အမှတ်တမဲ့ ထိုအမည်ကို မှတ်သားလိုက်မိခြင်း ဖြစ်သည်။

အမှတ်တမဲ့ဟု ဆိုသော်လည်း ထိုအမည်မှာ ကျွန်တော်နှင့် ရင်းနှီးပြီးသားလို ဖြစ်နေခဲ့ပါသည်။ ထိုအမည်ကို ကြားမိလျှင် ကြားမိချင်းပင် ထိတ်ခနဲ လည်း ဖြစ်ရသည်။(ဘာကြောင့်မှန်း စဉ်းစားမရ။)



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အနုပညာသည်တစ်ယောက်ဖြစ်သည့်အားလျော်စွာ မှတ်မိချင်ရာကို မှတ်မိနေတတ်ပြီး မမှတ်မိချင်ရာလည်းကိုလည်း (ဘယ်လောက်အရေးကြီးနေနေ) မမှတ်မိဘဲ ဖြစ်နေတတ်လေ့ ရှိပါသည်။

ရေးလက်စ ဝတ္ထုရှည်တစ်ပုဒ်ကို တစ်ဝက်တစ်ပျက်နှင့်ပင်လျှင် ပစ်ထားတတ်သော်လည်း မနက်စောစောက သူမီးစာကျက်သဖြင့် အော်ငေါက်လိုက်မိသည်ကို တစ်ညလုံး ထိုင်ပြီး အပြန်ပြန်အလှန်လှန် ပြန်တွေးချင် တွေးနေမိပါသည်။

ခုလည်း 'ရန်းဂါးဆွာမီ'ဟူသော အမည်ကို ကျွန်တော်အလုပ်လုပ်ရင်း ထမင်းစားရင်းပင် စဉ်းစားနေမိပါသည်။

"ငါနဲ့ တရင်းတနှီး ရှိပြီးသား နာမည်ပါပဲ"ဟူ၍။

❑ ❑ ❑

(၂)

ကလျာမဂ္ဂဇင်း(အမှတ်-၂)တွင် "ဝတ္ထုတိုတစ်ပုဒ်ပေးပို့ခြင်း ၁"ဟူ၍ ဝတ္ထုတစ်ပုဒ် ရေးခဲ့ဖူးပါသည်။ ထိုဝတ္ထုထဲတွင် ကျွန်တော့် ဖခင်၏ အလုပ်သမား ဝန်းခြံပြုပြင်သူ ဦးဒဂ်ါးအကြောင်း ပါပါသည်။

ဦးဒဂ်ါးသည် ကျွန်တော့်ဖခင်နှင့် သက်တူရွယ်တူ ဖြစ်ပါသည်။ အလွန်ရိုးသားပြီး အလုပ်လုပ်သူလည်း ဖြစ်ပါသည်။ အလုပ်ကြမ်းသမားဖြစ်သဖြင့် ကျန်းမာရေးလည်း အလွန်ကောင်း





ပါသည်။ သို့ရာတွင် စောစောကပြောသော ဝတ္ထုမရေး မီနှစ်နှစ်လောက်မှစ၍ အသက်ရှူမရသောရောဂါ ဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံသို့ တင်ခဲ့ရာ ဟိုက သူ့ကို လည်ပင်းအပေါက်ဖောက်ပြီး ကိရိယာတစ်ခု တပ်ပေးလိုက်ပါသည်။ လည်ပင်းဖြင့် အသက်ရှူရသည့်သဘောပင်။ ချွဲ၊ သလိပ် စသည်များ ပြည့်သိပ်လာလျှင် ယင်းကိရိယာကို သူ့ဘာသာသူ ဖြုတ်၊ ဆေးကြောပြီး ပြန်တပ်သည်မှာ အသည်းယားဖွယ် ကောင်းလှ၏။

တစ်နေ့ညမတော့ ထုံးစံအတိုင်း သူ့အသက်ရှူကိရိယာလေးကို သူ့ဘာသာ သူ ဖြုတ်ဆေးပြီး ပြန်အတပ် ဘယ်လိုကဘယ်လို ကတုန်ကယင် ဖြစ်သွားသည်မသိ။ လည်ပင်းပေါက်ထဲ ပြန်ထည့်မရဘဲ အသက်ရှူရပ်၍ မတော်တတ်လဲပါလေရောဗျာ။

သူ့ဇနီးဖြစ်သူ အော်ကြီးဟစ်ကျယ် ငိုယိုသံ ကြားမှကျွန်တော်တို့ လင်မယားနှင့် ကိုမြင့်ဆောင် (ခုတူနေသူ ကဗျာဆရာကိုမြင့်ဆောင်)တို့ နောက်ဖေးတန်းလျားသို့ အပြေးအလွှားရောက်သွားခဲ့သော်လည်း ဟိုရောက်တော့ ဦးဒဂ်ါးကို အသက်ရှူရပ်လျက် စန့်စန့်ကြီးသာ တွေ့ရပါတော့သည်။

ရိုးရိုးသားသားပြောရလျှင် ကျွန်တော့် တစ်သက်နှင့်တစ်ကိုယ် ခုလို လူတစ်ယောက် အသက်ရှူ ရပ်တန့်သွားခြင်းကို မျက်မြင်ဒိဋ္ဌ မမြင်ဖူးခဲ့ချေ။ မိမိ၏ ဆွေမျိုးသားချင်းများသေဆုံးပါပြီဆိုလျှင် အနည်းဆုံး လေး,ငါးနာရီ ကြာမှ ကျွန်တော်သိရသည်သာ ဖြစ်ခဲ့ဖူး၏။ အကျိုးပေး တစ်ခုဟု ဆိုရမလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



ခု ဦးဒင်္ဂါးကိစ္စမှာတော့ ပုပုနွေးနွေးကြီး ဖြစ်နေလေရာ ဘာလုပ်၍ ဘာကိုင်ရမှန်း ကျွန်တော် မသိကြောင်း ဝန်ခံရပေမည်။

ကျွန်တော် လူမှန်းသူမှန်း မသိစဉ်ကတည်းက ကျွန်တော့် ဖခင်ထံတွင် ရောက်ရှိနေသူ ဖြစ်ပေရာ ဆွေမျိုးသားချင်းလိုပင် ဖြစ်နေခဲ့ရသည့်အလျောက် ဝမ်းနည်းတာရော၊ တုန်လှုပ်တာရော အကုန်ရှုပ်ကုန်ပါတော့သည်။ ကျွန်တော့်ဖနီးသည်က ဦးဒင်္ဂါး ဖနီးသည်ကို ချော့ရင်း မျက်ရည်ကျပါသည်။ ကိုမြင့်ဆောင်က ဝေယျာဝစ္စပြုရန် စီစဉ်နေစဉ် ကျွန်တော်က ကျွန်တော့် ဖခင်ကြီး ထံ အကြောင်းကြားရပါသည်။

ဖခင်ကြီးမှာလည်း သူတပည်ဆိုပေမယ့် သူ့လုပ်ငန်းစက တည်းက လက်တွဲဖက် ရောင်းရင်းလို ဖြစ်နေလေရာ အတော့်ပင် တုန်လှုပ်သွားရှာပါသည်။

သို့သော် လူကြီးသူမတစ်ယောက်အနေနှင့် လုပ်ကိုင်စရာ များကို တည်ငြိမ်စွာ လုပ်ပါသည်။ ပထမဆုံး အဖေ စလုပ်သည် မှာ ပိတ်ပြူစရာဖွေခြင်း ဖြစ်ပါသည်။

ထိုစဉ်အချိန်အတွင်းမှာပင် နောက်ဖေးတန်းလျားဆီမှ မြင့်ဆောင်၏ အော်သံတစ်သံကို ကြားရပါသည်။

“ဗလရေ… အသက်ပြန်ရှူနေပြီ၊ မြန်မြန်လာ”

ဦးဒင်္ဂါးအိမ်သို့ ကျွန်တော် ပြန်ပြေးလာရပြန်သည်။ သည်တွင် ဦးဒင်္ဂါးသည် ဖုတ်လှိုက်ဖုတ်လှိုက် အသက်ပြန်ရှူ နေသည်ကို အံ့အားသင့်ဖွယ် တွေ့ရပါတော့သည်။





ကျွန်တော်လည်း ဝမ်းသာအားရပင် မော်တော်ကား ချက်ချင်းထုတ်၊ ဦးဒင်္ဂါးကို ပွေ့လျက် ဆေးရုံသို့ တန်းပြေးရ ပါသည်။

နောက်မှ သိရသည်မှာ ဦးဒင်္ဂါး အသက်ရှူရပ်သွား(သေ ပြီပဲထား)သောအခါ သူ့ဖနီးက ထုံးစံအတိုင်း ရင်ဘတ်ကို ထုထု၍ ငိုပါသည်တဲ့။ ထိုသို့ရင်ဘတ်ကို ထုထုငိုသည်တွင် ဦးဒင်္ဂါး အသက်ပြန်ရှူလာပါသည်တဲ့။ သိပ္ပံနည်းကျအလိုအရ မူ နှလုံးကိုလှုပ်၍ နှိုးလိုက်သကဲ့သို့ ဖြစ်သွားသည် ထင်ပါသည်။

ဤသို့ဖြင့် ဦးဒင်္ဂါးသည် သေရွာပြန်ဖြစ်ခဲ့သည်မှာ လေးနှစ်ကျော် ငါးနှစ်တာကာလ တိုင်ခဲ့လေပြီ။

လွန်ခဲ့သော ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့ ကတော့ ဦးဒင်္ဂါးသည် တကယ်ပင် ဘဝတစ်ပါးသို့ ပြောင်းသွား ရှာပါတော့သည်။

ကျွန်တော့်ဖခင် အပါအဝင် အသိုင်းအဝိုင်းအားလုံး စိတ် မကောင်းခြင်းတစ်ဖက် ဖြစ်ရသော်လည်း လေးနှစ်ငါးနှစ်မျှ ခံစားနေရသော ဝဋ်ဆင်းရဲမှ ငြိမ်းလေပြီဟု တရားရကြပါသည်။

□ □ □

(၃)

ဤတွင် ကျွန်တော် ဟိုးအစက ဆိုခဲ့သော “ရှမ်းဂါး ဆွာမိ”ကိစ္စကို အနည်းငယ် ပြန်ကောက်ပါမည်။ ဦးဒင်္ဂါးဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပါးသောအခါတွင်မှ ကျွန်တော် စဉ်းစား၍ မရသော ထိုနာမည်ကိစ္စမှာလည်း ပြန်ပေါ်လာရပါသည်။

ဦးဒဂ်ါးသည် တမီးလ်လူမျိုး(အိန္ဒိယတိုင်းရင်းသား)ဖြစ်ပြီး အမည်ရင်းမှာ 'ရန်းဂါးဆွာမိ'ဖြစ်၏။ ဤသည်ကို ကျွန်တော့်အဖေက မြန်မာဆန်ပြီး ခေါ်ရလွယ်အောင် ရွှေဒဂ်ါးဟု ပညတ်ခဲ့ရာမှ နောင်တွင် ဦးဒဂ်ါး ဖြစ်လာရခြင်းပင်။

(ယခု ကျွန်ရစ်သော သမီးကြီးမှာလည်း သူမ ကိုယ်ဝန်နေ့စေ့လစေ့ကြီးနှင့် မိခင်ဖြစ်သူက ကြည်ကြည်ဒွေး ရုပ်ရှင်ကားများ ချင်ခြင်းတပ်သဖြင့် မူနီယာမား အမည်ရင်းမှ ယခုတိုင် ကြည်ကြည်ဒွေးအမည် တွင်ခဲ့ပြီး ဦးဒဂ်ါး၏ သားဖြစ်သူ ကျွန်တော့်တပည့် ပန်းနီးစလွန်းကိုလည်း ကျွန်တော်က ဖခင်၏ အစဉ်အလာအတိုင်း ခေတ်နှင့်အညီ မောင်ပန်းသီးဟု အမည်ပေးထားပါသည်။)

စကားမစပ်ပြောရမည်ဆိုလျှင် ဦးဒဂ်ါးသည် ကျွန်တော့်ထက် ရုပ်ရှင်သရုပ်ဆောင် ဝါသက်ရင့်သူ ဖြစ်ပါသည်။ ကျွန်

များ ... ဖခင်ရိုက်ကူးခဲ့သော (က...ဒြီးရေက) ပထမဆုံးဇာတ်ကား

မှာ ပိတ်... ဇာတ်ပို့ခန်းများတွင် ပါဝင်ခဲ့ရာ ဟိုးတလောဆီက ပြသ

...ခဲ့သော "အကြွင်တို့လင်မယား"ဇာတ်ကားအထိ ပါဝင်

ခြင့်ဆော ...လေသည်။

တစ်ခါတစ်ရံတွင် အခြားကုမ္ပဏီများကပါ လာရောက်ကမ်းလှမ်းကြသည်ကို တွေ့ရ၏။ သို့သော် ဦးဒဂ်ါးကမူ "သာမ

သဉ

နေး





ကုမ္ပဏီကလွဲရင် မရိုက်နိုင်ပါ"ဟု ပြောခဲ့သည်ကိုလည်း ရယ်ပွဲဖွဲ့စရာ ကြားဖူးပါသည်။

သူ့ဇနီးသည် မတုး(ကာလီမူတုး)သည်လည်း ကျွန်တော့်ဖခင်၏ ဇာတ်ကားများတွင် ကြိုးကြား ပါဝင်ရုံမျှမက တလောက ပြသွားခဲ့သော 'မယ်မင်းကြီးမ'ဇာတ်ကားတွင် ကျွန်တော်နှင့်အတူ ပါဝင်ခဲ့သေး၏။

ဤသို့လျှင် ပုဂ္ဂိုလ်ရေး၊ လူမှုရေး၊ လုပ်ငန်းအရေးနှင့် အနုပညာအရေးတွင် ပါဝင်ပတ်သက်ခဲ့သော ဦးဒဂ်ါးဆုံးပါးသွားသည့်အခါ ကျွန်တော်တွင် အတိုင်းအတာ တစ်စုံတစ်ရာအထိ လွတ်ဟာသွားသော ခံစားမှုတစ်ခု ကျန်ရစ်သည်မှာ မဆန်းပါချေ။

❑ ❑ ❑

(၄)

သူဆုံးပါးမည့်နေ့ နေ့လယ်ကတည်းက အစာမဝင်တော့ကြောင်း၊ မှိန်း၍သာ နေကြောင်း ကျွန်တော့်ဇနီးက ပြောပါသည်။ (အစာဆိုပေမယ့် လွန်ခဲ့သော လေးငါးနှစ်ကတည်းက အရည်သာ သောက်နေခဲ့ရရှာသည်။)

ညနေစောင်း ကျွန်တော် အလုပ်မှအပြန် သွားကြည့်တော့ သတိကောင်းကောင်းပင် မရတော့ပါ။ တွေ့တွေ့ချင်းပင် ရနိုင်မှန်း ကျွန်တော် ခန့်မှန်းမိပါသည်။ သို့သော် ဦးဒဂ်ါး ဆေးရုံတက်စဉ်က ယင်းဆေးရုံ၌ တာဝန်ကျသော ဆရာဝန်မ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးသည် ရပ်ကွက်ထဲမှာပင် ဆေးခန်းဖွင့်လျက်ရှိလေရာ သူ့ကို အပြေးသွားခေါ်ရပါသည်။

ဆရာဝန်မမှာလည်း ညခုနစ်နာရီခွဲမှ ဆေးခန်းသို့ ရောက်သဖြင့် ရောက်ရောက်ချင်းပင် မိုးထဲလေထဲ လိုက်လာရှာပါသည်။

ဦးဒင်္ဂါးကို သွေးပေါင်ချိန်တိုင်းရင်း မျက်စိမျက်နှာ ပျက်နေပါသည်။

"အပေါ်သွေးသုည၊ အောက်သွေးငါးဆယ်ပဲရှိတယ်" ဟု တိုးညှင်းစွာပြောရင်း ဆေးတစ်လုံး ထိုးပြီးပြန်သွားပါသည်။ ကျွန်တော့်ကိုတော့ "မရတော့ဘူး" ဟု တိုးတိုးတိတ်တိတ် ပြောခဲ့ပါသည်။

ရှစ်နာရီထိုးရန် နှစ်မိနစ်အလိုတွင် မတူးတို့ မိသားစု ငိုချလိုက်သံ ကြားရပါသည်။

❑ ❑ ❑

ဦးဒင်္ဂါးဆုံးပါးချိန်တွင် ငိုအားသာက် ရယ်အားသန်ဆိုသလို ကျွန်တော့်၌ ငွေဆယ်တန်သုံးရွက်နှင့် ကျပ်တန်လေးငါးရွက်သာ ရှိနေပါသည်။ ဒါထားပါ…။

"ဦးဒင်္ဂါးက လွှန်ခဲ့တဲ့ ်လေးငါးဆယ်ရက်ကတည်းက အေးဘုံကို ပြောတယ်။ သူ့ဂိ သင်္ဂြိုဟ်ပေးပါတဲ့။ သူသိနေ သလားမသိဘူး" ဟု ဇနီးသည်က ပြောပါသည်။





"လုပ်ပေးရမှာပေါ့။ သူ့မိမှာလည်း ငါ့မှာ တာဝန်ရှိတာ ပဲ" ဟု ပြန်ပြောရပါသည်။

ယခုအချိန်တွင် ကျွန်တော်မှာ ဖခင်ကြီး၏ မျက်စိရောဂါ ကို အကြောင်းပြုပြီး လုပ်ငန်းကိုင်ငန်း တော်တော်များများကို တာဝန်ယူ…ရပါသည်။

ဖခင်ကြီး၏ အလုပ်သမားကိစ္စသည်လည်း ကျွန်တော်၏ ကိစ္စပင် မဟုတ်ပါလား။

သည်လိုနှင့် ဦးဒင်္ဂါး အသုဘကိစ္စကို ကျွန်တော်ပင် ဦး ဆောင်၍ ခြံရှိအလုပ်သမားများ၊ သူတို့ဆွေမျိုးသားချင်းများ စုပေါင်းကာ စီစဉ်ရပါသည်။

အသုဘတစ်ခု ဖြစ်လာလျှင် မည်သို့မည်ပုံဆောင်ရွက် ရမည်ကို မသိသည်ပဲထား၊ မြန်မာအသုဘဆိုလျှင် ကျွန်တော့် အဖို့ မထောင်းတာလှပါ။ နီးစပ်ရာ လူကြီးသူမများနှင့် တိုင်ပင် ၍ ရနိုင်သည်။

ခုတော့ တမီး(လ်)အသုဘ။

ဖြစ်ချင်တော့ ဦးဒင်္ဂါးဆုံးချိန်တွင် တစ်ခြံလုံးမှာ ယောကျ်ား သားဆိုလို့ အဖေနှင့် ကျွန်တော် နှစ်ယောက်တည်းသာရှိသည်။

နောက်ဆုံးရပ်ကွက်ကောင်စီ လူကြီးတစ်ဦးခေါ်၊ အဖေ့ အလုပ်သမား အိမ်များသို့ လျှောက်သွားပြီး လူစု…။ အိမ်နီးနား ချင်းများအား အကြောင်းကြား…။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာမှာ သမီးကြီးကြည်ကြည်ဌေးက တမီး(လ်) ထုံးစံဖြင့် စီစဉ်ချင်သည်။ သားဖြစ်သူ ပန်းသီးက မြန်မာလိုပဲ လုပ်စေချင်သည်။ ဇနီးသည် မတူးကတော့ ငိုနေရုံမှလွဲ၍ဘာမှ မလုပ်တတ်။ အချိန်ကလည်း မိုးသဲသဲ ရွာနေသောည။

ကျွန်တော်တို့အနေနှင့်ကား မိသားစုအားလုံး သဘော အတိုင်း စီမံကူညီပေးရုံသာရှိသည်။

ခက်တာက ကြည်ကြည်ဌေးကိုယ်တိုင်ပင်လျှင် တမီး(လ်) ထုံးစံကို တိတိကျကျ ဘာမျှမသိ။ မြန်မာပြည်မှာမွေး၊ မြန်မာ တောထဲ ကြီးပြင်းလာသူ။ ပန်းသီးကတော့ တမီး(လ်) စကား ပင်မတတ်။

သူက မြန်မာလို ဖြစ်နေပြီ။ နောက်ဆုံး မြန်မာနှင့် တမီး(လ်)ရောနှောခြင်းဖြင့် စီစဉ်ကြရလေတော့သည်။

နောက်နေ့နံနက်တွင်မှ ဒလဘက်ကမ်းတွင် နေသော ဦးဒဂ်ါး၏ယောက်ဖကို သွားခေါ်လာရသည်။ သူကတော့ အရွယ်အားဖြင့်လည်း လေးဆယ်ကျော်မို့ သူတို့ဘာသာရပ်ကို ကျွမ်းကျင်သူဖြစ်သည်။

သို့သော်...။

သူရောက်လာခါမှ ပိုရှုပ်ကုန်သည်။ သူတို့ မိသားစုချင်း စကားများကုန်ကြသည်။

"နင်တို့ မြန်မာလိုပဲ လုပ်ကြတော့...။ ထုံးစံအတိုင်း လုပ်လို့ မရတော့ဘူး။ အချိန်တွေ လွန်ကုန်ပြီ။ လုပ်စရာရှိ တာတွေကလည်း များတယ်။ ပြီးတော့ မြန်မာပြည်မှာ နေလာ





တာပဲ တို့တစ်သက်ရှိနေပြီ...။ ဘာထူးမှာလဲ။ ငါတို့အစ်ကိုနေရာ ကောင်းကောင်းကို ရောက်သွားဖို့ပဲ အရေးကြီးတယ်"ဟု ဦးဒဂ်ါး ယောက်ဖက ဆိုလေသည်။

ဤသို့ဖြင့် မြန်မာ့ထုံးစံအတိုင်း အသုဘအစီအစဉ်များ လုပ်ကြရလေတော့သည်။

သုံးရက်ထားမည်။

အသုဘကိုတော့ တာမွေတမီး(လ်)သင်္ချိုင်းမှာပါပဲ။

မည်သို့ပင်ရှိစေ သူတို့မိသားစုအတွင်းမှာတော့ ဖြာဖုံး မီးခဲသဖွယ် ပြဿနာ တွတ်တွတ်တွတ်တွတ် ရှိနေသည်ကို ကျွန်တော် အရိပ်အခြည် မြင်နေရသည်။ တချို့က တမီး(လ်)လို တချို့က မြန်မာလို။

တတိယမြောက်နေ့။ အသုဘချမည့်နေ့။

နံနက်ပိုင်းတွင် အသုဘယာဉ်၊ ခေါင်း၊ မြေနေရာကိစ္စ၊ တွင်းတူးဖို့ကိစ္စ၊ ဘတ်စ်ကားငှားရန်၊ ယပ်တောင်ကမ်းရန် စသဖြင့် ကျွန်တော် ဦးဆောင်သော အဖွဲ့က စီစဉ်ကြသည်။ နေ့လယ်တစ်နာရီတွင် အိမ်မှ ချမည်။

နံနက် ၁၀ နာရီလောက်တွင် ကျွန်တော့်တာဝန် အကုန် ပြီးပြီဖြစ်၏။ နည်းနည်းနားလို့ရပြီ၊ အိပ်ရာပေါ် ခဏ လှဲသည်။

ထိုအချိန်မှာပင် ဦးဒဂ်ါးအိမ်ဆီမှ ဆူဆူညံညံ အော်ဟစ် သံများ ကြားရလေသည်။ ရန်ဖြစ်ကုန်မှန်း သိသဖြင့် သူတို့အိမ် သို့ သွားရန် ခြေလှမ်းပြင်ခိုက်မှာပင် အခြေအနေကို ကျွန်တော် သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘင်ခရာများ ထမ်း၍ ခြံထဲဝင်လာသော တမီး(လ်)အုပ်စုကို တွေ့လိုက်ရသောကြောင့်ပင်။

ဘယ်သူက ဘယ်လိုစီစဉ်လိုက်သည်မသိ။ တမီး(လ်)ထုံးစံဖြစ်သော ဘင်ခရာအတီးအမှုတ်သည် မြန်မာလိုချမည့် အသုဘအစီအစဉ်ထဲ ဝင်လာချေပြီ။ သူတို့မိသားစုထဲမှာဝင် ပြဿနာတက်ကုန်တော့၏။

ကျွန်တော်လည်း မသိလိုက်ဘာသာပင်သက်ပြင်းချရင်း အိပ်ရာပေါ် ပြန်လှဲနေလိုက်မိသည်။ ဘာမျှမကြာခင်...

"ပင်တိုင်ဦး၊ ကိုယ့်ထူးမို့ ပန်းလျှဖွယ်" အစချီ တင်မြမြ၏ သီချင်းအလိုက်။

"ခင်စရာ၊ မင်စရာ၊ ရှုပါရုံချောသူသက်လျာ"အစချီ မောင်တင်မောင်၏ ခေတ်ဟောင်း တေးသွားအလိုက် သံစဉ်များ ထွက်ပေါ်လာတော့သည်။

တမီးလ်ထုံးစံအရ ဘင်ခရာတီးရသည်ကိုသာ ကျွန်တော် သဘောပေါက်ပါသည်။ မည်သည့်တေးသွားမျိုး တီးရသည်၊ မတီးရသည်ကိုကား ကျွန်တော် နားမလည်ပါ။ (ဆိုပါစို့- မြန်မာအသုဘဆိုလျှင် ဖျိုင်းတောင်သံစဉ် တီးရသည်။)

ခုတော့ အဆိုပါတီးဝိုင်းသည် ကျွန်တော်တို့ နားယဉ်နေသော ခေတ်ဟောင်းခေတ်ပေါ်တေးများကိုသာ တချိမ်းချိမ်း တတီတီနှင့် လက်စွမ်းပြနေလေတော့သည်။





သို့သော် ကျွန်တော့်စိတ်ထဲတွင်တော့ ဘယ်လိုမှ ကိုးလိုးကန့်လန့် မဖြစ်ပါ။ အရေးကြီးတာက ဦးဒဂါး အသုဘစည်ကားဖို့ပဲ။ သူတို့ ထုံးစံ သူတို့ ကျေနပ်ဖို့မဲ။

သည်လိုနှင့် မြန်မာသီချင်း တော်တော်များများ တီးမှုတ်နေကြစဉ်...၊

"အစ်ကို ကားဘီးတစ်လုံး ပြားနေတယ်"ဟု တပည့်လေးတစ်ယောက်က လာအကြောင်းကြားသဖြင့် အိပ်ရာမှ ထရပြန်သည်။

ဘယ်အချိန်ကမှန်းမသိ။ ကျွန်တော့်ကား ဘီးတစ်လုံးပေါက်နေပါသည်။ ဘီးပိုရှိနေသော်လည်း အသုဘချချိန် လမ်းခုလတ်မှာ ထပ်ပြီး ပေါက်ခဲ့လျှင် အနှောင့်အယှက်ဖြစ်မည်။ ထို့ကြောင့် အချိန်မီ ဘီးတစ်လုံး အပိုဖာထေး ထားရမည်။

အကျႌပင် မလဲတော့ဘဲ ကားမောင်းထွက်ခဲ့ရ ပြန်ပါသည်။ မြေနီကုန်း ကားဘီးဖြင်ဆိုင်သို့။

❑ ❑ ❑

(၅)

ကျွန်တော် ရေးလာခဲ့သော ဤစာပါအကြောင်းအရာများ၏ အချုပ်ဖြစ်သည့် ခေါင်းစီးအား ဘာကြောင့် ပေးခဲ့ရသည်ကို ပြောပြပါတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဆာစောက ပြောသလို ကားဘီးဖာထေးရန် ကားမောင်းထွက်လာခဲ့ရာ ခြံဝသို့ရောက်လျှင်ပင် စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ရာ တစ်ခုနှင့် ကြုံရလေသည်။

ကျွန်တော်တို့ ခြံပေါက်ဝတွင် ကလေးလူကြီး လေးငါးဆယ်ခန့် ဝိုင်းအုံပိတ်ကျပ်၍ နေသောကြောင့်ပင်။ ဟွန်းတီး၍လည်း တော်တော်နှင့် မဖယ်ကြပါ။ ခြံထဲဆီသို့သာ အာရုံစိုက်နေကြပါသည်။

နောက်ဆုံး ကားအပြင်ဘက် ခေါင်းပြူထွက်၍ လမ်းဖယ်ပေးရန် တောင်းပန်သောအခါကျမှ လူအုပ်ထဲမှ ခပ်စွာစွာရှိဟန်တူသော ချာတိတ်တစ်ကောင်က...

"ဟာ– ဦးသုမောင် ဘယ်သွားမလို့လဲ"

"အရေးထဲမှာကွာ လမ်းဖယ်စမ်းပါ။ ငါ့ကားဘီးပေါက်နေလို့"

ထိုအခါ ချာတိတ်ပြောသော စကားသည် ဤစာရေးပြီး ဤခေါင်းစီးတပ်ရန် အကြောင်းဖန်လာလေတော့သည်။

"ဦးသုမောင် ဘယ်အချိန် ပြန်လာမှာလဲ။ ဦးသုမောင်သီချင်းတိုက်တာ တစ်ခါမှ မကြားဖူးလို့ ကျွန်တော်တို့ လာနားထောင်မလို့..."

ချာတိတ်ပြောနေပုံမှာ အတည်ပေါက်ပင်ဖြစ်၏။ သူ့မျက်နှာသည် အသုဘနှင့် ပတ်သက်၍ ဘာမျှသိမထားမှန်း သေချာနေ၏။ ကျန်လူများလည်း ၎င်းအတိုင်းပါပဲ။





ကျွန်တော် တစ်ချက်မျှ ပြုံးပြီး ကားကို သွက်သွက်ကလေး မောင်းထွက်လိုက်ရလေသည်။

❑ ❑ ❑

ဟုတ်သားပဲ။ ကျွန်တော်တို့ ရပ်ကွက်သည် ဝင်ဒါမီယာဆိတ်ငြိမ်ရပ်ကွက်၊ တမီး(လ်)အသုဘဆိုလို့ (ခုလို ဘင်ခရာတီးဝိုင်းနှင့်)ဆယ်နှစ်၊ အနှစ်နှစ်ဆယ် နေလို့ တစ်ကြိမ်ကြုံနိုင်စရာ အကြောင်းမရှိ။

ကားမောင်းလာရင်းမှ စောစောက ကျွန်တော် ပြုံးမိသည်ကိုပင် မိမိ ဘာသာပြန်၍ ရှက်နေမိသည်။ ဒါ... ရယ်စရာ ပြုံးစရာ အဖြစ်အပျက်မဟုတ်။

ရုတ်တရက်တော့ ကျွန်တော့်ဘဝနှင့် ယှဉ်၍ ပြုံးချင်စရာဖြစ်သော်လည်း...

ကျွန်တော်သည် ကျွန်တော် လူမှန်းသိတတ်စကတည်းက အလုပ်နှင့်လက် မပြတ်ဘဲ ပြင်ပလောကကြီးနှင့် အဆက်ပြတ်လျက် ပန်းခြံထဲမှာ ပန်းပင်များနှင့်သာ ကမ္ဘာတစ်ခု တည်ဆောက်ပျက်ယွင်းသွားခဲ့သော ဦးဒဂုံး၏ ဘဝကို ပြန်၍ တွေးနေမိလေသည်။

ပတ်ဝန်းကျင်နှင့် အခြေအနေသည် လူ့ဘဝကို အမြင်အမျိုးမျိုးဖြင့် ကြည့်ရှုတတ်သည်တကား။

www.burmeseclassic.com

www.burmeseclassic.com



ဦးဒဂ်ါး၏ နောက်ဆုံးခရီးကို ပို့ဆောင်သော စောဂီတသံသည် ကျွန်တော့်လို အဆိုတော်တစ်ယောက်၏ လျှောက်လှမ်းနေဆဲ ဘဝခရီးတွင်...။

နာနာ ဝိစိတ္တရ လောကော။

လောကကြီးသည် အထူးအဆန်း အပြည့်နှင့်ပါတကား။

(ကလျာ၊ ဒီဇင်ဘာ၊ ၁၉၈၇)



## သူဇာတာ

ကျွန်တော်တို့ ရပ်ကွက်ထဲတွင် ဦးသက်ပြင်းဆိုသော လူ တစ်ယောက် ရှိပါသည်။

ဤသို့ အစချီလိုက်သဖြင့် သူနှင့်ကျွန်တော် အတန်အသင့်သာ ရင်းနှီးသည်ဟူ၍ ဆိုလိုခြင်း မဟုတ်ပါ။ သူသည် ကျွန်တော်တို့ အရပ်နှင့် လုံးဝ ဆက်စပ်ပတ်သက်နေသောကြောင့် အရပ်နှင့် ကိုင်၍ ဤအသုံးအနှုန်းကို သုံးရခြင်း ဖြစ်ပါသည်။

တကယ်တော့မူ သူသည် ကျွန်တော့်ဖခင်၏ သားတပည့်ရင်း ဖြစ်ပါသည်။ ကျွန်တော်ဖခင်ထံ မရောက်ခင်က သူသည် စက်ရုံအမှုထမ်း စက်ပြင်အဆင့်ဖြင့် အမှုထမ်းခဲ့သူ ဖြစ်ပါသည်။ စီဖဝါသနာအတိုင်း အလုပ်မှ ထွက်၍ ရုပ်ရှင်ပိုးထကာ မင်းသားဖြစ်လိုမှုအတွက် ကျွန်တော့် ဖခင်ထံ တပည့်ခံကာ ရုပ်ရှင်နယ်သို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူသည် ယနေ့တိုင် ရုပ်ရှင်မင်းသား ဖြစ်မလာခဲ့ပါ။ ရုပ်တွင်ဓာတ်ရန် တစ်ဦးမျှသာ ဖြစ်ခဲ့ရပါသည်။

အဲ... နာမည်ကျော် ရုပ်ရှင်ဒါရိုက်တာအဖြစ်ကိုတော့ဖြင့် ကျွန်တော့်အဖေထံမှ အမွေကောင်းကောင်း ရလိုက်ပါသည်။

သက်ပြင်းဆိုသောအမည်နှင့်လိုက်အောင် စက်ရုံတွင် အမှုထမ်းနေစဉ်ကာလအတွင်းကလည်း သံမှုင်တစ်စမျှဖင် သူ၏အနားသို့ ဝဲသွားခဲ့ခြင်း မရှိဖူးခဲ့ကြောင်း သူ့ထံမှ ကြားသိရပါသည်။ သူသည် အလုပ်အလွန်လုပ်သူဖြစ်သည့်အလျောက် အဖေ့ခြံထဲတွင် အလကားမနေဘဲ လုပ်စရာမရှိလျှင် သစ်ပင်တက်၊ သစ်သီးခူး၊ သစ်ကိုင်းချိုင် လုပ်နေလေ့ရှိတတ်ပါသည်။ ဤသို့ အားဖြင့်လည်း သစ်ပင်ပေါ်မှ မကြာခဏ ပြုတ်ကျသည်ကို ကျွန်တော်တို့ငယ်စဉ်က မျက်မြင်ကိုယ်တွေ့ ကြုံ တွေ့ခဲ့ရပါသည်။

စောစောက ပြောသလို ဦးသက်ပြင်းသည် အလုပ်အလွန်အကျွံလုပ်သူဖြစ်သောကြောင့် ကျွန်တော့်ဖခင်သည် သူ့ကိုတပည့်အားလုံးထဲတွင် အချစ်ဆုံး ဖြစ်ခဲ့ပါသည်။ ထို့ကြောင့်လည်း လူကြီးစကားပြောရလျှင် လက်ကတုံး တောင်ဝှေးသဖွယ် အမှီသဟဲ ပြုရပါသည်။ တစ်နည်းအားဖြင့် ဖခင်ကြီး၏ လုပ်ငန်းတစ်ခုလုံးကို ဦးစီးကွပ်ကဲစေသော မန်နေဂျာ ဆိုပါစို့ခင်ဗျာ။

ခက်တာက ကျွန်တော့်ဖခင်သည် ယခု မျက်စိမှုန်၊ နားလေး၊ ကျောက်ကပ်ရောဂါဖြင့် ဗိုက်ခွဲ၊ အိပ်ရာထဲ လဲနေရသည့် အသက်ခုနစ်ဆယ်ကျော် အဘိုးကြီးဖြစ်သည့်တိုင် ပါးစပ်နှင့်ခိုင်း





၍ အလုပ်လုပ်တတ်သူ ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဦးသက်ပြင်း (ကိုသက်ပြင်း)နှင့် လက်တွဲစဉ်ကာလ၊ ကျွန်တော်တို့ ချာတိတ်ဘဝကဆိုလျှင် မည်မျှအလုပ်လုပ်မည်ကို မှန်းဆကြည့် နိုင်ပါသည်။

ကြားဖြတ်၍ ရယ်စရာ ပြောရဦးမည်။ ဖခင်ကြီးသည် (မရှိသေစကား) အိမ်သာတက်လျှင်ပင် သတင်းစာ သုံးစောင်စလုံးကုန်မှ သူ၏ အလေးအပေါ့သွားခြင်းကိစ္စကို အဆုံးသတ်လေ့ရှိသည်။ သတင်းစာ သုံးစောင် တစ်လုံးမကျန်ကုန်အောင်ဖတ်သောအချိန်သည် မည်မျှကြာမည်ကို လူကြီးမင်း ခန့်မှန်းနိုင်ပါသည်။

ဖခင်ကြီးသည် ရေနွေးကြမ်းနှင့် စီးကရက်ကို မွေးကင်းစကလေးအား လက်ကမချနိုင်သော မိခင်ကဲ့သို့ ချစ်သူ ဖြစ်ပါသည်။ ထို့ကြောင့် သူ အိမ်သာတက်သောအခါတွင် ရေနွေးကြမ်းအိုးကိုပါ အိမ်သာထဲသို့ ယူသွားလေ့ရှိသည်။ ကျွန်တော်တို့အိမ်သာသည် ကမ္ဘာပေါ်တွင် မရှိသော အိမ်သာ ဖြစ်ပါသည်။ အိမ်သာထဲတွင် ရေနွေးကြမ်းအိုးတင်သော စင်တစ်ခုကို ရိုက်ထားသောကြောင့် ဖြစ်ပါသည်။

ကောင်းပြီ...၊ ဤမျှ အအား မနေတတ်သော ဖခင်ကြီး၏ မန်နေဂျာ ဦးသက်ပြင်းမှာ မည်မျှ အလုပ်ဒဏ်အပိခံရမည်ကို စဉ်းစားကြည့်နိုင်ပါသည် မဟုတ်ပါလား။

သို့ရာတွင် ဦးသက်ပြင်းသည် ဖခင်ကြီး ခိုင်းသမျှ ကွက်တိသုပ်နိုင်ကိုင်နိုင်၊ နောက်မှလိုက်နိုင်ရုံမက အားလပ်ချိန်မှာပင်



www.burmeseclassic.com

www.burmeseclassic.com



လျှင် လိုအပ်သည် ထင်သမျှကို သူသဘောဖြင့် သူ လုပ်နေတတ်သူဖြစ်သည်။ သည်ကြားထဲက သူ့မိသားစု၏ အရေးအခင်းမှန်သမျှကိုလည်း ခရေစေ့တွင်းကျ လုပ်ပေးနိုင်စွမ်းရှိသူ ဖြစ်လေသည်။ ကုန်ကုန်ပြောကြကြေးဆိုလျှင် "အိမ်နောက်ဖေး ဈေးဆိုင်ဟည်" ဆိုသော စကားအတိုင်း သူ့အိမ်နောက်ဖေး ကွပ်လပ်မှာ ပင်လျှင် ဘူးပင်၊ ချဉ်ပေါင်ပင်၊ ငရုတ်ပင် စသဖြင့် ကိုယ်တိုင်စိုက်ပျိုးထားလေသည်။

❑ ❑ ❑

ကျွန်တော့်အထက်တွင် ပြောပြခဲ့သောကာလ (ကျွန်တော်ချာတိတ်ဘဝ)သည် ရပ်ကွက်တိုင်း၌ အဖွဲ့အစည်းအသင်းအပင်း အလွန်ပေါများသောခေတ် ဖြစ်ပါသည်။

ဆိုပါစို့၊ မြန်မာ့ရိုးရာ အားကစားဖြစ်သော၊ ဆယ်ပေပတ်လည်လောက် မြေကွက်ရှိလျှင် အချိန်မရွေး ကစားနိုင်သော လူကြီး–လူငယ်မဟူ တစ်ယောက်တည်းမှ ငါးယောက်အထိရှိလျှင်ပင် ကစား၍ ရနိုင်သော၊ ငွေကြေးအကုန်အကျလည်းသက်သာသော ခြင်းလုံးကစားခြင်းကိုစွဲ၍ပင်လျှင် ရပ်ကွက်ခြင်းလုံးဆပ်ကော်မတီဟူ၍ ဖွဲ့သည်အထိ။

ဤတွင် ကျွန်တော် ပြောချင်သည်မှာ အလွန်အလုပ်သော ဦးသက်ပြင်း (ကိုသက်ပြင်း)ကို ထိုစဉ်က ရပ်ကွက်လူကြီးများ မျက်စိကျသွားခြင်းအကြောင်းပင် ဖြစ်ပါသည်။





ဟုတ်ကဲ့သားပဲ။ တစ်ရပ်ကွက်နှင့် တစ်ရပ်ကွက် အပြိုင်အဆိုင် နိုင်ငံအတွက် အလုပ်လုပ်ပြကြရာ၌ ကိုယ့်ရပ်ကွက်တွင်ရှိ အလွန်ကြိုးစားသော၊ အလွန်ဖျတ်လတ်သော အလွန်အလုပ်လုပ်သော လူငယ်လူရွယ်များ လိုအပ်နေသည်မဟုတ်ပါလား။

ထိုစဉ်က ကျွန်တော်တို့ နိုင်ငံသည် တစ်ဦးကောင်းတစ်ယောက်ကောင်းမဟုတ်ဘဲ လူကောင်းလူတော်တောင်းများစွာကို စုပေါင်းစေ၍ အလုပ်ကို သဲကြီးမဲကြီး အဖွဲ့အစည်းနှင့်လုပ်ရန် စတင် ခြေလှမ်းပြင်နေရသောအချိန် ဖြစ်ပါသည်။

သဘောကတော့ ကိုသက်ပြင်းလို လူငယ်လူရွယ်များအလွန်လိုအပ်နေသောအချိန်၊ စတင်နေချိန်ကို ဆိုလိုပါသည်။

ဤတွင် ကျွန်တော်တို့ရပ်ကွက်မှ လူကြီးများသည်အလွန်ရိုးသားပြီး အလွန်ကြိုးစားသော ကိုသက်ပြင်းကို မျက်စိကျသွားလေတော့သတည်း။

တစ်နေ့တွင် ရပ်ကွက်လူကြီးများ ကျွန်တော့်ဖခင်ထံရောက်ရှိလာကြပါသည်။

"ဆရာကြီးခင်ဗျား၊ အကြောင်းကတော့ ဆရာကြီးဟာ အလွန်အလုပ်များသလို ဆရာကြီးတပည့် မောင်သက်ပြင်းဟာလည်း အလွန်အလုပ်များပြီး အလွန်အလုပ်လုပ်တဲ့ လူ ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ သိထားကြပါတယ်။ ဒီတော့ ဆရာကြီးကိုလည်း ပြောရမှာ အားတော့ နာပါတယ်။ ဒါပေမယ့် ခုကျွန်တော်တို့မှာ ပြဿနာတစ်ခု ပေါ်နေလို့ ဆရာကြီးဆီလာပြီး အကူအညီတောင်းရတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘာကူညီရမလဲခင်ဗျာ"

"ဒီလိုပါဆရာကြီး၊ မောင်သက်ပြင်းဟာ ငယ်စဉ်ကတည်းက သိုင်းပညာကို ကောင်းကောင်းတတ်ခဲ့တယ်လို့ ကျွန်တော်တို့ သိထားကြပါတယ်။ အခု ပြဿနာက လာမယ့်လမှာ မြို့နယ်တစ်မြို့လုံး သိုင်းပြိုင်ပွဲကျင်းပဖို့ ရှိနေတဲ့အတွက် ရပ်ကွက်ထဲက သိုင်းဝါသနာရှင် လူငယ်လေးတွေကို မောင်သက်ပြင်းက သိုင်းပညာ သင်ပေးဖို့ ဆရာကြီးရဲ့ အချိန်ထဲက တတ်အားသရွေ့ ဖဲ့ပြီး လိုချင်တဲ့သဘောပါပဲ"

"ဪ... မောင်သက်ကို အားတဲ့အချိန်လေးတွေမှာ လူကြီးမင်းတို့ဆီ လွှတ်ပေးဖို့ဆိုပါတော့"

"ဟုတ်ကဲ့ပါခင်ဗျာ၊ ဟုတ်ပါ"

"ဟာ... ဒါရပ်ကွက်ကိစ္စပဲ၊ ကျွန်တော် ကူညီရမှာပေါ့။ အားတဲ့အချိန်ရယ် မဟုတ်ပါဘူး။ လူကြီးမင်းတို့ကသာ အချိန်အတိုင်းအတာ သတ်မှတ်လိုက်ကြပါ။ အဲဒီအချိန်မှာ မောင်သက်ကို ကျွန်တော် ဘာမှ မခိုင်းဘူး"

❑ ❑ ❑

ထိုအချိန်မှစ၍ ကိုသက်ပြင်းသည် အလိုလိုနေရင်း ကျွန်တော်တို့ ရပ်ကွက်၏ သိုင်းဆပ်ကော်မတီဥက္ကဋ္ဌ ဖြစ်လာလေတော့သည်။





ဤသည်၏ နောက်ဆက်တွဲဖြစ်ရပ်တို့သည်ကား ကိုသက်ပြင်းသည် ကျွန်တော်တို့ ရပ်ကွက်တွင်–

အားကစား ကော်မတီဥက္ကဋ္ဌ။

လူမှုရေးဆပ်ကော်မတီဥက္ကဋ္ဌ။

ရွှေနားပန်ဘုရား ဝေယျာဝစ္စဥက္ကဋ္ဌ။

ရပ်ကွက် သာရေး၊ နာရေးဥက္ကဋ္ဌ... စသဖြင့် ကြီးမားသော တာဝန်များကို နေ့မအား ညမအား ထမ်းဆောင်ရှာလေတော့သည်။

အထက်ပါ တာဝန်များကို ထမ်းဆောင်ရသည်မှာ မည်မျှ ပင်ပန်းမည်ကို လူကြီးမင်းများ သိနိုင်ပါလိမ့်မည်။ တစ်ဖက်ကလည်း စောစောက ပြောသလို အလွန်အလုပ်လုပ်သော ကျွန်တော့်ဖခင်ကြီး၏ လုပ်ငန်းတာဝန်များကလည်း လစ်ဟင်း၍ မဖြစ်ပြန်ပါချေ။

နောက်ဆုံးတွင် ကိုသက်ပြင်းသည် အသက်ကို ပြင်းပြင်း မရှူနိုင် ဆိုရလောက်အောင် ပင်ပန်းနွမ်းနယ်ရသော အခြေအနေသို့ ရောက်ရှိသွားပါတော့သတည်း။

❑ ❑ ❑

ရက်မှလ၊ လမှ နှစ်သို့ ကူးပြောင်းလာခဲ့ရာ...။

တစ်နေ့သော နံနက်ခင်းတွင် ကိုသက်ပြင်းသည် ဘာစိတ်ကူးပေါက်သည်မသိ။ မြို့ထဲမှအပြန် သင်္ကန်းပရိက္ခရာရှစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



အခုံကို ဝယ်လျက် ကျွန်တော်တို့ ခြံရှေ့မှ ဒက္ခိဏာရုံဆရာတော်ဘုရားထံ တန်းတန်းကြီး ဝင်သွားလေသည်။

"ဟဲ့... မောင်သက်မဟုတ်လား"

"တင်ပါ့ဘုရား..."

"ပရိက္ခရာတွေ ဘာတွေနဲ့ ဘာများ ကိစ္စထူးလာသတုံး"

ဤတွင် ကိုသက်ပြင်းသည် မိမိလက်ရှိ ထမ်းဆောင်နေရသော တာဝန်များကြောင့် အလွန်ပင်ပန်း နွမ်းနယ်နေပြီဖြစ်ပါ၍ ဝါတွင်းသုံးလလောက် တရားဘာဝနာ စီးဖြန်းရင်း ကိုယ်ရောစိတ်ပါ အနားယူလိုသောသဘော၊ အေးမြသော တရားရိပ်ကိုလည်း ခိုလှုံချင်သော သဘောကြောင့် ရဟန်းဘောင်သို့ ခေတ္တသွတ်သွင်းပေးပါမည့်အကြောင်း လျှောက်ထားလေတော့သည်။

ထိုအခါ ဆရာတော်ဘုရားကြီးက

"ဟဲ့... မောင်သက်၊ မင်းသဘောကဖြင့် ကောင်းပါရဲ့ကွယ်။ ဒါပေမယ့် မင်းဇနီးသည်က သဘောတူမှ ရဟန်းပြုလို့ဖြစ်မှာကွ"

"တင်ပါ။ ဒီအကြံကိုလည်း သူပေးလိုက်တာပါပဲဘုရား"

ထိုအခါ ဆရာတော်ဘုရားကြီးသည် ပြုံးရယ်တော်မူ၍ "ကိုင်း... ဘယ်တော့ ပြုချင်တာတုံး" ဟူ၍ မေးမိန့်လေ၏။

"ခုပါဘုရား..."

❑ ❑ ❑





ဗုဒ္ဓဘာသာသံထုံးတမ်းစဉ်လာအတိုင်း ရဟန်းဘောင်သို့ မဝင်မီ ရှင်သာမဏေ အရင်ပြုရ၏။ (အသက်အရွယ်ကြီးငယ်မဟူ)

ကိုသက်ပြင်းကား ရှင်သာမဏေ ဘဝသို့ ပထမဆင့်ရောက်သွားချိန်တွင်...

"အင်း... မင်း ရှင်သာမဏေ ဖြစ်သွားပြီ မောင်သက်၊ ဒီတော့ ဘွဲ့ကို ဘွဲ့ပေးရတော့မယ်။ အင်း မောင်သက်ပြင်းသဟသောကြာဆိုတော့ကွယ် ...ကိုင်း ကိုရင်သောမဏ" ဟု ဆရာတော်က မိန့်လိုက်ချိန်တွင် ကိုသက်ပြင်းသည် ချက်ချင်းဆိုသလိုပင် ဆရာတော်ကြီးအား ပျာပျာသလဲ ပြန်လျှောက်လေ၏။

"မဟုတ်သေးဘူး ဘုရား၊ သက်ပြင်းဆိုတာက တပည့်တော်ရဲ့ ဆရာက ရုပ်ရှင်မင်းသားလုပ်ရင် သုံးဖို့ ပေးထားတဲ့ နာမည်ပါ။ တပည့်တော် နာမည်ရင်းက အောင်စိုးပါဘုရား။ တပည့်တော် တနင်္ဂနွေသားပါဘုရား"

ဆရာတော်ဘုရားသည် ပြုံးရယ်ခြင်း အမှုကိုလည်းမပြု၊ အံ့သြခြင်းအမှုကိုလည်း မပြု။ ရိုးသားတည်ငြိမ် အေးဆေးသော အသံဖြင့် အောက်ပါအတိုင်း မိန့်ကြားလိုက်လေတော့သတည်း။

"အေး... ဒါဖြင့်လည်း လွယ်ပါတယ်ကွယ်။ အင်း ကိုရင်ဥက္ကဋ္ဌ"



www.burmeseclassic.com

www.burmeseclassic.com



**မှတ်ချက်။** ။ အထက်ပါ ဝတ္ထုသည် တကယ့်ဖြစ်ရပ်မှန်ဝတ္ထု ဖြစ်ပါသည်။ ကျွန်တော့် ဓာတ်လိုက်ဦးသက်ပြင်း(ကိုသက်ပြင်း) ဆိုသူကား အခြားဟုတ်ပါရိုးလား။ ယနေ့နာမည်ကြီး ရုပ်ရှင် ဒါရိုက်တာ ကျွန်တော်၏ဆရာ ဦးသက်နောင်ပင် ဖြစ်ပါ ကြောင်း။

(သဘင်၊ မေ၊ ၁၉၈၈)



# သဘာဝအုပ်စု

(၁)

အထက်ပါအမည်မှာ ကျွန်တော့်ဖခင်ကြီး၏ ရုပ်ရှင် ကုမ္ပဏီအမည် ဖြစ်ပါသည်။

မူလကုမ္ပဏီထူထောင်ခါစကမူ 'သာစုရုပ်ရှင်'ဟူ၍ အမည်ပညတ်ခဲ့သော်လည်း နောင် ကျွန်တော့်အစ်ကို မောင်ဝဏ္ဏ ဒါရိုက်တာလုပ်၊ နောက် ကျွန်တော် ဒါရိုက်တာလုပ် စသဖြင့် ဖြစ်လာသောအခါ ခေတ်အလျောက် ဓာတ်ပုံရိုက်နည်း ရိုက်ချက် များ ကွာခြားလာသဖြင့်...

"မင်းတို့လုပ်တာ ငါ့မူပျက်တယ်။ ဒီတော့ ကုမ္ပဏီနာ မည်ကို ငါ့နာမည်မထည့်တော့ဘူး ပြောင်းပစ်မယ်။ အေး... တစ်ခုရှိတာက မင်းတို့လည်း သဘာဝကျတဲ့ ဓာတ်လမ်းဓာတ် ကွက်တွေ ဖန်တီးတဲ့နေရာမှာတော့ ငါနဲ့တူတဲ့အတွက်..."



www.burmeseclassic.com

ဟူသော အကြောင်းပြချက်ဖြင့်...

သာစုရုပ်ရှင်မှ သဘာဝအုပ်စု ဟူ၍ ဖြစ်သွားရပါသတည်း။

❑ ❑ ❑

ကျွန်တော် ပြောလိုသည်မှာ ရုပ်ရှင်ကုမ္ပဏီနာမည်ကိစ္စ မဟုတ်ပါ။ သဘာဝကျသော ကျွန်တော့်တို့ မိသားစုအကြောင်းတဲ့မှ တစ်စိတ်တစ်ဒေသဖြစ်သော ကျွန်တော့်တို့ ညီအစ်ကိုလေးယောက်၏ စရိုက်သဘာဝ အကြောင်းကလေးမျှသာဖြစ်ပါသည်။ ထို့ထက်ကား လူတစ်ယောက်၏ ဘဝတစ်ခုလုံးနှင့် သက်ဆိုင်သော စရိုက်သဘာဝ မဟုတ်ဘဲ အလွန်သေးဖွဲသော စရိုက်သဘာဝလေးတစ်ခု အကြောင်းမျှသာ...

သို့ရာတွင် ထိုသဘာဝ အသေးစားကလေးသည် လူတစ်ယောက်၏ စိတ်နေသဘောထား၊ အမူအကျင့်စရိုက်ကို ချဲ့လျှင် ချဲ့သလို ဖော်ကျူးနေပြန်ပါသည်။

ကျွန်တော် ပြောပြပါမည်။

ထူးဆန်းသည်ဟု ပြောလျှင်လည်း ရတန်သလောက်ရပါသည်။

ကျွန်တော်တို့ ညီအစ်ကို လေးယောက်စလုံးသည် ခါးပိုက်နှိုက်တစ်ကြိမ်စီ ခံရခြင်းပင် ဖြစ်ပါသည်။ ထူးဆန်းသည်ဟု





ပြောရခြင်းမှာ အားလုံးအနှိုက်ခံကြရသည်မှာ 'ဖောင်တိန်'များချည်း ဖြစ်နေသောကြောင့်ပင်။

ထိုစဉ်က (၁၉၆၉ ခန့်) ကျွန်တော့်အစ်ကိုက တက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသား၊ ဒုသနိုက ဗေဒပညာရပ် သင်ယူနေသူ။ ကျွန်တော်က စက်မှုလက်မှု အထက်တန်းကျောင်းနောက်ဆုံးနှစ်ကျောင်းသား။ အငယ်နှစ်ကောင် မောင်ရှုပ၊ မောင်ဉာဏ်ပေါ်တို့က ရှစ်တန်းခေါ် အဌမတန်း။

ကျွန်တော်တို့ အငယ်သုံးယောက်စလုံးသည် အစ်ကိုကြီးမောင်ဝဏ္ဏကို အားကိုးကြသည်။ ထိုစဉ်က သူသည် ကျောင်းတစ်ဖက်တက်ရင်း 'ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း'ဇာတ်ကားကို တစ်ဖက်က ရိုက်ကူးနေသည်။ ဉာဏ်ကောင်းသည်။ အလုပ်လုပ်သည်။ သည်းညည်းခံသည်။ ညှာတာသည်။ မိဘကိုလုပ်ကျွေးရင်း ကျွန်တော်တို့ကိုလည်း အသိပညာတိုးတက်အောင်လမ်းပြသည်။ သူသည် အဖေပြီးလျှင် အိမ်မှာ အားအကိုးရဆုံးဖြစ်သည်။

ထို့ကြောင့် အစ်ကိုကြီး၏ အကျင့်များ ကျွန်တော်တို့ထံသို့ အလိုလို ပူးကပ်လာကြတော့သည်။

အထူးသဖြင့်မူ ဘတ်စ်ကားတိုးစီးရခြင်း၌ အကြောင်းမဲ့ဝါသနာထုံခြင်းပင်။ ထိုစဉ်က ကျွန်တော့် ဖခင်ကြီးသည် ငွေကြေးချမ်းသာသူ တစ်ယောက်အဖြစ် သတ်မှတ်နိုင်လောက်ပါသည့်။ မော်တော်ကား သုံးစီး ပိုင်ပါသည်။ သို့သော် ကျွန်တော်

www.burmeseclassic.com



တို့သည် အစ်ကိုကြီး၏ ခြည်သည့်ဒဿနမှန်း မသိသော ဘတ်စ်ကားစီးချင်ခြင်းတပ်မှုကို သံယောင်လိုက်နေခဲ့ကြပါသည်။ အဖေ့ကားများကို သိပ်မစီးဖြစ်။

ထိုစဉ်က ဘတ်စ်ကားများသည် ယခုလောက် မကျပ်သော်လည်း မတ်တတ်ကတော့ များသောအားဖြင့် ရပ်ရပါသည်။ အထူးသဖြင့် ကျောင်းဆင်းချိန်၊ ရုံးဆင်းချိန်များတွင် တိုးဝှေ့တက်ရခြင်း၊ အလယ်လူသွားလမ်းမှာပင် ရပ်ရှင်ကားကောင်းတစ်ကားကြည့်ရန် တန်းစီရခြင်းမျိုးများ ရှိတတ်ပါသည်။ ပြီးတော့ အဲသည်အချိန်က ခါးပိုက်နှိုက်များ အလွန်ခေတ်ထခဲ့ကြပါသည်။ အထူးသဖြင့် မျက်မှန်ကို တပ်ထားလျက်က ဖြုတ်၍ ဆင်းပြေးသော ခါးပိုက်နှိုက်များ စုပါစတား ဖြစ်နေချိန်ဖြစ်သည်ကို ကျွန်တော် မှတ်မိနေသေးသည်။ အကြောင်းမှာ ထိုစဉ်က ကျွန်တော် မျက်မှန်တပ်ရသောကြောင့် ဖြစ်ပါသည်။

ကိုင်း... ဖောင်တိန်ကိစ္စ ဆက်ကြရအောင်ပါ။ ကျွန်တော်တို့ လေးယောက်စလုံး ဖောင်တိန်အကိုင် ဝါသနာကြီးကြပါသည်။ ကျောင်းသားတွေမို့ရယ် မဟုတ်ပါ။ စာရေးဆရာဖြစ်ချင်သော ဒီဇကာ ကျွန်တော်၊ ကိုကိုမောင်ဝဏ္ဏ၊ မောင်ဉာဏ်ပေါ်နှင့် စာရင်းအင်းလုပ်တာ ဝါသနာပါသော မောင်ရူပတို့တွင် ပါလာသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဘယ်သွားသွား ဘယ်လာလာ ဖောင်တိန်ကို အိတ်ကပ်ထဲမှာ အမြဲထိုးချိတ်ထားကြလေသည်။ ပြီးတော့ စာရေးဆရာဖြစ်ချင်





သူများပိပိ ခရီးယာယီကလည်း အလွန်များသည်။ အချိန်အားရလျှင် ရသလို အကြောင်းရှိရှိမရှိရှိ မြို့ထဲသို့ ထွက်ကြသည်။ ဖေဖေ့ကဲ့သို့ပင် လွယ်အိတ် တစ်ယောက်တစ်လုံးလွယ်၍ စာရေးဆရာများ ပေါ်များသော ၃၃ လမ်းလို နေရာမျိုးသို့ လည်းကောင်း၊ ပုဂံစာအုပ်တိုက်(ထိုစဉ်က စာရေးဆရာများ စတည်းချရာ)သို့ လည်းကောင်း၊ မဂ္ဂဇင်းတိုက်များသို့လည်းကောင်း...။

(၂)

ဤသို့အားဖြင့် ကျွန်တော်တို့ လေးယောက်စလုံး ခါးပိုက်အနှိုက်ခံကြရသည်တွင် ကြီးစဉ်ငယ်လိုက် အနှိုက်ခံရပုံကို ကျွန်တော် မပြောပါ။ စိတ်ဝင်စားဖွယ်ကောင်းသော စရိုက်သဘာဝကို တတ်နိုင်သမျှ နောက်ပိုင်းထား၍ ပြောလိုပါသည်။ ထို့ကြောင့် သိပ်မထူးခြားလှသော ကျွန်တော့်အဖြစ်ကို စတင်ပြောပြပါမည်။

❑ ❑ ❑

တစ်နေ့တွင် မော်လမြိုင်မြို့မှ ကျွန်တော့်ဘကြီးဆရာဝန် ရန်ကုန်သို့ ဆေးအဝယ် ရောက်လာသည်။ ထိုစဉ်က ရန်ကုန်မှာက ဆေးပိုပေါပါသည်။ ပြည်သူ့ဆိုင်မှ ဆေးကို ဈေးသက်သက်သာသာဖြင့် ရနိုင်၏။ ဘကြီးက ကျွန်တော့်ကို မြို့ထဲမှ ပြည်သူ့ဆေးဆိုင်တစ်ဆိုင်သို့ ဆေးအဝယ်လွှတ်၏။ ဝယ်ခဲ့သောထိုးဆေး၊



www.burmeseclassic.com

www.burmeseclassic.com



သော့တ်ဆေး၊ လိမ်းဆေးများ စုံလင်သဖြင့် စာအုပ်စာတမ်းများ ဖြင့်ပြည့်နှက်နေသော ကျွန်တော့် လွယ်အိတ်ထဲ ထည့်၍မဖြစ်။ ကွဲမည်ပြုမည်စိုးရ၏။ ထို့ကြောင့် လက်တစ်ဖက်ဖြင့်ပင် ဆေးအိတ်ထုပ်ကို ကိုင်ရ၏။ ဘတ်စ်ကားကျပ်သဖြင့် မတ်တတ်ရပ်စီးရသောကြောင့် ကျွန်တော့်လက်တစ်ဖက်က ခေါင်းမိုးလက်တန်းကို ကိုင်ထားရ၏။ ထိုအချိန်တွင် ကျွန်တော် သတိကြီးစွာထားနေရသည်မှာ ဆေးအိတ်ထဲမှ ပုလင်းများ မကွဲစေရန်နှင့် ကျွန်တော် တပ်ထားသော မျက်မှန် အလစ်သုတ်မခံရစေရန်သာဖြစ်၏။ ရှပ်အင်္ကျီတွင် အမြဲချိတ်ထားသော ဖောင်တိန်ကို သတိမထားမိ။ ရပ်နေသည့် နေရာက အဆင်းအတက် အပေါက်ဝနားတွင်။ မည်သို့ပင်ရှိစေ ခါးပိုက်နှိုက်ကိုတော့ ကျွန်တော် သတိထားသည်။ အထူးသဖြင့် ကျွန်တော်ကဲ့သို့ ခြေမလွတ် လက်မလွတ်ဖြစ်နေသူများသည် သူတို့၏သားကောင် မဟုတ်လား။ ကျွန်တော်က လူတွေ၏ မျက်နှာအမူအရာကို အကဲခတ်ကောင်းပါသည်။

ထင်သည့်အတိုင်းပင် ကျွန်တော့်ထက် အသက်အနည်းငယ်ကြီးပုံရသော ငနဲတစ်ကောင် ကျွန်တော့်နား ကပ်လာသည်။ ကျွန်တော်က မျက်မှန်ကို ဂရုစိုက်သည်။ သို့သော် သူက အမှတ်မထင် ကျွန်တော့် ဖောင်တိန်ကို ဆတ်ခနဲ ဆွဲဖြုတ်ပြီး ကားပေါ်မှ ခုန်ချမည်ကြံသည်။ ကားကလည်း မှတ်တိုင်နားနီးနေပြီမို့ အရှိန်လျော့နေပြီ။ ကျွန်တော် စဉ်းစားကြည့်သည်။ အော်လိုက်လျှင် သူ ကျွန်တော့်ကို ရန်ပြုနိုင်သည်။





ထို့ကြောင့် ကျွန်တော် အကောင်းဆုံးနည်းကို အသုံးချလိုက်သည်။ သူ ခုန်ချဆဲဆဲတွင် သူ့ဖင်ကို ကျွန်တော်ပိတ်ကန်ချလိုက်သည်။ ငနဲသား ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားသည်။ ကားရပ်လိုက်ချိန်တွင် သူမြေကြီးပေါ်မှ မထနိုင်သေး။

ကျွန်တော့် ဖောင်တိန် ပြန်ရသည်။ သူ အဖမ်းခံရသည်။

❑ ❑ ❑

ဒုတိယနို့ညှာကောင် မောင်ရှုပ။ သည်တုန်းက ရှစ်တန်းမှာ။

တစ်နေ့ ကျောင်းကအပြန် အိမ်ပေါ်တက်လာတော့မျက်စိမျက်နှာမကောင်း ဖြစ်လာသည်ကို သတိထားမိသည်။ ထိုနေ့သည် သူ သုံးလပတ်စာမေးပွဲ ပထမဆုံး ဖြေရသည့်နေ့ ဖြစ်၏။ သူသည် ငယ်စဉ်က အလွန် ချူချာသူ၊ ရောဂါများသူဖြစ်သည်။ ထို့ကြောင့် ဦးနှောက်ပိုင်းဆိုင်ရာ၌ အားနည်းနေသည်။ ဉာဏ်ထိုင်းသည်ဟု မဆိုနိုင်သော်လည်း ကျွန်တော်တို့ ညီအစ်ကိုလေးယောက်ထဲတွင်တော့ ပညာရေးပိုင်း၌ နံပါတ်(၄)နေရာ၌ ရောက်နေရှာသည်။ ကျောင်းမှာတော့ သာမန်အဆင့်မျှ ရှိပါသည်။

သည့်အတွက် အားငယ်တတ်ခြင်းကြောင့်ပေလော။ သို့တည်းမဟုတ် ပင်ကိုမူလ(နို့ညှာ) စရိုက်ကြောင့်ပေလောမသိ။ မောင်ရှုပသည် ကျွန်တော်တို့ အားလုံးထဲတွင် သည်းညည်းအခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဆုံး၊ ခွင့်အလွှတ်နိုင်ဆုံး၊ အရိုးသားဆုံး လူတစ်ယောက် ဖြစ်လာခဲ့သည်။

ဆိုပါစို့... မည်သူ့ဘက်ကမှားမှား အစ်ကိုတွေငေါက်လျှင်၊ ညီဖြစ်သူက ခံပက်လျှင် ဘာမျှပြန်မပြောဘဲ မထေ့တထေ့ ပြုံး၍သာ နေတတ်သည်။ သို့သော် ဘယ်သူမှ မမြင်သော ကွယ်ရာကျမှ သူ့ခေါင်းကို သူ တိုင်နှင့် ဆောင့်ချင်ဆောင့်တတ်သည်။

စောစောက ပြောသလို သုံးလပတ်စာမေးပွဲ ပထမနေ့ အိမ်အပြန် မျက်နှာမကောင်းသဖြင့် ကျွန်တော်က စာမေးပွဲ မဖြေနိုင်လို့ဘဲဟု ..ပေါ့ပေါ့တွေးကာ...

"အဆင့် တစ်,နှစ်,သုံး ထွက်မှ မဟုတ်ပါဘူးကွာ။ စာမေးပွဲ ဝင်ဖြေတယ်ဆိုတာကိုက လူတစ်ယောက်ရဲ့ သတ္တိနဲ့ဇွမ်းရည်ပါပဲ"ဟု အားပေးစကား ပြောရပါသည်။

သို့သော်... သူက ခေါင်းခါသည်။ ဒါဖြင့် ဘာဖြစ်လို့လဲဟု မေးသောအခါ

"ဖောင်တိန် ခါးပိုက်နှိုက်ခံရလို့ ကိုကို"

"ဟော့... မင်းမသိလိုက်ဘူးလား"

"သိလိုက်ပါတယ် ကိုကို"

"ဟာကောင်ရ၊ မင်းအားကစားသမားတစ်ယောက်လုပ်နေပြီး (သူသည် အားလုံးထဲတွင် အားကစား အလိုက်စားဆုံး၊ ကိုယ်လုံးကိုယ်ထည် အတောင့်တင်းဆုံး) ဆွဲတီးပစ်လိုက်ပါလား။ ဒါမှမဟုတ် အော်ချင်အော်၊ ဒရိုင်ဘာကို တိုးတိုးတိတ်တိတ် အကြောင်းကြားပြီး ရဲစခန်း တန်းမောင်းခိုင်းပေါ့..."





သူ ဘာမျှမပြောဘဲ တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေသည်မှာ ကျွန်တော့် စိတ်အထင် တစ်မိနစ်ခန့်ကြာလိမ့်မည်။ ပြီးတော့မှ သက်ပြင်းရှည်ကြီးတစ်ချက် မှုတ်ထုတ်ပြီး အောက်ပါအတိုင်း ပြောပါသည်။

"မဟုတ်ဘူး ကိုကို၊ ကျွန်တော် တစ်ခုခု လုပ်လိုက်လို့ သူ့ကို လူမိသွားရင် ဝိုင်းတွယ်ကြမှာ။ ပြီးတော့ သူ့ခမျာ လူကြားသူကြား ရှက်သွားမှာပေါ့"

❑ ❑ ❑

ကျွန်တော့်အစ်ကို မောင်ဝဏ္ဏသည် ဆယ်တန်းအောင်စဉ်က ဆေးတက္ကသိုလ် တက်နိုင်သည့် အမှတ်ကို မီသူဖြစ်သော်လည်း သူသည် တက္ကသိုလ်တွင် လူကြိုက်နည်းသော ဘာသာဗေဒတစ်ခုဖြစ်သည့် ဒဿနိကဗေဒဘာသာရပ်ကို ယူခဲ့သည်။

သူသည် ငယ်စဉ်ကပင် အတွေးနက်စဉ်းစားသူဖြစ်၏။ စကားနည်းပြီး အချိန်အားရတိုင်း တွေးတောနေတတ်သည်။ ဆိုပါစို့– ငယ်စဉ်က ကျွန်တော်တို့တစ်တွေ စက်ဘီးစီး၊ ဂေါ်လီရိုက်၊ ကျွင်ပေါက် စသည်ဖြင့် ကလေးတို့ဘာဝ ဆော့ကစားနေချိန်မျိုးတွင် သူသည် အိမ်ကြမ်းပြင် လျှာထိုးကြားမှ သဲများကို သွားကြားထိုးတံဖြင့် ကလော်ထုတ်လိုက်၊ လက်ဖြင့် ပြန်ဖိသွင်းထည့်လိုက် လုပ်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လောက်ဆို သူ့ဗီဇကို သိလောက်ပါပြီ။

တစ်နေ့မှာ မှောင်ရိပျိုးစ အချိန် ထုံးစံအတိုင်း အိမ်ပြန်လာသောအခါ သူ့ ဘယ်ဘက်မျက်လုံးတစ်ဖက်ကို လက်ဖြင့်အုပ်လျက် အိပ်ခန်းတွင်းသို့ ခပ်သုတ်သုတ် ဝင်လာသည်။

ထိုစဉ်က ကျွန်တော်တို့အားလုံး လူပျိုလူလွတ်ချည်းဖြစ်သဖြင့် သူနှင့် ကျွန်တော်က တစ်ခန်းတည်း အတူအိပ်ပါသည်။

သူ ဝင်လာချိန်တွင် ကျွန်တော် စာရေးနေပါသည်။ ခြေသံကြား၍ သူ့ကို ကြည့်လိုက်သောအခါ မျက်စိမျက်နှာမကောင်းဘဲ စောစောက ပြောသလို မျက်စိတစ်ဖက် လက်ဝါးဖြင့် အုပ်ထားသည်ကို ချက်ချင်း သတိထားလိုက်မိသည်နှင့်...

"ကိုကို ဘာဖြစ်လာသလဲ"ဟု ပျာပျာသလဲ မေးရပါသည်။ ကျွန်တော် ထင်တာက သူသည် ပိန်ပိန်ညှောင်ညှောင်ခနိုးခနဲ့မို့ ဘတ်စ်ကား အဆင်းအတက်များ လိမ့်ကျလာသလားလို့။

သူကတော့ ကျွန်တော့်ကို ဘာမျှ ပြန်မပြောဘဲ သူ့ခုတင်ပေါ်တက်၊ မှောက်လျက်ကြီး လှပ်နေပါတော့သည်။ ကျွန်တော်က စိတ်ပူသဖြင့် အတန်တန်မေးသော်လည်း တုတ်တုတ်မျှမလှုပ်။ နောက်ဆုံး အမေ့ကို သွားပြောအကူအညီတောင်းမှ သူ တာမွေဘတ်စ်ကားမှတ်တိုင်တွင် နောက်ပေါက်က ခိုစီးလာစဉ် အလစ်သမားက သူ့ဖောင်တိန်ကို နှိုက်၍ ဆင်းပြေးကြောင်း၊ သူကလည်း ဆင်းလိုက်ကြောင်း၊ ထိုငနဲကို မိသောအခါ ငနဲက သူ့ကို ဆွဲထိုးသွားကြောင်း သိရပါတော့သည်။





ကျွန်တော် ထောင်းခနဲ ဒေါသဖြစ်သွား၏။ သို့ဖြင့် ဖေဖေ့ သားတပည့် အစ်ကိုသက်နောင်(ယခုဒါရိုက်တာသက်နောင်)အား အကြောင်းကြားပြီး ကာမွေရဲစခန်းသို့ မော်တော်ဆိုင်ကယ်ဖြင့် ထွက်ခဲ့ကြတော့သည်။

ဖောင်တိန်အနှိုက်ခံရခြင်းထက် ကျွန်တော့်အစ်ကို အထိုးခံရခြင်းကို ကျွန်တော် ပို၍ ဒေါသဖြစ်သောကြောင့် ဖြစ်ပါသည်။

ဟိုရောက်တော့ အလျဉ်းသင့်ပင် စခန်းမှူးနှင့် အစ်ကိုသက်နောင်တို့မှာ သူငယ်ချင်းများ ဖြစ်နေကြသဖြင့် ခါးပိုက်နှိုက်စာရင်းဝင်များကို ဖမ်းခိုင်းလေသည်။

ကျွန်တော့်အစ်ကိုထံမှ နှိုက်သွားသော ငနဲကိုလည်းမိပါသည်။ သူကလည်း ဝန်ခံ ပါသည်။ သို့ရာတွင်... ထိုငနဲ အစစ်ခံသည့်စကားများကို ကြားရသောအခါ , လက်ယားနေသော ကျွန်တော့်မှာ ငိုရမလို ရယ်ရမလို ဖြစ်ရပါတော့သည်။

"ဗျာ... အဲဒါ ဒါရိုက်တာ မောင်ဝဏ္ဏဟုတ်လား။ ဒီလိုမှန်းသိရင် ကျွန်တော်နှိုက်တောင် နှိုက်ဖြစ်မှာ မဟုတ်ပါဘူးဗျာ။ ကျွန်တော် ရှိုးမိမှာပါ။ သူရိုက်တဲ့ ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းဇာတ်ကားဆိုရင် ကျွန်တော် သုံးခါပြန်တောင် ကြည့်ဖြစ်ပါတယ်။ (ထိုစဉ်က ကိုကိုသည် ထိုဇာတ်ကားဖြင့် အကယ်ဒမီပင် ရပြီးပါပြီ) ခုဟာက..."

သူ့အတာန်ငယ် ပြုံးတုံ့တုံ့လုပ်ပြီး...

"ကျွန်တော် ကားပေါ်က ခုန်ဆင်းလိုက်တော့ သူကနောက်က ခုန်ဆင်းပြီး လိုက်လာတယ်။ ကျွန်တော်က ခပ်သုတ်



www.burmeseclassic.com

www.burmeseclassic.com



[illegible] လျှောက်သွားတော့ သူလည်း ကျွန်တော့်ကို အမိ ထိုက်လာတယ်။ ဒါပေမယ့် အော်လည်း မအော်ဘူးခင်ဗျ။ ကျွန်တော့်ကို မိလာတော့ ကျွန်တော့် ပခုံးကိုပုတ်တယ်။ ကျွန် တော်က ကျွန်တော့်ကို ရန်မူမယ်ထင်လို့ အသင့်အနေအထားနဲ့ သူ့ဘက်လှည့်လိုက်တော့ သူက (ညီလေး မင်းနဲ့ ငါစကားနည်း နည်း ပြောချင်တယ်ကွာ)တဲ့။ ကျွန်တော်လည်း သူ့စကားကို ကြားတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ ကြောင်သွားတာ ပေါ့။ ဒီမှာတွင် သူက ဆက်ပြောတယ်။ (ညီလေးရာ လူတစ် ယောက်ရဲ့ဘဝကို တည်ဆောက်တဲ့ နေရာမှာ လုပ်နည်းလုပ်ဟန် တွေ အများကြီး ရှိပါတယ်။ တကယ်တော့ ဘဝဆိုတာ...) ဆို လား၊ ဘာဆိုလား ကျွန်တော်လည်း မမှတ်မိတော့ဘူး။ သူ့ စကားတွေ ကျွန်တော် နားမလည်ဘူးခင်ဗျ။ ကျွန်တော်တို့ အလုပ်ဆိုတာကလည်း လူကြားသူကြား ကြာကြာနေလို့ မဖြစ် တဲ့အလုပ်။ ပြီးတော့ သူက ကျွန်တော့်ကို အချိန်ဆွဲထားပြီး ဝိုင်းဖမ်းဖို့ လူလည်ကျတယ်ထင်ပြီး တစ်ချက်တည်းဆွဲထိုးပြီး ပြေးတာပါပဲ။ သူမှန်းသ... ဆိရင် အဲဒီနေရာမှာတင် ကျွန်တော် ထိုင်ကန်တော့ပါတယ်ဗျာ။ ကျွန်တော် အလွန်ကြိုက်တဲ့ ဒါရိုက် တာပါ”

စသဖြင့်... အထက်ပါ အဓိပ္ပာယ်ရသော စကားများကို ကဘောက်ချိကဘောက်ချာ ပြောရင်း စခန်းမှူးကို တောင်းပန်ပါ သည်။





သို့ရာတွင် သူ့ကို အချုပ်ခန်းထဲ ထည့်လိုက်ကြပါ၏။ ပစ္စည်းလည်း ပြန်ရပါသည်။ ဘောလ်ပင်မျှသာပါ။

ကျွန်တော်၊ ဦးသက်နောင်နှင့် စခန်းမှူးတို့ ရယ်မောကြ ရလေ၏။

❑ ❑ ❑

အငယ်ဆုံးကောင် မောင်ဉာဏ်ပေါ်...။

သူကတော့တစ်မျိုး။ ငယ်စဉ်ကတည်းက စကားကြွယ် သည်။ အားလုံးထဲတွင် ဉာဏ်အကောင်းဆုံးဖြစ်သည်။ ပေကတ် ကတ် ဂျစ်ကန်ကန်နေတတ်သည်။ မှားမှားမှန်မှန် သူမှန်တယ် ထင်ရာကို ဇွတ်လုပ်သည်။ စည်းကမ်းကြီးသည်။ ကတ်သီး ကတ်သတ်လုပ်တတ်သည်။

ကတ်သီးကတ်သတ်ဆိုင်ရာ၌ သူများတွေ အမှုမဲ့ အမှတ်မဲ့ ထားတတ်သော ကိစ္စမျိုးကို သူမြင်တတ်၊ လုပ်တတ်ခြင်း၌ကား ရှာမှရှားသော လူတော်တစ်ယောက်ဖြစ်သည်။

ဥပမာ– အလွန်အရေးကြီးသော ပွဲလမ်းသဘင်မျိုးသို့ တက်ရောက်ခြင်း မရှိတတ်သော်လည်း ရပ်ကွက်ထဲမှ ပဲပြုတ် သည်အသုဘတွင် သွားရောက်ကူညီချင် ကူညီနေတတ်သည်။ အစ်ကိုများကို ဖယ်ထား၊ အဖေနှင့် အမေကိုပင်လျှင် သူ့စိတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တော်ကိုလျှင် ပြေဆိုဆိုတတ်သော်လည်း ဟော... သူငယ်ချင်းများနှင့် ကျပြန်တော့ ဆွေးဆွေးနွေးနွေး တိုင်တိုင်ပင်ပင် လုပ်နေတတ်ပြန်သည်။

ယခု သူ၌ ရှိနေသော သမီးကလေး၏ အမည်ပေးကိုပင် ကြည့်ဦး။ 'သူမ'တဲ့။ ဘယ်သူမှ မစဉ်းစားမိသော နာမည်။

ဘာပဲဖြစ်ဖြစ် သူ၏အရည်အချင်းများ (လူများစုနှင့် လိုက်လျောညီထွေတာရော မညီထွေတာရော) ပေါင်းလိုက်တော့ သူတွင် အလွန်အရေးပါသော အရည်အချင်းတစ်ရပ် ပေါ်ပေါက်လာတော့သည်။

ဖြတ်ထိုးဉာဏ်ကောင်းခြင်းနှင့် သတ္တိကောင်းခြင်းပင် ဖြစ်တော့၏။

ကိုင်း... သင်း ခါးပိုက်နှိုက်ခံရပုံကို ဆက်ပါတော့မည်။

သူ ရှစ်တန်းအောင်သောနှစ်က ကျွန်တော် သူ့ကို လက်ဆောင်တစ်ခု ပေးခဲ့သည်။ ကျွန်တော် ရှစ်တန်းတုန်းက မြန်မာစာစာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရခဲ့သော ပတ်ကား ၄၅ မိန်းမကိုင် ဖောင်တိန်ကလေးတစ်လက်။

တစ်နေ့ သူ ကျောင်းကအပြန် ဘတ်စ်ကားပေါ်တွင် သူနှင့်ကပ်လျက် ရှယ်တူငနဲတစ်ကောင်သည် ထိုဖောင်တိန်ကို သူ့အိတ်ကပ်ထဲမှ ဆတ်ခနဲ နှိုက်ယူလိုက်ပါသတဲ့။

သို့သော်... ဖောင်တိန်မှာ အရစ်ဖုံး မဟုတ်ဘဲ အစွပ်ဖုံးဖြစ်သဖြင့် ဖောင်တိန်တစ်ချောင်းလုံး ပါမသွားဘဲ အဖုံးချည်းသက်သက်ပါသွား၏။ အနှိုက်ခံရသည်ကို သူသိသလို ခါးပိုက်





နှိုက်ငနဲမှာလည်း ဖောင်တိန်အဖုံးချည်းသက်သက်သာ ရလိုက်သဖြင့် ကိုးလိုးကန့်လန့်ကြီး ဖြစ်သွားရ၏။

ထိုအချိန်မှာပင် ဖြတ်ထိုးဉာဏ်ကောင်းသော ဉာဏ်ပေါ်သည် ခါးပိုက်နှိုက်ငနဲကို အောက်ပါအတိုင်း တိုးတိတ်စွာ ကပ်၍ ပြောလိုက်ပါသတဲ့။

"ဒီမယ်... ဆော်ဒါအချင်းချင်းတွေပဲကွာ လုပ်ဖို့မကောင်းပါဘူး။ ဘေးလူတွေ မသိခင် အသာလေးပြန်ပြီး ငါ့ဖောင်တိန်အဖုံးကို ပြန်စွပ်ပေးလိုက်ပါ"တဲ့။

ခါးပိုက်နှိုက်ငနဲလည်း ရုတ်တရက် ကြောင်သွားပြီးမှ အားဘိအခြေအနေကို ကြည့်ပြီး ဖောင်တိန်အဖုံးကို ဉာဏ်ပေါ်၏ အိတ်ကပ်ထဲ ထောင်ထွက်နေသော ဖောင်တိန် ပင်မကိုယ်တွင် လှစ်ခနဲ ပြန်စွပ်ပေးရင်–

"မင်းက ဘယ်အဖွဲ့ကလဲ"

"နှင်းဆီကုန်း"

"ငါက မိကျောင်းကန်"

"အေး လမ်းတွေလည်း ခေါ်ပေါ့ကွာ။ အကူအညီလိုသည်း အချက်ပြလိုက်ပေါ့။ သိတယ်မဟုတ်လား"

"ကျွမ်းပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့အားဖြင့် ဉာဏ်ပေါ် အိမ်အပြန်တွင် သူ့ဇာတ်လမ်းကို မြန်ပြောရင်း ကျွန်တော်တို့ မိသားစု ပျော်ရွှင်ရယ်မောရပါသည်။

❑ ❑ ❑

ဇာတ်ပေါင်းသော် ကျွန်တော်သည် ရုပ်ရှင်မင်းသားဖြစ်လာ၏။ မောင်ရှုပသည် လက်ဖက်ရည်ဆိုင်ဖွင့်သည်။ အစ်ကိုမောင်ဝဏ္ဏသည် ရုပ်ရှင်ဒါရိုက်တာ ဖြစ်လာ၏။ ညီငယ်မောင်ဉာဏ်ပေါ်သည် စာရေးဆရာမင်းလူ...။

ကျွန်တော် ပြောချင်သည်ကို စာဖတ်သူ နားလည်ပါလိမ့်မည်။

**မှတ်ချက်။** ။ အထက်ပါအကြောင်းအရာကို ကျွန်တော်၏ဖခင်ကြီးအား ပြောပြပြီး...

"ဖေဖေ... ဖေဖေ ကျွန်တော်တို့ အရွယ်လောက်တုန်းကရော အဲသလိုပဲ ဖောင်တိန်ခါးပိုက်နှိုက်ခံရဖူးသလား...ဟင်"

ဟု မေးမိသည်။

ထိုအခါ ဖေဖေက အောက်ပါအတိုင်း သက်ပြင်းရှည်ကြီး ချလျက် ပြန်ပြောပါသည်။

"သားရယ် ခါးပိုက်နှိုက်ခံရဖို့ ဝေးလို့ ဖေဖေ သားတို့အရွယ်တုန်းက ကျောင်းတက်တာ ဖောင်တိန် မကိုင်နိုင်ဘူးသား။ ဖေဖေတို့ ခေတ်တုန်းက အပေါင်ဆုံးဆိုင်မှာ သွားဝယ်





ရင် ဖောင်တိန်တစ်လက်ကို ငါးမတ်ပဲ ပေးရတယ်။ အသစ်ဆိုရင် နှစ်ကျပ်ပေါ့ကွာ။ ဒါတောင် ဖေဖေ မဝယ်နိုင်ခဲ့ဘူး။ ဒီတော့ တစ်ချောင်းနှစ်ပြားတန် ကံလောင်ကလေး တစ်ချောင်းဝယ်၊ ငါးပြားတန် မင်အိုးဝယ်၊ မင်းတို့ကို ကျောင်းစာတွေ ရေးခဲ့ရတယ်"ဟု ဘယ်လိုအဓိပ္ပာယ်မှန်း ကျွန်ုပ်ဆက် မသိနိုင်သောမျက်နှာထားဖြင့် ပြန်ပြောပါသည်။

(ကလျာ၊ ဇက်ဟင်ဘာ၊၁၉၈၉)



www.burmeseclassic.com

www.burmeseclassic.com

# နတ်ရေကန်

နတ်ရေကန်ဆိုတာ ဒဏ္ဍာရီပုံပြင်ထဲမှာသာ ရှိတာမဟုတ်။ အဟုတ်တကယ် ရှိတာဗျ။ ကျွန်တော်က ကိုယ်တွေ့မို့ ပြောတာ။ တွေ့တာမှ ဟိုးငယ်ငယ် အသက်ဆယ်၊ နှစ်ဆယ့်တစ်နှစ် မူလတန်းကျောင်းသား ဘဝကတည်းက။ မှတ်မှတ်ရရ လေးတန်းကျောင်းသား။ လေးတန်းကျောင်းသားရယ်လို့ မှတ်မိနေတာကလည်း အကြောင်းရှိလို့။

ကျွန်တော့် စာသင်သက် တစ်သက်နဲ့တစ်ကိုယ်မှာ မြန်မာစာ စာစီစာကုံးပြိုင်ပွဲမှာ နှစ်ကြိမ်တိတိ ဆုရဖူးတယ်။ အတန်းထဲမှာ မဟုတ်ဘူး။ တစ်ကျောင်းလုံးမှာရတာ။ ပထမတစ်ကြိမ်က လေးတန်းမှာ၊ ဒုတိယအကြိမ်က စက်မှုလက်မှု အထက်တန်းကျောင်း နောက်ဆုံးနှစ်မှာ။ ဒါကြောင့် ပထမအကြိမ် လေးတန်းကျောင်းသားဘဝမှာ မြန်မာစာ စာစီစာကုံး





ဆုရတာကို မှတ်မှတ်ရရ ဖြစ်နေတာပေါ့။ လက်ရှိအချိန်မှာ မြန်မာဝတ္ထုရေးသူတစ်ယောက် ဖြစ်နေတာမို့လည်း အဲဒီလေးတန်းကျောင်းသားဘဝက မြန်မာစာစီစာကုံး ဆုရတာကို ပိုပြီးဂုဏ်ယူမိနေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။

ဘာပဲဖြစ်ဖြစ် အဲဒီနှစ်မှာ ကျွန်တော် နတ်ရေကန်တကယ်ရှိမှန်း စ,သိရတာပါပဲ။ သိရုံတင် မကပါဘူး။ နတ်ရေကန်ထဲကိုတောင် ပြုတ်ကျခဲ့ရတယ် ဆိုပါတော့ဗျာ။

❑ ❑ ❑

ဒီမတိုင်ခင် ငယ်ငယ်တုန်းကတော့ နတ်ရေကန်ဆိုတာ ကြားဖူးနားဝ ခဏ ခဏ ရှိခဲ့တာပေါ့။ အမေနဲ့ ကျွန်တော့်ကြီးတော်များ၊ အဘွားများက မကြာမကြာ ရေရွတ်နေတတ်ကြလို့။

သူတို့က ပြောတတ်ကြကယ်။ ကျွန်တော် ငယ်ငယ်က အတော်ဆိုးဆိုပဲ။

ငယ်တုန်းကတော့ သူတို့စကား ဟုတ်များ ဟုတ်သလားလို့ ဝမ်းနည်းခဲ့ရပါရဲ့။ တစ်ခါတလေလည်း ရှက်ဒေါသနဲ့ ပြောလေ တစ်ဖွတ်ထိုးလုပ်လေ လုပ်ခဲ့မိပါရဲ့။

ဒါပေမယ့် ခုအရွယ်ကလေးရလာတော့ အင်းလေ ကိုယ်တိုင်မိဘတစ်ဦးဖြစ်လာတော့ ကလေးတွေမှာ ဆိုးတယ် ကောင်းတယ်၊ မိုက်တယ် လိမ္မာတယ်ဆိုတာ သူ့ပင်ကိုမှာ မရှိဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



တွေးမိလာတယ်။ ကလေးတွေဟာ အရောင်မရှိဘူးလို့ ပန်းချီဆရာတွေ ဆိုကြတယ်။ ဝါဒ–ဝါဒီဆရာတွေကတော့ သုညတဝါဒရယ်လို့ သမုတ်ပြန်တယ်။ ဘာပဲဖြစ်ဖြစ် ကလေးတွေဟာ ဖြူစင်တယ်၊ သန့်ရှင်းတယ်၊ ရိုးသားတယ်လို့ လူတိုင်းနားလည်ထားကြတာပဲ မဟုတ်လား။

စာစောကပြောတဲ့ ဆိုးတယ်၊ ကောင်းတယ်ဆိုတာကတော့ ပတ်ဝန်းကျင်၊ အထူးသဖြင့် မိဘအုပ်ထိန်းသူများနဲ့ သဟာဇာတဖြစ်တယ်၊ မဖြစ်ဘူးဆိုတာပေါ်မှာ တည်တယ်ထင်တာပဲ။

ဒီနေရာမယ် မွေးသန္ဓေတို့၊ ဗီဇတို့၊ မျိုးရိုးတို့ဆိုတာတွေကို တချို့က ထည့်ပြောကြတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒါတွေဟာ ရုပ်ဝတ္ထုကိစ္စမှာသာ ရိုက်ခပ်တာပါ။ စိတ်ပိုင်းဆိုင်ရာမှာတော့ အင်မတန် ဖြစ်ခဲပါတယ်။ ဖြစ်ရင်လည်း သွေးသားဆက်နွှယ်မှုကြောင့် စိတ်မနဲ့တာတို့၊ စိတ်လှုပ်ရှားလွယ်တာတို့ ဆိုပါစို့၊ အားငယ်တတ်တာတို့သာပါ။

ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ကလေးတစ်ယောက်မှ မဟုတ်ပါဘူး။ လူကြီးသူမတစ်ယောက်ယောက်လည်း ပတ်ဝန်းကျင်ရဲ့ အလေ့အထနဲ့ ဆန့်ကျင်မှုရှိလာရင်၊ သဟာဇာတဖြစ်နေရင် ဆိုးတယ်၊ ကောင်းတယ်ဆိုတာ အသတ်မှတ်ခံရမြဲပဲ မဟုတ်လား။

ထားပါတော့…၊ ကျွန်တော် ငယ်ငယ်က မိဘဆွေမျိုး အသိုင်းအဝိုင်းကရော၊ ပတ်ဝန်းကျင်က၊ စာသင်ကျောင်းက





ရော ဆိုးတယ်လို့ သတ်မှတ်ခံခဲ့ရပါတယ်။ သဟာဇာတဖြစ်အောင် မနေတတ်ခဲ့ဘူးဆိုပါတော့…။

ဒီတော့ ဘာဖြစ်သလဲ။ ကျွန်တော့်ကို မြန်မြန် လူကြီးဖြစ်စေချင်ကြတာပေါ့။ ဟုတ်တယ်လေ။ လူကြီးဆိုးတယ်ဆိုတာက ထိန်းလို့ပြုလို့ ရနိုင်တယ်။ ဆိုပါစို့ ဥပဒေရှိတယ်။ တရားရုံးတို့၊ ရဲစခန်းတို့ရှိတယ်။ မသကာ ဓားဓားချင်း၊ တုတ်တုတ်ချင်း ရှင်းလို့ရတယ်။ အဆုံးတစ်နေ့ မကျေနပ်ရင် ချောင်းရိုက်၊ သဘောပြောတာပါ။

နောက်ပြီး အရေးယူလို့ မရတဲ့နည်းနဲ့ ဆိုးပေနေရင်လည်း သူ့ကို ပေယျာလကန် ထားလိုက်ရုံသာ။

အဲ… ကလေးတွေကျတော့ ဒီလိုလုပ်မရ။ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ မျက်လုံးထောက်ခံပြီး ကြည့်နေနိုင်မှ။ ထိန်းကွပ်နိုင်မှ။

စာစောက ပြောသလို အရောင်မရှိတဲ့ မှန်ကလေးတစ်ချပ်လို၊ အညစ်အထေးမရှိတဲ့ ရေကြည်ဂလေးတစ်ပေါက်လို၊ အပေါင်းအနှုတ် အမြှောက်အစား မရှိတဲ့ သုညဂလေးလို သန့်ရှင်းတဲ့ဘဝမျိုး မဟုတ်လား။

နည်းနည်းစွန်းထင်းတာနဲ့ ပြင်ရပြုရ အတော်ခက်သွားတတ်တာကလား။

ဒါကြောင့်မို့လည်း ကျွန်တော်တို့ငယ်ငယ်က လူကြီးသူမတွေ ကျွန်တော်တို့ကို မြန်မြန် လူကြီးဖြစ်စေချင်တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာထိ သားသမီးတွေ လူလားမြောက်ပြီး မြေးတွေ မြစ်တွေရတဲ့အထိ ကိုယ့်သားသမီးကိုယ် ပိစိညှောက်တောက် လူမမည်လေးလို့ပဲ ထင်နေတတ်တဲ့ မိဘမေတ္တာကို သီးခြားပြောရမှာပါ။ ချစ်တာက တခြားပဲ။ ကလေးတွေရဲ့ ဇာဟိရ၊ ဝိစိကိစ္စတွေနဲ့ မိမိရဲ့ လုပ်ငန်းကိုင်ငန်း၊ စီးပွားရေး၊ သာရေးနာရေးစတဲ့ ကိစ္စတွေ ရောပြီး မနိုင်မနင်း ဖြစ်လာတဲ့အခါမှာမျိုးမှာ ပြောပါတယ်။ "အင်း... ကလေးတွေ မြန်မြန် လူလားမြောက်ပါမှပဲ"ဆိုတာမျိုးပေါ့။

ကိုင်း... ဒီမှာတင် 'နတ်ရေကန်'အကြောင်း ပြန်ဆက်ပါ့မယ်။

စောစောက ပြောသလို 'နတ်ရေကန်'ဆိုတာကို ကျွန်တော်လေးတန်းကျောင်းသား မဖြစ်ခင် လူကြီးစကား နားလည်တတ်စက စပြီး ကြားခဲ့ရပါတယ်။ အဲသည်တုန်းကတော့ ဘာမှန်းမသိဘူး။ နတ်ကိုသိတယ်။ ရေကန်ကိုသိတယ်။ နတ်ရေကန်ဆိုတာကိုတော့ မသိဘူး။ ကြားဖူးနားဝ ရှိခဲ့ရတာကလည်း အမေနဲ့ကြီးတော်တွေ၊ အဘွားတွေ ပြောပြောနေကြလို့။ ဘာတဲ့...။

"အင်း... ဒင်းတို့ကို နတ်ရေကန်ထဲ ပစ်ချချင်တယ်" တဲ့။

စကားတတ်တဲ့၊ စပ်စုတတ်တဲ့ ကျွန်တော်က

"နတ်ရေကန်ထဲ ဘာလို့ပစ်ချချင်တာလဲ"လို့မေးတော့ ...အမေက





"သြော်... နတ်ရေကန်ထဲ ပစ်ချလိုက်ရင် သားတို့ချက်ချင်းလူကြီး ဖြစ်လာတာပေါ့"တဲ့။ ကျွန်တော့်စိတ်ထဲ တကယ်ပဲ ထင်မိပါသေးရဲ့။

အဲ... နောက်တော့ ကျွန်တော်တန်းကျောင်း လေးတန်းနှစ်။ စောစောက ပြောသလို စာစီစာကုံး ဆုရတဲ့အချိန်မှာတော့ နတ်ရေကန်ကို တကယ်ပဲ တွေ့ရပါတော့တယ်။ တကယ်ပဲလည်း ပစ်ချခံခဲ့ရပါတော့တယ်။

ပစ်ချတဲ့လူက အမေတော့ မဟုတ်ဘူး။ နတ်ရေကန်ဆိုတဲ့ စကားတစ်ခါမှ မပြောဖူးတဲ့ [illegible]ပါပဲ။

ကျွန်တော်ဟာ ငယ်ငယ်က စာတော်ခဲ့ပါတယ်။ အားကစားလည်း အထိုက်အလျောက် ထူးချွန်ခဲ့ပါတယ်။ ပြောရဦးမယ်။ ကျွန်တော် အားကစားဆုတွေလည်း ရဖူးတယ်။ အဲဒီတုန်းက စနစ်တစ်ခု ဖြစ်တဲ့ ရှစ်တန်းနဲ့ ဆယ်တန်း တစ်ပြိုင်နက် ဖြေခွင့်လည်း ရဖူးတယ်။ လူရည်ချွန်လည်း ပထမကနောက်ဆုံးအဆင့်ထိ ရွေးချယ်ခံခဲ့ရဖူးဘယ်။ မှတ်မှတ်ရရ အဖေတစ်ခါမှ ဟာကီဟာကီပက်ပက် ခချီးကျူးဖူးဘူး။

အဲ... လေးတန်းနှစ် စာစီစာကုံးဆုရတုန်းကတော့ 'အဖေ့သားကွ'လို့ ချီးကျူးပြီး အဖေက သပ်သပ် အပိုဆု ချီးမြှင့်ခဲ့တယ်။

ဟုတ်တယ်လေ...၊ အဖေက စာရေးဆရာမဟုတ်လား။ ဒီတော့ သူ့သား မြန်မာစာစီစာကုံးရာမှ ထက်မြက်တာ သူ့ဓမ်းသာပေမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက သူ စာပေဗိမာန်ဝတ္ထုရှည်ဆု ရခဲ့လို့ ဆုငွေနဲ့အတူ အမှတ်တရ ရခဲ့တဲ့ ပတ်ကား(ဖဲ၁) ဖောင်တိန်ကို အဖေက ကျွန်တော့်ဆီတစ်ဆင့် လက်ဆောင်ပြန်ပေးခဲ့တယ်။ ဒါပေမယ့် ဒါဟာ ဆုဆေးရုံပါပဲ။ နတ်ရေကန်ထဲ ပစ်ချတာ မဟုတ်ပါဘူး။

နတ်ရေကန်ထဲ ပစ်ချတာကတော့ အဲဒီနှစ် ကျောင်းပိတ်ရက်တွေမှာပါပဲ။ ဘာလဲဆိုတော့ "အညို ဒီကောင်ဗလကြီး စာရေးဆရာဖြစ်မှာကွ။ ဒီတော့ ခုကတည်းက သူ့ကို စာရေးကျင့်၊ ဓာတ်လမ်းဓာတ်ကွက်အကြောင်း လေ့လာခွင့်ရအောင် ကိုယ် ရုပ်ရှင်ရိုက်ရင် ဓာတ်လမ်းမှတ်တမ်းတင် လုပ်ခိုင်းမယ်ကွာ"

"အို ကိုဖေသန်းရယ်၊ ကလေးငယ်ပါသေးတယ်"

"မဟုတ်ဘူးကွ၊ အလကားဂျင်ပေါက်၊ ဂေါ်လီရိုက် လျှောက်ဆော့နေမယ့်အစား သူ ဝါသနာပါတဲ့ စာရေးဆရာ အလုပ်ကိုပဲ ကစားတဲ့ ဆော့တဲ့ သဘောလုပ်ရင်း နောက်တော့ အလေ့အကျင့် ရသွားမှာပေါ့..."

"ကလေးဦးနှောက်ကလေးက နုပါသေးတယ်ရှင်"

"ဟ ကိုယ် အဲဒီအရွယ်က ပညာသင်ဖို့ ကိုယ်ဘာသာကိုယ် လမ်းဘေးဈေးလျှောက် ရောင်းခဲ့ရတာ"

"အို... အခုဟာက..."

"ဟုတ်ပါပြီ ကိုယ်က တတ်နိုင်လို့ဆိုပြီး ကလေးတွေကို အလုပ်လုပ်တဲ့ အကျင့်ကောင်း မကျင့်ပေးရတော့ဘူးလား"





အဲသလိုပဲ အဖေနဲ့ အမေ စကားတွေ အချီအချ ပြောခဲ့ကြလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အဲသည်ကတည်းက ရုပ်ရှင်ရိုက်ကွင်းမှာ ဓာတ်လမ်းမှတ်တမ်းတင် အလုပ်ရဲ့ နံပါတ်တစ် လေ့ကျင့်ခန်းဖြစ်တဲ့ ကလက်ရိုက်(ဂျပ်ရိုက်)တဲ့ အလုပ်ကို ကျောင်းအားရက်တိုင်း လုပ်ရပါတော့တယ်ဗျာ။

ကိုင်း... ကျွန်တော်လေးတန်းကျောင်းသားဘဝမှာ နတ်ရေကန်ထဲ ပစ်ချခံရတယ်ဆိုတာ ယုံပြီမဟုတ်လား။ ဒါပေါ့။ အမေက ပြောဖူးတာကိုး။ နတ်ရေကန်ထဲ ပစ်ချလိုက်ရင် ချက်ချင်းလူကြီးဖြစ်လာတယ်လို့။

ဩော်... ဒါလား။ မဟုတ်ဘူးလေ။ ကျွန်တော် အခုပြန်ပြောနေတဲ့အချိန်က စာရေးဆရာတစ်ယောက် ဖြစ်နေတဲ့အချိန်မဟုတ်လား။ ဆိုလိုတာက စာရေးဆရာ တစ်ယောက်လို စကားအလင်္ကာနဲ့ ပြောနေတာ။ တကယ်တော့ နတ်ရေကန်ဆိုတာ ဘယ်မှာ ရှိမှာတုံး။ အရှေ့တိုင်းသားတွေရဲ့ ယဉ်ကျေးမှုရိုးရာတစ်ခုဖြစ်တဲ့ နိမိတ်ပုံကို သုံးလိုက်ရတာပါ။ ရှင်းလား။

❑ ❑ ❑

ကောင်းပါပြီ။ ဒီနေရာမယ် ကျွန်တော် ဆက်ပြီးပြောချင်တာက ကလေးတွေကို မြန်မြန်လူကြီး ဖြစ်စေချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒနဲ့ လူကြီးဖြစ်အောင် လမ်းညွှန်ပေးတတ်တဲ့ မိဘတွေရဲ့ သဘာဝအကြောင်းပါပဲ။

ခုဆို ကျွန်တော်ကိုယ်တိုင်မှာလည်း သားသမီးလေးယောက် ရှိနေပါပြီ။ သမီးနှစ်ယောက် သားနှစ်ယောက်။ တော်ပြီလေ။ ဒါတောင် များသွားသလားလို့ ကျွန်တော့် အမေက ပြောသေးတယ်။ အဖေတို့ အမေတို့လက်ထက်ကတော့ ခြောက်ယောက်၊ ခုနစ်ယောက်ထိ ယူကြပေမယ့် သူတို့ အခြေအနေ သူတို့ခေတ်ဦးရေနဲ့ အတော်ပဲတဲ့။

သားသမီးဆိုတာ ရတနာပဲ ဆိုပေမယ့် ခုအချိန်မှာက အဲဒီရတနာတွေ သိမ်းဆည်းထိန်းသိမ်းဖို့က နည်းတဲ့ တာဝန်မှ မဟုတ်ဘဲ။ သိတယ်မဟုတ်လား။

သူတို့ကလေးတွေ လူ့လောကထဲ လွတ်လပ်စွာ လာရောက်ခွင့်ရှိပေမယ့် ရောက်မလာခင် ထိန်းထိန်းသိမ်းသိမ်း နေနိုင်တာ အပြစ်မရှိပါဘူး။ ရောက်လာပြီးမှ ပြန်သွားခိုင်းတာကတော့ လူသတ်မှုပဲပေါ့။ မတရားဘူးပေါ့။

ဒီတော့ကာ ကျွန်တော့်အနေနဲ့လည်း လက်ရှိတတ်နိုင်တဲ့ အင်အားနဲ့ လေးယောက်တော့ လာခွင့်ပြုနိုင်ပါတယ်။

အဲ… ခုဆို၊ သမီးကြီး 'စိုးအိမ်သူ'က ငါးတန်း၊ သားလတ်'ဖိုးသောကြာ'က နှစ်တန်း၊ နို့ညှာကောင်'ထိန်ထိန်သာ'က မူကြို၊ အငယ်ဆုံးက 'ထိပ်ထား'ကလည်း မူကြိုစ တက်နေပြီ။ ဒါကို ပြောပြရတာက ကျွန်တော်ငယ်စဉ် လေးတန်းကျောင်း





သားဘဝ။ စောစောက ပြောသလို နတ်ရေကန်ထဲ ကျခဲ့ရတာနဲ့ နှိုင်းယှဉ်ပြချင်လို့ပါ။

အကြီးမကို ကျွန်တော် ခိုင်းပါတယ်။ မနက်တိုင်း ကိုယ့်အိပ်ရာကိုယ်သိမ်း၊ ကိုယ့်ထမင်းဟင်းပန်းကန်ကိုယ်ဆေး၊ ဖအေ–ခအေရဲ့ အိပ်ရာတွေသိမ်း၊ အိမ်သာထဲက အင်တုံရေဖြည့်၊ တံမြက်စည်းလှည်း၊ ကိုယ့်ကျောင်းစိမ်းထဘီ ကိုယ်လျှော်။

သားလတ်ဖိုးသောကြာ အိပ်ရာသိမ်း၊ ပန်းကန်ဆေး၊ သောက်ရေဖြည့်။ အဖေ့ကွမ်းတံတွေး ထွေးခံမှန်မှန်ဆေး။

အငယ်နှစ်ကောင်ကတော့ သိပ်ငယ်သေးလို့… "ဟေ့ အဖေ့ မီးခြစ်ယူပေးစမ်း၊ ဖောင်တိန်ယူပေးစမ်း၊ သတင်းစာ သာနေပြီ" ဒီလောက်ပါပဲ။

ဒီနေရာမယ် ကျွန်တော် ငယ်ငယ်က ကျွန်တော့်အဖေ ကျွန်တော့်ကို အလုပ်ကြီး အကိုင်ကြီး ခိုင်းတယ်။ ခု ကျွန်တော် က ကျွန်တော့် သားသမီးတွေကိုလည်း ကလေးနဲ့ တန်သလောက် ခိုင်းတယ်။ ဒါပေမယ့် ကျွန်တော် အဲဒီ ငယ်ငယ်အရွယ်က အဖေဟာ တော်တော်ချမ်းသာတဲ့ လူတစ်ယောက်လို့ ပြောလို့ တယ်။ ရုပ်ရှင်လုပ်ငန်း အောင်မြင်နေတဲ့အချိန်။ ဒါပေမယ့် ားတွေ အလုပ်တန်ဖိုး သိအောင်ခိုင်းခဲ့တယ်။ အဲ… တစ်ခုရှိ ာက ဖေဖေဟာ သူ ငယ်ငယ်က အလွန်ဆင်းရဲခဲ့တယ်။ ်င်းတစ်နေ့ တစ်နပ်ပဲ စားရတယ်။ ကျန်တစ်နပ်ကို ဆန်ပြုတ် ြုတ်ပြွားဖိုးနဲ့ ကျေနပ်ရတယ်တဲ့။ ကျောင်းတက်ဖို့ စရိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



တိုလီမုတ်စလေးတွေလည်း ရောင်းပြီး ရှာရတယ်တဲ့။ သင်ခန်းစာဟာ နည်းနည်းတော့ ပြင်းထန်တာပေါ့လေ။ သူ့ဘဝနဲ့ သူ နှိုင်းပြီးပေးတာကိုး။

ခု ကျွန်တော့် အလှည့်ရောက်တော့…

ကျွန်တော်လည်း သားသမီးတွေကို ကျွန်တော် ငယ်ငယ်က အလုပ်တန်ဖိုးကို နားလည် လည်ခဲ့ရသလို နားလည်စေချင်ပါတယ်။ ဒါပေမယ့် ကျွန်တော် ငယ်ငယ်က နားလည်ခဲ့ရတဲ့ပုံစံကိုက တမင်ဖန်တီးယူရတဲ့ ပုံစံ။ ဖေဖေ့လို တကယ်ဘဝ နာခဲ့ရတဲ့ ပုံစံမဟုတ်ဘူး မဟုတ်လား။ ဒီတော့ ကျွန်တော့် သားသမီးတွေကို ကျွန်တော် ပညာပေးရာမှာ နည်းနည်းသက်ညှာချင်တဲ့သဘော ပါလာတော့တာပါ။

ဘာပဲဖြစ်ဖြစ် လူတိုင်းမှာ တာဝန်ကိုယ်စီရှိရမယ်ဆိုတဲ့ သဘောလောက် နားညည်ကြရင်လည်း မနည်းဆိုပြီး ကျွန်တော့် သားသမီးတွေကို တတ်အားသရွေ့ လူကြီးစိတ်သွင်းခဲ့ပါတယ်။

ဒါကြောင့်လည်း ခု ဒီစာကို ရေးနေမိတာပါပဲ။

ခု ဒီစာရေးနေတဲ့ နေ့က ၁၉၉၀ပြည့်နှစ်၊ ဇွန်လ (၃၀) ရက်နေ့။ စနေနေ့။ ဘာကြောင့် နေ့စွဲကို ဖော်ပြရတယ်ဆိုတာကတော့ ဆက်ဖတ်ရင် သိကြမှာပါ။

ထုံးစံအတိုင်း တနင်္ဂနွေတစ်ပတ်လုံးမှာ ကျွန်တော်ဟာ အလုပ်ချိန်ရယ်၊ အားလပ်ချိန်ရယ်လို့ ခွဲခြားရှိတဲ့ကောင် မဟုတ်ဘူး။ ကျွန်တော့်ဇနီးနဲ့ သားသမီးတွေကသာ အလုပ်ချိန်၊ကျောင်း





ချိန်၊ အိမ်မှာနေတဲ့ အချိန်ရယ်လို့ ပုံမှန်ရှိကြတာ။ ဆိုပါစို့။ ဇနီးသည်က ကျောင်းဆရာမဆိုတော့ စနေ၊ တနင်္ဂနွေ(သို့) ဥပုသ်၊ တနင်္ဂနွေပဲ အိမ်မှာရှိတယ်။ ကျန်ရက်တွေမှာ မနက်မိုးလင်းက ညနေစောင်းထိ ကျောင်းစာပြသွားရတယ်။ သားသမီးလေးယောက်၅လုံးကလည်း ကျောင်းသူကျောင်းသားတွေဆိုတော့ သူ့အမေအတိုင်းပဲ။ တစ်ခါတလေ ကျွန်တော်က စနေ၊တနင်္ဂနွေလို ရက်တွေမှာ ရုပ်ရှင်ရိုက်၊ အသံသွင်းစသည်ရှိနေရင်ပြီးရော။ မိသားစုဆုံစည်းရေး လက်လွတ်ရတော့တာပဲ။ အိမ်မှာက အိမ်ဖော်မရှိဘူး။ ကိုယ့်တာဝန်ကိုယ် ယူကြရတာ။ မနက်စောစောနဲ့ ညနေပိုင်းတွေမှာလည်း ကျွန်တော်က စာရေး၊သူတို့အမေက အိမ်မှုကိစ္စ ဗာဟီရ၊ ကလေးတွေက စာကျက်ကြ…။

ပြောရဦးမယ်။ ဒါက ရှက်စရာလည်း မဟုတ်ပါဘူး။ ရယ်စရာသဘော ပြောတာပါ။ တနင်္ဂနွေတစ်ပတ်မှာ ငါးရက်ခြောက်ရက်လောက်ဟာ ကျွန်တော်မို့ ညပိုင်း စာရေး၊ ဒါမှမဟုတ် တီဗွီကြည့်ပြီးလို့ အိပ်ရာဝင်ပြီဆိုရင် (ဆယ်နာရီလောက်ပေါ့) ကလေးတွေနဲ့ သူတို့အမေဟာ ကျွန်တော့် အရင် မောမောနဲ့ အိပ်ပျော်နေကြတာ။ အင်း… **တောထွက်ချင်စိတ် ပေါက်ပါရဲ့။**

ဒါနဲ့ စောစောက ကိစ္စပြန်ဆက်ကြဦးစို့။ ဒီစာရေးနေတဲ့ ရက်စွဲဖော်ပြရတဲ့ ကိစ္စ။

ဒီနေ့ စနေနေ့ဆိုတော့ ဝါကလည်း မဝင်သေးဘူးဆိုတော့ ကလေးတွေရော သူတို့အမေပါ ကျောင်းပိတ်ရက်။ ကျွန်တော်ကလည်း ဘာအလုပ်မှ မရှိတဲ့ နေ့ထူးနေ့မြတ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဇနီးသည်က လဆန်းရက်မို့ ဈေးသွားချင်သတဲ့။

အိမ်မှာ နေ့တိုင်း ဈေးမသွားနိုင်ဘူး။ ဒီတော့ ခုလို လဆန်းရက်မှာ တစ်လစာ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ပဲ၊ ငါးခြောက်ခြမ်း၊ ငံပြာရည်၊ ငါးပိစတဲ့ အပိုဟင်းရံကိစ္စတွေကို ဝယ်ငယ်သွားရတယ်။

ဒါနဲ့ ကျွန်တော့်ဇနီးရယ်၊ သမီးကြီးရယ်၊ သားလတ်ရယ် ဈေးသွားကြရတယ်။ သမီးငယ်ကလည်း မအေကို မတရားကပ်နေလို့ ခေါ်သွားရတယ်။ သားငယ်နို့ညှာ 'ထိန်ထိန်သာ'တစ်ကောင်တည်း ဖအေကပ်သူမို့ ကျွန်တော်နဲ့ ကျန်ရစ်တယ်။

ဒီကောင်က အားလုံးထဲမှာ လူကြီးလေးနဲ့ အတူဆုံးပဲ။ ဟစ်ယောက်တည်းနေတတ်တယ်။ စကားလည်းနည်းတယ်၊ တိဗွိကြည့်တယ်။ ဂေါ်လီရိုက်ဟယ် စသဖြင့် မလုပ်တတ်ဘဲ သစ်ပင်ချုံပုတ်တွေကြားမှာ ထိုင်ပြီး မြက်နုတ်တမ်းကစားချင် ကစားနေတတ်တာ။ "ဖေဖေ သစ်ပင်တွေဟာ လေတိုက်ရင် လှုပ်တယ်နော်"ဆိုတဲ့ စကားမျိုးတွေနဲ့ ကျွန်တော့်ကို ဒုက္ခပေးတယ်တယ်။

ကြည့်စမ်း... ဒီကောင် ကျွန်တော် ငယ်ငယ်တုန်းကနဲ့ မတူဘူးလား။ အင်း ဒီကောင်တော့ဖြင့် စာရေးဆရာဖြစ်လာကောင်းရဲ့လို့ ထင်မိတယ်။

ဒီလိုနဲ့ ကျွန်တော်က ဒီစာရေးတုန်း သားက ကျွန်တော် ဘေးမှာ ကြမ်းပြင်ထဲက သဲတွေ ကော်ထုတ်ပြီး ဘာလုပ်နေမှန်း မသိ လုပ်နေတုန်း...





"ဖွတ်စနီးလာ... လာ"လို့ ခေါ်သံကြားရတယ်။ ကျွန်တော့်အဖေအတွက် လက်တိုလက်တောင်းအဖြစ် ခေါ်ထားတဲ့ ကုလားမကြီး အသံပဲ။ သူက မြန်မာစကားမပီဘူး။ ဖွတ်စနီး ဆိုတာ သားထိန်ထိန်သာကို ခေါ်တာ။ ဒီလိုပါ။ အလတ်ကောင်က ဗိုးသောကြာဆိုတော့ ထိန်ထိန်သာကိုကျတော့ အာလုံးက ဗိုးစနေလို့ ခေါ်ကြတာ။ ဒါကို သူက မပီကလာ ခေါ်တော့ ဖွတ်စနီး ဖြစ်သွားရောပေါ့။ အဲဒါပါ။

ကုလားမကြီး လှမ်းခေါ်တယ်ဆိုရင်ပဲ သားငယ်ဟာ ကစားလက်စ တောက်တိုမယ်ရတွေ ပစ်ချပြီး ကုလားမကြီးဆီ ပြေးတော့တာပဲ။

ကျွန်တော်က "ဟဲ့သား ဘယ်တုန်းကွ"လို့မေးတော့ "ကျန်ထွားတုတ်မို့"လို့ ပြောပါတယ်။ ခက်တာက ကုလားမကြီးကလည်းမပီ၊ သားကလည်း ခုထိ စကားက မပီသေးတော့ ဘာပြောမှန်း ရုတ်တရက် နားမလည်ဘူး။ နောက်မှ ကုလားမကြီးကို သေသေချာချာမေးတော့ **ဆန်သွားထုတ်မလို့** ဆိုတာ သိရတော့တယ်။ ကျွန်တော် ဘယ်လိုမှ စဉ်းစားမရတဲ့ ကိစ္စပဲ။ သေသေချာချာ မေးကြည့်တော့ ဒီလိုဆိုပဲ။ ကျွန်တော်တို့ရပ်ကွက်မှာ သမဆိုင်က ဆန်မှန်မှန် ထုတ်ပေးတယ်။ ဇနီးသည်က ဝန်ထမ်းမို့ ဆန်မရဘူး။ ကျွန်တော်နဲ့ ကလေးလေးယောက်က ဆန်ရတယ်။ အဲဒါ ဆန်ထုတ်တဲ့နေ့ကျရင် မိသားစုစာရင်းဝင် တစ်ယောက်ယောက် သွားထုတ်ရသတဲ့။ မိသားစု စာရင်းဝင်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ရင် ဆန်ထုတ်မပေးဘူးတဲ့။ အပြင်ပြန်ရောင်းစားမှာစိုးလို့တဲ့။ ထားပါတော့...

ကျွန်တော် စဉ်းစားမရတာက ကောင်းပြီ။ ကျွန်တော် အိမ်မှာ မရှိတဲ့ရက်၊ ဘယ်နှယ့်လုပ်ကြသလဲ။ ရှိပါပြီကောတဲ့။ သမဆိုင်မှာ ကျွန်တော့်မျက်နှာကြီးနဲ့ ဘယ့်နှယ်လုပ် ဆန်သွားတန်းစီမလဲ။ (ကြီးကျယ်တာ မဟုတ်ဘူးဗျ။ အခြေအနေကို ပြောတာ။)

“ဒီလိုပဲ... ဖွတ်စနိုးနဲ့ သွားသွားထုတ်တယ်”လို့ ကုလားမကြီးက ပြောတယ်။

ကျွန်တော် အိမ်ထောင်စုကတ်ပြား၊ အမျိုးသားမှတ်ပုံတင်၊ နိုင်ငံသားမှတ်ပုံတင်ပြရင်ကောဆိုတော့လည်း မရဘူးတဲ့။ တခြားရပ်ကွက်တွေမှာလည်း ဒီစနစ်မျိုး မကြားဖူးပါဘူး။ ဘယ့်နှယ့်ဟာလဲ။

“အမြဲတမ်း... သားကို ခေါ်ခေါ်သွားရသလား”

“မဟုတ်ဘူး၊ တစ်ခါတလေ သားနဲ့သမီး၊ တစ်ခါတလေ အငယ်ဆုံးကောင်မလေး”

“ဟင်း...”ကျွန်တော်မှာ ငိုအားထက် ရယ်အားသာမက အဘိဓမ္မာတစ်ရပ်ပင် ရလောက်ပါကလား။

ကျွန်တော် ဘာဆက်ပြောရမှန်း မသိဘဲ ငေးကြောင်နေတုန်းမှာပဲ ကုလားမကြီးဟာ ဆန်ထည့်တဲ့ ပလတ်စတစ်ဂုန်နီအိတ်တစ်ဖက်၊ သားထိန်ထိန်သာ့ကိုတစ်ဖက်၊ ထီးတစ်လက်





ချိုင်းကြားညှပ်ပြီး လှုပ်တုတ်လှုပ်တုတ်နဲ့ လမ်းလျှောက်ထွက်သွားလေရဲ့။

ကြည့်စမ်း သားသမီးတွေကို လူကြီးဖြစ်စေချင်တဲ့ မိဘတွေရဲ့ ဆန္ဒနဲ့ လမ်းညွှန်မှုတွေ အကြောင်းကို ရေးရှုရေးမယ် စိတ်ကူးထားတဲ့ ခု ဒီစာကို ကျွန်တော် ဆက်ရေးစရာ လိုပါသေးရဲ့လား။ မူကြိုကျောင်းသား ‘သား’က ဆန်သွားထုတ်သတဲ့။

သူ့အမေ ပြန်လာမှ ပြောရဦးမယ်။

“ငါ့သား နတ်ရေကန်ထဲ ကျသွားပြီ”...လို့။

(ကလျာ၊စက်တင်ဘာ၊ ၁၉၉၀)



www.burmeseclassic.com

www.burmeseclassic.com

# အမေများ

ကျွန်တော့်တွင် လူသိရှင်ကြား တရားဝင်အမေသုံးဦး ရှိပါသည်။

၁။ ကျွန်တော်၏အမေ
ဒေါ်ခင်ညို

၂။ ကျွန်တော်၏ယောက္ခမ
ဒေါ်မြသိန်း

၃။ ကျွန်တော့်အဖေ၏ ဒုတိယဇနီး
ဒေါ်မြတ်မွန်

တို့ဖြစ်ပါသည်။ ဤစာစုနှင့် ပတ်သက်၍ကား အမေနံပါတ်(၁)နှင့် (၂)တို့ကိုသာ ယိုးမယ်ဖွဲ့ ရေးပါမည်။ အကြောင်းမှာ အသက်အရွယ်ကြီးရင့်ကြပြီဖြစ်သော အမေကြီးများနှင့်





သက်ဆိုင်သည့်ကိစ္စကို ဦးတည်ရေးမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။

အမေလေး ဒေါ်မြတ်မွန်ကား ကျွန်တော်ရေးမည့် အကြောင်းအရာနှင့် လွန်စွာ မပတ်သက်သေး။ (တစ်နည်း)ငယ်ဂုဏ်မစင်သေးသောကြောင့် ချန်လှပ်ထားရပါမည်။ နောင်အလျဉ်းသင့်ပါက အမေလေး ဒေါ်မြတ်မွန်အကြောင်း ရေးပါမည်။

ဆိုခဲ့သလို ကျွန်တော်၏ အမေရင်းဖြစ်သူ ဒေါ်ခင်ညိုနှင့် ကျွန်တော့်ဇနီးသည်၏ အမေရင်းဖြစ်သူ ဒေါ်မြသိန်းတို့နှစ်ဦးသည် ကျွန်တော်၏ လူသိရှင်ကြားအမေများ ဖြစ်သလိုကျွန်တော်ကိုယ်တိုင်၌လည်း မိခင်များ၌ ပို၍ သံယောဇဉ်တွယ်တာတ်သော သဘာဝရှိခဲ့လေရာ ယင်းအမေနှစ်ဦးနှင့် ကျွန်တော်သည် အနေအထိုင် အပြောအဆို အဆက်အဆံ၌ လွန်စွာရင်းနှီးခဲ့ပါသည်။

ယင်းကဲ့သို့ ကျွန်တော့်ဘက်က ဂရုစိုက် အရေးပေးရာရောက်လွန်းသဖြင့်လည်း ထိုအမေများသည် ကျွန်တော့်အပေါ် အခြားသားသမီးများ၊ သမက်များထက် နိုင်စားကြပါ၏။ ထိုသည်အတွက် ကျွန်တော်က အပြစ်မြင်ခြင်းမဟုတ်ပါ။ လူကြီးဆိုသည်မှာ လူငယ်များအပေါ် နိုင်စားချင်သည့် သဘာဝတစ်မျိုးမျိုးတော့ ရှိနေတတ်သည်ကို ကျွန်တော် သိထားပါသည်။

ဆိုဆုံးမရခြင်းသည် သူတို့၏ အားဆေးတစ်မျိုးပင်မဟုတ်ပါလား။ သိပြီးသား အကြောင်းအရာများပင် ဖြစ်စေကာ



www.burmeseclassic.com

www.burmeseclassic.com



မှ လူကြီးသူမတို့၏ ဆိုဆုံးမစကားသည် ကျွန်တော်တို့အဖို့ တန်ဖိုးရှိနေတတ်ပါသည်။ ကိုယ့်ဘာသာ ဖော်သောက်သည့်ဆေးနှင့် ဆေးဆရာက ညွှန်သောဆေးသည် အာနိသင်ချင်းတူသော်လည်း တန်ဖိုးချင်းကွာတတ်သည့်နှယ် ဖြစ်ပါလိမ့်မည်။ မည်သို့ပင်ရှိစေ ယင်းအဘွားအိုကြီးများနှင့် စကားပြောရ၊ နားထောင်ပေးရသည်ကိုပင်လျှင် ကျွန်တော့်လို စာရေးဆရာတစ်ယောက်အဖို့ အမြတ်ထုတ်နိုင်ခဲ့ပါသည်။ ကြည့် ယခုပင် ဤစာစုကို ရေးနေနိုင်လေပြီ။ ဤစာစုပါ အကြောင်းအရာသည် ကျွန်တော်သိပြီးဖြစ်သော်လည်း မေ့မေ့လျော့လျော့ ထားခဲ့မိသော အဘိဓမ္မာတစ်ရပ်ကို ပြန်လည်ခံစား ရှာန်ဝင်စားစေနိုင်သော အကြောင်းတရားတစ်ခု ဖြစ်နေပြန်ပါသည်။

ပထမအမေဖြစ်သူ ဒေါ်ခင်ညိုသည် ကျောင်းဆရာကောင်းတစ်ဦးဖြစ်သူပီပီ ယခုထက်ထိ နေရာတကာ ဆရာလုပ်တတ်ပါသည်။

အမေဒေါ်မြသိန်းက ဆရာလုပ်ခြင်းထက် အပြစ်ရှာခြင်း၌ ပို၍ ဝါသနာထုံပါသည်။ ဒေါ်ခင်ညိုက စကားများသလောက် ဒေါ်မြသိန်းက ခပ်မဆိတ် နေတတ်ပါသည်။

အမေဒေါ်ခင်ညိုက အစားအသောက်အရာ၌ အလွန်လျှာသရမ်းပါသည်။ အိမ်ဦးခန်းတွင် ထိုင်၍ မိုးလင်းမိုးချုပ်ထိုင်၍ လာသမျှ သရေစာများ ခေါ်စားသည်။ (ဒါတောင် ကျွန်တော့်ညီ ကိုရှုပဖွင့်ထားသောဆိုင်မှ မုန့်နှင့်လက်ဖက်ရည်





မပါသေးပါ။) သူ့အိတ်ကပ်ကလေးထဲ ပိုက်ဆံမရှိလျှင် မနေတတ်ပါ။ ကျွန်တော့်ကို မြင်လိုက်သည်နှင့် ပိုက်ဆံတောင်းတတ်သည်။

"ဟော့ လောကကြီးသုံးပါးမှာ ဘာမြင်သလဲသိလား"

"ဘုရား တရား၊ သံဃာပေါ့အမေ" ဟု ပြောလျှင် အမေက ရယ်မောပြီး

"လောကကြီးသုံးပါးမှာ အမေတော့ ပိုက်ဆံပဲ မြင်တော့တယ်"

ဟု သူ့စကား သူ သဘောကျစွာ ရယ်မောတတ်ပါသည်။

အမေ ဒေါ်မြသိန်းကား အစားအသောက် အလွန်ချွေတာသည်။ သို့သော် ကပ်စေးမနှဲပါ။ လိုသလောက်သာ ချင့်ချိန်သည်။ စည်းကမ်းကြီးသည်။ ထမင်းကို သူ့ဘာသာသူချက်စားသည်။ ယခု သူ့အသက်(၇၆)နှစ် ရောက်နေပြီဖြစ်သော်လည်း မုန့်ဟင်းခါး၊ ခေါက်ဆွဲမှ နောက်ဆုံး ပေါက်စီပင်လျှင် သူ့ဘာသာ လုပ်စားသည်။

ကျွန်တော့်အမေ ဒေါ်ခင်ညိုက သားသမီးတွေဆီက ငွေတောင်းသည်။

သူကတော့ သူက ပေးရမှ ကျေနပ်သည်။ တစ်ခါတစ်ရံ ကျွန်တော့်ဇနီးသည်နှင့် ဈေးသွားသည့်အခါမျိုးတွင် ငါးပြား ဆယ်ပြားကအစ ငြင်းခုံ၍ အပေးအယူ လုပ်တတ်သည့်အတွက် ကျွန်တော့်မှာ ကျိတ်ရယ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေရယ် ဒီလောက်ကလေးနဲ့များ"ဟုပြောလျှင်

"ဟဲ့... အဲသလောက် ကလေးတွေ ပေါင်းရင် အများကြီး ရသကွယ့်"ဟု ပြန်ပြောနေတတ်သည်။

ဒေါ်မြသိန်းနှင့် ဒေါ်ခင်ညိုတို့တူသော အချက်တစ်ချက်သာရှိမည်။

သူတို့အင်္ကျီများကို သူတို့ ချုပ်တတ်ခြင်းပင်ဖြစ်၏။ ဒေါ်မြသိန်းက ရင်ဖုံးအင်္ကျီကို သူ့ဘာသာ ချုပ်ဝတ်သလို ကျွန်တော့်အမေကလည်း ကျွန်တော်တို့အကျႌ လုံချည်များကို လက်နှစ်ပေါက်၊ လည်ပင်းတစ်ပေါက် ဖောက်၍ ချုပ်ဝတ်သည်။

"ဖိုးရိုးဖားရားပေမယ့် အေးတယ်သားရဲ့"

ဟုဆိုတတ်သည်။

ဒေါ်မြသိန်းက ဖြူဖြူချောချောဖြစ်ပြီး ကျွန်တော့်အမေက ရွက်ကြမ်းရေကျို ညိုတိုတိုဖြစ်သည်။

ဒေါ်မြသိန်းတွင် ယခုအခါ သူနှင့်အတူ သားနှစ်ယောက်၊ သမီးနှစ်ယောက် အနီးကပ်နေထိုင်သည်။ ထို့ကြောင့် အနည်းဆုံး ဟင်းရှစ်မည်လောက် စားရတန်ကောင်းသည်။ သို့သော် သူက...

"ဒင်းတို့ချက်တာ ရွံတယ်၊ မစားချင်ဘူး"

ဟုဆိုပြီး သူတစ်ယောက်စာ သူကိုယ်တိုင် ချက်စားသည်။

ကျွန်တော့်အမေမှာကား သားလေးယောက်ရှိသဖြင့် ချွေးမလေးယောက်ထံမှ တစ်နေ့ဟင်းရှစ်ခွက် ပုံမှန်တောင်းစားသည်။





"ဟော့ ငါက လောလောဆယ် နတ်ပြည်ရောက်နေတာ"

ဟု ရယ်ပွဲဖွဲ့သည်။

ဒေါ်မြသိန်းသည် ပုံမှန်တရားထိုင်သည်။ ဘုရားဝတ်ပြုသည်။ မေတ္တာပို့ အမျှဝေ ကြေးစည်ထုသည်။ ရုံဖန်ရံခါရိပ်သာ ခင် ဝင်လိုက်သေးသည်။ အလှူအတန်းဆိုလျှင်လည်း ရပ်ကွက်မီးကင်းအလှူမှအစ အလှူ့ဒါနပြုကြသူငါအထိ လှူတတ်သည်။ သိမ်ဇရပ်ဆောက်လုပ်ရေး၊ ဘုန်းကြီးကျောင်း ပြင်ဆင်ရေး အစ...။

ဟော– အမေဒေါ်ခင်ညိုကတော့ ပုံမှန်တရားမထိုင်၊ တက်မပြုနိုင်(လေဖြတ်ထားသဖြင့် လက်ကလေးတစ်ဖက်က လှုပ်နိုင်သည်လည်းပါသည်။) အမျှအတန်းဝေ၊ မေတ္တာပို့ ကြေးစည်ထုဖို့ဆိုသည်မှာ သူနှင့်မဆိုင်သလိုပင်။ တရားရိပ်သာ ခင်ဖို့ဆိုတာ ဝေးလာဝေး။ အလှူအတန်းနှင့် ပတ်သက်၍ ကိုက်ဆံငွေကြေးဖြင့် လှူတန်းသည်ဟူ၍ မရှိသလောက်ပင်။ တစ်ခါတစ်ရံ ကျွန်တော်နှင့် ကြုံလျှင်တော့ ဘယ်လောက် အလှူထည့်လိုက်စမ်း၊ ငါ့မှာ ဘိုင်ကျနေတယ်ဟူ၍ ဆိုတတ်သည်။

သို့သော် အမေက ပြောပါသည်။

"သား... ဘုရားကို အမေစိတ်က အမြဲရှိခိုးတယ်၊ ကြည်စွာ ဘုရားရုပ်ပွားတော်ကိုကြည့်ပြီး ကြည်ညိုတယ်။ မေတ္တာ ပို့တော့ မျက်စိနှစ်လုံးဖွင့်လို့ ကျိုးသံ၊ ငှက်သံကြားတာနဲ့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ကျေးငှက်ကို ချမ်းသာပါစေ၊ လောက်လေးစာ မမိပါစေနဲ့ စသည်ဖြင့် မေတ္တာပို့တယ်။ ဘတ်စ်ကားတစ်စီး ဖြတ်သွားသံ ကြားတာနဲ့ ကားပေါ်က ဒရိုင်ဘာကို မေတ္တာပို့တယ်။ အင်း သူစိတ်ချမ်းသာမှ ကားစီးတဲ့ ခရီးသည်တွေ စိတ်ချမ်းသာမယ် မဟုတ်လား။ အဲဒီအတိုင်း မေမေမျက်စိဖွင့်ချိန်က ပိတ်ချိန်အထိ မြင်သမျှ သတ္တဝါ၊ သတိရသမျှသတ္တဝါတွေ မေတ္တာပို့တယ်။ ဟော အလှူအတန်းရော။ ကိုင်း... မင်းတို့ပေးတဲ့ ပိုက်ဆံနဲ့ လာသမျှ အသည်တွေခေါ်၊ အနီးအနားက မရှိတဲ့သူတွေ ဝယ် ကျွေးလုပ်တယ်။ အဲ... တစ်ခုတော့ရှိတယ်။ အမေ့ကို ကုသိုလ်က အပြည့်တော့ မရဘူးကွယ်။ ဘာကြောင့်လည်းဆိုတော့ အမေက သူတို့ကို ကျွေးကတည်းက အမေခေါ်ခိုင်းချင်ရင် အလွယ်တကူ ရအောင်လို့ဆိုတဲ့ စေတနာပါနေတာကိုး။ ဟုတ်တယ်လေ၊ အမေ က လေဖြတ်ထားတော့ သူတို့လေးတွေကိုပဲ လက်တိုလက် တောင်း ခိုင်းနေရတာကိုး”ဟူ၍ မေတ္တာငှိကာ ဖွင့်ပါသည်။

❑ ❑ ❑

တစ်နေ့တွင် အမေဒေါ်ခင်ညိုက ကျွန်တော့်ကို မေးပါ သည်။

“ဟဲ့ ငါ့အဘွားကြီးဆီရော ရောက်ရဲ့လား”

“ရောက်ပါတယ်အမေ”

“နေကောင်းပါတယ်အမေ၊ ဒါပေမယ့် အမေ့လောက် တော့ မကောင်းဘူး”





“အဘွားကြီးက ဘာဖြစ်လို့လဲ”

“ဘာမှ ကြီးကြီးကျယ်ကျယ်တော့ မဖြစ်ပါဘူး။ ဒူးနာ တယ်၊ မောတယ် ဒီလောက်ပါပဲ”

“ဟဲ့... လူကြီးဆိုတာ ဒီလိုပဲ။ ဆရာဝန်လေး ဘာလေး ပြဦးမှပေါ့”

“မရဘူးအမေ၊ အမေဒေါ်မြသိန်းက အမေနဲ့တူတာ မဟုတ်ဘူး။ သူ့ဆရာဝန်မှသူ။ တခြားဆရာဝန်ဆို နှာခေါင်းရှုတ် ချင်ချင်ရယ်”

“ဟာ ခက်တာပဲ”

“မခက်နဲ့အမေ၊ ဘယ်လိုမှ ပြောမရတဲ့ အဘွားကြီးဗျ၊ ပြီးတော့လည်း အမေ့လို စိတ်အတိုင်း တိုင်းထားပြီး ကိုယ့်ကိုယ် ကို ယောနိသော မနသိကာရ နှလုံးမသွင်းနိုင်ဘူး။ ဟဲ့... မြေး ဘာဖြစ်လို့တုံး၊ ဒီသားသမီး ဘာဖြစ်လို့တုံးနဲ့ အမြဲပူပန် သောက ရောက်နေတာ”

“ဒါတော့သားရယ်၊ အသက်ကြီးလာတဲ့ မိဘတိုင်း ဒီလို ချည်းပဲပေါ့”

“လွန်လွန်းပါတယ်အမေရယ်။ ဟော အမေ့ကြည့်စမ်း။ ကောင်းကောင်းစား၊ ကောင်းကောင်းအိပ်၊ စိတ်ညစ်စရာတွေ ဘာမပြောကြနဲ့။ ဘယ်လောက်ကောင်းသလဲ၊ ကြည့်စမ်း သို့ဖီးလို့”

“နော့ ခု သူ့အနား ဘယ်သူရှိလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်အမေ။ အိမ်ထောင်သည်သားတစ်ယောက်၊ အိမ်ထောင်သည်-သမီးနှစ်ယောက်၊ သားလူပျိုကြီးတစ်ယောက်၊ မြေးအကြီးမရွေးဆို အပျိုဖြစ်လို့ ကူဖော်လောင်ဖက်ရနေပြီ"

"သူတို့က ဂရုမစိုက်လို့လား"

"ဟာ ဘယ့်နှယ်မစိုက်ဘဲ နေပါ့မလဲ။ သားသမီးတွေပဲ။ သူကမှ အလုပ်မခိုင်းတာ"

"အင်း... ဒုက္ခ ဒုက္ခ"

"မဒုက္ခနဲ့အမေ၊ တစ်နေ့က သူ့ဆီသွားတော့ ဘာလု တယ်မှတ်သလဲ။ ဒယ်အိုးသေးသေးလေးနဲ့ သူ့ထမင်းသူ ချက် ပြီးစားနေတာ၊ ဝက်သားလေး တစ်ဖတ်နှစ်ဖတ်နဲ့ ထမင်းလေး တစ်လုပ်တစ်ဆုပ် နယ်ဖတ်စားနေလိုက်တာ ကျွန်တော်ဖြ စိတ်တောင် မကောင်းဘူး။ ပန်းကန်ဆေးလည်းသူ၊ အဝတ်လျှော် လည်းသူ၊ တံမြက်လှည်းလည်းသူ ဒီမယ်အမေ၊ သူ့ခါးကြီး ၉၀ ဒီဂရီစောင်းနေပြီ။ ဘယ်သူကူတာမှလည်း မကြိုက်ဘူ ကုန်ကုန်ပြောမယ် စပါးလုံးရွေးတာတောင် သူ့စိတ်ကြိုက်ရွေး တာ"

စသဖြင့် ဒေါ်မြသိန်းတစ်ယောက် တကုပ်ကုပ်လုပ်ငေ တ့ရှားသော ထိုင်နေတယ်၊ စိတ်က အိမ်မှုကိစ္စမှာပဲ ရှိ အကြောင်း၊ မေမေ့လို ယောနိသောမနသိကာရ နှလုံးမသွင်း ကြောင်း စသဖြင့် ကျွန်တော့် အမေနှင့်ယှဉ်၍ အမေ ဒေါ်မြသိ ကို ကရုဏာဒေါသော ပြောဆိုနေမိပါသည်။





ထိုအခါတွင်မှ အမေသည် သက်ပြင်းချ၍ ကျွန်တော့်ကို အောက်ပါ စကားများ ပြောပါတော့သည်။

❑ ❑ ❑

"ဒီမယ်သား၊ မှတ်ထား။ အမေတို့လို အိုလာတဲ့အဘွားကြီးတွေဟာ မာနပိုပိုကြီးလာတတ်တယ်၊ ကိုယ့်ဘာသာလုပ်နိုင်တုန်း အချိန်လေးမှာ ကိုယ့်ထမင်းပဲ ကိုယ်စားချင်လာတတ်တယ်။ ကိုယ့်လက်နဲ့ချက်တဲ့၊ ကိုယ့်ပိုက်ဆံနဲ့ ရှာတဲ့ ထမင်းကိုပဲ စားချင်တတ်ကြတယ်။ နောက်ဆုံး သားသမီးတွေက မကျွေးနိုင်၊ မထောက်ပံ့နိုင်တောင် ဘိုးဘွားရိပ်သာမှာသာ ခေါင်းချချင်တတ်တယ်။ သားယောက္ခမကြီးဟာ တကယ်တော်တဲ့၊ တကယ့် မာနကြီး အမယ်ကြီးပဲသား"

သည်တွင် ကျွန်တော်က အမေ့ကို တစ်ခုမေးပါသည်။

"နေ့ အမေကကော ဘာကြောင့် ကျွန်တော်တို့ ကျွေးနေတဲ့ ထမင်းကို စားနေရတာလဲ"

"ဩော် သားရယ်၊ သားတို့ စိတ်ချမ်းသာ ဝမ်းသာအောင်လို့ပေါ့"

(ကလျာ၊ ဩဂုတ်၊ ၁၉၉၂)



www.burmeseclassic.com

www.burmeseclassic.com

# ပရိသတ်

ကွမ်းစကားစာစုကို ကျွန်တော် ရေးသားလာခဲ့သည်မှာ ယခုပါနှင့်ဆိုလျှင် (၅)ကြိမ်မြောက်ပါပြီ။

ခံတွင်းတွေ့သူ ရှိသလို ခံတွင်း မတွေ့သူ၊ ခံတွင်းပင် ပျက်သွားသူများ ရှိကြပါသည်။ သည်အတွက် စာရေးသူတစ်ယောက်အနေနှင့် ဝမ်းသာဂုဏ်ယူရမည် ဖြစ်ပါသည်။ မိမိစာကို ဖတ်သည်၊ ဝေဖန်အကြံဉာဏ်ပေးသည်ဆိုသည်ကပင်လျှင် တန်ဖိုးမဖြတ်နိုင်သော ဂုဏ်ပြုလွှာ မဟုတ်ပါလား။

ဤနေရာတွင် 'ကွမ်းစကား'အမှတ်(၂) ကျွန်တော်နှင့် ချိုပြုံးစာစုနှင့် ပတ်သက်၍ကား စိတ်မကောင်းစရာတစ်ခု ဖြစ်သွားရသည်ကို ဖော်ပြချင်ပါသည်။ စာစုရှည်မည်စိုးသဖြင့် ဇာတ်ကြောင်းမလှန်တော့ပါ။ လိုရင်းကိုသာ ရေးပါမည်။





ယင်းစာစုတွင် ကျွန်တော်၏ စေတနာရင်းမှာ ကျွန်တော်နှင့် အကယ်ဒမီချိုပြုံးတို့အကြား သန့်ရှင်းစင်ကြယ်သော ခင်မင်ရင်းနှီးမှုကို ဖော်ကျူးခဲ့ရာ စာဖတ်သူ အချို့က ကျွန်တော်၏ ဆိုလိုရင်းကို ပြောင်းပြန်လှန်၍ တွေးတောပြီး ခံစားဝေဖန်ကြပါသည်။ ဖတ်သူ၌ အပြစ်မရှိပါ။ ရေးသူ၌သာ အပြစ်ရှိပါသည်။ ကျွန်တော် စားရေးမကောင်းသေးပါတကားဟု မိမိကိုယ်ကို အပြစ်ဖို့ရပါသည်။ နောက်နောင် မိမိဆိုလိုချင်သည်ကို စာဖတ်သူ ဒက်ထိသိနိုင်ရန် ကြိုးစားရမည်ဟူ၍ နားလည်ရပါသည်။

ကြားဖြတ်၍ တစ်ခု ပြောပါရစေ။

ယခုရေးမည့် 'ပရိသတ်'ဟူသော ခေါင်းစီးနှင့် အထက်တွင် ဖော်ပြခဲ့သော 'စာဖတ်သူ'ကို ကျွန်တော် သီးသန့်ထားကြောင်း ဖြစ်ပါသည်။ ကျွန်တော် ဆက်လက်ရေးသားမည့် ပရိသတ်ဆိုသည်မှာ ရုပ်ရှင်ကြည့်ပရိသတ်ကို ဆိုလိုပါသည်။ စာဖတ်ပရိသတ်(သို့) စာဖတ်သူကို မဆိုလိုပါ။ ကျွန်တော်ကတော့ စာပေနှင့် ပတ်သက်သော ပရိသတ်ကို ပရိသတ်ဟူသော ဝေါဟာရထက် စာဖတ်သူဟူသော ဝေါဟာရကို ပို၍ နှစ်သက်ပါသည်။

ကျွန်တော်သည် စာပေ, ဂီတ, ရုပ်ရှင်ဟူသော တြိဂံ အနုပညာနယ်တွင် ကျင်လည်ခဲ့ရသူ ဖြစ်လေရာ ခံစားသူ သုံးမျိုးတွေ့ရှိရပါသည်။ ခံစားသူ အားလုံးကို ဝေါဟာရတစ်လုံးတည်းဖြင့် ပညတ်၍ မရပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါစို့။ ရုပ်ရှင်ကြည့်သူ၊ သီချင်းနားထောင်သူဟူ၍ ကင်ပွန်းတပ်၍လည်း မကောင်းပြန်ပါ။ သို့ပါ၍ ရုပ်ရှင်နှင့်သီချင်း အတွက် ပရိသတ်ဟူ၍လည်းကောင်း၊ စာပေတွင် စာဖတ်သူဟူ ၍လည်းကောင်း ကျွန်တော့်ဘာသာ သုံးနှုန်းသတ်မှတ်ရခြင်း ဖြစ်ပါသည်။ ဝေဖန်သူကို မဆိုပါ။ ဝေဖန်သူကိုကား စာပေ ဂီတ၊ ရုပ်ရှင်အနုပညာနယ် အရပ်ရပ်၌ ဝေဖန်ရေးဆရာဟူ၍ သီးခြားကင်းပွန်းတပ်ပြီး ဖြစ်ပါသည်။ ကောင်းမွန်လှပသော ဝေါဟာရဟူ၍လည်း ကျွန်တော် သဘောကျပါသည်။

စောစောက စကားပြန်ဆက်ပါမည်။ ကျွန်တော်တ ရုပ်ရှင်ကြည့် ပရိသတ်အချို့တွင် ယခုတိုင် အရိုးစွဲနေသော ကိစ္စရပ်ရှိပါသည်။ ရုပ်ရှင်မင်းသား၊ မင်းသမီးတို့၏ အတွင်းရေ ကိစ္စကို ပုံကြီးချဲ့ခြင်း ဖြစ်ပါသည်။ အတွင်းပိုင်း ပိုကျယ ပို၍ ပုံကြီးချဲ့လေ ဖြစ်ရပါသည်။ နာမည်ကြီးလေ ပို၍ စိ ကူးမှန်ဘီးလူးဖြင့် ကြည့်ချင်လေ ဖြစ်ပါသည်။ သည်အတွ ပရိသတ်ကိုကား အပြစ်မဆိုချင်ပေ။ ပရိသတ်က ယင်း ပို၍ ပုံကြီးချဲ့နိုင်သော နေရာရောက်အောင် ယင်းပရိသတ် ပင် ဉ်ဆောင်ပေးထားခဲ့သည် မဟုတ်ပါလား။ မိဘသ သားသမီးကို ပို၍ အပြစ်မြင်တတ်ပါသည်။ ပိုချစ် ပိုဂရုစိ သော သဘောဖြစ်ပါသည်။ အနုပညာသည်အများစုသ ပရိသတ်ကျွေးသော ထမင်းကို စားနေရသည်မဟုတ်ပါလာ

မည်သို့ပင်ရှိစေ 'ကျွန်တော်နှင့် ချိုပြုံး'စာစု ပုံနှိပ် ပြပြီး နောက်ပိုင်း စာဖတ်သူအချို့နှင့် ကျွန်တော် အဆီအ





မတည့် ဖြစ်သွားရသည်ကို စိတ်မကောင်းဖြစ်ရင်းမှ ဤ'ပရိသတ်' စာစုကို ရေးဖြစ်ရန် လမ်းစပေါ်ခဲ့ရပါတော့သည်။

ရုပ်ရှင်မင်းသား၊ မင်းသမီးဖြစ်စ နာမည်ရစအချိန်တွင် ဖြစ်လေ့ရှိသော ပရိသတ်၏ အဏုကြည့်မှန်ဘီလူးဖြင့် ပုံကြီး ချဲ့ခြင်းကို ကျွန်တော်သည်လည်း လွန်ခဲ့သော ဆယ့်ငါးနှစ်ခန့် က ကြုံခဲ့ဖူးပါသည်။ သာမန်ကာလျှံကာဆိုလျှင် ကျွန်တော် လည်း စွဲမှတ်ထားခဲ့မိမည်မဟုတ်ပါ။ ကျွန်တော့်ပြဿနာမှာ တော်တော်ဆိုးရွားသော လူမှုရေး ဖောက်ပြန်မှုပေါ် မူတည်နေ သောကြောင့် ယခုကဲ့သို့ မှတ်မှတ်ထင်ထင် ရှိနေခဲ့ရခြင်း ဖြစ် ပါသည်။ ပြီးတော့ အကင်းသေနေပြီဟု ထားခဲ့သော အနာ ဟောင်းကို ပြန်၍ ဆွလိုက်သလို...

ကျွန်တော် ယခု အကယ်ဒမီဆော ရွှေစင်ရုပ်ဆုကို ရ လိုက်သောအခါကျမှ ယင်းလူမှုရေးပြဿနာကြီး ပြန်ပေါ်လာ သဖြင့်လည်း ဤစာစုကို ရေးဖြစ်ရပါသည်။ ကျွန်တော့်အဖို့ နစ်နာမည်စိုးရိမ်စိတ်ထက် ကာယကံရှင် ပရိသတ်နှင့် အနုပညာ ရှင်များအဖို့ နစ်နာမည်စိုးသဖြင့်လည်း ဤစာစုကို ရေးရပါသည်။

အဖြစ်က သည်လိုပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ရုပ်ရှင်မင်းသား မဖြစ်ခင် အစပထမဆုံး စာရေးဆရာ ဖြစ်ခဲ့ရပါသည်။ ၁၉၆၉ တွင် စတင်၍ မောင်ညိုအောင်၊ မဟူရာ၊ မောင်ဇလ၊ အုပ်စိုး စသည့်ကလောင်ခွဲများဖြင့် ပုံနှိပ်အက္ခရာတင်ခံရသော စာရေးဆရာပေါက်စ ဖြစ်ခဲ့ရပါသည်။

၁၉၇၃ ကျမှ ခိုင်မာသောကလောင်ရှင်အဖြစ် ရှုမဝမဂ္ဂဇင်းတွင် 'သုမောင်'အမည်ကို ရရှိခဲ့ပါသည်။ ယင်းခုနှစ်မှာပင် ပထမဆုံး ရုပ်ရှင်သရုပ်ဆောင်အဖြစ် 'ချစ်စံနမူ'ဇာတ်ကားကို စတင် ရိုက်ကူးခဲ့ရပါသည်။ သို့သော် ယင်းဇာတ်ကားသည် ပိတ်ကားပေါ်သို့ ၁၉၇၄ ကျမှ ရောက်သဖြင့် စာရေးသက်က တစ်နှစ် ပိုကြီးသွားသည်ဟု ဆိုရပါမည်။

ဆက်တိုက်ရိုက်ကူးပြသခဲ့သော 'နှောင်းတမြေ့မြေ့'ဇာတ်ကားသည် ကျွန်တော်၏ ရုပ်ရှင်သရုပ်ဆောင်ဘဝကို ပို၍ပီပြင်လာခဲ့စေပါသည်။ နာမည် စကြီးသည်ဆိုပါစို့။

ယင်း ၇၄၊ ၇၅၊ ၇၆ စသည့်ကာလများတွင် စောစောကပြောသော လူမှုရေး အရှုပ်တော်ပုံဇာတ်လမ်း စတင်မြစ်ဖျားခံလေသည်။

ထုံးစံအတိုင်း မိတ်ဆက်စာတွေ ပလူပျံ ရရှိခဲ့ပါသည်။ အချို့က တည်တည်တံ့တံ့၊ အချို့က ရယ်ရွှန်းဖတ်ရွှန်း တချို့ ပျစ်ပျစ်ချွဲချွဲ၊ တချို့ ပစ်ပစ်ဆဲဆဲ စသည်ဖြင့် မိတ်ဆက်စာ သဘာဝတွေက ကျွန်တော့်အား ဝိုင်းအုံပါသည်။





ထိုမိတ်ဆက်ပရိသတ်ထဲတွင် 'ခင်နှောင်း'၏ မိတ်ဆက်ခြင်းသည် တည်ငြိမ်သော၊ ဣန္ဒြေရသော၊ ဘဝဆန်သော၊ ဝေဖန်ရေးဆန်သော ပုံသဏ္ဌာန် ရှိခဲ့ပါသည်။ 'ခင်နှောင်း'ဆိုသည်မှာ ကျွန်တော့်ဘာသာ နာမည်ဝှက်ပေးခြင်း ဖြစ်ပါသည်။ နာမည်ရင်းသုံးလျှင် သူ့ကို ထိခိုက်မှာ စိုးပါသည်။ သည်ကြားထဲကမှ ကြံဖန်၍ အခြား ခင်နှောင်းတစ်ယောက်ယောက်ရှိခဲ့ပါမူ တိုက်ဆိုင်ခြင်းဟု သဘောထား ခွင့်လွှတ်စေချင်ပါသည်။

ယင်းခင်နှောင်းသည် ကျွန်တော့်ထံ စာဖြင့်လည်းကောင်း၊ တယ်လီဖုန်းဆက်၍တစ်ဖုံ ဝေဖန်မှု၊ အကြံပေးမှု၊ ခင်မင်မှုများကို နေ့စဉ်ဆိုသလို ပြုခဲ့ပါသည်။

(မှတ်ချက်-ထိုစဉ်ကပင် ကျွန်တော့်တွင် ယခုလက်ရှိ ဇနီးအေးဘုံနှင့် လူငယ်တို့ဘာဝ စာအားဖြင့် အဆက်အသွယ်ရနေပြီ ဖြစ်ပါသည်။)

နောက်ပိုင်း တစ်စတစ်စ ပိုမိုရင်းနှီးလာသောအခါ တစ်ယောက်၏ ကိုယ်ရေးကိုယ်တာကို တစ်ယောက်က ဖောက်သည်ချမိသည်အထိ ဖြစ်လာခဲ့ရပါသည်။ သေချာတာတော့ ကျွန်တော့်ရည်းစား အေးဘုံအကြောင်း၊ အကုန်အစင် သူသိသွားပြီး သူ့တွင် ချစ်သူ မရှိသေးကြောင်းပင် ဖြစ်သည်။

တိုတို ဆိုကြစို့ရဲ့။ နောက်ပိုင်း ကျွန်တော် အနုပညာနယ်တွင် ခိုင်မာလာသောကာလ၊ အေးဘုံနှင့် အိမ်ထောင်တွေ ဘာတွေကျ။ သူလည်း ကျောင်းပြီးသဖြင့် လုပ်ငန်းခွင်ဝင်ရောက်ပြီး အခြေကျ။ အိမ်ထောင်တော့ကား မကျသေး။



www.burmeseclassic.com

www.burmeseclassic.com



ထိုစရာအခါသမယတွင်ကား ကျွန်တော်တို့ ဇနီးမောင်နှံနှင့် သူတို့မိသားစုသည် ပြောမနာ ဆိုမနာ သူငယ်ချင်းယောင်ယောင်ဘသို့ ရောက်ခဲ့ကြပါတော့သည်။ သူ့မိဘနှင့် ကျွန်တော့်မိဘတွေကလည်း ရပ်ဆွေရပ်မျိုးတွေဖြစ်မှန်း ထိုအချိန်ကျမှ သိရပါသည်။

သူ့ ခင်နှောင်းသည် အလွန် လျှို့ဝှက်တတ်သည့်သဘောရှိမှန်း သူနှင့် စတွေ့သိကျွမ်းစကတည်းက ကျွန်တော် သိခဲ့ရပါသည်။ စကားများများ ပြောတတ်သော်လည်း လျှို့ဝှက်စွာ အတွေးခေါင်မှုများ ရှိနေတတ်ပါသည်။ အသေးအဖွဲ့ကလေးများကို စာချဲ့၍ တွေးခေါ စဉ်းစားတတ်သည်။

သူသည် ကျွန်တော်၏ စာပေကိုပါ ဖတ်မှတ်သူ ဖြစ်သဖြင့် သူ၏အတွေးခေါင်မှု၊ လျှို့ဝှက်စွာ နေတတ်မှုတို့ကိုစာပေဝေဖန်ဆွေးနွေး အကြံပေးမှုများမှ ကျွန်တော်သိရသည်။ တစ်ခါတစ်ရံ ညကြီးသန်းခေါင် အထိ တယ်လီဖုန်းဖြင့် စကားပြောနေမိကြသဖြင့်လည်း စကား စကားပြောဖန်များတော့ စကားထဲမှ စာတိပြခဲ့လေသည်။

မည်သို့ပင်ရှိစေ။ ကျွန်တော့်တို့ ဇနီးမောင်နှံသည် သမီးဦးလေး ထွန်းကားလာသည်အထိ သူနှင့် ပေါင်းသင်းမပျက် ဆက်သွယ်နေခဲ့ကြသည်။ တစ်ဦးအကူအညီကို တစ်ဦးက ဖြည့်စွက်ခဲ့ကြသည်။





သည်လိုနှင့် တစ်နေ့တွင် ပြဿနာ စပေါ်ခဲ့ပါတော့သည်။ သတင်းအစအနကို ယူလာသူကား ကျွန်တော့် ဇနီးအေးဘုံ။

"ကိုကိုနဲ့ ခင်နှောင်းကို သီတာသဘော်ဆိပ်မှာ မနေ့က တွေ့လိုက်တယ်လို့ ကျောင်းက ဆရာမတွေက ပြောတယ်"

ကျွန်တော့်ဇနီးသည် ပြောနေပုံမှာ မယုံသင်္ကာဟန်လုံးဝ မရှိ။ ပကတိရိုးသားစွာ။ (ကျွန်တော်တို့အိမ်ထောင်ရေးတွင် တစ်ယောက်နှင့်တစ်ယောက် ဖိုမပြဿနာနှင့် ပတ်သက်၍ လုံးဝ မယုံသင်္ကာ မရှိခဲ့ဖူးပါ။)

သို့သော် ထိတ်လန့်တကြား ဖြစ်ရသူကား ကျွန်တော်။ ထိုနေ့က ကျွန်တော် သီတာသဘော်ဆိပ်သို့ လုံးဝ မရောက်ခဲ့။ ပြီးတော့ ခင်နှောင်းနှင့်လည်း ဘယ်တုန်းကမှ အေးဘုံမပါဘဲ ခရီးမသွားဖြစ်ဖူးခဲ့။

လူမှုရေးအကူအညီများ လိုအပ်သည့်အခါများတွင်သာ သူ့ကို ကျွန်တော်ကိုယ်တိုင် ကားမောင်းလိုက်ပို့ရဖူးသည်သာ ရှိခဲ့၏။

"တူလို့နေမှာပေါ့ကွာ"ဟု ကျွန်တော်က ပြောသော်လည်း ကျွန်တော့်ဇနီးသည်ကမူ ဘာမျှ မဖြစ်သလိုပင် နေခဲ့ပါသည်။

သို့သော် သည်ကိစ္စသည် သည်တွင် မရပ်ဘဲ အခြား ကျွန်တော့်မိတ်ဆွေများကပါ ဟိုနေရာမှာ တွေ့တယ်။ ဒီနေရာမှာ တွေ့တယ်ဟု ဆိုလာကြသည်အထိ ကျယ်ပြန့်လာခဲ့ပါသည်။

သည်အထိလည်း ကျွန်တော်တို့ဇနီး မောင်နှံမှာ ရေးကြီးခွင်ကျယ် မဖြစ်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဇွတ်တယ်လို့ မိုပြီး လူစိတ်ဝင်စားစရာကောင်းတာပေါ့။ မင်းသားပီသအောင် ဒါလောက်တော့ သတင်းကြီးရမှာပေါ့"ဆိုသောစကားမျိုးများဖြင့် ရယ်ပွဲဖွဲ့နိုင်ပါသေးသည်။

အဲဗျ...။ နောက်ပိုင်း...

သူနှင့် တရင်းတနှီးရှိပြီး ကျွန်တော်နှင့် ပတ်သက်နေသည့် နှစ်ဖက်စလုံး ခင်မင်သူများကပါ သည်သတင်းဆိုးကို ချဲ့လာသောအခါတွင်ကား...

"မဖြစ်ဘူး။ ရှင်းချေမှ"ဟု ကျွန်တော်တို့ ဇနီးမောင်နှံက ဆုံးဖြတ်ကြပါသည်။

ထိုအချိန်တွင် သူကား ကျွန်တော်တို့ကို ရှောင်ဖယ်ဖယ်လုပ်နေချေပြီ။ ကြည့်စမ်း။ ဘယ်လောက်အနေရခက်မည်နည်း။ ကံကောင်းလို့ လင်မယားပြဿနာ မဖြစ်သည်။ တော်ရုံဆိုသိတယ် မဟုတ်လား။ မိန်းမများ ကျိုင်တက်ချင်တာက ခပ်မြန်မြန်ရယ်။

ပြီးတော့ ကျွန်တော်တို့နှင့် သူ့အကြား ပေါင်းကူးဖြစ်သော မိတ်ဆွေများက ကြားဝင် စနည်းနာတော့လည်း...

အလှဲ... သူက မြဲစိစိနှင့်တဲ့ဗျ။

ငယ်ငယ်က စိတ်ကူးယဉ်ဆန်သော သူ့စရိုက်သည် မပျောက်သေးချေတကား။ ကိုင်း... သည်သတင်း မကြားဘူးလား။ မေးပြန်တော့လည်း "ကြားသားပဲ"တဲ့။ "ဘာကြောင့်ရှင်းမပြလဲ"ဆိုတော့လည်း "အင်း ဘဝဆိုတာ ရှင်းလေ ရှုပ်လေ" ဆိုသော ဘောမျိုး ပါဝင်သည့် အဓိပ္ပာယ် လေးနက်ဟန်ရှိသော





အတွေးအခေါ်စကားများကိုသာ လျှို့ဝှက်စွာ ဆိုမြည်နေတတ်ပြန်သည်။

ကျွန်တော်ပဲ ကံဆိုးချင်လို့လားတော့မသိ။ သည်ကနေ့ထိ ယင်းကိစ္စကို သူရှင်းရှင်းလင်းလင်း ထုတ်ဖော်ခဲ့ပုံ မရပါ။ ဘာကြောင့်မှန်းလည်း ကျွန်တော်တော့ စဉ်းစားမရပါ။ ငယ်ရွယ်ခါမို့ အတွေးအခေါ်ဆန်သော စာပေတွေဖတ်ပြီး အတွေးခေါင်ခဲ့သည်ဆိုမှု ရှိစေတော့။

ခုတော့ အရွယ်တွေလည်း ရကုန်ပြီ။ ဘာကြောင့် ငယ်စိတ်တွေ မကုန်သေးသနည်း။ ပြီးတော့ တစ်ဖက်သား အနုပညာရှင် ကျွန်တော့်အပေါ် သူငယ်ချင်းတစ်ယောက်အနေဖြင့်ပင် ဘာကြောင့် မစာနာလေသနည်း။ သည်ကိစ္စကိုပင် သာယာယစ်မူးဖွယ်၊ လွမ်းဆွတ်တမ်းတဖွယ် လျှို့ဝှက်သည်းဖို ဇာတ်လမ်းတစ်ပုဒ် ထင်မှတ်နေရှာသလား။ ဘာများ အကျိုးရှိသနည်း။

ကျွန်တော့် ဇနီးသည်ကမူကား မေ့မေ့ပျောက်ပျောက်နေလိုက်ဖို့ အကြံပေးပါသေးသည်။ ကျွန်တော် ဘယ်နှယ့်နေလို့ ရမည်နည်း။ ကျွန်တော်သည် သာမန်လူမဟုတ်။ နာမည်တစ်လုံးဖြင့် အနုပညာနယ်ပယ်၌ ကျင်လည်နေရသူ။ အထူးသဖြင့် ရှေ့မှ နမူနာပြနေရသော စာရေးဆရာ ရုပ်ရှင်သရုပ်ဆောင်။ ကျွန်တော်နှင့် ပရိသတ်အကြား အထင်လွဲမှားမှု မရှိစေချင်ပါ။

အဆိုးရွားဆုံးအချိန်ကား ကျရောက်ခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်နှောင်းတစ်ယောက် မဖုံးနိုင် မဖိနိုင်ဖြစ်လာလို့ သူ့အပြစ် သူခံမယ်ဆိုပြီး အိမ်က ထွက်သွားသတဲ့။ ဘယ်သူနဲ့ ဘယ်ဝါနဲ့လဲ ဘယ်သူ့ကိုမှ ပြောမသွားဘူးတဲ့။ အဲဒါ ကိုသုမောင် တော့ ဒုက္ခပါပဲ"ဆိုသော စကားမျိုးကို ကျွန်တော်နှင့် သူ့ကြားခံ အတွင်းသိမိတ်ဆွေများက ပြောလာသောအခါ သမယပင်ဖြစ်ပါ သတည်း။

ဘယ်ကိုလိုက်ရမှန်းမသိ။ သူ့အိမ်သွားဖို့ရန်မှာလည်း သူ့အိမ်ကကိုပင် ကျွန်တော့်အပေါ် အထင်လွဲနှင့်နေပြီဟူသော သတင်းစကားများက တားဆီးနေကြ၏။

နောက်ဆုံးတော့ ပရိသတ်၏ အထုအထောင်းကို ကံသာ လျှင် ယိုးမယ်ဖွဲ့၍ ကျွန်တော့် လည်စင်းခံလိုက်ရပါတော့သည်။

❑ ❑ ❑

သည်မှာတင် ပြတ်သလားဆိုတော့ မပြတ်။ နယ်မြို့ ကလေး တစ်မြို့တွင် သူရောက်ရှိနေကြောင်း၊ တစ်ယောက်တည်း နေ၍ ရင်သွေးငယ်တစ်ဦးကို ရဲဝံ့စွာ မွေးဖွားလိုက်ကြောင်း အောင်လံထူသည့်သတင်းက ထပ်ရောက်လာပြန်ပါသည်။

"ကလေးရုပ်ကလည်း ကိုသုမောင်နဲ့ ခပ်ဆင်ဆင်ရယ်" ဆိုသည့် အပိုသကာရည်ကလေးပင် လောင်းလျက်သား။

ဤတွင်မှ သူနှင့် အနီးဆုံး သူငယ်ချင်းက တရားခံကို အစ ဖော်နိုင်လာတော့သည်။ တကယ်တော့ သူနှင့် ထိတွေ့





ဖူးစာဆုံခဲ့သူ ဖိုးကံကောင်းကား ကျွန်တော်နှင့် ရုပ်ရည်ရော၊ အရပ်အမောင်းပါ တော်တော်တူဆိုပဲ။ ခပ်လှမ်းလှမ်းက ကြည့် လျှင် ကျွန်တော်မှ ကျွန်တော်တဲ့။ ဟိုက်...။

"နော့ အဲဒီလူရော ဒီသတင်းထွက်နေတာ မသိဘူးတဲ့ လားဗျာ"

"မသိနေပါ့မလား၊ ဒီအခြေအနေရောက်မှတော့။ ဒါပေ မယ့် ပြဿနာက ဒီလို ဆရာကြီးရေ။ အဲဒီပုဂ္ဂိုလ်မှာက သား ကြီး မယားကြီးနဲ့တဲ့။ ဒါကိုလည်း ခင်နှောင်းက လက်လွှန် ပြီးမှ သိရတာတဲ့"

"ဟင်... ရိုင်းလှချည့်လား၊ ယောကျ်ားချင်းမှ ကိုယ်ချင်း မစာဗျာ"

"အင်း ခုတော့ ခင်နှောင်း သနားစရာ"

"ဗျာ– ဒီက ကောင်တော့ ဘယ်သူ့မှ မသနားကြဘူး လား"

မှန်၏။ ကျွန်တော်တွင် ဂုဏ်သိက္ခာကျခဲ့ရသလောက် သည်ကိစ္စမျိုး၌ သည်နေ့အထိ မှတ်ကျောက်အတင် ခံရခဲ့ပါသည်။

အတိုချုပ်ဆိုကြစို့ရဲ့။ နောက်ဆုံးတော့ ကျွန်တော့်ခမျာ မှာ သူတို့ အသိုင်းအဝိုင်းကြားမှာ ရတန်သလောက် ဖြေရှင်း ပြီး အသာအမြီးကုပ် နေခဲ့ရပါတော့သည်။

မှတ်မိသလောက် နောက်ဆုံးအနေနှင့် ဖြေရှင်းရန် ကြိုးစားခဲ့ပါသေးသည်။ သူတာဝန်ကျနေသော ဒေသဘက် ကျွန်တော် ဖျော်ဖြေရေးထွက်စဉ်က



www.burmeseclassic.com

www.burmeseclassic.com



အရက်လည်း ခပ်ထွေထွေမို့။ သူ နေထိုင်ရာ မြို့ကလေးသို့ သွားရောက် ဖြေရှင်းမည်ဟု

သို့သော်...

"မသွားပါနဲ့ ဦးသုမောင်၊ ဟိုကမြို့ခံလူတွေကလည်း သူ့ကို သနားပြီး ခင်ဗျားကို အတော်ချဉ်နေကြတာမို့ ချောင်းရိုက်မယ် တကဲကဲ ဖြစ်နေတာ"

❏ ❏ ❏

အနုပညာသည် အရေထူရပါမည်တဲ့။ ယေဘုယျပရိသတ်သည် ကြာလျှင် မေ့ပျောက်တတ်ပါမည်တဲ့။ သည်လိုနှင့် ကျွန်တော်နှင့် ခင်နှောင်းကိစ္စသည်လည်း တရေးရေးမှုန်မှေးသွားခဲ့ရာ မပီဝိုးဝါး ချပ်ပြားပြားကြီး ဖြစ်သွားခဲ့ရသည်အထိ ဖြစ်သည်မှန်သော်လည်း....

❏ ❏ ❏

တလောဆီက ကျွန်တော် အကယ်ဒမီရပြီး ချိန်လောက်မှာ ကျွန်တော့်နှမငယ်တစ်ဦး သင်တန်းတစ်ခု သွားတက်ရာမှာ သူတို့သင်တန်းသူချင်း အထက်ပါကိစ္စကြီး ပြန်ဆက်ကြပါသည်တဲ့။ အမယ် သူ့အစ်မကြီးက ခင်နှောင်းနဲ့ တစ်လမ်းတည်းနေ သူငယ်ချင်းတဲ့။ သုမောင် မကြာခဏ လာတတ်သည်တဲ့။





သူ့ဇနီးကလည်း သဘောတူထားသလိုပဲတဲ့။ ဟင်... သားစဉ်မြေးဆက် 'ဒိုင်နက်စတီ' သတင်းကြီးပါလား။

မှတ်မိသေးသည်။ ပြဿနာ အရှိန်တက်စဉ်က ကျွန်တော့်အား လူတစ်စုက ဝိုင်းရိုက်သောအခန်းမှစ၍ ဇာတ်လမ်းတစ်ပုဒ်ကို ကျွန်တော်ဝတ္ထုရှည်အဖြစ် စခဲ့ပါသေးသည်။ တစ်ဝက်လောက်ကျိုးမှ ဇာတ်လမ်းမရှည်ချင်သဖြင့် ရပ်ပစ်ခဲ့ရပါသည်။

ယခုမူကား ဤစာစုကို ဘာဒေါသမှ မပါဘဲ ရေးလိုက်ရပါတော့သည်။ ကြည်လေ စေတနာနှင့် ရေးခဲ့သော "ကျွန်တော်နှင့်ချိုပြုး"(ကွမ်းစကား–၂)ကိုပင်လျှင် ပြောင်းပြန်လှန်၍ အတွေးခေါင်နေသူ ရှိနေသေးတာပဲ။ ကျွန်တော်မို့ မရေးလျှင် ကျွန်တော်ပင် ခွေးလုံးလုံး ဖြစ်ရတော့မည်မဟုတ်ပါလား။

(ကလျာ၊ စက်တင်ဘာ၊ ၁၉၉၂)



www.burmeseclassic.com

www.burmeseclassic.com

# သာဓု–သုမောင်စာပေတိုက်ပွဲ

အထက်ပါခေါင်းစီးကို ဖတ်မိသော စာပေမိတ်ဆွေသည် စိတ်ထဲ ကသိကအောက် ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ ဖြစ်ကို ဖြစ်မည်ဟုဆိုလျှင် မှန်ပါလိမ့်မည်။ ဟုတ်ပါ့၊ ဘယ်လိုမှ မဖြစ်နိုင်သောကိစ္စ။ မတန်မရာ။

သို့ပေသည့် ကျွန်တော်သည် အထက်ပါခေါင်းစီးကို စာဖတ်သူ စိတ်ဝင်စားရန် တမင်သက်သက် အသုံးပြုခြင်း မဟုတ်ရသည့်ကိုမူကား အောက်ဖော်ပြပါ အကြောင်းအရာကို ဖတ်ရှုပြီးပါက သိရှိနိုင်လိမ့်မည်ဟု ယူဆမိပါကြောင်း။

❑ ❑ ❑





ရိုးရိုးသားသား ဝန်ခံရလျှင် ကျွန်တော်သည် အသက် ၂၅ နှစ်ဝန်းကျင်တွင် အရက်ကို ကြိုက်နှစ်သက်ခဲ့သူ ဖြစ်နှင့်ပြီ ဖြစ်ပါသည်။ လေးငါးဆယ်ရက်တစ်ကြိမ်ဆိုသလို သောက်ဖြစ်ခဲ့ပါသည်။ ဆေးဖြစ်ဝါးဖြစ်သဘော၊ ဝိုင်းကောင်း၍ ကြုံကြိုက်သည်သဘောမျိုး မဟုတ်ပါ။ ကြိုက်ကိုကြိုက်ဖြစ်သွားခြင်း ဖြစ်ပါသည်။ (လူပျို့ဘဝ ချစ်သူရည်းစားထားခြင်းထက် အရက်ကို စတင်၍ ကျွန်တော် ရှာဖွေမိခဲ့ပါသည်။ နောက်လူငယ်များ လောကပညာ အရှာမမှားစေချင်ပါ။)

ကျွန်တော်(၁၅)နှစ်သားလောက်တွင် စာရေးဆရာဖြစ်ရန် စတင်ကြိုးစားခဲ့ရာ (၁၆)နှစ် (၁၇)နှစ်သားလောက်တွင် 'မဟူရာ'၊'မောင်ညိုအောင်'၊ 'မောင်ဗလ'၊ 'အုပ်စိုး' စသည်ဖြင့် ကလောင်အမည်များစွာ ဂျာနယ် အသေးစားကလေးများတွင် စတင်ပုံနှိပ်ဖော်ပြခြင်း ခံခဲ့ရသော ကလောင်ပေါက်စ ဖြစ်ခဲ့ရပါသည်။ (အုပ်စိုးဟူသော ကလောင်အမည်ကို မူသေယူရန် ဆုံးဖြတ်ခဲ့သော်လည်း ဖေဖေဆရာသာဓုက "ဟေ့ မင်းဟာက အုပ်စိုးဆိုတော့ အိုးစုတ်ဖြစ်နေတာပေါ့ကွ"ဟု ဝေဖန်ခဲ့သဖြင့် ယင်းအမည်ကို ဆက်လက်အသုံးမချ ဖြစ်ခဲ့ပါ။)

၁၉၇၃ တွင်မှ ''သုမောင်'ဟူသော အမည်ဖြင့် ရှုမဝ မဂ္ဂဇင်းတွင် 'ငယ်အိပ်မက်'ဝတ္ထုကို ရေးရင်း ကလောင်အမည် မူသေရခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုခဲ့သလို (၁၅)နှစ် (၁၆)နှစ် စာရေးဆရာဖြစ်ရန် ကြိုးစားစဉ်ကာလဆီက ကျွန်တော်တို့ စာပေနယ်တွင် စာရေးဆရာသည် ဆေးပေါ့လိပ်သောက်ရမည်၊ အရက်သောက်ရမည်၊ ဆင်းရဲရမည်ဟူသော ဘယ်သုတိထွင်လိုက်မှန်း မသိသည့်ဥပဒေတစ်ခု ပေါ်ထွန်းခဲ့ရာ ကျွန်တော်လည်း စာပေဥပဒေဘက်တော်သားတစ်ဦးဖြစ်စေရန် ဆေးပေါ့လိပ်ကို စတင်သောက်သုံးပါတော့သည်။ နောက်တော့ အရက်ကို မြည်းစမ်းကြည့်ပါသည်။

နောက်ပိုင်း အသက်အစိတ်လောက် စာရေးဆရာဖြစ်လာသောကာလတွင်တော့ ကျွန်တော်သည် အရက်ကို မသိမသာစွဲလမ်းလာပါတော့သည်။

ထိုစဉ်က ကျွန်တော်သည် လူပျိုကြီးဘဝနှင့် ဖခင်ဖြစ်သူ(ဆရာသာခု)နှင့် သီးခြားတစ်အိမ်ခွဲ၍ နေခဲ့ပါသည်။ မူလက ကျွန်တော့်ဖခင်က သီးခြားတစ်ယောက်တည်း တစ်အိမ်(တစ်နေရာ) နေခဲ့ပြီး မိခင်ဖြစ်သူနှင့် ကျွန်တော်တို့ ညီအစ်ကိုလေးယောက်က ယခင်သာခုအုပ်စုခေါ် သဃ်န်းကျွန်းသာခုခြံတွင် နေထိုင်ခဲ့ကြပါသည်။ ေ၊ေစောက ပြောသလို အရက်ကို စတင်စမ်းသပ်နေစဉ် ကာလအသက်(၂၀) ဝန်းကျင်တွင် အဖေသဃ်န်းကျွန်းသို့ ညဘက် ရုတ်တရက်ရောက်ရှိ ဖမ်းမိသွားသဖြင့် ကျွန်တော့်ကိုယ် ကျွန်တော် ဒဏ်ခတ်သည့်သဘော ဖခင်ဖြစ်သူနှင့် ညတွင်းချင်း လိုက်ပါသွားခဲ့ပါသည်။ အဖေနှင့်ဆိုလျှင် အရက်သောက်ဖြစ်မှာ မဟုတ်တော့ဘူးဟု ထင်သောကြောင့်





ဖြစ်ပါသည်။ သည်ကတည်းက ဖခင်နှင့် အနှစ်နှစ်ဆယ်နီးပါး အတူနေ ဖြစ်သွားခဲ့ရာ ဖခင်ဆုံးပါးခါနီးအထိ ဖြစ်ပါသည်။ (အဖေဆုံးတော့ ကျွန်တော့်အိမ် သဃ်န်းကျွန်းမှာ လာဆုံးရှာပါသည်။)

ဆိုခဲ့သလို ဖခင်နှင့်အတူ လိုက်နေရင်း ကိုယ့်ကိုကိုယ် ဒဏ်ခတ်သည့်သဘော နေလိုက်လျှင် အရက်မသောက်ဖြစ်တော့ဘူးဟု ထင်ခဲ့သော်လည်း အရက်သမားဇာတာပါလာသူအဖို့ ကြမ္မာဝဋ်ဘေး ဘယ်ပြေးလွတ်လိမ့်မည်နည်း။ ခိုးခိုးသောက်ရင်း သူခိုးကြီးတော့ ဓားပြဖြစ်ပါကရော။ အဖေ့ရှေ့ မသောက်ဖြစ်ရုံ ဖြစ်ခဲ့ရပါတော့သည်။ သိသာသိစေ မမြင်စေနှင့် သဘောပေါ့။

စောစောက ပြောခဲ့သလို အဖေ့အိမ်ရောက်ပြီး တစ်နှစ်ကြာပါဘူး။ ကျွန်တော်လည်း အရက်ခိုး သောက်တတ်ပြန်လာပါသည်။ ညတိုင်းမဟုတ်သည့်တိုင် တစ်ပတ်တစ်ကြိမ်နှစ်ကြိမ်။

ယင်းကာလသည် ကျွန်တော် ယခု ပြောလိုသော အကြောင်းအရာ စတင်ဖြစ်ပေါ်ရာ ကာလဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်သည် ကျွန်တော့်သူငယ်ချင်း ကဗျာဆရာ "မြင့်ဆောင်"ကို ကျွန်တော်နှင့်တစ်ပါတည်း အဖေ့အိမ်ခေါ်သွားခဲ့ပါသည်။ ပထမတော့ စာရေးဖော်အပေါင်းအသင်းနှင့်နေကျမို့ အဖော်သဘောပါ။ နောက်များကျတော့ သေရည်ဖော်သေရည်ဖက်သဘော ဖြစ်ခဲ့ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းလျှင် မြင့်ဆောင်က အရက်ဖြူခြောက်ပက် (တစ်ပိုင်း) ဝယ်ထားနှင့်ပါသည်။ ထိုစဉ်ကတော့ တစ်ယောက် တစ်ဝက် အရက်ဖြူသုံးပက်ဆိုတာ ဘာရှိတာမှတ်လို့။ သို့သော် ကျွန်တော်တို့အဖို့တော့ စားကောင်းသောက်ကောင်း ရှိဝေခံစား မှုတို့ လှိုင်းအိကလေးများ တငြိမ့်ငြိမ့်။

တစ်နေ့ကုန် အလုပ်လုပ်ပြီး ညပိုင်းကျလျှင် မြင့်ဆောင် က ထမင်းနှင့်ဟင်း ထမင်းအုပ်သံဇလုံနှင့် အမောက်သား နယ်ဖတ်ထားသည်။ ကျွန်တော်က တစ်နေ့တာ အလုပ်ကိစ္စများ အာလာပသလ္လာပစကားများ အဖေနှင့်ပြောဆိုပြီး(ညရှစ်နာရီ) လောက်တွင် စောစောက အရက်ဖြူကို နှိပ်ကြပါတော့သည်။ မြင့်ဆောင်အိပ်စက်ရာ ဝရန်တာတွင် တံခါး အလုံပိတ်၍စကား လက်ဆုံကျရသည်မှာ ယခုတိုင် မမေ့နိုင်စရာပါ။

ငယ်ငယ်က အတန်းထဲ ဆီးငံဆေ့ ခိုးစားရသည်ကို သတိ ရပါဘိ။

ကျွန်တော်တို့ အရက်သောက်သူများတွင် အရက်နံ့နှင့် ပတ်သက်၍ အထာရှိပါသည်။ တကယ်တော့ အရက်နံ့သည် ဘယ်လောက်ပဲ ပီကေဝါးဝါး၊ ကွမ်းစားစား၊ ဗလရှင်ငုံငုံ၊ ဓ လကာရွက်မြုံမြုံ ပျောက်ရိုးထုံးစံ မရှိပါ။ အရက်နံ့ အမိကထွက် သော နေရာသည် နှာခေါင်းနှင့် ကိုယ်ချွေးတို့မှ ဖြစ်ပါသည်။ (အသက်အောင့်ထားနိုင်လေလေ အရက်နံ့ ထိန်းနိုင်လေလေ ပါပဲ။)





ပြီးတော့ အရက်နံ့သည် သောက်ပြီးခါစ နာရီဝက် လောက်တွင် တစ်ခုခု ဝါးစားထားရုံဖြင့် အနံ့မထွက်ပါ။ နာရီ ဝက်ကျော်လျှင် စောစောကပြောသော အရာတို့မှ တလှိုင်လှိုင်သင်း လေတော့သတည်း။ ဤသည်မှာ အရက်သောက်တတ် သူများ ရော၊ အရက်သောက်သည်ကို ဖမ်းလိုသူများအတွက်ပါ နှစ်ဝ အကျိုးရှိနိုင်သည့် နည်းဖြစ်ပါသည်။)

ဤနည်းဖြင့်ပင် ကျွန်တော်နှင့် ဖခင်ကြီးတို့ စာပေတိုက် ပွဲစရပါတော့သည်။

စောစောက ပြောသလို ကျွန်တော်နှင့် မြင့်ဆောင်တို့ အရက်ခိုးသောက်၊ ထမင်းတစ်ဝစားပြီးလျှင် ဖေဖေ့ထံသို့ အခ စားဝင်ကြလေသေးသည်။ မြင့်ဆောင်က ဇက်ကြောလေး ဘာ လေးဆွဲပေး၊ ကျွန်တော် အိပ်ရာဝင် နှုတ်ခွန်းဆက်စကားပြော၊ အဖေကလည်း နောက်တစ်နေ့ အစီအစဉ်များကို ပြောကြားပြီး သကာလအိပ်ရာဝင်ကြပါသည်။ ပြောခဲ့ပါပြီကော၊ သောက်ပြီး အသက်အောင့်ပြီး တစ်ခုခုစား စကားပြောလျှင် အနံ့မရဘူးဟု။

ည ဆယ်နာရီဆယ့်တစ်နာရီ ကျွန်တော်တို့ အိပ်ရာဝင် သော်လည်း အဖေမှာကား ညလူဖြစ်၏။ အနည်းဆုံးညနှစ်ချက် တီး မနက်သုံးနာရီလောက်မှ အိပ်ရာဝင်တတ်သူ ဖြစ်၏။

ဤနေရာတွင် ကျွန်တော့်ဖခင်ကြီး၏ စရိုက်တစ်ခုကို ပြောပြပါမှ ဖြစ်မှုဆိုင်ရာ သက်သေသဲလွန်စကို ရပေမည်။ အခြားမဟုတ်ပါ။ အဖေသည် ကျွန်တော်တို့ သားသမီးများ



www.burmeseclassic.com

www.burmeseclassic.com



အပေါ် သည့်အရွယ်ကြီးထိတိုင် လူရှေ့သူရှေ့မရှောင် ဖက်နမ်းတတ်ခြင်း ဖြစ်ပါသည်။ ဒါက သူ၏စရိုက်၊ အလေ့အထ ဖြစ်ပါသည်။ ဖခင်တစ်ယောက်အနေနှင့် သားသမီးကို တကယ်တမ်း နှစ်နှစ်ကာကာ နမ်းရှုပ်ခြင်း၌မူကား အဖေက သူတကာထက်ကဲသည်ဟု ဆိုရပေမည်။

ဆိုခဲ့သလို ကျွန်တော် အိပ်ရာဝင်ပြီး အိပ်မောကျချိန် လောက်မှ သူအိပ်ရာဝင်ခါနီး (သားငယ်ပုလုကွေးကို တယုတယမွှေးမွှေးပေးသည့်အလား) ကျွန်တော့်အား နမ်းပါလေတော့သည်။ ဒါလည်း နောင်မှ ဖေဖေက ဖွင့်မပြောသဖြင့် သိရခြင်းပါ။

လား... လား၊ ကျွန်တော် လုံးဝ အိပ်ပျော်မောကျနေချိန်တွင် အားပါးတရ ရှုရှိုက်ထုတ်လိုက်သော ထွက်သက်လေသည် ကျွန်တော့် ခြင်ထောင်တစ်ခုလုံး အဘယ်မျှ ဆွတ်ပျံ့နေပါမည်နည်း။

ဘယ်လောက်ကြာကြာက သိနေသည်ကို မသိရသော်လည်း တစ်နေ့သော နံနက်ခင်းတွင်ကား တိုက်ပွဲခေါ်သံ လေတော့သည်။

ထိုနေ့က ကျွန်တော် အိပ်ရာမှ နိုး၍ ခြင်ထောင်အပြင် ရောက်ရောက်ချင်းပင် ကျွန်တော်၏ သွားပွတ်တံ၌ သတင်းစာ ဖြတ်ပိုင်းတစ်ခု ဖောက်စွပ်ထားခဲ့သည်ကို သတိပြုခဲ့မိပါသည်။ ယခုခေတ် မြို့ပျော် လူတန်းစားတိုင်းသည် အိပ်ရာထထချင်း ပထမဆုံး လှမ်းဆွဲသောပစ္စည်းမှာ သွားပွတ်တံပင်ဖြစ်သည် မဟုတ်ပါလား။ အဖေသည် သည်အချက်ကိုကိုင်၍ တိုက်ပွဲစခြင်း ဖြစ်ပါသည်။

ကျွန်တော့် သွားပွတ်တံတွင် ဖောက်စွပ်ထားသော သတင်းစာဖြတ်ပိုင်းသည် ယမန်နေ့ထုတ်ဖြစ်ပြီး ကျွန်တော် သတိမမူမိသော စက်ရုပ်သတင်းတိုကလေးကို သေသပ်စွာ ကတ်ကြေးဖြင့် ကိုက်ဖြတ်ထားသော ဖြတ်ပိုင်းကလေး ဖြစ်ပါသည်။

လက်တစ်ဝါးစာအရွယ်မျှ ဖြစ်ပါသည်။ ကျွန်တော်လည်း ထူးထူးခြားခြားမို့ ချက်ချင်းယူဖတ်ရာ (ဩစတြေးလျနိုင်ငံတွင် ဘီယာသောက်သုံးမှု စံချိန်များ တက်လာသဖြင့် ကင်ဆာရောဂါဖြစ်ပွားနှုန်း ပိုမို များပြားလာကြောင်း ဆေးသုတေသနတွေ့ရှိချက်သတင်းတို) ဖြစ်နေပါသည်။

ဖေဖေဆရာသာမှ၏ လက်ချက်မှန်း ဒီကလည်း ကွက်ကနဲ သိလိုက်ပါရဲ့လေး အဘယ်ကြောင့်ဆိုသော် ဆရာသာမှသည် မည်သူတစ်ဦးတစ်ယောက်နှင့်ဖြစ်စေ မှတ်သားဖွယ်စကားပြောလျှင် စာအားဖြင့် ပြောလေ့ရေးလေ့ရှိသောကြောင့် ဖြစ်ပါသည်။

သေချာသည်ကတော့ ကျွန်တော် ခိုးသောက်သည်ကို အဖေ တစ်နည်းနည်းဖြင့် သိသွားလေပြီ။

ထိုစဉ်က ကျွန်တော့်မှာလည်း စာရေးဆရာပေါက်စဖြစ်ပြီးနေ၍ ထစ်ခနဲရှိ စာနှင့် ပေနှင့်သာ တုံ့ပြန်တတ်သော အကျင့်စရိုက်ရှိနေပါသည်။







www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဖေဖေက တိတိကျကျ နှုတ်ဖြင့် ဖွင့်ဟ ဆို ဆုံးမခြင်း မဟုတ်ဘဲ ပညာသားပါပါ အသိပေးခြင်း ဖြစ်လေ ရာ ကျွန်တော့်မှာ ဖေဖေ့ကို တုံ့ပြန်ဖို့ တစ်နေ့လုံး စဉ်းစား ရပါတော့သည်။ စာအားဖြင့်သာ အသိပေးတုံ့ပြန်ရန် ဖြစ်ပါ သည်။

ဟာ… ကံကောင်းချင်တော့ ထိုနေ့ထုတ် လုပ်သားပြည်သူ့ သတင်းစာမှ နိုင်ငံကျော်စာရေးဆရာ ဆရာဝန်ကြီး၏ ဆောင်းပါး တစ်ပုဒ်သည် ကျွန်တော့်ကိုယ်စား တုံ့ပြန်စာ ရေးပေးသလို ဖြစ်ခဲ့ရပါသည်။

ထိုစဉ်က လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာသည် ယနေ့လုပ်သားပြည်သူ့နေ့စဉ်ထက် နှစ်ဆမျှကြီးသောအရွယ် ဖြစ်ပါသည်။

ထိုဆောင်းပါးမှာ ကျန်းမာရေးပညာရေးပေး ဆောင်းပါး ဖြစ်ပြီး ယင်းသတင်းစာ၏ မျက်နှာဝက်(ယနေ့သတင်းစာ၏ တစ်မျက်နှာစာ)မျှ ရှိပါသည်။

အကြောင်းအရာမှာ ဆေးလိပ်သောက်သုံးမှုကြောင့် ကင်ဆာရောဂါအမျိုးမျိုး၊ သွေးကြောပိတ်ရောဂါ၊ အစာအိမ် ရောဂါ စသည်ဖြင့် ရောဂါဆိုးကြီးများ များစွာ ဖြစ်တတ်ေ ကြောင်းနှင့် ကာကွယ်နည်း၊ ဆေးလိပ်ဖြတ်သင့်ကြောင်း ပညာ ပေး ဖြစ်နေပါသည်။





ဘာရမလဲ၊ 'သုမောင်'ကွဟူသော ကလောင်မာန်တက်စ ကျွန်တော်သည် ထိုသတင်းစာပါ ဆောင်းပါးကို ကတ်ကြေးဖြင့် သေသေချာချာညှပ်၍ ကျွန်တော့်ဖခင် ခုတင်ဆော စာရေးစားပွဲ ပေါ်ရှိ သူ၏ဆေးလိပ်ဘူးနှင့် မီးခြစ်ကြားတွင် ခေါက်လျက်သား ညှပ်ထားလိုက်ပါတော့သည်။ [ဆရာသာခုသည် စီးကရက်နှင့် လက်မပြတ်ပါ။ မီးခြစ်ကို သူ့အိပ်ရာနိုးနိုးချင်း တစ်ကြိမ်သာ အသုံးပြုပြီး ကျန်တစ်နေ့တာ ဆေးလိပ်တိုမှာ (Chain somking)ခေါ် တစ်လိပ်မှ တစ်လိပ် မီးကူးသောက်သုံးခြင်း ဖြင့် ကုန်ဆုံးပါသည်။ တစ်နေ့ စီးကရက်(၂၀)ဝင် နှစ်ဘူး သုံးဘူး မျှ ကုန်ပါသည်။]

ကျွန်တော်၏ တန်ပြန်ထိုးနှက်မှုသည် ထိရောက်မည် မှန်း ဆရာသာခုသိမှာ သေချာပါသည်။ ကျွန်တော်သည် ထိုနေ့ တ အလွန်အူမြူးမိခဲ့ပါသည်။

ကိုယ့်အပြစ်ကို ဝန်ခံခြင်းလည်းမဟုတ်၊ သူ့များအပြစ်ကို တိုက်ရိုက်ဖော်ကျူးခြင်းလည်းမဟုတ်သော လက်နက်ကို သုံး လိုက်ရသောကြောင့်ဖြစ်သည်။

ကျွန်တော်တို့စာရေးဆရာ သားအဖတွင် အကျင့်ကောင်း တစ်ခု ရှိ၏။ တစ်ဦးကိုတစ်ဦး(သာခု–သုမောင်)စာအားဖြင့် ဆွေးနွေးတတ်ကြသော်လည်း သားအဖအနေနှင့်မူ (ဦးဖေသန်း– လ) လူခြွေမပျက် အစဉ်အလာမပျက်ပင် ဗုဒ္ဓဘာသာရိုးရာ လေ့အတိုင်း ဆက်ဆံနေထိုင်တတ်ကြခြင်းပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စောစောက ပြောသလို သတင်းစာလက်နက်ဖြင့် စာရေးဆရာချင်း တစ်ယောက် အိပ်ရာမနိုးခင် တစ်ယောက်က လက်ဦးမှု ရယူတိုက်ခိုက်ခဲ့ကြသော်လည်း နှစ်ဦးသား မျက်နှာချင်းဆိုင်တွေ့ကြသောအခါ "အဖေရေ"၊ "ဗျို့"၊ "သားရေ" "ဗျ" ဟု အမှုအရာမပျက် နေခဲ့ကြပါသည်။ ကျွန်တော်ကလည်း ညပိုင်းအရက်ခိုးသောက်မြဲ။ အဖေကလည်း စီးကရက် လက်ကြားညှပ်မြဲ၊ ကျွန်တော့်ကို စီးကရက်တည်မြဲ ဖြစ်ပါသည်။ (အဖေသည် သောက်နိုင်သလောက် သောက်တတ်သူကိုလည်း အားမနာတမ်း စီးကရက် ညွှန့်ဝတ်ပြုတတ်ပါသည်။)

သို့သော် သတင်းစာဖြတ်ပိုင်းလက်နက်သည် နေ့စဉ်ရက်ဆက်ရနိုင်သည့် မဟုတ်ပါ။ နေ့စဉ် အရက်သတင်း၊ စီးကရက်သတင်း အပြန်အလှန် ပါဝင်နိုင်စရာ မရှိပါ။ ဒါကိုလည်း ကျွန်တော်ရော အဖေပါ ဟိုက်ပွဲသတိ အမြဲ ရှိနေခဲ့ပါသည်။

ထိုအခါ ကျွန်တော်သည် နောက်တစ်နေ့ မနက် မိုးလင်းလျှင် ကျွန်တော်၏ သွားတိုက်တံသို့ ဂရုစိုက်နေရပါသည်။

ထင်ထားသည့်အတိုင်းပင်။ အရက်နှင့် ပတ်သက်သော မကောင်းမှု အချက်အလက်များကို ငါးပါးသီလမှ အစပြု၍ ခိုင်လုံသော အထောက်အထားများဖြင့် တစ်နေ့တစ်မျိုးကျ အဖေ့လက်ရေးဖြင့် စီးကရက်ဘူးခွံ စာရွက်တစ်ရွက်ပေါ် ရေး၍ ကျွန်တော့် သွားပွတ်တံမှာထိုးစွပ် တိုက်ခိုက်ပါတော့သည်။

ကျွန်တော်ကလည်း တန်ပြန်ထိုးစစ်ကို ကလောင်နက် သုံးပြီး ပင်ကိုရေး စီးကရက်၏ ဆိုးကျိုးများကို ဖော်ထုတ်လျက်





အဖေ၏ စီးကရက်ဘူးနှင့် မီးခြစ်ကြားတွင် ညှပ်ထားခဲ့သည်မှာ နေ့စဉ်ဖြစ်ပါသည်။ များပြားလွန်းသဖြင့် မဖော်ပြတော့ပါ။

"နာနာမှတ် ဖိနပ်ဖြစ်မယ်–သာခု"ဟူသော ဆောင်ပုဒ်ကိုကား အဖေ့လက်ရေးနှင့် ဒုတိယနောက်ဆုံးလက်နက်အဖြစ် တွေ့ရသည်ကိုကား ဖော်ပြချင်ပါသည်။

(ယင်းစာတန်းသည် ယခုတိုင် ကျွန်တော်၏ ညွှန့်ခန်းဖေဖေ့ပုံတူ ပန်းပုရုပ်တုကြီးရှေ့တွင် ကျွန်တော် အမှတ်တရ ချိတ်ဆွဲထားပါသည်။)

တိုက်ပွဲ၏ ဒုတိယနောက်ဆုံးလက်နက်ဖြစ်သလို ဤစာတန်းနှင့်ပတ်သက်၍ ညွှန့်သည်များက စုံစမ်းမေးမြန်းကြဖန်များသောကြောင့်လည်း ဖြစ်ပါသည်။ ဟုတ်သားပေပဲ။ ရုတ်တရက်ဖတ်လိုက်တော့ ညွှန့်သည်များအနေနှင့် အရက်နှင့်ပတ်သက်၍ ကျွန်တော့်အား ဖေဖေဆုံးမသော စကားရပ်မှန်း မသိနိုင်ပါ။ "နာနာမှတ် ဖိနပ်ဖြစ်မယ်"ဆိုတော့ကော ဘာလဲ။ ဘယ်လို အဓိပ္ပာယ်လဲ။ ဆရာသာခုရဲ့ ကြီးမားသော အတွေးအခေါ်ကြီးတစ်ရပ်ပေလားဟူ၍။

အမှန်တော့ စောစောက ပြောသကဲ့သို့ ဆရာသာခုနှင့် ကျွန်တော်သုမောင်တို့၏ အပြန်အလှန်ရေးဖြစ်သော စာများတွင် ဒုတိယနောက်ဆုံးဖြစ်ကြောင်း; ကျွန်တော့်အား "မင်း ...ကျပ်ကျပ် သတိထား၊ အရက်သမားဟာ ကြာရင် သူများ ခထိမ့်မြင် ပြုစရာ ဖြစ်လိမ့်မယ်"ဟူ၍ သတိပေးခြင်းဖြစ်ကြောင်း ကျွန်တော် ညွှန့်သည်များကို ရှင်းပြနေခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လိုရင်းကို ပြန်ဆက်ပါရစေ။ ဤသို့ ဖေဖေသာခုက ကျွန်တော့်ကို ဒုတိယနောက်ဆုံး စာရေးပြီး နောက်တစ်နေ့တွင် ကျွန်တော်ကလည်း ဒုတိယနောက်ဆုံး ထုချေလွှာကို တင်ခဲ့ပါသည်။ စာရွက်တစ်ရွက်တွင် "ထီးနှင့်ဖိနပ်မပါ နွေခါမှသိ လိမ့်မည် သုမောင်"

ဟူ၍ရေးပြီး သူ့စီးကရက်ဘူးတွင် မီးခြစ်နှင့် ညှပ်ထားလိုက်ပါသည်။ ဖိနပ်သည်လည်း အရေးကြီးကြောင်း၊ အရက်သည်လည်း အသုံးချတတ်လျှင် အဖိုးတန်ကြောင်း ဆိုလိုလိုက်ပါသည်။ အမှန်ကတော့ ကိုယ်လိုရာဆွဲပြီး ပညာရှိစကားကို ကျွန်တော် အသုံးချခြင်းသာ ဖြစ်ပါသည်။ စကားနိုင်လုလိုသော သဘောဖြစ်ကြောင်း ဝန်ခံပါ၏။

ဒုတိယနောက်ဆုံးစာဟု ဆိုရခြင်းမှာ ထိုစာအပြီး နောက်တစ်နေ့မနက် ကျွန်တော်၏ သွားပွတ်တံတွင် ဖောက်စွပ်ထားသော ဖေဖေ၏တစ်လုံးတည်း စာလုံးပေါင်းသည် ကျွန်တော် လက်နက်ချအရှုံးပေးလိုက်ရစေသောကြောင့်ပင် ဖြစ်ပါသည်။

ထိုစာမှာ...

"–ိး"

❑ ❑ ❑

လေးစားအပ်သော စာဖတ်သူများခင်ဗျား။ ဤ(–ိး) ဟူသော အက္ခရာပျက်ကို ကျွန်တော်သည် အရှက်ကင်းမဲ့စွာ





ဖခင်ဆရာသာခု၏ ဂုဏ်ကို မစောင့်မစည်းစွာ၊ စာပေ၏ သိမ်မွေ့မှုတို့ကို ထိပါးစွာ ရေးချဖော်ပြလိုက်ခြင်း အလျှင်း မဟုတ်ရပါ။ ယင်းစာလုံးပေါင်း(–ိး)၏ အသံထွက်ဖြင့် စာရေးသူ တစ်ဦး၊ စာဖတ်သူတစ်ဦး အနေနှင့်လည်းကောင်း၊ လူ့ဘဝ၏ အချိုးအကွေ့တစ်ခုကို ဆုံးဖြတ်ပေးရာ၌လည်းကောင်း မြန်မာ (ဗမာ)စာပေတွင်နှင့် မည်မျှအရေးပါကြောင်းကို ကျွန်တော့်အား သိသာစေသော မှတ်သားဖွယ်တစ်ခု ဖြစ်ခဲ့ရသောကြောင့် ဖြစ်ပါသည်။

နောက်တစ်နေ့သောအခါတွင် ဖေဖေဆရာသာခုသည် သူ့ဘဝနှင့် ပတ်သက်သော အဖုအထစ်တစ်ခုကို ထိုအသံထွက်ဖြင့် အောင်မြင်စွာ ချေဖျက်နိုင်ခဲ့ကြောင်း ကျွန်တော့်အား ပြောပြပညာပေးခဲ့ဖူးလေသည်။

အသံထွက်အားဖြင့်သာ ဆိုလိုပါသည်။ စာလုံးပေါင်းအားဖြင့်'လည်း' ဖြစ်ပါသည်။

"–ိး တစ်လုံးဟာ သိပ်အရေးကြီးတယ်ကွ" ဟု အဖေ စကားစပြီး'လည်း' ပတ်သက်ပါဝင်သော ဝါကျတစ်ခုကြောင့် အလွန်ကြီးမားသော လူ့ဘဝအချိုးအကွေ့တစ်ခုကို အောင်မြင်စွာ ဖြတ်သန်းဖူးကြောင်း ဇာတ်ကြောင်း လှန်ပါသည်။

❑ ❑ ❑

သို့သော် ယင်းဇာတ်ကြောင်းမှာ သီးခြားအရေးကြီးသော အကြောင်းအရာဖြစ်သည်တစ်ကြောင်း၊ ယခုဖော်ပြသော စာပေ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲခေါင်းစဉ်ပါ အကြောင်းအရာနှင့် သီးခြားခံစား ဖတ်ရှုနိုင်သည်ကတစ်ကြောင်း၊ ကျွန်တော်၏ ကွမ်းစကား'မှုအတိုင်းတိုတိုနှင့်လိုရင်းတစ်ခုစီကိုသာ ပြဆိုလိုချင်သည်ကတစ်ကြောင်းတို့ကြောင့် ရှေ့လမှ ဆက်လက်ဖော်ပြပါရစေ။

ကျွန်တော်၏ စာသည် မည်မျှအကျိုးအကြောင်း ခိုင်လုံသည်ဖြစ်ပါစေ မြန်မာလူမျိုးတို့ နားနှင့်မျက်စိကို ထိပါးပုတ်ခတ်ရာရောက်သည်ဟု ယူဆကြပါလျှင် စာရေးသူတစ်ယောက်အနေနှင့် စာဖတ်သူကျေးဇူးရှင်အား လက်အုပ်ချီ ကန်တော့လျက် တောင်းပန်ပါကြောင်း...။

(ကလျာ၊ အောက်တိုဘာ၊ ၁၉၉၂)



# စိတ်ကူးထဲကသူငယ်ချင်း

ကျွန်တော်က စီးပွားရေးပညာတတ်သူ မဟုတ်ပါ။ စီးပွားရေးလောကကိုလည်း နားမလည်ပါ။ ကုန်ကုန်ပြောကြကြေး 'စီးပွားရေး' ဆိုသည့် ဝေါဟာရကိုပင် ရေလည်စွာ မရှင်းမလင်းသေးပါ။ သို့သော် လူနေမှုဘဝ မြင့်တက်လာခြင်းသည် စီးပွားရေးကောင်းလာသောကြောင့်ဟူ၍တော့ အကြမ်းဖျင်း နားလည်ထားပါသည်။ တစ်ဆက်တည်းပင် လူနေမှုဘဝ မြင့်တက်လာသူများ၊ ကျဆင်းသွားသူများကိုလည်း စာပေသမားတစ်ယောက်အနေနှင့် ကြည့်မြင်နေတတ်လေ့ရှိပါသည်။

ကျွန်တော့် ပတ်ဝန်းကျင်တွင် လူပေါင်းစုံကို တွေ့မြင်နိုင်ပါသည်။ ထို့ကြောင့် နေ့နေ့ညည လူမှုဘဝများကို မကြည့်ချင် မြင်လျက်သား တွေ့နေရပါသည်။ စာရေးဆရာသည် မိမိဘဝနှင့် မိမိဝန်းကျင်ကို ပထမ ထိတွေ့ ခံစားတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တွေးဆပါသည်။ နောက်တော့ အသိဉာဏ်ကွန့်မြူးပြီး စာပေအဖြစ် ဖန်တီးပါသည်။ မိမိတွေ့ကြုံရသော အဖြစ်အပျက်တို့သည် မျိုးစုံလာသောအခါ စာမျိုးစုံကို ရေးဖြစ်ပါတော့သည်။

ထို့ကြောင့်ပင် ကျွန်တော်သည် ဤစာစုကို ရေးဖြစ်ပါသည်။ ပြီးတော့ ဤစာစုနှင့် သက်ဆိုင်သော ဤမဂ္ဂဇင်းသို့ ပို့ဖြစ်ပါတော့သည်။

❑ ❑ ❑

ကျွန်တော်သည် ယခုနေသော ရပ်ကွက်တွင် သတင်းစာစက္ကူဝယ်သော ကုလားမှအစ သန်းကြွယ်တရုတ်သူဌေးများအထိ ရှိပါသည်။ အလယ်အလတ်တန်းစား မြန်မာများစွာလည်း ရှိပါသည်။ ထိုများစွာသော ပုရိသများထဲမှ လတ်တလော ကျွန်တော် စိတ်ဝင်စားနေသူသုံးဦးအကြောင်းကို ရေးချင်ပါသည်။ အလွန်ဆင်းရဲသော ပုဂ္ဂိုလ်များနှင့် အလွန်ချမ်းသာသောသူများ မပါဝင်ပါ။ သာမန်အလယ်အလတ်များကိုလည်း ချန်လှန်ထားခဲ့ပါမည်။

ကျွန်တော် ပြောပြလိုသော လူသုံးယောက်မှာ ကွမ်းယာရောင်းသော ကလေးမတစ်ယောက်၊ ပြည်သူ့ရဲတစ်ယောက်နှင့် ကနေ့အထိ ဘာလုပ်ကိုင်စားသောက်မှန်း မသိသော လူရွယ်တစ်ယောက်အကြောင်းမျှသာ ဖြစ်ပါသည်။ မည်သို့ပင်ရှိစေ





ကျွန်တော်သည် ယခုအခါ လူ့ဘဝ အကောင်းကွက်ကလေးများကိုသာ စိတ်ခံတွင်းတွေ့နေချိန် ကြုံကြိုက်သောကြောင့် သူတို့သုံးယောက်၏ ဘဝများ တိုးတက်လာပုံကိုသာ ဖော်ကျူးပါမည်။ မုဒိတာပွားနိုင်ရန်ဟု ယူဆမိပါကြောင်း။

❑ ❑ ❑

ကျွန်တော်တို့ ခြံရှေ့တွင် လက်ဖက်ရည်ဆိုင် ရှိပါသည်။ လက်ဖက်ရည်ဆိုင်တို့ ဘာသာဘာဝ လူပေါင်းစုံသည်။ လူပေါင်းစုံသဖြင့် စရိုက်ပေါင်းစုံသော်လည်း သူ့စရိုက်များကို ရုတ်တရက် ဖမ်းလို့မရပါ။ ဟန်ဆောင်သူများ၊ လုံးဝ ပွင့်လင်းသူများ ရှိနေသဖြင့် စရိုက် ဖမ်းရခက်ပါသည်။

ထို့ကြောင့် အပြင်ပန်းပုံသဏ္ဌာန် မှုသေရှိသော သူများကိုသာ ကြည့်မြင်သုံးသပ်ရပါသည်။ ကျွန်တော်က အားလျှင် လက်ဖက်ရည်ဆိုင်ထိုင်သဖြင့် ဆိုင်အနီးဝန်းကျင်ကို အမြဲတမ်း သတိထားနေပါသည်။

လက်ဖက်ရည်ဆိုင်၏ တစ်ဖက်ဝလက်ဖောင်းပေါ်တွင် ကွမ်းယာသည် တစ်ယောက်ရှိပါသည်။ မိန်းမငယ်ကလေးဖြစ်ပါသည်။ သူ့နေရာကလေးကို တရားဝင်သဘောထားသလား မသိ။ ဆိုင်ထွက်ချိန် ဆိုင်သိမ်းချိန်တွင် နေရာဇာစ်ရွှေ့သွား မပြောင်း ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုရခြင်းမှာ ဆိုင်ဖွင့်နေဆဲကာလတွင် သူ့နေရာကလေး ပြောင်းပြောင်းသွားတတ်သောကြောင့်ဖြစ်သည်။ နေပူရှိန်အတက်အကျလိုက်၍ အရိပ်ရှိရာသို့ ပြောင်းရသည်။ မိုးသက်လေပြင်းကျလျှင်တော့ ခြံရှေ့လက်ဖက်ရည်ဆိုင်ကလေးထဲလာပြီး ခိုအောင်းတတ်သည်။ တစ်ခါတစ်ရံ အူလျားဖားလျားပြေးပြေးလာတတ်သည်ကိုလည်း တွေ့ရသည်။ ကျွန်တော်ကကွမ်းယာကိုစားတတ်သူ မဟုတ်ပါ။ သို့သော် တစ်ခါတလေကွမ်းကို အပျင်းပြေ ဝါးတတ်ပါသည်။ ဟိုအရင်တုန်းကို ဆိုလိုပါသည်။ ထိုစဉ်က ကျွန်တော် ဂရုမထားမိတာ တစ်ခုရှိပါသည်။ ကွမ်းယာသည်တို့က လက်များညစ်ပတ်ပေရေနေခြင်းပါ။ တစ်ခါတလေ သူတို့လက်ပေကို လုံချည်ထဘီများဖြင့် သုတ်တတ်ပါသည်။ နှပ်ညှစ်ခြင်း၊ ချွေးသုတ်ခြင်းများကိုလည်းလုပ်တတ်ပါသည်။ ဤအချင်းအရာကို မြင်ဖူးကတည်းက ကျွန်တော်တွင် ကွမ်းလုံးဝ မစားဖြစ်တော့ပါ။

စောစောက ပြောခဲ့သော ကလေးမသည် ကျွန်တော့်ကိုစိတ်ဖြင့် ခင်မင်နေရပုံရသည်။ သူ့ကွမ်းယာ မစားဖူးသော်လည်းကျွန်တော့် လက်ဖက်ရည်အဖော်များက သူ့ထံမှ ကွမ်းယာဝယ်စားသဖြင့် ကျွန်တော်နှင့်ပါ ရင်းနှီးလာသယောင် ရှိပါသည်။ မျက်မှန်းတန်းမိသည် ဆိုကြပါစို့ရဲ့။

ကျွန်တော့်မိတ်ဆွေကွမ်းယာသမားများက လက်ခုပ်တီးခေါ်လျှင် သူက ကွမ်းယာထုပ်များ တစ်ဖက်ကမ်းမှ ပြေး၍





လာပို့တတ်ပါသည်။ ဖောက်သည်များ ဖြစ်နေသောကြောင့်ဘယ်လောက်ဖိုး ဘယ်လိုကွမ်းယာမျိုးကို သူအတပ်သိနှင့်ပြီးပါ။ ဘယ်သူ့သို့ ဘယ်အထုပ်၊ ဘယ်ဝါဖို့ ဘယ်လောက်ဖိုးအဆင်သင့်ပင်။ ခြော် သူ့ဘဝနှင့်သူ့ကျွမ်းကျင်မှုပေါ့။ ကြည်နူးရပါသည်။

သို့သော် မျက်စိရှုးသော အမှတ်သည်ခြေကြီးသောစာရေးဆရာအဖို့ သူကလေး ကွမ်းထုပ်လာပေးစဉ်တိုင်း သူ့လက်သည်းများကို အသည်းယားရသည်မှာ အမြဲပင်။ ကလေးမသည် အိမ်ထောင်သည်ဖြစ်သော်လည်း ငယ်ရွယ်ပါသေးသည်။ လှပချင် စိတ် လွန်ကဲတုန်း။ သူက လက်သည်းရှည်ထားသည်။ သူ့လက်သည်းများသည် အပေါ်စား လက်သည်းနီဆိုးထားသဖြင့်ကွက် တိကွက်ကျား။ လက်သည်းခွကြားထဲတွင် ကွမ်းချေးသား၊ ဘာချေးလားတော့မသိ။ မည်းညစ်ညစ်နေသည်။ ကျွန်တော့်မှာ မိတ်ဆွေသမားများအစား ပျို့၍ပျို့၍သာ နေရသည်။ ပြောသည်း ပြောမထွက်ပါ။ သင်းတို့ ရွံသွားလျှင် ကလေးမ စီးပွားရေး ထိခိုက်မည်။

တစ်နေ့ လက်ဖက်ရည်ဆိုင်ထဲ သူရောက်နေစဉ် ကျွန်တော်နှင့် နှစ်ယောက်တည်း ဆုံကြသည်။ ကျွန်တော့်အား ဦးလေးကွမ်းယာ မကြိုက်ဘူးလားဟု မိတ်ဆက်စကားပြောသည်။ ကျွန်တော်က သူ့အမေးကို မဖြေဘဲ မဆိုင်သောစကားကိုဆိုလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ညည်းက လက်သည်းရှည်တွေ ဘာတွေနဲ့ပါလား"

သူက ရှက်ပြုံး ပြုံးပါသည်။ သူ့လက်သည်း သူကြည့်၍ ကျေနပ်သယောင်လည်း ပြုပါသည်။

"အင်း လှချင်တာတော့ ဟုတ်ပါရဲ့။ ကွမ်းယာ ယာနေရတော့ လက်သည်းကြားထဲ အညစ်အကြေးတွေ ဝင်မှာပေါ့။ ဘယ်လှတော့မလဲ"

"လက်သည်းရှည်နေမှ ပိုပြီး ကွမ်းယာလို့ ကောင်းတာဦးရဲ့"

"အေး–ဒါပေမယ့် ထုံးတို့ ရှားစေတို့က လက်သည်းကြားထဲမှာ ကြာကြာဝင်နေရင် အနာဖြစ်မယ်။ လက်သည်းပုပ်သွားမယ်။ တော်ကြာ ညည်းလက်သည်းတွေ မလှဘဲ ဖြစ်ကုန်မှာပေါ့"

ကျွန်တော်က စကားအလိမ္မာသုံး၍ ပြောရပါသည်။ သူက တွေတွေကလေး စဉ်းစားပါ၏။ "ဟုတ်သလားဦး"ဟု ထောက်ခံချက်တောင်းသည်။ ကျွန်တော် ခေါင်းညိတ်ပြသောအခါ သူ့လက်ချောင်း ညစ်ပေကလေးများကို ငုံ့ကြည့်လိုက်လေသည်။

ခဏကြာသောအခါ သူ့ယောက်ျားဖြစ်ဟန်တူသော လူရွယ်တစ်ယောက် ကွမ်းယာဗန်းထမ်းပြီး လက်ဖက်ရည်ဆိုင်ထဲ ခြေပစ်လက်ပစ် ဝင်လာတော့သည်။

သူတို့နှစ်ယောက်သား ကျွန်တော့်ကိုကျော်၍ စကားဆိုကြပါသည်။





"ဘယ်နှယ်လဲ"

"မတတ်နိုင်ဘူး။ ဒဏ်ငွေဆောင်ခဲ့ရတာပေါ့"

"အင်း ကျွန်မလည်း ဒီနေ့မှ ရွှေးပြီး သတိလစ်သွားတယ်"

"အဲဒါမှတ်တော့။ နောက်ဆိုရင် ဟိုက သတင်းပေးတာနဲ့ ဆိုင်မြန်မြန်သိမ်း"

အခြေအနေကို ကျွန်တော် ခန့်မှန်းနိုင်ပါသည်။ လမ်းဘေးဈေးသည်များ မြို့စည်ပင်ရဲက ဖမ်းသွားခြင်းသာ ဖြစ်ပါလိမ့်မည်။ သူတို့လင်မယား ဆက်လက်တွတ်ထိုးနေစဉ်မှာ ရဲသားလေးတစ်ယောက် စက်ဘီးဖြင့် ရောက်လာသည်။ သူလည်း ကျွန်တော် မျက်မှန်းတန်းမိပြီးသား ဖြစ်ပါသည်။ သူလည်း လက်ဖက်ရည်ဆိုင်မှာ မကြာမကြာ လာထိုင်နေကျပါပဲ။ ကျွန်တော့်ကို တစ်ချက်ပြုံးပြီး ကွမ်းယာလင်မယားဘက် မျက်နှာမူသည်။

"နင်တို့ ငါ့စကားမှ နားမထောင်ဘဲ။ မနေ့ကတည်းက ငါပြောတယ်။ ဒီနေ့ လမ်းကြောင်းရှိတယ်လို့၊ ခုတော့ မှတ်ပြီသား။ နင်တို့ဟာ ကိုယ့်အလုပ်ကို ဂရုမစိုက်ကြဘူး"ဟု ရဲသားငယ်ကဆိုသည်။ သူပြောပုံမှာ လိုအပ်သည်ထက် ပို၍ စာနာယူနေမှန်း သိသာပါသည်။ ကျွန်တော့်ရှေ့မှာမို့ တမင်ကလာပြောတာလည်း ဖြစ်ပါလိမ့်မည်။ သူ့ဟန်ပန်၊ သူ့စကားနှင့် ပြောပုံစံတို့သည် ပီတိရဲအုပ်ကြီးစတိုင်(လ်)ပေါက်နေသည်။ သို့



www.burmeseclassic.com

www.burmeseclassic.com



သော် သူသည် သာမန်ရဲသားကလေးမျှသာ ဖြစ်သည်။ လက်မောင်းတွင် အရစ်တစ်ရစ်သာ ရှိပါသည်။ သို့သော်...။

□ □ □

ထိုရဲသူငယ်သည်လည်း ကျွန်တော်အလိုလို ဂရုစိုက်နေမိသူထဲ တစ်ဦးအပါအဝင် ဖြစ်ပါသည်။ လက်ဖက်ရည်ဆိုင်ထဲဖြူနီကြောင်ကျားဝတ်စုံများအလယ်တွင် သူ၏ဝတ်စုံယူနီဖောင်းက ထူးခြားနေသောကြောင့် ဖြစ်ပါသည်။

သူ၏ အားလပ်ချိန်မို့လို့လား၊ တာဝန်အရလေလားတော့ ဖြင့် ကျွန်တော် မသိပါ။ သူ့ကိုလည်း လက်ဖက်ရည်ဆိုင်မှာ မကြာ မကြာ ဆုံပါသည်။ ညနေဘက်တွင် ဖြစ်တတ်သည်။ ကျွန်တော်ကား အိမ်နှင့် လက်ဖက်ရည်ဆိုင် နီးသောကြောင့် အချိန်ပြည့်လို လက်ဖက်ရည်ဆိုင်မှာရှိ နေတတ်တာလည်းတစ်ကြောင်းဖြစ်သည်။ မည်သို့ပင်ရှိစေ သူ ကျွန်တော့်ကို တွေ့တိုင်း ပြုံးပြမြဲဖြစ်သည်။ သူ့သွားတွေကို သတိထားနေမိသည်။ ဖြူဖွေးလွန်းသည်ထင်ရ၏။ တကယ်တော့ နေလောင်ထားသော သူ့မျက်နှာက မည်းသောကြောင့် ဖြစ်လိမ့်မည်။ မည်းသော်လည်း သူ့ကိုယ်သူ ယုံကြည်ဟန် သူ့အလုပ်သူ ဂုဏ်ယူသောအပြုံး ပတ်ဝန်းကျင်ကို အမြဲတမ်း ဂရုစိုက်နေသော မျက်လုံးများကြောင့် သူ့မျက်နှာက ထင်းထင်းစင်းစင်း ရှိသည်။





ပို၍ မှတ်မိလွယ်စေသည်မှာ သူ၏ အဆင်တန်ဆာများဖြစ်ပါသည်။ သူ့ကို တွေ့လိုက်လျှင် အမြဲတမ်း ကြော့ရှင်းနေသည်။ သူ့ဝတ်စုံမှာ ခပ်နွမ်းနွမ်းဖြစ်သော်လည်း မီးပူကျလိုဖြစ်နေသည်။ ဘောင်းဘီဒူးဆစ်နှင့်နှင့် အင်္ကျီကုပ်သားတို့ ပြဲပေါက်နေသော်လည်း သပ်ရပ်စွာ ဖာထေးထားသည်။ ဖနောင့်ပြဲနေ၍ ခြေသန်းနေရာ ပေါက်နေသော သူ့ရှူးဘိနပ်ကို အသားမိုးချုပ်ထားသည်။ သို့သော် နက်ပြောင်နေသည်ကိုသာ အမြဲတွေ့ရသည်။ သူ့ခါးပတ်မှ ကြေးကွင်းသည် ရွှေရောင်သနေ၏။ သူ့ဦးထုပ်ကို ပလတ်စတစ် ဖုံးထားသည်။ ခါးတွင် ချိတ်ထားသောလက်ထိပ်သည် သံချေးတက်ထားသော်လည်း ကော်ပတ်သို့မဟုတ် ဓားဖြင့် အမြဲ မြစ်ထားဟန်ရှိသည်။ ပြောင်လက်နေသည်။ ချိတ်ထားသော ဓားမြှောင်အိတ်ကိုလည်း လက်မ၊ လက်ညှိုးဖြင့် ခွ၍ စတိုင်ပါပါ ကိုင်ဆနေတတ်သည်။ သေနတ်ကျနေတာပဲ။ လက်နှိပ်ဓာတ်မီးကိုတော့ ပလတ်စတစ်အိတ်တွင်ထည့်၍ လက်ကောက်ဝတ်တွင် ဟွဲလောင်းဆွဲထားတတ်သည်။ င်ဘတ်မှ သူ့အမည်ပါ တံဆိပ်ကို အားလျှင် လက်မဖြင့်ပွတ်၍သ,နေဟာတ်သည်။ ယူနီဖောင်းနှင့် လိုက်ဖက်သော ကိုယ်နေဟန်ထားရှိမှန်း သူ့ကိုယ်သူ သိပုံရသည်။ သူလမ်းလျှောက်ပုံမှာအမေရိကန် ပုလိပ်များကဲ့သို့ လှပသည်။

အထူးခြားဆုံးက သူ၏စီးတော်ယာဉ်စက်ဘီးဖြစ်သည်။ အမြဲမပြတ် ဆေးကြောထားပုံရသည်။ အချို့နေရာများ ဆေးပွန်း



www.burmeseclassic.com

www.burmeseclassic.com



ချို့ထင်နေသည်။ စက်ဘီးတစ်စီးတွင် လိုအပ်သမျှ ကိရိယာတန်ဆာပလာ အကုန်ပါသည့်အပြင် သူ့အဖို့ လိုအပ်မည်ထင်သည်များကိုပါ တပ်ဆင်ထား၏။ သူ့မျက်စိထဲ ကြည့်ကောင်းမည်ထင်သော အလှပအပစ္စည်းကလေးများပင် တိုးလိုးတွဲလောင်း တပ်ဆင်ထားသည်။ သို့သော် ကနေ့လူငယ် တချို့ သူတို့မော်တော်ကားများတွင် မျက်စိနောက်လောက်အောင် ပြင်ဆင်ပုံမျိုးကားမဟုတ်။ ဆရာဝန်တစ်ယောက် သူစီးနေကျ ဘိုးဘွားပိုင်မော်တော်ကားကို သ,ထားသည်နှင့် တူပါသည်။

အကျဉ်းချုပ်ပြောရလျှင် ထိုရဲသူငယ်၏ဟန်ပန်နှင့် သူ့အသုံးအဆောင်ပစ္စည်းများသည် လိုက်ဖက်သည်၊ ကြည့်ကောင်းသည်ဟု ထင်ပါသည်။ ကျွန်တော်ကတော့ ကြိုက်ပါသည်။

စာရေးဆရာသည် ကိုယ်တိုင်မပြင်ဆင်တတ်သော်လည်း သဟဇာတ ဖြစ်မှုများ၊ သိမ်မွေ့လှပမှုများကို ချစ်၏။

ထို့ထက်ကား ကျွန်တော်သည် မိမိဘ၀နှင့် မိမိ အလိုက်သင့် ဂုဏ်ယူတတ်သောသူများကို ခံတွင်းတွေ့တတ်သူ ဖြစ်ပါသည်။

❑ ❑ ❑

တစ်နေ့က ကျွန်တော့်မိခင်ကြီး နေမကောင်းသဖြင့် နီးရာဆေးခန်းတစ်ခုသို့ လိုက်ပြပါသည်။ ဆေးခန်းနှင့်ကပ်လျက် အိမ်ရှေ့တွင် အခန်းကလေးတစ်ခန်း ကန့်လျက်တွေ့ရသည်။





ကျွန်တော့်စိတ်ထင် မျက်နှာစာ လေးပေလောက်သာရှိမည်။ လူတစ်ထိုင်စာနေရာကလေးဖြစ်သည်။ ထိုနေရာတွင် ကျွန်တော်ပြောခဲ့ဖူးသော ကွမ်းယာသည်မလေးကို အမှတ်မထင် တွေ့ရသည်။ အမှတ်မထင်ဟု ပြောရခြင်းမှာ သူ့ကို ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်ရှေ့တွင် မတွေ့သည်မှာ ကြာပြီဖြစ်သောကြောင့်ဖြစ်သည်။ ကျွန်တော့်ကို တွေ့တွေ့ချင်း "ကွမ်းယာစားပါလားဦး"ဟု အယောင်ယောင်အမှားမှား ညွှတ်ောက်ခဲ့သည်။ ကျွန်တော် ကွမ်းယာမဝါးမှန်း သူ့မေ့သွားပုံရသည်။ ကျွန်တော်က လက်ကာပြပြီး အမေ့ကို ဆေးခန်းထဲ လိုက်ပို့သည်။ ဆရာဝန်စောင့်ရဦးမည်ဖြစ်သဖြင့် ဆေးခန်းအပြင် ထွက်ခဲ့သည်။ လမ်းပေါ်အရောက်တွင် ဟော ကျွန်တော်ပြောခဲ့ဖူးတဲ့ ရဲသူငယ်လေးကိုလည်း တိုက်တိုက်ဆိုင်ဆိုင် ဆုံရပြန်သည်။ ရဲသူငယ်က ကျွန်တော့်ကို ထုံးစံအတိုင်း ဖြီးသွားသောသွားများ ပြလျက်ပြုံးသည်။ သူ့တွင် အရင်တုန်းက အတိုင်း ပုံစံမပျက်ဟန်မပျက်။ သူ့အဆင်တန်ဆာများသည်လည်း မကြာလို့မော့လို့ပင်။ သူ့စက်ဘီးကလေးမှာလည်း မပြောင်းလဲသေးပါ။ သူ့တစ်ကိုယ်လုံးတွင် ပြောင်းလဲနေတာ တစ်ခုခုတော့ ရှိနေမှန်း ကျွန်တော် သိနေသည်။ သို့သော် ရုတ်တရက် စဉ်းစားမရ။

"နေမကောင်းလို့လား အစ်ကိုကြီး"ဟု သူက နှုတ်ဆက်သဖြင့် အမေ နေမကောင်းကြောင်းပြောသောအခါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘာကူညီရမလဲ"ဟု မေးသဖြင့် ပြုံးမိသေးသည်။ သူက ပြုံးမြဲဖြစ်သော သူ့ကိုယ်သူ သ,သည့်အမူကိုပြု၏။ သူ့လက်မောင်းကို လက်ဖြင့်ထောက်၍ ဖုန်ခါသောအခါ ဩော်နှစ်ရစ်ဖြစ်နေပြီကိုး။ ကြည်နူးဝမ်းသာသွားရပါသည်။

ခံတွင်းချဉ်လာသဖြင့် ကွမ်းယာဆိုင်ဘက်သို့ လျှောက်လာပြီး ဆေးပေါ့လိပ်တစ်လိပ် ဝယ်သည်။

ကလေးမက "မယူပါဘူး၊ လပ်ကီး သောက်ပါဦး"ဟုဆိုမှ သူ့ဆိုင်ခုံကလေးကို သတိပြုမိပါသည်။ ကွမ်းယာ၊ စီးကရက်နှင့်ဆေးပေါ့လိပ်၊ ချိုချဉ်အစုံ တင်ထားသည်။ အပေါ်မှာလည်း ပလတ်စတစ်ဖြင့်ပင် ဖုံးကာထားသည်။ ကျောက်ပြွပ်အရောင်းကောင်တာများ စတိုင်ဖမ်းထားခြင်းဖြစ်သဖြင့် ပြုံးမိသည်။

သူ့စေတနာကို အလေးထားသောအားဖြင့် ဆေးပေါ့လိပ်ဖိုး ပိုက်ဆံမပေးတော့ပါ။ သူက ဂုဏ်ယူဝင့်ကြွားသော စကားဆိုသည်။

"သမီး လက်သည်းတွေ ဖြတ်ပစ်လိုက်ပြီဦး" မရဲတရဲ သူ့လက်သည်းများကို ပြသည်။ ကွမ်းသွေးများဖြင့် ရဲရဲနီနေပါသည်။ ကျွန်တော် လှည့်ထွက်မည်ပြုသောအခါ–

"ဦး ဦးတို့အိမ်မှာ မော်တော်ကားမှန်အကွဲတွေ ဘာတွေ မရှိဘူးလား"

"ဘာလုပ်ဖို့တုံး"

"သမီးဆိုင်မှာ အလှပြင်စရာ ရှိသေးလို့"





"မရှိပါဘူးကွယ်"ဟု ကျွန်တော်က ပြောသောအခါ–

"ဟင်–ဦးကလည်း မင်းသားလုပ်နေပြီးတော့"ဟု ဘယ်ရောက်လို့ ရောက်မှန်း မသိသော ပေါက်ကရာစကားကို ကလေးငယ်ကဲ့သို့ ဆိုရှာသည်။

❑ ❑ ❑

အမေ့ကိစ္စပြီးစီး၍ အိမ်ပြန်သောအခါ လမ်းတွင် ခေတ်မီမော်တော်ဆိုင်ကယ်ကလေးတစ်စီးကို ကျော်တက်ရသည်။ ဩော်သူတို့ စုံတွဲကိုး။ သူတို့ကိုလည်း ကျွန်တော် မျက်မှန်းတန်းမိပြီးသားပါ။ လက်ဖက်ရည်ဆိုင်ရှေ့မှ နံနက်နှင့် ညနေတိုင်း အချိန်မှန်ဖြတ်သွားနေကျ ဖြစ်သည်။ လက်ဖက်ရည်ဆိုင် ဝင်ထိုင်လေ့မရှိသဖြင့် ကျွန်တော်နှင့် မရင်းနှီးပါ။ စိတ်ဖြင့် ကျွန်တော့်ဘက်က တရင်းတနှီး ဖြစ်နေတာတော့ ကြာပါပြီ။ ကြာဆို ခြံရှေ့လက်ဖက်ရည်ဆိုင် မရှိခင်ကတည်းကဖြစ်သည်။

"ကိုယ်ပြောနေတာ အဲ့ဒီစုံတွဲပေ့ါအေးဘုံ"ဟု ကျွန်တော့်နှီးသည်ကို ပြောရင်းပြသည်။ ခဏ ခဏ ကျွန်တော် ပြောဖူးနေသဖြင့် အေးဘုံလည်း သူတို့ကို စိတ်ဖြင့် ရင်းနှီးနေနှင့်ပါပြီ။ သူတို့အကြောင်းကလည်း ကျွန်တော် စိတ်ဝင်စားရာကောင်းသောကြောင့် ကျွန်တော်က မကြာခဏ ပြောပြနေမိခြင်းဖြစ်ခဲ့ပါသည်။ စာရေးဆရာတစ်ယောက်အနေနှင့် အသေးအဖွဲ့ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



များသည် တွေးတောစရာဖြစ်သည်ဟု လက်ခံပါလျှင် သူတို့အကြောင်းသည်...

ခြံရှေ့လက်ဖက်ရည်ဆိုင်နေရာတွင် အရင်က မော်တော်ကားဝင်သော အုတ်ခုံကလေးရှိသည်။ ညနေတိုင်း ကျွန်တော်တို့ထိုင်နေကျဖြစ်သည်။ တခြားလူတွေ မသိ။ ညနေတိုင်း ပုံမှန်ဖြတ်ဖြတ်သွားသော သူ့ကို ကျွန်တော်ကတော့ ဂရုစိုက်ခဲ့မိသည်။ သူ ဘာအလုပ်လုပ်သည် မသိရသော်လည်း သေသေသပ်သပ် ဝတ်စားဆင်ယင်ပြီး နံဘေးနံဘီကို ဂရုမစိုက်ဘဲ ကိုယ့်လမ်းကိုယ်လျှောက်နေတတ်သော သူ့စရိုက်က ကျွန်တော့်ကို ဖမ်းစားသည်။ ထူးခြားသည်မှာ ကျွန်တော့်မျက်စိရှေ့မှာပင် သူ့အပြင်အဆင် သူ့အမူအရာသည် ပို၍ ပို၍ သေသပ်လာခြင်းပင်ဖြစ်သည်။ ဟော– ဘာမှ မကြာလိုက်၊ သူ့ကို ခြေကျင်သွားလျက် မဟုတ်ဘဲ စက်ဘီးကလေးတစ်စီးဖြင့် အလုပ်သွား အလုပ်ပြန်တွေ့လာရသည်။ သူသည်လည်း စောစောက ကျွန်တော်ပြောခဲ့သော ရဲသူငယ်ကဲ့သို့ အပြင်အဆင်နှင့် သူ့စက်ဘီးကို ဂရုတစိုက်ရှိမှန်း သိသာသည်။ သဘောကတော့ သူ့အလုပ်ကို သူဂရုစိုက် ဂုဏ်ယူနေတာ ပေါ်လွင်ပါသည်။ ဒါ ကို ကျွန်တော်က အလိုလိုသိနေခြင်းဖြစ်၏။

နောင် ခြံရှေ့လက်ဖက်ရည်ဆိုင်ဖွင့်ပြီးသကာလ ကျွန်တော်လည်း လက်ဖက်ရည်ဆိုင် ထိုင်သည့် ဝါသနာပေါ်လာသည့်အချိန်တွင် ထိုသူ၏စက်ဘီးနောက် ကယ်ရီယာပေါ်တွင် မိန်းမ





ငယ်တစ်ယောက် တင်ပါးလွှဲထိုင်၍ လိုက်ပါလာသည်ကို ကျွန်တော် မြင်ရပါတော့သည်။ သူတို့နှစ်ယောက်သည် အိမ်ထောင်ကျပြီးစမှန်း သိသာသည်။ သေချာတာကတော့ နှစ်ယောက်သားလိုက်ဖက်ညီခြင်း ဖြစ်သည်။ ဝတ်စားဆင်ယင်မှု မျက်နှာထား၊ ဣန္ဒြေနှင့် ကိုယ့်အလုပ်ကိုယ် လုပ်နေကြသည်မှာ ရှေ့သွားနောက်လိုက် တင့်တယ်လှပေသည်။

မိုးရွာ၊ နေပူ၊ ဆောင်းချမ်း သူတို့စုံတွဲကား ဟန်မပျက်ခရီးဆက်ချိတက်နေကြပုံမှာ ကြည့်ရင်းမှပင်(ရုပ်ရှင်၊ ဗီဒီယိုများထဲမှာကဲ့သို့) ပြောင်းလဲသွားပါသည်။ အချိန်တွေ ရွေ့လျားနေသည်ကို စာရေးဆရာက ဂရုမစိုက်မိတာလည်း ဖြစ်ပါလိမ့်မည်။ ဘယ်နှစ်နှစ် ရှိသွားပြီကို ကျွန်တော် သတိမမူမိခဲ့ချေ။ သူတို့၏ စက်ဘီးနေရာတွင် အပေါ်စား အပေါ့စား မော်တော်ဆိုင်ကယ်ကလေးတစ်စီးအစား ဝင်လာပါပြီကော။ ထို့ထက်ကား သူတို့နှစ်ယောက်ကြားတွင် အခါလည်လောက်ရှိမည့် ကလေးငယ်တစ်ယောက် ဘွားခနဲ ပေါ်လာလေသည်။ ကလေးငယ်သည် သူ့အပြင်အဆင်နှင့်သူ သပ်သပ်ရပ်ရပ် ဖြစ်နေပါသည်။ ကလေးအမေ၏လက်ရာဟု ခန့်မှန်းရပါသည်။ သည်အရွယ်ကလေးကို လုံလုံခြုံခြုံခေါင်သွားတတ်နေခြင်းအားဖြင့် သူတို့တွင် မိထွေးမိကြီးအိမ်ဖော်အိမ်လှော်ရှိဟန် မတူ။

သူတို့ဘာလုပ်ကိုင်စားသောက်နေမှန်း ကျွန်တော် မသိပါ။ နှစ်ယောက်စလုံး အမှုထမ်းလား။ တစ်ယောက်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



အမှုထမ်းလား။ သို့မဟုတ် နှစ်ယောက်စလုံး ကိုယ်ပိုင်လုပ်ငန်းလား။ သေချာတာတစ်ခုကတော့ သူတို့သည် ချမ်းသာကြွယ်ဝသူများ မဟုတ်။ ရိုးသားကြိုးစား လုပ်အားဖြင့် သူတို့ဘဝကို သူတို့ ထူထောင်နေကြခြင်းသာ ဖြစ်ပါလိမ့်မည်။ သို့သော် သူတို့နှင့် မဆုံဖြစ်တာ ကြာပါပြီ။

❑ ❑ ❑

စောစောက ပြောခဲ့သလို ဆေးခန်းမှအပြန် သူတို့ မော်တော်ဆိုင်ကယ်ကလေးကို ကျော်တက်လာခဲ့ပြီးနောက် ကျွန်တော်က–

"ဆိုင်ကယ်အသစ်ကလေးနဲ့ ဖြစ်နေပြီကွ။ ဒါမျိုးဆို ခုခေတ်ပေါက်ဈေး နှစ်သိန်း၊ သုံးသိန်းပဲ"ဟု မှတ်ချက်စကားဆို၏။ ကျွန်တော့်ဇနီး အေးဘုံကမူ "ကလေးလေးက ချစ်စရာလေး"ဟု ပြောသည်။

ဘာမှမသိသော အမေက "ဟဲ့ ဘယ်သူတွေလဲ"ဟု မေးသောအခါ ကျွန်တော်က "ကျွန်တော့်သူငယ်ချင်းတွေပါ"ဟု ဖြေပါသည်။

ပြီးပြီးစလွယ် ဖြေခြင်းမဟုတ်ပါ။ သူတို့သည် ကျွန်တော့်စိတ်ကူးထဲမှာ သူငယ်ချင်းကောင်းများ ဖြစ်နေပါပြီ။ ဒါကို ဘယ်သူတွေ နားမလည် နားမလည် ကျွန်တော်ကတော့ အသေမှတ်ထားလိုက်သည်။





စာရေးဆရာ၏ စိတ်ကူးထဲမှ မိတ်ဆွေသူငယ်ချင်းများသည် ကြိုးစားသည်။ ကိုယ့်ဘဝ၌ ကိုယ်ပျော်မွေ့သည်။ ကြီးပွားချမ်းသာ ရေးလို ရှေးရှုရာ၌ ကျစ်လျစ်သိပ်သည်းသည်။

(ရွှေစည်းစိမ်၊ စက်တင်ဘာ၊ ၁၉၉၇)



www.burmeseclassic.com

www.burmeseclassic.com

# ဟိုင်းဟောင်ကောင်

မှတ်မှတ်ရရ ဤစာစုကို စရေးလိုက်သော အချိန်တွင် လက်မှ လက်ပတ်နာရီသည် ည ၁၀ နာရီခွဲ။ ဘာကြောင့် နာရီမှတ်ပြီး စာရေးသနည်း။ နောက်မှ ရှင်းပြပါမည်။

ဤစာစုကို မရေးမီ ကျွန်တော်သည် သူငယ်ချင်းတစ် ယောက်အိမ်မှာ ရောက်ရှိနေခဲ့သည်။ တစ်နေ့ခင်းလုံး သူ့အိမ် မှာ စလောင်းတီဗွီ ထိုင်ကြည့်နေခဲ့သည်။ ယင်းတီဗွီအစီအစဉ် များတွင် ဘယ်ချယ်နယ်(လ်)ဖမ်းဖမ်း ဟောင်ကောင်ကျွန်းလွှဲ ပြောင်းရေး အစီအစဉ်သာ မကြာ မကြာ ပေါ်လာနေတတ်သည်။ ကျွန်တော်တို့ဆီမှ တီဗွီအစီအစဉ်တွင် ကြော်ငြာများ ခဏ ခဏ ကြားဖြတ်ပေါ်လာနေတတ်သကဲ့သို့ပင်။

သူတို့က ကောင်းသတင်း ကြေညာလေတိုင်း နောက် ထပ်နာရီ မည်မျှကြာလျှင် ပြည်မကြီးထံ တရားဝင်အုပ်ချုပ်ရေး





လွှဲပြောင်းပေးတော့မည်ဟု အချိန်အတိအကျ ဖော်ညွှန်းကြေညာ တတ်ပါသည်။ သူတို့ကျွန်းနှင့် ကျွန်တော်တို့နိုင်ငံသည် အချိန် တစ်နာရီခွဲ ခြားနားသည်။ ကမ္ဘာ့အရှေ့ဘက်ကျသော သူတို့က စောသည်။ ဒါကြောင့် ကျွန်တော်သည် စောစောက ပြောသလို ဤစာစု စပြီး ရေးချိန်ကိုဖော်ပြရခြင်းဖြစ်သည်။ ခု ကျွန်တော် ည ၁၀ နာရီခွဲထိုးတော့ သူတို့ဆီမှာ ၁၂ နာရီ(သန်းခေါင်) ထိုင်လေပြီ။

ဒြော် ခုချိန်ဆိုလျှင် ဟောင်ကောင်ကျွန်းသည် ဗြိတိသျှ လက်အောက်မှ တရုတ်ပြည်မကြီးထံ ပြန်လည် ခိုဝင်တော့မည့် "ကြိုးတန်းပေါ်မှအချိန်" ရောက်နေပါပြီကော။ ကျွန်တော့်စိတ် ထဲတွင် တစ်ခုခုကို လွမ်းမိသလိုပါပဲလား။

ဟင် ကျွန်တော်နှင့် ဘာဆိုင်သနည်း။ ဗြိတိသျှအင်ပါ ယာအကြောင်း၊ တရုတ်ပြည်မကြီးအကြောင်းသည် တကယ် တမ်းကျတော့ နိုင်ငံရေးသမား၊ စီးပွားရေးသမားများအဖို့သာ အဓိကမဟုတ်ပါလား။ သို့သော် ခုနယ်ခါ တစ်ကမ္ဘာလုံးက (ဟောင်ကောင် ဟောင်ကောင်)ဖြစ်နေကြပါသည်။ ပေါ်ပြူလာ ဟောင်ကောင်...။

သို့သော့် ထိုတစ်ကမ္ဘာလုံး၏ "ဟောင်ကောင်"ကိုရော ဘဲ၊ ကျွန်တော်က အနေသာကြီး မဟုတ်ပါလား။ ကျွန်တော့် ဘဝ ကျွန်တော့် အခြေအနေနှင့် သင်းတို့ ပေါ်ပြူလာဟောင် ကောင်မှာ မထူးခြားသင့်ပါ။ အနံ့အသက်ရှူရှိုက်မိရုံသာ။ အနံ့ အသက်ဟောင်ကောင်။ ခုတော့ သူများဟောင်၍ ဟောင်သော



www.burmeseclassic.com

www.burmeseclassic.com



ဟောင်ကောင် ကိုသုမောင် ဘာကြောင့် စာပေဖွဲ့သနည်း။

ရိုးရိုးသားသား ပြောကြကြေးဆိုလျှင် အနုပညာသမား ပီပီ ခလုတ်တိုက်မိသည်ကိုပင် 'အမေ့'ဟု အသံမထွက်ဘဲ 'အို... ချစ်သူ' တမ်းတမိတတ်သော သဘာဝအတိုင်း လွမ်းစရာမရှိ ရှာကြံလွမ်းတတ်ခြင်းဟုပင် ဆိုရပါမည်။ ထို့ကြောင့် အနုပညာ သည်တို့သည် မိမိနှင့် မသက်ဆိုင်သည်ကိုပင် အငှားခံစားတတ် ကြသည်ဆိုပါလျှင် ဟောင်ကောင်သည် တစ်ချိန်က ကျွန်တော်နှင့် ပတ်သက်ခဲ့ပါကြောင်း...။

❑ ❑ ❑

ကျွန်တော်သည် ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ(၁၃)ရက်နေ့ တွင် ဟောင်ကောင်ကျွန်းသို့ အမှတ်မထင် ရောက်သွားခဲ့ရပါ သည်။ အမှတ်မထင်သော်လည်း ရက်စွဲကို မှတ်မှတ်ထင်ထင် ရှိနေသည်က ကျွန်တော်သည် (၁၃)ရက်ဖွား 13 BORNဘိုလို့ တော့ UN. LUCKY NUMBERသို့သော်(၁၃) ဂဏန်းဖြင့်ပင် အကျိုးပေးနေသော မြန်မာလူမျိုး။

ဖိတ်ကြားတာကလည်း ဟောင်ကောင်ရှိ မြန်မာဆရာဝန် များအသင်း (၂၅)နှစ်မြောက် ငွေရတုသဘင်ပွဲ ဖြစ်မြောက်ရေး ကော်မတီက ကျွန်တော်နှင့် ဘယ်လိုမှ ဆက်စပ်ပတ်သက် ကြည့်၍မရခဲ့။ တရားဝင်ဖိတ်ကြားစာ(Sponsor)ပင် မရောက်ခဲ့





တစ်နေ့ ဌာနဆိုင်ရာထဲစ်ခုခုမှ ကျွန်တော့်ထံ တယ်လီဖုန်း ဆက်သည်။ 'ဟောင်ကောင်'မကာအိုသို့ ဖိတ်ချင်သဖြင့် လိုက်နိုင် မလိုက်နိုင်။ ဒါလောက်ပဲ ကျွန်တော် ကြားရသည်။ တစ်ဖက်မှ တော့ အကြောင်းအရာ အပြည့်အစုံ ရှင်းပြရှာပါသည်။ ကျွန်တော် က နားလေးသည်လေ။ လိုရင်းကိုလည်း သိရပြီပဲ။

နောက်ပိုင်း သူတို့ ကျွန်တော်ထံ တယ်လီဖုန်းဖြင့်တစ် သွယ်၊ လူကိုယ်တိုင်တစ်မျိုး အဆက်အသွယ် စိပ်လာခဲ့သည်။ စာရွက်စာတမ်းတချို့၌ လက်မှတ်ထိုးရခြင်း၊ မှတ်ပုံတင်အရွယ် ဓာတ်ပုံကူးပေးရခြင်းလောက်သာ အိမ်မှာ ထိုင်လုပ်ပေးရသည်။ ဘာမျှ ပြေးဟယ်လွှားဟယ် မလုပ်လိုက်ရ။ "သည်တော့ ဟုတ်မှ ဟုတ်ရဲ့လား"ဟု သံသယပင် ဝင်ခဲ့၏။ ကျွန်တော် ကြားဖူးသလို ဖြင့် ပြည်ပခရီးသွားရတာ တယ်အလုပ်ရှုပ်ဆို။ ကိုယ်ကသွား ချင်သည်ကို ဖယ်ထား၊ တို့က ဖိတ်ရင်တောင် ဟိုပြေးသည်ပြေး သိမ်ကြီးဈေးဆို။

အင်း... တစ်ဖက်လှည့်ပြီး တွေးမိပြန်သေးသည်။ ကျွန် တော့်ကိစ္စက အရေးပေါ်တို့၊ အရေးတကြီးတို့များလားမှ မသိ တာဟု။ သို့ပေမည့် ကျွန်တော်သည် ဤမျှ ရေးကြီးခွင်ကျယ် ဖြစ်ရိုးမဟုတ်မှန်း ကိုယ့်ဘာသာ သတိရှိနေပြန်၏။ ခက်တာက လေယာဉ်လက်မှတ်တို့၊ ဗီဇာတို့ဆိုတာတွေပင် ကျွန်တော့်မှာ လေယာဉ်ပေါ်တက်ခါနီးမှ မြင်ဖူးကိုင်ဖူးရသည်။ ပြီးတော့ ဟောင်ဟောင်ရောက်ရောက်ချင်း အဲဒါတွေ လာသိမ်းသွားကြ တာအိုကူးခါနီးပြန်ပေး၊ မကာအိုမှ ပြန်ရောက်ရောက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေလာသိမ်းသွားကြ၊ ကောအိုကူးခါနီး ပြန်ပေး၊ မကာအို လေဆိပ်ရောက်တော့ ပထမဆုံး ကျွန်တော့်ထံမှ စစ်ဆေးတောင်း ယူသည်မှာ ... Pass F...

ကိုင်း၊ တန်တော့ ကျွန်တော့်ကို စိတ်မချဘူးထင်ရဲ့။ လူဆိုးသုမောင်၊ အိပ်မက်ဟောင်ကေဟင်။ ကယောင်ချောက်ချား မကာအို...။

တကယ့်ပင် အိပ်မက်ပမာတည်း။ ရက်ပိုင်းအတွင်းမှာပင် ကျွန်တော့်ထံ ဆက်သွယ်ခဲ့ကြပြီး ရက်ပိုင်းအတွင်းမှာပင် ရန်ကုန်-ဟောင်ကောင် ခရီးစဉ်ပေါ်ပေါက်ခဲ့ရ၏။ ရက်သတ္တပတ်အတွင်းမှာပင် ရန်ကုန် ပြန်ရောက်ခဲ့သည်။

ထိုခရီးစဉ်နှင့်ပတ်သက်ပြီး ဓိမ်ခံခဲ့ရတာဟူ၍ ဟောင်ကောင်မှ မကာအိုအကူးတွင်သာ ရှိခဲ့သည်။ သူတို့က ရဟတ်ယာဉ်နှင့် သွားမလား၊ Hoover Craftခေါ် လေဘောကြီးများ ခံထားပြီး ဂျက်အင်ဂျင်ကြင့် မောင်းသော ရေပေါ် ရှပ်ပြေးယာဉ်ကြီးနှင့် ကူး...လား...သည်။ ရဟတ်ယာဉ် မစီးဖူးသော်လည်း ပလေယ်ဖြတ်ကူးရမှာမို့ ရှပ်ပြေးယာဉ်ကိုသာ ရွေးခဲ့သည်။ ကလေးဆန်သည်ပဲဆိုဆို အဲဒါကြီး စီးဖူးတာကိုတော့ မှတ်မိနေပါသည်။

❑ ❑ ❑

နောက်တစ်ခု မှတ်မိနေတာက အဲဒီ Hoover Craft ကြီးစီးရန် တန်းစီကြရာ၌ ကျွန်တော်တို့ ရန်ကုန်မှာ ဓာတ်ဆီ





စာအုပ် ထပ်သလို သွားထပ်မိခြင်းပင်။ ကျွန်တော်နှင့် ဟောင်ကောင်ပုလိပ်များ မျက်လုံးချင်း ရန်ဖြစ်ကြရ၏။ ဘယ်တတ်နိုင်မည်နည်း။ အကျင့်ပါနေတာကိုး။

မကာအိုမှာ မြန်မာ ပိုများသည်။ သို့သော် ဘုရင်ခံဝင်းနှင့် ကပ်လျက် တိုက်တွင် နေရာချထားသဖြင့် ပို၍ ကျဉ်းကျပ်သည်။ မော်တော်ကားဖြင့်အသင့်၊ အစောင့်အရှောက် အသင့်နှင့် အလစ်ထွက်ဖို့ဆိုတာကလည်း သူတို့ခြံတံခါးက အော်တိုမက်တစ်။ ကျွန်တော် မဖွင့်တတ်။ ပြောခဲ့ပါပကော၊ ရဟတ်ယာဉ်တောင် မစီးဖူးသည့် သုမောင်ပါလို့။

ဒါတောင် မြန်မာမိတ်ဆွေတစ်ဦးနှင့် ဆုံသဖြင့် ခေတ္တမျှ မြို့ထဲ အလည်လိုက်သွားဖြစ်ရာ ရယ်အားထက် ငိုအားသန်။

သူကသွားရင်း မတ်တတ် မော်တော်ကားပေါ်မှာ မေးသည်။

"ဗိုလ်သု ရေချိုးမလား"

"ဟာ ချမ်းချမ်းစီးစီးဗျာ"

"မကာအိုရေ ချိုးဖူးတာပေါ့"

"ပေါက်ပေါက်ရှာရှာဗျာ၊ ဘာထူးမှာလဲ။ ကျွန်တော်က ရေကြောက်တယ်"

အဟုတ်ပါပဲ။ ထိုခရီးစဉ်မှာ ကျွန်တော် တစ်ပတ်လုံး ရေချိုးခဲ့။ သို့သော် ရန်ကုန်ပြန်ရောက်လို့ တိုးတိုးဖော်တစ်ယောက်က ရေချိုးခြင်း၏ အကျိုးကျေးဇူးကို ရှင်းပြမှ ဟိုက်... ကျွန်တော် ငပေါ၊ ငပေါသုမောင် အကြောင်းကြောင်း မကာအို။



www.burmeseclassic.com

www.burmeseclassic.com



ဟောင်ကောင်မှာတော့ ဆရာဝန်အသင်းမှာ တာဝန်ရှိသူများနှင့် အမြဲမပြတ် ထိတွေ့နေရသည်။ ဟိုတယ်မှာလည်း မတည်းခဲ့ရ။ သီးသန့်တိုက်တစ်လုံးမှာ နေရသည်။ ဆရာဝန်အသင်းက တစ်စီး၊ သက်ဆိုင်ရာမှ တစ်စီး၊ မော်တော်ကားနှစ်စီး ပေးထားသည်။ သွားလိုရာသွား။ ပြီးတော့ မြန်မာအရာရှိတစ်ဦးကို ကျွန်တော်နှင့် အန်းကပ်ထားသည်။ ဘော်ဒီဂတ်ကျနေတာပဲ။ သူ့နာမည်ကတော့ မှတ်မှတ်ထင်ထင်ပါ။ ခင်မင်စရာကောင်းသည့် ကိုခင်မင်းတဲ့။ သည်တော့ သိပ်ပြီး မကျဉ်းကျပ်လှ။ လစ်လျှင်လစ်သလို ခိုးထွက်လို့ရသည်။ လမ်းလျှောက်သွားလို့ရသည်။

နောင်မှ သိရသည်မှာ သူတို့ဆီမှာ မော်တော်ကားနှင့် ပုလိပ်က စည်းကမ်းကြီးလွန်းသည်။ ဂျတ်ခနဲဆို တိုက်သွားမှာပဲ။ တစ်ချက်မှားလျှင် အဖမ်းခံရမည်။ အဲ... လူဆိုးလူမိုက်တွေကတော့ အတော်ဆိုးသည်။ ဆွဲကြိုးလေးတစ်ကုံးနှင့် ဒိုင်းခနဲ ပစ်သတ်သွားမှာတဲ့။ ဒါကြောင့် ကျွန်တော့်ကို အလစ်မပေးခြင်းဖြစ်သည်။ ကံကောင်းပေလို့။

ကျွန်တော်က ဟိုဟိုသည်သည်တော့ သိပ်မလည်တတ်ပါ။

အားအားရှိလျှင် အေးဘုံထံဖုန်းဆက်၊ ကလေးတွေနှင့် အလွမ်းဖြေ။ (အေးဘုံကိုတော့ လွမ်းချင်ဟန်ဆောင်တာဝါ။ ပြောရဦးမယ်။ ဟောင်ကောင်အပြန် သားသမီးနှင့် တူ၊တူမများ





ညီအစ်ကိုမောင်နှမ၊ မိတ်ဆွေသူငယ်ချင်းများ မကျန်အောင် လက်ဆောင်တွေ ပါလာသည်။ ရေးကြီးဆုံး အေးဘုံဖို့ မပါခဲ့ပါ။ တော်သေးတာက ဟိုကပေးသည့်လက်ဆောင်များထဲ မိန်းမဝတ် အင်္ကျီစ တစ်စပါလာသည်။ ကောင်စစ်ဝန်ဦးမျိုးမြင့် ဇနီးလက်ဆောင်ပေးလိုက်တာ။ ဒါကို ကျွန်တော့်လက်ဆောင်သဘော မျက်နှာချိုသွေးရသည်အထိ။ မယုံ အေးဘုံမေးကြည့်။) သူတို့က ဈေးဝယ်ထွက်ဖို့ ပြောသော်လည်း ကျွန်တော်က ဝါသနာမပါ။ ကလေးကစားစရာတွေပါသည်ဆို့ရဲ့ ကိုခင်မင်းကို အဝယ်ခိုင်းရသည်။ ဝယ်ရသည်က နည်းနည်းပါ။ သူတို့လက်ဆောင်က များ၏။ ပြီးတော့ နယ်ခံလူများက ကျွန်တော့်ကို သိုက်ပို့သည်။ အထူးအဆန်းနေရာများက ကျွန်တော့်အဖို့ မထူးဆန်း။ မြေပေါ်၊ လေပေါ်၊ ရေအောက်၊ မြေအောက်၊ မော်တော်ကားစီးရခြင်းလောက်သာလျှင် ထူးဆန်းသလိုလို။ ကျွန်တော်က လမ်းလျှောက်ချင်သည်။ ကိုယ်နှင့်ဆိုင်သောနေရာဆီ သွားချင်သည်။ ရှောဘရားသား ရုပ်ရှင်ကုမ္ပဏီ။ ကမ္ဘာ့အကြီးဆုံး ကြေးသွန်းဘုရားကြီး၊ ပြီးတော့ လှုပ်တုတ် လှုပ်တုတ် ဟောင်ကောင်လှေဆိပ်ရေပေါ်ဈေး။ ဘာကြောင့်မှန်း မသိ။ သိုက်မပို့ကြပါ။

ကျွန်တော်က စာရေးဆရာတစ်ယောက်လည်း ဖြစ်သည်ဆိုတာကို မေ့နေဟန်တူပါသည်။ မင်းသားသုမောင်၊ အဆိုတော်သုမောင်။



www.burmeseclassic.com

www.burmeseclassic.com



စောစောက ပြောသလို ခိုးကြောင်ခိုးဝှက် ကျွန်တော် အလစ်ထွက်သော နေရာကား… မီးသုံးလုံး။ မီးသုံးလုံးဆိုတာ က လမ်းမီးသုံးလုံး ဓာတ်တိုင်မှာ ထွန်းထားသော ဈော်တော်ကား ယာဉ်ပတ်အဝိုင်းကလေးရှိရာဒေသ။ ဟိုမှာက မြန်မာရပ်ကွက်။ သည်မှာကလိုဖြင့် တရုတ်တန်းသဘော။ သူတို့မြန်မာရပ်ကွက်ကို မီးသုံးလုံးဟုခေါ်သည်။ သည်နာမည်ကိုလည်း မှတ်မိနေသည် သာ။ သူတို့အလစ် မီးသုံးလုံးကို ကျွန်တော်သွားသည်။ အကြောင်း ကြီးငယ်တော့ မရှိပါ။ လူတောသူတော တိုးချင်တာရယ်။ မြန်မာရပ်ကွက်ဆိုတော့ တွေ့လိုက်တာနှင့် **"ဟာ..ဦးသုမောင်ကြီး ဟယ်… ကိုသုမောင်"**(တရုတ်အသံထွက်)ဖြင့် ဟောတစ်လုံး ဟောတစ်လုံး ဘရန်ဒီ၊ ဝစ္စကီတွေရယ်။ တာဝန်ရှိသူများနှင့် စနစ် တကျ ညစာစားပွဲ ရှန်ပိန်သောက်ရတာ။ ကျွန်တော့်အင် ရှာတာတနိုင်သည်။ ကျွန်တော်က ရှရုံကလေးမကြိုက်။ အတုံးလိုက် အတစ်လိုက် အုပ်ရမှ အားရသည်။ (အဲသည်တုန်းက ကျွန်တော် သည် သောက်တုန်း၊ ဖြတ်တုန်း–တန်ဆောင်မုန်း။) ခိုးကြောင် ခိုးဝှက်နှင့် တဝတပြဲကို လုပစ္စာတွဲပြီး ခံစားသည်မှာဘယ်လောက် နှိပ်လိုက်ပါသနည်း။

အင်း… နောက်တော့ကော ဘာများ မှတ်မိစွဲထင်နေ တာ ကျန်ပါသေးသနည်း။ ဩော်… မကာအိုမှာ ကျွန်တော် အား သီချင်းဆိုခိုင်းစဉ် ဆုချခဲ့သော မြန်မာ့ တရုတ်ကပြားအဘွား အိုကြီး။ အသက်(၈၀)ခန့်ရှိမည်။ သူ့တစ်လှည့် ကိုယ့်တစ်လှည့် ဖက်နမ်းပြီး ဓာတ်ပုံအရိုက်ခံရသည်။ အဘွားအိုက ငိုရှာသည်





ဆွေမျိုးသားချင်း မဟုတ်သော်လည်း ဆွေမျိုးပေါက်ဖော်။ ဩော်… လူကြီးကြိုက်သုမောင်။

ကိုင်း… ဒါလောက်ပဲ မှတ်မိတော့သည်။ ပြောခဲ့ပါ ပကော။ အမှတ်မထင်ပါဟု။ လျှပ်တစ်ပြက်ဟောင်ကောင်၊ ပေါ်ပြူလာမကာအိုနှင့် ဝံသာနုသုမောင်။

❑ ❑ ❑

အနေ့ဖြင့် ဤစာစုမျိုးကို ဟိုစဉ်က ကျွန်တော် ဘာ ကြောင့် မရေးခဲ့ပါသနည်း။ သတင်းမဂ္ဂဇင်း၊ ဂျာနယ်များတွင် ဘာကြောင့် ကြေညာချက် မထုတ်ခဲ့ပါသနည်း။ ရှင်းရှင်းကလေး ပါ။ ကျွန်တော်သည် ပြည်ပဆေးလို့ ပြည်တွင်းခရီးသွားဆောင်းပါး ပင် ရေးလောက်သူမဟုတ်။ ပြီးတော့ ထိုခရီးစဉ်သည် ကျွန်တော် အဖို့ အလုံးအဆန်း မဟုတ်သလို ဖြစ်ခဲ့ရပါသည်။ ကျွန်တော့် စိတ်ထဲတွင် "နိုင်ငံခြားသွားဖူးပြီကွ"ဟူ၍လည်း ဝင့်ကြွားလို ခြင်း မဖြစ်ခဲ့ရိုးပါ။ ကျွန်တော်သည် ခရီးသွားခြင်း၌ မွေ့လျော် တတ်သူဟူ၍ ဝန်ခံရပါသည်။ ဒါကြောင့်ပင် ထိုကိစ္စသည် သိုသိုသိပ်သိပ်ပင် ရှိခဲ့ပါ၏။ ဒါကြောင့်ပင် ဤစာစုကိုလည်း ယခုမှ မဂ္ဂဇင်းတိုက် ပို့ဖြစ်သည်။

ယခုသော်ကား ဟိုကဟောင်ကောင် သည်က ရှန်းကာန် နှင့် နေရာမလပ် ကြားနေမြင်နေရသဖြင့် နဂိုကမှ ငိုချင်ရဲ့ သက်တို့အနုပညာသည် မလွှမ်းခံနိုင်ပါရိုးလား။ လွှမ်းလောက်



www.burmeseclassic.com

www.burmeseclassic.com



စရာ သိပ်မရှိပါဆိုသော်လည်း သည်လောက်တော့ သတိရပိုင်ခွင့် ရှိသင့်သည်ထင်ပါ၏။ ငယ်ငယ်က အိပ်မက်ကို ပြန်သတိရသလို။ လှပ်ခနဲတစ်မျိုးပဲလေ။ သို့မို့ကြောင့်ပင် ဤစာစုကို ခေါင်းစဉ်တပ်ဆင်ရာ၌ Hellow ဟု တရင်းတနှီး တကူးတကန့် နှုတ်ဆက်မနေတော့ဘဲ Hi! ဟူ၍သာလျှင် ဖြတ်သွားဖြတ်လာ နှုတ်ဆက်လိုက်ပါတော့သည်။

ဟော... ကျွန်တော့် လက်ပတ်နာရီက ည(၁၁နာရီ ၃၂ မိနစ်)ကို ပြနေသည်။ စာမှုလည်းပြီးပါပြီ။ ခုလောက်ရှိမြန်မာ့ အနုပညာသည် သုမောင် ပထမဆုံးနှင့် နောက်ဆုံး ရောက်ခဲ့သော ဟောင်ကောင်သည် တစ်နိုင်ငံစနစ် နှစ်မျိုးအောက် ရောက်နေပြီလားမသိ။ ဟိုမှာ(၁-၇-၉၇) နံနက် ၁ နာရီခွဲခန့် ရှိလောက်ပြီ။ အို... ဒါကရော ကျွန်တော်နှင့် ဘာဆိုင်တာလိုက်လို့လေ။

**(ရွှေအမြုတေ၊ အောက်တိုဘာ၊ ၁၉၉၇)**



# သုမောင်တဲ့ကွ မှတ်ထား

မှတ်မှတ်ရရ ကျွန်တော်၏သမီးဦးမွေးသောနေ့ (၁၉-၂-၈၀) ပြည်ထောင်စုပဒေသာကပွဲတွင် ကျွန်တော် ပြဇာတ်ကနေရသောည။

ပြဇာတ်ရုံသွားခါနီးကတည်းက အေးဘုံက ဗိုက်ထဲ ရစ်တစ်တစ်နေတယ်ဟု ပြောပါသည်။ သို့သော် ကျွန်တော်က လည်း သည်ပွဲကို ဖျက်လို့မရ ဘယ်ရဖတုံး။ သီချင်းဆိုရုံတစ်မည်မှ မဟုတ်တာ။ သီချင်းဆိုရုံဆိုလျှင် ကျွန်တော့်အစီအစဉ်ကို ဖျက်လို့ရသည်။ ခုဟာက ပြဇာတ်၊ ပြဇာတ်မှ ရိုးရိုးပြဇာတ် မဟုတ်။ ကျွန်တော့် ဖခင်ကြီး၏ပြဇာတ်။ အေးဘုံကတော့ သတ္တိကောင်းပါသည်။

"သွားသာသွားပါ၊ ကိုကိုအနားရှိတော့လည်း ဘာလုပ်ဘတ်မှာမို့လဲ။ ဆရာဝန်က မွေးပေးမှာ ဥစ္စာ"တဲ့။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် စိတ်မချ လက်မချပင် ပြဇာတ်ရုံသို့ သွားရပါသည်။

ထိုနေ့က ကျွန်တော့် ပြဇာတ်အလှည့်က ၁၀ နာရီခွဲလောက်။ ကျွန်တော့်ရှေ့က ဦးကျော်ဟိန်းနှင့် ဒေါ်ခင်သန်းနု ပြဇာတ်။

ဖြစ်နိုင်လျှင် ကျွန်တော်က အရင်ကချင်သည်။ ဒါမှ မွေးတဲ့အချိန် မီလိုမီငြား။ သမီးဦးဆိုတော့ သည်း ဘာရယ်မဟုတ် စိတ်ပူချင်တာပေါ့။ ဒါနှင့် အစ်ကိုလေး(ဆရာ ဘိုကလေးတင့်အောင်)ကို အကူအညီ တောင်းရသည်။ အစ်ကိုလေးကလည်း "ဖိုးကျော်နဲ့ ခင်သန်းနု ကျေနပ် ပြီးတာပဲ"ဟုဆိုသည်။ ကျွန်တော် သူတို့နှစ်ယောက်ကို အပူဟပ်ရပြန်သည်။ အကျိုးအကြောင်း ပြောပြတော့… OK။

ကျွန်တော့် အဖေသည် ရုပ်ရှင်ရိုက်ရိုက်၊ ပြဇာတ်ကက သူ့စကားတစ်လုံး အပျက်မခံ၊ အကျမခံ။ သို့သော် မတတ်နိုင်ပါ။ သူနားလေးသည်ကို အခွင့်ကောင်းယူပြီး မာရသွန် တွယ်ရပါတော့သည်။ မင်းသမီးမေခလာ(အဆိုတော်မဟုတ်)တော့ အားနာပါရဲ့။ ကျွန်တော်က မြန်မြန်ပြီးချင်ဇောနှင့် စွတ်ပြီး ပါးစပ်ထဲတွေ့တာတွေ ပြောတာကိုး။ ဘာပဲဖြစ်ဖြစ် ဆရာသာရ ပြဇာတ်ဆိုတော့ ဇာတ်လမ်းအရေးမပါ။ ဇာတ်ကျောရိုးနှင့် ဇာတ်ကွက်သာ အဓိကဖြစ်လေရာ ထိုညက အဆင်ချောသွားခဲ့ရသည် ဆိုပါစို့။





ကျွန်တော်လည်း ဇာတ်ပွဲပြီးသည်နှင့် ကားကို အသားကုန်မောင်းကာ ဆေးရုံသို့ ပြေးပါတော့သည်။ အရှေ့ပိုင်းဆေးရုံ။

သိတော်မူကြသည့်အတိုင်း အရေးကြီးသော ပွဲလမ်းသဘင်ရှိနေလျှင် ယာဉ်ကြောတွေ ပိတ်တတ်သည်။ သို့ကြောင့် ယာဉ်ထိန်းတို့ အလုပ်ရှုပ်သည်။ ဟိုဘက်သည်ဘက် ကားတွေအလှည့်ကျ ဦးစားပေးရသည်။ ကိုင်း မတော်တဆ သည်ဘက်ယာဉ်ကြောပေါ်က ကားတစ်စီးပေါ် လူနာပါလာပြီတဲ့။ ကဲ… ဟိုဘက်ယာဉ်ကြောပေါ်က ကားတစ်စီးပေါ်၌ ဗိုက်ကြီးသည်ပါ လာပါပြီတဲ့။ သည်တော့လည်း ယာဉ်ထိန်းတွေ သနားစရာကောင်းသည်။ ပွဲကြည့်ချင်လို့ တင်းပါးတွေယားပြီး ဟွမ်း တပွမ်ပွမ်တီးသူတီး၊ စမောနဲ့ချိန်းထားတာ နောက်ကျမှာစိုးလို့ ဆဲသူကဆဲ…။

သည်အခြေအနေမျိုးမှာ ကျွန်တော်

ဘယ်ရမလဲ သုမောင်ပဲကွ၊ ကိုယ့်မှာက အရည်အချင်းသုံးမျိုးရှိသည်။

၁။ မော်တော်ယာဉ်လေကာမှာ ကပ်ထားသော ယာဉ်ဝင်ခွင့်။

၂။ မျက်နှာမှာ မိတ်ကပ်အဖွေးသားနှင့်။

၃။ ၉၀ ရာခိုင်နှုန်းသော ယာဉ်ထိန်းရဲတွေက ဘော်ဒါတွေ။

ဒီလိုနှင့် ဟိုကြားဖြတ် ဒီကား အတင်းရပ်ခိုင်းပြီး ဒုန်းစိုင်းလိုက်တာ ဘာပြောကောင်းမလဲ။

ရွှေဂုံတိုင် မီးပွိုင့်ကျတော့ 'ပရီ'ခနဲ ခရာသံနှင့်အတူ ကျွန်တော့်ကို ဖမ်းပါလေရော။



www.burmeseclassic.com

www.burmeseclassic.com



မတတ်သာသည့်အဆုံး ကျွန်တော် ရပ်ပေးရပါသည်။

"ယာဉ်မောင်းလိုင်စင်ပေး"

"ဗျာ... ကျွန်တော်"

"ပေးပါ၊ ယာဉ်မောင်းလိုင်စင်"

"မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော့်မှာ အရေးကြီးတဲ့ကိစ္စ"

"ဘာပဲဖြစ်ဖြစ် ယာဉ်မောင်းရင်လိုင်စင် ပါရတယ်ကွ"

"ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော်"

"ကိုင်း မင်းမှာ ယာဉ်မောင်းလိုင်စင်မပါရင် ဗိုးတက်ပေး"

ကျွန်တော့်မှာလည်း အေးဘုံဆိသွားလိုဇောနှင့် မော်တော်ကားလီဗာကိုသာ စွတ်နင်းနေမိပါသည်။

"ပေးကွာ၊ ဗိုးတက်(ဘီးခွန်ကတ်ပြား)"

"ဟိုက်..."

ကျွန်တော့်ကား ဘီးခွန်ကတ်ပြား။ ပြဿနာပဲ။ ဘီးခွန်ဆောင်ဖို့ 'ကျွန်တော် မေ့နေတာ လေးငါးရက် ရှိနေပါပြီ။

"ပေးလေကွာ..."

"ဟုတ်"

ကျွန်တော်လည်း သွားချင်ဇောနှင့် ပေးလိုက် ရသည်။ ပြီးတော့ ကားထွက်မည့်ဟန် ပြင်သည်။

"နေဦး၊ မင်းဘီးခွန်က ရက်လွန်နေပါလား"

"ကျွန်တော်"

"ခက်တယ်ကွာ၊ မင်းမှာ အမှုဘယ်နှစ်မှု ရှိသလဲ သိလား"





"မသိပါဘူးခင်ဗျာ"

၁။ မီးနီဖြတ်တယ်။ ၂။ မျဉ်းဖြူကျော်တယ်။ ၃။ ညာဘက်ယာဉ်ကြောက ကားကျော်တက်တယ်။ ၄။ လိုင်စင်မပါဘူး။ ၅။ ဘီးခွန်ရက်လွန်နေတယ်။ ကဲ...ဘယ်လို လုပ်မလဲ"

ပထမတော့ ကျွန်တော် တောင်းပန်ခယရန် စိတ်ကူးပါသေးသည်၊ နောက်တော့ ကိုယ်အပြစ်နဲ့ ကိုယ့်အဖြစ်ကို အမှန်အတိုင်း ရှင်းပြဝန်ခံရန်သာ အကောင်းဆုံးဟု တွက်လိုက်ရပါသည်။ ဗိုက်ကလည်း နာလှပါပြီ။ တကယ်ပါ။ ဟိုက မိန်းမဘယ်လောက် နာမည်တော့မသိ။ ကျွန်တော်မှာတော့ (ကြုံဖူးကြမှာပါ။ စိုးရိမ်စိတ်လွန်ကဲလျှင် ဗိုက်နာတတ်ပါသည်။)

"ဒီလိုဆရာကြီးရယ် (အရှက်ကင်းမဲ့စွာပင် ကားအတွင်းမီးကိုဖွင့်၍) ကျွန်တော့် မျက်နှာကိုလည်း ကြည့်ပါဦးဗျာ။ မိတ်ကပ်တွေနဲ့ ဟိုကားရှေ့မှာလည်း ယာဉ်ဝင်ခွင့်တံဆိပ်ပါပါတယ်။ ခုဟာက..."

"ငါသိသားပဲ။ မင်းပြည်ထောင်စုပဒေသာကပွဲက ပြန်လာတာမဟုတ်လား"

ကျွန်တော် ဝမ်းသာအားရ ဖြစ်သွားလျက်

"ဟုတ်ပါတယ်ခင်ဗျာ။ နိုင်ငံတော်ကိစ္စအတွက် လာခဲ့တာပါ"

"နိုင်ငံတော် ကိစ္စရှိတိုင်း စည်းကမ်း မရှိရတော့ဘူးလားကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို မဟုတ်ပါဘူးဗျာ။ ခုဟာက ကျွန်တော့် မိန်းမ ဂန္ဓီဆေးရုံမှာ မွေးခုတင်ပေါ် ရောက်နေလို့ပါ။ စည်းကမ်းကို ရှိသေတဲ့နေရာမှာ ကျွန်တော်ဟာ ဘယ်မင်းသားနဲ့မှ မတူပါဘူးခင်ဗျာ"

စသည်ဖြင့် ပါးစပ်ထဲ တွေ့ရာတွေ လျှောက်ပြောရပါတော့သည်။

"ဦးလေးရယ်၊ ဦးလေးနဲ့ ရုပ်စကားပြောနေရတာ ငါးမိနစ် မကတော့ပါဘူး။ ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

သူ မျက်မှောင်ကုပ်၏။

"ကိုင်း၊ ဒီလိုလုပ်ဗျာ၊ ခု ကျွန်တော့်ကို သွားခွင့်ပြုပါ။ ဟိုကကိစ္စဝိစ္စပြီးရင် ဦးလေးဆီ ပြန်လာခဲ့ပါမယ်"

"ဟေ့ ငါလာဘ်စားတဲ့ကောင် မဟုတ်ဘူးကွ"

"မဟုတ်ရပါဘူးဗျာ၊ ကျွန်တော် အဆိုတော်မင်းသားတစ်ယောက်ပါ။ ဟိုမှာ ချောချောမောမောဖြစ်တယ်ဆိုတာနဲ့ ချက်ချင်း ဦးလေးဆီ ပြန်မောင်းလာပြီး သီချင်းတစ်ပုဒ် အလကား ဆိုပြပါ့မယ်။ ကဲဘယ်နှယ့်လဲ"

သည်တော့မှ ထိုပုဂ္ဂိုလ်ကြီးသည် ကွမ်းသွေးရဲနေသည့် သွားကိုဖြီးလျက်...

"မင်း ငါမသိဘဲ နေမလား။ ရုပ်ရှင်မင်းသား 'ခိုင်းဝဏ္ဏ' ပဲဟာ"

(ကလျာ၊နိုဝင်ဘာ၊ ၁၉၉၂)



# ခါးပိုက်နှိုက်မောင်ဝဏ္ဏ

ကျွန်တော်တို့ သာမုအုပ်စုတွင် အထူးချွန်ဆုံးရုပ်ရှင်ပညာရှင်ဆု (အကယ်ဒမီဟု လူသိများသည်။) ဆရင်လေးခဲ့ရှိပါသည်။ ဖခင်ကြီးဦးသာမု(မ၊ရေးဆရာသာမု)၊ ဖခင်ကြီး၏ ဒုတိယဇနီး ဒေါ်မြတ်မွန်(ရုပ်ရှင်မင်းသမီးကြီး) ကျွန်တော်၏ အစ်ကို ဒါရိုက်တာမောင်ဝဏ္ဏနှင့် ကျွန်တော်တို့ ဖြစ်ကြပါသည်။ ဒါကိုလည်း သတိထားမိသူ အတန်အသင့်ရှိမည်ဟု ထင်ပါသည်။

ထူးခြားသည်မှာ ဦးသာမု၏ ပထမဆုံးရိုက်သော 'ဂျကြီးရေက' ဇာတ်ကားတွင် သာမုရော မြတ်မွန်ပါ အကယ်ဒမီရကြပါသည်။ ဟစ်ဖန် မောင်ဝဏ္ဏက 'ကတ္တီပါဖိနပ်စီး ရွှေဆီးဆောင်း' ပတမဆုံးဇာတ်ကားဖြင့်ပင် အကယ်ဒမီရရှိခဲ့ပြီး ထိုဇာတ်ကား၏ မင်းသမီးမှာ မြတ်မွန်ပင် ဖြစ်နေပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် အလှည့်ကျပြန်တော့ အငယ်ဆုံးညီ၏ ဝတ္ထုကို ညီအလတ်ရှုပနှင့်တွဲဖက်၍ အစ်ကိုမောင်ဝဏ္ဏပင် ရိုက်ကူးသော 'ခုနစ်စဉ်အလွမ်း' ဇာတ်ကားဖြင့်ပင် အကယ်ဒမီရရှိပြန်ခြင်း ဖြစ်နေပါသည်။ အကယ်ဒမီကွင်းဆက်များဟု ဆိုရပေမည်။

ဒါနှင့်ပတ်သက်၍ ကြွားလုံးထုတ်နေစရာ အကြောင်း မရှိပါ။ ကျွန်တော် ဆုရသောနှစ်က တီဗွီအင်တာဗျူးတွင် "ကျွန်တော် ရတာက ၁၉၉၀ ခုနှစ်အတွက်ပဲ။ အခု ၁၉၉၂ အချိန် မှာရော၊ အဲဒီနှစ်မတိုင်ခင်မှာရော ကျွန်တော်ဟာ အကယ်ဒမီ မင်းသားမဟုတ်ပါဘူး"ဟု ဖြေကြားခဲ့သည်ကို တီဗွီပရိသတ်များ အသိပင် မဟုတ်ပါလား။

ထိုစဉ်က "အရုပ်ကဒုက္ခပေးခြင်း"ဟူသော ခေါင်းစီးဖြင့် ဆောင်းပါးတစ်ပုဒ် ကျွန်တော် ရေးခဲ့ပါသေးသည်။ ချစ်ကြ သူများက "ဘာကျွေးမှာလဲ"ဟု ဝမ်းသာအားရ အမေးခံရခြင်းမှ အစ နောက်ဆုံးဆုရပြီး၍ ဈေးတက်မှာ ကြောက်ကြခြင်း၊ ဇာတ်လမ်းရွေးပြီး လက်ခံရခြင်းအဆုံး ဒုက္ခရောက်ရပုံများဖြစ် ပါသည်။ သို့သော် အကယ်ဒမီခေါ် ရွှေစင်ရုပ်ခေါ် အကောင်း ဆုံး အမိကသရုပ်ဆောင်ဆုခေါ် နိုင်ငံတော်၏ ရုပ်ရှင်ဆိုင်ရာ အမြင့်ဆုံးဆုကို အရုပ်က ဒုက္ခပေးခြင်းဟု အမည်ပေးမိသဖြင့် ပရိသတ်ကိုရော ဆုရွေးချယ်ရေးအဖွဲ့ကိုပါ မထီလေးစားပြုရာ ရောက်သည်ဟု မိမိဘာသာ ယူဆမိသဖြင့် မည်သည့်မဂ္ဂဇင်း တွင်မှ အသုံးမပြုခဲ့ပါ။





နာမည်မှာလည်း အခြားရွေးစရာ ကျွန်တော့်အဖို့တော့ ...နိုင်ပါ။ ကိုယ့်သားသမီးကိုယ်ကသာ နာမည်ပေးချင်တတ်သည် ...ဟုတ်ပါလား။ သဘောကတော့ သူများတွေ ကျွန်တော့်ကို ...ကိုသုမောင်၊ ကိုသု စသည်ဖြင့် ဘယ်လိုပင် ခေါ်ခေါ် အဖေနှင့် အမေကတော့ 'ဗလကြီး'ဟူ၍သာ ခေါ်သည့်သဘောပင်။

ကိုင်း... ဒါတွေ ထားလိုက်ကြပါစို့။

ကျွန်တော် ရေးလိုသည်မှာ အကယ်ဒမီမောင်ဝဏ္ဏအထိုး ...ရခြင်းအကြောင်းနှင့် အကယ်ဒမီက သူ့ကို ဒုက္ခပေးခံရခြင်း ...ယ်ရှင်ဖွယ်အကြောင်းထူးကလေးမျှသာ ဖြစ်ပါ၏။

တစ်ခါက 'သဘာဝအုပ်စု'ဟူသော ခေါင်းစီးဖြင့် ကျွန် ...တော် ဝတ္ထုတိုတစ်ပုဒ် ရေးခဲ့ဖူးပါသည်။

ကျွန်တော်တို့ ညီအစ်ကို လေးယောက် ခါးပိုက်နှိုက်ခံ ...ခြင်းအကြောင်း ဖြစ်ပါသည်။

ကျွန်တော် ရေးလိုသည်မှာ ကျွန်တော်တို့ လေးယောက် Charactorခေါ် စရိုက်သဘာဝကို ပြသကြပုံ ဖြစ်ပါ၏။ အတို ...ချုပ်မှာ ကျွန်တော် ခါးပိုက်နှိုက်ခံရစဉ်က နှိုက်လိုက်မှန်းသိ၍ ...ဘတ်စ်ကားမှတ်တိုင်တွင် ကားရပ်ခါနီး ခါးပိုက်နှိုက်ကို ကားပေါ် ...ပိတ်ကန်ချလိုက်သည့်အဖြစ်။ ဒုတိယကောင် ရှုပ ခါးပိုက်နှိုက် ...ရစဉ်က (သည်ကောင်သည် ကျွန်တော်တို့အထဲတွင် ကိုယ်ထည် ...အတောင့်တင်းဆုံး အားကစားသမားဖြစ်ပါသည်။)ခါးပိုက်နှိုက် ...ရသည်ကို သိပါလျက်နှင့် ခါးပိုက်နှိုက် ရှက်သွားမည်စိုးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အော်လည်းမအော်၊ ဆော်လည်း မဆော်တဲ့ သည်းခံခဲ့သောအဖြစ်
အငယ်ဆုံးကောင်(ခုနစ်စဉ်အလွမ်းရေးသူ) ခါးပိုက်နှိုက်ခံရစဉ်က
တော့။ သည်တုန်းက သူက ရှစ်တန်းအောင် ပြီးစ။ ကျွန်တော
ခုနစ်တန်းတုန်းက ကျောင်းစာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ
သည့် ပတ်ကား(၄၅) မိန်းမကိုင်ဖောင်တိန်ကို သူ့အား တစ်ဆင့်
ဆုပြန်ချခဲ့သည်။ ထိုဖောင်တိန်ကလေးကို သူကလည်း မြတ်မြတ်
နိုးနိုး သုံးစွဲကိုင်တွယ်ခဲ့သည်။

တစ်နေ့ ကျောင်းကအပြန် သူခါးပိုက်နှိုက်ခံရပြန်သည်
ကျွန်တော် ပေးထားသော ဖောင်တိန်ကလေးပင် ဖြစ်ပါသည်
သို့သော် ကံကောင်းချင်တော့ အဖုံးသာပါသွားသည်။ ဖောင်တိ
ကိုယ်ထည်က အိတ်ကပ်မှာ ဒီအတိုင်း ကျန်ရစ်သည်။ ဒီကောင်က
သိလိုက်သည်။ ဒီကောင် ဘာလုပ်သနည်း။ "ဟော့... ဘော်
အချင်းချင်းမလုပ်ကောင်းပါဘူးကွာ။ လူမသိခင် ပြန်ထည့်လိုက်
ပါ"ဟု နှိုက်သူကို ကပ်ပြော၍ နှိုက်သူခမျာလည်း တကယ်ပင်
ဒီကောင့်ကို ခါးပိုက်နှိုက် ထင်သွားပြီး "မင်းဘယ်အဖွဲ့ကလဲ"
ဟုမေး၏။ ဒီကောင်က "မိကျောင်းကန်ရပ်ကွက်၊ မင်းကော"
ဟု ဖြေမေးမေးသည်။ ထိုအခါ ခါးပိုက်နှိုက်က "ငါက နှင်းဆီ
ကုန်း"ဟု ပြန်ပြောပြီး ဖောင်တိန်အဖုံးကို အသာပြန်တပ်ပေးသွား
သည်။

အဲ... အကယ်ဒမီ မောင်ဝဏ္ဏကျတော့။

သူက ဒီတုန်းက ဒဿနိကဗေဒဖြင့် ဘွဲ့ရပြီး အကယ်
ဒမီလည်း ရပြီးစ။ အသက်နှစ်ဆယ့်လေးနှစ်အရွယ်သာ ရှိသေး





သည်။ ဒဿနကကိစ္စတွေက သိပ်ပြောချင်နေသည့်အရွယ်။
အတွေးအခေါ်ကလည်း လိုအပ်သည်ထက် ပို၍ ခေါင်နေသော
အရွယ်။

တစ်နေ့တွင် သူလည်း ဘောပင်(အစုတ်ပါ) တစ်ချောင်း
ခါးပိုက်နှိုက်ခံရ ပြန်ပါသည်။ ဤတွင် အကယ်ဒမီဆုကဲ့သို့
ပင် ထူးခြားသောတိုက်ဆိုင်မှုမှာ ကျွန်တော်တို့ လေးယောက်စလုံး
အနှိုက်ခံရသည်မှာ ဘောပင်နှင့်ဖောင်တိန်ချည်းသာ ဖြစ်နေခြင်း
ပင်။

စာစာက ပြောသလို သူ့ဘောပင် ခါးပိုက်နှိုက်ခံ
လိုက်ရခြင်း သူသိလိုက်သည်။ ဘာမျှမပြော။ ယင်းခါးပိုက်နှိုက်
ကားပေါ်က ဆင်းသွားမှ အသာလေး နောက်က လိုက်သည်။
နှိုက်သူကို မိသောအခါ

"ဒီမှာ ညီလေး"ဟု လက်တို့ခေါ်သည်။ ဟိုဘက်လှည့်
ကြည့်တော့ "ကိုယ်သိပါတယ်ကွာ၊ ဒါပေမယ့် မင်းရဲ့ ဘဝရေ့
ရေးအတွက် ကိုယ်မအော်ခဲ့ဘူး။ ဒီမှာ မင်းကို ငါရှင်းပြစရာ
တွေရှိတယ်။ စကားနည်းနည်း ပြောရအောင်"ဟုပြောသည့်
အချိန်ကလည်း မှောင်ရီပျိုးစ။ ခါးပိုက်နှိုက်ဘက်က ကြည့်လျှင်
ဘယ်လောက် အူကြောင်ကြောင်နိုင်မည်နည်း။ ဆက်၍...

"ညီလေးရာ... ဘဝရဲ့ရပ်တည်မှုဆိုင်ရာ လမ်းကြောင်း
ဥပဒေတွေ အများကြီး ရှိပါတယ်။ မင်းတို့အရွယ်တွေအတွက်
ကြီးပွားတိုးတက်ရာလမ်းကြောင်း" စကားမဆုံးခင် 'ခွပ်'။



www.burmeseclassic.com

www.burmeseclassic.com



ခါးပိုက်နှိုက်က သူ့ကို ထိုးချလိုက်တော့သည်။ ဟုတ်သား ပဲ။ လူကြားသူကြား ခါးပိုက်နှိုက်ကို ဒဿန တရားတွေများ ပြောနေတာ။ ခါးပိုက်နှိုက်ဘက်က ကြည့်ပါဦးမှပေါ့။ နည်း တောင်နည်းသေး။

'သဘာဝအုပ်စု'ဝတ္ထုကို ဤတွင် ကျွန်တော် အဆုံးသတ် ခဲ့ပါသည်။ ယခု ဆက်ရေးနေသည်မှာ အကယ်ဒမီနှင့် ဆက်စပ် နေသော ထိုနေ့က အဖြစ်အပျက်ပင် ဖြစ်ပါသည်။

စောစောက ပြောသလို သူ အထိုးခံရပြီး ပြန်လာတော့ မျက်စိမျက်နှာပျက်နှင့် အိပ်ရာသို့ တန်းဝင်သည်။ ထိုစဉ်က သူရော ကျွန်တော်ပါ လူပျိုလူလွတ်။ သူက အကယ်ဒမီ ဒါရိုက် တာပေါက်စ။ ကျွန်တော်က စာရေးဆရာပေါက်စ။ အခန်းတစ် ခန်းတည်း ခုတင်ချင်းယှဉ်ပြီး အိပ်ကြသည်။ အလယ်မှာ စာရေး စားပွဲ။ ကျွန်တော်က စာရေးနေတုန်း။ အရင်ကလို ကျွန်တော် နှင့် စာအကြောင်းပေအကြောင်းမပြော။ အိပ်ရာထဲတန်းဝင်ပြီး 'ကဟင်းဟင်း'သက်ပြင်းသာ ချနေသည်။

မတတ်သာသည့်အဆုံး ကျွန်တော်က အမျိုးမျိုး ကြိုးစား မေးသည်။ သူမဖြေ။ နောက်ဆုံးတစ်ခုခုတော့ ဖြစ်လာပြီး အမေ့ထံပြောပြ အကူအညီတောင်းမှ အမေက ဖွတ်မေးသဖြင့် ဇာတ်စုံ သူရှင်းတော့သည်။ ထိုအချိန်တွင် သူ့ညာဘက်မျက်လုံး နီရဲဖူးရောင်နေပြီ။





ကျွန်တော် အလွန်ဒေါသဖြစ်သွား၏။ (ကျွန်တော်သည် ဒေါသထွက်လွယ်သော လူတစ်ယောက်ဖြစ်ပါ၏။)

ချက်ချင်းပင် အစ်ကိုသက်(ဒါရိုက်တာသက်နောင်)ကို အကျိုးအကြောင်း ရှင်းပြပြီး မော်တော်ဆိုင်ကယ်လေးဖြင့် ဖြစ်ပွားရာ နယ်မြေရဲစခန်းသို့ သွားကြသည်။

စခန်းရောက်တော့ အကျိုးအကြောင်းကို အစ်ကိုသက် က ရှင်းပြသည်။

ချက်ချင်းပင် လူဆိုးစာရင်းရှာ၊ နယ်မြေအလိုက် ဖြစ်နိုင်သူ ကို ဖမ်းခိုင်း စသည့်ရဲနှင့် ဆိုင်သော ကိစ္စရပ်များကို လုပ်လိုက် ရာ တစ်နာရီခန့်အကြာတွင် ချာတိတ်တစ်ယောက် မိလာသည်။ ကျွန်တော်နှင့် ရွယ်တူခန့်ရှိမည်။ ကျွန်တော်က ရဲစခန်းထောင့်မှာ ကြိတ်မှိတ်နေရသည်။ ဆွဲထိုးချင်လှပြီ။ သို့သော် လူကြီးချင်း စကားပြောနေသည်မို့ မျက်နှာကိုလွှဲနေလိုက်၏။

စခန်းမှူးက…

"ဟေ့ကောင် ဝဏ္ဏ"

ကျွန်တော် ရုတ်တရက်ကြောင်ပြီး လှည့်ကြည့်မိသည်။ ခါးပိုက်နှိုက်က "ခင်ဗျာ" တဲ့။ ဟင် ခါးပိုက်နှိုက်နာမည်ကလည်း 'ဝဏ္ဏ'ဆိုပါလား။

"မင်း ဒီက ဆရာကြီး ပြောတာ အမှန်ပဲလား"

"ဟုတ်… ဟုတ် လုပ်မိပါတယ်ဆရာ"

"ခက်တာပဲကွာ၊ မင်းတို့ကို လိမ္မာကြပါတော့လို့ ဆုံးမ ရတာလည်း အကြိမ်ကြိမ်။ မင်းတို့က ဘာလဲ ထောင်ထဲမှာပဲ ပျော်နေသလား"



www.burmeseclassic.com

www.burmeseclassic.com



"မ… မပါဘူးဆရာ၊ ကျွန်တော် မလုပ်တာ ကြာပါပြီ
ရေခဲရေ ရောင်းနေတာပါ။ ခုဟာ…"

သူ၏ နောက်ဆုံးစကားကို ကျွန်တော် မည်သို့ ခံစား
မည့်အကြောင်း စာဖတ်သူ စဉ်းစားစေချင်သည်။

"ဒီလိုပါဆရာ၊ ခု 'အကယ်ဒမီ'ဆုရပြီးမှ ပြန်ပြနေ
"ကတ္တိပါဖိနပ်စီး ရွှေထီးဆောင်း"ဇာတ်ကားကို တိုးမရတာ
မှောင်ခိုဝယ်ကြည့်ချင်လို့ တစ်ခါဆိုပြီး လုပ်မိတာပါ"

"မင်းနှိုက်လိုက်တဲ့သူဟာ အဲဒီအကယ်ဒမီ မောင်ဝ
ဆိုတာရော မင်းသိရဲ့လား"

"ဗျာ… ကျွန်တော်… ကျွန်တော်"ဟုသာပြောဆို
ထိုခါးပိုက်နှိုက် မောင်ဝဏ္ဏ ငိုပါတော့သတည်း။

(သုရာပါနေန ဝိနာဟံ လိခါမိဇဒီသံဝါကျ၊ ငါသ
သေရည်သေရက် သောက်ခြင်းကို ကြဉ်ရှောင်၍ ဤသို့သ
ရှိသောစာစုကို ရေးသားပါ၏။)

(ကလျာ၊ ဒီဇင်ဘာ၊ ၁၉



## အနံ့အသက်

ကျွန်တော့်မိန်းမ မဖြစ်ခင်က အေးဘုံနှင့် သမီးရည်းစား ဘဝ။

ပထမဆုံး နှစ်ယောက်ချင်း စတင်တွေ့ဆုံရသည်မှာ သမ္မတရုပ်ရှင်ရုံမှာ ဖြစ်ပါသည်။ ရုပ်ရှင်ခိုးကြည့်သည့်ဆုံပါရို့။ ထုံးစံအတိုင်း သူ့မှာတော့ မိန်းမဖော်ပါသည်။ ဘို့သော် သူနှင့် ကျွန်တော် ပူးပူးကပ်ကပ် ထိုင်ကြရပြီး သူ့အဖော်က နံဘေးမှာ။ အေးလေ ဒါကတော့ ထုံးစံပေါ့။

သမီးရည်းစားတို့ဘဝ ပထမဆုံး စတွေ့ရစဉ်ကာလ ခြေတုန်လက်တုန် မွှေးညင်းတွေ တုန်ရတာတော့ အများသိမှာပါ။ ခုခေတ်တော့ မသိဘူးဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ ရုပ်ရှင်ထက်ဝက် အကျိုးလောက်မှာ သူ့လက်သန်းလေး ကျွန်တော့်လက်ညှိုးနှင့် ချိတ်မိတာတော့ မှတ်မိသည်။ ထားတော့။

ဒီနေရာမယ် ကျွန်တော် ပြောချင်တာက ကျွန်တော့် သဘာဝပါ။

ကျွန်တော်သည် ငယ်စဉ်ကတည်းက ရေမွှေးနံ့ကြိုက်ခဲ့သူ မဟုတ်ပါ။ (အင်း အရက်သောက်စဉ်ကတော့ လူတော သူတော သွား ရေမွှေးလေး ဆွတ်သွားရသဗျ။)နော့ ဘာနံ့ကြိုက်သလဲ ဆိုတော့ ဘာနံ့မှ မကြိုက်ဘူးခင်ဗျ။

အနံ့အသက်နှင့် ပတ်သက်၍ ""အာခံတွင်းက ကြာသင်းနံ့ရသည်"ဆိုသော စာစကားကို ကြားဖူးသော်လည်း ကြာသင်းနံ့ကိုပင် ကျွန်တော် ယနေ့ထိ ကောင်းကောင်း မသိပါ။ အမွှေးနံ့သာဆိုလို့ သနပ်ခါးနံ့ပင် ကျွန်တော် သိပ်ကျက်မိလှသည် မဟုတ်။

နော့– ခင်ဗျား နှာစေးနေလို့လားတဲ့။ ဟုတ်ပေါင်။ ကျွန်တော်သည် အနံ့ခံတော်တော်ကောင်းသော ကောင်ဖျ ဝီစကီတောင် ဘာအမျိုးအစားဆိုတာ တန်းခနဲ သိခဲ့တာပဲ။ ကိုင်း– တိုတိုဆိုကြစို့ရဲ့။ လူမှန်ရင် ချွေးနံ့တော့ အနည်းနဲ့အများ ရှိကြတာပါပဲ။ သို့သော် ဘာနံ့မှ မရှိသော ချွေးနံ့ကို ကျွန်တော် အလွန်ကြိုက်ပါသည်။ ချိုင်းချွေးနံ့၊ လက်ပတ်နံ့ စသည်တို့ကိုကား ကျွန်တော် မခံနိုင်ပါ။ အယူ့းသဖြင့်(ရိုးရိုးပြောတာနော်) မိန်းမချိုင်းချွေးနံ့က နည်းနည်းတော်သေးသည်။ ယောကျ်ား

ချိုင်းချွေးနံ့ကို ကျွန်တော် အလွန်ခံရခက်ပါသည်။ မိန်းမများဘက်ကလည်း သည်သို့ရှိကောင်းရှိမည်။ အင်း– အနံ့အသက် မခံစားတတ်သော် ကျွန်တော် စကားကျွံနေပါပြီကော။

ကိုင်း–သမ္မတရုံက စခန်းပြန်သွားကြစို့ရဲ့။ ဒါနဲ့ ပထမဆုံး ကျွန်တော် အေးဘုံကို စမ်းသပ်တာကတော့ သူ့ကိုယ်နံ့ပါပဲ။ ခက်တာက သမ္မတရုံက အဲယားကွန်း အအေးခန်း။ လှစ်ခနဲ ဆိုယောင်လို့မှ မဟလိုက်နဲ့။ ပတ်ဝန်းကျင် ညစ်ညမ်းသွားနိုင်သည်။

သည်တော့ တစ်ရုံလုံးလိုလို ရေမွှေးနံ့တွေ လှိုင်နေတော့ သူ့ကိုယ်နံ့ ကျွန်တော် ဘယ်လိုဖမ်းမတုံး။ သူ့အသုငယ်ချင်းမကလည်း ဆွတ်သလား မမေးနဲ့။ ရေမွှေး။

အဲ–သေချာတာကတော့ သူ– အေးဘုံ ရေမွှေးမဆွတ်။ မကြိုက်။ ဒါကို သမီးရည်းစားဖြစ်စတည်းက သူပြောပြလို့ သိပြီးသား။ သို့သော် အရေးကြီးတာက သူ့ချွေးနံ့ဗျ။ နံ့သလား၊ မနံ့သလား။ ဒါကို ကျွန်တော် သိချင်တာကိုး။ ဘယ်လိုမှ စမ်းသပ်လို့ ရှူရှိုက်ကြည့်လို့ မရပါဘူး။ ဒါနှင့် ကျွန်တော် သူ့အာငွေ့နံ့ကို စမ်းသည်။ တလွဲမထင်ပါနှင့်။ စကားပြောကြည့်တာပါ။ တိုးတိုး တိုးတိုးပေါ့။ ဟိုက်။ သူက ကွာစေ့ဝါးနေတာ ဘယ့်နှယ်သိမှာတုံး။

ဒီလိုနှင့် ရုပ်ရှင်သာပြီးရော။ အေးဘုံအနံ့အသက် ကျွန်တော် မသိလိုက်ရပါ။ ဘာပဲဖြစ်ဖြစ် နောက်များကျတော့အင်း... ခု ကလေး(၄)ယောက်အမေဖြစ်တော့ ပိုပြီး သိရတာပေါ့ဗျာ။







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကကောင်းပါသည်။

သူ့မှာ ချွေးနံ့ – အာနံ့မရှိ။

ဤသည်ကို ကျွန်တော် ဘာကြောင့်စကားချီရပါသနည်း။

စာစာက ပြောသော ကျွန်တော့် သဘာဝကို ပြောချင်လို့ပါ။

ဩော်… ခဏနေပါဦးဗျာ။

ဒီလို ကျွန်တော် ပြောနေလို့ ချွေးနံ့၊ အာနံ့ပြင်းသူများကို စော်ကားလို၍ ဤစာစုကို ရေးနေခြင်း မဟုတ်ရပါ။ ကောင်းရာကောင်းကြောင်း နည်းပေးလမ်းပြ အင်း… ဘာတဲ့ ကိုယ်ကာယအလှပြင်နည်းတို့၊ ဘာတို့လိုပေါ့ဗျာ။ ဒါက နောက်ပိုင်းမှ ရှင်းပြပြောပြ နည်းပေးပါမည်။

လောလောဆယ် စကားဆက်ပါရစေ။ စာစာက ပြောသလို ကျွန်တော်သည် ကိုယ်နံ့၊ အာနံ့နှင့် သဟဇာတဖြစ်အောင် မနေတတ်ခဲ့ရသည်မှာ ဟိုးငယ်စဉ်ကပင် ဖြစ်ပါသည်။ မေမေ့ကြောင့် ဟုဆိုရပါမည်။ မေမေသည် ယင်းအနံ့အသက်များကို ကျွန်တော့်လိုပင် မခံရပ်နိုင်သူ ဖြစ်ပါသည်။

ကျွန်တော်တို့ ငယ်စဉ်က ညီအစ်ကိုလေးယောက်မှာ အထိန်းလေးယောက်ထားသည်။ ကံဆိုးသူမောင်ရှင် ကျွန်တော့်မှာ အထိန်းတော်သည် ချိုင်းချွေးနံ့ အလွန်စူးသော အစ်မကြီးဖြစ်ခဲ့ရရှာသည်။

သည်မှာတင် မေမေ သူ့ကို ဆေးကုတော့သည်။ လွယ်လွယ်လေးပါ။ နောက်တော့ ပြောပြပါမည်။





ပျောက်သွားသဗျ။ ဒီနေ့ထိ အဲဒီအစ်မကြီးမှာ ယင်းချိုင်းနံ့ မရှိတော့ဘူး။

ဘာပဲဖြစ်ဖြစ် ကျွန်တော့် အထိန်းတော်ကြီးလိုပဲ အများသူငါကို ဖြစ်စေချင်သည်။ အချို့အမျိုးသမီးများ သနားဖို့ကောင်းသည်။ ပြင်လိုက်ဆင်လိုက် ဖို့လိုက်ရတာ၊ ပြီးတော့ အနံ့ဆိုးက တိုးထွက်တာပါပဲ။ ကျွန်တော်တို့ အရက်သမားများ ကွမ်းရွက်ဝါးဝါး၊ မာလကာသီးစားစား မရသလိုပေါ့။

အချို့အမျိုးသားများလည်း ၎င်းအတိုင်းပါပဲ။ ချွေးထွက်လေ ဆိုးလေ။

ပိုဆိုးတာက အာခံတွင်းနံ့ဗျာ။ လူတစ်ယောက်နဲ့တစ်ယောက် ကိုယ်နံ့မခံနိုင်ရင် ရေမွှေးနှင့် ကာဘာလုပ်၊ ခပ်လှမ်းလှမ်းထိုင်လို့ရပေမယ့် အာခံတွင်းနံ့ကျတော့ အို သူက စကားပြောမှတော့ ကိုယ်က နားမထောင်လို့ ရမလား။ လေကြောရှည်လေ ဆိုးလေဗျာ။

ဒါနဲ့ စကားမစပ်၊ ရယ်စရာလေး ပြောရဦးမည်။ ကျွန်တော်က ရုပ်ရှင်သရုပ်ဆောင်ဆိုတော့ ရုပ်ရှင်ဒါတွေ့အကြုံလေးပါ။

တစ်နေ့ဗျာ။ ဇာတ်ကားတစ်ကားရိုက်ကရော ဆိုပါတော့။

ဒီတုန်းက ကျွန်တော်က လူပျို၊ မင်းသမီးက ကလေးအမေ။

ရိုက်ကြရောဗျို့။ Love Scerneချစ်ခန်းပေါ့။ ကျွန်တော်က အလွန်သောက်တဲ့ နေအချိန်။ ဟ… ချစ်ခန်း၊ ကြိုက်ခန်း



www.burmeseclassic.com

www.burmeseclassic.com



အနီးကပ်စကားပြောခန်းလည်းရောက်ရော မမချောက မရိုက်နိုင်ပါဘူး ဖြစ်ပါလေရော။ ထိုစဉ်က သူကစူပါ။ (မမစိတ်မဆိုးနှင့်နော်)

ဘာကြောင့်လဲဆိုတော့ မင်းသားပါးစပ်က အရက်စော်နံလို့တဲ့။

ဒိုင်းဆို ဖြစ်လိုက်တဲ့ ဒေါသဗျာ။

"ဟင်– မရိုက်ချင်သွား။ ကျုပ်က ခုမှ လူငယ်ခြေတက်နုနုလေးဗျ။ ကျုပ်မပြောချင်လို့ နေနေတာ။ စောစောကတည်းက ခင်ဗျားရဲ့ အာပုပ်တော်ကြီးထဲက လှိုင်ထွက်နေတဲ့ အနံ့ဆိုးကြီး သည်းညည်းခံနေတာ။ အားနာလို့ ဘာမှ မပြောတာမှတ်"

ပြဿနာ။

နောက်တော့ ကျွန်တော် စဉ်းစားသနားမိသည်။ ကျွန်တော်က ယောက်ျားသား။ သွားကလေး ပြေးတိုက်လိုက်၊ ပြီးကရော။ ဟော ရှူးပေါက်ချင်သလား၊ သစ်ပင်ဘေးလွှတ်လိုက်။ အလေးသွားချင်သလား၊ နံရံသုံးဖက်ကာလိုက်ရင် အိုကေ။

သူတို့ခဗျာများ တစ်နေ့ကုန် ကားရိုက်ဖို့ နံနက်စောစောကတည်းက ခုရခံရ ဖိရညှစ်ရ၊ ဘယ်ပိုတပါးသွားဖို့ဆိုတာလည်း မလွယ်။ ပြီးတော့ အစားကျတော့ရော တွေ့ကရာရှစ်သောင်းဘယ်နှယ်... ဝစ်မနက်လုံး၊ အပုပ်နံ့တွေ ဒီပါးစပ်က မထွက်ဘယ်က ထွက်မတုံး။ မမကိုလည်း ခု အဲဒီနည်း ပေးလိုက်မယ်ဗျို့။ အနံ့အသက်ပျောက်ဆေး။ ခဏနေဦး။





ဤသို့လျှင် လူတို့သည် ကိုယ်နံ့ချွေးနံ့ အာခံဝွင်းနံ့ကိုနည်းမျိုးစုံနှင့် ရှင်းနေကြရပါသည်။ ယခင်က ယင်းအနံ့အသက်များကို မလိုလားသော ကျွန်တော်သည်လည်း ယခုတော့ ကိုယ်ခံရှင်များကို စာနာလာမိသည်။

မည်သို့ပင်ရှိစေ...

လူတို့သဘာဝမှာ ပထဝီ(မြေဓာတ်)နှင့် အာပေါ(ရေဓာတ်)တို့ ပေါင်းစပ်၏။ ဝါယောလေဓာတ်နှင့် တေဇောမီးဓာတ်က ရစ်ပတ်သည်။ အာကာသဓာတ်က ခြားထား၏။ ဤသည်ပင် အပုပ်ကောင်ကြီးဟု ဘုရားဟော အလာကို အထက္ကဋ္ဌာများမှာ ဖတ်မှတ်ဖူးကြပါလိမ့်မည်။

သို့သော် ကျွန်တော်တို့သည် ထိုအပုပ်ကောင်ကြီးကိုပင် ပြင်ဆင်နေရသေးသော ပုထုဇဉ်များသာတည်း။

ကိုင်း ရတနာသရွေ့ အပုပ်ကောင်ကို အနံ့အသက်ကလေးသက်သာအောင် အမေပေးသောနည်းကလေး စမ်းကြည့်ကြပါစို့ရဲ့။

"မေမေ... ကျွန်တော်တို့ရဲ့ မိတ်ဆွေတွေ၊ အထူးသဖြင့် အမျိုးသမီးတွေပေါ့ အမေရယ်။ ကိုယ်နံ့ချွေးနံ့တွေ တချို့တချို့ ပြောပါတယ်။ ဆိုးရှာသဗျာ။ အဲဒါ ကျွန်တော် ငယ်ငယ်က အထိန်းတော်ကြီးကို အမေပေးတဲ့နည်းကလေးများ ပေးပါလား..."

မေမေက ရယ်မောပါသည်။

၈



www.burmeseclassic.com

www.burmeseclassic.com



"မင်းအထိန်းတော်ကြီး အိမ်ရောက်စ နံလွန်းလို့ အမေ မယ့် ကျောက်ချဉ်တွေလိမ်းခိုင်း၊ ပေါင်ဒါတွေ ရိုက်ခိုင်း၊ လုပ် လိုက်ရတာ။ ဘယ်လိုမှ မပျောက်ဘူး။ အင်း... အနံ့တွေ သား ကို ကူးမှာစိုးလို့ နောက်ဆုံးတော့ သားရေ"

အမေသည် ထိုအစ်မကြီးကို နေ့တိုင်း 'ကျောက်ဖရုံသီး' ဟင်းခါးတစ်လှည့်၊ ဟင်းချိုတစ်လှည့် ကြော်ချက်တစ်လှည့် ချက်ကျွေးလေသည်။

"ဘာကြောသလဲ။ သူ့အနံ့တွေ ပျောက်ကရော။ သင်းဆို ဒီနေ့ထိတောင် စွဲစားနေသေး"

"အဲဒါ ဘာဖြစ်လို့လဲအမေ"

"ဟဲ့ စာရေးဆရာကောင်ရယ်။ တို့မြန်မာ အသုဘတွေ မှာ ကျောက်ဖရုံသီး အောက်က ခံရတာ၊ နင်မသိဘူးလား"

"သားမိတ်ဆွေတွေကို ပြောပြရမှာ အားနာလို့ပါအမေ"

"အို... အလွယ်လေး၊ လူမြင်သူမြင်တောင် စားလို့ရသေး။ ကျောက်ဖရုံယိုလေးစားစားပေးလို့။ ဆီးလည်းရွှင်တယ်လို့ ဟဲဟဲ"

**မှတ်ချက်။**

(လွန်လေပြီးသော ဆယ်စုနှစ်တစ်ခုခန့်လောက်က ညစာ စားပွဲတစ်ခုတွင် ကျွန်တော့်အား အကြီးအကဲတစ်ဦးက–

"ဟော့ မောင်သု မင်းတို့ စာရေးဆရာတွေ စကားတစ်ခွန်း ပြင်ဖို့ ကောင်းပြီ"





"ခင်ဗျာ ဘယ်ဟာပါလိမ့်"

"အနံ့အသက်ပျောက်သေးဆိုတာ"

"ဗျာ–ဒါကမတော့"

"ဒါကတော့တွေ ဘာတွေ မဟုတ်ဘူးလကွာ။ အနံ့ဆိုး ပျောက်ဆေးဆိုတာမျိုး ပြောင်းကြပေါ့..."

"ခက်တာက ဒီစကားဟာ တစ်နိုင်ငံလုံး သုံးနေကြတာ ဆိုတော့..."

(ကလျာ၊ ဇူလိုင်၊ ၁၉၉၃)



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်နစ်နာသွားသောအကြွေး

'အကြွေး' ဆိုလိုက်ရုံဖြင့် လတ်တလော နာမည်ကျော်ကြားနေသော ကိုကျော်ဟိန်း၊ ကိုကျော်သူတို့ ပါဝင်သည့်ကိုမ်းပွားရိုက်ကူးသော ကျွန်တော့်ဝတ္ထု 'အကြွေး' ဗီဒီယိုခွေ အကြောင်းဟု မထင်လိုက်ကြပါကုန်နှင့်။

ကျွန်တော် တင်ရှိနေသော တကယ့် ငွေရေးကြေးရေး အကြွေး ဖြစ်ပါသည်။

ကျွန်တော်သည် မရှိမရှား လူတန်းစားတွင် ပါဝင်သည်ဟု ဆိုရပါမည်။ တိတိကျကျပြောရလျှင် ငွေးငါးသိန်းထက်လွန်၍ တစ်ခါမျှ မကိုင်ဖူးသေးပါ။ ဒါတောင် ကျွန်တော်ပိုင်ငွေမဟုတ်။ ကျွန်တော့်ဇနီးပိုင် ဖြစ်ပါသည်။ သူ့အမေ ခြံကလေးတစ်ခြံ ရောင်းခဲ့စဉ်က အမွေသဘော ခွဲပေးထားသောငွေဖြစ်ပါသည်။





ယခုပြောလိုသည်မှာလည်း ထိုငွေကိစ္စပင် ဖြစ်ပါသည်။

ကျွန်တော်သည် ငွေကြေး အချေးအငှားကိစ္စ၌ ဝါသနာပါသူလည်းဟုတ်၊ ဝါသနာမပါသူလည်းဟုတ်ဟု ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် ဒေါသကြီးလွယ်ပြီး စိတ်ပြေလွယ်သည့် စိတ်နုသူတစ်ယောက် ဖြစ်သောကြောင့် ဖြစ်ပါသည်။ အထူးသဖြင့်မူ ဒေါသကြီးလွယ်ခြင်းထက် စိတ်ပြေလွယ်ခြင်းက ပိုပါသည်။ ထို့ကြောင့် သနားလွယ်တတ်သည်။ နွမ်းပါးသူကို ချေးချင်ငှားချင်သည်။ အတိုးပေး ချေးငှားခြင်းအား လုံးဝ ဝါသနာ မပါပါ။ ကတိမတည်လျှင် ကျွန်တော် အလွန်စိတ်ဆိုးသည်။ဟော စိတ်ဆိုးပြန်လျှင်လည်း ချက်ချင်းပင် တစ်ဆုံးတစ်စ လုပ်ပစ်တတ်သည်။

ဒါကြောင့် ကျွန်တော်သည် အချေးအငှား ဝါသနာပါသူလည်းဟုတ်၊ မပါသူလည်းဟုတ် ဆိုရခြင်းပါ။

ကျွန်တော် စိတ်နုဘာကို မကောင်းတာပဲ။ ထားပါတော့ဗျာ။

အဲ–သည်တစ်ခါတော့ သိန်းဂဏန်းကိစ္စ။ တိတိကျကျပြောရလျှင် ငွေငါးသိန်း ကိစ္စ။ စောစောက ကျွန်တော် ပြောခဲ့သော ကျွန်တော့်ဇနီးပိုင် ငွေငါးသိန်းကိစ္စပင် ဖြစ်ပါသည်။ ကျွန်တော့်ဇနီးပိုင် ငွေဟု သတ်မှတ်ရခြင်းကို ရှင်းပါအုံး။ အနောက်တိုင်းဆန်ဆန် သူ့ငွေကိုယ့်ငွေဟူ၍ လင်မယားကြား သတ်မှတ်ထားခြင်းမျိုး မဟုတ်ရ ပေါင်ပါ။ သူ့ဘက်ကိုယ့်ဘက် နှစ်ဖွေ နှစ်မျိုးစလုံး မြန်မာဆန်သူများ ဖြစ်ကြပါသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရုပ်ရှင်ရိုက်၊ သီချင်းဆိုရသမျှ ငွေကို သူ့လက်အပ်သည်။ ဝတ္ထုရှည်ရေးစဉ်ကလည်း ၎င်းအတိုင်းပါပဲ။ အဲ-ကဗျာနှင့် ဝတ္ထုမှ ရသောငွေ(ခုနစ်ဆယ်ငါးကျပ်)မှ (သုံးရာ) အထိမျှသော ငွေကိုကား ဘုရားစင်မှာထားပြီး သာရေးနာရေးအတွက် စုပါသည်။ သူ့ဘက်ကလည်း ကျောင်းဆရာမရသောလခ(၁၁၀၀ိ/-)မျှ လခကလေးကို သက်ကြီးပူဇော်ပွဲလိုမျိုးအတွက်၊ ကလေးမုန့်ဖိုးအတွက် သီးသန့်ထားပါသည်။

အရေးအကြီးဆုံးကား အမွေကိစ္စ ဖြစ်ပါသည်။ သူရော ကျွန်တော်ပါ မိဘအမွေနှင့် ပတ်သက်၍ မာနကြီးခြင်း၊ တစ်နည်းပြောရလျှင် ယဉ်ယဉ်ကလေး ပြောရလျှင် သဘောထားကြီးခြင်းပင်။

ကျွန်တော့်ဘက်ကတော့ ရှင်းသည်။ ဖေဖေသည် ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေအတွက် တစ်သက်စားမကုန်အောင် အမွေပေးခဲ့ပါပြီ။ ဦးနှောက်နှင့် သစ္စာတရားဖြစ်ပါသည်။

သူ့ဘက်ကတော့ ဘုရားတရားကိစ္စနှင့် ငွေကြေးပါဝင်ပါသည်။ ယခုအမေ (ကျွန်တော်က အမေအရွယ်တွေ မုန်သမျှ အမေပဲခေါ်တတ်သည်) က အရွယ်ကလေးရလာတော့ (မအေဘုံတွင်လည်း ဖခင် မရှိတော့ပါ) အမွေဆိုသည်ထက် ကြိုတင်အမွေအဖြစ် ငွေခုနစ်သိန်း ပေးပါသည်။

ကျွန်တော် လက်ဖျားနှင့်မျှ မတို့ပါ။ သို့သော် မြန်မာယဉ်ကျေးမှုအစဉ်အလာအရ လင့်ငွေမယားငွေဟူ၍ ခွဲထားခြင်း





မရှိရာ အထူးသဖြင့် သိန်းဂဏန်းရှိသော ငွေကို သူမသုံးတတ်ပါ။ (တစ်လ ၁၁၀၀ိ/- စားကျောင်းဆရာမလေးပဲဗျာ)

ဤတွင် ယင်းငွေခုနစ်သိန်းအနက်မှ နှစ်သိန်းကို ချန်၍ ငါးသိန်းဖိုး အလုပ်လုပ်ကြရအောင်ဟု သူတိုင်ပင်သည်။

ခက်တာက ကျွန်တော်ကိုယ်တိုင်၌က စီးပွားရေး ကျွမ်းကျင်သူမဟုတ်။ အနုပညာသမားကိုး။ သည်မှာ ပြဿနာပေါ်တော့သည်။ ယခုခေတ်မှာ ဒီငွေကလေး ငါးသိန်းကို ကျွန်တော်တို့ လင်မယား စွန့်ပစ်ရမှာကလည်း အဆီနှင့်တဝင်းဝင်း၊ စားရမှာလည်း သဲနှင့်တရှပ်ရှပ်။ ဒါကတော့ အများသိပါ။ တချို့သူများ ဂုန်နီအိတ်နှင့် ပိုက်ဆံသုံးနေချိန်တွင် ဘချို့လူတွေ ငွေတစ်ကျပ် လိုက်တောင်းနေကြသည်မဟုတ်လား။ ရူပါမင်းသားမဟုတ်သည့် အနုပညာသည်နှင့် အလယ်တန်းပြ ကျောင်းဆရာမလေးတို့ အဖို့ရာကား ဒါကြောင့် မရှိမရှားဟု ဆိုရခြင်းပါ။ ပြီးတော့ ခက်တာက နှစ်ယောက်စလုံးက ငွေကို ကုန်ချင်းဖလှယ်ရာ၌ ကြားခံ၊ အာမခံရှိသော ပစ္စည်းဟူ၍သာ သဘောထားခဲ့ခြင်းပင်။

ကိုင်း ဒီငွေငါးသိန်းကို ဘာလုပ်မည်နည်း။ ကျွန်တော့်ဘက်က လုပ်တတ်တာ သုံးခုပဲ ရှိသည်။ စာအုပ်ကိုယ်ပိုင်ထုတ်ဝေခြင်းလုပ်ငန်း၊ တေးသီချင်းကိုယ်ပိုင်ထုတ်ဝေခြင်းနှင့် ကိုယ်ပိုင်ရုပ်ရှင်ဗီဒီယိုလုပ်ငန်း။

သို့သော် ကျွန်တော် လုပ်ခဲ့ဖူးပါပြီ။ ငယ်စဉ်လူပျိုဘဝက။ သည်တုံးကလည်း ရူပါမဟုတ်တောင် မရူပါတပါ ဘဝမို့ လုပ်နိုင်ခဲ့သည်။ ငွေကုန်ကြေးကျ မများလှ။ အသိုင်းအဝိုင်းကောင်းသည်။ ဖေဖေရှိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး စာအုပ်ထုတ်ဝေရေးလုပ်သည်။ ရှုံးသည် (ဟော စာရေးဆရာလုပ်တော့ အောင်မြင်ပြန်ရော)။ နောက် ရုပ်ရှင်ရိုက်သည်။ ငယ်သူငယ်ချင်းသုံးယောက် ရှိလေသည် ဓာတ်ကား(ဝက်ဝက်ကွဲ ကွဲသည်။) ထို့နောက် တိပ်ခွေဓာတ်လမ်း သီချင်းသွင်းသည်။ ယူမည့်သူမရှိ။ (ထိုအချိန်က တိပ်ခွေဓာတ် လမ်းလောကတွင် အစ်ကိုကြီး ကောလိပ်ဂျင်နေဝင်းနှင့် ကျွန် တော်သည် ရှုပါ။ သီချင်းခွေဆိုလည်း ကျွန်တော်သည် မြန်မာ လိုင်းတွင် အရှိန်တက်နေချိန်) နောက်ဆုံးဗီဒီယို။ ကျွန်တော် ဝတ္တု။ ကျွန်တော်ဒါရိုက်တာ၊ ကျွန်တော်မင်းသား(အရိုး ကောင်းဆဲမင်းသားဘဝ) ရိုက်သည်။ အရင်းပင် ပြန်မရ ကိုင်း ကျွန်တော် ဘာလုပ်ရမည်နည်း။ အရောင်းအဝယ်လည်း မတတ်။ အဲ–မော်တော်ကားတော့ ကျွမ်းကျင်သည်။ ဝယ်ရောင်း လုပ်ကြည့်သည်။ မဆိုးလှ။ သို့သော် ကျွန်တော်နှင့်မကိုက် အားနာတတ်သည့်ကိစ္စနှင့် ဒေါသကြီးသည့် ကိစ္စ ထွေးထွေး ယှက်တင်နေသည့်အကောင်၊ ဘယ့်နှယ်ပွဲစားလုပ်ငန်း လုပ်မည် နည်း။

ထားပါ။ ဒါတွေပြောလို့ကတော့ "ကိုယ့်ပေါင်ကို လှန်ထောင်းရင် နာအောင် မထောင်းဘူးကွ" ဟူသော ဆရာ ဦးဘဂျမ်း၏ ကာတွန်းလို ဖြစ်နေပေမည်သာ။

အရေးအကြီးဆုံးက ဒီငွေငါးသိန်းကို သားရေးသမီးရေး အတွက် လုပ်ငန်းလေးတစ်ခုခု လုပ်ချင်သည်။ သို့မဟုတ် ပုံမှန် ဝင်ငွေလေး ရချင်သည်။ ဒါကတော့ နှစ်ဦးသဘောတူပါ။ (အေးဘုံရော ကျွန်တော်ပါ) အရေးကြီးတာက ဘာလုပ်ရမှန်း မသိခြင်းသာဖြစ်၏။

သို့နှင့် ဟိုစမ်းစမ်း သည်စမ်းစမ်းနှင့် မျက်စိအလွန် နှမ်းသော လင်မယား မီးခြစ်ရှာဆိုသလိုသာ တဝဲဝဲ ဟုလည်လည်။

နောက်ဆုံးတော့ အကြံကောင်းတစ်ခု ရသည်။ ကျွန်တော် တို့ ညီအစ်ကိုအားလုံးတွင် စီးပွားရေး မျက်စိအကောင်းဆုံးက ကိုရှုပ။ အစေ့စပ်အသေချာဆုံးက ကိုညာဏ်ပေါ်။ ခေါင်းအေးအေး ထားပြီး ရိုးသားစွာ ဆုံးဖြတ်သူက ကိုဝဏ္ဏ။ အဲ– သူတို့နှင့် တိုင်ပင်ရုံပဲ။ ထိုစဉ်က ကိုညာဏ်ခရီးထွက်နေသဖြင့် ကိုရှုပ၊ ကိုဝဏ္ဏတို့နှင့် တိုင်ပင်ကြည့်သည်။

သူတို့နှင့် ရုပ်ရှင်လုပ်ငန်း လုပ်နေသူ(မော်တော်ယာဉ် အရောင်းအဝယ်လည်းလုပ်သည်) စားသောက်ဆိုင်ပိုင်ရှင် (အမည်မဖော်လိုပါ။ သတင်းစာမှပင် တရားစွဲ ကြေညာခံနေ သူဖြစ်နေလို့)တစ်ဦးတည်းကို ဦးဘ်ကူးရသည်။

သည် ညီအစ်ကိုနှစ်ယောက်နှင့် ရုပ်ရှင်လုပ်ငန်း လုပ်နေ သူတစ်ယောက်ကိုကား ကျွန်တော် စိတ်ချသည်။

သို့သော် သူတို့က ရုပ်ရှင်နှင့်ပတ်သက်သော လုပ်ငန်း။ ကျွန်တော်က ရုပ်ရှင်ထုတ်ဝေရေးကို လုံးဝ စိတ်မဝင်စားသူ။ သည်တော့ ဘာလုပ်မလဲ။ လွယ်ပါသည်။ ထိုပုဂ္ဂိုလ်သည် ကားအရောင်းအဝယ်၊ စားသောက်ဆိုင်၊ ရုပ်ရှင်၊ အိမ်မြေအရောင်း အဝယ် စသည်ဖြင့် လုပ်ငန်းပေါင်းစုံလုပ်နေသူ။







www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ပထမဆုံး ကိုဝဏ္ဏ၊ ကိုရူပနှင့် တိုင်ပင်သည်။ နှစ်ဦးလုံးက အားလည်းမပေး၊ ကန့်လည်း မကန့်ကွက်။ "လူဆိုတာ အခက်သားလား။ အထူးသဖြင့် ငွေကြေးနဲ့ ပတ်သက်လာရင် ဘယ်သူ့မှ စိတ်မချတာ ကောင်းတယ်။ ကိုယ့်ဘာသာဆုံးဖြတ်ပါ"ဟု နှစ်ဦးလုံးက ဆိုသည်။

ကိုင်း– ကိုယ့်ဘာသာ ဆုံးဖြတ်တော့မည်။

လင်မယားနှစ်ယောက် မကိုင်စဖူး ငွေငါးသိန်းကိုင်ပြီး ထိုပုဂ္ဂိုလ်ကြီးထံ ပြေးပါလေတော့သည်။ ကိုယ်ပိုင်ကားနှင့်သွားတာ ကောင်းသည်။ အထုပ်ကြီး လက်ထဲက မချရဲ။

တယ်လီဖုန်း ကြိုဆက်ထားသဖြင့် ထိုပုဂ္ဂိုလ် စောင့်နေရှာပါသည်။

"ကိုင်း လာရင်းကိစ္စကတော့ စီးပွားရေးကိစ္စပဲကွာ"ဟု အစချီပြီး လုပ်ငန်းတစ်ခုခု လုပ်ချင်ကြောင်း၊ ဘာလုပ်ရင်ကောင်းမည့်အကြောင်း၊ ပုံမှန်ဝင်ငွေရချင်ကြောင်း ပြောသည်။ စီးပွားရေးဆိုပေမယ့် စီးပွားရေးကြီးလည်းမဟုတ်ကြောင်း၊ အိမ်စရိတ်ကာမိရုံကလေးသာ ပုံမှန်ရနေလျှင် တော်လောက်ပြီဖြစ်ကြောင်းနှင့် ရိုးရိုးသားသား ပြောရလျှင် အရှုံးလည်းမပေါ်ချင်ကြောင်း ကျွန်တော်က ဖြောင်ဖြောင်ပြောပြသည်။ ထိုအခါ ထိုပုဂ္ဂိုလ်က "အစ်ကို ကျွန်တော့်ကို ယုံသလား"ဟု မေးပါသည်။ "ဟာ ယုံလို့ ခင်ဗျားဆီလာတာပေါ့"လို့ ဖြေပါသည်။ "ဒါဆိုခင်ဗျား ငွေငါးသိန်း ကျွန်တော့်ကိုပေး။ ကျွန်တော့် လုပ်ငန်းထဲ





မှာ လှည့်သုံးပေးမယ်။ ပုံမှန် တစ်လ ခင်ဗျား နှစ်သောင်းငါးထောင်ရမယ်"

"ဗျာ" ကျွန်တော် အံ့သြသွားသည်။ ပုံမှန်တစ်လ ၂၅၀၀၀/– ဆိုသည်ကား ကျွန်တော့် အိမ်စရိတ်ကာမိရုံမက ကျွန်တော့် ဝတ္ထုတိုအပုဒ်ပေါင်း တစ်လ ၂၀၀ နီးပါးစာကြီးများ ဆောင်။ ပွတာပဲလေဟု ရုတ်တရက် တွေးမိသည်။ ဇနီးသည်ကို လှည့်ကြည့်တော့လည်း ကျေနပ်ဟန်ပြသည်။ ဆိုပါစို့ရဲ့ သည်လိုနှင့် စာချုပ်အလုပ်ဖြစ်သွားသည်။ စာချုပ်မှာကတော့ ကျွန်တော်တို့က ငွေငါးသိန်းကို သူ့ထံတွင် ယုံကြည်စွာ အပ်နှံထားကြောင်းပေါ့လေ။

ဟိုက် နောက်ဆုံး လေးလကြာမှ( သူကတော့ ပုံမှန် နှစ်သောင်းငါးထောင် ပေးခဲ့ပါသည်။) အလို ငါတို့ ငွေတိုးချေးစားတာနှင့် ဘာထူးတော့သနည်းဟု စာရေးဆရာနှင့် ကျောင်းဆရာမတို့ ခေါင်းရိုက်ပြီး ရှက်ရတော့သည်။ သို့သော် ဘယ်သူသိတာတော်လို့ဟု အသာငြိမ်ပြီး နေခဲ့သည်။ သူကလည်း လစဉ်ပုံမှန်ပေးသည်။ တိန်တိန်ကို မြည်လို့။

နောက်ပိုင်း ကျွန်တော် ခြေဖျားလက်ဖျား ယားယံလာသည်။ သူနှင့် ဆက်ဆံရဖန်များတော့ မော်တော်ကားအရောင်းအဝယ်ကိစ္စတွေဘက် စိတ်ယိုင်လာသည်။ သည်လိုနှင့် သူ့ကို ကျွန်တော်တို့ ငွေထဲက သုံးသိန်းတန် ကားတစ်စီးပေးပါဟု ဆိုသည်။ သူကလည်း သဘောတူစွာပင် ကြိုက်ရာကား ယူစေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေရှိစဉ်က စကားတစ်ခွန်းကို မှတ်မိနေသေးသည်။ "သားမော်တော်ကား ဝယ်ရင် မသာသွားလို့လည်းရ၊ မင်္ဂလာဆောင်သွားလို့လည်းရတဲ့ ကားမျိုးဝယ်၊ မိန်းမယူရင်လည်း အဲဒီလိုပဲ"တဲ့။

ဟုတ်ပြီ။ 'ဗင်'ဟု လူသိများသော နောက်ခန်းအပိုပါသည့် ကားမျိုးတစ်စီး သူ့ဆီက ဆွဲလိုက်သည်။ ဆိုပါစို့ ယခု ခေတ်စ ားနေသော စူပါရှ(ဖ်)။

ကားက သုံးသိန်းကိုးသောင်းကျသည်။ ကျွန်တော်တို့ ငွေက ငါးသိန်းဆိုတော့ သူ့ဆီမှာ တစ်သိန်းတစ်သောင်း ကိုးလိုးကန့်လန့်ကျန်နေသည်။ ဆရာမက ဘာဆက်လုပ်မလဲမေးသည်။ ပြန်တောင်းရအခက်၊ ဆက်ထားရအခက်။ နောက်ဆုံးနောက်ထပ်ကိုးသောင်း အေးဘုံအမေဆီ ထပ်ချေးပြီး နှစ်သိန်းပြည့်အောင် ဖြည့် တစ်လတစ်သောင်း ကျွန်တော်တို့ကိုပေး။ ဣန္ဒြေလည်းရ လုပ်ငန်းလည်း မပျက်။ ကားလည်းစီးရ။ နိပ်ဟ။

သို့သော် ငွေကိုးသောင်းထပ်တောင်း ည်ကိစ္စ အေးဘုံအမေ သိသွားတော့ ပြဿနာပေါ်တော့သည်။ မထူးတော့သည့်အထိ ငွေတိုးချေးစားတာ မဟုတ်ကြောင်း၊ လုပ်ငန်းတစ်ခုမှာ မြှုပ်နှံရင်း ပုံမှန်ဝင်ငွေရှာကြောင်းပြောတော့–

"ဟင်း သမ္မာအာဇီဝဆိုတော့ ကောင်းတာပေါ့။ ဒါဆို နောက်နှစ်သိန်း အမေပါ ထပ်ဖြည့်ပေးမယ်။ အမေ့ကို တစ်လ တစ်သောင်းပေး။ နင်တို့လုပ်ငန်းရော အဆင်ပြေရဲ့လား။ လူကြရော စိတ်ချရဲ့လား"ဆိုသည့် ပြဿနာပင်။





နောင်မှ သိရသည်မှာ ကျွန်တော့် ယောက္ခမကြီးသည် သူ့လက်ရှိသားသမီး ရှစ်ယောက်ထဲမှ အနည်းငယ် ချို့တဲ့သော လက်ရှိလေးယောက်ကို တစ်လနှစ်ထောင့်ငါးရာ ထောက်ပံ့ချင်၍ သူ့ ငွေဟန်ဆောင်ပြီး ကျွန်တော့် လုပ်ငန်းထဲ ထည့်ပေးခြင်း ဖြစ်သည်။

ကျွန်တော်တို့ကလည်း အမေ့အတွက်ပဲ ထင်ပြီး ကတိခံ ခါ စောစောက ပုဂ္ဂိုလ်ထံ အမေ့ငွေ ထည့်ပေးလိုက်တော့သည်။ ဟိုး ပထမ ငါးသိန်းကတည်းက ချုပ်လိုက်သည့်စာချုပ်၊ နောက်ထပ်ချုပ်သည့် စာချုပ်တွေပါ ပေါင်းတော့ စာချုပ်သုံးခု ငွေကိုးသိန်းဖြစ်နေသည်။ (မော်တော်ကားယူစဉ်က စာချုပ်ကိုသုံ ပြန်မတောင်းခဲ့ပါ) ဒီလောက် သဘောကောင်းနေပြီဆိုကတည်းက စာရေးဆရာဆိုတဲ့အကောင် နားမလည်တောင်ကျောင်းဆရာမဆိုတဲ့ ကျွန်တော့်မိန်းမ သဘောပေါက်ဖို့ ကောင်းသည်။ ဘယ့်နှယ် ငွေလေးသိန်းချေးပြီး စာချုပ်အရ ငွေကိုးသိန်းဖြစ်နေတာ။ ဖြစ်နေတာ။ ပြဿနာတစ်ခုခုဖြစ်ရင် ဒီပုဂ္ဂိုလ်မနာဘူးလား။ ကျွန်တော်တို့က ညစ်ပတ်ချင်လျှင် ပြောပါတယ်။ သို့သော် တစ်ခုရှိသည်က ကျွန်တော့်လို စီးပွားရေးသမားမဟုတ်သူတစ်ယောက်အနေနှင့် ငါးကျပ်တန် စာချုပ်ကလေးသည် အရေးပါသော်လည်း သူတို့လို စီးပွားရေးသမားများအဖို့ကား စာချုပ်သည် အလကား။ နှုတ်နှင့်စကား ကတိသည်သာအဓိက မဟုတ်ပါလားဟု သဘောပေါက်လာရတော့သည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

သူ့မျက်လုံးနှင့် သူ့စကားတို့သည် ကျွန်တော့်လို စာရေးဆရာ အကယ်ဒမီ မင်းသားတစ်လက်ပင် ယုံကြည် လောက်သည့် အမူအရာ အနေအထား။

နောက်ပြီး ကျွန်တော့်က ယောက္ခမငွေ ပါဝင်လာပြီး လေးငါးခြောက်လတိုင် လစဉ်မပျက်။ ပုံမှန်နှစ်သောင်းလာပို့နေကျ။ တစ်ခါတလေ သွားယူလျှင်လည်း အဆင်သင့်။

နောက်ပိုင်းတော့ ရက်ချိန်းပေးလာသည်။ နှစ်လတစ်ခါ ဖြစ်လာသည်။ ကျွန်တော်တို့ လင်မယားက ယုံဆဲယုံမြဲပေမယ့် နံဘေးဝန်းကျင် မော်တော်ကားလောကမှ သူ့ကို သတိထားဖို့ ပြောလာကြသည်။ သို့သော် ကျွန်တော်က သူတို့စီးပွားရေးသမားချင်းမို့ တိုက်ခိုက်သည့် သဘောဟု ထင်နေသည်။

အဆုံးသတ်ကြစို့ရဲ့။ နောက်ပိုင်း သူ ကျွန်တော်တို့ကို လုံးဝ ရှောင်တော့သည်။ ဆက်သွယ်နေကျစားသောက်ဆိုင်ကို မေးတော့ ခရီးသွားသလိုလို၊ ဘုန်းကြီးဝတ်နေသလိုလို၊ သာမညမှာလိုလို၊ ရွှေပေါက်ကျွန်းမှာလိုလိုတွေ ပြောလွှတ်သည်။ ကျွန်တော့် အပေါ်ပင် မချေမင့် ဆက်ဆံချင်လာသည်။

သိပြီ သိပြီ။ မငြိမ်းက နှင်းဆီဆိုတာ၊ ဆူးနဲ့ပါလို့၊ သေချာခဲ့ရင်၊ တစိမ်းပြင်၍ ရင်တွင်ခြောက်လှန့်၊ ခရီးတန့်ကောင်း တန့်ပေလိမ့်ယောင့်ဆိုသည့် မောင်ဝဏ္ဏ၏ အချစ်ကဗျာကို မဆီမဆိုင် အိပ်ရာထဲ ရမ်းရွတ်ဆိုမိသည်အထိဖြစ်ကြောင်း ဇနီးသည်က ပြောပြသည်။ ပြော် စာရေးဆရာပေကိုး။





သည်လိုနှင့် ကိုယ်နှင့်မဆိုင်သော စီးပွားရေးအလုပ်ဆိုပါစို့။ ငွေတိုးချေးမိသော 'အကြွေး'ဇာတ်ထုပ်သည် ယနေ့တိုင် ကျွန်တော့်ကို ခြောက်လှန့်နေပါတော့သည်။

ထိုပုဂ္ဂိုလ်ကား ဘယ်ဆီရောက်နေပြီမသိ။ တရားစွဲဖို့ ဆိုတာလည်း တရားတဘောင်တွေ ဝါသနာမပါ။ ရဲစခန်းတို့ ရုံးတို့ကို ကျွန်တော် ကြောက်သည်။ သွားရမှာ ရှက်သည်။ ရှောင်းရိုက်၏။ သည်မျိုးရိုးလည်း ကျွန်တော်တို့မှာ မရှိဖူးခဲ့။

နောက်ဆုံးသတင်းကြားရတော့မှ ကျွန်တော်တို့ လင်မယားမှာ သူ့အမေကို တောင်းပန်၊ ကျွန်တော်တို့ တာဝန်ပဲထားပါ။ ရှိတော့မှ စိုက်ပေးမည်ဟု အချိုသတ်။ ဟိုပုဂ္ဂိုလ်ကိုမှာ။ သည်လိုနှင့်သာ အချိန်ကုန်သည်မှာ ယနေ့အထိ။

ကျွန်တော့်ဇနီးသည်ကတော့ "အစ်ကိုရယ် အရင်ဘဝက အဘဲ့တို့ သူများ ပိုက်ဆံ လိမ်ခဲ့ဖူးလို့ ဝဋ်လည်တာထင်ပါရဲ့" ဟု ဆိုပါသည်။

အဲ... နောက်ဆုံးသတင်းဆိုတာကတော့ ကျွန်တော့်လို လေးငါးသိန်းလောက် မပြောနှင့် သိန်းရာနှင့် ချီနေသူများပင် မြန်မာပြည်တစ်ဝှမ်း ပုံစံမျိုးစုံနှင့် ရှာဖွေနေကြပြီတကား ဆိုသတည်း။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



ယခင် သူ့ထံတွင် မော်တော်ကား အရောင်းအဝယ် လုပ်တော့ ကားဓာတ်ဆီဖြည့်ရန် ပုလင်းကလေးသွားထောင်၍ ရောင်းသောလမ်းဘေးအပြင် ဓာတ်ဆီဆိုင် ကလေးတစ်ဆိုင်သို့ သူညွှန်လေ့ရှိသည်။ သူ့ လက်မှတ်နှင့် စာရေးပေးလိုက်လျှင် (တိုကင် သဘောပေါ့) တစ်ဂါလံ၊ နှစ်ဂါလံ ထည့်ပေးလိုက်သည့် ကုလားမကြီးတစ်ယောက်၏ ဆိုင်ဖြစ်သည်။ တလောဆီက ကားဓာတ်ဆီ ပြတ်သွား၍ ကုလားမကြီး ဆိုင်ကြုံတာနှင့် ကျွန်တော် ဓာတ်ဆီဝင်ဖြည့်သည်။ ကုလားမကြီးတော့ ရှိသည်။ ဓာတ်ဆီမရှိ။ ဓာတ်ဆီဆိုင်အစား ဗယာကြော်ဆိုင် ဖြစ်သွားလေပြီ။

"ဟင် အစ်မကြီး ဓာတ်ဆီမရောင်းတော့ဘူးလား"

"ဆရာရေ ဟို ကျွန်မတို့ ထောင်ကဲ လက်မှတ်ထိုးပြီး အကြွေးပေးပေးနေတဲ့ ဓာတ်ဆီဖိုး တစ်သောင်းလောက် ခုထိ လာမပေးတော့ဘူး။ သူ့ကိုလည်း ဘယ်လိုမှ ရှာမရတော့ဘူး"

"ဗျာ အစ်မကြီးက လိုက်မတောင်းဘူးလား"

"သွားတိုင်း မရှိဘူးလို့ ဟိုဆိုင်က အော်လွှတ်တယ်ဆရာ"

"နို့ ခု ဒီဘယာကြော် ရောင်းတာကရော ဟန်ကျရဲ့လား"

"အပါးပါး ဒီနေရာက ဗယာကြော်ရောင်းလို့ ကောင်းတဲ့ နေရာမှ မဟုတ်ဘဲ ဆရာ"

"နော့ ဘာလို့ ဒီနေရာမှာပဲ ဆက်ရောင်းနေသလဲ။ ဗယာကြော် ရောင်းကောင်းတဲ့နေရာမှာ သွားရောင်းပေါ့"





ဤတွင် ကုလားမကြီးက မျက်ရည်စကလေးများ သုတ်ပြီး

"ထောင်ကဲများ ဒီနေရာကို သတိရလို့ လာရင် ကျွန်မကို တွေ့အောင်လို့"တဲ့...။

(ကလျာ၊ ဩဂုတ်၊ ၁၉၉၃)



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော် စဉ်းစားကြည့်တယ်

ကျွန်တော် စဉ်းစားကြည့်သည်။

မျိုးစေ့၊ မျိုးရိုး၊ ဗီဇ (၂)၍ ကျွန်တော်တို့ နေ့စဉ် စကားအဖြစ် ရောနှောသုံးနှုန်းနေကြသော်လည်း တကယ်တမ်းကျတော့ မျိုးစေ့နှင့် မျိုးရိုးသည် အဓိပ္ပာယ် ကွာပါသည်။ ထို့အတူ မျိုးစေ့မျိုးရိုးတို့နှင့် ဗီဇသည်လည်း သဘောချင်း မတူသည်ကို ကျွန်တော် တွေးမိခဲ့ပါသည်။

ဤနေရာတွင် သစ်ပင်ပန်းပင်များကို ကျွန်တော် ထည့်မစဉ်းစားပါ။

လူ့မှုကိစ္စကိုသာ ကွက်၍ စဉ်းစားပါသည်။

ဗီဇသည် လူတစ်ဦးတစ်ယောက်တည်း ကိစ္စကိုသာ ကွက်၍ဆိုသည်ဟု ကျွန်တော်ထင်သည်။





ကျွန်တော်တို့ငယ်စဉ်က ရုပ်ရှင်ဇာတ်ကားတစ်ကားကို မှတ်မိနေပါသည်။ အထူးသဖြင့် ယင်းရုပ်ရှင်ဇာတ်ကား၏ ကြော်ငြာကို ကျွန်တော် အလွတ်ရနေပါသည်။

'တင်ညွန့်' 'ရွှေဘ' တကယ်ချတဲ့ 'ဗီဇ'ဟူ၍ ဖြစ်ပါသည်။ ဇာတ်ကားနာမည်မှာ ဗီဇဖြစ်ပါသည်။

ဇာတ်လမ်း၏ သဘောမှာလည်း ဗီဇချင်း၊ စရိုက်သဘာဝချင်း မတူညီသည့် ငယ်သူငယ်ချင်းနှစ်ယောက်၏ ဘဝသရုပ်ကို ဖော်သော ဇာတ်လမ်းဖြစ်ပါသည်။

ကျွန်တော်တို့သည် ဗီဇဟူ၍ သုံးနှုန်းရာတွင် လူတစ်ယောက်၏ ကောင်းသောလုပ်ရပ်၊ မကောင်းသောလုပ်ရပ်နှစ်မျိုးစလုံးတွင်ပင် စကားလုံးကို သုံးကြသော်လည်း အများအားဖြင့် မကောင်းသောလုပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စများတွင် ဗီဇကို အသုံးများတတ်ကြပါသည်။ "ဟဲ့ ဗီဇကိုက ကောင်းမှ မကောင်းတာကိုး" စသည်ဖြင့် မကြာခဏ ကြားရပါသည်။ မည်သို့ပင်ရှိစေ ယင်းဗီဇဟူသော စကားလုံးသည် လူတစ်ယောက်တည်း၏ ကိုယ်ပိုင်မူလက္ခဏာတစ်ရပ်သာ ဖြစ်ပါသည်။ သူ၏ မျိုးရိုးကို စွက်ဖက်စေခြင်း မရှိကြပါ။ 'ဥာဉ်'ဆိုသော စကားနှင့် အနည်းငယ် တူသယောင်ရှိသော်လည်း 'ဥာဉ်'သည် 'ပြင်'၍ ရသော သဘောရှိပြီး 'ဗီဇ'ကတော့ ပြုပြင်၍ မရသောသဘောကိုဆောင်သည်ဟုထင်ပါသည်။ 'အကျင့်'ဆိုသော စရိုက်လက္ခဏာ စကားလုံးနှင့်ဆိုလျှင် ပို၍ပင် အလှမ်းဝေး သွားသည်ထင်ပါ



www.burmeseclassic.com

www.burmeseclassic.com



၏။ 'အကျင့်'သည် ပြုပြင်၍ ရသည်သာမက လုပ်ယူ၍ပင် ရသည်မဟုတ်ပါလား။

'မျိုးရိုး'ဆိုရာ၌ကား ပို၍ ကျယ်ပြန့်လာသည် ထင်ပါသည်။ ဆွေမျိုးတစ်စု၏ သဘောအသွင်ကို ဆောင်ယူပါသည်။ လူတစ်ဦး တစ်ယောက်တည်းသာမက သူ၏ ရှေ့အမူအစဉ် သူ၏ နောက်အစဉ်အဆက်ကိုပါ ညွှန်းပါသည်။

မျိုးရိုးကိုလည်း ကောင်းမှု၊ ဆိုးမှုနှစ်မျိုးလုံးတွင် ကျွန်တော်တို့ သုံးတတ်ကြပါသည်။ သို့သော် မကောင်းမှုကိစ္စတွင်သာ ယင်း'မျိုးရိုး'ဟူသော စကားလုံးကို အသုံးများတတ်ကြောင်း ကျွန်တော် သတိပြုမိပါသည်။ ကျွန်တော်တို့ မြန်မာလူမျိုးတို့၏ အလေ့ပင် ဖြစ်နေရော့သလားဟု တစ်ခါတစ်ခါ အတွေးခေါ်မိသည်။ ကြည့်ပါ။ မျိုးရိုးကိုက ကောင်းမှ မကောင်းတာ အသုံးများကြသည်။ မျိုးနဲ့ ရိုးနဲ့ မိုက်တာ၊ မျိုးရိုးစဉ်ဆက် အသုံးအဖြုန်းကြီးတာ၊ ဟဲ့ မျိုးရိုးကိုလည်းကြည့်ဦး စသည်ဖြင့် မကြာခဏ အသုံးတည့်နေကြသည် မဟုတ်ပါလား။ အကောင်း ဘက်သို့ ပြောချင်သည့်တိုင် "ဆွေစဉ်မျိုးဆက် အသက်ချမ်းသာ လာကြတာလေ"ဟူ၍ သရော်တော်တော်ဆိုကြသည်ကို ကြားဖူး ကြပေလိမ့်မည်။

ဗီဇလောက်တော့ အဆိုးပြစကားမဖြစ်တော်လည်း မျိုးရိုးဗီဇဟု ပေါင်းသုံးလျှင်ဖြင့် အဆိုးဘက်သို့သာ ဦးစားပေး သွားတတ်လေသည်။





အကောင်းညွှန်းစကားများကို သုံးကြသော်လည်း နည်းပါးသည်ဟုသာ ကျွန်တော် ဆိုပါသည်။ "မျိုးနဲ့ရိုးနဲ့ သတ္တိကောင်းခဲ့သည့် မြန်မာတွေ"၊ "ဘုရား၊ တရားအလုပ်၊ အလှူအတန်း အလုပ်တွင် ဆွေစဉ်မျိုးဆက် ထက်သန်ခဲ့ကြသူများ" စသည်ဖြင့် သုံးတတ်ကြသော်လည်း 'မျိုးရိုး'ဟူ၍ အသံထွက်လိုက်သည်နှင့် ဘာကြောင့်မှန်းမသိ မကောင်းဘက်သို့သာ အလေးသွားတတ်သည်ဟု ကျွန်တော်တော့ ခံစားရပါသည်။

တစ်ခါက ကျွန်တော့်အမေ၏ ဦးလေးဖြစ်သူ ဘိုးဘိုးဦးမောင်မောင်(ဆရာမောင့်ဆေးနိုလုံး)၏ စကားတစ်ခွန်းကို ကျွန်တော်ငယ်စဉ်က ကြားဖူးမှတ်မိနေပါသည်။

"ဟေ့ တို့အမျိုးက ရှိခိုးတဲ့ အမျိုးကွယ့်"

အလွန်လှပ ပြီး နားဝင်ချို၍ မှတ်မိလွယ်သော စကားတစ်ခွန်းဟု ကျွန်တော် ထင်ပါသည်။ အမျိုးဂုဏ်ကို ဖော်သော်လည်း ကိုယ့်ဂုဏ်ကို ဖော်ရာ ရောက်မသွားဘဲ မိမိဆွေမျိုးသာကမဟုတ်ဘဲ မြန်မာတစ်မျိုးသားလုံး၏ ဂုဏ်ကိုပါ ဖော်ကျူးရာ ရောက်သွားသလို ခံစားရပါသည်။

ကျွန်တော်တို့ အနုပညာအသိုင်းအဝိုင်းတွင်လည်း ယင်းစကားစုကို အသုံးများကြပါသည်။ ဤနေရာတွင်တော့အကောင်းဘက်သို့လည်းကောင်း၊ အဆိုးဘက်သို့လည်းကောင်း မညွှန်းဆိုတတ်ကြပါ။ ဆိုလိုသည်မှာ တစ်စုံတစ်ရာ အပြစ်တင်လိုခြင်း၊ ချီးမွမ်းလိုခြင်း ကင်းစွာ အသုံးချတတ်ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှဝ်ရှင်မျိုးရိုး'၊ 'သဘင်မျိုးရိုး'၊ 'ဂီတမျိုးရိုး'၊ 'စာပေမျိုးရိုး'ဟူ၍ သုံးစွဲကြပါသည်။ ကျွန်တော်သည် အနုပညာသည်တစ်ယောက် ဖြစ်သောကြောင့် အနုပညာနှင့် 'ပတ်သက်သောမျိုးရိုးဟူသည့် စကားရပ်သည် ကျွန်တော့် ဖခင်နှင့်သာ သက်ဆိုင်သည်ဟု ယူဆပါသည်။ ကျွန်တော့်ဖခင်ကို ကွက်၍ပြောလျှင်မူ သူ့တွင် အနုပညာမျိုးရိုး မရှိဟု ဆိုဖြစ်ပါမည်။ ဖေဖေမှစ၍သာ အနုပညာမျိုးရိုး စတင်ခဲ့ပါသည်။ သူ့အထက်တွင် အနုပညာသည် မရှိခဲ့ပါ။ ထွန်းတောက်သော 'ပညာသည်'ကို ဆိုလိုပါသည်။ အဖေ့ကိုကား မျိုးစေ့ချသူဟု ယူရပါမည်။ အဖေပြီးတော့မှ ကျွန်တော်တို့သည် အဖေမျိုးရိုးလိုက်သူတွေဟု ဆိုကြပါသည်။ ကျွန်တော်တို့၏ သားသမီးများ လက်ထက်တွင်ကား အနုပညာမျိုးရိုးဟု လုံးဝ ခေါ်ဆို၍ ရနိုင်ပါလိမ့်မည်။ ဆိုပါစို့ 'အေဝမ်း'ဖခင်မျိုးရိုးဆိုရင် ဟိုးမြန်မာရှပ်ရှင်ပေါ်ဦးစကတည်းက ရုပ်ရှင်မျိုးရိုးစ ခဲ့ကြပါသည်။ သူတို့အနုပညာမျိုးရိုးကား သက်ရင့်ဖြစ်နေပါပြီ။ ထိုနည်းလည်းကောင်းပင် ဂီတ၌မျိုးရိုးအမှုအစဉ် ထူထောင်နေကြသည်ကို ကျွန်တော်တို့ သတိပြုမိနေကြပါပြီ။

ကြားဖြတ်၍ အနုပညာမျိုးရိုးရှိသော်လည်း ပင်စည်မှသည် ကိုင်းဖျားကိုင်းနား ရောက်သွားသောအခါ ပုံသဏ္ဌာန် ပြောင်းလဲသွားကြသည့် မျိုးရိုးအချို့ကိုလည်း တွေ့မိပါသည်။ သဘင်မျိုးစေ့မှ ပြဇာတ်မျိုးစု၊ ရုပ်ရှင်မျိုးနွယ် နောက်ဆုံးဂီတမျိုးရိုးဖြစ်ကုန်ကြသည်လည်း ရှိနေပြန်ပါသည်။ ဂီတမှာပင် မဟာဂီတမျိုးရိုး၊ ခေတ်ပေါ်မျိုးရိုး၊ ခေတ်ပြိုင်(စတီရီယို) မျိုးရိုးဟူ၍ ကွဲသွားတတ်ပြန်ပါသည်။

ထားပါတော့။ ကျွန်တော်သည် စဉ်းစားလျှင် မိုးမဆုံးမြေမဆုံး ဖြစ်တတ်သည်။ တောင်မရောက် မြောက်မရောက်ဖြစ်တတ်သည်။ ထို့ကြောင့် ကွက်၍သာ စဉ်းစားပါမည်။

ဆိုခဲ့သလို ကျွန်တော့်အဖေဘက်က မျိုးရိုးကို ကြည့်သောအခါ မျိုးစေ့ချသူ ကျွန်တော့်ဖခင်သည် စာပေနှင့် ရုပ်ရှင်မျိုးရိုးကိုသာ တည်ထောင်ခဲ့သူ မှန်သော်လည်း ကျွန်တော့်အလှည့်ရောက်သောအခါ စာပေ၊ ရုပ်ရှင်သာမက ဂီတဘက်ပါ ဘယ်ကဘယ်လို ပါလာမှန်းမသိ ပါလာခဲ့လေသည်။ ကျွန်တော်၏အဖေဘက်တွင်ရော အမေဘက်တွင်ပါ ဂီတမျိုးရိုး ရှိခဲ့သည်မဟုတ်ပါ။ ထိုအခါ ကျွန်တော်တို့၏ အနုပညာမျိုးရိုးတွင်ဂီတမျိုးစေ့ချသူသည် ကျွန်တော် ဖြစ်လာရပေတော့သည်။ ခြင်းမချန် ဖော်ပြရမည်ဆိုလျှင် ကျွန်တော်၏ ဖအေတူမအကွဲညီ(အာယု) ကရောတဲ့။ ဘယ်လိုက ဘယ်လို ဂီတမျိုးစေ့ပါလာရသနည်း။ သူကမူ ကျွန်တော့်လို အဆိုသမားမဟုတ်၊ အရေးသမား။ သူလည်း သူ့အထာနှင့်သူ အောင်မြင်သည်ပဲ။ သူရေးသည့် 'မောင်'သီချင်းသည် သူ့ခေတ်မှာတော့ ကျော်ကြားသည်ပင်။ ကိုင်း သူ့အဖေ(ကျွန်တော့်အဖေ)မှာရော သူ့အမေ(ခေါ်မြတ်မွန်)မှာရော ဘယ်မှာ ဂီတမျိုးရိုး ရှိခဲ့လို့တုံး။ ကိုင်းကျွန်တော် တစ်ယောက်တည်းကိုပဲ ကွက်၍ စဉ်းစားပါတော့မည်။







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မွေးချင်းများအားလုံးထဲတွင် အဖေ့ဘက်ရော၊ အမေ့ဘက်ပါ မျိုးရိုးလိုက်သူဟု ဆွေမျိုးသားချင်းအားလုံးက မှတ်ချက်ချပါသည်။ အဖေ့ဘက်က အနုပညာမျိုးရိုးများ ပါလာသလို အမေ့ဘက်က လှူချင်တန်းချင်သော မျိုးရိုးပါလာသူ ဖြစ်ပါသည်။

"ငါ့သားက အမေ့အဘွားနဲ့ သိပ်တူတယ်။ အလကားနေရင်း ကျွေးချင်၊ မွေးချင်နေတာပဲ"ဟု အမေက မကြာခဏ ပြောပြတတ်သည်။ မှန်ပါသည်။ ကျွန်တော်သည် အလကားနေရင်း တစ်ပါးသူကို ကျွေးချင် မွေးချင် နေတတ်သူ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် လူတွေကို ရှာကြံပြီး သနားတတ်နေပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့် အဖေက စခဲ့သော မျိုးစေ့နှင့် ကျွန်တော့်အမေ၏ ဆွေစဉ်မျိုးဆက်ချခဲ့သော မျိုးစေ့တို့ ကျွန်တော့်မှာ လာပေါင်းခြင်းသည် ကောင်းသောလက္ခဏာတစ် ရပ်မို့ ကျွန်တော် ဆက်လက်ထိန်းသိမ်းရပါမည်။ ပြီးတော့ မျိုးစေ့ကောင်းနှစ်ခု ပေါင်းစပ်ထားသော ကျွန်တော်၏ မျိုးစေ့သစ်ကို ကျွန်တော့် သားသမီးတွေလက်ထက် ဆက်အောင် ကျွန်တော် ပြုစုရပါမည်။ ထိုအခါ ကျွန်တော့်ဇနီးသည်ကို ထည့်တွက်ရတော့ပေမည်။ ထိုအခါ ဇနီးသည်၏ မိဘနှစ်ပါး၏ မျိုးရိုးကိုလည်း ထည့်တွက်ရပေတော့မည်။

ကျွန်တော် စဉ်းစားကြည့်သည်။

ကျွန်တော့် ဇနီးသည်ဘက်က မျိုးနွယ်စု နှစ်ခုလုံးသည်





အဆိုးသိပ်မရှိလှပါ။ အကောင်ချည်းမဟုတ်သော်လည်း အဆိုးမရှိသလောက် ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ကျွန်တော့်မိဘများ၏ မျိုးစေ့နှင့် ကျွန်တော့်ဇနီးသည်၏ မိဘများ၏ မျိုးစေ့တို့မှ ပေါက်ဖွားလာအံ့သော ကျွန်တော့်သားသမီးများ၏ မျိုးရိုးသည် အကောင်းဘက်သို့ ယွန်းမည်မှာ မလွဲပါဟု ကျွန်တော် ကြည်နူးရပါသည်။

တလောဆီက ကျွန်တော် ရွှေစင်ရုပ်တု(အကယ်ဒမီ) ခြင်းနှင့် ပတ်သက်၍ စကားဝိုင်းတစ်ခုတွင် ပြောဖြစ်ကြသည်။ "မင်းတို့ မျိုးရိုးက အကယ်ဒမီမျိုးရိုးပဲကွ"ဟု မိတ်ဆွေတစ်ယောက်က ချီးမွမ်းစကားပြောသည်။ ကျွန်တော်ကလည်း ကျွန်တော့် မျှော်လင့်ချက်ကို ပြောပြရသည်။

"ကျွန်တော့် သမီးအငယ်ဆုံးက ပြောတယ်ဗျ။ အဖေက အရုပ်တစ်ခုရရင် သမီးကျတော့ အရုပ်နှစ်ခု ရအောင်ယူမယ်။ အဖေနှစ်ခုရရင် သမီးလေးခုရအောင်ယူမယ်တဲ့"ဟူ၍ ဝမ်းသာစကားပြန်ပြောရသည်။

"ဆရာသာစုက အကယ်ဒမီ မျိုးစေ့ကိုသာ မကဘူး။ ဆေဆုကိုလည်း မျိုးစေ့ချပြီးပြီ။ ခင်ဗျားတို့ ညီအစ်ကိုတစ်တွေ အလှည့် တစ်ယောက်မှ မရကြသေးဘူး။ ကြိုးစားကြပါဦး"ဟု တစ်ယောက်က ပြောပါသည်။

ထိုစကားဝိုင်းတွင် စာရေးဆရာအောင်ပြည့်လည်းပါသည်။ သူက ပညာရေးသမားမို့ ပညာရေးမျိုးစေ့နှင့် မျိုးရိုးကို င်ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပါဠိမြန်မာ၊ ပါဠိအင်္ဂလိပ်၊ မြန်မာအင်္ဂလိပ် အဘိဓာ ပြုစုခဲ့တဲ့ ဦးဟုတ်စိန်ဆိုတာ မင်း တို့ကြားဖူးမှာပေါ့။ ၁၉၁ ကိုလိုနီခေတ် ကာလကတ္တားတက္ကသိုလ်မှာ တက္ကသိုလ်ဝင် ပထမရတဲ့သူကွ။ အဲ- သူ့သားဦးစောရှိန်က ၁၉၃၆ တက္ကသို ဝင်ခွင့် စာမေးပွဲတစ်နိုင်ငံလုံးမှာ ပထမ၊ အဲ- ဦးစောရှိန် သမီး ဒေါ်သန်းသန်းတင်ဆိုရင် ၁၉၆၄ ခုနှစ်၊ ဒသမတန်း တစ်နိုင်ငံလုံးမှာ ပထမ၊ အေးမပြီးသေးဘူး။ ဒေါ်သန်းသန်းတ ရဲ့သား မောင်စောဝင်းမြင့်ကျတော့ ဟိုပြီးခဲ့တဲ့ ၁၉၉၂ခုနှ အခြေခံပညာအထက်တန်း စာမေးပွဲမှာ တစ်နိုင်ငံလုံး ပထမ ဘာသာ ဂုဏ်ထူးနဲ့ဗျ"

ကျွန်တော်သည် နေ့စဉ် စဉ်းစားသောအကြောင်းအ ကို ပြန်၍ စပါမည်။

အကျင့်သည် လုပ်ယူ၍ ရသည်။

ဉာဉ်သည် ပြင်ယူ၍ ရသည်။

ဗီဇသည် ပြင်ယူလို့ မရပါ။

မျိုးရိုးသည် ပို၍ ခိုင်မာလာသည်။

မျိုးစေ့သည် အရေးကြီးဆုံးဖြစ်သည်။

ကျွန်တော်သည် လတ်တလော အခြေအနေ၌ ကျွန်တော် ကရော ကျွန်တော့်ဇနီးသည်ဘက်ကရော မျိုးရိုးကို စစ်ဆ မျိုးစေ့သစ်ကြဲရမည့်သူ နေရာသို့ ရောက်နေပါပြီ။

ကျွန်တော် စဉ်းစားကြည့်သည်။





မျိုးစေ့ကို ကြိုယူ မွေးယူ၍ ရပါသည်။ (လူမှုရေးဆိုင်ရာ သဘာဝကိုသာ ဆိုပါသည်။) ဆေးပညာနှင့် ပြုလုပ်ဖန်တီးရမရ ကျွန်တော် မသိပါ။

မျိုးရိုးဖြစ်လာသောအခါ အစဉ်အဆက် သဘောခိုင်မြဲ သွားပေတော့မည်။ ဆေးပညာအရ ဖျက်ပစ်၍ ရမရ ကျွန်တော် မသိပါ။

ကျွန်တော် စဉ်းစားကြည့်သည်။ ကျွန်တော် မိဘများဘက် တွင်ရော၊ ကျွန်တော့်ဇနီးသည်၏ မိဘများဘက်တွင်ရော အရက်သမားမျိုးရိုး မပါခဲ့ပါ။ ဘယ့်နှယ် ဘယ့်နှယ် ကျွန်တော့် ကျမှ အရက်သမားမျိုးစေ့ ပါလာရသနည်း။ သို့မဟုတ် အရက် သမားမျိုးစေ့သည် ကျွန်တော်က စ၍ ချရသူဖြစ်ပါတော့မည်။

ကျွန်တော်သည် ယခုအခါ အရက်သေစာကို ဖြတ် တောက်ပြီး ဖြစ်ပါသည်။ သို့သော် ငယ်စဉ်က ရွေးစေ့မျှပင် စိတ်ကူးမရှိခဲ့သော ရုပ်ရှင်နှင့် ဂီတမျိုးဆက်သည် ကျွန်တော့် တွင် အလိုလိုပါခဲ့သည်။ သို့ဆိုလျှင် အရက်သမားမျိုးစေ့ကို ကျွန်တော်က မကြဲသော်လည်း ကျွန်တော်၏ နောင်လာနောက် သားမျိုးရိုးထဲ အရက်သမားမျိုးဟူ၍ ဆက်ပါမလာနိုင်ဟု မည်သို့ပြောနိုင်ပါမည်နည်း။ အရက်သမားမျိုးစေ့သည် သူ့အလို လို ပေါ်ပေါက်လာနိုင်ပါသလား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စဉ်းစားရင်း ခေါင်းကြီးလာပါတော့သည်။ ဆေးပညာအလိုဖြင့် အရက်ကို ဖြတ်ပေး၍ ရသော်လည်း အရက်သမားမျိုးစေ့ကို ရပ်တန့်အောင် လုပ်ပေး၍ ရနိုင်ပါသလား။

ကျွန်တော် ဆက်၍ မစဉ်းတော့ပါ။

**(ဆေးတပ်ဖွဲ့မဂ္ဂဇင်း၊ မတ်၊ ၁၉၉၄)**



# ကျွန်တော်နှင့်မြို့တော်ဝန်

ဤခေါင်းစီးကို ကြည့်ခြင်းဖြင့် ကျွန်တော်နှင့် ယခုလက်ရှိမြို့တော်ဝန် ဦးကိုလေး၏အကြောင်းဟု ထင်စရာရှိပါသည်။ အကြောင်းမှာ မြို့တော်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းဆောင်တာများနှင့် ပတ်သက်၍လည်းကောင်း၊ နိုင်ငံတော်၏ အရေးတကြီး လုပ်ငန်းဆောင်တာ အချို့နှင့်လည်းကောင်း ကျွန်တော်သည် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး၊ ဖြန့်ကြားရေးမှူး တာဝန်ထမ်းဆောင်ခဲ့သော (၁၉၈၉–၁၉၉၂)ကာလများဆီက အလုပ် သဘောအရ မြို့တော်ဝန်နှင့် တွေ့ဆုံတတ်ကြရသည်ကို အများသိဖြစ်သောကြောင့်ပင်။

သို့သော် အလုပ်သဘောအရသာ တစ်ခါတစ်ရံ တွေ့ဆုံရခြင်း ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေး ခင်မင်ရင်းနှီးမှုနှင့်လည်း ညီအစ်ကို မိတ်ဆွေသဘောမျှသာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရံရောအခါက (စိတ်အထင် ကျွန်တော် ၁၇ နှစ် ၁၈ နှစ်သားလောက်က ထင်သည်။) ကျွန်တော်၏ ဦးလေး သားချင်း တစ်ယောက်သည် ရန်ကုန်မြို့၊ မြို့တော်ဝန် ဖြစ်ခဲ့ ဖူးလေသည်။ အမေ့ဘက်က တော်သောဆွေမျိုးသားချင်း ဖြစ်ပါသည်။

အမည်မှာ ဦးသိန်းဝင်း(ဗိုလ်မှူးကြီးသိန်းဝင်း) ဖြစ်ပါ သည်။ အမေနှင့် ကျောင်းနေဖက်လည်း ဖြစ်ပါသည်။ မည်ကဲ့ သို့ မည်မျှအထိ ရင်းနှီးတော်စပ်ကြသည်ကိုမူ ကျွန်တော် မသိ ပါ။ သေချာတာကတော့ အမေ့ဘက်က ဆွေမျိုး။

ဤသို့ ပြောရသည်မှာ အကြောင်းရှိပါသည်။ အလွန် နီးစပ်သော ဆွေမျိုးဖြစ်ပါက မည်သည့်နည်းနှင့်မဆို တစ်အိမ် တစ်အိမ် ကူလူးဆက်ဆံမှု များပြားရပေမည်။ စိပ်ရပေမည်။ ခုတော့ ခုတော့။ ဆိုတာက ဦးလေးသိန်းဝင်း မြို့တော်ဝန်ဘဝ ကကို ဆိုပါသည်။ အဆက်အဆံ လွန်မင်းစွာ မရှိခဲ့ကြပါ။ ကြုံလျှင် ကြုံသလို အမေက သူတို့အိမ် အလည်အပတ်သွား ခြင်းလောက်သာ ရှိပါသည်။ ဒါလည်း တစ်နှစ်နေလို့မှ နှစ်ခေါက် သုံးခေါက်လောက်ပါ။

အဲ ခုတော့၊ တကယ် ခုတော့ကျတော့ ဦးလေးသိန်းဝင်း တို့က တစ်ဖန် အမေ့အိမ့်သို့ တစ်လှည့် အလည်အပတ် ရောက် ရှိနေတာတ်ပြန်ပါပြီ။ အမေက အိုပြီကိုး။ ဒီကြားထဲ လေဖြတ်ထား သည့် ဝေဒနာ လက်ကျန်ကလေးကလည်း ရှိနေသည်ကိုး။ သို့သော် ထူးခြားသည်မှာ–





ဦးလေးသိန်းဝင်း မိသားစုက အမေ့ထံ စားဖွယ်သောက် ဖွယ်များဖြင့် လာရောက်ကန်တော့ကြခြင်းဖြစ်ပြီး အမေက ဦးလေးတို့ကို ဆေး(မြန်မာဆေး)များ တိုက်ကျွေးခြင်း၊ ပေးကမ်း ခြင်းများ ဖြစ်နေခြင်းပင် ဖြစ်သည်။

(အမေသည် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်မှစ၍ ဆွေမျိုးမိတ်သင်္ဂဟများသာမက ကျွန်တော်တို့ သားသမီးများ၏ မိတ်ဆွေသူငယ်ချင်းများကိုပါ ဆေးဒါနပြုနေခဲ့ပါသည်။)

ကျွန်တော်သည် ဦးလေးသိန်းဝင်းနှင့် တွေ့ဆုံဖူးသည့် အကြိမ်အရေအတွက်မှာ လက်ရှိမြို့တော်ဝန်ဦးကိုလေးနှင့် တွေ့ ရသည့်အကြိမ်အရေအတွက်ထက် နည်းပါသည်။ အလွန်ဆုံးရှိ လှ သုံးကြိမ်လေးကြိမ်မျှသာ။ အကြိမ်အရေအတွက် နည်းပါး သော်လည်း တူနှင့်ဦးလေး တရင်းတနှီးရှိသည်။ ပြီးတော့ ကျွန်တော်က ချာတိတ်ဘဝ။ လူပျိုပေါက်မျှ။ စာရေးဆရာ ပေါက်စ။

စာရေးဆရာပေါက်စတို့ သဘာဝအတိုင်း မြင်မြင်ကရာ ကို လိုက်မှတ်သည်။ လေ့လာသည်။ ပြီးတော့ ကျိုးကြောင်း ခိုင်လုံလျှင် အလျဉ်းသင့်သလို ဝတ္ထု၊ ဆောင်းပါးတို့၌ အသုံးချ သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးသိန်းဝင်းသည် ကျွန်တော် သိရသလောက်မြင်ရသလောက်တော့ အလွန်ရိုးသားသည်။ မြန်မာဆန်သည်။ မျက်နှာသနဲ့သည်။ စကားချိုသည်။ အေးဆုမ်းသည်။ ထို့အတူ ဦးလေး၏ဇနီး အမေခင်ကြွယ် (ကျွန်တော်သည် အမေရှယ်မှန်သမျှကို အမေဟုသာ သုံးတတ်သည်။ အန်တီသုံးတာ ကျွန်တော် မကြိုက်။)မှာလည်း ဦးလေးနည်းတူ ဖြစ်သည်။ ကျန်မိသားစု အကြောင်းကား ကျွန်တော် ကောင်းစွာ မသိခဲ့ပါ။ ထိုစဉ်က ကျွန်တော်နှင့် မတိမ်းမယိမ်း သားသမီးနှစ်ယောက်လား၊ သုံးယောက်လားရှိသည်တော့ သိပါသည်။ မမှတ်မိတော့ပါ။ သူတို့နှင့်လည်း တရင်းတနှီး စကားမပြောဖူးပါ။

သို့သော် ဤစာစုကို ရေးရာ၌ သူတို့သည် အဓိကဇာတ်ပို့များ ဖြစ်နေပြန်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဇာတ်ပို့ဇာတ်ရံကောင်းတို့မည်သည် တစ်ကွက်ကောင်း၊ တစ်ချက်ကောင်းရှိသည်နှင့် ဇာတ်လမ်းတစ်ပုဒ်တွင် အထင်းသားပေါ်လွင်တိုးထွက်လာတတ်သောကြောင့်ပင်။

တလောဆီက ဦးလေးသိန်းဝင်းနှင့် ဇနီး အမေခင်တို့ ကျွန်တော့် အမေထံ လာရောက်ကန်တော့ကြပါသည်။ ဦးလေးသည် အရွယ်အိုသွားသော်လည်း မျက်နှာကြည်လင်သန့်ရှင်းတုန်းပင် ဖြစ်ပါသည်။ တရားမမှုနှင့်သာ မွေ့လျော်နေတတ်သော ရဟန်းတော်ကြီးများကဲ့သို့ ကြည်လင်သည်ဟု မနှိုင်းအပ်နှိုင်းအပ်ဆိုချင်ပါသည်။ စိတ်ကြည်မှ ရုပ်ကြည်သည့်ဟု အဆိုရှိပါ





သည်။ ဦးလေးသည် ယခုထိ စိတ်ကြည်နေတုန်း ရှိသေးသည်ထင်၏။ အင်းလေ လူ့ဘဝတွင် ကလေးသူငယ်များနှင့် သက်ကြားအိုတို့သည် လှုပ်ရှားရုန်းကန်နေရသော လူလတ်ပိုင်းများထက် အမြဲတမ်း စိတ်ကြည်လင်တတ်ကြတာ မမှတာမဟုတ်ပါလား။

စောစောက ပြောသလို ဦးလေးသိန်းဝင်းတို့ အမေ့အိမ်ရောက်နေခိုက် ကျွန်တော်ကလည်း ကျွန်တော့်အိမ်တွင် သူ့အကြောင်း စာရေးနေခိုက်နှင့် ကြုံသဖြင့် အမေ့အိမ်သို့သွားရောက်တွေ့ဆုံကန်တော့ခွင့် ရလိုက်ပါသည်။ ဤတွင် စကားလက်ဆုံအနည်းငယ်ကျမိရာက--

"ကျွန်တော် အခုပဲ ဦးလေးတို့ မိသားစုအကြောင်း စာရေးနေတာ"ဟု ပြောပါသည်။

"ဘာအကြောင်းတွေများလဲကွယ့်"

"ဟိုး... ကျွန်တော် ငယ်ငယ်က ဦးလေးအိမ် မေမေ့ကို လိုက်ပို့တုန်းက ဦးလေးတို့မိသားစုရဲ့ အနေအထိုင် အပြုအမူတွေပါ"

"ဟော... ဘာထူးဆန်းတာတွေ တွေ့လို့တုံး"

"မထူးဆန်းလို့ပါ ဦးလေး"

"ဟော..."

"ဒီလိုပါ၊ မြို့တော်ဝန်တစ်ယောက်ရဲ့ အိမ်ဆိုပြီး ကျွန်တော်လို စာရေးဆရာပေါက်စ အဲ့ဒီတုန်းက ကျွန်တော် လူပျို



www.burmeseclassic.com

www.burmeseclassic.com



ပေါက်မဟုတ်လား။ အဲ…ကျွန်တော် တင်ထားတာ မြို့တော်ဝန်ရဲ့အိမ်ဆိုတော့ တစ်ထီးတစ်နန်းနဲ့ ကြီးကြီးကျယ်ကျယ်ကြီးတွေ ဖြစ်မှာပဲလို့ပါ။ တကယ် အဲဒီတုန်းက ကြုံရတော့လည်း ဘာမှမထူးဆန်းဘဲ သာမန်မြန်မာဆန်ဆန် မိသားစု အိမ်မျိုး ဖြစ်နေတာမို့ပါ"

"အဲဒါ ဝတ္ထုရေးလို့ ရသလားကွယ့်"

"ဝတ္ထုမဟုတ်ပါဘူး ဦးလေး၊ စာစုပါ။ အတွေ့အကြုံ စာတမ်းကလေးတစ်ခုပါ"

"အေး အေး ဦးလေးသဘောပေါက်ပြီ"

ကျွန်တော်က ထိုစဉ်က မြင်တွေ့ခဲ့ရသော အကြောင်းအရာများကို ပြန်ပြောပြသောအခါ…

"ဒါဆို တစ်ခု ထည့်ရေးစမ်းကွာ၊ ဒီလိုကွ၊ မင်းပြောသလို မင်းဦးလေးရော မင်းအဒေါ်ရောဟာ သားသမီးတွေကို သွန်သင်တဲ့နေရာမှာ အသေးစိတ်သလို တစ်ခါတလေ သူတို့မသိအောင် ဆုံးမတာတွေ ရှိတယ်"

ကျွန်တော့်ကို သူ့ဆုံးမနည်းတစ်ခု ပြောပြပါသည်။ သူ့မြို့တော်ဝန်ဘဝက သူ့သား မော်တော်ကားမောင်း၍ အမှားတစ်စုံတစ်ရာရှိလျှင် ယာဉ်ထိန်းရဲများက မဖမ်းကြ။ မဖမ်းရဲကြ။ မြို့တော်ဝန်သားကိုး။ ဒါကို ဦးလေးသိတော့ ယာဉ်ထိန်းရဲများအား…

"ဟော့ မင်းတို့ ဖမ်းရမှာ အားနာနေရင် သူတို့ကို မဖမ်းချင်နေ၊ ငါ့လာတိုင်ကြ။ ငါဆုံးမမယ်။ ဒါမှမဟုတ် ဖမ်းသာဖမ်း။





မင်းတို့တာဝန် မင်းတို့လုပ်ကြ။ ကလန်ကဆန် လုပ်လာရင် ငါ့ကိုလာတိုင် မင်းတို့ကို အပြစ်မယူဘူး"

ဟူ၍ ဖြစ်ပါသည်။

ဤသည်မှာ ဦးလေးက စကားကြုံပြောသဖြင့် ကျွန်တော်က စာရေးရခြင်း ဖြစ်ပါသည်။ တကယ် ကျွန်တော်ရေးချင်သည့်အကြောင်းက သည့်ထက် ပို၍ စိတ်ဝင်စားဖွယ် အံ့သြဖွယ် ကောင်းပါသည်။

❑ ❑ ❑

စောစောက ပြောသလို တစ်နေ့ အမေ့ကို မြို့တော်ဝန်ဦးလေးအိမ်သို့ ကျွန်တော် လိုက်ပို့ပါသည်။ ရဲအစောင့်အကြပ် မရှိ ကျွန်တော် မမှတ်မိတော့ပါ။ သေချာတာကတော့ ခြံတံခါးလာဖွင့်သူမှာ ကျွန်တော်နှင့် မတိမ်းမယိမ်း လူငယ်တစ်ဦးဖြစ်ပြီး ပန်းပင် ရေလောင်းနေရာမှ ပြေးလာခြင်း ဖြစ်သည်ကို မြင်ရပါသည်။

ဦးလေးသားချင်း တော်စပ်သော်လည်း မြို့တော်ဝန်ဟူသော အရှိန်အဝါက ကျွန်တော့်ကို အုပ်မိုးထားလေရာ သာမန်မြန်မာကြီးများနေသော နှစ်ထပ်အိမ်ပုံစံရိုးရိုး ဖြစ်လင့်ကစား ကျွန်တော့်မှာ အလိုလိုသိမ်ငယ်နေသည်ဟု မှတ်မိနေပါ၏။ ထိုနေ့စဉ်ကကိုး။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှ မိန်းမငယ်တစ်ဦး ကြမ်းတိုက်နေရာက တံခါး လာဖွင့်ပေးပါသည်။

"သြော်... အမေညိုကိုး"

ဟု ပျူငှာစွာ နှုတ်ဆက်ပါသည်။

ကျွန်တော့် အမေကို လူကြီး၊ လူငယ် အကုန်လုံးလိုလို ထိုစဉ်အချိန်က အမေညို(အမေအပါအဝင်)ဟု ခေါ်တတ်ကြပါသည်။ ခုတော့ ဘွားညိုကြီးဟု ခေါ်ကြ၏။

စောစောကပြောသော မိန်းမငယ်ကလည်း သည်အိမ် အဝင်အထွက်ရှိသော၊ မြို့တော်ဝန်၏ ဆွေမျိုးဖြစ်သော ဤမိန်းမကြီးအား အမေညိုဟုပင်သိ၏။ ရင်းနှီးထားဟန်ရှိ၏။

"ထိုင်ဦး အမေညို"

ဟု ကျွန်တော်တို့အား ဆက်တီတွင် နေရာပေးပြီး ရှိန် သေသေကလေးပင် ပြန်ထွက်သွားပါသည်။

အတန်ကြာမှ–

"မမညို"

ဟူသောခေါ်သံနှင့်အတူ ကျွန်တော် တစ်ခါမျှ မမြင်ဖူးသော အမျိုးသမီးကြီးတစ်ဦးထွက်လာပါသည်။

အမေက ကျွန်တော်နှင့် မိတ်ဆက်ပေးမှ ဦးလေးသိန်းဝင်း၏ဇနီး အမေခင်ကြွယ်မှန်း သိရပါတော့သည်။ ကျွန်တော့် အမေကဲ့သို့ပင် အိမ်မှာနေရင်း အဝတ်အစားနွမ်းနွမ်းဖြင့်ပင် ဖြစ်ပါသည်။ ဒါကတော့ ဘယ်ဇနီး၊ ဘယ်ကတော်ကြီးတွေမ





ဖြစ် အိမ်မှာနေရင်း သည်လိုပဲ နေကြမည်ဟု ထင်ပါသည်။ သော် ထိုစဉ်ကတော့ ကျွန်တော့်စိတ်ထဲ မြို့တော်ဝန်ကတော် တာ စတိုင်တွေ မလိုင်တွေနှင့်ပင် နေလိမ့်မည် ထင်ခဲ့သည်ကိုး။

အမေက ကျွန်တော်သည် ယခု စာရေးဆရာပေါက်စ ် နေပြီဟု မိတ်ဆက်ပေးသောအခါ–

"ကောင်းတယ်။ တို့အမျိုးထဲ စာရေးဆရာတွေများ ကောင်းလေပေါ့"ဟုဝမ်းသာအားရပြောပါသည်။ထို့နောက် ာလာပသလ္လာပ စကားတွေ ပြောနေကြပါသည်။

"ဟဲ့ မောင်သိန်းဝင်းရော"

ဟု အမေကမေးပါသည်။

"ရုံး သွားဖို့ ပြင်နေတယ် မမ"

"ဟဲ့ ဒီနေ့ ရုံးပိတ်ရက် မဟုတ်လား"

"ဒါပေမယ့် ရပ်ကွက်သန့်ရှင်းရေးဆိုလား၊ မသိပါဘူး မရယ်၊ မအားရ၊ မလပ်ရပါဘူး"

"သြော်...၊ ခက်နော် မမ"

ဟု မတ်တပ်ရပ်ရင်း ပြောပါသည်။ ထို့နောက် အိပ်ခန်းအတွင်းဘက်လျှောက်သွားရင်းက–

"ထုံးစံအတိုင်း မမရေ"

ဟု အမျိုးအမည် မသိနိုင်သောအမူအရာဖြင့်ပြောသွားခဲ့သေး၏။အမေက ကျွန်တော် မမေးဘဲပါလျက်ရှင်းပြနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထုံးစံအတိုင်းဆိုတာ ဒီလိုသားရေ၊ မင်းဦးလေး ကိုသိန်းဝင်းက ရုံးသွားရင် အပြင်သွားရင် အင်္ကျီတို့၊ ဘာတို့ကိုယ်တိုင် မဝတ်ဘူး။ သူ့မိန်းမ ဝတ်ပေးတာကို ငြိမ်ခံနေတတ်တာ"

ထိုစဉ် စောစောက လုံမငယ်သည် ကျွန်တော်နှင့် အမေ့အတွက် ကော်ဖီ လာပို့ပေးပါသည်။ ထို့နောက် ထွက်မသွားသေးဘဲ နံဘေး၌ ယို့ယို့ကလေး ရပ်ပြီး ယပ်တောင်တစ်ချောင်းဖြင့် ယပ်ခပ်ပေးနေပါသည်။

အမေက–

"သမီး ဘယ်နှစ်တန်းလဲ"

ဟုမေးသောအခါ ပြန်ဖြေပါသည်။ သည်တော့မှ–

"သြော် ငါ့ဦးလေးက အိမ်ဖော်ကိုတောင် ကျောင်းထားပေးပါလား" ဟုဝမ်းသာချီးကျူးမိပါသည်။

"ဒါကြောင့်လည်း မြို့တော်ဝန် ဖြစ်တာကိုး"

ဟုလည်း စာရေးဆရာတွေး တွေးမိပါသည်။

ကြားဖြတ်ပြော ရပါဦးမည်။ ထိုစဉ်က ကျွန်တော်သည် လူပျိုပေါက် ဖြစ်သောကြောင့်(ရိုးရိုးပင်ဝန်ခံပါမည်။)

"အင်း... အိမ်ဖော်သာဆိုတယ်။ ရုပ်ရည်ကလေးက သားသားနားနား သန့်သန့်ပြန့်ပြန့်ပါလား"

ဟူ၍ တွေးမိသေးသည်။သို့သော် နောက်ပိုးပိုးခြင်းမျိုးတော့ မဟုတ်ရပါ။စာရေးဆရာပေါက်စတို့ ထုံးစံအတိုင်းရေးကွက်ရှာခြင်း မျှဖြစ်ပါသည်။ ထိုအချိန်တွင် အမေက လုံမငယ်





...င့် ကျွန်တော့်ကို မိတ်ဆက်ပေးပါတော့သည်။ ကျွန်တော့်မှာ ...မိန်းမငယ်ကို မျက်လုံးချင်း မဆိုင်ရဲအောင်ပင်ဖြစ်ရပါတော့သည်။

"ဟဲ့... ဒါဦးလေး ကိုသိန်းဝင်းရဲ့ သမီးလေးတဲ့"

အလို ကျွန်တော်နှင့်မောင်နှမ တော်စပ်နေပါကလား။ ...ည့်အတွက် အံ့သြခြင်းကား မဟုတ်ပါ။ စောစောက ကြမ်း...ိုက်နေခြင်း၊ ယခု ကျွန်တော်တို့ ဆွေမျိုး ဧည့်သည်များ...ားတွင် ယို့ယို့ကလေး ရပ်ပြီး ယပ်တောင်ခပ်ပေး နေပါကလား။

ထိုစဉ် ဦးလေးသိန်းဝင်း ရုံးသွားဝတ်စုံဖြင့် အပြေးအလွှား...ွက်လာပါသည်။အမေ့နားမှာ ဝင်ထိုင်ပါသည်။လောလော...လောလော ဖြစ်နေသောသူ့ဖြစ်အင်ကို ကြည့်၍ အမေက–

"ကဲ ငါ့မောင် သွားစရာ ရှိလည်းသွား။ ငါအကြွယ်နဲ့...စကားပြောပြီး ပြန်မယ်"

"အကြောင်းထူး ရှိလား မမ"

"မရှိပါဘူး၊ လမ်းကြုံလို့ ဝင်လာတာပါ။ ကိုင်းသွားသွား"

ထို့နောက် အမေသည် ကျွန်တော့်အား မိတ်ဆက်ပေးပြီး...ွက်မည်ပြုပါသည်။

နောက်မှ တစ်စုံတစ်ခုကို သတိရလေဟန်ဖြင့် သူ့ဇနီး...က်လှည့်၍...

"ခင် လုပ်ဦးလေ၊ ဆံပင်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး ပြန်ထိုင်ပါသည်။

ကျွန်တော်ကတော့ ဇောဇောက အဖြစ်အပျက်ကြောင့် ရှက်ကိုးရှက်ကန်း၊ အားနာနာနှင့်ပင် ခေါင်းငုံ့နေ နေပါသည်။ အမေက…

"ဟဲ့သား ဒီမှာ ကြည့်ပါဦး၊ မင်းဦးလေးနဲ့ အဒေါ်ကို"

ဟု ပြောသဖြင့် မော့ကြည့်လိုက်ရာ…

ကျောင်းသွားခါနီး ကလေးတစ်ယောက်ကဲ့သို့ ဦးလေးသိန်းဝင်းသည် ငြိမ်ငြိမ်ကလေး ခေါင်းစင်းပေးထားပြီး အမေခင်ကြွယ်က ဘီးကစ်ချောင်းဖြင့် သပ်သပ်ရပ်ရပ် ဖြီးသင်ပေးနေသည်ကို တွေ့လိုက်ရပါတော့သည်။

မြို့တော်ဝန်အိမ်မှ ကျွန်တော်တို့ ပြန်ကြသောအခါ ကျွန်တော့် နမဝမ်းကွဲသည် တံခါးပြန်ပိတ်ပြီးပြီးချင်း သူ့လုပ်ငန်းခွင်သို့ ပြန်ဝင်ရန် သုတ်သုတ်ထွက်သွားသည်ကို မြင်လိုက်ရပါသည်။

ခြံဝသို့ ကားရောက်သောအခါ ဇောဇောက ပန်းပင်ရေလောင်းနေသော လူငယ်ကပင် တံခါးဖွင့်ပေးရင်း

"အမေညို ပြန်တော့မလား"

ဟု လှမ်းနှုတ်ဆက်ပါသည်။ သည်အခါတော့ ထိုသူငယ်သည် ခြံစောင့်မာလီမဟုတ်ဘဲ ဦးလေးသိန်းဝင်း၏သား ကျွန်တော်နှင့်ညီအစ်ကို တော်စပ်သူဖြစ်မည်မှန်း အမေက မိတ်ဆက်ပေးစရာ မလိုတော့ပေ။





ကျွန်တော် အလိုလို သိလိုက်ပါလေပြီ။

❏ ❏ ❏

ကျွန်တော်သည် ထိုစဉ်က တစ်စွန်းတစ်စ ကောက်ချက်ကို ယခုအချိန်တွင် ပိုင်ပိုင်ကြီး ချနိုင်ပေပြီ။

မြို့တော်ဝန်ဆိုသည်မှာ အများထင်သလို မြို့တော်၏ဝန်ကြီးဟု မဆိုလို။

မြို့တော်ကြီးသာမက မြို့ဆော်၏ မြို့နယ်များ၊ ရပ်ကွက်များ အဖျားခတ်အနားသတ် ကျေးရွာကလေးများအထိ တာဝန်ယူ ရသည့် မြို့တော်ဝန်ပါတကား။

ထို့ထက်မက မြို့တော်ဝန်၊ မြို့တော်စည်းကမ်း၊ မြို့တော်၏ သာယာရေး၊ သာရေးနာရေး၊ လူမှုရေးမှအစ ထမ်းဆောင်နေရသူ မြို့တော်၏အိမ်ထောင်ဦးစီး။

ထို့ထက်ကား မိမိ၏အိမ်တွင်းရေးကိုပါ မြို့တော်နှင့်ချိန်၍ လုပ်ဆောင်နေရသူပါတကားဟူ၍။

(မြို့တော်၊ အမှတ် ၆၆၊ ၁၉၉၄)



www.burmeseclassic.com

www.burmeseclassic.com

# မောင်နှင့်ပတ်သက်၍

'မောင်'ဆိုသော နာမ်စားကို စတင် စိတ်ဝင်စား သည်မှာ လူပျိုပေါက်အရွယ်က ဖြစ်သည်။

လူပျိုပေါက်အရွယ် စိတ်လှုပ်ရှားမှုများတွင် 'အချစ်' သော သစ်ပင်(အချစ်သစ်ပင်)၏ 'အမြစ်'များထဲမှ တ သွယ်သောအမြစ်ဖြစ်သည့် တဏှာပေမ လှုံ့လှုပ်ခြင်းလည်းပါ ပါသည်။ ယင်းတဏှာ ပေမကို လှုံ့ဆော်ပေးရာတွင် ကျွန်တေ အဖို့ ဝတ္ထုစာပေသည် နံပါတ်(၁)ဟု ထင်ပါသည်။ ကျွန်တော် ခေတ်ကို ဆိုပါသည်။ ကျွန်တော် လူပျိုပေါက်အရွယ်တွ ရုပ်ပြဇာတ်လမ်းများ မပေါ်သေးပါ။ ကာတွန်းစာအုပ်တွေသ ထွက်ပေါ်ပါသည်။ လူပျိုပေါက်အရွယ်ဆိုတော့ ကာတွန်းသ မဖတ်ဖြစ်ပါ။ အချစ်ဝတ္ထုများ၊ စုံထောက်ဝတ္ထုများသာ အဖ





များခဲ့သည်။ ပြီးတော့ ကြားဖြတ်ပြောရဦးမည်။ ကွန်မြူနစ်စာအုပ် များဖတ်မှ ခေတ်မီသည်ထင်သဖြင့် မတ်ခ်စ်၊ လီနင် စသော စာအုပ်များကိုလည်း လူ အထင်ကြီးအောင် ဖတ်ပြခဲ့ပါသည်။

❑ ❑ ❑

ကျွန်တော်သည် မတော်တဆ ရုပ်ရှင်မင်းသား ဖြစ်လာ ရသူမို့ ရုပ်ရှင်ကြည့်ခြင်းကို အထုံဝါသနာ မရှိခဲ့ပါ။ ထို့ကြောင့် ရုပ်ရှင်မှ ပေးသောအချစ်နှင့် တဏှာပေမ စာအုပ်တို့၏ အားပေးမှု ကို မရခဲ့ပါ။

ဆိုလိုသည်မှာ ကျွန်တော့်အား လူပျိုပေါက်အရွယ်တွင် အချစ်နှင့် တဏှာပေမကို လှုံ့ဆော်ပေးသော အဓိက တရားခံ သို့မဟုတ် ဆရာကြီးများသည် အချစ်ဝတ္ထုနှင့် ကျွန်တော့်အစ်ကို (ဒါရိုက်တာမောင်ဝဏ္ဏ)နှင့် သူ့သူငယ်ချင်းများ။ (ဒီတုန်းက သူတို့သည် ရည်းစားထားကြသော ဘွဲ့ကသိုလ်ကျောင်းသားများ ဖြစ်နေကြပါပြီ။) အခြားသော နီးစပ်သူများ ဥပမာ ကျွန်တော့် အဖေ၏ တပည့်လူပျိုကြီးများပင် ဖြစ်ကြပါသည်။ ယေဘုယျကို ဆိုပါသည်။

မည်သို့ပင်ရှိစေ လူပျိုပေါက်၊ အပျိုပေါက် အရွယ်ရောက် လာပြီဆိုလျှင် အချစ်ဆိုသော အရာသည် ဝက်ခြံဖုလေးများ နှင့်အတူ ထွက်ပေါ်လာတတ်သည်မှာ သဘာဝပင်မဟုတ်ပါ လား။ ပတ်ဝန်းကျင်မှ မရိုက်ခတ်သည့်တိုင် အလိုလိုပင်ဖြစ်လာ တတ်ကြသည်ကော မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



လူပျိုပေါက် အပျိုပေါက်တွင် မိမိနှင့် ဆန့်ကျင်ဘ
လိင်ကို စိတ်ဝင်စားလာတတ်ကြရာ၌ အရွယ်ချင်းမျှ မ
သတိမထားကြဘဲ အလှကိုသာ အလွယ်တကူ ခံစားရင်း စိတ်
ယဉ်ခြင်း၊ အိပ်မက်မက်ခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ကျ
တော်ဆိုလျှင် မိမိမျက်စိကျသော မိန်းကလေးအား မတွေ့ဖူးသေ
မိကပင်ပထမဦးဆုံး စိတ်ဝင်စားမိသည်မှာ ကာတွန်းဆရာကြ
ဦးအောင်ရှိန်၏ 'ကြေးမုံခင်' ကာတွန်းမှ ဇာတ်ကောင်'ခင်' ဖြစ်
သည်။ ဆရာကြီး၏ ကာတွန်းမှာ ကြေးမုံသတင်းစာတွ
နေ့စဉ်ပါတတ်ပြီး အချစ်ဇာတ်လမ်းများ မဟုတ်ဘဲ ကာတွန်း
သရော်ခြင်း၊ ဟာသပေးခြင်းတို့သာဖြစ်၏။ သို့သော် ယင်း'
၏ ကိုယ်နေဟန်ထားနှင့် မျက်နှာတို့မှာ လှလှပပလေးဖြစ်သ
ကျွန်တော်'ခင်'ကို စိတ်ကူးယဉ်တော့သည်။ အိပ်မက် မက်
သည်။

ဆိုပါစို့။

'ကြေးမုံခင်'ကာတွန်း ဇာတ်လိုက်သည် ကျွန်တေ
ပါးပေါ်တွင် ပထမဆုံး ထွက်ဖြူလာသော ဝက်ခြံဖုနှင့် ဆေ
ပြိုင်ပေးသည်။

'မောင်'ဟူသော နာမ်စားသည် ကျွန်တော်တို့ ငယ်
ဘဝက ဝတ္ထုများထဲတွင် ချစ်သူချင်း သို့မဟုတ် လင်မယားချ
ပြောဆိုကြရာ၌ ချစ်စနိုးသုံးသော အသုံးအနှုန်း ဖြစ်ခဲ့ပါသ
ယောကျာ်းက 'မောင်'၊ မိန်းမ 'ခင်'။ ဤသို့ဖြစ်၏။ 'မော
ကလေး... 'ခင်'ကလေး စသည်။





ထူးခြားသည်မှာ 'မောင်'ဟူသော အသုံးအနှုန်းသည် ယခုနောက်ပိုင်း ခေတ်မစားတော့သော်လည်း သုံးလေ့ သုံးထ အရှိများပါသေးသည်။ 'ခင်'ဆိုသော နာမ်စားမှုကား အသုံးနည်းသွားကြသည်ကို တွေ့ရ၏။ ဘာကြောင့်မှန်းတော့ကျွန်တော် မသိ။

တစ်ခုတော့ရှိသည်။ မိမိနာမည်ရင်းတွင်ပင် 'ခင်'ပါလျှင်မူကား (ဥပမာ ခင်နှင်းယု၊ ခင်ဆွေဦး၊ ခင်သန်းနု၊ ခင်သီတာထွန်း) ယင်း'ခင်'ကို သန့်ရှင်းစွာ သုံးတတ်ကြသည်။ အထက်ပါပုဂ္ဂိုလ်လေးဦးကား မည်သို့သုံးနှုန်းသည်တော့မသိ။ ကျွန်တော် ဥပမာ ပြောခြင်းပါ။ ဤလို သန့်ရှင်းစွာ သုံးသော 'ခင်'ကိုကား တွေ့ရတတ်သည်။ ဆိုပါစို့၊ စာရေးဆရာမ ပတ္တမြားခင်။

ကျွန်တော်၏ ဤစာစုတွင် 'မောင်'အကြောင်း ကျွန်တော် ပြဆိုရာ၌ စောစောက ပြောသလို ချစ်သူဘဝ 'မောင်'၊ လင်မယားဘဝ 'မောင်'ကို မရည်ရွယ်ပါ။ စကားအဖြစ်သာ ထည့်ပြောခြင်းဖြစ်၏။ (ယခု ခေတ်စားသောသီချင်း 'မောင်'နှင့် ရုပ်ရှင်၊ ဗီဒီယိုစာအုပ်ဝတ္ထုမှ 'မောင်'မဟုတ်ပါ။)

ကျွန်တော် ပြောသော 'မောင်'သည် အလွန်ရိုးသားသန့်ရှင်းသော ဘိုးဘွားဘီဘင်'မောင်'အကြောင်းမျှသာ ဖြစ်ပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



တလောဆီက

ကျွန်တော်သည် မဂ္ဂဇင်းနှစ်စောင်၊ သုံးစောင်၌ စာရေးဆရာများ ကိုယ့်ဘာသာကိုယ် ကိုယ်ပိုင်ပထမနာမ်စားအဖြစ် မိမိကြိုက်နှစ်သက်ရာ ပုံသဏ္ဌာန် အသုံးအနှုန်းများ ရှိခဲ့သည်ကို ရေးခဲ့ဖူးပါသည်။ ဖတ်မိသူများရှိသလို မဖတ်မိသူများလည်း ရှိမည်မို့ နည်းနည်းကလေး ပြန်ပြီး ပြောပါမည်။

စာရေးဆရာများသည် အများအားဖြင့် 'ကျွန်တော်'၊ 'ကျွန်မ'ကို ကိုယ်ပိုင် ပထမနာမ်စားအဖြစ် အသုံးများပါသည်။ ဒီယခင်ကတော့ 'ကျွန်ုပ်'အသုံးများပါသည်။ ဥပမာ ဆရာကြီး ရွှေဥဒေါင်း၊ ဆရာကြီး ရွှေစကြာဦးစိုးမြင့် စသည်။

အဲ… 'ကျွန်တော်'၊ 'ကျွန်မ'တို့ပြီး နောက်တစ်ခေတ်တွင် 'ကိုယ်'ကို အသုံးများလာကြပြန်သည်။ ဆိုပါစို့။ 'ကျွန်တော်သည် လှိုင်းအိကလေးများကို ကြည့်ငေးနေ၏။' အထူးသဖြင့် 'ကျွန်တော်'၊ 'ကျွန်မ'သည် စာလေးများ (ဆောင်းပါး စသည်)တို့တွင် ကနေ့ထိ သုံးနေကြဆဲဖြစ်၏။ ရသစာပေများတွင်မူကား ကိုယ်ပိုင်ပထမနာမ်စားကို အသုံးနည်းပြီး စာရေးသူက ပုံပြောသလို ပြောနေတတ်တာကများသည်။ (ဥပမာ 'မနှင်းကိုကျော့ရှင်း မတွေ့ရတာကြာပြီ')စသည်။

ဘာပဲဖြစ်ဖြစ် ကိုယ်ပိုင်ပထမနာမ်စား ရေးနည်းက ခေတ်မတိမ်ကောသည့်ပြင် ယခုအခါ ပတ်လည်၍ပင် ပြန်ခေတ်စားနေသည်။ ကျွန်တော် လက်လှမ်းလို့ မမီတမီကာလဆီက





စာရေးဆရာများသည် ကိုယ်ပိုင်နာမ်စားကို သုံးရာတွင် 'ကျွန်တော်' 'ကျုနော်'(ဇန်းမော်တင်အောင်)၊ 'ကျွန်မ'၊ 'ကျမ'၊ 'ကိုယ်'(အောင်လင်း၊ မောင်သာရ)၊ 'ကျုပ်'(လူသုံးနည်းသော်လည်း သုမောင်သုံးဖူးသည်။) 'ငါ' (ကဗျာများတွင် တွေ့ရတတ်ပါသည်။) 'မိမိ'(အထူးသဖြင့် စာရေးဆရာနတ်နွယ်တိတွင်သုံးနှုန်းသည်ဟု ထင်ပါသည်။) အဲ… ထူးထူးခြားခြား နာမည်ရင်းကို သုံးသူများလည်း ရှိသည်။ (သာခု၊ ခင်နှင်းယု) ခင်နှင်းယုကတော့ သူမ၏နာမည်ရင်းကို အဖျားဆွတ်သုံးသည်။ ('မစု'တဲ့။) အဖေသာခုကား 'သာခုကတော့' 'သာခုအနေနှင့်' စသည်ဖြင့် သုံးသည်။

သည်နေရာတွင် 'မောင်'အကြောင်း စတင်ဖို့လိုလာသည်။ ဝတ္ထုစာစုများ၌ ဇာတ်လိုက်၏ အမည်တွင် 'မောင်' ပါနေလျှင် 'မောင်'ကို ဒုတိယနာမ်စားအဖြစ် သုံးကြသည်။ တစ်ခါတစ်ရံ ကိုယ်ပိုင်ပထမနာမ်စား အနေဖြင့် သုံးကြ၏။ သို့သော် စောစောက ပြောသလို အချစ်ကိစ္စ ဖိုမကိစ္စတို့တွင်သာ သုံးကြ၏။ ('မောင့်ကိုယ်မောင် ဒီလောက် စိတ်နုလိမ့်မည်ဟု မထင်ခဲ့ပါ'စသည်။)

မည်သို့ပင်ရှိစေ မိမိကိုယ် မိမိညွှန်းဆိုရာ၌ 'မောင်'ဟု သုံးနှုန်းခြင်းကို ကျွန်တော် စိတ်ဝင်စားခဲ့သည်မှာ လွန်ခဲ့သော ၃၅ နှစ်လောက် စတင်ခဲ့သည်။

ထိုစဉ်က ကျွန်တော် မူလတန်းကျောင်းသား။ ကျွန်တော်တို့ သူငယ်ချင်းများထဲတွင် 'မောင်ဦးမောင်မောင်'ခေါ် သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းသည် သူ့ကိုယ်သူ 'မောင်'ဟုပင် သုံးသည်။ ဆရာမနှင့်ဖြစ် ဖြစ်၊ သူငယ်ချင်း အချင်းချင်းပဲဖြစ်ဖြစ်။ နောက်တစ်ယောက်က ကျွန်တော့်အစ်ကို နှစ်ဝမ်းကွဲ 'မအောင်'ဖြစ်သည်။ သူကတော့ သူ့နာမည်တွင် 'မောင်'မပါဘဲလျက် မောင်ကလေ မောင့်ကိုလေ ဟု အိမ်မှာရော ကျောင်းမှာပါ သုံးသည်။ ကျွန်တော်က မေး သောအခါ "မသိဘူးကွ၊ ငါ့အဘွားက ငါ့ကို'မောင်'လို့ခေါ်ရာ ကနေ ငါလည်းယောင်ပြီး 'မောင်'လို့ပဲ သုံးနေမိတာ"ဟုဖြေ၏။

ဤစာစု ရေးနေချိန်မှာပင် ကျွန်တော့်ဇနီး အေးဘုံက "ပြောရဦးမယ်ကိုကို၊ အေးဘုံတို့ ငယ်ငယ်တုန်းက အဖေ့ဆီလာတဲ့စာတွေ ခိုးဖတ်ကြတယ်။ ပုံမှန်လာနေကျ မိန်းမ လက်ရေးနဲ့ စာကို အထူးသဖြင့် ဂရုစိုက်ပြီး စောင့်ဖတ်တယ်။ အဲဒီမှာ အဲဒီမိန်းမက ဖေဖေ့ကို 'မောင်'၊ 'မောင်'ဆိုပြီး ရေး တယ်။ အေးဘုံတို့တွေက စိတ်မကောင်းဖြစ်ပြီး အမေ့ကိုတိုင် တယ်။ ဒီတော့မှ အမေက 'ဟဲ့ အဲဒါ ညည်းတို့ရဲ့ အရီးလေးဆီ ကစာကွယ့်၊ ညည်းအဖေရဲ့ အစ်မရင်းဆီကလာတဲ့စာ။ သူတို့ အညာမှာ အစ်မတွေက မောင်တွေကို 'မောင်'၊ 'မောင်'လို့ ခေါ်တတ်ကြတယ်တဲ့"ဟု ရယ်ပွဲဖွဲ့ပါသည်။

ကျွန်တော် ကြားဖူး၊ ဖတ်ဖူး မှတ်ဖူးသလောက်လည်း ရှေးလူကြီးများ၊ ရှေးဘုန်းတော်ကြီးများနှင့် ပေစာ၊ ကျောက်စာ များတွင်လည်း 'မောင်'၊ 'အမောင်'၊ 'မောင်ကြီး'၊ 'မောင်ငယ်'၊ 'မောင်မင်း' စသဖြင့် သုံးနှုန်းထားကြသည်ကို တွေ့ရပါသည်။





ထိုမှတစ်ဆင့် ချစ်သူသမီး ရည်းစားကိစ္စ၊ လင်မယား ကိစ္စတွင် ဘယ်လိုကနေ ဘယ်လို'မောင်' ဝင်လာမှန်းတော့ ကျွန်တော် မသိရိုးအမှန်ဖြစ်သည်။ မည်သို့ပင်ရှိစေ၊ လူသုံးများ လာသည်ကတော့ အမှန်ပင်။

သို့သော် ထို'မောင်'ကိုပင် စောစောက ပြောသလို ရိုး သားသန့်စင်စွာ သုံးနှုန်းမှုကိုကား မတွေ့မြင်ရတာကြာပြီ ဖြစ်ပါသည်။

ကျွန်တော် ဘယ်လိုမှန်း မသိ၊ ဝမ်းနည်းသလို ဖြစ်မိ ရသည်။ တကယ်ပြောတာပါ။

❑ ❑ ❑

ကျွန်တော်၏ ကလောင်နာမည်၊ မင်းသား၊ အဆိုတော် နာမည်'သုမောင်'ကိုပင်လျှင် 'သူ့မောင်'၊ 'ငါ့မောင်'၊ 'တို့မောင်' ဟူသည်ဖြင့် ချစ်စနိုး ကျီစယ်ကြပါသေးသည်။ အမှန်က 'သု' ဆိုသော ပါဠိစကားသည် 'ကောင်းသော'ဟု အဓိပ္ပာယ်ရပါ သည်။ 'မောင်'ကတော့ ဘိုးဘွားဘီဘင် အသုံးအနှုန်း မောင်က လေး လူကလေးဟု ပြဆိုပါသည်။ ထို့ကြောင့်ပင် 'သုမောင်' ('ကောင်းသောလူကလေး')ဟူသော ကလောင်အမည်ကို ရွေး ချယ်ခဲ့ခြင်း ဖြစ်၏။

အထက်၌ ပြဆိုခဲ့ပါသည့် စာရေးဆရာတို့သည် မိမိ၏ ကိုယ်ပိုင်ပထမနာမ်စာ.တို့ကို စိတ်ကြိုက်သုံးလာကြရာ၌ 'ကျွန်ုပ်'၊



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်'၊ 'ကျွန်မ'၊ 'ကိုယ်'၊ 'မိမိ'၊ 'သာခု'၊ 'မခု' စသဖြင့် သုံးကြရာ၌ ကျွန်တော်သည် 'မောင်'ဟူ၍ အသုံးနည်းကြသည်ကို ဂရုပြုမိပါသည်။ (ချစ်ခြင်း၊ ကြိုက်ခြင်းနှင့်ဆိုင်သော 'မောင်'ကို မဆိုလိုပါ။)

သည်တော့ ကနေ့မှစပြီး ကျွန်တော်၏စာစုအချို့ကို ကိုယ့်ကိုကိုယ် 'မောင်'ဟု သုံးနှုန်းစမ်းသပ်ကြည့်ချင်ပါသည်။

ကျွန်တော်၏အမည်ကို 'သုမောင်'မှ 'မောင်'ကို ယူသုံးခြင်း၊ ကျွန်တော်တို့၏ ဘိုးဘွားဘီဘင် လက်သုံးစကား'မောင်'ကို ယူသုံးခြင်းမျှလောက်သာ သဘောထားကြမည်ဆိုလျှင်ပေါ့။

(မဟေသီ၊ အောက်တိုဘာ၊ ၁၉၉၄)



## သူခိုး

ကျွန်တော်သည် တစ်ခါတစ်ရံ သူခိုး အလုပ်ကို လုပ်ပါသည်။

သူခိုးဆိုသည်မှာ မိမိမှတစ်ပါး အခြားသတ္တဝါ ဝေနေယျတစ်ဦးဦးပိုင် ဥစ္စာပစ္စည်း၊ အတွေးအခေါ်၊ အသိအမြင်သည်တို့ကို သူမသိအောင် မိမိပိုင်အဖြစ် ယူငင်သုံးစွဲသူအား သမုတ်ခေါ်ဝေါ်သော ဝေါဟာရ ဖြစ်ပါ၏။

ဤစာစုတွင် ကျွန်တော်သည် ကျွန်တော် ခိုးခဲ့ဖူးသည့်ပစ္စည်းများအနက် (၃)မျိုးကို ဖော်ပြပါမည်။ ကျွန်တော် ခိုးဖူးသောပစ္စည်းများမှာ ငွေကြေးအားဖြင့် တန်ဖိုး မကြီးလှသော်သည်း ပညာအားဖြင့် တန်ဖိုးကြီးမားလှပါသည်။ အခိုးခံရသူကလည်း အခြားသူမဟုတ်။ (၁၉၉၄၊ နိုဝင်ဘာလ ၂၃ ရက်)နေ့က ကွယ်လွန်သွားပြီဖြစ်သော နိုင်ငံကျော် ရှာစားကြီး စိန်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်တင့်ပင် ဖြစ်ပါသည်။ နော့ စာဖတ်သူမိတ်ဆွေက မေးကောင်း မေးပါလိမ့်မည်။ စိန်ဗိုလ်တင့်နှင့် သုမောင်သည် ဆရာတပည့်ဆိုလည်း မှား၊ မိတ်ဆွေဆိုလည်းမမှား၊ ညီအစ်ကိုတမျှဆိုလည်း မမှားပါဘဲလျက် ပြီးတော့ ပြောကြကြေးဆိုလျှင် ရှာစားစိန်ဗိုလ်တင်က သုမောင်လောက် ငွေကြေးချမ်းသာသူမှ မဟုတ်၊ ကိုင်း... ဘယ်နှယ့်ရှိစ။

❑ ❑ ❑

မှန်ပါသည်။ ကျွန်တော်သည် စိန်ဗိုလ်တင့်၏ တပည့်တစ်ဦးဟု ဆိုရပါမည်။ လက်ထပ်ကွက်တိ သင်ပေးသူမဟုတ်သော်လည်း သူ့ဆိုင်းသံ(စံတော်ချိန်တီးလုံး) ဖြင့် ကြီးပြင်းခဲ့ရသူဖြစ်သည်တစ်ကြောင်း၊ ကျွန်တော် အဆိုကျော်ဖြစ်စတွင် အဘစောင်းဦးဘသန်း၊ ဒက်ဒီ(ဂီတလုလင်မောင်ကိုကို) တို့နှင့် အတူ တွဲဖက်သီဆိုခဲ့ရာ၌ ဆရာစိန်ဗိုလ်တင့်သာလျှင် အများဆုံး တွဲဖက်ခဲ့ရသူတစ်ကြောင်းကြောင့် ဖြစ်ပါသည်။ ဟသ်ာတေးသံသွင်း ခေတ်စားချိန်ကာလ ၁၉၇၈/ ၇၉ ကျော်တွင် ကျော်ကြားတေးအမှတ် ၁ မှ ၅ အထိ အသံသွင်းခဲ့ရာသူနှင့် မျည်းသာ တွဲဖက်ခဲ့ရသည်သာ များပါသည်။ ထို့ကြောင့် သူသည် ကျွန်တော်၏ ဆရာမည်ပါ၏။

ထိုစဉ်က ကျွန်တော်လည်း သောက်၊ သူလည်းသောက်၊ ဘဘဦးဘသန်းလည်းသောက်၊ ဒက်ဒီမောင်ကိုကိုလည်းသောက် ဖြစ်သဖြင့် မိတ်ဆွေဟုလည်း ခေါ်ဆိုအပ်၏။





ကျွန်တော့်အား တက်သစ်စ မြန်မာသံအဆိုတော်ကလေးအဖြစ် သူတို့တစ်တွေက လက်တွဲခေါ်ငင်ကြခြင်းကြောင့် ညီအစ်ကိုဟူ၍ ဆိုရအပ်ပေ၏။

ထို့ကြောင့် ရှာစားစိန်ဗိုလ်တင့်သည် ကျွန်တော်၏ ဆရာအစ်ကိုသူငယ်ချင်း ဖြစ်ရပါတော့သည်။

ထိုသူထံမှ ကျွန်တော်သည် မည်သည့်ပစ္စည်းများကို ခိုးခဲ့ပါသနည်း။

(၁) မယ်ဒလင်(မင်ဒိုလင်)

ဒါကို နည်းနည်းရှင်းပြဖို့လိုသည်။ ရှာစားသည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အခြေခံပညာကျောင်းတိုင်းလိုလို၌ မြန်မာ့ဂီတ၏ ပင်မသဖွယ်ဖြစ်သော ပတ္တလားကို မရှိမဖြစ် မထားမဖြစ် ထားရမည်ဟူသော အဆိုတစ်ရပ်ပြဋ္ဌာန်းလိုက်သောကာလတွင် ယင်းကျောင်းများအတွက် ပတ္တလားပေါင်း များစွာပြုလုပ်ရန် (ကန်ထရိုက်) ရခဲ့ပါသည်။ (မှတ်ချက်– သူသာ ဆုံးပါးသွား၏။ ယင်းပတ္တလားများ ယခုတိုင် လက်စမသတ်နိုင်ခဲ့ပါ။)

ထိုအတောအတွင်း နိုင်ငံတော်တွင် သာသနာရေးကိစ္စများကလည်း အလွန်များပြားလှပေ၏။ ထုံးစံအတိုင်း ရပ်ကွက်တိုင်းလိုလို သာသနာ့အကျိုးငှာ ဆိုင်းဝိုင်းများဖြင့် ဖြေဖျော်ကြလေရာ 'ဇေထိ'ဆိုသည်နှင့် မပါမပြီး ဖြစ်ရသော 'သုမောင်' တစ်ယောက် ပါဝင်ဆင်နွှဲခဲ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ညီလေး အစ်ကိုတို့ ဟိုဘက်ရပ်ကွက် ဓမ္မာရုံမှာ ဘုရားပင့်တယ်။ အစ်ကို တီးရမယ်၊ ညီလေးလာကူပါကွာ"ဆိုသော သူ၏ အကူအညီကို အတောင်းခံရဆုံးဖြစ်၏။ နှုတ်ခမ်းထော်ထော်လေးဖြင့် ပြောသည်ကို မြင်ယောင်သေး၏။ ဒါတွင်မက သူက ကျွန်တော့်ကို မက်လုံးလည်းပေး၏။

"ငါ့ညီက မင်းသားဆိုတော့ ငွေကြေး မပံ့ပိုးကောင်းဘူး။ အစ်ကို အခု ပတ္တလားတွေက ကန်ထရိုက် ရနေတယ်။ အဲဒီထဲက ညီလေးအတွက် စပယ်ရှယ်ပတ္တလားတစ်လက် လက်ဆောင်ပေးပါ့မယ်"တဲ့။ ကျွန်တော် ပတ္တလားတီး ဝါသနာပါမှန်း သူသိထား၏။

လားလား... ဆရာက ဒါနဲ့မပြီးပါတကား။ တစ်လတစ်ကြိမ်လောက်၊

"ညီလေး" နှုတ်ခမ်းထော်ကောက်ကလေးနှင့်ပင်

"အစ်ကိုတို့မြို့မှာ"

"အစ်ကိုတို့မြို့နယ်မှာ"

"အစ်ကို့ ဘကြီးရဲ့ရွာမှာ..."

"အစ်ကို့..."

"အစ်ကို့..."

နှင့် မကြာခဏ လာလာဆွဲပါတော့သည်။ ကျွန်တော်ကလည်း ကံဆိုးချင်တော့ သူက ဖိတ်တိုင်း ကျွန်တော်အားရက်နှင့်ချည်း ကြုံနေတတ်၏။ ပြီးတော့ ကျွန်တော်သည် မလိမ်





တတ်၊ မဖြီးတတ်။ အားလျှင်အားတယ်၊ မအားလျှင်တောင်းပန်ပါပဲ။ ပြီးတော့ ပွဲပြီးတိုင်းလည်း "ဒီမှာ ညီလေး ညီလေးအတွက် အစ်ကိုပတ္တလားတစ်လက် လက်ဆောင်ပေးမယ်"ဟူသောစာတ်ပြားဟောင်းကြီးသာ အမြဲဖွင့်တတ်သည်။ ကိုယ့်အစ်ကိုကိုယ့်ဆရာ ကိုယ့်ဘော်ဒါဆိုတော့လည်း သည်းခံနေလိုက်ရသည်ပေါ့။

❑ ❑ ❑

ဘာပဲဖြစ်ဖြစ် အစ်ကိုသည် ပတ္တလားတစ်လက် ကျွန်တော့်ကို ပေးဖို့ကိစ္စသည် သူ့အတွက် အသေးအဖွဲပါ။

အချိန်မရွေး သူ့ထံသွားဆွဲလျှင်လည်း ရပါသည်။

ဆရာမေ့ကောင်း မေ့နေခြင်းသာ ဖြစ်ပါလိမ့်မည်။ သို့မဟုတ်ကလည်း ယခုတလော အစ်ကို အလုပ်များသည်ကိုအားလုံး သိပါသည်။ ဆိုင်းဝိုင်းကိစ္စ၊ နိုင်ငံတော်အတွက် ပတ္တလားများကိစ္စ၊ တပည့်တပန်းများ ကိစ္စအပြင် အရေးကြီးဆုံးဖြစ်သော အမျိုးသားညီလာခံကြီးတွင် (ဂီတ)ကိုယ်စားလှယ်အဖြစ်ပါဝင်နေရသူ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



သည်မှာတင် အကြံတစ်ခု ကျွန်တော်ရသည်။ လွန်

သော (၃)လခန့်လောက်က ကျွန်တော် မယ်ဒလင်(မယ်ဒိုလင်

ပြန်တီးချင်သောရောဂါ တက်ခဲ့ပါသည်။ မယ်ဒလင်ကော

ကောင်း ဘယ်မှာ ရှာရမည်မသိ။

ကံကောင်းချင်တော့ ကျွန်တော့်ဇနီးနှင့် သမီးကို အိမ်

လာပြီး ပတ္တလားတီးသင်ပေးနေသော ပတ္တလားခင်မောင်

(ဆရာစိန်ဗိုလ်တင့်၏ လက်ရုံးပါပဲ)က အကြံပေးလေသ

"အစ်ကို ဆရာ့မှာ သူတီးတဲ့ မယ်ဒလင်တစ်လ

တယ်။ အဲဒါ အစ်ကိုသွားတောင်းပါလား။ ဒါမှမဟုတ် ကျွန်

စာရေးပေးလိုက်၊ သွားဆွဲပေးမယ်"

ဟိုက်- ဒါအကွက်ပဲ...။

ကျွန်တော်သည် အောက်ပါစာတစ်စောင်ကို ရေးပေး

ပါသည်။

"အစ်ကိုကင့် ကျွန်တော် ရုပ်ရှင်ရိုက်နေတုန်း တန်း

မို့ ကိုယ်တိုင်မလာနိုင်သည်ကို ခွင့်လွှတ်ပါ။ အကြောင်း

ယခုရိုက်ကွင်းတွင် မယ်ဒလင်တစ်လက် အရေးပေါ်လို

အစ်ကို့မယ်ဒလင်ကို ခင်မောင်လွှင်နှင့် ခဏပေးလိုက်

မကြာစေရပါ။

ချစ်

(





ကိုင်း... ယင်းမယ်ဒလင်သည် ယခုတိုင် ကျွန်တော့်အိမ်

ရှင် ရှိနေသည်ဆိုပါက ကျွန်တော်၏ ပထမဆုံး နိုးချက်ခိုး

ကွက်ကို စာဖတ်သူမိတ်ဆွေ သဘောပေါက်လောက်ပါပြီ။

(၂) ပတ္တလား

ပတ္တလားတစ်လက်ပေးမည်ဟု ပြောပြောပြီး ကျွန်တော့်

အား ချစ်စဖွယ်ခေါ် ခိုင်းဟတ်သည်ကို ဤစာစုအစ၌ ကျွန်တော်

ပြောပြပြီးပါပြီ။

သည်ကိစ္စနှင့် ပတ်သက်၍ ကျွန်တော် ဘယ်ပုံဘယ်နည်း

ရမည်ကို အကြံထုတ်ခဲ့တာ ကြာပါပြီ။ သွားတောင်းလျှင်

ညီလေး ညီလေး' ဆိုပြီး ချက်ချင်းထုတ်ပေးမှာ သိသော်လည်း

ကျွန်တော်က သူ သတိမေ့နေသည်ကို ထောက်ပြရင်း ကလိမ်စေ့

မြမ်းဆင်ချင်သူ ဖြစ်သောကြောင့်... အင်း...။

ပ ပ ပ

တစ်နေ့တွင် ထုံးစံအတိုင်း သူ့ထံမှ စာတစ်စောင် ရောက်

ပါသည်။ ပွဲတစ်ပွဲ လိုက်ကူညီရန်ပင် ဖြစ်ပါသည်။ ပွဲကလည်း

ကျွန်တော် မပါလျှင် မပြီးသည့်ပွဲ။ နိုင်ငံတော်ပွဲ။ ကျွန်တော်လည်း

သွားမှာပါ။

ကိုင်း- ကျွန်တော် ဘာလုပ်လိုက်သည် ထင်ပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတင့် ဒီတစ်ပွဲတော့ သည်းညည်းခံပါဗျာ။ ကျွန်တော် အလုပ်သိပ်များနေလို့ပါ။ အလုပ်များတာကလည်း တခြားမဟုတ်ပါဘူး အစ်ကို။ ခဏ ခဏ ပေးပေါင်းများပြီဖြစ် တဲ့ ပတ္တလားတွေ အိမ်မှာ နေရာချနေရလို့ လူလည်းလက်အံ သေနေပါပြီ။ ဒါကြောင့်ပါ။ ဒီတစ်ချီတော့ ခွင့်လွှတ်ဗျာ။

ချစ်သော

(သု)

နောက်တစ်နေ့မှာပင် ဆဲစာနှင့်အတူ အလွန်ကြည်ဖြူ ပီသသော ပတ္တလားတစ်လက် ကျွန်တော့်ထံ ရောက်ရှိလာပါ တော့သည်။

## (၃) အဆိုနိုးခြင်း။

ကျွန်တော်သည် ယခု အဆိုတော်ရင့်မကြီးတစ်ယောက် ဖြစ်လာသည့်တိုင် မိမိမပိုင်သော နေရာရောက်လျှင် နိုးဆိုတတ် ပါသည်။ နိုးဆိုသည်ဆိုသည်မှာ မိမိက တစ်ခါတစ်ရံ ရှေ့မှ ကျော်၍ နိုးဆိုခြင်း တစ်ခါတစ်ရံ မိမိက နောက်မှ မေးလိုက် ပြီး ဆိုခြင်းကို ဆိုပါသည်။

ကျွန်တော့်တစ်သက်နှင့် တစ်ကိုယ် ကျွန်တော်သည် ဤသို့ နိုးဆိုခြင်းအပေါ် ခွင့်အလွှတ်ဆုံးနှင့် မည်သူမျှ ပရိသတ် အပါအဝင် မသိစေဘဲ သည်းညည်းခံပြီး နောက်ယောင်း လိုက်တီးပေးနိုင်သူမှာ ရှာစားကြီး စိန်ဗိုလ်တင့်တစ်ယောက်သာ ရှိပါကြောင်း။





ဆရာ ကောင်းရာသုဂတိလားပါစေ။

သို့မဟုတ်ပါက လူ့ပြည်ပြန်ရောက်လျှင်လည်း ဆိုင်း ဆရာဘဝနှင့်သာ ပြန်ရောက်ပါစေသတည်း။

(ရွှေအမြုတေ၊ ဖေဖော်ဝါရီ၊ ၁၉၉၅)

၃၅



www.burmeseclassic.com

## ၁၉၉၄ ခရစ္စမတ်နေ့ အမှတ်တရ

ခုတလော ကျွန်တော့်တွင် ဆရာသမား အသုဘများနှင့်သာ ပတ်သက်နေရပါသည်။ ထိုအထဲက အထူးခြားဆုံး အသုဘမှာ ဘဘဦးရှန်အောင် (၁၃-၁-၉၅)၏ အသုဘ ဖြစ်ပါသည်။ ကျွန်တော်တို့ဆိုလျှင် ဖယ်ထား မေမေသည်ပင် ဘဘလက်ပေါ်ကြီးလာရသူ(အညာသူမလေး ဝတ္ထုဇာတ်ကောင်) ဖြစ်သောကြောင့် ကျွန်တော်တို့ အဘိုးဟူ၍ပင် ဆိုအပ်လှပေသည်။

လူသေမှ အလွမ်းသယ်ရတာ မကောင်းကြောင်း ကျွန်တော် သဘောပေါက်ပါသည်။ ယခု ကျွန်တော် ပြောလိုသည်မှာ အလွမ်းစကား မဟုတ်ဘဲ အရွှန်းစကား ဖြစ်ပါလိမ့်မည်။

❑ ❑ ❑

-၄
ရှိပ်





ဘဘသည် ချစ်ဖို့အလွန်ကောင်းပါသည်။ အရွှန်း အပြက်အလွန်အပြောသန်ပါသည်။ ကျွန်တော်တို့ကိုလည်း သူငယ်ချင်းါင်းပေါင်းပါသည်။

❑ ❑ ❑

ဘဘသည် ရည်စားလည်း အလွန်များသည်ဟုကြားဖူးပါသည်။ မေးကြည့်တော့လည်း "အေးဟုတ်တယ်ကွယ့်" ဟု ဖြောင်ဖြောင်ပြောပါသည်။

"ဘယ်နှစ်ယောက်ရှိမလဲဘဘ"ဟု မေးသောအခါ "ငါသွားဖူးသမျှ တစ်မြို့တစ်ယောက် ဆိုပါတော့ကွာ"ဟု ပြန်ဖြေင်း ရယ်နေတတ်သည်။

❑ ❑ ❑

ဘဘသည် အပေးအကမ်း အစွန့်အကြဲ အလွန်ထက်သန်သည်။ သူကသာ ပေးချင်သည်။ တပည့်များက ကန်တော့သော ငွေကိုမူကား ဘဘအိမ်တွင် ကိုးကွယ်ထားသည့် 'ဆာဒူးကြီး'အား လှူဒါန်းပေးပြီး ဆုမွန်ကောင်း တောင်းတတ်ပါသည်။ ဘဘပေးသော ဆုမွန်ကောင်းကြောင့် ယင်းဆာဒူးကြီး၏ အလှူငွေတွေ တိုးလာသည်။ ထိုအခါ တပည့်ဆင်းရဲသားများ၊ သူချမ်းသာများအားလုံးကို ကိုယ်တိုင်လိုက်၍ ပေးကမ်းလေ့ရှိ

www.burmeseclassic.com



သည်။ အထူးသဖြင့်တော့ ခရစ္စမတ်နေ့တွင် ဖြစ်သည်။ ခရစ္စမတ်နေ့ ပေးသည်ဆိုသဖြင့် ဘဘအား ခရစ်ယာန်ဟု မယူဆကြပါနှင့်။ ဘဘသည် ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်ပါသည်။ သို့သော် သူ့မွေးနေ့က ခရစ္စမတ်နေ့ကျရောက်သဖြင့် ခရစ္စမတ်လက်ဆောင်လျှောက်ပေးခြင်းပါတဲ့။ ကုန်ကုန်ပြောရလျှင် ကျွန်တော်တို့ စာရေးဆရာများကို ပေးတာကမ်းတာထားတော့။ ကျိုကျိုတက်ချမ်းသာသော သူ့တပည့်အိမ်ကိုပင် တကူးတက သွားပေးရှာပေသည်။ လမ်းတွေ့သမျှ စာရေးဆရာတွေအဖို့တော့ ဘဘသည် ဘဏ်တိုက်ကြီးသဖွယ် ဖြစ်တော့သည်။

❑ ❑ ❑

ခရစ္စမတ်ဆိုလို့ ကြုံတောင့်ကြုံခဲ တစ်ခု ပြောပါရစေ။ ပြီးခဲ့သည့် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ(၂၅)ရက်နေ့ ဖြစ်ပါသည်။ ဘဘအသက် (၉၀)ပြည့် မွေးနေ့အထိမ်းအမှတ် လုပ်သည်။

ဤမှာတင် ကျွန်တော့်ထံ ထူးဆန်းသောဖိတ်စာတစ်စောင် ရောက်လာသည်။ အခြားဖိတ်စာတွင်တော့ မသိ။ ကျွန်တော့် ဖိတ်စာပေါ်တွင်

သုမောင်
ဗလကြီး
ဘဘကြီးဦးရန်အောင်ကို
ကန်တော့ချင်လှချည်ရဲ့ဆိုလို့





မွေးနေ့အတွက် အားရပါးရ
ကန်တော့လိုက်စမ်းပါ။
လမ်းကြုံရင် အိမ်ဝင်ပေးလို့ရပါတယ်။

လင်းယုန်မောင်မောင်

ဤစာမှာ အမှတ်သညာကြီးလှသော ဆရာလင်းယုန်မောင်မောင်၏ စာဖြစ်ပါသည်။

ဆရာ့အမှတ်သညာကြီးပုံကို ကျွန်တော် ပြောပြပါမည်။ ဤအကြောင်းနှင့် သက်ဆိုင်၍ နေသောကြောင့် ဖြစ်ပါသည်။

တစ်ခုသော ဒီဇင်ဘာ(၂၅)ရက်၊ ခရစ္စမတ်နေ့တွင် ဘဘကြီးဦးရန်အောင်သည် ကျွန်တော့် အမေအိမ်သို့ အမှတ်မထင် ရောက်ရှိလာပါသည်။ တကယ်တမ်းပြောကြကြေးဆိုလျှင်လည်း ကျွန်တော်တို့က ဘဘဦးရန်အောင်မွေးနေ့ဆိုတာကို မေ့နေကြပါသည်။ ဘဘသည် ရောက်ရောက်ချင်းဆိုသလိုပင် သူ၏ တပည့်ဖြစ်သူ မေမေ့ထံ အကန်တော့ခံသွားသည်။ မေမေက တတ်အားသရွေ့ လက်ဖက်ရည်၊ မုန့်တို့ဖြင့် ကန်တော့သည်။ ထိုသတင်းကို ကျွန်တော် ကြားကြားချင်း ကျွန်တော့်အိမ်ဘက်မှ ဘဘကို ကန်တော့သည်။ ဘဘသည် လူကြီးပီသစွာ သာဓု သုံးကြိမ်ခေါ်ပြီး နောက် ဘာမှဆက်မပြောတော့ဘဲ ကျွန်တော့် အမေအား ငွေတစ်ထောင် ထုတ်ပေးပါသည်။

"ငါ့မွေးနေ့အတွက် ငါက ပေးတာတဲ့ အညာသူမလေးရဲ့"ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အလွန် အရှက်ရသွားပါသည်။ ကျွန်တော်က ဘဘကို ငွေနှစ်ရာ ကန်တော့သည်။ ဘဘက ငွေတစ်ထောင် မေမေ့ကို စွန့်သည်။ ကဲ ဘယ်လောက်ထူးဆန်းသနည်း။

ဤအချက်ကို အနားရှိ ဆရာလင်းယုန်မောင်မောင်က သိသွားသည်။ တွေ့သွားသည်။ သူ ဒီအဖြစ်အပျက်ကို မှတ်ထားပုံရသည်။ ဒါကြောင့်လည်း အထက်ပါဖိတ်စာပေါ်မှ စာကို သူ ရေးလိုက်ပုံရပါသည်။

ကျွန်တော်ကလည်း ရှက်ကိုးရှက်ကန်းဖြင့် ပြောလိုက်မိပါသည်။

"ဘဘကို ကျွန်တော် အားရပါးရ ကန်တော့ချင်ပါသေးတယ် ဆရာရယ်" ဟူ၍ ဖြစ်ပါသည်။

ကျွန်တော်တို့သည် မကြာမကြာဆိုသလို ဘဘထံ ရောက်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ရောက်ကြခြင်း ဖြစ်သည်။ စာအကြောင်း၊ ပေအကြောင်း အခြားအခြားသော အကြောင်း၊ ပြီးတော့ ဘဘ၏ဆာဒူးအရုပ်ကြီးအကြောင်းစသည် ဖြင့် ရောက်ကြခြင်း ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ၊ (၂၅) ဒီဇင်ဘာတွင်တော့ ဘဘထံ ရောက်လေ့ရှိပါသည်။ သို့ရာတွင် ဒီတစ်ကြိမ်(၂၅)ရက် ၁၉၉၄ တွင်တော့ ကျွန်တော့် မရောက်ဖြစ်ခဲ့ပါ။ ကျွန်တော် ခရီးလွန် နေပါသည်။

ကျွန်တော် ပြန်ရောက်မှ ဆရာ့စာကို တွေ့သည်။ ထို့ ကြောင့် ဆရာ့ကို တောင်းပန်ရန် လိုက်ရှာပါသေးသည်။မတွေ့ပါ။





ကျွန်တော် ခရီးလွန်နေသော နေရာသည် သတင်းစာနှင့် အလှမ်းကွာနေသောကြောင့် (၁၃–၁–၉၅)နေ့က ဘဘဆုံး ကြောင်း၊ သတင်းကိုပင် မဖတ်ရပါ။

ဆရာကတော့ ကျွန်တော့်ကို နောက်ပြောင်လိုသော သဘောဖြင့်လည်းကောင်း၊ အလေးအနက်သဘောဖြင့်လည်း ကောင်း နှစ်မျိုးပြောချင်ပုံရပါသည်။

မည်သို့ပင်ရှိစေ၊ သူ့စကားသည် သူ့စကားဆိုသည်ထက် သူ့စာအိတ်ပေါ်မှ စာသည် ကျွန်တော့် ရင်ကို ထိခိုက်စေသည် မှာ အမှန်ဖြစ်သည်။ ကျွန်တော်သည် ဘဘ၏ နောက်ဆုံးခရီးကို မမီလိုက်ရပါ။ အထူးသဖြင့် ဘဘ၏ နောက်ဆုံးမွေးနေ့ကို မမီလိုက်ရပါ။

တစ်ခုတော့ရှိသည်။ ကျွန်တော့်ဘက်က တာဝန်ကျေခဲ့ တာဖြစ်သည်။ အခြားမဟုတ်။

ကျွန်တော် ရုပ်ရှင်အစည်းအရုံးလေးနှစ်ကာလ အမှု ဆောင်သက်တမ်းကာလအတွင်း ဘဘဦးရန်အောင်နှင့် ဆရာကြီး သော်တာဆွေတို့အား ရုပ်ရှင်သက်ကြီး ပူဇော်ပွဲသို့ မမေ့မလျော့ ဖိတ်ကြားခဲ့ပါသည်။

ကြားဖြတ်ပြောရဦးမည်။ တစ်ခုသော မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး သက်ကြီးပူဇော်ပွဲတွင် ဘဘဦးရန်အောင်နှင့် ဆရာသော်တာဆွေတို့ တွေ့ကြသည်။ ဆရာသော်တာဆွေသည် စကားအရာ၌ အလွန်ကြွယ်ဝသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး ဆုံဆုံချင်းမှာပင် ဦးလေးဆွေ(ဆရာသော်တာဆွေ)က အောက်ပါအတိုင်း စတင်ကျီစယ်သည်။

"ဘယ်နှယ့်လဲဆရာကြီး၊ မသေတော့ဘူးလား"ဟူ၍ ဖြစ်သည်။

တကယ်တမ်း မေးစရာရှိသည်ဆိုလျှင် "မသေသေးဘူးလား"ဟူ၍သာ မေးရန်ရှိသည်။

"မသေတော့ဘူးလား"ဟူသော စကားသည် အလွန်ထိရောက်လှသည်။

ဘယ်တော့မှ မသေသောသူ ဘယ်မှာ ရှိမည်နည်း။ ထိုအခါ ဆရာကြီး ဦးရန်အောင်က –

"အေး၊ မင်း မသာလိုက်ပို့ပြီးမှ ငါသေမယ်ကွ"ဟု ပြန်ပြောပါသည်။

ဒါက ကြားဖြတ် ရယ်စရာ ပြောရခြင်း ဖြစ်ပါသည်။

ကျွန်တော် အထက်က ဆိုခဲ့ပါသည်။ သေမှ လွမ်းရတာ မကောင်းပါဘူးဟူ၍ ဖြစ်သည်။ သို့သော် ကျွန်တော်သည် အလွမ်းမဟုတ်၊ အရွှန်းဖောက်ပါမည်ဟု ပြောခဲ့ပါသည်။ ယခု ကျွန်တော် အရွှန်းဖောက်ပါမည်။ ကျွန်တော့်အား ခွင့်လွှတ်ကြပါကုန်။

အလွမ်းပညာရှင်များအနေဖြင့် အရွှန်းဖောက်တတ်သူကို စိတ်ဆိုးကောင်း ဆိုးပါလိမ့်မည်။

သို့သော် ကျွန်တော်သည် ဘဘလက်ပေါ်တွင် ကြီးလာသူဖြစ်သောကြောင့် ဘဘ၏ အရွှန်းဖောက်တတ်သော သဘောကို သိထားသဖြင့် ယခုကဲ့သို့ အရွှန်းဖောက်ရခြင်း ဖြစ်သည်။





တခြားမဟုတ်။ ကျွန်တော် သာယာဝတီဟောပြောပွဲသွားရခြင်းကိစ္စပင် ဖြစ်ပါသည်။

❑ ❑ ❑

ဘဘသည် အလွန်ရိုးဖြောင့် သန့်ရှင်းသောပုဂ္ဂိုလ် ဖြစ်ပါသည်။

ကျွန်တော်တို့ စာရေးဆရာများတွင် အချင်းချင်း ပြဿနာမျိုးစုံ ရှိတတ်ကြသည်ကို အားလုံးအသိပင် ဖြစ်ပါသည်။

ဒီစာရေးဆရာနှင့် ဟိုစာရေးဆရာ မတည့်လို့၊ ဒီစာရေးဆရာနှင့် ဟိုစာရေးဆရာမ တွဲရက် တွဲရက်ပါနေလို့ စသည်ဖြင့် ဟောပြောပွဲကို မလိုက်ဖြစ်ခဲ့ကြတာတွေ ရှိခဲ့ဖူးကြပါသည်။

ဆရာကြီးဦးရန်အောင်က ဤသို့ မဟုတ်ပေ။

ကျွန်တော် မှတ်မိသေးသည်။ ထိုနှစ်က ကျွန်တော်ရယ်၊ မနှင်းရယ်၊ မောင်နေမျိုးရယ်၊ အခြားစာရေးဆရာတစ်ယောက်ရယ် ဟောပြောပွဲသွားကြသည်။

မနက်မိုးလင်းခါနီးဆဲဆဲ ကျွန်တော့်ကို လာကြိုသောအခါတွင်မှ အခြား စာရေးဆရာတစ်ယောက် ရုတ်တရက် မလိုက်နိုင်ဖြစ်သဖြင့် အခက်ကြုံရသည်။

ထိုပွဲကို ဆရာရန်အောင်မောင်မောင်က ဦးဆောင်ဖိတ်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် သူဝင် မပြောလိုပေ။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



အခြားစာရေးဆရာတစ်ယောက်ကို အစားထိုးရပါတော့မည် ခရီးထွက်ခါနီးကျမှ ဘယ်စာရေးဆရာကို အိပ်ရာက သွားနှိ မည်နည်း။

❑ ❑ ❑

လွယ်ပါသည်။

၊ ဆရာရန်အောင်မောင်မောင်က ဆရာကြီးဦးရန်အော ရှိရာ ရန်ကင်းသို့ တည့်တည့်မောင်းခိုင်းလေတော့သတည်

ဘဘတိုက်ခန်းပေါ်သို့ ယို့ယို့ကလေး ကျွန်တော် တက်သွားသောအခါ အိမ်သားများပင် မနိုးသေး။ တံခါးခေါ် လောင်းကို ထိုးလိုက်သောအခါ ဘဘ၏မြေးဖြစ်ဟန်တူသော မိန်းကလေးတစ်ယောက် တံခါးလာဖွင့်သည်။ ကျွန်တော် စာရေးဆရာများဖြစ်ကြောင်း၊ ဘဘနှင့် တွေ့လိုကြောင်း ပြော သောအခါ "ခဏနော်"ဟု မိန်းကလေးက ပြောပြီး အခန်း ပြန်ဝင်သွားပါသည်။

ခဏကြာလျှင် ဘဘသည် ထုံးစံအတိုင်း နားကျပ်ကလေး တပ်ပြီး တိုက်ပုံအကျီဝတ်လျက် ပြုံးပြုံး ပြုံးပြုံးနှင့် ထွက်လာ ပါသည်။ သူ့အသွင်အပြင်သည် ခရီးသွားမည့်ဟန် လုံးဝမပေါ် ပါသည်။

ကျွန်တော်တို့က ဘာမှ မပြောရသေးဘဲ ဘဘကြီး ခရီးထွက်ဖို့ အသင့်ဖြစ်နေသည်၊ ကျွန်တော်တို့က–





"ဆရာကြီး၊ ကျွန်တော်တို့ လာရင်းကိစ္စလေး"

"ဟော့ ပြောမနေနဲ့ကွ။ ဘယ်စာရေးဆရာမှ ရှာလို့မရရင် ငါ့လာခေါ်နေကျပဲ"ဟု အပြုံးမပျက် ပြောရှာပါသည်။

ထိုအခါ ကျွန်တော်တို့ အံ့သြရသည်။

"ဆရာကြီး ဖိတ်လည်း မဖိတ်ရသေးဘူးလေ"

"ဖိတ်တာ မဖိတ်တာ နောက်ထား၊ လောလောဆယ် ခင်းတို့ ခရီးထွက်ရမယ်မဟုတ်လား။ ဟိုမှာ ပရိသတ်စောင့်နေ ခံမှာမယ်။ ပရိသတ်ကို ဘယ်လောက်အားနာစရာကောင်းလဲ။ စာရေးဆရာတစ်ယောက် လျော့တယ်ဆိုရင် ပရိသတ်အတွက် စစ်အားလျော့ နစ်နာတယ်ကွ။ ငါက ကြားဖြည့်ခံအဖြစ် လိုက်ပေးရမှာပဲ။ ဟော့ ငါလိုက်မယ်ကွာ၊ သွားစို့"ဟူ၍။

ဆရာကြီးသည် ပြောပြောဆိုဆို ကျွန်တော်တို့ တွဲခေါ် သည်ကို လက်မခံဘဲ တိုက်အောက်သို့ ဆင်းသွားလေတော့ သတည်း။

❑ ❑ ❑

လမ်းတွင် ရယ်စရာ ပြောကြသည်။ တစ်ယောက်တစ် ခွန်းက် ပြောကြသည်။

ဘဘက ဆရာရန်အောင်မောင်မောင်အား "သားသမီး ဘယ်နှစ်ယောက်ရှိသလဲ"ဟုမေးရာ "ဆယ်ယောက်"ဟု ပြန်ဖြေ ခြင်း "ဟ... တယ်ဟုတ်ပါလား"ဟု ဘဘက ပြန်ပြောပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာရန်အောင်မောင်မောင်အိမ်သို့ ကျွန်တော်တို့ ရောက်ကြသောအခါ အိမ်ရှေ့သို့ ပြေးထွက်လာကြသော ဆရာရန်အောင်မောင်မောင်၏ သားသမီးများ တစ်ပြုံတစ်မကို တွေ့ရပါသည်။

ထိုအထဲတွင် ဆရာရန်အောင်မောင်မောင်၏ ဇနီးဖြစ်ဟန်တူသော အမျိုးသမီးကြီးသည် တော်တော်လှသည်ကို ကျွန်တော်တို့အားလုံး ဂရုစိုက်လိုက်မိကြသည်။ ထိုအခါ ဘဘက

"အင်း... ဒါကြောင့်လည်း ဆယ်ယောက်မွေးတာကိုးကွ"

ကျွန်တော်တို့ အားလုံး ပွဲကျသွားကြသည်။

ထိုညက အိပ်ရာစောစော ဝင်ဖြစ်ကြသည်။ ကျွန်တော်နှင့် ဘဘက ခြင်ထောင်ချင်း ကပ်လျက် နေရာကျသည်။ အိပ်ပျော်ခါနီးတွင် ဘဘက

"ဟေ့ကောင်လေး ငါမနက်စောစော သွားစရာရှိတယ်။ မင်းဘယ်သူမှ မသိစေနဲ့။ မင်းကို ငါပြောထားဖူးတာ မှတ်မိလား။ ဒီမှာလည်း ငါ့ရည်းစားရှိတယ်ကွ"

❑ ❑ ❑

နံနက်စာ စားကြသောအခါ ကျွန်တော်တို့ စားပွဲဝိုင်းတွင် ဘဘတစ်ယောက်လိုနေသည်။ အားလုံးက ဘဘလမ်းလျှောက်သွားသည်ဟုပဲ ထင်ထားကြပုံပေါ်သည်။ ကျွန်တော်တစ်ယောက်သာလျှင် ကျိတ်၍ ပြုံးနေလိုက်ရသည်။





နံနက်စာစားပြီးခါနီးလောက်တွင်မှ ဘဘသည် သူ့ဘာမှ မလုပ်ခဲ့သလို မျက်နှာထားဖြင့် ကျွန်တော့်အနီးမှ ကုလားထိုင်တွင် ဝင်ထိုင်သည်။

ပြီးတော့ ကျွန်တော့်ကို တိုးတိုးလေး ပြောလိုက်ပါသည်။

"မနေ့ကတင် သူ့ ရက်လည်တယ်ကွ။ ငါ ခုပဲ ဝင်စားလာသေးတယ်"

သည်လောက်ဆိုလျှင် ဘဘအား ဂုဏ်ပြုရာရောက်ပြီထင်ပါကြောင်း။

(ကလျာ၊ မတ်၊ ၁၉၉၅)



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဆွေမျိုးဉာတိ

အမေသည် တစ်နေ့တွင် ထုံးစံအတိုင်း ကျွန်တော့်ကို ခေါ်၍ ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုလေသည်။

❑ ❑ ❑

"တိုက်တိုက်ဆိုင်ဆိုင်မှ တကယ့်တိုက်တိုက်ဆိုင်ပါသားရယ် မယုံမရှိနဲ့။ အေး– ဘေးလူကြားရင်တော့ ယုံကိုယုံမှာ မဟုတ်ဘူး"

အချိန်ကား ကြာမြင့်ခဲ့လေပြီ။

အမေ့ဘက်က အဘိုးလေးတစ်ယောက် အကြောင်းနှင့် အမေ့အစ်ကို၏ ဇနီး(အမေ့ယောက်မ)၏ အဘိုးတစ်ယောက် အကြောင်းပင် ဖြစ်ပါသည်။





အမေပြောပုံအရဆိုလျှင် သည်အဘိုးအိုနှစ်ဦး၏ ဖြစ်ရပ်တို့သည် အမှန်တကယ်ပင် ဖြစ်လိမ့်မည်ဟု ကျွန်တော်က ယုံပါသည်။ သို့မဟုတ် တစ်ဆင့်စကားဆိုလျှင် လွန်လွန်ကျူးကျူးဖွဲ့ဆိုထားဟန် မတူပါ။ ပုံပြင်မဆန်ပါ။ အံ့ဖွယ်သုတလောက်လည်း မဆန်းကြယ်ပါ။ အနော့ ကျွန်တော်က ဘာကြောင့် စာဖွဲ့ရသနည်း။

ကျွန်တော်သည် လူတို့၏ စိတ်နေသဘော စရိုက်လက္ခဏာများကို ရေးတတ်သော စာရေးဆရာဖြစ်သည့်အလျောက် ဖော်ပြမည့်အကြောင်းအရာမှာလည်း လူတို့၏ သဘာဝတရားအမှန် ဖြစ်နေသောကြောင့်ပင်။ ပြီးတော့ အဘိုးနှစ်ဦး၏ ဖြစ်စဉ်မှာလည်း တိုက်ဆိုင်နေသောကြောင့် စာဖွဲ့လို ကောင်းနေပြန်ပါသည်။ ကိုင်း အဖြစ်အပျက်တို့ကို စပါမည်။

❑ ❑ ❑

ပထမအဘိုးအို(ကျွန်တော့်မိခင် ယောက်မ၏ အဘိုးတစ်ယောက်) အလွယ်မှတ်နိုင်ရန် ဦးဘဟု ဆိုပါစို့။

ဦးဘသည် လယ်ကေ တော်တော်များများ ပိုင်ဆိုင်သော လယ်ပိုင်ရှင်ဖြစ်သည်။ ကိုယ်တိုင်လည်း လယ်သမားဘဝမှာ ကျင်လည်ခဲ့သဖြင့် အခြေခံမှစ၍ တတ်ကျွမ်းသည်။ ထို့ကြောင့် ချမ်းသာလာသည်။ ကုန်ကုန်ပြောကြေးဆိုလျှင် ထိုခေတ် ထိုအခါက လယ်ပိုင်ရှင် ချစ်တီးအရင်းရှင်များနှင့် ရင်ပေါင်တန်း



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရှာနိုင်သည်။ မျိုးချစ်စိတ်ရှိသဖြင့် ချစ်တီးပိုင်လယ်မြေ အိမ်ရာများကို အခွင့်သင့်လျှင် ပြန်ဝယ်လေ့ရှိသည်။ မျိုးချစ် အရင်းရှင် လယ်ရှင်ဟု ကင်းပွန်းတပ်လိုက တပ်နိုင်ပါ၏။

ယင်းကဲ့သို့ဖြစ်သော တောသူဌေးသည် အရှယ်ကောင်း တုန်းမှာပင် ဇနီးသည်(ဒေါ်မြ ဆိုပါစို့) ကွယ်လွန်ရှာသည်။

ဦးဘသည် နောက်အိမ်ထောင် မပြုဘဲ နေခဲ့သည်။ ညီ အစ်ကိုမောင်နှမများ၊ တူ၊ တူမများကို ဦးစီးဦးဆောင်ပြု၍ စီးပွားရှာခဲ့သည်။ ပြုစုစောင့်ရှောက်နေခဲ့သည်။ သည့်လိုနှင့် အခြား လုပ်ငန်းကိုပါ တိုးချဲ့သည်။

မော်လမြိုင်ဇာတိများ ဖြစ်သဖြင့် ဘီလူးကျွန်းချောင်းဆုံ တွင် ဆေးတံ၊ တုတ်ကောက်၊ ကျောက်သင်ပုန်း၊ ကျောက်တံ စသည့်လုပ်ငန်းများဖြစ်သည်။ ယင်းလုပ်ငန်းဖြင့်လည်း အောင် မြင်ကျော်ကြားခဲ့ပြန်သည်။

BURMESE CLASSIC .com

❑ ❑ ❑

သူ၏ကံတရားသည် သူ့ဆေးတံလုပ်ငန်းကဲ့သို့ပင် မှန် မှန်ကန်ကန် တက်ခဲ့လေသည်။ ထိုခေတ်က ဆေးတံသောက် သုံးသူများပြားသဖြင့် ဆေးတံများ ရောင်းမလောက်ဖြစ်ခဲ့သလို တောရောမြို့ပါ ယခုအခါ ဤကဲ့သို့ စာအုပ်အသုံးနည်းပြီး ကျောက်သင်ပုန်း၊ ကျောက်တံ အသုံးများသော မူလတန်းကျောင်း များအဖို့ သူ့လုပ်ငန်းသည် ဈေးကွက်ဝင်လှ၏။





ထို့နည်းတူပင် ယင်းဦးဘသည် အရွယ်ခြောက်ဆယ် ကျော်မှ အိမ်ထောင်ရေးဇာတာ တက်ခဲ့ပြန်လေသည်။

ရှေးရှေးအခါက ထုံးစံအတိုင်း လယ်သမား၊ ယာသမား များသည် လယ်ရှင်၊ ယာရှင်များထံ ကြွေးမြီမပေးဆပ်နိုင် လျှင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့၏ သားငယ် သမီးငယ်များကိုလည်းကောင်း ယင်းတို့၏ကိုယ်ကို ကျွန်သဖွယ် ပုံအပ်ကြရသည်ဟူ၏။ အထူးသဖြင့် ယင်းလုပ်ငန်းမျိုးကို ချစ်တီးကုလားများ အလုပ်များတတ်ကြ၏။ မြန်မာလယ်ရှင် ယာရှင်များလည်း လုပ်တတ်ကြသော်လည်း ထိုစဉ်က မြန်မာ လယ်ယာလုပ်ငန်းတွင် ချစ်တီးများကသာ ကြီးစိုးထားလေရာ မြန်မာလယ် ရှင်ယာရှင်တို့၌ ယင်းစနစ်သည် မထွန်းကားခဲ့ပါ။ ရှိတန်သရွေ့တော့ ရှိပါသည်။ ထိုအထဲတွင် ဦးဘလည်း ပါဝင် ခဲ့ပါသည်။ သို့ရာတွင် အမေပြောပြသလောက်ဖြင့် ဦးဘကား ချစ်တီးများကဲ့သို့ ယင်းလုပ်ငန်းကို တမင်ကလာ မလုပ်ခဲ့။ အခြေ အနေအရ ကာယကံရှင်များကိုယ်၌က လာရောက်အပ်နှံ ကြခြင်း ဖြစ်၏။

ထိုဖြစ်ရပ်များထဲမှ တစ်ခုသောဖြစ်ရပ်သည် ဇာတာစန်း လက်တက်စရာ ဖြစ်လာ၏။ တစ်နေ့တွင် ဦးဘ၏ လယ်စာရင်း၌ မိသားစုတစ်စုသည် ဓားပြတိုက်ခံရသည်။ အိမ်ရာနှင့် ပေါ်းကျီ မီးတင်ရှို့ခံရသည်။ မိသားစုလိုက် သတ်ဖြတ်ခံရသည်။

မိသားစုတွင် အဘွားအိုတစ်ဦးနှင့် မြေးမလေးတစ်ဦးသာ ထွက်ပြေးလွတ်မြောက် ကျန်ရစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပီသော အဘွားအိုသည် ယခုဘ၀ကြွေး နောင်ဘ၀ မပါရလေအောင်ဟူသော ကြွေးမြီများကို ပေးဆပ်ခြင်းအလို့ငှာ မြေးမကလေး(မယ်တင့်ဆိုပါစို့)အား ကျွန်ပြုရန်အလို့ငှာ ဦးဘ အပြီးအပိုင် ပေးအပ်လေ၏။

"သားရယ် အမေသိရသလောက် အဘိုးလေး ဦးဘ ဒီကလေးမအပေါ် ကျွန်လို သဘောမထားဘဲ မွေးစားမြေးမလေး လို သဘောထားခဲ့ရှာပါတယ်တဲ့။ အဲဒါ အချိန်ကာလတွေ ကြာမြင့်လာတော့ ဘယ်လိုက ဘယ်လို နီးစပ်သွားတယ်မသိ ဘူး။ အဘိုးလေး ဦးဘနဲ့ မြေးအရွယ် မယ်တင့်တို့ ချစ်ကြိုက် သွားပါရောတဲ့။ အင်း...အမေက အရွယ်ရလာပေမယ့် ခေတ်မီ ပါတယ်သားရဲ့။ မေတ္တာတရားဆိုတာ ပြောရခက်သားလား ကွယ်။ သူတို့နှစ်ယောက်ဟာ တကယ့်ကို ချစ်သူများအဖြစ် ရောက်သွားကြရာမှာ အဘိုးလေးဘက်ရော ကလေးမဘက်က သန့်သန့်ရှင်းရှင်းပါပဲတဲ့"

အမေက သူ့အဘိုးလေးဘက်က ကာကွယ်ပြောဆိုတာ ဖြစ်ကောင်းဖြစ်မည်ဟု ကျွန်တော် ချိန်ဆမိပါသေးသည်။ သို့ သော် အရေးကြီးသည်မှာ ယင်းကိစ္စမဟုတ်သဖြင့် ကျွန်တော်က ဆက်လက်နားထောင်နေရ၏။

"အဲဒီမှာတင် ဆွေမျိုးဉာတိတွေ ပြဿနာပေါ်တော့ တာပဲ သားရဲ့။ မှတ်လည်း ဟုတ်တယ်လေ။ ဒီအရွယ် မိုး ကျော်ကြီးမှ ကိုယ့်မြေးအရွယ်လေးနဲ့ မေတ္တာမျှတယ်ဆိုတော့





ဘယ်ဘက်ကြည့်ကြည့် မကောင်းတတ်ဘူးလို့ မြင်စရာရှိတယ် မဟုတ်လား"

အမေသည် စကားကို ချင့်ချင့်ချိန်ချိန် ပြောနေပါသည်။ အမေအလိုအရမှု ခေတ်မီသည်။ မေတ္တာတရားဆိုတာ မှန်းဆ လို့ရတဲ့ ကိစ္စမဟုတ်ဘူး။

ပြီးတော့ ကိုယ့်ဆွေမျိုးသားချင်း အဘိုးတစ်ယောက် ကိစ္စဆိုတော့ ဘက်လိုက်ချင်၊ ခွင့်လွှတ်ချင်တာကလည်း ပါ ကောင်းပါမည်။ နောက်ပြီး ဒီအကြောင်းကို ပြောပြနေရသူ မှာလည်း စာရေးဆရာ(ကျွန်တော်)လို ဖြစ်နေပြန်သည်။ စာရေး ဆရာဆိုတာမျိုးကလည်း သည်လိုပြဿနာမျိုး ပေါ်လာရင် အခြေခံလူတန်းစားဘက်က ရှေ့နေလိုက်တတ်သည့် စာအုပ် ကြီးမှုကလည်း မပျောက်ချင်တတ်သေး မဟုတ်လား။

ကျွန်တော်ကတော့မှု ယင်းကိစ္စသည် အရေးမဟုတ်။ ထူးထူးဆန်းဆန်း မေတ္တာတရားနှင့် ရှေ့ဆက်ဘာတွေ ဖြစ်ကြ မည်ကို စိတ်စောနေ၏။

"ဒီအချိန်မှာ အဘိုးအိုဦးဘက ဘာလုပ်သလဲဆိုတော့ သူပိုင်လယ်ယာမြေတွေကို ညီအစ်ကိုမောင်နှမတွေအားလုံး အတွက် ခွဲဝေပေးလိုက်တယ်"

ဒါနဲ့တင် ဆွေမျိုးများက မကျေနပ်ကြ။ "ဟိုဟာမလေး လက်ကျန်တာတွေ ပါကုန်မှာသေချာတယ်"ဆိုပြီး ဦးဘရဲ့ ကိုယ်ပိုင်လက်ငုတ် ကျောက်သင်ပုန်း၊ ကျောက်တံ၊ ဆေးတံ စတဲ့လုပ်ငန်းတွေ အပေါ်မှာပါ မျက်စိကျလာကြတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ထုံးစံအတိုင်း မသိမသာ အရေးဆိုကြ ပြုကြတော့ ဦးဘလည်း သဘောပေါက်လာတယ်။ သူတို့နှစ်ယောက်ရဲ့ ရှေးရေး ရင်မအေးဘူးဆိုပြီး အဲဒီ သူပိုင်လုပ်ငန်း တချို့တစ်ဝက်ကိုလည်း ကျန်တဲ့ ဆွေမျိုးဉာတိ ကိုင်းဖျားကိုင်းနားတွေကို ခွဲဝေပေးလိုက်ပြန်တာပေါ့"

"သူတို့နှစ်ယောက် ညားကြလေသတည်း ဖြစ်ရောလား မေမေ"

စိတ်မရှည်တော့သဖြင့် ကျွန်တော်က ဇာတ်သိမ်းပိုင်းကို ဖြတ်မေးလိုက်ရာ

"အင်း ညားတော့ ညားလိုက်ကြပါရဲ့ကွယ်"

အဘိုးအိုဦးဘနှင့် မိန်းကလေးမယ်တင့်တို့ တရားဝင်အိမ်ထောင်ပြုဖြစ်ခဲ့ကြလေသည်။ ထိုအချိန်တွင် ဦးဘလက်ထဲတွင် လုပ်ငန်းအနည်းငယ်နှင့် အတွင်းပစ္စည်းသာ ကျန်တော့သည်။

"မိန်းကလေးကလည်း တော်ရှာပါတယ်တဲ့ သားရယ်။ မင်္ဂလာဆောင်ရာမှာတောင် သူ့ကိုယ်သူ ပြင်ဆင်တဲ့နေရာမှာ ဟိုးခေတ်က အဘွားအိုကြီးတွေရဲ့ အပြင်အဆင်မျိုးကို ဝတ်စားဆင်ယင်သတဲ့။ သဘောကတော့ သူ့အသက် ထင်တာထက်ကြီးသွားအောင်ဆိုပါတော့"

သည်စကားကိုတော့ ကျွန်တော်ကြိုက်သည်။ မိန်းကလေး၏ ပါးရည်နပ်ရည်ရှိမှု၊ လိမ္မာရေးခြားရှိမှုကို ကွက်ခနဲမြင်သာပေ၏။





"ဒါပေမယ့်လည်း ဒီဘက် ဦးဘဆွေမျိုးတွေကတော့ ကလေးမအပေါ် လုံးဝ မကျေလည်နိုင်ကြဘူး။ အဘိုးပိုင် ပစ္စည်းမှန်သမျှကို သူတို့ပဲ အမွေဆက်ခံချင်ကြတယ်။ မိန်းကလေးအပေါ်မှာလည်း ကျွန်ဆိုတဲ့ အစွဲကို မဖျောက်နိုင်ကြဘူး"

သည်နေရာ ရောက်လာတော့ ကျွန်တော်သည် ရှေ့ဆက် ဘာတွေဖြစ်ကြသည်ကို အဆုံးသတ်ချင်လှပြီ ဖြစ်လာ၏။ အမေကား ဝတ္ထုပြောသူ၊ ကျွန်တော်က စာဖတ်ပရိသတ်ကဲ့သို့ ပင်။

"နောက်ဆုံး သမီးကလေးတစ်ယောက် ထွန်းကားလာခဲ့တယ်။ နာမည်လေးကလည်း လှတယ်။ ပန်းမွှေတဲ့။ ဒါပေမယ့် ဒီကလေးရပြီးမှ ဆွေမျိုးဉာတိတွေဟာ ပိုပိုဆိုးလာတော့တာပဲတဲ့။ အဲဒီခေတ်က ဆိုတာ ခြံကြီးဝင်းကျယ်ကြီးထဲမှာ ဆွေမျိုးသားချင်းတွေဟာ ဟိုနားတစ်အိမ်၊ ဒီနားတစ်အိမ်ဆိုသလို စုပြီး နေကြတာ မဟုတ်လား။ ဒီတော့ ရှေးရှေးရှင်ဘုရင်တွေ လက်ထက်ကလိုပေါ့ကွယ်။ တွန်းရ တိုက်ရ ပို့လွှယ်ကူတာပေါ့"

အမေပြောပုံအရဆိုလျှင် မိန်းကလေးနှင့်အဘိုးအိုမိသားစုမှာ ဆွေမျိုးများ၏ ဒဏ်ကို အတော်ကလေး ခံနေကြရရှာပုံ ပေါ်သည်။ ထွက်ခလုတ် ဝင်ခလုတ်ပေါ့။

"နောက်ဆုံးတော့ သားရယ် ကလေးမလေးခမျာမှာ သူလင်ပိုင်တဲ့ ပစ္စည်းမှန်သမျှ ဘာတစ်ခုမှ မယူဘဲ လာရင်း အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ သူ့အဘွားရှိရာ ရွာကို ပြန်ပြီး ပြေးရတော့တာပဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ကလေးကတော့ရော"

"ကလေးကိုတော့ ဆွေမျိုးတွေက သူတို့သွေးတစ်ဝက်ပါတယ်ဆိုပြီး မပေးလိုက်ကြဘူး"

"ဟာ အမေ့ဇာတ်လမ်းက ဆုံးပြီးလား"

"မဆုံးဘူးကွယ်။ မယ်တင့်ဟာ နားကပ်ကလေးတစ်ခုတောင် မယူဘဲ အိမ်ပေါ်က ဆင်းခဲ့ပေမယ့် သူ့ကလေးကိုတော့ မရအရ ပြန်တောင်းယူရှာသတဲ့။ အဘိုးအိုခမျာမှာလည်း ကလေးရဲ့နောင်ရေးဟာ မိခင်ဆီမှာ ရှိသင့်တယ်ဆိုပြီး လက်ဝတ်လက်စားတချို့နဲ့ ကလေးကို ပြန်ပေးလိုက်ရတော့တာပဲ။ ဒါပေမယ့် မယ်တင့်က မာနတော့ အကြီးသား သားရဲ့။ လက်ဝတ်လက်စားတွေ မယူဘဲ ကလေးကိုသာ ယူသွားခဲ့တယ်။ နောက်ပိုင်း ဘာသတင်းအစအနမှ မကြားရတော့ဘူး။ ဒီလိုနဲ့ အဘိုးအိုဦးဘဟာ မယားစိတ်၊ သမီးစိတ်၊ စီးပွားရေးစိတ်တွေနဲ့ ဖိစီးမှုဒဏ်ခံရင်း စိတ်မချမ်းမသာဖြစ်တဲ့ ရောဂါနဲ့ ဆုံးသွားရှာပါရော"

ကျွန်တော့်မှာ ဇာတ်လမ်းကောင်းကလေးများ ရမလားလို့ နားထောင်ခဲ့ရသည်။ နောက်ဆုံးကျတော့ ဘာမှ မထူးခြားလှပါကလားဆိုပြီး အမေ့ရှေ့မှ မတ်တပ်ထရပ်လိုက်သည်။ ကျွန်တော် ပြန်တော့မည်ကို သိသောအမေက–

"ဟဲ့ စာရေးဆရာရဲ့ နေဦးလေ။ ငါ့အဘိုးလေးအကြောင်း ကျန်သေးတယ်"

❑❑❑





အမေ၏အဘိုးလေးသည် ဦးဘနှင့် ခေတ်ပြိုင်လောက်ဆပင် ပေါ်ပေါက်ခဲ့သည်။ အလွယ်မှတ်ရအောင် ဦးခဆိုပါစို့။

ဦးခ၏ အဖြစ်အပျက်သည် ဦးဘနှင့် အတော်ကို တူပါသည်။ လယ်ယာမြေကြွေးတွေ၊ ဓားပြရန်ဘေးတွေကြောင့် ၁၄,၁၅,၁၆ နှစ်အရွယ် သမီးကညာ ဆက်သခံရခြင်းနှင့် ယင်းအဘိုးဦးအိုခနှင့် ကျွန်သဖွယ်အပ်နှင်းခံရသော 'မယ်နှင်း'ဆိုပါစို့။ တစ်စတစ်စ ရင်းနှီးကျွမ်းဝင်ရာက မေတ္တာသက်ဝင်ချစ်ခင်စုံမက်အိမ်ထောင်ပြု လက်ဆက်ခဲ့ကြခြင်းပင် ဖြစ်ပါသည်။

ဦးဘနှင့် ဦးခတွင် မတူညီတာ (၃)ချက်သာသွား တွေ့ရပါသည်။

(၁) ဆွေမျိုးဉာတိများက အလိုမတူလှသော်လည်း ကိုယ့်ဝေစု ကိုယ်ရသဖြင့် မသိလိုက်ဘာသာ နေလိုက်ကြခြင်း။

(၂) သားသမီး မထွန်းကားခြင်းနှင့်

(၃) အဘိုးအို ဦးခသက်တမ်းစေ့သည်အထိ ပေါင်းသင်းနေထိုင်သွားရခြင်းတို့ပင် ဖြစ်သည်။

အထူးခြားဆုံး အချက်မှာကား အဘိုးအိုဦးခ အသက် ၈၀ လောက်မှာ ကွယ်လွန်သည့် အချိန်တွင် ဖြစ်ပါသည်။

"ဒီတုန်းက မယ်နှင်းက အရွယ်ကောင်းတုန်းပေါ့ သားရဲ့။ ၃၆, ၃၇ နှစ်တွင်း ဆိုပါစို့။ ဒါပေမယ့် နောက်အိမ်ထောင်မပြုဘူး။ သူ့လင် လက်ငုတ်ကို ဟန်မပျက် ဆက်လုပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ငွေးကတော်ဆိုက် မဖမ်းဘဲ အဘွားကြီးအိုပေါက်စ မုဆိုးမ ဘစ်ယောက်လိုပဲ နေခဲ့တယ်။ သူ့ဘက်ဆွေမျိုးတွေထက် အဘိုးအိုဘက် ဆွေမျိုးတွေကို ပိုပြီး ဂရုစိုက်တယ်။ နောက်ဆုံး မယ်နှင်းဟာ ဘာလုပ်တယ်ထင်သလဲ”

ဤနေရာတွင် အမေသည် ဇာတ်သိမ်းတော့မည်။ ထင်သလောက်တော့ ထူးခြားလာမည် မထင်ခဲ့။

“ဦးခတို့ရွာနဲ့ သူ့ဇာတိရွာကြားမှာ ဘုရားတစ်ဆူနဲ့ ကျောင်းဇရပ်တစ်ဆောင်စီကို ဦးခရဲ့ ဒါနအဖို့ဘာဂအဖြစ် ဆောက်လုပ်လှူဒါန်းတယ်။ သူကိုယ်တိုင်တော့ ဘုရားအမကျောင်းအမအဖြစ် ခံယူသွားတယ်။ အဲဒီဘုရားနဲ့ ကျောင်းကန်ဇရပ်တွေဟာ ခုထိရှိတုန်းပဲ။ သားမော်တော်ကားအားတဲ တစ်ရက် သွားကြတာပေါ့”

အမေ့အိမ်က ပြန်ဆင်းလာသောအခါ ကျွန်တော်သည် အမေပြောပြသော အဘိုးနှစ်ဦး၏ ဝတ္ထုကို မေ့လျော့ပစ်လိုက်သည်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ ကျွန်တော်တို့ ခြံကြီးထဲတွင် ဆွေမျိုးဉာတိ များစွာ ရှိသည်။ သူ့ဘက်ကိုယ့်ဘက် စုံလှသည်။ အိမ်များ၊ တဲများ အစီအရီ။ ထိုအခါ မှတ်ချက်တစ်ခု ကျွန်တော် ချသည်။





လူ့ပတ်ဝန်းကျင်ဆိုရာ၌ ဆွေမျိုးဉာတိသည် နံပါတ်(၁) နေရာကို ယူပြီး အရှိန်အဝါအာဏာအကြီးဆုံးပါကလား။ ဆွေမျိုးဉာတိကို စောင့်ရှောက်ခြင်းသည် မင်္ဂလာတစ်ပါးဟု အဆိုရှိသည်။ သို့ရာတွင် ခြွင်းချက်အနေဖြင့် ဆွေဆိုးမျိုးဆိုး ဆိုသည်ကိုလည်း ထည့်တွက်ရဦးမည်သာတကား။

(ကလျာ၊ မေ၊ ၁၉၉၅)



www.burmeseclassic.com

www.burmeseclassic.com

## ကုသိုလ်ကံအကြောင်းရယ်

"သားဟာ ရှေးကုသိုလ်ကံ ငါးမျိုးနဲ့ ပြည့်စုံတယ်။ အဲတစ်ခုတော့ လုံးဝ ပြည့်စုံတယ် မဆိုနိုင်ဘူး"ဟူ၍ မကြာခဏ မှတ်ချက်ချတတ်ပါသည်။

အမေက အတိုချုပ် မှတ်ချက်ချသော်လည်း ကျွန်တော်ကမူ စာဖတ်သူအား အနည်းငယ် အကျယ်ချဲ့ ရှင်းပြရန် လိုအပ်ပါသည်။

အမေပြောသည့်အတိုင်း ကျွန်တော့်မှာ ရှေးကုသိုလ်ကံ ငါးမျိုးနှင့် ပတ်သက်၍ ထူးထူးခြားခြား ပြည့်စုံမှုများ ရှိခဲ့ပါသည်။ ယခုတိုင်ပင် ဖြစ်ပါသည်။ ယင်း ရှေးကုသိုလ်ငါးမျိုးကား-

(၁) ခရီးသွားယာဉ်နှင့် ပတ်သက်ခြင်း၊

(၂) မီးအလင်းရောင်နှင့် ပတ်သက်ခြင်း၊

(၃) သောက်သုံးရေနှင့် ပတ်သက်ခြင်း၊





(၄) သဒ္ဒအသံနှင့် ပတ်သက်ခြင်းနှင့်

(၅) အစားအသောက်နှင့် ပတ်သက်ခြင်းတို့ ဖြစ်ကြပါသည်။

"ကံ"ဟုဆိုရာ၌ အတိတ်ကံ၊ ပစ္စုပ္ပန်ကံ၊ အနာဂတ်ကံဟူ၍ သုံးမျိုးရှိပြီး "ကံ" "ကံ"၏ အကျိုးဆက်များ ရှိပုံကား ဗုဒ္ဓဘာသာဝင်တိုင်း သိပြီးမို့ အကျယ်မရှင်းတော့ပါ။ "ကံ"ဆိုရာ၌လည်း ကောင်းသောကံ၊ ဆိုးသောကံဟူ၍ ရှိသည်မှာလည်း အများအသိပင်။

သဘောကတော့ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မည်၊ မကောင်းတာလုပ်လျှင် မကောင်းတာဖြစ်မည်ပေါ့။ သို့သော် ဗုဒ္ဓဘာသာအလိုအရ လက်ငင်းကောင်းတာ မကောင်းတာ လုပ်လို့ ကောင်းတာ၊ မကောင်းတာ ချက်ချင်းဖြစ်တတ်သလို ယခင်က လုပ်ခဲ့ဖူးသော ကံအလုပ်ကြောင့် လက်ငင်းဖြစ်ပျက်တာ၊ လက်ငင်းလုပ်သည့်အကျိုးကြောင့် နောင်အခါ အကျိုးဖြစ်လာတာလည်း သတ်မှတ်၍ ရပါသည်။

ယခု ကျွန်တော် ပြောပြမည့် ကျွန်တော်၏ ကံတရားများသည်ကား ကံကောင်းများပါသည်။ အမေပြောသလို လုံးဝပြည့်စုံတယ်မဆိုသာသော ကောင်းကံအချို့လည်း ပါဝင်ပါသည်။ အထူးသဖြင့် ကျွန်တော်၏ အတိတ်ဘဝက ပြုခဲ့ဖူးသော ကောင်းမှုကံအလုပ်ကို ဆိုပါသည်။

ဖော်ပြပါ ကျွန်တော်၏ ကံအကျိုးငါးပါးကို ပြောပါမည်။



www.burmeseclassic.com

www.burmeseclassic.com



(၁) ခရီးသွားယာဉ်နှင့် ပတ်သက်သောအသံ

ကျွန်တော်သည် မှတ်မှတ်ရရ မွေးကတည်းက မော်တော်ကားဖြင့် ကြီးပြင်းခဲ့ရသူ ဖြစ်ပါသည်။ အဖေ၏ အဆိုအရ ညတိုင် မအိပ်လျှင်ပင် ပီစီကွေးကလေး ကျွန်တော်ကို အဖေက မြို့တစ်ပတ် ကားမောင်းပြီး ချော့သိပ်ရပါသတဲ့။ ဤမျှအထိပင် ယာဉ်ရထား အကျိုးပေးခဲ့ပါသည်။

ကျောင်းနေအရွယ်ကျတော့လည်း အဖေက ကျောင်းပို့ ကျောင်းကြို ကားတစ်စီး အိမ်မှာ ထားပေးသည်။ (သည်တုန်းက အဖေဟာ အလွန်ချမ်းသာနေခဲ့သူ။ အိမ်မှာ ကားခြောက်စီး ရှိသည်။) တစ်ခုတော့ ရှိ၏။ အလယ်တန်းကျောင်းသားဘဝ အလွန် အထက်တန်းကျောင်းသားဖြစ်စလောက်တွင်တော့ ကျွန်တော့်သည် အိမ်သုံးမော်တော်ယာဉ် ဆန့်ကျင်ရေးသမား ဖြစ်ခဲ့ဖူးသည်။ လက်ဝဲစာအုပ်များ ဖတ်မိ၊ လက်ဝဲဆရာများနှင့် ဆုံစည်းမိရာမှ ထိုရောဂါ စခဲ့ခြင်းဖြစ်၏။ ထိုစဉ်က မော်တော်ကား ကိုယ်ပိုင်ရှိသူ မှန်သမျှ ကျွန်တော်တို့၏ တိုးတက်သော လူငယ်များ၏ ဘုံရန်သူ။ အနီလိုကိုး။ ဒီတော့ ကုန်ကုန်ပြောရလျှင် အဖေပိုင် မော်တော်ကားကိုပင် မစီး။ ဘတ်(စ်)ကားဖြင့် ကျောင်းတက်သည်။ ခြေကျင်လမ်းလျှောက်၏။ မဂ္ဂဇင်းတိုက်များသို့ ကဗျာ၊ ဝတ္ထုတိုများ အပို့သွားသည်၊ ထားလိုက်။ ဒါထ ကြွားဖြတ်ပြောရတာ။ ဒါတောင် ကျွန်တော် စီးသော ဘတ်(စ်) ကားသည် ခောင်ချောင်ချိချိ အမြဲရှိနေတတ်၏။





ယင်းနောက် ကျွန်တော်သည် အဆိုတော်ပေါက်စ၊ မင်းသားပေါက်စ၊ စာရေးဆရာဘဝသို့ ရောက်သောကာလတွင် အဖေပေးထားသော မော်တော်ကား ရှိပါလျက်နှင့် ကိုယ်ပိုင်ကား၊ ကိုယ့်ဘာသာကိုယ် ဝယ်စီးနိုင်ခဲ့သည်။ ပထမတော့ 'ယ' အက္ခရာ၊ ရှေးဟောင်းကားကလေး။ ထို့နောက် မာစီဒီး။ သို့သော် ဟာစ်တလာ စီးခဲ့သော ရှေးဟောင်းပုံစံ မာစီဒီးပါ။ နောက်တော့ ခေတ်အလျောက် ပြောင်းလဲလာသော မော်တော်ယာဉ်အသစ်များ။ ယခုတိုင် ကျွန်တော်သည် ကိုယ်ပိုင်ကားပေါ်က မဆင်းရသေး။ ကုန်ကုန်ပြောရလျှင် ကျွန်တော်ပိုင်ကားအားလပ်သည့်အခါမျိုး၌ပင် တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို ကူညီသည့် မော်တော်ကား ပေါ်ပေါက်လာတတ်သည်မှာလည်း အကြိမ်ကြိမ်။

အဲ– ခရီးဝေးသွားတော့ရောတဲ့။ သည်နေ့အထိ ကား၊ သင်္ဘော၊ ရထား၊ လေယာဉ် ဘယ်တော့မှ အဆင်မပြေသည် ရှိခဲ့ဖူးပါ။ ကုန်ကုန်ပြောကြကြေး(မယုံလည်းနေ) ကျွန်တော် ထိကောင်းစဉ်က လေယာဉ်ပျံလက်မှတ် မပါဘဲ မကြာခဏ ခဲ့ဖူးသည်။ ခိုးကြောင်ခိုးဝှက်မဟုတ်။ ပြောင်ပြောင်ပင် စီးခဲ့ရသည်။ "ဘယ်ပုံဘယ်နည်း စီးခဲ့ရသည်ဟူသော နည်းလမ်းကိုအား မပြောပါရစေနှင့်။ ကိုင်း ဒီလောက်ဆို ခရီးသွားယာဉ်အကျိုးပေးပုံ တော်လောက်ပါပြီ။ ဒါကို အမေက မှတ်ချက်ချသည်။ **"သားဟာ ရှေးဘဝက ယာဉ်ရထား လှူဖူးခဲ့ပုံရတယ်"**



www.burmeseclassic.com

www.burmeseclassic.com



(၂) မီးအလင်းရောင်နှင့်ပတ်သက်၍

ကျွန်တော်တို့ငယ်စဉ်ကာလကို ဖယ်ထားလိုက်ပါ။ ကျွန်တော် အရွယ်ရောက်စမှ ယခုတိုင် လျှပ်စစ်မီး မကြာခဏ ပျက်တတ်သည်ကို အားလုံးအသိ ဖြစ်ပါသည်။ မြို့နယ်အလိုက် ရပ်ကွက်အလိုက်မှသည် တစ်အိမ်တည်း၊ တစ်ဟိုက်တည်းကွက်၍ မီးပျက်သည်ကို ကြုံဖူးကြပါလိမ့်မည်။

ကျွန်တော်သည်ကား ယနေ့ထက်တိုင် လျှပ်စစ်မီးပျက်ခြင်း ဒုက္ခကို ဟုတ်တိပတ်တိ မခံရသေးဖူးပါ။ ကျွန်တော်ရောက်လေရာ အရပ်မှာ လျှပ်စစ်မီး ရှိနေတတ်သည်။ ပြောလျှင် ယုံစရာပင်မရှိ။ မီးပျက်တတ်သောရပ်ကွက်၊ အိမ်ရာများမှာပင် ကျွန်တော် ရောက်သခိုက်မီးလာနေတတ်သည်။ ကျွန်တော်စီးဖူးသော ရထားတွဲများ မီးပျက်ရိုး ထုံးစံမရှိ။

ကျွန်တော်၏ဖခင်နှင့်အတူ နေခဲ့စဉ်ကာလကလည်း အနှစ်နှစ်ဆယ်လုံးလုံး မီးပျက်သည့်ဒုက္ခကို မှတ်မှတ်ထင်ထင် မခံခဲ့ရ။ (နေတာကလည်း ဝင်ဒါမီယာရပ်ကွက်ကိုး) ထိုအိမ်မှာပင် ကျွန်တော် အေးဘုံနှင့် အိမ်ထောင်ကျသည်။ ထိုစဉ်က ကျွန်တော်သည် မိန်းမရပြီဆိုကတည်းက ကိုယ့်အိုးကိုယ့်အိုးနှင့် နေရန် စီမံကိန်းဆွဲပြီး ဖြစ်၏။

ကျွန်တော့်အဖေပိုင် ကျွန်တော့်အမေနှင့် ကျွန်ညီအစ်ကိုမောင်နှမများ နေထိုင်ရာ သဃ်န်းကျွန်း(သာမုရပ်ရှင်)ခြံကြီးထဲမှာ မြေတစ်ကွက် ပိုင်ပြီး အိမ်စဆောက်ခဲ့သည်။ ထိုစဉ်က





သဃ်န်းကျွန်းသည် သုံးရက်မှ တစ်ကြိမ်လောက် လျှပ်စစ်မီး ရခဲ့သောကာလ။ သို့သော် ကျွန်တော်က ဖခင်နှင့်အတူသာ နေခဲ့လေရာ သားသမီး(၄)ယောက် ထွန်းကားသည်အထိ ဝင်ဒါမီယာမှာသာ နေခဲ့သူမို့ လျှပ်စစ်မီးပျက်သည့် ဒဏ် မခံခဲ့ရ။ သဃ်န်းကျွန်း ကျွန်တော်ပိုင်အိမ်ကား လျှပ်စစ်မီးမရှိ။ မှောင်အတိသာ။ အဲ- တစ်ခါတစ်ရံ ကိုယ့်အိမ်ကိုယ့်ရာရယ်လို့ မိသားစု သဃ်န်းကျွန်းမှာ လေး ငါးရက်တန်သည် သွားနေဖြစ်ခဲ့သော အချိန်များတွင် ထူးဆန်းသည်မှာ သဃ်န်းကျွန်းဘက်တွင် ထိုရက်ပိုင်းအတွင်း မီးပျက်သည်ဟု မရှိခဲ့။ တစ်ခါမဟုတ်၊ နှစ်ခါမဟုတ်။ "ဟဲ့ သားရောက်တဲ့နေ့ဆို အမေတို့ဘက် မီးပျက်တယ်လို့ မရှိဘူး"ဟု အမေက အမှတ်တရ ပြောရသည်အထိ။

ထိုစဉ်က ကျွန်တော်၏အိမ်တွင် လျှပ်စစ်မီး မသွယ်ရသေး။ သွယ်ဖို့လည်း စိတ်မကူးခဲ့။ မီတာလည်း မလျှောက်ထားမိခဲ့။ ပေါ့ပေါ့ပင် နေခဲ့၏။ လျှပ်စစ်မီတာ လျှောက်တာလွယ်သည်ဟုပင် မှတ်ခဲ့၏။ ညည်တော့ ကျွန်တော့်အိမ် ကျွန်တော် အလည်အပတ် သွားသည့် ရက်ပိုင်းတွင် အမေ့အိမ်မှ မီးခေတ္တသွယ်ပြီးနေခဲ့၏။

ဟော... ကျွန်တော့်ဖခင် ဆုံးပါးခါနီးတော့ "ငါ မင်းဆောက်ထားတဲ့ အိမ်မှာ လိုက်သေချင်တယ်ကွာ"ဟုဆို သဖြင့် အဖေဆုံးခါနီးတွင် ဝင်ဒါမီယာမှ သဃ်န်းကျွန်းသို့ ကျွန်တော် အိမ်ပြောင်းခဲ့ရ၏။ သည်တော့မှပင် ကျွန်တော်သည် လျှပ်စစ်မီတာ လျှောက်ထားဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုင်း… ကံများ ကောင်းချင်တော့ ကျွန်တော် မိတာ လျှောက်ထားသည့် အချိန်ပိုင်းကာလသည် မြန်မာ့လျှပ်စစ်များ ဖောဖောသီသီ တပ်ဆင်ပေးနေသော ကာလဖြစ်နေသဖြင့် နေ့ချင်းညချင်း ကျွန်တော့်အိမ် လျှပ်စစ်မီးရခဲ့၏။ (မယုံမရှိနှင့်။ ယခု ဤစာစု ရေးနေသည်မှာ ရုပ်ရှင်ရိုက်ကွင်းပေါ်မှာ ဖြစ်၏။ တစ်မနက်လုံး လျှပ်စစ် မီးပြတ်နေလို့ အခြားဇာတ်ဝင်ခန်းများ မရိုက်ကြရသေးဘဲ ငုတ်တုတ်ထထိုင်နေကြရ၏။ ဟော နေ့လယ်ပိုင်း ကျွန်တော် ရောက်ရောက်ချင်း "မီးလာပြီဟေ့"ဟူသော ရုပ်ရှင်အဖွဲ့များ၏ အော်ဟစ်သံကို ကြားလိုက်ရ၏။ တိုက်ဆိုင်တာကို ပြောပါတယ်။)

ကုန်ကုန်ပြောကြစို့။ ယခု ကျွန်တော် သဃ်န်းကျွန်းသာမုခ်မှာ နေလာခဲ့တာ ငါးနှစ်ရှိခဲ့ပြီ။ လျှပ်စစ်မီးရက်ပိုင်းနှင့်ချီ၍ ပျက်သည်မရှိခဲ့။ မည်မျှအထိလည်းဆိုလျှင် တစ်ခါဟစ်ရဲ့ဆယ်မိနစ်တန်သည်၊ နာရီဝက်တန်သည် မီးပျက်လျှင်ပင် ကျွန်တော့်မှာ အထူးအဆန်း ဖြစ်နေရ၏။

ကိုင်း… ဒါလည်း 'ကံ' 'ကံ'၏ အကျိုး ပြောပြော တိုက်ဆိုင်လွန်းသည်ပဲ ပြောပြော ကျွန်တော့်အဖို့တော့ ထူးဆန်းစွာ ကံကောင်းခြင်း တစ်ရပ်ဟု ဆိုချင်ပါသည်။ သည်ကိစ္စနှင့် ပတ်သက်၍ အမေက ဆိုသည်။

**"သားဟာ ရှေးရှေးဘဝက ဆီမီးပူဇော်တဲ့ ဒါနကိုမပြတ် လုပ်ခဲ့ပုံရတယ်"**

❑ ❑ ❑





(၃) သောက်သုံးရေနှင့် ပတ်သက်၍

သောက်သုံးရေနှင့် ပတ်သက်၍ကား သိပ်ပြောစရာ မရှိလှပါ။ ရေကြီးခြင်း၊ ရေခန်းခြင်း၊ ရေမလုံလောက်ခြင်း ဒုက္ခသည် ကမ္ဘာနှင့် အဝန်း ကြုံတွေ့နေကြရသော ကိစ္စပေပဲ။ လျှပ်စစ်မီးပြတ်တောက်သဖြင့် လေးထပ်တိုက်ပေါ် ရေမရောက် သောကိစ္စမှာသည် ယခုအခါ သိပ်ပြီး မရှိလှတော့ဟု ထင်ပါသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်အဖို့ရာ၌ကား ရေဘေးဒုက္ခနှင့် ဘယ်တော့မှ မကြုံရဖူးခြင်းသည် ထူးဆန်းခဲ့ပါ၏။ ကျွန်တော် ရောက်လေရာအရပ်၌ ရေပေါပေါလောလော ရှိခဲ့သည်သာ။ ခရီးယာယီများသော ကျွန်တော်အဖို့ ခရီးသွားနေစဉ်ပင် ရေအဆင်သင့် ဖြစ်နေတတ်၏။ အိမ်က ရေဘူးသယ်လေ့ မရှိသော ကျွန်တော့် အတွက် ရေဒါနပြုမည့်သူမရှား။ ဘယ်တုန်းကမှ ရေ ဝယ်မသောက်ခဲ့ရဖူးဘူး။ စောစောက ပြောသလို မီးရထား စီးလျှင်ပင် ကျွန်တော် စီးသောတွဲတွင် ရေအိမ်(အိမ်သာ)ရေ မပြတ်တတ်။

ဝင်ဒါမီယာမှာ နေစဉ် အဝီစိတွင်းနှင့်မို့ ရေလုံလောက်ခဲ့သလို သဃ်န်းကျွန်းရောက်တော့လည်း ရေတွင်းနှစ်တွင်း ရှိနေခဲ့၏။ သည်ကြားထဲတွင် ရေမသုံးချင်လို့ ကိုယ့်ဘာသာ အဝီစိတွင်းတူးသည်။ သိပ်နက်နက်ကြီး မတူးလိုက်ရ၊ ရေကောင်း ရေသန့်ထွက်လာ၏။ ယခုခေတ်ပေါ် ရေသန့်ဘူးများ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာ မသောက်ဖူးပါ။ သူများတိုက်သဖြင့် သောက်ဖူးသည်သာရှိ၏။ ကျွန်တော့်တွင်းရေကာ ပို၍ ခံတွင်းတွေ့သည်၊ ကောင်းသည်ဟုထင်သည်။

အဲ... ရေနှင့်ပတ်သက်၍ အထူးသဖြင့် ရေသန့်နှင့်ပတ်သက်၍ကား ဆိုဖွယ်ရှိပါ၏။ ခုခေတ်ပေါ်ရေသန့်။ ရှင်းရှင်းပြောကြစို့ရဲ့။ 'အရက်'ပေါ့ဗျာ။ အရက်ဆိုတာထက် သန့်သည့်ရေ ဘယ်မှာရှိမည်နည်း။ ပေါင်းခံရေ။

ကျွန်တော့်အကြောင်းလည်း စာဖတ်သူ အသိသား... ကျွန်တော့်ဇာတာမှာကို အရက်စန်းလဂ်က အပိုပါသလား မပြောတတ်။ သောက်လိုက်ဖြတ်လိုက် လုပ်တတ်သော ကျွန်တော့်အတွက် သောက်နေစဉ်ကာလ ဖယ်ထား။ ဖြတ်ထားသောကာလများမှာပင်လျှင် အရက်အလှူဒါန ပြုလိုသူများ မကြာခဏ အို- ရက်ခြားဆိုသလို ပေါ်ပေါက်လာတတ်သဖြင့် လက်ကား... ရ၏။ ကျွန်တော်၏ အရက်သမားဘဝတွင် ကိုယ့်ဘာသာကိုယ်ဝယ်သောက်ရသည်နှင့် သူများတိုက်လို့ သောက်ရတာ တစ်ဝက်... ပါပဲ။ ကျွန်တော့်ကို အရက်ဖြင့် ဧည့်ခံမည့်သူ မရှားတာလည်း ပါတာပေါ့။

ကုန်ကုန်ပြောကြေး။ အရက်ဖြတ်ထားစဉ်ကာ... ခလုတ်တိုက်လဲလျှင်ပင် သုမောင်မူးလဲသည်ဟု သတင်းထွက်... တတ်သည်အထိ။ ဒါလောက် အကျိုးပေးတာ။

စကားမစပ် ပြောရဦးမည်။ ဤစာစုကို ရေးမည်ကြံ... က ဒက်ဒီ(ဂီတလုလင်မောင်ကိုကို)အား ကျွန်တော်၏ ဘဝ...





ကုသိုလ်ငါးမျိုးအကြောင်း ပြောပြခဲ့ရာက သူက "အင်း- မင်းဟာ ရှေးရှေးဘဝက အရက်သမားတွေကို ဒါနပြုခဲ့ဖူးလိမ့်မယ်။ အထူးသဖြင့် အရက်နဲ့ပတ်သက်ပြီး တစ်ပါးသူကို အသက်ကယ်ခဲ့ဖူးလိမ့်မယ်။ ဘာကြောင့်ဆိုတော့ မင်းဟာ ဘယ်လောက်သောက်သောက် ဘာရောဂါမှ မဖြစ်ခဲ့ဘဲကိုး" တဲ့။ ဟုတ်တော့လည်း အဟုတ်သားပင်။ ကျွန်တော်သည် အရက်နှင့် အကျိုးပေးသလို အရက်ကြောင့် ဖြစ်တတ်သောရောဂါဟူ၍လည်း မည်မည်ရရ မဖြစ်ခဲ့ဖူးပါ။ ဒါက စကားမစပ်ပြောခြင်းပါ။ ဆိုချင်သည်ကတော့ ကျွန်တော်သည် သောက်သုံးရေနှင့် ပတ်သက်၍ ကံကောင်းခဲ့ခြင်းပင်။ ဒါကြောင့်ပင် အမေက ဆိုခဲ့၏။

**"သားဟာ ရှေးရှေးဘဝက ရေတွင်းရေကန်တွေ တူးခဲ့ဖော်ခဲ့၊ လှူဒါန်းခဲ့ဖူးပုံရတယ်"**

### (၄) သဒ္ဒအသံနှင့် ပတ်သက်၍

သည်ကိစ္စနှင့် ပတ်သက်လို့ကလည်း ဒုံထွေအထူး ပြောစရာ သိပ်မရှိလှပါ။ ကျွန်တော်သည် အဆိုတော်တစ်ယောက်ဖြစ်ကြောင်း၊ ကျွန်တော့်အသံ နာပျော်ဖွယ်ဖြစ်ကြောင်းကို အများသိပင် ဖြစ်ပါ၏။

ထူးခြားသည်မှာ ကျွန်တော်သည် အဆိုတော်စဖြစ်ခဲ့သော ၁၉၇၄ မှ စ၍ ယနေ့ ၁၉၉၅ အထိ အသံမပျက်ခြင်းပင်။ တစ်ခါတစ်ရံ ကျန်းမာရေးအခြေအနေကြောင့် အသံအနေအထား



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းချင်ပြောင်းမည်။ သီချင်းဆိုကား ဘယ်တော့မှမပျက်ခဲ့။ အသံနာနေစဉ်မှာပင် သီဆိုဟန်ကို အားပြု၍ ဖြစ်အောင် သီဆိုနိုင်ခဲ့သည်သာတည်း။

"မင်း မွေးတုန်းက ဂျင်မခါနာ(ခု ဗဟိုအမျိုးသမီးဆေးရုံ) ဆေးရုံပေါ့ကွ။ ငါနဲ့ သော်တာဆွေက တစ်လှည့်စီ မီးနေစောင့်ကြရတာ။ မင်းအဖေ ကိုသာစုက အလုပ်တအားမက်တာဆိုတော့ (မညို) မင်းအမေမီးဖွားချိန်တွေမှာ အနားသိပ်ရှိတတ်တာမဟုတ်ဘူး။ အဲဒါကွာ မင်းခမျာ မွေးစကလေးတွေ အခန်းထဲလည်း အတူမနေရဘူး။ နို့တိုက်ချိန် မိခင်နားထားချိန်တွေမှာလည်း မိခင်တွေ အခန်းထဲမနေရဘူး။ ဘာကြောင့်လဲဆိုတော့ မင်းငိုပြီးဆိုရင် အသံကျယ်လွန်းလို့ တစ်ဆောင်လုံး ရှိတဲ့ တခြားကလေးတွေပါ တကွိကွိလိုက်ငိုတတ်ကြလို့ပဲ။ မင်းကို ဝရန်တာဘက်မှာ သီးသန့်ထားယူရတယ်"ဟု စာရေးဆရာ ဗိုလ်သခင် ဆရာခေါ် သခင်တင်ဦးက ပြန်ပြောပြဖူးပါသည်။ မွေးကတည်းက အသံဩဇာကောင်းခဲ့သူပါတည်း။

အစပထမတွင် ကျွန်တော့်ကိုယ် ကျွန်တော် အသံကောင်းသူဟု မထင်ခဲ့ပါ။ အသံကျယ်သူဟုသာ သတ်မှတ်ခဲ့ပါသည်။ နောက်ပိုင်း တစ်နေရာအရောက် တစ်ယောက်တည်း ပျင်းပျင်းရှိ၍ သီချင်းအော်ဆိုခဲ့ရာ အခန်းဖော်များက ရီးသားစွာ အားပေးကြမှ ကိုယ့်ဘာသာ အသံကောင်းမှန်း သိလာရသူပါတည်း။ ထို့နောက် နောင်းတမြေ့မြေ့ရုပ်ရှင်ဇာတ်ကားတွင်





နောက်ခံတေးအဖြစ် ရွာစာကြီး စိန်ကုလားနှင့် "ပန်းဦးပန်မယ့်သူ" သီချင်းကို ဆိုခွင့်ရလိုက်သည်နှင့် ရုတ်တရက် အဆိုတော်တစ်ယောက် ဖြစ်ခဲ့ရတော့သည်။

မည်သို့ပင်ရှိစေ။ ကျွန်တော်၏ အဆိုတော်ဘဝသည် စာရေးဆရာဘဝပြီးလျှင် အခိုင်မြဲဆုံးဖြစ်ကြောင်းကိုကား အများလည်းသိ၊ ကျွန်တော်လည်း အသိပင်။

အသံသမား၊ အဆိုသမားတို့၏ သည်ကနေ့ သော့ချက်သည် မိုက်ကရိုဖုန်းခေါ် အသံဖမ်းကိရိယာနှင့် မိမိအသံ အစပ်အဟပ်တည့်ခြင်းပင် ဖြစ်၏။ ဒါကိုလည်း အဆိုသက်ရင့်လာမှ သိရပါသည်။ ပင်ကိုသံကောင်းသူ အဖို့ကား ပြောဖွယ်မရှိပြီ။

ကျွန်တော့်အဖို့ရာ၌ကား ယင်းတို့အပြင် နှုတ်ခမ်းဖျားမှသည် အသံကို ဖြစ်ပေါ်စေတတ်သော ကိုယ်တွင်း ကလီစာများအထိ မိမွေးရာပါ ကောင်းခဲ့သည်ဟု ထင်ပါသည်။

ဒါကြောင့်လည်း ကျွန်တော့်တွင် အသံပျက်ရိုး ထုံးစံမရှိခဲ့ဟန် တူပါသည်။ (မတော်တဆကိစ္စများမှ လွဲ၍ပေါ့)

အသံနှင့်ပတ်သက်၍ ဒါလောက်ဆို လုံလောက်ပါပြီ။ အမေသည် ကိစ္စနှင့်ပတ်သက်၍ ဆိုပါသည်။

**"သားဟာ ရှေးရှေးဘဝက ကြေးစည်တို့ ဆည်းလည်းတို့ အလှူဒါနပြုခဲ့ဖူးလို့ နေမှာ"**

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



## (၅) အစားအသောက်နှင့်ပတ်သက်၍

ဤကဏ္ဍကား အရေးကြီးဆုံးပင် ဖြစ်ပါ၏။ ကျွန်တော် ဤစာကို ရေးရခြင်း၏ အကြောင်းရင်းလည်း ဖြစ်ပါ၏။

အစားအသောက်ကိစ္စသည် လူတိရစ္ဆာန်တို့၏ ဘဝတွင် အဓိကကျဆုံးဖြစ်သည် မဟုတ်လား။ အနည်းဆုံး တစ်နေ့နှစ်ကြိမ်လောက်တော့ စားရသောက်ရမှ ဖြစ်ပေသည်။ ဒါအများသိပဲ။ သို့သော် ကျွန်တော် ပြောလိုသည်မှာ ယင်းအစားအသောက်ကိစ္စ၌ပင် အဆင့်အတန်းအရည်အသွေး ကွာခြားနေခြင်းပင်။ ဆိုပါစို့. တချို့က အငတ်ငတ် အပြတ်ပြတ်၊ တချို့က အသင့်အတင့်ဖြစ်သလို တချို့ကျတော့ ဖွယ်ဖွယ်ရာရာ။ တချို့များကျတော့ အလျှံပယ်။ သည်လို အဆင့်ကွာကြသည်။ တချို့များဆိုအစာကို ဆေးလိုပင်။ မိမိခန္ဓာကိုယ်၊ ကျန်းမာချမ်းသာရေးအတွက် သိပ္ပံနည်းကျပင် စိမံ စားသုံးနိုင်သည်အထိ ရှိနေကြပါသည်။

ကျွန်တော်၏ ဘဝတွင် အစားအသောက်နှင့်ပတ်သက်၍ အနည်းဆုံး ဖွယ်ဖွယ်ရာရာတော့ ရှိမည်မှာ ပြောစရာပင်မလိုဟု ထင်ပါသည်။ ကျွန်တော့်ကို မွေးတော့ (၁၉၅၁) အဖေကစာပေဗိမာန်ဆု 'တပ်ထဲကမြတ်ကိုကို'နဲ့ ရပြီး အဲဒီစာအုပ်ကဆယ်တန်းကျောင်းသုံး ပြဋ္ဌာန်းလိုက်တော့ စာရေးဆရာထဲမှာတော့ သူဌေးပေါ့။ ဒီလိုနှင့် အဖေ ရုပ်ရှင်နယ်ကူးတော့လည်းအကယ်ဒမီတွေ ဘာတွေရ။ ရုပ်ရှင်ဇာတ်ကားတွေ အောင်မြင်နှင့်





သူဌေးကလေးတစ်ယောက် ဖြစ်လာပါရော။ သည်တုန်းက ကျွန်တော်မူလတန်းကျောင်းသားဘဝ။ သည်လိုနှင့် ကျွန်တော် အထက်တန်းကျောင်းသားဘဝအထိ အဖေ့စီးပွားရေးဟာ တက်လိုက်ကျလိုက်နှင့် ဟန်မပျက်ခဲ့ပေ။ ထိုစဉ်မှာပင် ကျွန်တော်သည် စာရေးဆရာအဆိုတော် ရုပ်ရှင်မင်းသားဘဝကို စတင်မိနေခဲ့ပြီး ယခုအချိန်အထိ လူတန်းစေ့ကလေးတော့ နေနိုင်သည်ဖြစ်ရာ ဟော စာရေးသောက်ရေးဆိုသည်မှာ ကျွန်တော့်အတွက် ထည့်တွက်နေစရာ မလိုတော့ပါပေ။

အဲ... စောစောက ပြောတဲ့ စားရေး၊ သောက်ရေးကိစ္စမှာ ကျွန်တော့်အတွက် မပူပင်ရသော်လည်း အမြဲတစေ ကံနည်းတတ်သည်ကို ထူးဆန်းစွာ တွေ့ရလေသည်။

တိုတိုတုတ်တုတ် ဥပမာကလေးများ ပြောရလျှင် ငယ်စဉ်က အဖေကလည်း အလုပ်များ၊ အမေကလည်း ကျောင်းဆရာမဆိုတော့ ကျွန်တော်တို့ညီအစ်ကို လေးယောက်မှာ မိကြီး၊ မိထွေးများလက်ပေါ် ကြီးခဲ့ရသည်။ အစ်ကိုမောင်ဝဏ္ဏကို အဖေ့အဒေါ်က အသည်း။ ညီမောင်ရူပကို အဖေ့အစ်မက နှလုံးသည်းပွတ်။ အငယ်ဆုံး မင်းလူကို အဖေ့အမေက အသွေးအသား။ ကျွန်တော်တော့ အလယ်ကောင်ဟူသော ဝိသေသနှင့် အညီ ကြားမှာလပ်ဟာနေခဲ့ရသည်။ အိမ်ဖော်များကလည်း ကျွန်တော့်မို့ဆိုလျှင် (ပုခက်တောင် လွှဲမပေးချင်ကြ)။ အစားအသောက်ဆို ပြောမနေနှင့်တော့။ မယုံမရှိနှင့်။ ကြက်သားဟင်း



www.burmeseclassic.com

www.burmeseclassic.com



ချက်တောင် အတောင်ပံနှင့် ခြေထောက်လောက်သာ။ ဒါကို အဖေသိလို့ အိမ်မှာ ဆူပူကြိမ်းမောင်းသောအခါ မောင်သုမောင်တို့ အဖေ့ ကွယ်ရာမှာ ထိပ်ဖုကျောကော့ပြီသာ မှတ်ပေတော့။

အရွယ်ကလေး ရောက်လာတော့လည်း မွေးရာပါအကျင့်ကိုက အစားအသောက်ကို ဇိမ်ခံမစားတတ်။ ဖြစ်သလို လုံးထွေးမျိုချတတ်သည်သာများ၏။ ထမင်းဟင်း ချေးမများတတ်။ စားကောင်းသောက်ဖွယ် မမက်တတ်နှင့် မငတ်သော်လည်း အစပ်အဟပ် မတည့်ခဲ့ပါချေ။

နာမည်ကျော်တစ်ယောက် ဖြစ်လာတော့လည်း ဤအကျင့်မပျက်သဖြင့် ညှော်ခံပွဲများ၊ အလုပ်ခွင်စားသောက်ချိန်များတွင် ဘယ်လောက်ဖွယ်ဖွယ်ရာရာ ကျွေးကျွေး မစားတတ်။ ငါးပိတို့စရာကလေးလောက်သာ မက်မောအ်။ အရက်သောက်တတ်လာသောအခါ ပိုဆိုးသည်။ ကျွန်တော် အရက်သောက်လျှင် အစာမစားတော့ချေ။ လျက်ဆားကလေး၊ ရှောက်သီးဆေးပြားလေးလောက်သာ အမြည်းသဘောစား၏။ နော့။ ထမင်းမစားဘူးလားဟု မေးဖွယ်ရှိ၏၊ စားတော့ စားတာပေါ့။ သို့သော် ဖွယ်ဖွယ်ရာရာ မစားတတ်။ ကနေ့အထိ ထမင်းကို သီးသန့်အချိန်နှင့် မစားဖူးချေ။ အိမ်ထောင်ကျပြီးတော့လည်း ၎င်းအတိုင်းပါပဲ။ စာရေးရင်း၊ သီချင်းကျက်ရင်း၊ တီဗွီကြည့်ရင်း ခပ်ဆာဆာရှိလာလျှင် "အေးဘုံရေ ထမင်းကလေး နယ်ပေးစမ်းကွာ"။ မှန်၏။ အေးဘုံကို ထမင်းသုပ်လို သဘောမျိုး ထမင်းနှင့်ဟင်း ငါးပိရည်တို့ ရောထွေးနယ်ဖတ်ခိုင်း၊ ဇွန်းတပ်ပြီး နှိပ်လိုက်တာ





ပါပဲ။ (မယုံရင် အေးဘုံကိုမေးကြည့်) 'ကြေးအိုး' ဆိုတာ ခုထိ မသောက် ဖူးသေး။ မြည်းမကြည့်ဖူးသေးပါ။ ငါးခေါင်ဟင်းချိုအလွန်မုန်း၏။ မှတ်မှတ်ရရ ညှော်ခံပွဲတစ်ပွဲ မန္တလေးတွင် ကျွန်တော့် တစ်ယောက်တည်းအတွက် ငါးထောင်တန် ထမင်းဝိုင်းတစ်ခု ပြုပြင်စီစဉ်ပေးဖူး၏။ ဝီစကီ အရက်တိုက်၏။ ကျွန်တော်က အရက်ဖြူနှင့် လူပျိုတော်ပဲဗ္ဗာမြားသွေးဆေးအဆိသောက်ချင်၏။ ပဲပေါက်စီသာ စားချင်၏။ ထိုပွဲတွင် ငါးထောင်တန်ထမင်းဝိုင်းနှင့် ဝီစကီတို့ အလကားဖြစ်သွားခဲ့ရလေသည်။

ဤသို့ ပွဲပေါင်းများစွာ ပျက်ခဲ့ပေါင်းများလေပြီ။

အဲ... တစ်ခါတစ်ရံ ကျွန်တော့်ဘာသာ လိုလိုချင်ချင်လည်းရှိ။ အားလပ်ရက်လည်းဖြစ်သဖြင့် "အေးဘုံရေ ငါးနုသန်းဆီပြန်လေးချက်ကွာ။ သရက်ကင်းတို့စရာလေး လုပ်ကွာ။ မရန်းသီးသုပ်ကွာ။ ပဲရေပွလေးစီစဉ်ကွာ" ဆိုပြီး ကိုယ် စားချင်တာလေးလုပ်ခိုင်းတဲ့အခါမျိုးမှာကျတော့ရော့တဲ့။ တကယ့်ကို ကိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ထမင်းပွဲမို့ ပြင်ပြီးပြီ။ ထမင်းစားပွဲမို့ ထိုင်လိုက်ပြီဆိုသည်နှင့် ဟော– အရေးကြီးသည့် ညှော်သည်ရောက်လာတတ်သဖြင့် ထမင်းစားလွတ်ရသည်မှာ အကြိမ်ကြိမ်။ အနည်းဆုံး ထမင်းကို အကျအန စားနေပြီဆိုလျှင် တယ်လီဖုန်းလာပြီဆိုသည်မှာ ပစ်မလွဲပေ။



www.burmeseclassic.com

www.burmeseclassic.com



"အစားကို ဝါးပြီး စားပါကိုကိုရယ်"ဟု အေးဘုံက မကြာခဏ သတိပေးနေရသည်ဆိုလျှင် ယုံစရာပင်မရှိ။ ကျွန်တော် တစ်ခုခုစားပြီဆိုလျှင် တစ်ချက်နှစ်ချက်ဝါးပြီး မျိုချပစ်တတ်တာကလား။

အထက်ပါအကြောင်းအချက် ဥပမာကလေးများမှာ စာရှည်မည်စိုးသဖြင့် ဟိုရောက်သည်ရောက် ပြောပြနေခြင်းမျှသာ ဖြစ်ပါသည်။ တကယ်တမ်း ရေးမည်ဆိုလျှင် လုံးချင်းတစ်အုပ်စာလောက် ကျွန်တော့်မှာ အတွေ့အကြုံတွေ ရှိသည်။

အဲ… လိုရင်းကတော့ ကျွန်တော့်ဘဝတွင် အစားအသောက်ကိစ္စနှင့် ပတ်သက်၍ ကိုယ်တိုင်က စားနိုင်သောက်နိုင် အဆင့်ရှိသလို ကျွေးမွေးမည့်သူများ ဒုနှင့်ဒေး ရှိနေပါလျက် စားရက်နည်းခြင်းပင် ဖြစ်ပါသည်။

စောစောက ပြောသလို အစားအသောက်နှင့် ပတ်သက်၍ လူတန်းစေ့ရုံမက စားနိုင်သောက်နိုင်ရှိသော်လည်း မစားတတ်၊ မစားနိုင်၊ မစားချင်၊ မစားဖြစ်ဖြစ်ခဲ့ရသည်များကို အဖေ သတိထားမိလာသောအ ါ အောက်ပါအတိုင်း မှတ်ချက်ချလေသည်။

**"သားဟာ ရှေးရှေးဘဝက ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ စတဲ့ သူတော်ကောင်းတွေကို ကြီးမားသော စားဖွယ်သောက်ဖွယ် ဒါနမပြတ် ပြုခဲ့ဖူးလိမ့်မယ်။ အင်း ဒါပေမယ့် လှူနေတဲ့ အချိန်**





**ပိုင်းကလေးအတွင်းမှာ သားရဲ့သဒ္ဓါစိတ် မသန့်ရှင်းဘဲ မသိမသာ တွန့်တိုစိတ်ကလေးတွေ ဝင်နေမိလိမ့်မယ်။ ဒီကံအကျိုးဟာ ခုဘဝမှာ အကျိုးပေး လာတာပဲသား။ အဲဒါကို မယုံမရှိနဲ့။ ငါ့သား နောင်ဘဝတွေမှာ အဲသလိုမဖြစ်အောင် ခုဘဝမှာ သတိတရားထားပြီး လှူပေတော့။)**

(ကလျာ၊ စက်တင်ဘာ၊ ၁၉၉၅



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်နှင့်ကောလိပ်ဂျင်နေဝင်း

'မအေပေး'ဆိုသည့်စကားသည် ကောလိပ်ဂျင်နေဝင်း၏ သက်သုံးစကားဖြစ်၏။ ကျွန်တော်က 'မအေပေး'ဟု စာချော စရန် ရေးရသော်လည်း တကယ်တမ်း အပြင်ဘက်တွင်မူ အ..'ဟု ဆဲဆိုတတ်သူ ဖြစ်ပါသည်။ သို့ပေတည့် သူဆဲသည် ဒါသကြောင့်ဆဲခြင်း၊ တစ်ပါးသူအား နစ်နာစေလို၍ ဆဲ :မဟုတ်။ ပျော်ရွှင်ရယ်မောစွာဆဲခြင်း၊ အာမေဍိတ်ပြု ျိုးဖြစ်၏။ ဥပမာ တချို့သောသူများ 'ငါခွေးတဲ့မှ' 'သောက်'၊ 'ခွေးမသား'စသဖြင့် ဝသီပါနေတတ်သည် သဘောပေါက်ပြီး ဖြစ်ပါလိမ့်မည်။ ကျွန်တော့် ၇့က ဆဲသံဆိုသံတစ်ခုခု နက်နက်နဲနဲပြုပြီး ်။ ကောင်းသောစကားကို ဆိုခြင်းဖြစ် ပြောတတ်သော ဝသီပင်။





ကျွန်တော် လက်လှမ်းမီသလောက် ကောလိပ်ဂျင်နေဝင်း လောက် ရိုသားသန့်စင်သော မင်းသားမျိုး မတွေ့ဖူးချေ။

"မအေပေး ငါ့လက်လောက် သန့်ရှင်းတဲ့ လက် ဘယ် မင်းသားမှာမှ မရှိဘူးကွ"

ဟု တစ်ခါက သူပြောဖူးပါသည်။ ဆိုလိုရင်းမှာ မင်း သမီးတွေနှင့် တွယ်ဖက်ရသည့်အခါ သူ့စိတ်ထားသန့်ရှင်းမှုကို ရိုးသားစွာ ပြောပြခြင်းဟု ကျွန်တော် ထင်ပါသည်။ သို့သော် တစ်ခါတစ်ရံတွင်ကား မင်းသမီးအချို့၏ တင်ပါးကို ပုတ်ခတ် ရိုက်နက်ကိုင်တွယ်လေ့ရှိ၏။ ပြီးမှ...

"အတုကြီး... အတုကြီး"

ဟု သီချင်းဆိုသလို အော်ဟစ်တတ်ပါသည်။ ဒါသည်ပင် သူ့လက်သန့်ရှင်းခြင်း သဘောမဟုတ်ပါလား။

သူနှင့် ကျွန်တော် စတင် တွေ့ဆုံခါစ ကျွန်တော်ငါး ာန်၊ ခြောက်တန်းကျောင်းသားဘဝတွင် ဖြစ်၏။ ထိုစဉ်က သူသည် နိုင်ငံကျော်မင်းသား ရှုပါစတား။ ကျွန်တော့်ဖခင်က သူနှင့် ဇာတ်ကားများ ရိုက်ကူးနေချိန်ဖြစ်၏။

မှတ်မှတ်ရရ ရုပ်ရှင်ကားထဲတွင်မူ သူနှင့် ကျွန်တော် ာစ်ကားသာ တွဲဖူးပါသည်။ သည်တုန်းက ကျွန်တော်က င်းသား၊ သူက ကျွန်တော့် ယောက္ခမအခန်း။ 'အချစ်နှင့်သူ၏ ို'ဇာတ်ကားဖြစ်၏။ ကျွန်တော် ရေးသော ဝတ္ထုဖြစ်ပါသည်။ ာ:မစပ် ပြောရဦးမည်။ ထိုဇာတ်ကားတွင်လည်း ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



နှင့်သူ တွေ့ဆုံခန်း တစ်ခန်းသာပါသည်။ သူ့သမီး 'ခင်သီတာထွန်း'ကို ကျွန်တော်က ခရီးသွားရင်း စောင့်ရှောက်ခဲ့သဖြင့် ကျွန်တော့်အား ကျေးဇူးဆပ်သည့်အနေနှင့် ငွေကြေးပေးသည့် အခန်းဖြစ်၏။ အမှန်မှာ ကျွန်တော် ငွေကြေးကို မမက်မော သော ကဗျာဆရာအခန်း သရုပ်ဆောင်ရ၏။

ထိုအခန်း ရိုက်ကူးရာ၌ သူက–

"မောင်ရှုပါဆိုတာ မင်းလား။ အေး ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာမှ ရှင်းစရာ မလိုပါဘူးကွယ်။ ဟောဒီမှာ ငွေငါးထောင် သတင်းစာထဲမှာ ကြော်ငြာထားတဲ့အတိုင်း ဦးသမီးကို ပြန်ရှာပေး နိုင်တဲ့သူကို ပေးမယ်ဆိုတဲ့ ဆုတော်ငွေပဲ။ တစ်ပြားမှ မလျှော့ ဘူး... မလျှော့ဘူး"

ထိုအခါ ကျွန်တော်က...

"ကျွန်တော် ဆုတော်ငွေကြေးကိစ္စအတွက် လာတာ မဟုတ်ပါဘူး ခင်ဗျာ".

ဆိုပြီး ခင်သီတာထွန်းကို တစ်လမ်းလုံး စောင့်ရှောက် ကျွေးမွေးခဲ့ရသော ကုန်ကျငွေ(၁၂ကျပ်၊ တစ်မတ်) စာရင်းကို ပြန်ပေးရန် ရှင်းပြရသည်။ ထိုအခါတွင်မှ ကျွန်တော်၏ ရိုးသား ကို သဘောကျပြီး သူ့သမီးနှင့် ကျွန်တော့်အား သဘောတူ တော့သည်။

အဲ... ထိုအခန်းတွင် ဇာတ်စာက ပြောသလို သူ သူ့အမူအရာအတိုင်း လက်ညှိုးထောင်၊ ဖင်ကြီးကောက်၊ ခေါင်း တခါခါဖြင့် စကားစပြော၏။ ထိုအချိန်တွင် ကျွန်တော့်စိတ်





သူ့ကို စချင်နောက်ချင် စိတ်ပေါ်လာသဖြင့် ကျွန်တော့်အလှည့် ရောက်သောအခါ စကားကို ရိုးရိုးမပြောတော့ဘဲ သူ့လေသံ၊ သူ့ဟန်ပန်အတိုင်း လက်ညှိုးထောင်ရင်း ဖင်ကုပ်ခေါင်းကုပ်နှင့် ပြောချလိုက်လေရာ ဦးနေဝင်းခမျာ ဘာဆက်လုပ်ရမှန်းမသိတော့ ဘဲ ထုံးစံအတိုင်း

"မအေပေး၊ မင်းက ငါ့အိုက်တင်တွေ လုပ်တော့ ငါက ဘာဆက်လုပ်ရမလဲ။ ပြန်ရိုက်ကွာ၊ ပြန်ရိုက်။ ခွီးတဲ့မှ"

ဟု ဆဲပါတော့သည်။ သို့သော် ထိုကိစ္စအတွက် သူ တော် တော်ပျော်သွားပုံရသည်။ စကားကြုံတိုင်း ပြောတတ်လေသည်။

❑ ❑ ❑

သူနှင့်ကျွန်တော် အနုပညာနယ်ပယ်တွင် အတွဲမိဆုံး အချိန်ကား ကက်ဆက်ဇာတ်လမ်းခွေများ ခေတ်စားချိန်ဖြစ်၏။ မှတ်မှတ်ရရ တစ်နေ့လျှင် ဇာတ်လမ်းသုံးပုဒ်လောက် ပုံမှန်သွင်း ဖြစ်ကြ၏။ မည်သို့ပင်ရှိစေ ယင်းကက်ဆက်ဇာတ်လမ်းခွေခေတ် တွင်သူနှင့် ကျွန်တော် အတွဲမိဆုံး ဖြစ်ကြရလေသည်။ (သူ သောက် ကိုယ်သောက်ဘဝမျိုးပေါ့)

သူသည် စိတ်ထားအလွန်သန့်သူ ဖြစ်သလို ရိုးလည်း အလွန်ရိုးသားသူဖြစ်၏။ ဇာတ်လမ်းတွင် သူတင်ကိုယ်တင် လုပ်လိုက်သည်ဟု ဘယ်တော့မှ စိတ်မကူး။ သူလုပ်စရာရှိသည် ကို သူလုပ်၏။ တစ်ခါတွင် "အင်း... ဟင့်အင်"ဟူသော ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



လမ်း၌ ကျွန်တော်က မင်းသား၊ သူက မိန်းမလျာလုပ်ရ၏။ မရှက်မကြောက်ပင် မိန်းမလျာလေသံဖြင့် လုပ်သည်မှာ ကက်ဆက်နားထောင်သူတော့ မသိ အသံသွင်းနေစဉ်မှာပင် ကျွန်တော်တို့ အူတက်မတတ် ဖြစ်ရလေသည်။ ဇာတ်လမ်း၏သဘော၊ လုပ်ရသည့်စရိုက်ကိုသာ သူစိတ်ဝင်စားရုံမက ဒါရိုက်တာ၏ စကားကိုလည်း အလွန်နားထောင်သူဖြစ်၏။ သူ့ထက်အသက်၊ ဂုဏ်၊ ဝါငယ်သော ဒါရိုက်တာလက်သစ်များ၏ စကားကိုပင် နားထောင်တတ်သူဖြစ်လေသည်။ ကိုးလိုးကန့်လန့်လုပ်ခြင်း၊ သမ္မာရင့်ဆန်ခြင်း၊ ဆရာလုပ်ခြင်း စသည်တို့ ဘယ်တော့မှ မလုပ်။

သူ့အတွက် နစ်နာလွန်းမည်ထင်လျှင်လည်း ဒါရိုက်တာ လုပ်သူအား သီးခြားလူလွတ်ရာ ခေါ်တွေ့ပြီး ဆွေးနွေးတတ်၏။ ဒါတောင် ဒါရိုက်တာက ဇွတ်ပေခံနေလျှင် သူ့ဘက်က လိုက်လျောတတ်သည်သာ များလေသည်။ ကနေ့သူ့ရုပ်ဆောင်များ အတုယူဖွယ်ပင်။ အဲ... မနိပ်ဘူးဟု ထင်သောဇာတ်မျိုးဆိုလျှင်တော့ စကတည်းက သူလက်မခံတော့ချေ။ ဒါက သူ၏သတ္တိပင်။

တစ်ခါတစ်ရံတွင် သူရိုးသားလွန်းသဖြင့် လုပ်ငန်းခွင် ပြန်စ၍ မရလောက်အောင် ရယ်ပွဲ ဖွဲ့နေရသည်များ ရှိတတ်သည်။ ဆိုပါစို့။ ကက်ဆက်ခွေဇာတ်လမ်းသွင်းသည်မှာ မိုက်က ရိုဖုန်းစကားပြောခွက်ကို ရှေ့မှာထားပြီး ဇာတ်လမ်း ဇာတ်ညွှန်း စာအုပ်ကို ကြည့်၍ ကိုယ်ပြောရမည့်အလှည့်တွင် ကိုယ်က





ပြောရုံရှိသည်။ သို့သော် အရုပ်မပါဘဲ အသံအိုက်တင်သာလုပ်ရသဖြင့် ခက်ခဲသောကိစ္စဖြစ်သည်။ စကားမများဖို့ လေသံအတိုးအကျယ်၊ အဟိန်းအဟောက်၊ အညုအခါ စသဖြင့် အသံဟန်လုပ်ပြောရသည်မှာ ကျွန်တော့် သဘောတော့ ရုပ်ရှင်ရိုက်ရသည်ထက်ပင် ခက်သည်။ ရုပ်ရှင်ရိုက်ရသည်က အရုပ်ရော အသံပါ ပါသဖြင့် ဝါရင့်ပညာသည်များအဖို့ မျက်နှာ အမူအရာ၊ ကိုယ်အမူအရာလုပ်ရင်း အသံက အလိုလိုဟန်ပါ သွားတတ်သလို အသံကို ဟန်လုပ်ရင်း ရုပ်ကပါ အသံနောက် လိုက်ပြီးသားဖြစ်သွား၏။ ကက်ဆက်ဇာတ်လမ်းကျတော့ အသံချည်းသက်သက် နားထောင်ရင်း ရုပ်ရည်အမူအရာကိုပါ မြင်လာအောင် လုပ်ရသဖြ င့် ခက်သည်။ (စာရေးဆရာများတွင် ဟောပြောပွဲကျွမ်းကျင်သူနှ င့် မကျွမ်းသူရှိသလိုဟု ဆိုရမည်ပင်။)

အဲ... စောစေ ာက ပြောသော ဦးနေဝင်း၏ ရိုးသားမှုကြောင့် လုပ်ငန်းခွင်ပျက ရသည့် ဥပမာလေးကို ပြန်ဆက်ပါမည်။

ဇာတ်လမ်းပါသူ ပြောရမည့ စကားက

"ဟော့ကောင်တွေ ငါ့သမီးကို လွ တ်လိုက်လို့ ပြောနေတာ မကြားဘူးလား"

(လူပြက်များက ဟားတိုက်ရယ်မောသံ) (လ က်သီးထိုးသံများ)၊ (အောင်မယ်လေး၊ဗျို၊ ဖုံး ထိုင်း ဂွမ်း) စသဖြင့်ဇာတ် န်းရေးထားသည်။ ဤတွင် ကောလိပ်ဂျင်သည် အထက်ပါ စာသားများကို အသံနေအသံထား.အတိုင်း အကုန်လုံးရွတ်ဖတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ပြောရမည့်စကားအပြင် လက်သီးသံ၊ ဖုံး ထိုင်းဝွမ်းသံများပါ လျှောက်ပြောခြင်းဖြစ်၏။

နောက်ပြောင်ခြင်းမဟုတ်။ အပီအပြင် လျှောက်ပြောခြင်းဖြစ်၏။ သူ့ကို ဝိုင်းရယ်မိသဖြင့် ပြန်သွင်းရသည်။ သူ့အားရှင်းပြသောအခါ...

"မအေပေးတွေ၊ ကြိုပြောထားပါလားကွ"

ဟု ထုံးစံအတိုင်း သူ့ဘာမှ မလုပ်သလို။

တစ်ခါကလည်း ရုပ်ရှင်ရိုက်ကွင်းတစ်ခုပေါ်တွင် သည်တုန်းက ကျွန်တော်က အသံဖမ်းဆရာဘဝ။ ဇာတ်လမ်း၏ အထွတ်အထိပ်ခန်း ရိုက်နေစဉ် ကင်မရာက သူ့ကိုယူထားသည်။ မင်းသမီးနဲ့နဲ့မှုကို ဖက်ထားသည်။ ပါးချင်းအပ်ထားသည်။ နဲ့နဲ့မှုမျက်နှာတစ်လှည့်၊ သူ့မျက်နှာတစ်လှည့် ရိုက်ကူးသည်။ နောက်ဆုံး သူ့မျက်နှာနှင့် အဆုံးသတ်မည်။ သူက လွမ်းရမည်။ မျက်ရည်များ လည်ရမည်။ ဇာတ်ဖမ်းခန်းလည်း ဖြစ်သည်။ သူ့အမူအရာက အလွန်အရေးကြီးသည်။ သူ့မျက်နှာနှင့် အဆုံးသတ်မည်။

"မအေပေးတွေ၊ ငါက သိပ်လွမ်းတတ်တာမဟုတ်ဘူး။ ငါရိုက်ဆိုမှ ရိုက်ကွာ။ ရရင် ငါ အချက်ပေးလိုက်မယ်"

ဤသို့ဖြင့် သူရှာန်ဝင်စားလာသောအခါ စ,ရိုက်ဖြစ်တော့သည်။ သူသည် တဖြည်းဖြည်းချင်းစ၍ လွမ်းတော့သည်။ ဒါရိုက်တာသည် (အေစမ်းမောင်လှမျိုးထင်သည်။) မျက်တောင်မခတ် ကြည့်နေသည်။ သူကလည်း အစွမ်းကုန် ကြိုးစားလွမ်းသည်။ ကောင်းလည်းကောင်းသည်။ သူ့အမူအရာ အကောင်းဆုံးအချိန်တွင် ဒါရိုက်တာက



"ဝါး... ဝါး"

ဟု အသံပြုလိုက်သည်။ ဤတွင် ကောလိပ်ဂျင်နေဝင်းသည် မျက်ရည်စများဖြင့် လွမ်းနေရာမှ သူ့ပါးစပ်ကြီးအားကွမ်းယာဝါးသလို ဝါးနေပါတော့သည်။ တစ်ဖွဲ့လုံး ပတ်တုတ်ရအောင် ရယ်မောသဖြင့် ထိုအခန်းပျက်ပါလေတော့သည်။ ထိုအခါ သူက...

"မအေပေးတွေ ဘာဖြစ်တာလဲကွ"

ဟု ဆဲပါတော့သည်။

အမှန်မှာ သူ့အလွမ်း အမူအရာ အကောင်းဆုံးအချိန်တွင် ဒါရိုက်တာက ကင်မရာဆရာအား အရုပ်များ ဝိုးတဝါးဖြစ်စေရန် "ဝါး...ဝါး"ဟု အသံပြုခြင်းဖြစ်သည်။ သဘောမှာ ကောလိပ်ဂျင်နေဝင်း၏ မျက်နှာကြီး ပိတ်ကားပေါ်တွင် ဝါးသွားရာမှ ပြီးပါပြီ စာတန်းထိုးရန်ဖြစ်သည်။ ဒါကို ကြိုပြောမထားသဖြင့် ဒါရိုက်တာကဝါးဝါးဆိုသည်ကို သူက သူ့ခိုင်းတာမှတ်ပြီး ကွမ်းဝါးသလို ဝါးပစ်လိုက်ခြင်းဖြစ်၏။

"မအေပေးတွေ ကြိုပြောပါလား"တဲ့။ သူကပင် ဆဲလေသည်။

❑ ❑ ❑





www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ပတ်သက်၍ အတွေ့အကြုံများကို ရေးဖွဲ့လျှင် စာစုရှည်ပါလိမ့်မည်။ မှတ်မှတ်ထင်ထင်ကလေးများကိုသာ ကျွန်တော် ရေးပါမည်။

စောစောက ပြောသလို ကျွန်တော် မူလတန်းကျောင်းအားချိန်များတွင် အဖေက ကလက်(ခေါ်) ရုပ်ရှင်ရိုက်အလုပ်ကို ခိုင်းသည်။ တစ်နေ့ ငါးကျပ်ပေးသည်။ ရုပ်ရှင်ရိုက်သည်ဆိုသည်မှာ ပျဉ်ပြားအမည်းတစ်ချပ်ပေါ်တွင် မြေဖြူခဲဖြင့် ရိုက်ကူးသည့်အခန်းစဉ်အမှတ်၊ နေ့စွဲ၊ ရိုက်ချက်အမှတ် စသဖြင့် ရေးပြီး ရိုက်ကွင်းကို မှတ်သားရခြင်းဖြစ်သည်။ မင်းသမီး၊ မင်းသားများ အိုက်တင်မစခင် ယင်းပျဉ်ချပ်ကို အရင်ရိုက်ရသည်။ ရိုက်ရာတွင်လည်း ပျဉ်ချပ်၏အပေါ်တွင် အဖြူအမည်း ခြားထားသော ပတ္တာတပ်ပျဉ်ချောင်းတစ်ခုကို 'ဟ'လျက်ထားရသည်။ ဆိုပါစို့။ ကင်မရာမှ စတင်ရိုက်ကူးသည်နှင့် ရိုက်သူမားက ယင်းပျဉ်ချပ်ကို ကင်မရာရှေ့တွင်ပေါ်အောင် ထောင်၊ ပတ္တာတပ်နှင့် ပျဉ်ချပ်ကိုဟထား၊ ပါးစပ်မှ "အခန်းစဉ် – ၂၀၊ ရိုက်ကျက် ၃" စသဖြင့် အော်ပြီး ပတ္တာတပ်တုပ်ကို ပျဉ်ပြားပေါ် ရိုက်ချသည်။ ပြီးလျှင် ကင်မရာမြင်ကွင်းမှ ထွက်ပြေးရသည်။ ထိုအခါ သရုပ်ဆောင်များက အိုက်တင်မလုပ်။ ဤသို့လုပ်ရခြင်းမှာ ဖာတ်ကားဖလင်ဆက်သောအခါ အခန်းစဉ်အလိုက် ပြကွက်အလိုက် အစီအရီဖြစ်ရန်နှင့် အသံသရုပ်ဆောင်များ၏ ပါးစပ်ပေါက်ညီစေရန် စီစဉ်ရခြင်းဖြစ်သည်။(ယင်းကိစ္စ အသေးစိတ် ရှင်းပြဖို့ရာ မလွယ်သဖြင့်





သဘောမျှ သိထားလျှင် လုံလောက်ပါပြီ။) အတိုချုပ်ကတော့ ဉ်ချပ်ပေါ်ရှိ ပတ္တာတပ်တုတ်ချောင်းချင်း ထိသံနှင့် အဖြူအမည်း ခြားထားသော တုတ်နှင့် ပျဉ်ချပ်ထိမိသည့် နေရာကို မှတ်သားပြီး လင်ဖြတ်တောက်ရခြင်းပင်။

ယင်းဂျပ်ရိုက်ခြင်း အလုပ်သည်လည်း ရုပ်ရှင်ပညာအခြေခံဆိုပေမယ့် တော်တော်သင်ယူရသော အလုပ်ဖြစ်၏။ တစ်ဆင့်ရိုက်၊ နှစ်ဆင့်ရိုက်၊ သုံးဆင့်ရိုက် စသည့်ဖြင့် အခြေခံများမှစ၍ င်းရလျှင်လည်း ကျွန်တော့်စာစု လိုရင်းရောက်တော့မည် ဟုတ်ပေ။

ဂျပ်ရိုက်(ကလက်)ရိုက်ခြင်းတွင် ပျဉ်ချပ်နှစ်ခုကို ပတ္တာခံ း ဟထားရာမှ အသံထွက်အောင် ရိုက်ချလိုက်ရသည်ဟူ၍ သဘောထားလျှင် လုံလောက်ပါပြီ။

စောစောက ပြောသလို ကျွန်တော် မူလတန်းကျောင်း အားဘ၀ ကျောင်းအားချိန် ဂျပ်ရိုက်ရသောသမယ်။

'အဖြေ'ဟူသော ရုပ်ရှင်ကား တစ်ကား အဖေရိုက်သည်။ တ်လိုက်များကား ထွန်းဝေ၊ ကောလိပ်ဂျင်နေဝင်း၊ မြတ်မွန် တင်တင်နွဲ့။

အစ်မကြီး တင်တင်နွဲ့မှာ ထိုစဉ်က တက်သစ်စမင်းသမီး လေးပေါ့။

ထုံးစံအတိုင်း ရိုက်ကွင်းပေါ်တွင် ရုပ်ရှင်သမားပီပီ က်ကြစကြသည်။ မမတင်တင်နွဲ့က ကျွန်တော့်ကို မူလတန်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသား၊ ကုမ္ပဏီပိုင်ရှင် ဒါရိုက်တာ၏ သားကလေးက အောက်ခြေသိမ်း ဂျပ်ရိုက်အလုပ်ကို ဝင်လုပ်နေသည်ကို မြင်သောအခါ ချစ်ခင်စိတ် ဖြစ်ပုံရသည်။ ရိုက်ကွင်းပေါ်တွင် ကျွန်တော့်အား ဖမ်းရမ်းနမ်းရှုပ်သည်။ သူ့ပေါင်ပေါ်တွင် တင်၍ ထိုင်စေသည်။ ဒါကို အများက ဝိုင်းစကြသည်။ ဆယ်နှစ်သားအရွယ်ကလေးတစ်ယောက် ဖြစ်သော်လည်း သည်လို နောက်ကြပြောင်ကြသည်ဆိုတော့ ကျွန်တော်လည်း ရှက်သည်ပေါ့။

အားလုံးထဲတွင် အဆိုးဝါးဆုံး နောက်ပြောင်သူကား ဦးကောလိပ်ဂျင်နေဝင်း။

"မအေပေးလေး၊ အရွယ်က လက်တောင့်လောက်ရှိသေးတယ်" ဘာဖြစ်သည် ညာဖြစ်သည် စသဖြင့် အားမနာ နောက်ပြောင်သည်။ သူနောက်လျှင် ထိထိမိမိ ရှိလှသဖြင့် ကျွန်တော့်မှာ ပို၍ အနေရခက်သည်။

တစ်နေ့ အရေးကြီးသော ဇာတ်ဝင်ခန်းရိုက်သည်။ ကောလိပ်ဂျင်နေဝင်း၏ မျက်နှာအပြည့်(နဖူးမှမေးစေ့ထိ) ကင်မရာက ချိန်ထားသည်။ သည်လိုအခန်းမျိုး ရိုက်လျှင် သုံးဆင့်ရိုက်နည်းဖြင့် ဂျပ်ရိုက်ရသည်။ ခက်ခဲသည်။ သတိထားရသည်။

ထိုအခန်း ရိုက်ကူးခါနီးတွင် သူက ကျွန်တော့်အား မတင်တင်နှဲ့နှင့် နောက်ပြောင်ထားခြင်း ဖြစ်နေသည်တစ်ကြောင်း၊ သုံးဆင့်ရိုက်နည်းဖြင့် ဂျပ်ရိုက်ရမည်မို့ သတိထား





လွန်းနေသည်တစ်ကြောင်းဖြစ်ရာ ကင်မရာစက်လည်၍ ဂျပ်ရိုက်ရန် အချက်ပေးလိုက်သည်နှင့်...

"အောင်မယ်လေးဗျ"

ဟူသော အသံနက်ကြီးနှင့်အတူ ကောလိပ်ဂျင်နေဝင်းမှာ ရိုက်ကွင်းမှ ထပြေးပါတော့၏။ ကျွန်တော် ရိုက်ချလိုက်သည့် 'ဂျပ်'သည် သူ့နှာခေါင်းကြီးကို ကောင်းကောင်းညှပ်မိသွားသောကြောင့်ပင်။ ထိုနေ့က သူ့နှာခေါင်းကြီး နီရဲပြီး အသီးထသွားသဖြင့် တော်တော်နှင့် ပြန်ရိုက်မရ ဖြစ်ခဲ့ရသည်ကို မှတ်မိနေသေးတော့။

❑ ❑ ❑

နာမည်ကြီးမင်းသား (၁၁)ယောက် စုပေါင်း၍ ရုပ်ရှင်ဇာတ်ကား တစ်ကားရိုက်ကြသည်။ တစ်ယောက်ငါးထောင်စီစု၍ ကိုယ်ပိုင်ရိုက်ကြခြင်းဖြစ်၏။ ကောလိပ်ဂျင်နေဝင်းက ခေါင်းဆောင်သည်။ ကျန်မင်းသားများမှာလည်း နာမည်ကြီးများပင် ဖြစ်ပါ၏။ သို့သော် သူ့ကို အဘိုးကြီးသဖွယ် သဘောထား၍ ခေါင်းဆောင်တင်ခြင်းပင်။ ကြာခဲ့ပါပြီ။ ခင်မောင်ချင်းတို့၊ ကျော်စွာဝင်းတို့ တစ်ခေတ်ဆန်းချိန်။ 'ဇော်လင်း'ရုပ်ပါစတားခေတ်။ ကျွန်တော်ကား ထိုစဉ်က အသံဖမ်းစက်ဆရာမှူးသာ။

အတိုချုပ်ကြစို့။ မင်းသားကျော်များ စုပေါင်းရိုက်ကူးကြသည်ဖြစ်၍ ငွေကြေးအရ စာချုပ်စာတမ်းမလို။ အဲ အရက်သောက်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတော့ စာချုပ်ကြရသည်။ ရိုက်ကွင်းပေါ်တွင် အရက်မသောက်ရ။ ရိုက်ကွင်းပြီးလျှင် ကိုယ့်သဘော။ အားလုံးလိုလို အရက်ကြိုက်တတ်ကြသူများ မဟုတ်လား။ (ဒါရိုက်တာ ဦးသက်နောင်) ရိုက်ကွင်းကလည်း အထက်အညာဒေသ၊ ကျေးလက်တောရွာမှာ။

ဤတွင် ကောလိပ်ဂျင်မှာ ပြဿနာ တက်ရတော့သည်။ သူက အချိန်မရွေး သောက်တတ်သူ။ အဲ- ကျန်မင်းသားများမှာလည်း အချို့ အချိန်မရွေး သောက်တတ်ကြတာပါပဲ။ သို့သော် တချို့က အောင့်အည်းနေသည်။ တချို့က ခွက်ပုန်း။ ဦးနေဝင်းကား ရှင်းသည်။ ရိုးဖြောင့်သည်။ ပြီးတော့ စာချုပ်ချုပ်စဉ်ကလည်း ခေါင်းဆောင်အဖြစ် လက်မှတ်မထိုးသူမှာ ကောလိပ်ဂျင်နေဝင်း။ သည်တော့ အရက်သမားထုံးစံအတိုင်း အချိန်တန်တော့ အရက်ဆာသည်။ လေထသည်။

ကောလိပ်ဂျင်နေဝင်းသည် စည်းစနစ်ကြီးသူပီပီ ပထမတော့ အောင့်အည်းသည်းခံရှာပါသည်။ နောက်ပိုင်း မနေနိုင်လွန်းသောအခါ ရိုက်ကွင်းပေါ်မှာ ဆေးဖြစ်ဝါးဖြစ်ပဲဖြစ်ဖြစ် နည်းနည်းသောက်ပါရစေဟု တောင်းဆိုတော့သည်။ အားလုံး ဖွင့်ဟသည်လည်းမဟုတ်။ ဟိုမင်းသားစည်းရုံး၊ သည်မင်းသား သွားချဉ်းကပ် လုပ်ရှာသည်။ တိုးတိုးတိတ်တိတ်ပေါ့။ သူင်းတို့ကလည်း လူလည်တွေပဲ။ ကိုယ့်ဟာကိုယ် ခွက်ပုန်းကြိတ်ချင်ကြိတ်မည်။ ကောလိပ်ဂျင်အပေါ်တော့ စာချုပ်အရ ကြောက်ရွံ့ရှိသေသည့်သဘောဖြင့် ဟန်လုပ်နေကြသည်။ သက်သက်ကို





စယ်ချင်သည့် သဘောလည်းပါသည်။ မနေနိုင်မှန်း သိလေစာချုပ်နှင့် ဖြစ်ခြောက်လေ လုပ်ကြသည်။ ကောလိပ်ဂျင်နေဝင်းခမျာ နေမထိထိုင်မသာ ဖြစ်ရရှာလေသည်။ နောက်ဆုံးအဖွဲ့သားအားလုံး သိသွားကြသောအခါ သူ့အား...

"ကိုင်း အစ်ကိုကြီး သိပ်သောက်ချင်နေရင်တော့ လက်နှစ်လုံးလောက်ပေးမယ်။ ဒါပေမယ့် ကျွန်တော်တို့ ခိုင်းတာလုပ်ရမယ်"

"အေး... အေး လုပ်မယ်။ ဘာလုပ်ရမလဲ"

ဟူသော အားတက်သရော အသံကြီးဖြင့် တံတွေးမျိုမျို လုပ်နေသည်ကို ခုတိုင် မြင်ယောင်သေးတော့သည်။

ဤတွင် တစ်ယောက်သောသူ (သန်းဖေလေးလား၊ ဇော်လင်းလား)က ချွန်တွန်းလုပ်ပါတော့သည်။

"မျောက်လို က,ပြရမယ်"

"ဟာ... မအေပေးတွေ"

ပထမတော့ ရှက်လည်းရှက်၊ ဒေါသလည်းထွက်ဖြစ်သေးသည်။ နောက်ပိုင်း အဖွဲ့သားများက ဝိုင်း၍ လက်ခုပ်တီးကြ၊ ပုလင်းဆိုင်းတီးကြ၊ အိုးခွက်တွေခေါက်ကြ၊ တစ်ယောက်တစ်ပေါက်သီချင်းဆိုကြ၊ အရက်ပုလင်းမြှောက်ပြသောအခါ ၌ကား...။

ကောလိပ်ဂျင်နေဝင်းသည် ထုံးစံအတိုင်း ဘယ်သူ့မှ အမှုမစိုက်သောပုံစံဖြင့် မျောက်က ကပါလေတော့သည်။ ချစ်



www.burmeseclassic.com

www.burmeseclassic.com



စရာလည်းကောင်း၊ ပျော်စရာလည်းကောင်းသော ပွဲလေးတစ်ပွဲ ဝင်။

သို့သော် နောက်နေ့၊ နောက်နေ့ရိုက်ကွင်းများတွင်ကား ကောလိပ်ဂျင်နေဝင်းသည် သူ့အရက်ဆာလာပြီဆိုလျှင် အထ စီးလေသဖြင့်...

"ဟော့ မအေပေးတွေ၊ ငါ မျောက်လိုကချင်နေပြီကွ မျောက်လိုကတော့မယ်ကွ ဒါပဲ"

❑❑❑

ကောလိပ်ဂျင်နေဝင်းနှင့် ပတ်သက်၍ ကျွန်တော့်တွ ကိုယ်တွေ့များစွာ ရှိပါသည်။ သူ၏ရိုးသားမှု၊ ကြိုးစား သည်းခံမှု၊ သတ္တိရှိမှု၊ ပေါင်းသင်းဆက်ဆံမှု၊ အနုပညာမ ကြီးမှု များစွာ... များစွာ။

ယခုမူကား လျှပ်တစ်ပြက်စာစုအဖြစ်သာ ရေးရသေ ကြောင့် သတိရသရွေ့ ... လက်တန်းဖော်ပြရပါသည်။ ရောက်သည်ရောက် ရေးရသည်။ ဟိုမရောက် သည်မရော အတွေ့အကြုံများ ဖြစ်ကောင်းဖြစ်ရမည်။

သို့သော် အချုပ်ကိုတော့ ကျွန်တော် ဆိုပါရစေ။

သူနှင့် ကျွန်တော် နောက်ဆုံးတွေ့သောအချိန်၊ ကျွန်တေ အား နောက်ဆုံးဆဲသွားသောအချိန်...။





သူ့ဘဝ၏ နောက်ဆုံးနေ့များ သို့မဟုတ် ဆေးရုံပေါ်မှာ။

ကောလိပ်ဂျင်နေဝင်း၏ ကျန်းမာရေးဆိုတော့ ရုပ်ရှင် အသိုင်းအဝိုင်းမှ လူမမာမေးလာသူတွေ များလှ၏။ ဒါကြောင့် ဲလားတော့မသိ။ သူ့ ခုတင်ပတ်လည်တွင် ပိတ်ပြူခန်းဆီးများ ကာရံပေးသား၏။ ဧည့်သည်ကလည်း နေ့နေ့ညည မပြတ်ရှိခဲ့ သည်။ အနီးကပ်ပြုစုသူရော လမ်းကြုံဝင်တွေ့သူရော စုံလှသည်။ ကောလိပ်ဂျင်နေဝင်းဖြစ်နေသည်တစ်ကြောင်း၊ ဧည့်သည်များမှာ လည်း ကျော်ကြားသူဖြစ်နေသည်တစ်ကြောင်းကြောင့် ဧည့်ချိန် မဟုတ်ပေမယ့် ဧည့်သည်ကား မပြတ်ချေ။ သို့သော် သူကမူ ဧည့်သည်များများလာသည်ကို ကြိုက်ဟန်မတူချေ။ အကြောင်း နှစ်ကြောင်းကြောင့် ဖြစ်နိုင်၏။ ဧည့်ခံနေရသော အလုပ်မှာ လူမမာတစ်ယောက်အဖို့ အလွန်ပင်ပန်းနေသည်ကတစ်ကြောင်း၊ လာသမျှဧည့်သည်အများစုမှာ အားပေးစကားတွေကို ဝမ်းနည်း သံကြီးများဖြင့် ပြောနေကြသောကြောင့်တစ်ကြောင်းဖြစ်မည် ပင်။ တချို့ကျတော့ မျက်ရည်ကြီးငယ်ပင် ကျကြလေသည်။ သူတို့ကို အပြစ်မယူလိုသော်လည်း လူမမာဘက်က ငုံ့ဖို့ကောင်း သည်။ သေလုမြောပါး လူနာတစ်ယောက်ကို ငိုသံပါကြီးနှင့် အားပေးစကားပြောခြင်းသည် မည်မျှအခံရခက်သည့်ကိစ္စ ဖြစ်ပါ မည်နည်း။

မှတ်မိသေးသည်။ သူနှင့် လုပ်ဖော်ကိုင်ဖက်တစ်ယောက် က...



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေဝင်း၊ ခင်ဗျား ဆေးရုံက ဆင်းရင် ရိုက်ဖို့ဇာတ်လမ်းတစ်ခု ရထားတယ်ဗျ"

ဟု စကားချီလိုက်သည်တွင် သူက

"ဟော့လူ ကျုပ်က သေဖို့ ရက်ပိုင်း လပိုင်းလောက်လိုတော့တာ။ အပိုတွေ လာမပြောနဲ့"

ဟု ပြန်ပြော၏။ သူသည် သူ့ဘဝ၏အဆုံးကို သိထားနှင့်ပြီး ဖြစ်လေသည်။

သူငယ်ချင်း သူ့မိတ်ဆွေများမှာလည်း ဆရာဝန်ကြီးဖြစ်နေကြသဖြင့် သူ့အား ရောဂါအခြေအနေကို ပြောထားဟန်တူ၏။

ဤအချက်ကို ကျွန်တော် ကောင်းကောင်းသိသည်။

သူသည် လွတ်လပ်ပျော်ရွှင်စွာ နေတတ်သူဖြစ်သည်။ ပျော်ပျော်နေပြီး ပျော်ပျော်သေချင်သူဖြစ်သည်။

သည့်အတွက် ကျွန်တော်သည် သူ့ထံ လူနာအမေးရောက်သောအခါ ပျော်ရွှင်ရယ်မောစရာ စကားလေးများကိုသာ ပြောဆိုနေတတ်လေသည်။

ရယ်စရာ စကားများ ပြောဆိုနေရသော်လည်း တကယ်တမ်းကျတော့ ကျွန်တော့် ရင်မှာလည်း မချိပါ။ သို့သော် ကျွန်တော်လည်း မင်းသားပဲ။ ပြီးတော့ နဂိုကတည်းက ပြောင်ချော်ချော်နေတတ်သူမို့ သူ့ရှေ့တွင် ဟန်ဆောင်ကောင်းခဲ့ပုံရပါသည်။ သို့မဟုတ် ကျွန်တော့်ထက် သမ္မာရင့်သူ ကောလိင်ဂျင်က ကျွန်တော် ဟန်လုပ်နေသည်ကို ရိပ်မိချင်လည်း ရိပ်မိ





ပါလိမ့်မည်။ မည်သို့ပင်ရှိစေ၊ သူ စိတ်ချမ်းသာနေသည်ကတော့ အမှန်ပင်။

စာစာက ပြောသလို သူနှင့် ကျွန်တော် နောက်ဆုံးစကားဆိုဖြစ်ကြသည်ကို နောက်ဆုံး ပြောပြချင်ပါသည်။

သူ ငယ်လွန်ခါနီး ရက်ပိုင်းအလို သူ့ထံ ကျွန်တော်ရောက်သွားသည်။ ဆရာဝန်များလည်း ရှိသည်။ သူနာပြုဆရာမလည်းရှိသည်။ သူ့မိသားစုလည်း ရှိသည်။ အခြားညှော်သည့်အနုပညာသည်များလည်း ရှိသည်။

ထိုစဉ်က ကျွန်တော် အရက်ဖြတ်စ။ တိုင်းရင်းမြန်မာဆေးနည်းဖြင့် ဖြတ်ပြီးသည့်ကာလ။ ဒါကို သူလည်းသိသည်။

သူ့အပါးတွင် ဝိုင်းဝိုင်းလည်နေသော ပရိသတ်ကြားမှာ ကျွန်တော့်ကို တွေ့တော့ သူ ပြုံးပြပါသည်။

"မအေပေး၊ ဘာလာရှုပ်ဦးမလို့လဲ"

ထုံးစံအတိုင်း နှုတ်ခွန်းဆက် စကား သူဆိုသည်။

"မရှုပ်ပါဘူးဗျာ။ အစ်ကို့ကို ဒီနေ့ မြန်မာနည်းနဲ့နည်းနည်းစမ်းသပ်ချင်လို့ပါ"

"မအေပေး၊ ငါ့ မနောက်နဲ့"

"မနောက်ပါဘူး အစ်ကိုရာ၊ ဒီတစ်ခါ ကျွန်တော်အစ်ကို့ကို နည်းနည်းစမ်းသပ်ချင်လို့ပါ။ မြန်မာ့နည်း မြန်မာ့ဟန်နဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



လူသည် မည်မျှပင် သတ္တိကောင်းပါစေ။ သေရမှာတော့ ကြောက်ကြသည်ချည်းပင်။ ထို့အတူ မိမိဝေဒနာ သေလောက် မည့်ရောဂါကို တစ်နည်းနည်းသော ကုထုံးဖြင့် စမ်းသပ်မည်ဆိုလျှင် ဝမ်းသာလာတတ်မြဲဖြစ်၏။ ဒါကို သူ့မျက်လုံးတွင် ကျွန်တော် ဖမ်းမိလေသည်။ အနည်းငယ်တော့ အားတက်သရော ရှိလာပုံရလေသည်။

ကျွန်တော်လည်း အားလုံးသော ပရိသတ်ရှေ့တွင် မှင်မောင်းနှင့်။ ဆရာဝန်များ အပါအဝင် ပရိသတ်ကလည်း ဘာများလုပ်မှာတုန်းဟူသော အကြည့်များဖြင့်။

ကျွန်တော်သည် သူ၏ ညာဘက်ခြေထောက်ကို အသာအယာ စမ်းသပ်၏။ ပြီးတော့

"အစ်ကိုကြီး ညာဘက်ခြေထောက်ကို နည်းနည်းမြှောက်ကြည့်လို့ ရမလား"

သူသည် အစတွင် ကျွန်တော့်အား ဆဲရေးတိုင်းထွာပါသေးသည်။ နောက်တော့ ကျွန်တော် ခိုင်းသည့်အတိုင်း သူ၏ ညာခြေထောက်ကို အားယူမြှောက်ကြည့်ပါသည်။ တစ်ထွာလောက် မြှောက်လာသောအခါ ခြေဖျားကလေးများ ဆတ်ဆတ်တုန်လာ၏။ မခံမရပ်နိုင် ဖြစ်လာသည်။ ကျွန်တော် သနားမိပါ၏။ သို့သော် ကျွန်တော့်လုပ်ငန်းကိုကား ဆက်လုပ်ရပါသည်။

"ကဲ ကဲ ရပြီအစ်ကိုကြီး။ ညာခြေပြန်ချ။ ဘယ်ဘက်ခြေထောက် စောစောကလို ပြန်မြှောက်ကြည့်ပါဦး"





သူသည် ကျွန်တော်ခိုင်းသည့်အတိုင်း လုပ်ရှာပါသည်။ နံဘေးမှ ဆရာဝန်များကလည်း အသေအချာ ကြည့်နေကြပါသည်။

သူသည် ဘယ်ဘက်ခြေထောက်ကို မြှောက်ပြီး တဆတ်ဆတ်တုန်နေပါသည်။ ကျွန်တော်ကလည်း မှင်နဲ့မောင်းနှင့်။ သူကလည်း ရိုးရိုးသားသားပင် ကြိုးစား၏။ ဆရာဝန်နှင့် သူနာပြုများကလည်း... ဘာများ ဖြစ်လာမတုန်း

ဟူသောမျက်နှာထားနှင့် အာရုံစိုက်။

"ရပြီ ရပြီအစ်ကိုကြီး။ ဘယ်ခြေပြန်ချတော့"

သူသည် ဝေဒနာခံစားရင်းက သက်ပြင်းရှည်ကြီးကို နှုတ်ထုတ်ပါသည်။ ထိုအခါကျမှ ကျွန်တော်က...

"ကိုင်း အစ်ကိုကြီး၊ **အလယ်ကောင်** ခြေထောက်နည်းနည်း မြှောက်ကြည့်ပါ"

"မအေပေး"တင်ပက မျိုးစုံသော အဆဲဝေါဟာရများဖြင့် သူ ကျွန်တော့်ကို ဆဲပါတော့သည်။ အနီးအပါးရှိသူအားလုံးသည်း ပွဲကျသွားကြလေသတည်း။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



ဒါသည် ကျွန်တော်က သူ၏ နောက်ဆုံးထွက်သက်ကို ညင်သာစေခြင်း၊ ဘဝကူးကောင်းစေခြင်း၊ အပြုသဘောဆောင်သော အားပေးစကား ပြောဆိုဟုဆိုလျှင် မည်သူငြင်းဆိုပါအံ့နည်း။

(မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ကို ကြိုဆိုလျက်)

(သောင်းပြောင်းထွေလာ၊ အောက်တိုဘာ၊ ၁၉၆၅)



# ဓမ္မာရုံရှေ့မှ ရင်ခုန်သံ

(၁)

ရန်ကုန်တက္ကသိုလ်ဓမ္မာရုံရှေ့မှာ ကျွန်တော် ဈေးရောင်းဖူးသည်ဟုဆိုလျှင် တော်ရုံတန်ရုံဖြင့် ယုံကြမည်မဟုတ်။ ကျွန်တော်သည် မှတ်မှတ်ရရ ၁၉၇၀ ပြည့်နှစ်၊ တက္ကသိုလ်ဓမ္မာရုံရှေ့ ပလက်ဖောင်းပေါ်တွင် ဖျာခင်း၍ ဈေးရောင်းဖူးပါ၏။ ကိတိကျကျဆိုရပါလျှင် ၁၉၇၀ ပြည့်နှစ် တက္ကသိုလ်ရွှေရတုသဘင် အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ ပြပွဲပြိုင်ပွဲများ၊ ရန်ကုန်တက္ကသိုလ် ပရိဝုဏ်ကြီးအတွင်း ခြိမ့်ခြိမ့်သဲကျင်းပနေချိန် ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်သည် စက်မှုလက်မှု အထက်တန်းကျောင်းသားဘဝ ဖြစ်ပါသည်။ ကျောင်းတက်ရင်းတစ်ဖက်က ယုဝတီဂျာနယ်တွင် ညပိုင်းစာပြင်သမား အလုပ်လုပ်ပါသည်။ စာပေနယ်သို့ ခြေလှမ်းစကာလဟု ဆိုရပါမည်။ ကဗျာတစ်ညို



www.burmeseclassic.com

www.burmeseclassic.com



ဝ းစ်ထွာရေးနေပြီ ဖြစ်ပါ၏။ သုမောင်ဟူ၍ မဖြစ်သေးပါ။ "မောင်ညိုအောင်"အမည်ဖြင့် ရေးနေပါသည်။

တစ်ဖက်ကလည်း စီးပွားရေးအနေဖြင့် ကျွန်တော့်ဖခင်၏ လက်ငုတ်ဖြစ်သော 'စာသဘင်'စာအုပ်ကို ပြန်လည်ထူထောင်နေပါသည်။ ထိုစဉ်က ကျွန်တော့်ဖခင်သည် စာပေနှင့်ပတ်သက်၍ ဝတ္ထုတို၊ ဆောင်းပါးလောက်သာ ရေးနေပြီး လုံးလုံးလျားလျား ရုပ်ရှင်ဒါရိုက်တာ၊ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဖြစ်နေပါပြီ။ စာပေနယ်ကို ခြေဦး ပြန်မလှည့်တော့ပါ။ ထို့ကြောင့် ကျွန်တော်တို့ မမွေးခင်က အဖေထူထောင်ခဲ့သော 'စာသဘင်' စာအုပ် ထုတ်ဝေခြင်းလုပ်ငန်းကို ကျွန်တော်က ပြန်လည်အကောင်အထည်ဖော်ခြင်း ဖြစ်ပါသည်။ ဖေဖေ့ခေတ်ကလို လုပ်ငန်းကြီးတစ်ခုမဟုတ်သော်လည်း မိမိနှစ်သက်ရာ စာပေများကိုကား ဝါသနာအလျောက် အရှုံးခံ ထုတ်ဝေခဲ့ပါသည်။ ထိုအချိန်က ကျွန်တော့်အစ်ကို မောင်ဝဏ္ဏသည် ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းဇာတ်ကားကို ဒါရိုက်တာ လုပ်၍ ရိုက်ကူးနေပါပြီ။

ကျွန်တော်က စာပေထုတ်ဝေရေးလုပ်သည်ဆိုသော်လည်း မဖြစ်ညစ်ကျယ်မျှသာဖြစ်ရာ ကောင်းမည်ထင်သည်ကို မြေစမ်းခရမ်းပျိုး လုပ်ပါသည်။ ထို့ကြောင့် အစ်ကိုမောင်ဝဏ္ဏ ရိုက်ကူးနေသော ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းဇာတ်ကားမှ မင်းသမီး မြတ်မွန် ဓာတ်ပုံတစ်ပုံကို ယူ၍ ပြက္ခဒိန် ထုတ်ပါသည်။





ခေတ်မီချင်သော လူငယ်တို့ သဘာဝအလျောက် ကျွန်တော်သည် သူများတကာတွေလို ဆေးရောင်စုံ ဓာတ်ပုံဖြင့် ပြက္ခဒိန်မထုတ်ဘဲ အရောင်နှစ်ရောင်တည်းဖြင့် အဆန်းထွင်၍ ထုတ်ဝေရာ ခွက်ခွက်လန် ရှုံးပါလေတော့သည်။

ထိုစဉ်က အရောင်းမစွံသော စာအုပ်များ၊ ပြက္ခဒိန်များကို အဟောင်းဈေးချ၍ ရောင်းရသောထုံးစံ ရှိပါသည်။ ဆိုပါစို့။ သုံးကျပ်တန် လုံးချင်းဝတ္ထုတစ်အုပ်ကို အဟောင်းဈေးတစ်မတ်၊ ငါးမူးဖြင့် ရောင်းရပါသည်။

စောစောက ပြောသလို ပြက္ခဒိန်များ ရောင်းမစွံသောခါ ကျွန်တော်သည် အဟောင်းဈေးသို့ အပုံလိုက် မရောင်းတော့ဘဲ တစ်နည်းကြံပါတော့သည်။

သူငယ်ချင်းများ ဖြစ်သော ကဗျာဆရာမြင့်ဆောင်၊ မောင်ငယ်သွေး(ကွယ်လွန်)နှင့် ကချင်မြေသန်းဆောင်တို့အား စုရုံးပြီး စောစောကပြောသော ရန်ကုန်တက္ကသိုလ် မမှာရုံရှေ့ပလက်ဖောင်းပေါ်တွင် ဖျာခင်း၍ ပြက္ခဒိန်တစ်စောင်လျှင် ပြားဆုံးဆယ်ဖြင့် အော်ရောင်းကြပါတော့သည်။ အချိန်ကာလကလည်း ရန်ကုန်တက္ကသိုလ်တွင် ရွှေရတုသဘင်ပွဲကြီး ကျင်းပနေသဖြင့် လူစည်ကားသည်ဖြစ်ရာ အတော်ပင်ဟန်ကျခဲ့လေ၏။

ယခုအခါ ကျွန်တော် ဈေးအော်ရောင်းခဲ့သော နေရာကလေးတွင် ဓက်သားတုတ်ထိုးသည့် ကလေးတစ်ယောက် အထမ်းဖြင့် ရောင်းနေပါသည်။ မယုံလျှင် သွားကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်မန္တလေးဝင်ပေါက်တည့်တည့် တက္ကသိုလ်ရိပ်သာလမ်းပေါ်တွင် ဖြစ်ပါသည်။ အမရဆောင်နှင့် တစ်ဖက်ကမ်း မျက်နှာချင်းဆိုင်မှာပါ။

(၂)

ကျွန်တော်သည် ကျွန်တော့်မော်တော်ကားကို ယင်းနေရာကလေး ရှေ့တွင် ရပ်ထားပါသည်။ မော်တော်ကားကို မန္တလေးရှေ့တွင် တက္ကသိုလ်ဆေးရုံဘက် ခေါင်းလှည့်၊ လှည်းတန်းဈေးဘက် ဖင်လှည့်၍ ရပ်ထားသည်ဖြစ်ရာ ကျွန်တော်၏ လက်ယာဘက်တွင် ဝက်သားတုတ်ထိုးသည်ကလေး ရှိပြီး ကျွန်တော်၏ လက်ဝဲဘက်တွင် အမရဆောင် ရှိပါသည်။ ကျွန်တော်၏ စိတ်သည် ကျွန်တော် ငယ်ငယ် လွန်ခဲ့သည့်နှစ်အစိတ်က ဈေးရောင်းခဲ့သည့် ပုံရိပ်များမှသည် အမရဆောင်ဘက်ဆီသို့ ပျံ့လွင့်သွားပြန်ပါတော့သည်။

ကျွန်တော်သည် တက္ကသိုလ်ကျောင်းသားတစ်ယောက် မဟုတ်သော်လည်း တက္ကသိုလ်တွင် လေးငါးနှစ်မျှ ကျင်လည်ခဲ့သူ ဖြစ်ပါ၏။

အကြောင်းမှာ ကျွန်တော် စာရေးဆရာပေါက်စဘဝက ၁၉၇၀ ပြည့်နှစ်ဝန်းကျင်တွင် ကျွန်တော်နှင့် ရင်းနှီးသော စာသမားအများစုသည် တက္ကသိုလ်ပရိဝုဏ်၌ တည်ရှိနေကြ၍ပင်။ ကျွန်တော်၏အစ်ကိုလို၊ ဆရာလို ချစ်ခင်သူများမှ တက္ကသိုလ်နယ်မြေမှာ ဖြစ်ကြ၏။





ဆရာတင်မိုး၊ ဆရာမင်းကျော်၊ ဆရာကျော်အောင်၊ ဆရာတက္ကသိုလ်မင်းမော်၊ ဆရာညွှန့်ကြူး စသည့်အစ်ကိုကြီးများအပြင် ဆရာအောင်ပြည့်၊ ဆရာငြိမ်းကျော်၊ ဆရာချစ်ဦးညို စသောအစ်ကိုလေးများအထိသည် ကျွန်တော်နှင့် လက်ပွန်းတတီးရှိခဲ့ကြသည်။ ကျွန်တော်တို့ ခေတ်က စာရေးဆရာပေါက်စ သို့မဟုတ် စာရေးဆရာဖြစ်နိုင်ခြေရှိသော စာသမားကလေးများအား ဆရာကြီးများ၊ နာမည်ရ စာရေးဆရာများက တန်းတူထား၍ ဆက်ဆံတတ်ကြပါသည်။ ဟုတ်တော့လည်း အဟုတ်သားပင်။ စာရေးဆရာဟူသည် ရာထူးအဆင့်အတန်းမှ မရှိတာ။ အသက်သအားဖြင့် ဂုဏ်အားဖြင့်သာ ကြီးသည်။ ငယ်သည်ရှိတာကိုး။ အကျူစာရေးဆရာ၊ လက်ထောက်စာရေးဆရာ၊ တွဲဖက်စာရေးဆရာဆိုတာမှ မရှိဘဲ။ (စာရေးဆရာစစ်စစ်များကိုသာ ဆိုပါသည်။)

စောစောက ပြောသလို တက္ကသိုလ်နယ်မြေမှာ အမာခံစာရေးဆရာများနှင့် ရင်းနှီးခွင့်ရခဲ့သောအခါ ကျွန်တော်သည်လည်း တက္ကသိုလ်နယ်မြေမှာ ကျင်လည်ခဲ့ရသည်ပေါ့။ မှတ်မှတ်ရရ တစ်နေ့တစ်ခေါက် မရောက်သည်ပင် မရှိသလောက်ဖြစ်၏။ ထိုစဉ်က နာမည်ကြီးခဲ့သော ဦးချစ်လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်တို့ စုရပ်ဖြစ်၏။ ပြီးတော့ အချစ်ဝတ္ထုရေးဆရာပေါက်စဆိုတော့ အချစ်သည် တက္ကသိုလ်၊ သစ်ပုပ်ပင်သည် အချစ်၊ အချစ်သည် ကံ့ကော်တော၊ အင်းလျားကန်သည်အချစ်။ သည်လိုအထင်ရှိခဲ့ပေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ရှိစေ တက္ကသိုလ်နှင့်ပတ်သက်၍ ကျွန်တော့်ဘဝမှာ မှတ်မှတ်ထင်ထင် သုံးခု ရှိခဲ့ပါသည်။

ဆရာကြီးဇော်ဂျီထံတွင် ပေရွက်ပေစာများကူးယူခြင်း၊ ပညာဆည်းပူးခွင့်ရခဲ့ခြင်း၊ စာရေးဆရာဘဝဖြင့် စာပေဟောပြောပွဲများ ပြောခဲ့ရခြင်းနှင့် ကျွန်တော် ကြိုက်ခဲ့သော တက္ကသိုလ်ကျောင်းသူများ၊ နည်းပြများ၊ အမှုထမ်းများကို လိုက်လံပိုးပန်းခဲ့ခြင်းတို့ပင် ဖြစ်ပါတော့သည်။

(၃)

၁၉၇၃ ခုနှစ်တွင် ကျွန်တော် ရုပ်ရှင်မင်းသားအဆိုတော်စဖြစ်ခဲ့ပါသည်။ ထိုအချိန်တွင် စာရေးဆရာပါး ဝနေပြီဖြစ်၏။

အမှန်တော့ ကျွန်တော်သည် နာမည်ရပညာရှင်အဖြစ် ရုပ်ရှင်စိန်ရတုကာလတွင်သာ အကျုံးဝင်ခဲ့သူ ဖြစ်၏။ ရုပ်ရှင်ရွှေရတုခေတ်တွင် ကျွန်တော် မင်းသား မဖြစ်သေးပါ။ ဖခင်လက်ငုတ်ဖြစ်သဖြင့် မီးထိုး၊ မှန်ထိုး၊ ဂျပ်ရိုက်၊ အသံဖမ်းဆရာစသည့် ဓာတ်ခုံနောက်ကွယ်မှာသာ ရုပ်တည်ခဲ့ရပါသည်။

မည်သို့ပင်ရှိစေ ယင်း ၁၉၇၃ ခုနှစ်မှာပင် ကျွန်တော် ရုပ်ရှင်မင်းသား စဖြစ်ခဲ့ရာ ၁၉၇၅-၇၆ ခုနှစ်လောက်တွင် နာမည်ရစပြုနေပြီဖြစ်၏။ ရှုပ်တော့ မဟုတ်ပါ။ သို့သော် ရုပ်ရှင်မင်းသားဖြစ်၊ အဆိုတော်ဖြစ်၊ စာရေးဆရာဖြစ်နေသော ယင်းကာလတွင် ကျွန်တော်သည် တက္ကသိုလ်နှင့် အနေဝေး





ခဲ့ပြီဟု မမှတ်ယူကြပါကုန်နှင့်။ အကြောင်းတစ်ကြောင်းဖြင့် တက္ကသိုလ်နှင့် ပတ်သက်လာရပြန်ပါသည်။ သို့သော် နေ့ပိုင်း မဟုတ်၊ ညပိုင်းတွင်သာ ဖြစ်၏။

အကြောင်းမှာ ကျွန်တော်သည် 'အေးဘုံ'(ကျွန်တော့်ဇနီး)နှင့် ထိုကာလတွင် ချစ်ကြိုးသွယ်နေကြပြီဖြစ်သောကြောင့်ပင်။ မှန်ပါသည်။ ထိုစဉ်က အေးဘုံသည် မူလတန်းပြကျောင်းဆရာမ ဘဝကတစ်ဖက်၊ စာပေးစာယူတက္ကသိုလ်ကျောင်းသူဘဝကတစ်ဖက်၊ ဖြစ်နေ၏။

ထိုစဉ်က စာပေးစာယူသင်တန်း (ယခု အဝေးသင်တက္ကသိုလ်)၏ ထုံးစံမှာ တက္ကသိုလ်ပညာကို စာပေးစာယူစနစ်ဖြင့် သင်ကြားသော်လည်း အချိန်ပိုင်းအားဖြင့် ညအခါများတွင် ကမာရွတ်မြို့နယ် ကျောင်းသူ၊ ကျောင်းသားများအား တက္ကသိုလ်ကျောင်းတော်ကြီး၌ သီးသန့်လက်တွေ့သင်ကြားပေး၏။ စာပေးစာယူကျောင်းသား၊ ကျောင်းသူများသည် အများအားဖြင့် အမှုထမ်းများ၊ သက်မွေးဝမ်းကျောင်း လုပ်ကိုင်နေရသူများဖြစ်သောကြောင့် ညပိုင်းတွင်သာ လက်တွေ့သင်တန်းတက်ရပုံရလေသည်။

ထို့ကြောင့် ကျွန်တော်သည် အေးနှင့် တွေ့ဆုံရန်အချိန်မှာ ယင်းညပိုင်းတွင်သာ ဖြစ်ရတော့၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် သူသင်တန်းတက်ရသော အဆောင်မှာလည်း အမရဆောင်ပင်ဖြစ်၏။

ကျွန်တော်သည် ထိုစဉ်က ကိုယ်ပိုင်မော်တော်ကား



www.burmeseclassic.com

www.burmeseclassic.com



တစ်စီး ဝယ်စီးနေပြီဖြစ်သည်။ ကားနံပါတ် ဃ–၈၉ ဖြစ်ပြီး ဖောက်ဆောအမျိုးအစား စပုတ်တိုင်ကား(ဦးစံရှားကားမျိုး) ဖြစ်၏။ ရှစ်ထောင်ကျပ်ပေးရ၏။ ယင်းကားကလေးဖြင့် ကျွန်တော်သည် စောစောက ပြောသော အမရဆောင်တစ်ဖက်ကမ်း ဓမ္မာရုံ ရှေ့တွင် ကားရပ်ပြီး အေးဘုံကျောင်းအလာကို စောင့်ရ၏။ ကျွန်တော့် ကားကလေးမှာ အနက်ရောင်ဖြစ်သောကြောင့် မှောင်ရိပ်ခိုလို့ အလွန်ကောင်းသည်ပေါ့။

အေးဘုံကို သူ့အိမ်မှ ကားဖြင့် သူ့အစ်ကိုက လိုက်ပို့ပါသည်။ ကျောင်းဝင်းထဲအထိ လိုက်ပို့သည်ဖြစ်ရာ ကျွန်တော့်ကားအား မမြင်နိုင်ချေ။ ထို့ကြောင့် သူ့ကား ပြန်ထွက်သွားမှ ကျွန်တော်သည် ကျောင်းဝင်းထဲဝင်ပြီး အေးဘုံနှင့် စကားပြောရ၏။ သင်တန်းစချိန်ရောက်ပြီးသည်နှင့် ကျွန်တော့်မှာ "ခွဲရမှာ သည်းမြညာ ဘယ်မချိပါဟု နေမထိရယ်တဲ့ ထိုင်မသာ"။

ဤသို့ဆိုလျှင် မကြာခဏ ချိန်းတွေ့ကြရာဝယ် အေးဘုံက မိန်းမသားပီပီ စိုးရိမ်တတ်၏။ ကျွန်တော်နှင့် သူက ခြေချင်းကပ်လျက်မို့ ကျွန်တော့် မော်တော်ကားကို သူ့မိသားစုက မှတ်မိသိရှိနေသောကြောင့်...။

"ကိုကို့ကားကို အစ်ကိုတွေ့သွားဦးမယ်"ဟု ပြောတတ်၏။ ကျွန်တော်က "ကိုယ့်ကားက အနက်ရောင်၊ သစ်ပင်အောက် အမှောင်ရိပ်မှာ ရပ်ထားတာပဲကွာ"ဟု ပြန်ပြောသောအခါ–





"ဟင်း– သူ့ကားက မည်းသာမည်းတာ၊ သူ့လိုပဲ ပြောင်ချော်ချော်နေတာ"ဟု ပြန်ပြောသည်ကို ဤစာရေးနေစဉ် အခါင် မှတ်မိနေသေးတော့၏။

အခြား မှတ်မိနေသေးတာ တစ်ခုရှိသေး၏။ သူတို့ စာပေးစာယူသင်တန်းတွင် သူက သိပ္ပံဘာသာတွဲယူသူ ဖြစ်သဖြင့် လက်တွေ့ ဓာတ်ခွဲခန်း ဝင်ရတတ်၏။ ထိုအခါမျိုးက ဆိုဘာ တနင်္ဂနွေလို ရုံးအားရက်မျိုးဖြစ်ပြီး နေ့လယ်ပိုင်းမှာဖြစ်၏၊ ထိုအခါမျိုးတွင်တော့ တက္ကသိုလ်ဝင်းထဲသို့ ကျွန်တော် နေ့လယ်ပိုင်းမှာ ရောက်တတ်၏။ သို့သော် ဆယ်ခါရုံ တစ်ခါပါ။ အကြောင်းကား ကျွန်တော့်မှာ ရုပ်ရှင်၊ ဂီတ၊ စာပေလုပ်ငန်းများဖြင့် မအားလပ်သည်က များသောကြောင့်ဖြစ်၏။

တစ်ခါကဆိုလျှင် သူနှင့်(R.C)ခေါ် အပန်းဖြေရိပ်သာ ရှေ့တွင် ချိန်းဆိုထားပြီးခါမှ ရုပ်ရှင်ရိုက်ကွင်းပေါ်မှ ထွက်ခွင့်မရသဖြင့် သူငယ်ချင်းဖြစ်သူ ကဗျာဆရာမြင့်ဆောင်အား အကျိုးအကြောင်း စာရေးပြီး သူထံ ကိုယ်စားလှယ်အဖြစ် လွှတ်ရ၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနေ့က သူ့မှာလည်း အချိန်ပိုရှိနေသဖြင့် ကျွန်တော့်ထံ လာမတွေ့နိုင်ကြောင်း သူ့သူငယ်ချင်းမတစ်ယောက်အား တောင်းပန်စာဖြင့် ကိုယ်စားလှယ် လွှတ်လေ၏။

အင်း– ကျွန်တော့် သူငယ်ချင်းနှင့် သူ့သူငယ်ချင်းတို့ ကိုယ်စားလှယ်စာကိုယ်စီကိုင်၍ အပန်းဖြေရိပ်သာရှေ့တွင် ဆုံခဲ့ကြပုံမှာ ယခုအခါ ရယ်စရာ၊ မောစရာတစ်ရပ် ဖြစ်နေရလေပြီ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



(၄)

ကျွန်တော်၏စာစုကို ဟိုရောက်သည်ရောက် ရေးသား ရာမှာ ယခု အနားသတ်ပါတော့မည်။

အချိန်ကာလတို့ကား ၁၉၇၀ ပြည့်ဝန်းကျင်မှ ယ ၁၉၉၅ ခုနှစ်အထိ လျင်မြန်စွာ ကုန်ဆုံးခဲ့ချေပြီ။

'လင်ဆိုးမယားတဖောင်းဖောင်း' ဆိုရမလို အေးဘုံသည် လည်း ကိုယ်ဝန်လေးကြိမ်ဆောင်ပြီး သကာလ သားသမီးလေ ယောက်ထွန်းကားပြီးခဲ့လေပြီ။ ခုဆိုလျှင် အကြီးဆုံးသမီးသည် ပင် ဆယ်တန်းကျောင်းသူကြီး ဖြစ်နေပါပြီ။

ကျွန်တော်သည် အေးဘုံနှင့် အိမ်ထောင်ကျပြီးသည် နောက်ပိုင်း တက္ကသိုလ်နှင့် အလှမ်းကွာခဲ့ရတော့၏။ တစ်နှ လျှင်မှ တစ်ကြိမ်၊ နှစ်ကြိမ်ဆိုသလို စာပေဟောပြောပွဲများ သီချင်းဆိုဖျော်ဖြေပွဲများအဖြစ် ရောက်တောင့်ရောက်ခဲ ရောက် ဖြစ်တော့သည်။

သို့သော် ယခုသမီးကြီး ဆယ်တန်းရောက်ချေမှ ရက် သတ္တပတ်လျှင် နှစ်ကြိမ်၊ သုံးကြိမ်မျှ ဖေဖေက ပြောသော မမှာရုံရှေ့သို့ ညဦးပိုင်းတွင် ရောက်ရပြန်တော့သည်။

အကြောင်းကား သမီးသည် သင်္ချာခန်းစာ(၉ ဘာ သာတွဲ)တွင် ကောင်းစွာ မလိုက်နိုင်။ ကျူရှင်တက်ရသည်။ ကျူရှင်ဟု အလွယ်ပြောရသော်လည်း အေးဘုံ၏တူမ ဆေး ကျောင်းသူက အခမဲ့ စာပြပေးခြင်းကို ဆိုပါသည်။ သူ့ကျူရှင်





မှာလည်း လှည်းတန်းတွင်ဖြစ်၏။ ညနေစောင်း ကျောင်းဆင်း သည်နှင့် ကျူရှင်သို့ သွားရသည်။ မှောင်ရိပ်သန်းချိန် ခုနစ်နာရီ လောက် ကျူရှင်ပြီးသည်။ ထိုအခါ ကျွန်တော်က သွားကြိုရ၏။ လှည်းတန်းမီးပွိုင့်သည် မော်တော်ကားရော လူပါ ရှုပ်သည်။ ထို့ကြောင့် လှည်းတန်းအထိ သွားမကြိုနိုင်။

သမီးကို ဖေဖေက ကျွန်တော်ပြောသော တက္ကသိုလ် မမှာရုံ ရှေ့တွင် ကားရပ်ပြီး စောင့်ရသည်။ မီးထိန်ထိန်လင်းပြီး လူသွားလူလာ မပြတ်သော လှည်းတန်းမှ မမှာရုံရှေ့အထိ သူ ဘာသာ သူလမ်းလျှောက်လာခဲ့။ ကျောင်းမှ ဆင်းပြီး တန်းသွား ရသောကြောင့် ကျောင်းစိမ်းထဘီ၊ အင်္ကျီဖြူဖြူဖြင့်ပင်ဖြစ်ရာ အန္တရာယ်ကင်းပါသည်။

သို့သော် ကျွန်တော့်မှာ စိတ်မချနိုင်ပါ။ လှည်းတန်းဘက် ခင်ပေးပြီး ကားရပ်ထားသဖြင့် လည်တဆန့်ဆန့် လှည့်ကြည့် လှည့်ကြည့် လုပ်နေရပါသည်။

ကျွန်တော့် သမီးကို ကျွန်တော်က ဖြောင်ပြောထားပါ သည်။

"သမီး ရည်းစားရှိရင် ဖေဖေ့ကို ပြောနော်၊ ပြီးတော့ အိမ်ခေါ်လာခဲ့။ အိမ်မှာပဲ စကားပြောကြ"ဟူ၍

သို့သော် သမီးက ကျွန်တော် ပြောသည်ကိုပင် သဘော မပေါက်။

"ဖေဖေကလည်း"ဟူ၍သာ ရှက်စနိုး ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရသလောက် သမီးတွင် ဒီလိုစိတ်မျိုးတွေ ရှိသေးဟန်မတူပါ။ ယခုထိ ကလေးစိတ်မကုန်ချင်သေး။

မည်သို့ရှိစေ ကျွန်တော်ကတော့ စိတ်ပူမိသည်အမှန်ပင်။

သည်ကနေ့ သမီးသွားကြိုတော့ အေးဘုံပါလာသည်။ ခမ္ဘာရုံရှေ့မှာပင် သမီးအလာကို စောင့်သည်။

ကျွန်တော်သည် လက်ယာဘက်ရှိ ခမ္ဘာရုံဝင်ပေါက်မှ ဝက်သားတုတ်ထိုးသည်ကလေးကိုတစ်လှည့်၊ လက်ဝဲဘက်ရှိ အမရဆောင်သို့တစ်လှည့်၊ နောက်ကျောလှည်းတန်းဘက် သမီးလာရာလမ်းသို့တစ်လှည့် ကြည့်နေမိသည်။

ထိုစဉ် ကျွန်တော့်ဇနီး အေးဘုံက ဘာစိတ်ကူးပေါက်သည်မသိ။ စကားတစ်ခွန်းဆိုသည်။

"ကိုကို မှတ်မိသေးလား"

ကျွန်တော်သည် သူ့စကားကြောင့် မျက်နှာအနေအထား မည်သို့ ဖြစ်သွားသည်ကို မသိပါ။ သို့သော် ရှေ့နှစ်ဆိုလျှင် သမီးတက္ကသိုလ်ကျောင်းသူ ဖြစ်တော့မည်ထင်သည်။

(ငွေတာရီ၊ နိုဝင်ဘာ၊ ၁၉၉၁)



# သုမောင်၏ ပင်ကိုမူလသည်ကား

(၁)

ကျွန်တော်၏ ပင်ကိုမူလသည် မေ့လျော့တတ်ခြင်းပင် ဖြစ်ပါသည်။ သတိမေ့တတ်ခြင်းကား မဟုတ်ပါ။ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် ထားတတ်ခြင်း မဟုတ်ရပါ။

သတိမေ့တတ်ခြင်းဟူသည် (အပ္ပမာဒေန) သတိကင်းလွန်းခြင်းနှင့် သက်ဆိုင်ပါသည်။

မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် ထားတတ်ခြင်းသည်လည်း ဂရုမစိုက်ခြင်း အမူအရာ သက်ဝင်ပါသည်။

ကျွန်တော်ကား ဤသို့မဟုတ်ရပေါင်ပါ။ အင်း...ဥပမာပြောရလျှင် မိတ်ဆွေဟောင်းတစ်ယောက်ကို တွေ့လျှင် လူကိုသိပြီး နာမည်ကို ဖော်မရခြင်းမျိုး ဖြစ်ပါသည်။ သည်လောက်ပဲ ကျွန်တော် ဖော်ပြတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်၍ ကျွန်တော် ဖော်ပြမည့်အကြောင်းအရာကို မိတ်ဆွေဖတ်ကြည့်ပါလျှင် ကျွန်တော်ဆိုလိုတာကို ကောင်းစွာ သဘောပေါက်နိုင်ပါလိမ့်မည်။

❑ ❑ ❑

ကျွန်တော်သည် အရက်သေစာကို ခွေးလိုမွှားလို သောက်တတ်ခဲ့ကြောင်း တစ်တိုင်းပြည်လုံးနီးပါး သိပါသည်။ စာပေနယ်မှာမို့ စာဖတ်ပရိသတ်က သိကြ၏။ ရုပ်ရှင်နယ်မှာမို့ ရုပ်ရှင်ဝါသနာရှင်များ သိကြ၏။ ဂီတနယ်မှာမို့ ဂီတမြတ်နိုးသူများ သိကြ၏။

အရက်သေစာ သောက်သုံးများသူသည် မေ့လျော့တတ်ကြောင်းကို ဆေးပညာရှင်များက ဆိုကြ၏။ မှန်ပါသည်။ ကျွန်တော်သည် ငယ်စဉ်ကတည်းက အရက်သောက်လာသူဖြစ်ခြင်းကြောင့် ယင်းရွှေတြိဂံနယ်မြေသို့ ရောက်လာသောအခါတွင်လည်း ဆက်လက်သောက်မြဲပင်။

အင်း... ပိုဆိုးလာတာပေါ့ဗျာ။ သည်နယ်ပယ်သုံးရပ်ဟာ အရက်နှင့် ကင်းနိုင်ခဲပါဘိခြင်းကိုး။

သည်လိုနှင့်ကျွန်တော်သည် ယင်းနယ်ပယ် သုံးရပ်တွင်ကျင်လည်ကျက်စားလာခဲ့ရာ နာမည်ကလေး အတော်ရလာခဲ့၏။ ပိုသောက်ကောင်းလာတော့သည်ပေါ့။ တိုက်မည့်သူများကလည်း ပိုတိုက်ကောင်းလာခဲ့သည်ပေါ့။





တစ်စတစ်စနှင့် နာမည်ပို၍ ကြီးလာလေသောက်ကောင်းလေ ဖြစ်ခဲ့ရပါတော့သည်။

အရက်တိုက်ကြသည့်သူများကလည်း လုပ်ငန်းရှင်များအမက ပရိသတ်ကပါ ပါဝင်ပတ်သက်ခဲ့လေသည်။ နိပ်လိုက်သည့်ခေတ်ဗျာ။ ဘယ်သူကမှလည်း ဘာမှမပြော၊ မပြောရဲ။ သုမောင် ဘာလိုသလဲ၊ ဟဲဟဲ...။

ကျွန်တော်ကလည်း ရုပ်ရှင်ဘက်ကြည့်မလား၊ စကားပြောအိုက်တင်တွေ မမေ့။ စာပေဘက်မှာရောတဲ့။ လွန်ခဲ့သောနှစ်ရက်က ရေးလက်စစာ ခုပြန်ရေး၊ ပြန်ဖတ်နေစရာမလို။ ဂီတဘက်မှာ ရောတဲ့။ တိပ်ခွေသွင်းတာမျိုးဖယ်ထား၊ စင်တင်ပွဲတွေမှာလို အလွတ်ကျပန်းဆိုရသည်ပင် တစ်လုံးမမှား။

ကိုယ့်ကိုယ်ကိုယ်မို့ ပြောရဦးမည်။ လက်ဖျားခါလောက်အောင် မှတ်ဉာဏ်တွေ ကောင်းခဲ့၏။

သို့သော်–

အသက်ကလေးရ၊ နာမည်ကလေးကျစပြုတော့လားလား၊ ဟိုဟာလေးမေ့၊ ဒီနေရာကျွန် ဖြစ်လာတော့သည်။

အင်း... အရက်ကျတော့ ဇရာနှင့် နာမည်လို ကျ,မသွား။ ပို၍ပင်ဆိုးရွားလာပါတော့သည်။ အမယ် အရက်တိုက်မည့်သူတွေတော့ ရှားပါးသွားသဗျ။ ကျွန်တော် နာမည်ကျတာထက်ပင် ရှားဆင်းသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် သုမောင်၏ အရောက်သံသရာသည် ဖြ
လိုက်၊ သောက်လိုက်။ အလုပ်ရှိက လုပ်လိုက်၊ မေ့မေ့လျော့လျော့
တွေ ဖြစ်လိုက်နှင့်ပေါ့။

သို့ပေသည့် ကျွန်တော့်သဘာဝကလည်း တစ်မျိုး

နည်းနည်းကလေး စိတ်တင်းပြီး ကြိတ်မှိတ်ဆော်လိုက်
လျှင် ရသွားတတ်ပါသည်။ အထူးသဖြင့် ကျွန်တော်၏
အနုပညာသိက္ခာပိုင်းကို ထိပါးလာလျှင် ဘယ်လောက်သော
သောက် မမူးတော့ဘဲ လုပ်ငန်းခွင်မှာ ကွက်တိဖြစ်နေခြင်းပင်
ပြီးတော့ အဲဒီအချိန်မျိုးမှာ ကျွန်တော်ဟာ မှားယွင်းမေ့လျော့ခြင်း
မျိုး မဖြစ်တတ်တော့ပြန်ပါ။

ဘယ့်နှယ်ကောင်းစားမျိုးမှန်း ကိုယ့်ဘာသာမသိတော့
ဗျာ။

(၂)

တစ်နေ့။

အဲသည့် တစ်နေ့ကိုတော့ ကျွန်တော် လုံးဝ မမေ့တော့
ပါဗျာ။

ကြာတော့ကြာခဲ့ပါပြီ။ (၁၅)နှစ်ခန့် ရှိနေပြီ။

ကျွန်တော့် သမီးဦးလေး မှူကြိုစတက်သည့်နေ့ပေါ့။

သားဦးအရွှေးဆိုသည့်အတိုင်း မိဘတို့ ရှုးကြသည်မဟုတ်
လား။





သမီးဦး၏ မူကြိုကျောင်းစတက်မည့်နေ့သည် ကျွန်တော်
တို့ဇနီးမောင်နှံအဖို့ သူတက္ကသိုလ်မှာ ဘွဲ့သွားယူမည့်နေ့ထက်
မို၍ ထူးသောနေ့မဟုတ်လား။

ထိုနေ့မတိုင်ခင်က သူ့ကို မူကြိုအင်္ကျီလေးတွေ အစမ်း
ဝတ်ကြည့်ပေးကြသည်။ ဝလုံးရေး သင်ကြသည်။ (ရောင်စုံ
ဘောလုံး)၂ (တစ်လုံးငါးပြား)၂ သင်ပေးကြသည်။ စသဖြင့်ပေါ့။

သည်မှာတင် သမီးက နက်ဖြန်ကျောင်းသွားလျှင် စီးဖို့
'ကျွိကျွိ'ဖိနပ်လိုချင်သည် ဖြစ်ပါလေရော။ သိပါတယ်နော်
ကျွိကျွိဖိနပ်ဆိုတာ၊ လမ်းလျှောက်လျှင် ကျွိကျွိမြည်သည့်ဖိနပ်။

သည်တော့ ညကြီးမိုးချုပ် လဟာပြင်ဈေးပြေးပြီး ကျွိကျွိ
ဖိနပ် ဝယ်ကြရတော့သည်။

ဘာပြောကောင်းမလဲ၊ လမ်းမှာကတည်းက စီးလာသည့်
ဖိနပ်အိမ်ရောက်တော့လည်း မချွတ်တမ်း အိပ်ရာဝင်တဲ့ထိပါပဲ။

❑ ❑ ❑

ကိုင်း… မိုးလင်းကျောင်းသွားခါနီးတော့ ပြဿနာ
တက်ပါလေရောဗျို့။ မိုးလင်းတော့လည်း သည်ကျွိကျွိပင်
အိပ်ရာမှ ထထချင်း သမီးက စီးနေလေရာ ကျွိကျွိလည်း မခံနိုင်
ရှာဘဲ ပြတ်ပါလေရော။

သမီး ကျုံကျုံပါအောင် ငိုပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှုကြီး မတက်တော့ဘူး"

ဒါ သူ့အမိန့်။ ကျွန်တော်ဗျာများရလေပြီ။ ဒီအချိန် ဒီဒိန့်မှာ ဘယ်မှာ ဝယ်ရမည်နည်း။ ကျောင်းချိန်လည်း နီးနေပြီ။ ကျောင်းကားလာတော့မည်။

သုမောင်ခေါင်း သမီးနင်းလေပြီ။

သည်မှာ ကျွန်တော် ကြံရတော့သည်။ အိမ်မှာ စက်ဘီးရှိသည်။ စက်ဘီး ဘီးပေါက်လျှင် ကျွန်တော်က ကိုယ့်ဘာသာဖာသည်။ အေး စက်ဘီးကျွတ်ဖာသည့် 'ကော်'ရှိသည်။

ကျွန်တော်သည် ၁၁မီး၏ ကျွံကျွံဖိနပ်ပြုပြင်ရေး စီမံကိန်းကြီး စပါတော့သည်။ ခက်တာက ဖိနပ်က တစ်ညလုံးစိုးထားတာဆိုတော့ သဲတွေပေနေသည်။ ဓာတ်ဆီနှင့် ဆေးဦးဟဲ့။ ပြီးမှကော်သုတ်။ သို့သော် မပြီးသေး။ သည်ကော်မကွာအောင် 'ပလာယာ'ဖြင့်ညှပ်။ ထိုပလာယာဖြင့် ကြေးနန်းကြိုးထုပ်။ ပြီးမှ ကော်မြန်မြန်ခြောက်အောင် မီးဖိုမှာ မီးကင် စသည် စသည့်...

ထိုအချိန်တွင်–

"ကိုကို ဒီနေ့လူကြီးသမီး မင်္ဂလာဆောင် အခါတော် ထုတ်ပေးရမယ်လေ။ ၁၅ မိနစ်ပဲ ကျန်တော့တယ်"

ဟိုက် အေးဘုံ သတိပေးမှ ကျွန်တော် သတိရတော့သည်။ ဟုတ်ပါရဲ့ လွန်ခဲ့သော ၁၅ ရက်ခန့်ကတည်းက သတို့သမီး မိခင်ကြီးကိုယ်တိုင် ဇာကူးတကန့် အိမ်လာဖိတ်ထားသော





ကိစ္စ။ သူတို့ မင်္ဂလာယူကြမည့်ကိစ္စ။ ပြီးတော့ အခါတော်ပေး တာက အချိန်ကိုက်လုပ်ရမည့်ကိစ္စ။ ပြီးတော့ အရေးကြီးသည့် ကြီးတစ်ယောက်ကိစ္စ။

ကျွန်တော် ဘာလုပ်ရမည်နည်း။ သမီးကလည်း တကျိ ကျိ၊ သူ့ကျွံကျွံဖိနပ်ကိစ္စ နားပူနားဆာလုပ်နေပြီ။

နောက်ဆုံး သမီးကိစ္စအေးဘုံလွှဲပြီး တိုက်ပုံကလေး ကောက်စွပ်၊ အင်လျားလိပ်သို့ ယုန်ကဲ့သို့ ပြေးခဲ့ရပါတော့သည်။

❑ ❑ ❑

(၃)

"အဲဒါပါပဲဆရာ။ ကျွန်တော့်ကို ကူညီပါဦး။

အင်းလျားလိတ်မှ အပြန်တွင် ကျွန်တော်သည် ရန်ကုန် ဘ်ရောဂါအထူးကု ဆေးရုံကြီးသို့ ပြေးပြီးဖြစ်ကြောင်း ကုန်စင် ကို ဒေါက်တာအုန်းမောင်အား ရှင်းပြရပါတော့သည်။

ဒေါက်တာအုန်းမောင်ကတော့ သူ့ထုံးစံအတိုင်း ပြုံးပြုံး လေးသာ နေပါသည်။

"အဲဒါ ကျွန်တော် အရက်အလွန် အကျွံသောက်လို့ းဆရာ။ မေ့တတ်တဲ့ ရောဂါ ကျွန်တော့်မှာ စွဲနေပြီလား။ လောက် အရေးကြီးတဲ့ကိစ္စကို မေ့နေခဲ့ပြီး သမီးကိစ္စအသေး ကလေးကို ကျွန်တော် ဘာကြောင့် ဂရုစိုက်လွှန်းနေရတာ ၊ ကျွန်တော့် ရောဂါအတွက် ဆေးစားဖို့ လိုသလားဆရာ"



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ ဒေါက်တာအုန်းမောင်က–

"အရက်ဖြတ်နိုင်ရင်တော့ အကောင်းဆုံးပေါ့ ကိုသုမောင်။ ဒါပေမယ့် ခင်ဗျားကို ရှင်းပြမယ်၊ ခင်ဗျား မေ့မေ့လျော့လျော့ ဖြစ်တာတွေ အရက်ကြောင့်လည်းပါတယ်။ ပြီးတော့ ခင်ဗျားရဲ့ အသက်အရွယ် အတွေ့အကြုံနဲ့လည်း ဆိုင်တယ်ဗျ။ ဒီလိုဗျာ ဦးနှောက်ကို သိပ်အသုံးပြုတဲ့လူတွေ၊ ရင့်ကျက်လာတဲ့လူတွေဟာ မိမိစိတ်မှာ မှတ်ချင်ရာကိုသာ မှတ်သားထားတတ်တယ်ဗျ။ ဘယ်လောက်အရေးကြီးတဲ့ကိစ္စဖြစ်ဖြစ် ခင်ဗျားအဖို့ အရေးမကြီးဘူးထင်ရင် ခင်ဗျားမှတ်ဉာဏ်က မှတ်မထားတော့ဘူး။ အဲ... ခင်ဗျားအဖို့ အရေးကြီးတယ်ထင်ရင် အသေးအဖွဲ့လေးဖြစ်ဖြစ် တစ်သက်မမေ့အောင် စွဲနေတတ်တယ်။ ဘာပဲဖြစ်ဖြစ် အရက်ကိုတော့ ကြိုးစားဖြတ်လိုက်ပါဗျာ"

(ကလျာ၊ မတ်၊ ၁၉၉၆)



# မောင်ဝဏ္ဏတဲ့

အထက်ပါခေါင်းစီးသည် 'ရုပ်ရှင်ချစ်သူ' မဂ္ဂဇင်းတွင် ဆရာရန်ကုန်ဘဆွေက မောင်ဝဏ္ဏ ပထမဆုံး အကယ်ဒမီရခဲ့သည်နှင့်စပ်လျဉ်း၍ ဂုဏ်ပြုရေးသားထားသော ဆောင်းပါးခေါင်းစီး ဖြစ်ပါသည်။

ဆရာ ရန်ကုန်ဘဆွေဂုဏ်ပြုစာသည် လိုအပ်သည်ထက်ပိုခဲ့သည်ဟု ကျွန်တော်က ဆင်ပါ၏။ အကြောင်းကား သူနှင့်ကျွန်တော့်ဖခင်(သာခု)တို့က တည့်မှမတည့်ကြဘဲကိုး။ သည်တော့ ဆရာဘဆွေက မောင်ဝဏ္ဏကို ချတုံးလုပ်မြှောက်ပင့်ရင်း ကျွန်တော့်အဖေသာခုကို ထိကပါး ရိကပါး လုပ်တော့သည်။ ဒါပေါ့။ သူက စာရေးဆရာဘဝက ရုပ်ရှင်နယ်ကူးပြီး အကယ်ဒမီမရလိုက်တာကိုး။ ဒါတွေ ထားလိုက်ပါ။ စာရေးဆရာဆိုတော့ စကားအလျဉ်းသင့်လျှင် ဟိုရောက်သည်ရောက် ရေးတတ်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ (အင်း… နှစ်ယောက်စလုံးလည်း သေကုန်ကြပါပြီလေ။)

ကျွန်တော် ပြောချင်သည်မှာ မောင်ဝဏ္ဏ၏ စရိုက်သဘာဝဖြစ်ပါသည်။ ကိုင်း ကျွန်တော် ဘာမို့ မောင်ဝဏ္ဏအကြောင်း စာဖွဲ့ချင်ရသတုံး။ သူလည်း သေသေးတာမဟုတ်။ သို့သော် ကျွန်တော်သည် လူသေမှ စာရေးတတ်သလို မသေခင်လည်း ရေးစရာအကွက်ကလေးများပေါ်လျှင် ရေးတတ်သူကိုး။

ရေးစရာကား တခြားမဟုတ်။ ပြီးခဲ့သည့် အကယ်ဒမီပွဲ (၁၉၉၄)တွင် 'တစ်ပြည်သူမရှေ့ထား'၏ အောင်မြင်မှု အရှိန်အဟုန်ကြီးမားပုံပေါ် မူတည်ခံစားရသဖြင့် ဖြစ်၏။ ခုတလော ကျွန်တော်သည် စာရေးရာ၌ အလွန်ရိုးသားစွာ ရေးချင်နေတတ်ပါ၏။

'တစပြည်သူ'နှင့် ပတ်သက်၍ ကျွန်တော်သည် လွန်စွာမှ မုဒိတာ ပွားနေရပါသည်။ အထူးသဖြင့် စန္ဒရားလှထွန်းနှင့် မောင်မောင်(ကျော်သူ)။ အဲ… ဟိုမောင်မောင်ကြီးတော့ ကောတဲ့ ဝမ်းသာတာပေါ့ဗျ။ သို့သော် သူက သေချာသလောက်ရှိနေခဲ့တာကိုး။ ကျွန်တော် ပြောချင်တာက ဓာတ်ညွှန်းကိစ္စပါ။ အင်း ပြောသလို ရိုးရိုးသားသားပြောရလျှင် တစ်ပြည်သူမှာ ဓာတ်ညွှန်းကို မောင်ဝဏ္ဏဟု ကျွန်တော် ထင်ထား၏။ သည်လို ပြောလိုလည်း သင်းအစ်ကိုမို့ပြောတာလား။ အကဲဖြတ်လူကြီးတွေ ဘယ်သွားထားမလဲ။ သည်လိုဆိုစရာရှိပါသည်။ သို့သော် ဤစာကို ကျွန်တော်သည် ပရိသတ်တစ်ယောက်နေရာက





ရေးနေပါသည်။ ပြီးတော့ ကျွန်တော်သာ အကဲဖြတ်တစ်ယောက်ဆိုလျှင်ဟူ၍ ရေးနေပါသည်။ ကိုင်း… ပြီးတာတွေလည်း ပြီးကုန်ပါပြီ။ အကဲဖြတ်လူကြီးတွေကလည်း တမင်လုပ်တာမဟုတ်မှန်း သိပါသည်။

အင်း… မောင်ဝဏ္ဏမှာလည်း အပြစ်ရှိပါသည်။ သူသည် ဘယ်တော့မှ ဓာတ်ညွှန်း အပီအပြင် သေသေချာချာမရေး။ သူ၏ ကြောင်ခြစ်လက်ရေးဖြင့် ပြီးစလွယ် ရေးသည်။ ကျွန်တော်တို့ စာရေးဆရာများ ဝတ္ထုရေးသလို ဟိုအောက်ဆုံးစာကြောင်းကို မြားပြပြီး အပေါ်ပြန်တင်သည်။ စာမျက်နှာ(၁၀)မှ စာကြောင်းသောကို စာမျက်နှာ(၁၀၀)သို့ ညွှန်းချင်ညွှန်းသည်။ တိတိပပ သေသေသပ်သပ် ဘယ်တော့မရှိ။ ကိုင်း ဒါက ဝတ္ထုရေးတာ။ အမှားအယွင်း စာအပေါက်အကျကို စာပြင်ဆရာ၊ အယ်ဒီတာတို့က ပြင်လိမ့်မည်။

ဓာတ်ညွှန်းကျတော့ ဘယ့်နှယ်လုပ်မည်နည်း။ ဒါရိုက်တာက သဘောပေါက်သည်ထား။ အကဲဖြတ်အဖွဲ့က ဘယ့်နှယ်လုပ်ပြီး…။

အင်း… အဲသည့်သကပဲ မောင်ဝဏ္ဏ၏ စရိုက်ကို ရေးဖွဲ့ရန် စိတ်ကူးရခဲ့ပါသည်။ သူ့အနားမှ ကိုကျော်ဟိန်းကြီးကွက်၍ ရသွားသည်။ ဓာတ်ပုံတစ်ဖျပ်ဖျပ် ရိုက်တော့ သူလည်းတွဲလျက် ပါနေတာပေါ့။

တခြားသူဆို ဘယ်လောက်ခံစားရမည်နည်း။ သို့သော် သူက ဘာမှ မဖြစ်သလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



သည်နေရာတွင် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော (၃၈)မင်္ဂလာမှ နောက်ဆုံး မင်္ဂလာ(၄)ပါးကို ညွှန်းချင်ပါသည်။

**မကြောက်ရွံ့ မတုန်လှုပ်နှင့်။**

**မတွေးတော မစိုးရိမ်နှင့်။**

**ဘာမှု မမက်မောနှင့်။**

**ငြိမ်းချမ်းသောစိတ်ကို မွေးမြူကျင့်။**

မောင်ဝဏ္ဏသည် **မကြောက်ရွံ့ မတုန်လှုပ်ပါ။ ဘာမှု မမက်မောတတ်ပါ။ ငြိမ်းချမ်းသောစိတ်**ကို မွေးမြူနိုင်ပါသည်။ သို့သော် **မတွေးတော မစိုးရိမ်ဘဲတော့ မနေပါ။** မှတ်မိသေးသည်။ ငယ်ငယ်က ကျွန်တော် ဘောလုံးကစားနေလျှင် သူက ကြမ်းကြားထဲမှ သဲများကို သွားကြားထိုးတံနှင့် ကလော်ထုတ်၊ ပြန်ထည့်လိုက် လုပ်နေတတ်သူ။ ကျွန်တော်နှင့် လုံးဝ ဆန့်ကျင်ဘက်။

ကျွန်တော်က ရန်ဖြစ်သန်သူ။ သူက ဖျန်ဖြေရေးသမား။

ကြည့်လေ။ ဒါကြောင့်လည်း သူသည် ဒဿနိကဘာသာကို ရွေးယူခဲ့တာပေါ့။ သည်တော့ သူသည် တွေးတောစိုးရိမ်သူပေါ့။

သူ့အတွေးအခေါ်များကလည်း ဆန်းသစ်သည်။ သူလေးတန်း(မူလတန်း) ကျောင်းသားဘဝက စာစီစာကုံးပြိုင်ပွဲတွင် ခေါင်းစဉ်က 'ကျွန်တော်၏အမေအကြောင်း' မောင်ဝဏ္ဏအစ အဆုံး အမေ့အကြောင်းမရေး။ အဖေ့အကြောင်းတွေသာ ရေး





သည်။ အဖေတော်ကြောင်း၊ တတ်ကြောင်းများသာ ဖြစ်သည်။ နောက်ဆုံးနိဂုံးချုပ်မှ 'ဤမျှတော်သောအဖေကို ရအောင်ယူနိုင်သော ကျွန်တော့် အမေက ပို၍ တော်ပါသည်'ဟု အဆုံးသတ်လိုက်၏။ ကိုင်း…။

နောက် သု(ဂ)တန်း(အလယ်တန်း) ကျောင်းသားဘဝတ ရေးသားသောကဗျာလေး ရှိသေးသည်။ ဒါတော့ ဘယ်ဓဂ္ဂဇင်းမှ မပါ။ သူ၏အိပ်ခန်းနံရံဘေးတွင် မြေဖြူခဲနှင့်ရေးထားခြင်းဖြစ်သည်။

"အသက်သာရှိ၊ အသက်မဲ့လျက်၊ ထိုထိုငှက်ပင်၊ တောင်စုံလင်၍၊ ကောင်းကင်တစ်ဝှမ်း၊ ပျံကျင်ကျွမ်းသော်၊ တစ်ဝမ်းတစ်စာ၊ ဘာသာရှာသည်၊ ဘယ်မှာ ဘယ်သူ့ကိုးလို့တုံး"

**မောင်ဝဏ္ဏ**

တကယ်တော့ ဒီကဗျာသည် ကိုယ်ရေးကိုယ်တာကဗျာဖြစ်သည်။ ဘာလဲဆို အဲဒီမတိုင်ခင်မှလေးမှ ကျွန်တော့်အဖေသည် ကျွန်တော်တို့အမေနှင့် ပြတ်စဲပြီး နောက်အိမ်ထောင်ပြုလိုက်သည်။

ကိုင်း… ဒါလောက်ဆို ရှင်းရော့။

ပြီးတော့ အဖေနှင့် နောက်အိမ်ထောင်ရှိရာ မန္တလေးသို့ သူစာလှမ်းရေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရယ်

ကျွန်တော် ဆယ်တန်းအောင်သည်အထိများ နှစ်နှစ်လောက် စောင့်ရောပေါ့။ အဲဒါဆိုရင် မေမေ့ကို ကျွန်တော် လုပ်ကျွေးနိုင်ပါတယ်။

သားမောင်ဝဏ္ဏ

ကျွန်တော်က အဲ့သည်တုန်းက (၄)တန်းကျောင်းသား အဖေ့ထံ ဘယ်လိုစာရေးခဲ့သလဲ။

ဖေဖေ

ခင်ဗျား၊ ကျွန်တော့်အတွက် ပတ်ကားဖောင်တိန် တစ်ချောင်း ဝယ်ခဲ့ပါ။ ကျွန်တော် စာရေးဆရာပဲ လုပ်စားတော့မယ်။

သား-ဇလကြီး

မောင်ဝဏ္ဏနှင့် ပတ်သက်၍ နောက်တစ်ချက်ရှိသေးသည်။ ကျွန်တော်နှင့် သူနှစ်ဦးစလုံး အကယ်ဒမီရပြီး မြို့တော်စည်ပင်သာယာရေး နှင့် မိလ္လာဌာနမှ ရေ၏ တန်ဖိုး ဇာတ်လမ်းတစ်ပုဒ် ရိုက်ကူးရေး အကူအညီတောင်းသည်။ ကျွန်တော်က မင်းသား၊ ခင်သီတာ ထွန်းက မင်းသမီး။ ဇာတ်ကားနာမည် 'ရေကုသိုလ်'။

သည်တုန်းက ကျွန်တော် အရက်ဖြတ်ထားသည့်အချိန်။ ညတိုင်း ပျင်းပျင်းရှိတော့ ဖဲရိုက်တာပေါ့။ ကျွန်တော်ကား လုံးဝ ကစားတတ်သူ မဟုတ်ပါ။ ထို့ကြောင့် အနားမှ စက်အဖွဲ့ သားတစ်ယောက်က ပြောပေးသည်။ သူပစ်ဆိုတာပစ်၊ သူဆွဲ ဆိုသည့်ဖဲဆွဲ။ သည်လိုနှင့် ဖဲကစားလိုက်သော ကျွန်တော် တကယ်နိုး





ပါလေရော။ နိုင်လောတွယ်လေနှင့် မိုးလင်းကာနီးမှ ပြီး၏။

နောက်တစ်နေ့ ရိုက်ကွင်းပေါ် ရောက်လေသော် ပြဿနာ တက်ပါလေရော။

ဘယ်နှယ့်ဗျာ။ ကျွန်တော်နှင့် ခင်သီတာထွန်းက မြေကြီး ပေါ်မှာ။ မောင်ဝဏ္ဏက လေးထပ်တိုက်ခေါင်မိုးပေါ်မှာ။ သူပြော တာ၊ သင်ပြတာတွေ ဘယ်မှာကြားပါ့မည်နည်း။

ကျွန်တော်တို့က အောက်မှ အိုက်တင်လုပ်လိုက်။ သူက မကြိုက်၊ ပြန်လုပ်လိုက်နှင့် လေးငါးကြိမ်လောက်ကျတော့ သူ အောက်ဆင်းလာပါလေရော။ မျက်နှာကြီးနီ၊ မျက်စောင်းကြီး ထိုးလို့ပေါ့။ မင်းသမီးတော့ မဟောက်ရဲ။ ကျွန်တော့်ကို ဆီး ဟောက်ပါလေရော။

"ဟေ့ကောင် ပြန်လုပ်စမ်း"

ကျွန်တော်က ပြန်လုပ်ပြသည်။

"ပြန်လုပ်ဦး"။

လုပ်ပြသည်။

"နောက်တစ်ခါ"။

ကျွန်တော် စိတ်ပျက်လာတော့သည်။ သို့သော် လုပ်ပေး လိုက်ပါသည်။

"ဒါလားကွ အကယ်ဒမီမင်းသား၊ ခွီးတဲ့မှပဲ"

"ကျွန်တော်လည်း တတ်နိုင်သမျှ လုပ်တာပဲ"

"ဘာလဲ မင်းမျက်စိထဲ အိုက်တင်တွေ မမြင်ဘဲ စပိတ်တစ် တွေ၊ ဒိုင်းမွန်းတွေပဲမြင်နေလား"



www.burmeseclassic.com

www.burmeseclassic.com



ဟိုက် သောက်ကျိုးနည်း၊ ဘာဆိုင်လို့ပါလိမ့်။

"ငါ မင်းကို လုပ်ခိုင်းတာ မိန်းမကို ကြောက်ရမယ်၊ ချစ်လည်းချစ်ရမယ်၊ အဲဒီအိုက်တင်ကွ"

ကျွန်တော် ခဏ စဉ်းစားပြီး ကိုင်း ကိုင်း ရိုက်မယ်ဆိုတော့ "ပြန်လုပ်ပြဦး"တဲ့။

ကျွန်တော်က ကိစ္စမရှိဘူး။ ရပြီ ရိုက်မယ်ဗျာဆိုတော့ မိုက်ကြည့်ကြည့်ပြီး တိုက်ခေါင်မိုးပေါ် ပြန်တက်သွားတယ်။

ကျွန်တော် ဘာလုပ်ရမည်ကို သိသွားလေပြီ။ ကျွန်တော်သည် ရိုက်ပြီဆိုတာနှင့် တစ်ပြိုင်နက် ဘာလုပ်သည် ထင်ပါသနည်း။ သူ၊ မောင်ဝဏ္ဏ၊ သူ့ဇနီး ဒေါ်ချိုရီရှေ့တွင် လုပ်နေကျ ခေါင်းကလေး ကုပ်ကာ ကုပ်ကာ ပါးစပ်ကလေး ပြုံးပြုံးဖြီးဖြီး လုပ်ကာလုပ်ကာ အိုက်တင်ကို လုပ်လိုက်ပါတော့သည်။

အင်း– သည်တော့မှ ကိုယ်တော်ချော အားရဝမ်းသာပြေးဆင်းလာပြီး ကျွန်တော့် ပခုံးကိုဖက်လျက် "ဒါမှပေါ့ကွ အကယ်ဒမီမင်းသားဆိုတာ"တဲ့။ အဲဒါ မောင်ဝဏ္ဏရဲ့ စရိုက်ပဲဗျာ။

သုမောင် ဤစာစုကို ရေးသားရာ၌ မောင်ဝဏ္ဏ၏ ရိုက်ချက်များအတိုင်း ဟိုခုန်သည်ခုန် ရေးပါသည်။ ပြီးတော့ သူ့ညီတစ်ယောက်အနေနှင့် မဟုတ်ဘဲ စာရေးဆရာတစ်ယောက် အနေနှင့် ရေးပါကြောင်း။ သည်တော့ ကိုကိုရေ မင်းဒီအကြောင်းတွေ ဘာကြောင့် ရေးရသလဲကွာ။ သူများတွေ အားနာစရာလည်း သည်စာဖတ်ပြီးမှသာ ကျွန်တော့်ကို ကျိန်းပါတော့။

(ရုပ်ရှင်မဂ္ဂဇင်း၊ ဇွန်၊ ၁၉၉၁)



# ကျွန်တော့်အား နိမိတ်ဖတ်ခဲ့သူများ

## (၁)

ကျွန်တော့်ကို ကျွန်တော့်အမေက မီးဖွားစဉ်ကာလ၌ မီးနေစောင့်ခဲ့သူမှာ စာရေးဆရာကြီး သခင်တင်ဦးဟုဆိုလျှင် မည်သူက ယုံကြည်ကြပါလိမ့်မည်နည်း။

တကယ်ပြောတာပါ။ ကျွန်တော့်ဖခင်၏ သူငယ်ချင်း စာရေးဆရာကြီးသည် ကျွန်တော်အပါအဝင် ကျွန်တော်တို့ ညီအစ်ကိုများအား မီးနေစောင့်တာဝန်ယူရခဲ့သည်မှာ အမှန်ပင် ဖြစ်ပါသည်။ မယုံလျှင် ကျွန်တော့်အမေအား မေးကြည့်ပါ။ ဤအကြောင်းကိုလည်း အမေ ပြောပြလေသောကြောင့် ကျွန်တော် သိရခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖေသည် အလုပ်၌သာလျှင် နစ်မြောနေတတ်သူ ဖြစ်ပါ၏။ ခဏ ခဏ မီးဖွားတတ်သော ကျွန်တော့်အမေအား ဂရုစိုက်နိုင်ခြင်း မရှိခဲ့ပါ။

စာဖတ်သူ နားရှင်းအောင် ပြောရမည်ဆိုလျှင် လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ကျော်က အဖေသည် ပဒေသာ မဂ္ဂဇင်းကို ဦးစီးလုပ်ကိုင်ခဲ့ရာ၌ သူပဲ အယ်ဒီတာ၊ သူပဲ ထုတ်ဝေသူ၊ သူပဲ ပုံနှိပ်သူ၊ သူပဲ စာရေးသူ၊ သူပဲ...

သို့ဖြစ်လေရာ အလွန် အလုပ်များသောကြောင့် မိသားစုကိစ္စကြီးငယ်များကို တတ်နိုင်သမျှ သူ၏ သူငယ်ချင်းစာရေးဖော်ရေးဖက်များအား အကူအညီတောင်းလေ့ ရှိပါသည်။ ကျွန်တော် သိရသလောက် ထိုစဉ်က အပေါင်းအသင်းများမှာ သော်တာဆွေ၊ တင့်တယ်၊ သခင်တင်ဦး၊ ဒဂုန်တာရာ စသည် (ယခု) ဆရာကြီးများ ဖြစ်ပါသည်။ ထိုအထဲတွင်မှ စာရေးဆရာကြီးသည် ရှားရှားပါးပါး အမေ၏မီးနေစောင့် တာဝန်ကို ယူခဲ့ရရှာလေသည်။ ဤနေရာတွင် ပြောစရာရှိသည်မှာ အဖေသည် အမေ့အား မကြင်နာ၍မဟုတ်။ သူငယ်ချင်းများအား ယုံကြည်စွာ တာဝန်လွှဲအပ်ခြင်း ဖြစ်လေသည်။ စောစောက ပြောသလို ပုပ်ငန်းကြီးတစ်ခုလုံးကို တာဝန်ယူနေရသည့် အလျောက် မိသားစုကိစ္စပိုင်း၌ ယူရအံ့သော တာဝန်များကို လွှဲဝေပေးခြင်းမျှသာ ဖြစ်ပါသည်။





အဖေကိုယ်တိုင်၌မူကား အမေမီးဖွားစဉ်၌ ဆေးရုံသို့ လာမဟုတ်၊ လာရှာပါသည်။ သူလာသောအချိန်ကား ညဆယ့်တစ်နာရီ၊ တစ်ချက်။

“မင်းအဖေလာပုံက ဆေးရုံ ဒိုဗီကုလားဆီက ဆရာဝန် ဝတ်စုံကို လာဘ်ထိုးငှားရမ်း ဝတ်ဆင်ပြီးလာတာကွယ်။ အမေ မြင်လေ ဒီဆရာဝန်နှယ် မည်းခြောက်ခြောက် ပိန်ကပ်ကပ်နဲ့ပါလား၊ တစ်ခါမှလည်း မမြင်ဖူးဘူးလို့တောင် ဖြစ်ရသေးတယ်”

ဟု အမေက မကြာခဏ ပြန်ပြောလေ့ရှိပါသည်။

ထို့ကြောင့် လူနာကြည့်ချိန်၊ ထမင်းပို့ချိန် စသည့် မီးနေစောင့် တာဝန်များကို စာရေးဆရာကြီးက တာဝန်ယူခဲ့ခြင်း ဖြစ်ပါတော့သည်။

❑ ❑ ❑

စာရေးဆရာကြီးသည် အဖေ့ချစ်သလို အမေ့ကိုလည်း ချစ်ပါသည်။ သူမီးနေစောင့်ခဲ့ရသော ကျွန်တော်တို့ကိုလည်း ချစ်ပါသည်။ အထူးသဖြင့် ကျွန်တော့်အား အချစ်ဆုံးဟုထင်၏။ အကြောင်းမူ ကျွန်တော်သည် မိခင်ဝမ်းမှ ကျွတ်လျှင်ကျွတ်ချင်း ကိုးပေါင်ခွဲမျှ အချိန်စီးသော အကောင်ကြီးတဲ့ဗျ။ အသားမည်းမည်း၊ ဆံပင်တုတ်တုတ်ခဲခဲနှင့် သောက်မြင်ကပ်လောက်ဖွယ် ကောင်းလောက်အောင် ချစ်စရာကောင်းသည်ဟု ဦးလေးသခင်တင်ဦးက ပြန်ပြောတတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ သောက်ကောင်ကြီးသလောက် သောက်သုံးမကျတဲ့ကောင်ကွ။ မင်းမွေးတုန်းက ဒပ်ဖရင်(ခု) ဗဟိုအမျိုးသမီးဆေးရုံကြီးပေါ့ကွာ။ အဲဒါ မင်း ငိုပြီဆိုရင် တခြားကလေးတွေပါ လိုက်ပြီး ဖားတွေလို တအုံအုံ ငိုကြလေတော့ ဘာလုပ်ရတယ် မှတ်သလဲ"

ကျွန်တော်၏ ငိုသံမှာ ပြလွန်းသဖြင့် အခြားကလေးများနှင့် အတူမထားဘဲ ပုခက်ကလေးတစ်လုံးဖြင့် ဆေးရုံဝရန်တာတွင် သီးသန့်ထားရသောဟူ၏။

သောက်သုံးပြလျှင် သီးသန့်ထားရကြောင်းကို ထိုစဉ်က ကျွန်တော် ဘယ်လိုလုပ်သိပါမည်နည်း။ မည်သို့ပင်ရှိစေ ကျွန်တော်သည် မွေးကတည်းက အသံပြခဲ့ကြောင်း မိတ်ဆွေသိလျှင် လုံလောက်ပါပြီ။

စာစာက ပြောသလို အဖေသည် တစ်ခါတစ်ရံမှသာလျှင် ဆေးရုံသို့ ရောက်တတ်သူ ဖြစ်လေရာ ကျွန်တော်၏အသံနှင့် ပတ်သက်၍ စာရေးဆရာကြီးက ပို၍ သိလေသည်။

ထိုအခါ သူက မှတ်ချက်ချလေ၏တဲ့။

**"ဒီကောင်ကြီးရင် အဆိုတော်ဖြစ်မှာပဲ"**

(၂)

ယခု ကျွန်တော်သည် စာရေးဆရာကြီး သခင်တင်ဦး မှတ်ချက်ချခဲ့သည့်အတိုင်း အဆိုတော် ဖြစ်ခဲ့ပါလေပြီ။ နှော





စာရေးဆရာဖြစ်လာဖို့ကတော့ မည်သူက နမိတ်ဖတ်ခဲ့ပါ သနည်း။ တခြား ဟုတ်ပါ၏လားဗျာ၊ စာရေးဆရာကြီး သော်တာဆွေပေါ့။

စာစာက ပြောသလို အဖေသည် မိသားစုကိစ္စအားသူငယ်ချင်းများထံ တာဝန်လွှဲအပ်ရာ၌ အမေ၏ ပြင်ပသွားလာရေးကိစ္စများကို ဦးလေးဆွေအား လွှဲပါသည်။ အမေ၏ ပြင်ပသွားလာရေး ကိစ္စဆိုသည်မှာလည်း အခြားများများစားစား မရှိပါ။ ကျောင်းဆရာမမို့ ကျောင်းနှင့်အိမ်၊ အိမ်နှင့်ကျောင်းသာ အချိန်ကုန်တတ်နေလေရာ ကျောင်းအားရက် တစ်ခါတစ်ရံ ရုပ်ရှင်ကြည့်ခြင်းလောက်သာ ရှိပါသည်။ ယင်းရုပ်ရှင်လိုက်ပြခြင်း အမှုကိစ္စကို ဆရာကြီးသော်တာဆွေက တာဝန်ယူခဲ့ရလေသည်။

ဒီလောက်မြှာပွေတဲ့ ရည်းစားများတဲ့ ဦးလေးဆွေကိုမှ ဒီလောက်လှသည့် အမေ့အား စောင့်ရှောက်စေခဲ့သည်မှာ အံ့ဖွယ်သုတပါတကား။ ဆရာသော်တာဆွေသည် အမေ၏ကိုယ်ရံတော်တပ်မှူးကလေး။

ဘာပဲဖြစ်ဖြစ် ဒါကိုကြည့်ခြင်းအားဖြင့်ပင် ကျွန်တော့် အဖေနှင့် ဆရာသော်တာဆွေတို့ မည်မျှချစ်ကြောင်း၊ မည်မျှ ယုံကြည်ကြကြောင်းကို သိလောက်ပါလေပြီ။ ကြားဖြတ်ပြောဦးမည်။ ဦးလေးဆွေသည် ကာမေသုကိစ္စ၌ အလွန်သန့်ရှင်းကြောင်းကား အားလုံးအသိပင် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ သူ့တာဝန်က ဘာဖြစ်လာသနည်း။ အမေသွားလိုရာလိုက်ပို့။

အဖေသည် ထိုခေတ်က မော်တော်ကားစီးနိုင်သော စာရေးဆရာဖြစ်သော်လည်း...

"ဟေ့... ကားဆိုတာသွားဖို့ကွ၊ ရပ်ထားဖို့ မဟုတ်ဘူး။ သွားတဲ့နေရာမှာလည်း လိုအပ်တာကို လုပ်ဖို့က အဓိက၊ ဇိမ်ခံဖို့ အဓိကမဟုတ်ဘူး"ဟု ကျွန်တော့်အား တစ်ခါက ပြောခဲ့သည်ကို မှတ်မိနေပါသည်။

အဖေသည် စွပ်ကျယ်အင်္ကျီ၊ လုံချည်မီးပေါက်၊ ခုံဖိနပ်တစ်ရန်၊ စီးကရက်တစ်ဘူး၊ မော်တော်ကားတစ်စီးဖြင့် အမြဲတမ်း အလုပ်ရှုပ်နေတတ်သော စာရေးဆရာဖြစ်ခဲ့ပါသည်။

ထို့ကြောင့် ကျွန်တော့်အမေအတွက် မော်တော်ကားသည် ဇိမ်ခံပစ္စည်း မဟုတ်ခဲ့ရပါ။ သာရေး၊ နာရေးလောက်အတွက်သာ စီးခွင့်ရခဲ့ပါသည်။ ကျောင်းနှင့်အိမ်ကလည်း အလှမ်းမဝေးသောကြောင့် တစ်ခါတစ်ရံ ဆိုက်ကား။ တစ်ခါတစ်ရံလှမ်းလျှောက်။

တစ်ခါတစ်ရံတွင်တော့မှ အဖေအားလပ်လျှင် အမေ့အား မော်တော်ကားဖြင့် သွားလိုရာသို့ လိုက်ပို့ပါသည်။ ထိုနေရာတွင်ထားခဲ့၏။ လုပ်စရာရှိသည်များကို လျှောက်လုပ်၊ ပြီးလျှင် အချိန်ကိုက်၍ အမေ့ကို ပြန်ကြိုပါသည်။ မည်သို့ပင်ဖြစ်စေ အများအားဖြင့်ကတော့ အမေ၏ စီးတော်ယာဉ်မှာ ဆိုက်ကားနှင့်





နှပ်သာ ဖြစ်ပေသည်။ အမေနှင့်အဖေ မော်တော်ကားဖြင့် အတူသွားကြသောကာလမှာ ကျွန်တော်တို့ညီအစ်ကို လေးယောက်နှင့်အတူ မြို့ထဲဈေးဆိုင်များသို့ အစားအသောက်လိုက်ကျွေးခြင်း၊ ကစားစရာ အရုပ်လိုက်ဝယ်ပေးခြင်း စသောအခါမျိုးလောက်သာ ဖြစ်ပါသည်။ ကြိုကြားကြိုကြားဆိုသလို တစ်မိသားစုလုံး ကလေးကြိုက်ရုပ်ရှင်များ ကြည့်ခြင်း၊ ကလေးများမကြည့်အပ်သဖြင့် သူတို့နှစ်ယောက်တည်း သွားကြည့်ကြခြင်းလောက်တော့ ရှိပါသည်။

မည်သို့ပင်ရှိစေ၊ အမေ၏ပြင်ပဗဟိဒ္ဓကိစ္စများအတွက်မှုကား မလိုအပ်လျှင် တစ်ယောက်တည်း၊ လိုအပ်လျှင် ဦးလေးသော်တာဆွေနှင့်။

အမေသည် ထိုစဉ်က ရုပ်ရှင်အလွန်ကြိုက်ခဲ့သည်ဟု သိရပါသည်။ အထူးသဖြင့် ဓားခုတ်ခန်းများပါသော ရာဇဝင်အင်္ဂလိပ်ကားများကို ပိုကြိုက်လေသည်။ ဒါမျိုးတွေကို အဖေက သိပ်မကြိုက်လှချေ။ ကျွန်တော်တို့ပါ ကြည့်မည်ဆိုမှ လိုက်ပို့တတ်လေသည်။

တစ်နေ့တွင် ကျွန်တော်နှင့် အမေနှစ်ယောက်တည်း ရုပ်ရှင်သွားကြည့်ရန် အကြောင်းဖန်လာလေသည်။

"ဟဲ့ တော်ရာခွေ(အဖေက ဦးလေးသော်တာဆွေကို တော်ရာခွေဟု ခေါ်လေ့ရှိပါသည်) အညိုနဲ့ဗလကြီး ရုပ်ရှင်သွားချင်လို့တဲ့။ အားတယ်မဟုတ်လား။ နင် လိုက်ပြလိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မသာစုရဲ့ ငါနဲ့မညီကိုလူတွေက လင်မယားထင်ကုန်ကြမှာပေါ့"

"ထင်ထင်ကွာ၊ တကယ်မှ မဟုတ်ဘဲ"

"ထင်တာက အရေးမကြီးဘူးဟဲ့။ မညိုက ဖြူဖြူချောချော ငါကလည်း ဖြူဖြူချောချော၊ နင့်သားဗလက မည်းမည်း သောက်ရုပ်ဆိုးဆိုးနဲ့။ ဘယ့်နှယ်လုပ်အဆင့်ပြေမလဲ"

"သွားမှာသာ သွားစွမ်းပါကွာ။ ညနေ နင်မျိုဖို့ သောက်အရက် ငါဝယ်ခိုင်းထားပေးမယ်"

ဤသို့အားဖြင့် အမေ၊ ဦးလေးဆွေနှင့် ကျွန်တော်တို့သည် ယခင်ဂလုတ်ရုံ(ယခု ဂုဏ်ရုံထင်ပါသည်)သို့ ရောက်ခဲ့ကြပါတော့သည်။ သွားကြည့်သောဇာတ်ကား၏ အမည်မှာ ဇင်းဒါးမှအကျဉ်းသား(ဆရာတင့်တယ်ဘာသာပြန်ဖူးသည်) PRISONER OF ZENDAဖြစ်ပါသည်။

ကျွန်တော်သည် ထိုစဉ်က လေးနှစ်သာသာ အရွယ်မျှသာ ရှိပါသေးသည်။ အဲဒီတုန်းက ကျောင်းများသည် အသက်ငါးနှစ်ပြည့်လျှင် လက်ခံသည်။ ကျွန်တော်တို့အား အဖေသည် စိန့်ပေါလ်(ယခု အထက - ၆)ဗိုလ်တထောင် ခရစ်ယာန်ကျောင်းတွင် ထားခဲ့ပါသည်။ ထို့ကြောင့် ကကြီး၊ ခခွေးထက် A,B, C,D ကို ပို၍ အလေးထားသင်ပေးခြင်း ခံခဲ့ရပါသည်။

ရုံရှေ့သို့ရောက်လျှင် ရောက်ချင်း ကျွန်တော် ရုပ်ရှင်ကားဆိုင်းဘုတ်ပါ ခေါင်းစီးစာတန်းကို ဖတ်ပါသည်တဲ့။ ကျောင်းနေစ





ရုလတန်းကျောင်းသားကလေးပင် ဖြစ်သော်လည်း တော်ရုံအင်္ဂလိပ်စာလုံးပေါင်းများကို ကောင်းကောင်းကြီး ဖတ်တတ်နေပါပြီ။ ယင်းသို့ ကျွန်တော်က လူကြား သူကြားတွင် ဇာတ်ကားခေါင်းစီးစာတန်းကို အော်ကြီးဟစ်ကျယ်ဖတ်လိုက်ရာဇွင်းဒါးနေရာသို့ ရောက်သောအခါ ကျွန်တော်က အမေနှင့်ဦးလေးဆွေတို့အား အောက်ပါအတိုင်း ပြောပါသည်တဲ့။ ကျွန်တော့်စကားကြောင့် နံဘေးမှ လူများလည်း ရယ်မောကြပါသည်တဲ့။

"မေမေ ဒီကောင်တွေ စာလုံးပေါင်းမှားရေးထားတယ်။ A,B,C,D ဆိုတာ A ကရှေ့ဆုံးက ရှိရပြီး၊ Zက နောက်ဆုံးမှာ ရှိရမှာ။ ခုတော့ Zက ရှေ့ဆုံးရောက်နေတယ်။ ဦးလေးဆွေ ဒီကောင်တွေကို သွားပြောလိုက်ပါဦး။ စာလုံးပေါင်း မှားနေတယ်လို့"

ထိုနေရာအခါ ဦးလေးဆွေသည် သူ၏ ပါးချိုင့်များပေါ်အောင် ရယ်မောလျက် ပြောပါသည်တဲ့။

"မညို ဒီကောင်ကြီးလာရင် စာရေးဆရာဖြစ်မှာပဲ"

ကွယ်လွန်သူ စာရေးဆရာကြီး သော်တာဆွေနိမိတ်ဖတ်ခြင်းသည်လည်း မှန်ခဲ့ပြီ မဟုတ်ပါတကား။

(၃)

1 ကျွန်တော်သည် ရုပ်ရှင်မင်းသား ဖြစ်လာမည့်ကို နိမိတ်ဖတ်ခဲ့သူကား ကျွန်တော်နှင့် အတော် အလှမ်းကွာပါသည်။ အတော်မနီးစပ်သူ ဖြစ်ပါသည်။ ထိုစာရေးဆရာကြီးကား



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အခင် ဆရာသာမုပါတည်း။ ဤသို့ဆိုသဖြင့် အဖေဖြစ်သူ ရုပ်ရှင်ဒါရိုက်တာမို့ ကုမ္ပဏီပိုင်ရှင်မို့ သားမင်းသားဖြစ်ရသည်ဟု မထင်လိုက်ကြပါရန် တောင်းပန်ပါသည်။ အဖေ၏ ဒါရိုက်တာ ဘဝတစ်လျှောက်တွင် နာမည်ကြီးမင်းသား မင်းသမီးများ၊ ဓာတ်ပို့များ၊ စူပါများ၊ အကယ်ဒမီပိုင်ရှင်များ အတော်များများသည် အဖေ့ထံ လာရောက်၍ အပူကပ်ကြသည်ကို ကျွန်တော် မင်းသားမဖြစ်ခင်ကာလ မကြာခဏ နားနှင့်ဆတ်ဆတ်ကြား ခဲ့ဖူးပါသည်။

"ဆရာ၊ ကျွန်တော့်ကို ကျွန်မကို ခေါ်ရိုက်ပါဦး။ ဆရာနှင့် ရိုက်ဖူးချင်လို့ပါ"

သူတို့သည် လက်ရှိအခြေအနေ၌ အခကြေးငွေ ရရှိနေကြောင်း၊ မည်မျှအောင်မြင်ကျော်ကြားနေကြောင်း ပြောကြပါသည်။

"ဆရာသာ ရိုက်မယ်ဆိုရင် အလကားရိုက်ပေးပါ့မယ်"

ထိုအခါ အဖေသည် အောက်ပါစကားဖြင့် အမြဲတမ်းတုံ့ပြန်တတ်လေသည်။

"ဟ မင်းတို့ကို အလကားနှုန်းနဲ့ရိုက်ရင် အလကားဒါရိုက်တာဖြစ်သွားမှာပေါ့ကွယ်။ အေး ဓာတ်နဲ့အံဝင်ခွင်ကျဖြစ်ရင် မင်းတို့ ဘယ်အခြေအနေ ရောက်နေရောက်နေ တန်ရာတန်ဖိုးပေးပြီး ငါခေါ်ရိုက်မယ်"

❑ ❑ ❑





အဖေသည် အလွန်ချေးများသော ဒါရိုက်တာတစ်ယောက် ဖြစ်ပါသည်။ မည်မျှပင် နာမည်ကြီးပါစေ ဓာတ်ကောင်းရိုက် မကိုက်လျှင် ဘယ်တော့မှ ခေါ်သုံးလေ့မရှိပါ။ ပြီးတော့ ရုပ်ရှင်ရိုက်ရာတွင်လည်း သူစျာန်ဝင်စားသည့်အချိန်မှသာ ရိုက်တတ်သည်။ တစ်ညလုံး အလုပ်လုပ်ပြီး နံနက်နေဖင်ထိုးမှ အိပ်ရာထသည်။ အိမ်သာတစ်ခါဝင်လျှင် ထိုစဥ်က ထွက်သမျှသော အင်္ဂလိပ်၊ မြန်မာသတင်းစာ အကုန် ကုန်သည်အထိကြာသည်။ အိမ်သာထဲသို့ သူ အလွန်နှစ်သက်သော ရေနွေးကြမ်းအိုးကိုပါ တစ်ပါတည်း ယူသွားလေ့ရှိသည်။ ထိုအချိန်ကာလများကို ကြိုတင်ရောက်ရှိနေသော သရုပ်ဆောင်များက စောင့်ကြရသည်။ ယခုခေတ်နှင့် ပြောင်းပြန်ဆိုပါစို့။ တစ်ခါတစ်ရံ သရုပ်ဆောင်များကို နံနက်ပိုင်းကတည်းက ခေါ်ထားပြီး ညဆယ့်နှစ်နာရီတစ်ချက်မှ ရိုက်ချင်ရိုက်သည်။ ရိုက်လျှင်လည်း အခန်းတစ်ခန်းပင် မပြတ်ဘဲလျက် ရုပ်ချင်ရုပ်ပစ်တတ်သည်။

ဤသည်ပင်လျှင် ကျွန်တော် ရုပ်ရှင်မင်းသား ဖြစ်လာရန် အကြောင်းတစ်ရပ်ပေတည်း။

❑ ❑ ❑

ကျွန်တော်၏ ပထမဆုံး ရုပ်ရှင်ကားမှာ ချစ်စံနမူဖြစ်ပါသည်။ မုန့်ဟင်းခါးသည်အဖြစ် သရုပ်ဆောင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စံနမူနာဇာတ်ကားသည် မင်းသမီး မြတ်မွန် ဟုန်းဟုန်းတောက်တောက် ကျော်ကြားစဉ်ကာလ(၁၉၆၀)ဝန်းကျင်မှ စတင်ရိုက်ကူးခဲ့ရာ နာမည်ကြီးမင်းသားငါးလက် ပြောင်းရသည်အထိ ဖြစ်ခဲ့ရသည်။ တစ်ယောက်နှင့်ရိုက်လိုက်ရင်း စိတ်တိုင်းမကျ၍ နောက်တစ်ယောက် ပြောင်းလိုက်ရင်းနှင့် နောက်ဆုံး(၁၉၇၀) ဝန်းကျင်ကာလအထိ ရောက်ရှိသွားလေတော့သည်။ ထိုအခါ တွင် မင်းသမီးမြတ်မွန်ကား မနုပျိုတော့ချေ။ မင်းသမီးကြီး ဘဝသို့ ရောက်နေပေပြီ။ ထိုအခါ အဖေသည် မြတ်မွန်အစား မင်းသမီးအသစ်တင်ရန် ကြိုးစားလေတော့၏။ မင်းသားကိုစွက်ကား နှောင်မှစဉ်းစားမည်ဟု ခေါင်းထဲမှ ထုတ်ပစ်လိုက်လေတော့သည်။

ဤသို့အားဖြင့် အဖေသည် မင်းသမီးအသစ် ရွေးချယ်ကျင်းပလေတော့သည်။ ထိုအချိန်က ရုပ်ရှင်ဖလင် အလွန်ဈေးကြီးသဖြင့် မင်းသမီးအသစ်ကလေးများကို အစမ်းသဲရုပ်ဆောင်နိုင်ရာ၌ တကယ်ဖလင်ထည့်၍ တကယ်စမ်းသပ်ရိုက်ကူး ရွေးချယ်သည်။

လူတို့၏ သဘာဝမှာ ရုပ်ရှင်မပြောနှင့်၊ မှတ်ပုံတင်ဓာတ်ပုံအရိုက်ခံရသည်ကိုပင်လျှင် အနေရခက်သော သဘာဝရှိတတ်ပါသည်။ သည်တော့ မင်းသမီးသစ်ကလေးများအား တကယ် ရုပ်ရှင်ရိုက်၍ သရုပ်ဆောင်စေသောအခါ ရှက်ကိုးရှက်ကန်း ဖြစ်ကုန်ကြလေသည်။ ပင်ကိုဗီဇများ မပေါ်တော့ချေ။





"သား ဗလကြီး သည်လိုလုပ်ကွာ၊ မင်း ကင်မရာဘေးမှာနေ၊ မင်းသားပြောရမယ့် စကားတွေကို မင်းက ပြောပေး၊ အဲဒီတော့ ဟိုကလေးမတွေက မင်းသမီးပြောရမယ့် စကားကို ဟန်နဲ့ပန်နဲ့ ပြောနိုင်လာလိမ့်မယ်။ အပေးအယူရှိမှ သူတို့လုပ်ရဲကိုင်ရဲ ရှိလာမှာကွ"

ဤသို့အားဖြင့် အဖေ၏ မင်းသမီးသစ်ရွေးပွဲ၌ ကျွန်တော်သည် ကင်မရာ၏နံဘေးမှ မင်းသားကိုယ်စား စကားထောက်ပေးရသူ ဖြစ်ခဲ့ရပါတော့သည်။

❑ ❑ ❑

လေးငါးခြောက်လ ကြာမြင့်လာသော တစ်နေ့တွင်

"သားဗလကြီး ဆံပင်သွားညှပ်စမ်း၊ ခေါင်းတုံးဆံတောက်ညှပ်ခဲ့။ (ထိုစဉ်က ယောကျ်ားလေးများ ဆံရှည်ခေတ်ဖြစ်သည်) ဒီဇာတ်ကားမှာ မင်းကို မင်းသားတင်မယ်"

ကျွန်တော်သည် အဖေ၏ အမှတ်မထင် စကားကြောင့် ကြက်သီးမွေးညင်းထ သွားရပါသည်။ ဘယ်တုန်းကမှ ကျွန်တော့်အဖို့ အိပ်မက်ပင် မမက်ဖူးသောကိစ္စ ဖြစ်ပါသည်။

"ဟာ ဖေဖေ ကျွန်တော်မှ ဝါသနာ မပါဘဲ"

"သွား။ ငါပြောတာလုပ်၊ လျှာမရှည်နဲ့"

"မဟုတ်သေးဘူး ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အဖေသည် သူ၏သွားကျိုးကလေးများ ပေါ်

သည်အထိ ပြုံးပါသည်။ ကျွန်တော့်အား ခေါင်းကို ပုတ်

သည်။ ပခုံးကို ဖက်ပါသည်။ ပြီးတော့ အောက်ပါအတိုင်း

ပြောပါသည်။

"သား မင်းသားတစ်လက်ဖြစ်ဖို့ရာမှာ စကားပြောလေ

လေသိမ်းကလည်း အရေးကြီးတယ်ကွ။ ပြီးတော့ အဖေ မင်း

ကို ဂရုစိုက်မိတယ်။ ဒီဇာတ်ကားက မုန့်ဟင်းခါးသည် အကြောင်း

ရိုက်မှာ သားရုပ်က မုန့်ဟင်းခါးသည် ရုပ်ကွ။ ကွက်တိပဲ။

(ကလျာ၊ နှုလိုင်၊ ၁၉၉





# နောက်တစ်ခွေလာပြန်ပြီဟေ့

တလောကဆီက စိတ်ရူးပေါက်ပေါက်နှင့် သီချင်းခွေ တစ်ခွေ ကိုယ်ပိုင်ထုတ်ရန် စီစဉ်ပါသည်။

စိတ်ရူးပေါက်ပေါက်ဟု ဆိုရသော်လည်း ရူးကြောင်၊ မူးကြောင် စီစဉ်သည်တော့ မဟုတ်ပါ။

ကျွန်တော့်ဘဝတွင် ရုပ်ရှင်ကားများများ မရိုက်ဖြစ်ခဲ့ ပါ။ ဗီဒီယိုလည်း အနည်းအကျဉ်းမျှသာ။ ဒါက ကျွန်တော် ၏ မင်းသားဈေးကွက်နှင့် ဆိုင်လိမ့်မည် ထင်ပါသည်။ စာ ရေးဆရာဘဝတွင်လည်း ဤနည်းနှင်ပင် ဖြစ်ပါသည်။ ၁၉၇၀ မှ ၁၉၈၀ ဝန်းကျင်တွင် ကျွန်တော်သည် စာရေးအား အလွန်ကောင်းခဲ့ပါသည်။ ထူးခြားသည်မှာ ကျွန်တော်သည် ထမဆုံး လုံးချင်းဝတ္ထုတစ်အုပ်တည်းနှင့်ပင် ရောင်းတန်းဝင် စာရေးဆရာ ဖြစ်သွားခဲ့ရသည်။ ငယ်နုစဉ်က ရေးသားသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အနုအရွ အလှအပလေးများပါသည်လည်းတစ်ကြောင်း ရေးရဲရေးဝံ့သော သတ္တိရှိသည်လည်း တစ်ကြောင်းကြော ဖြစ်ပေလိမ့်မည်။ သို့သော် ကျွန်တော်၏ မူလပင်ကိုစိတ် ဦးနှောက်သည် ယင်းအဖွဲ့အနွဲ့မျိုး၌ သာယာခဲ့ခြင်းရှိဟန်မ ပေ။ ထို့ကြောင့် ၁၄–၅အုပ်မြောက်တွင် သုမောင်၏ လုံးချင်း ဝတ္ထုများ ရေးအားကျလာပါတော့သည်။ ပြီးတော့ ကျွန်တော် နောက်ဆုံးရေးခဲ့သော ဝတ္ထု(လုံးချင်း)ပြီးဆုံးသည့် နေ့သည် ကျွန်တော့်သမီးဦးဖွေးဖွားသည့်နေ့ဖြစ်နေသည်မှာလည်း ဘဝ အချက်ပြလိုက်သော သဘောဟုထင်ပါသည်။ မည်သို့ပင်ရှိစေ ကျွန်တော်က မရေးတော့သဖြင့် ပရိသတ်နှင့် အဆက်ပြတ် သွားတာ ဖြစ်နိုင်သလို လုံးချင်းစာဖတ်ပရိသတ်၏ အာသီသ အပြောင်းအလဲလည်း ဖြစ်နိုင်ပါ၏။ ကျွန်တော်၏ လုံးချင်းဝတ္ထု များ ခေတ်မစားတော့ပါ။ တစ်အုပ်တလေ နောက်တစ်ကြိမ် ပြန်ထုတ်ကြည့်၏။ မစွံ။

ဟော... ဝတ္ထုတိုများကျတော့ စာဖတ်ပရိသတ်က ယနေ့တိုင် လက်ခံခဲ့၏။ ကျွန်တော်၏ ပင်ကိုမူလသဘာဝနှင့် ထပ်တူဖြစ်သွားသောကြောင့် ထင်ပါသည်။ အထူးသဖြင့် ကလျာ မဂ္ဂဇင်းမှ "ကွမ်းစကား"လို စာစုမျိုးကို ပို၍ နှစ်သက် ကြကြောင်း သိရပေ၏။ သာမုပါဗျာ။ ဗလဆိုသော သာ လူတစ်ယောက်က သုမောင်ဆိုသော စာရေးဆရာတစ်ယောက် အပေါ် ကိုယ့်ဘာသာပင် မုဒိတာပွားရသည်မှာ ကောင်းလေစွ





အဲ... ကျွန်တော့်ဘဝတွင် လူသုံးအများဆုံးနှင့် ကိုးလိုးကန့်လန့်အနိုင်ဆုံး အနုပညာကတော့ ဂီတပါပဲ။ မတော်တဆ ဆိုသလို ထောင်တန်းကျခဲ့စဉ်က ပျင်းပျင်းရှိ သီချင်းအော်ဆို ခဲ့လေရာ နောင်သော် တစ်ဖက်ခန်းမှ အဖော်များက သီချင်း တစ်ပုဒ်ဆိုကျွင် ဆေးပေါ့လိပ်တစ်တို ချီးမြှင့်ကြသဖြင့် ရောက် တတ်ရာရာ သီချင်းများ အော်အော်ဆိုရင်း အဆိုတော်ဖြစ်မှန်း မသိဖြစ်လာခဲ့ရသော သုမောင်သည် ပွဲဦးထွက် တေးသီချင်း ဖြင့်ပင် နာမည်တစ်လုံး ရလာခဲ့လေသည်။

စောစောက ပြောသလို တေးသီချင်းသီဆိုခြင်းသည် ကျွန်တော့်အဖို့ လူသိအများဆုံး ဖြစ်ခဲ့သည်မှာ ယနေ့တိုင် ဖြစ်သော်လည်း ကိုးလိုးကန့်လန့် အနိုင်ဆုံး ဖြစ်ခဲ့ရသည်မှာလည်း အဆိုတော် စဖြစ်ကတည်းကပင်။

ကျွန်တော်၏ ပထမဆုံးတေးမှာ ဟိုယခင်က ဓာတ်ဆရာ ဦးဖိုးစိန်တို့၊ ရွှေမန်းဦးတင်မောင်တို့ အစဉ်အဆက် ဆိုခဲ့သော မြိုင်ထဆန်ဆန်သီချင်းဟောင်း ဖြစ်ပါ၏။

ကံကောင်းချင်တော့ ယင်းသီချင်းကို ပြန်ဆိုရာ၌ စစ်ဓာတ် လမ်းရုပ်ရှင် နောက်ခံတေး ကျွန်တော့်မျက်ခွက်နှင့် ပါးစပ်လှုပ် ပြီး လိုက်ဆိုတာလည်း မဟုတ်။ ဓာတ်သီချင်းကို ဓာတ်မင်းသား ဟန်(ညာသံဆိုပါစို့)ဖြင့် ပစ်ခတ်ဆိုခြင်းလည်း မဟုတ် (ဘယ်သံ) ညင်ညင်သာသာနှင့်သာ ဆိုနိုင်ခဲ့ခြင်း၊ ဆိုင်းဝိုင်းကြီးဖြင့်ဆိုသော သီချင်းကို SLOW MOTIONခေါ် အနှေးရိုက်ချက်ဖြင့် ခေတ်မီ



www.burmeseclassic.com

www.burmeseclassic.com



သော ဇာတ်ကွက်တွင် အသုံးချခြင်းခံသော ဆန့်ကျင်ဘက်တို့ လှပစွာ ပေါင်းစည်းလိုက်သလို ဖြစ်သွားလေရာ ပရိသတ်၏ အမြင်အကြားတို့၌ ဆန်းသစ်သွားသလို ဖြစ်ခဲ့ရ၏။

ပြီးတော့ သီချင်း၏အစ ခြေဆင်းတွင် ဆရာကြီး မင်းသုဝဏ်၏ 'လယ်တောကအပြန်'အစချီ ဒွေးချိုးကဗျာ ကလေးကို ထည့်သုံးလိုက်လေရာ ထိုစဉ်က အထက်တန်းကျောင်း သုံးဖြစ်သော ယင်းကဗျာ၏ အရှိန်အဝါကလည်း ကျွန်တော့်အား တွန်းပို့သလို ဖြစ်ခဲ့ရလေသည်။ ဘာပဲပြောပြော ရုပ်ဆိုးသူများ အသံကောင်းတတ်သည်ဆိုသည့် တစ်မျိုးကြီးသော အစဉ်အလာ ကလည်း တစ်နည်းအားဖြင့် ကျွန်တော့်ကို အထောက်အကူပြု လိုက်ပုံရပါသည်။

ဤသို့လျှင် ဆိုင်းနှင့်ဝိုင်းနှင့် အဆိုတော်ဖြစ်လာခဲ့ရသော ကျွန်တော့်မှာ နောက်ပိုင်းတွင် သုမောင်ဟော့ ဆိုသည်နှင့် တီး လုံးက 'မုံ'ဆိုတာလေး တစ်ချက်လောက် ပါပါလေမှ လက်ခံ ချင်ကြသည့်သဘောမျိုးတွေ တွေ့လာရတော့၏။ (အင်း ဘုံ သို့မဟုတ် မုံနှင့်ကို အကျိုးပေးထင်ရဲ့)

ခေတ်ပေါ် တူရိယာများနှင့် တွဲဖက်ပြီး ပရိသတ်နှာ ခွဲအောင် မနည်းကြီး ကြိုးစားခဲ့ရပါသည်။ ခေတ်ပေါ် တူရိယာ ချည်းသက်သက်ဖြင့် ခေတ်မပေါ့တပေါ် သီချင်းမျိုးဆိုမိလို့ ကတော့ တာ့တာပါပဲ။ သို့သော် ခေတ်ပေါ်တူရိယာများ သံစဉ်များဖြင့်ပင် ခေတ်ဟောင်းသီချင်းတွေ ပြန်ဆိုတော့လည်း





လက်ခံကြပြန်ပါရောလား။ ဤသို့ဖြင့် ကျွန်တော်သည် တော မကျ၊ မြို့မကျ အဆိုတော်ဘဝကို ပိုင်ပိုင်ကြီး ရရှိခဲ့ပါသည်။

မည်သို့ပင်ရှိစေ ကျွန်တော်၏ သဒ္ဒအသံကိုပင် နှစ်သက် ကြကုန်သော အမာခံပရိသတ်ရှိနေသည်ကိုကား ငြင်းမရပါ။ ယင်းပရိသတ်ကြောင့်ပင် ကျွန်တော်သည် အဆိုတော် ဘဝ၌ ရပ်တည်နေနိုင်ခြင်းလည်း ဖြစ်ပါသည်။

ယနေ့ထိ ကျွန်တော် သီချင်းဘယ်နှစ်ပုဒ် ဆိုခဲ့ဖူးသည် ကို မှတ်မထားမိပါ။ အခွေ ဘယ်နှစ်ခွေ သွင်းခဲ့ပြီး မြန်မာ့ အသံဓာတ်ပြား ဘယ်နှစ်ချပ်ရခဲ့သည်ကိုလည်း မမှတ်မိပါ။ သေချာသည်ကတော့ လူ့ရုပ်ထွက်ပြရသော စတိတ်ရှိုးများ၊ မင်္ဂလာဆောင်များမှသည် တိပ်ခွေသီချင်းများ၊ ရေဒီယို သီချင်း များကိုကား ယနေ့ထက်တိုင် အမျှင်မပြတ် ဆိုနေရတုန်းပဲ ဖြစ်ပါ၏။ ပေါ်ပေါ်ထင်ထင်ထွက်ခြင်းနှင့် မသိမသာ ငုတ်စိ ငုတ်စိထွက်နေခြင်းသာ ကွာပါသည်။ ထင်ပေါ်ကျော်ကြားခြင်း ကိစ္စကိုကား 'ဇရာသဘောဖြင့် ရှောရပါသည်'ဟူ၍သာ ကျွန် တော်က ရဲသေ့စိတ်ဖြေ ဆိုပါမည်။

အစောတုန်းက ပြောသလို ကျွန်တော်၏ သီချင်းသည် ဘဝတွင် သီချင်းများစွာ ပေါင်းစုံအောင် ဆိုခဲ့သော်လည်း ယေဘုယျကို ချကြည့်လျှင် ကိုယ်ပိုင်သီချင်းထက် ဓမ္မတေးနှင့် ခေတ်ဟောင်းဆိုရာ၌ ကျွန်တော့်မတိုင်ခင်က သီချင်းမှန်သမျှ ကို ကျွန်တော့်အဖို့ ခေတ်ဟောင်းဟူ၍ သတ်မှတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်တေးများတွင်လည်း အများစုမှာ ရာသီကုန်များ ဖြစ်ပါသည်။ ယခုနောက်ပိုင်းကို ဆိုလိုပါသည်။ ယခင်သီချင်းဆို၍ လုပ်စားနိုင်စဉ်ကာလကတော့ ဘာအမျိုးအစားသီချင်းကို ဖြစ်ဖြစ် ဆိုခဲ့ရပါသည်။ ခုပြောသော ရာသီကုန်ဆိုသည်မှာ သူ့ရာသီနှင့်သူ ဆိုရသော သီချင်းမျိုးတို့ ဖြစ်ပါသည်။ ဥပမာ– ဝါကျွတ်လျှင် မင်္ဂလာစုံတွဲသီချင်းများ၊ ဝါဝင်တွင် ဓမ္မတေးများ၊ မိုးကောင်းသည့်အချိန်တွင် အလွမ်းအဆွေး သီချင်းများ၊ နောက်ဆုံး ဗုဒ္ဓမြတ်စွယ်တော် ကြွချီလာလျှင်ပင် မြတ်စွယ်တော်သီချင်းများ။ (စကားမစပ်– မကြာမတင်မှာပင် မြတ်စွယ်တော် နောက်တစ်ကြိမ် ကြွလာပေဦးမည်။ ဆိုရဦးမည် ထင်၏။) ဤသို့လျှင် ရာသီကုန်သီချင်းများသာ အဆိုများခဲ့ပါသည်။

ယင်းတို့အထဲတွင်မှ တစ်နှစ်ပတ်လုံး ဝါတွင်း(၃)လသာ ခိုးကြောင်ခိုးဝှက် အနားယူကြကုန်သော မင်္ဂလာဆောင်တေးသီချင်းများသည် ကျွန်တော်အဆိုရဆုံး စာရင်းဝင် ဖြစ်ခဲ့ပါ၏။

မင်္ဂလာဆောင်များတွင်လည်း ကျွန်တော်သည် ကြဲသလိုမင်္ဂလာသီချင်း အခါတော်ပေးသီချင်းများ ဆိုရပါ၏။ အင်္ဂလိပ်လို (WEDDING SINGER)ဟု တချို့က သတ်မှတ်တတ်ပါသည်။ မင်္ဂလာဆောင် အဆိုတော်ပေါ့လေ။ ခပ်နိမ့်နိမ့် ပြောချင်တဲ့သဘောပါ။ သို့သော် ကျွန်တော့်အနေနှင့်မူ မင်္ဂလာသီချင်း





ျား ဆိုရသည်ကို နှစ်သက်ပါသည်။ မင်္ဂလာရှိသောကြောင့် ဖြစ်ပါသည်။ မင်္ဂလာဆောင်များ၌ သီချင်းထွက်ဆိုရသည်ကိုသည်း သဘောကျပါသည်။ ကျွန်တော်ထင်သည်။ ကျွန်တော်တို့ တစ်တွေ မင်္ဂလာဆောင်မှာ သီချင်းဆိုပြီး ဗီဒီယိုတွေ၊ ဓာတ်ပုံတွေ အရိုက်ခံကြရတာဟာ တရားရုံးက လက်ထပ်စာချုပ်ဆိုတာ ဆွဲဆုတ်ပစ်လို့ရသည်။ လူတကာကို လျှောက်မပြ။ ဗီရိုထဲ သိမ်းထည့်ရုံပဲ။ ကျွန်တော်တို့နှင့် သူတို့ မင်္ဂလာစုံတွဲပုံကတော့ ညှိသည်လာတိုင်း ထုတ်ပြမည်။ သားစဉ်မြေးဆက် သွားကြမည်။ ဟုတ်စ။ ကိုင်း… ဘာပဲဖြစ်ဖြစ် သည်လင် သည်ယောက်ျားအတွက် ခိုင်မာသော သက်သေတစ်မျိုး မဟုတ်ပါလား။ ကျွန်တော်ကတော့ ဤသို့ပင် ခံယူပါသည်။

မင်္ဂလာစုံတွဲတေးသီချင်းခွေများကရောတဲ့။ ပြောမယ်ဆို ပိုလို့တောင် ကုသိုလ်ရသေးသည်။ ပုဂ္ဂလိက သဘောမပါတော့ချေ။ ဘယ်သူ့ မင်္ဂလာဆောင်မှာဖြစ်ဖြစ် ဖွင့်လို့ရသည်။

ထိုနည်းတူ အလှူမင်္ဂလာ ရှင်ပြုနားသ တေးများသည်သည်း ကျွန်တော့်အဖို့ ကုသိုလ်လည်းရ ဝမ်းလည်းဝပါပေ။

ဤသို့ဖြင့် ယခုနောက်ပိုင်းတွင် သုမောင်သည် မင်္ဂလာစုံတွဲတေးများ၊ အလှူပွဲ၊ ရှင်ပြုနားသပွဲတေးများ၊ ဓမ္မတေးများကို တန်ထရိုက်ဆွဲ၍ဆိုရသော အခြေအနေထိပင် ရောက်လာခဲ့ရပါပြီလေတော့သတည်း။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



မည်ကဲ့သို့ပင်ရှိစေ ကျွန်တော်ကတော့ ကျွန်တော်၏ အဆိုတော် ဘဝကဏ္ဍကို ကျေနပ်နေပါသည်။ ခုမြင် ခုပျောက် သဘောမျိုး ရှိတတ်သော ယနေ့ အနုပညာလောကတွင် ဤမျှ ရပ်တည်နေနိုင်ခြင်းမှာ ကျေနပ်စရာပင် မဟုတ်ပါလား။ မမြဲသော သဘောရှိသည် ဆိုခြင်းမှာ လူ့ဘဝတစ်ခုလုံးနှင့် ပတ်သက်သည့် စကားအကြီးကြီးဖြစ်သော်လည်း အနုပညာလောကကလေးကို တွက်ကြည့်မည်ဆို လျှင် စာပေသည် အတော်ပင် ခိုင်ခဲ့ပါသည်။ သဒ္ဒအသံ တေးဂီတသည် ဒုတိယ၊ ရုပ်ပြစားရသော ရုပ်ရှင်သည် တတိယလိုက်သည်ဟူ၍ ကျွန်တော်က ထင်ပါသည်။ ဤ နယ်သုံးခု၌သာ ကျင်လည်ဖူးသဖြင့် ကျွန်တော်က ဤမျှသာ ထင်ကြေးပေးရခြင်း ဖြစ်ပါသည်။

ကျွန်တော် စကားလိုရင်းကို ပြန်ဆက်ပါမည်။

ဟိုးအစ၌ ကျွန်တော်က ဆိုခဲ့ပါသည်။

စိတ်ရှုးပေါက်ပြီး သီချင်းစီးရီးတစ်ခွေကိုယ်တိုင် စီစဉ် ထုတ်မည်ဟု။

သည်လိုပါ။ စောစောက ပြောသလို ကျွန်တော်၏ တိပ်ခွေစီးရီး လောကတွင် သီချင်းပေါင်းစုံ ဆိုခဲ့ပြီးပြီ။ ယခု အရွယ်ကလေးရလာသောအခါ မှတ်တမ်းမှတ်ရာသဖွယ် သီချင်းအမျိုးအစားလိုက်၍ စုစည်းထားချင်သည်။ ဒါမျိုး လည်း ကိုယ်တိုင်လုပ်ပါမှ ဖြစ်မည်။ အထူးသဖြင့် ဈေးကွက် တွင် မတင်မကျ ဖြစ်နေသော နာမည်ကြီးခဲ့သည့် အဆိုတော်





များအဖို့ ဤကိစ္စသည် ပို၍ ခက်သည်။

ကျွန်တော်တို့လို အဆိုတော်များတွင် ဘယ်လိုသီချင်း မျိုးတွေ ဆိုချင်ပါသည်ဟု ထုတ်လုပ်သူကို စွက်ဖက်၍ မရပါ။ သူတို့ဈေးကွက်ကို ကျွန်တော်မသိပါ။ သည်တော့ ကိုယ့်စိတ် ကြိုက်လုပ်ချင်လျှင် ရှုံးသည်၊မြတ်သည်အသာထား။ ကိုယ်ပိုင်သာ လုပ်ပေရော့။

❑ ❑ ❑

ပထမဆုံး ကျွန်တော်က ကျွန်တော်၏ တစ်ဦးတည်း သော အမာခံပရိသတ်လည်းဖြစ်၊ ထုတ်လုပ်သူလည်းဖြစ်သော ဇနီးသည် အေးဘုံကို တိုင်ပင်ပါသည်။

"ဝင်းဦးသီချင်းတွေ ပြန်ဆိုပါလား"တဲ့။ သူက ကျွန်တော့် ထက် ဝင်းဦးကို ပိုကြိုက်သည်ကိုး။

"ဟာ လူတကာဆိုလို့ ကြေမွသွားသော သီချင်းများ ဖြစ်ကုန်ပြီကွ"

"အစ်ကိုချစ်ဆွေတို့ အစ်ကိုလှထွန်းတို့ဆီမှာ သီချင်း သစ်တွေ တောင်းပေါ့"

"အဆိုတော် အသစ်တွေတောင် သီချင်းဟောင်းတွေ ပြန်ဆိုနေကြတာကွာ"

နောက်ဆုံး နှစ်ဦးသဘောတူဆုံး ဖြတ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တေးဂီတအနှစ်သာရနှင့် ပတ်သက်သော သီချင်းများကို ရေးပြီး ပြန်ဆိုမည်။ အင်း... မှတ်တိုင်လည်း ဖြစ်မည်။ အကျိုးလည်း ရှိမည်။ လိုင်းလည်း သန့်မည်။ တိုင်းပြည်နှင့် လူမျိုးအကျိုးပြု ဂီတသရုပ်ဖော် တေးတွေ များစွာရှိမည်။ ကောင်းသားပဲ။

သို့သော် ယင်းတိပ်ခွေစီးရီးထုတ်လုပ်ရန်အတွက် ထုတ်လုပ်ရေးမကျွမ်းကျင်သော သုမောင်နှင့် အေးဘုံတို့ ဂီတဈေးကွက် ကွင်းဆင်းကြသောအခါ တွေ့ရသမျှသော စီးရီးလောကနှင့် ပတ်သက်သူမှန်သမျှ၏ တစ်ခုတည်းသော တူညီမေးခွန်းမှာ...

"ကိုသု နေကောင်းရဲ့လား။ သောက်သေးလား"

"ဆရာမ ကိုသုမောင်ကြီးဖြတ်ထားတယ်ဆို" ဆိုသော ပုံစံကွဲ အကြောင်းတူ အရာကြီးနှင့် ကုလားကြီးမေးခွန်းများနှင့်သာ လင်မယားနှစ်ယောက် ရင်ဆိုင်ခဲ့ကြရပါသည်။

ဤတွင်...

'ဟော့... အေးဘုံ တို့ ကိုယ်ပိုင်ထုတ်မယ့် ပထမဆုံး စီးရီးဟာ ပေါက်လည်းပေါက်ရမယ်၊ မှတ်မှတ်သားသားလည်း ဖြစ်ရမယ်ဆိုတော့ အံဝင်ခွင်ကျသီချင်းမျိုး ဖြစ်ရမယ်ကွယ့်။ သုမောင်နာမည်တပ်လိုက်တာနဲ့ အလိုလို နောက်က ကပ်ပါလာမယ့် အကြောင်းအရာမျိုးလည်း ဖြစ်ရမယ်ကွယ့်။ သိပ်ပြီး ကြော်ငြာစရာလည်း မလိုရဘူးကွယ့်။ ကိုင်း...တို့ အရက်သီချင်းတွေပဲ ထုတ်ကြစို့လား"

"အို... ကလေးကလား"

"ဟ... ဂီတအနေနဲ့ ဂန္ထဝင်မြောက်ပြီး အကြောင်းအရာအနေနဲ့သာ အရက်ဖြစ်ရမှာပေါ့။ ဆိုပါစို့။ နတ်ချင်းကွာ။ ကိုကြီးကျော်ကွာ။ ပြီးတော့ နောက်ပိတ်ဆုံး စန္ဒရားချစ်ဆွေ အထိကွာ ဘယ့်နှယ့်လဲ"

"အင်း မဆိုးပါဘူး။ ကြော်ငြာခတော့ သက်သာတာပေါ့"

❑ ❑ ❑

ကျွန်တော်၏ မဟာအစီအစဉ်ကြီးကို စတင်ခဲ့သည်မှာ ပြီးဆုံးခြင်းသို့ ရောက်ခဲ့လေပြီ။

သို့သော် တစ်နေ့...

အထက်အညာ မြို့တော်ကြီးတစ်မြို့မှ လူချမ်းသာ မိတ်ဆွေကြီးတစ်ယောက် ရန်ကုန်သို့ ရောက်ခဲ့ပါသည်။ သူနှင့်အတူ အခြားသူ့မိတ်ဆွေများလည်း ပါပါးသည် သူတို့က ကျွန်တော့်ကို မိတ်ဖွဲ့ချင်သည်ဟု ဆိုပါ၏၊ ကျွန်တော်တို့ စန်းမောင်နှံအား ညစာကျွေးပါမည်တဲ့။

ထုံးစံအတိုင်း ရန်ကုန်မြို့ ဆင်ခြေဖုံး စားသောက်ဆိုင်ကြီးတစ်ဆိုင်တွင် ဆုံကြပါသည်။ ညစာဖြစ်သည့်အလျောက် အဖျော်ယမကာများလည်း ပါပါသည်။ အဖျော်က ကျွန်တော့်







www.burmeseclassic.com

www.burmeseclassic.com



ခေါ်နီးနှင့် သူတို့ဇနီးများအတွက်။ ယမကာကတော့ ကျွန်တော်တို့ သကောင့်သားများအဖို့။

"ဟာ ကျွန်တော် မသောက်ဘူးဗျ"

"ဗျာ ဘယ်နှယ်"

"ဩော် ကျွန်တော် ဖြတ်ထားတယ် ပြောတာပါ"

"ဖြတ်ပြန်ပြီလားဗျ"

ကိုင်း ကြည့်စမ်း လာပြန်ပြီ။ ဒီအရက်မသောက်လည်းပြော၊ သောက်လည်းပြော။ ကျွန်တော် ပြောခဲ့ပါပကော။ သုမောင်ဆိုသည်နှင့် နောက်ကပ်လျက် အရက်ပါလာသည်ဟု ဒါကြောင့်လည်း စောစောကပြောသော အရက်သီချင်းများကို ချလိုက်တာပေါ့။

သည်လိုနှင့် သူတို့လည်း သောက်ကြ၊ ကျွန်တော်လည်း စားကြနှင့် စကားဝိုင်း အတော်စီလာသောအခါ...

ကျွန်တော့်မိတ်ဆွေနှင့်အတူ ပါလာသော ပုဂ္ဂိုလ်က ရင်းနှီးစကားဆိုပါသည်။

'ဆရာသု သီချင်းခွေသစ်ကလေး ဘာလေး မထွက်ဘူးလား'

ကျွန်တော့်မှာ အတော်အားတက်သွားရ၏။ အေးဘို မျက်နှာလည်း ရွှန်းလက်သွား၏။ အကြောင်းမှာ ထိုပုဂ္ဂိုလ်သည် တေးသီချင်း ဝါသနာပါသလို အရက်လည်း အတော်ကြိုက်ဟန်တူသောကြောင့် ဖြစ်၏။ ကျွန်တော်တို့ အစီအစဉ်နှင့်တော့ သည်လိုလူမျိုး ကွက်တိပဲ။

"ဟာ အတော်ပဲဗျို့။ ခုမကြာခင် တစ်ခွေထွက်တော့မှာ"

"မင်္ဂလာဆောင်ခွေလား" သူက ဝမ်းသာအယ်လဲ။

"ဟဲဟဲ မဟုတ်ဘူးဗျ။ ခင်ဗျားတို့အတွက် စပယ်ရှယ်"

"ဒါကြောင့် မေးတာပေါ့။ မင်္ဂလာဆောင်သီချင်းတွေလားလို့'

"ဟာ... မဟုတ်ပါဘူး။ ဂန္ထဝင်ဗျ။ ကျွန်တော့်အတွက် ဂန္ထဝင်သီချင်းတွေ။ အရက်သီချင်းတွေလေ ဟား... ဟား ... ဟား...အရက်သီချင်း"

ထိုပုဂ္ဂိုလ်၏ မျက်နှာသည် ရွှင်ပြုံးနေရာမှ ရှုံ့တွမသွားသည့်တိုင် အနည်းငယ်တွန့်သွားပါသည်။

"ဟာ... ဆရာကလည်းကျွန်တော်တို့အတွက်ဆို မင်္ဂလာဆောင်သီချင်း၊ အလှူသီချင်းခွေသစ်ကလေးတွေများလားလို့ လုပ်စမ်းပါဦးဗျ။ အဲဒါမျိုး သီချင်းသစ်တွေ"

ကျွန်တော် ပြောလိုသည်ကို သူနားမလည်ဘူးလား။ သူပြောသည်ကိုတော့ ကျွန်တော်က လုံးဝ နားမလည်ပေ။

သို့သော် သူက စကားဆက်သောအခါတွင်တော့ သူ့စကားအဓိပ္ပာယ်ကိုသာမက ကျွန်တော်၏ အဆိုတော်ဘဝ အဓိပ္ပာယ်ကိုပါ နားလည်လိုက်ပါတော့သည်။

"ကျွန်တော်တို့ အညာက မြို့ငယ်ရွာငယ်တွေမှာ မင်္ဂလာဆောင်တွေ၊ အလှူတွေရှိရင် ကျွန်တော်က ဗီဒီယိုလိုက်ရိုက်





www.burmeseclassic.com

www.burmeseclassic.com



ပေးရတယ်ဗျ။ ခုလို ဝါကျွတ်ဆို တစ်ချိုတစ်ချိုမနည်းဘူး
တာ။ ရိုက်တာကတော့ ထုံးစံအတိုင်း သူတို့မိသားစုနဲ့ ဧည့်
သည်တွေများများပါအောင် ရိုက်ပေးလိုက်တာပါပဲ။ အဲ ကား
ဆက်ပြီးလို့ နောက်ခံတေးထည့်ပြီဆိုရင်တော့ ဆရာရဲ့သီချင်း
ခွေတွေဖွင့်ပြီး သင့်သလို စီစဉ်လိုက်ရတာပဲ။ သူတို့ကလည်း
ဆရာ့အသံပါရင် ကြိုက်တယ်။ ဈေးပိုပေးတယ်။ ဟဲ-ဟဲ
ကျွန်တော်ကလည်း ကြိုက်တာပါပဲလေ။ ခုတော့ ဆရာ့သီချင်း
တွေက ထပ်လာပြီ။ ဒါကြောင့် အသစ်လုပ်ပါဦး ပြောတာ"

ဟိုက်။ ခုမှ ကျွန်တော်ရော အေးဘုံပါ မျက်လုံးပြူး
တော့သည်။ ဤသို့ဤနှယ် နယ်အသီးသီး၌ ကျွန်တော့်သီချင်း
များ နောက်ခံသုံးပြီး လုပ်စားနေတာ ဘယ်နှစ်ဖွဲ့ရှိနေပြီလဲ။
ပြီးတော့ အနှီသီချင်းမျိုးတွေ ကျွန်ဆော် အမျှင်မပြတ် သီဆို
နေရတာရော ဒီလိုဗီဒီယိုခွေတွေ နောက်ခံသုံးဖို့များလေလား

"အစ်ကို့သီချင်းဟောင်းလေးတစ်ပုဒ် ကျွန်တော့်ဗွီဒီယို
ဇာတ်ကားမှာ သုံးချင်လို့ မေတ္တာနဲ့ ကူညီပါအစ်ကိုရာ" ဟူ၍
ထူးထူးခြားခြား လာပြောဖူးသော ဒါရိုက်တာပေါက်စလေးတစ်ဦး
၏ စကားကို ပြန်ကြားမိတော့၏။ အင်း သူကမှ သတင်းလေး
ပေးဖော်ရသေးသည်ဟူ၍လည်း ရာကြဲကျေးဇူးတင်မိတော့၏။

ခုဟာက သူတို့ကျွေးတာတွေလည်း ပါးဖြဲ နားဖြဲ
နေမိပြီ။ ပြီးတော့ ပြောပုံဆိုပုံကလည်း ရိုးရိုးသားသားပင်
ဘယ်လို အကျိုးခံစားခွင့်မှ ပေးစရာမလိုသည့်သဘော။ သီချင်း





သစ်မထွက်သည်ကိုပင် ကရုဏာဒေါသ အပြစ်တင်နေပေချင်
သေး၏။ ဘာဥပဒေနှင့်မှလည်း တားလို့ရမည့်ကိစ္စမဟုတ်။

သူတို့အလိုအရဆိုလျှင် ကျွန်တော်ကပင် ယင်းကိစ္စ
အတွက် ဂုဏ်ယူရမည့်သဘော။

ကျွန်တော်ကတော့ အိလည်လည်ကြီး ဖြစ်သွားသော်
လည်း ကျွန်တော့်မိန်းမမူကား (ခန္ဓာကိုယ်ကလည်း ဝသည်မို့)
သူတို့ကျွေးသော ဟိုတယ်စာများကို လိုအပ်သည်ထက် ဖိ၍
စားပစ်လိုက်သည်ဟူ၏။

❑ ❑ ❑

သို့သော် မဆိုးပါဘူးဟူ၍ပင် ဆိုရမည်လား။
ကံဇာတာဂြိုဟ်စီးသည်ဟုပင် ဆိုရမလား မသိပါ။
အိမ်ပြန်ရောက်တော့ သမီးကြီးကဆီး၍ ပြောပါသည်။
"ဖေဖေ ဂီတစာဆို မောင်ကြေးမုံတဲ့ ဖုန်းဆက်တယ်။
မင်္ဂလာစုံတွဲသီချင်းသစ် တစ်ခွေ သွင်းချင်လို့တဲ့။ သူ့ဆီ ပြန်
ဆက်ပါတဲ့"

မြို့တော်၊ အမှတ်-၈၆၊ ၁၉၉၆



www.burmeseclassic.com

www.burmeseclassic.com

# တို့အိမ်

မမမာတို့ အိမ်ရွေ့ရောက်သွားတော့ ဘာမှမထူးတဲ့ အရင်က အိမ်အိုကလေးပါပဲ။ ခုဆို ပိုတောင် ယိုင်နဲ့ နေပါပြီ။

ဪ မမမာဆိုတာ ဦးလေးကိုအောင်စိုးရဲ့ ဇနီးပါ။ ဦးလေးကိုအောင်စိုးဆိုတာကတော့ တစ်ချိန်က လျှမ်းလျှမ်း တောက် ပန်းချီဆရာကြီး ဗဂျီအောင်စိုးပေါ့။ ကျွန်တော်တို့၏ ဆရာကြီးပေါ့။ ဟဲ့ ဘယ့်နှယ့် သုမောင်က ပန်းချီပညာ သင်ဖူးသလားလို့ မိတ်ဆွေက မေးလိမ့်မယ်။ မသင်ဖူးရပါဗျာ။

အဲဒီကာလ စာပေနယ်ဝင်ခါစမှာ လက်ဝဲစာရေးဆရာ ပန်းချီဆရာမှန်သမျှ အထင်ကြီးတဲ့ ခေတ်ကိုး။ တွေ့လေရာ စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာတွေ ကပ်ခဲ့တဲ့ အချိန်ပေါ့။ နော့– ခင်ဗျား အဖေတို့၊ ဆရာသော်တာဆွေတို့ ရောတဲ့။ သူတို့က ကျွန်တော်တို့ ချာတိတ်တွေကို အကပ်မခံကြပါ။

သည်တော့ လူငယ်တွေကို အကပ်ခံတဲ့၊ လူငယ်တွေနဲ့





ပေါင်းတဲ့ဆရာတွေဆီ ကပ်ရတော့တာပေါ့။

ဆိုပါစို့။ ဆရာအောင်လင်း၊ ဆရာမင်းကျော်။ အဲ... ဦးလေးဗဂျီအောင်စိုး စသည်ဖြင့်ပေါ့။

သင်းတို့ကလည်း ကျွန်တော်တို့ အကပ်ကို ခံကြသည်။ ခံမှာပေါ့။ ကျွန်တော်တို့က အရက်ဝယ်ပေး၊ ဟိုဟာသည်ဟာ လုပ်ပေးပေကိုး။ ကျွန်တော်တို့ကလည်း အသောက်သင်စ။

ကိုင်း ခုနစကား ပြန်ဆက်ကြစို့။

ကျွန်တော် သည်စာပေနယ်ဝင်တော့ ဆရာတော်တော် များများထံ တပည့်မခံဘဲ အရက်ငှဲ့ပေးရင်း လိမ္မာစွာနှင့် ပညာရှာခဲ့သူပါ။

ဦးလေးဗဂျီအောင်စိုးကို တစ်နေ့ ကျွန်တော်က မေးပါသည်။

"ဦးလေး ပန်းချီရဲ့ အဓိကအကျဆုံး အမြုတေဟာ ဘာလဲဗျ"

ထိုအခါ သူက သူ့ပန်းချီရေးတဲ့ စာရွက်ရုတ်ကလေး ထုတ်တဲ့ပြီး ဖောင်တိန်တစ်ချောင်းနှင့် အောက်ပါပုံကို စ၍ ရေးပါတော့သည်။

ဘာမှမဟုတ် မင်စက်ကလေးတစ်စက်ပါ။

"ဒါ ဘာခေါ်သလဲကွ"

"အစက်ကလေးပေါ့ ဦးလေးရဲ့"

"အေး အဲဒီအစက်ကလေးကို အင်္ဂလိပ်လို (Dot)လို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သကွ။ ကိုင်း အဲဒီအစက်ကလေးကို ဟောသလို နံဘေးက ဘောင်လေးဖက် တပ်လိုက်တော့ ဘာဖြစ်သွားသလဲ"

"ဟာ အမှတ်အသား Point ဖြစ်သွားတာပေါ့"

"ကောင်းပြီ။ အဲဒီ Pointကလေးပေါင်း ဒီဘောင်ထဲ ဘယ်နှစ်ခု သွင်းနိုင်သလဲ"

"အများကြီးပေါ့"

"ကောင်းပြီ။ ဟောဒါဘာလဲ"

"ဝလုံး Zero"

"ဒီဝလုံးပေါင်း ဟောဒီဘောင်ထဲ ဘယ်နှစ်လုံးသွင်းနိုင်သလဲ"

"ဟာ အလုံး ၁၀၀လောက် ဆံ့မှာပေါ့"

"ကောင်းပြီ၊ ဟောဒီဝလုံးကြီးရောကွာ"

"ဆယ်လုံး"

"ဒါဖြင့် ဒီဝလုံးအကြီးကြီးကျတော့"

"တစ်လုံးပေါ့"

"အေး အဲဒါပဲကွ။ ကြီးလေးကြီးလေ ကျဉ်းကျပ်လေ ငယ်လေငယ်လေ လွတ်လပ်လေဆိုတာပဲ"

သူက အထက်ပါလေးကို ဆွဲပြရှင်းပြသော်လည်း ကျွန်တော့်မှာမူ တစ်သက်ရေးမကုန်အောင် ဝတ္ထုတွေ၊ စာစုတွေ ရလိုက်ပါတော့သည်။ အဘယ်နည်းဟူမူ...

ရိုးသားလေလေ၊ လွတ်လပ်လေ၊ အနုပညာဆန်လေ။





ကောက်ကျစ်လေလေ၊ ကျဉ်းကျပ်လေ အနုပညာမဆန်လေ။

ရိုးသားခြင်းကို အခြေခံ၍ ရသပါအောင် ဖွဲ့နိုင်လေလေ၊ အနုပညာကောင်းဖြစ်လေလေ။

ကောက်ကျစ်ခြင်းကို အခြေခံ၍ ရသပါအောင် ဖွဲ့လေလေ၊ အနုပညာမဆန်သော ညစ်ညမ်းမှုဖြစ်လေလေ။

ကိုင်း– ဒီအခြေခံသဘောတရားလေးပေါ် အခြေခံပြီး ကျွန်တော် စာတွေရေးလာတာ ဘယ်လောက်များပြီလဲ။

အမှန်က ဒါသည် အခြေခံပါ။ တကယ်တမ်း စာရေးလာသောအခါ ယင်းပေါ်မူတည်၍ ချဲ့စရာတွေ ကျွန်တော့်မှာ အများကြီး ဖြစ်လာခဲ့သည်။

သို့သော် စာရှည်မည်စိုးသည်တစ်ကြောင်း၊ လိုရင်းကိစ္စမရောက်မည်တစ်ကြောင်းကြောင့် ဤမျှဖြင့် နိဂုံးတံ။

❑ ❑ ❑

ဆိုခဲ့သလို ဦးလေးအိမ်မှာ အစက်ကျစဉ် မှတ်မိသလောက် ဆရာ ပန်းပုဆန်နီညိမ်း၊ ကဗျာဆရာမြေချစ်သူစသည်တို့ပေါ့။ သည်လိုပဲ ဦးလေးနှင့် လုပ်ကိုင်စားသောက်ခဲ့ကြသည်။

သေချာတာကတော့ အစားအသောက်ကိစ္စပါပဲ။ ဦးလေးသည် တော်တော်ဆိုးသော သူဖြစ်သည်။ မမမာခများ သူ့ဒဏ်



www.burmeseclassic.com

www.burmeseclassic.com



အတော်ခံရသည်။ သူ့ဒဏ်သာမက ကျွန်တော်တို့ဒဏ်ပါ ခံရသည်။ စားသောက်သည်ဆိုရာ၌ မမမာချက်သော ထမင်းဟင်း မမမာရောင်းသော အကြော်ဟွေစား၊ အရက်သောက်တာကို ဆိုလိုသည်။

မမမာသည် ကျွန်တော်တို့ကို သူ့ဝမ်းမနာသားတွေလို ချစ်သည်။ ကျွန်တော်တို့ ဘယ်လောက်ဆိုးဆိုး သည်းညည်းခံသည်။ ခံနိုင်မှာပေါ့။ သူ့ယောကျ်ားက ပိုဆိုးတာကိုး။

ကျွန်တော်တို့သည် မမမာအိမ်တွင် စားသောက်ရုံမက အိပ်ကြသည်။ သူ့အိမ်ကလေးသည် နှစ်ပင်တစ်ခန်း အိမ်တစ်ဆောင်မျှသာ။ ဘုရားစင်ရော၊ ဧည့်ခန်းရော၊ ထမင်းစားခန်းရော ဒီမှာပဲ။ ပြီးတော့ အိမ်ကြမ်းပြင်က စောင်းနေသေးသည်။

သည်ကြမ်းပြင်စောင်းမှာသာ စုပြီး အိပ်ကြသည်။

ဦးလေးက သရဲကြောက်တတ်သည်။

ကျွန်တော်တို့က အချိန်မတော် သရဲသွားခြောက်သည်။ ကျွန်တော်တို့ သရဲလုပ်ခြောက်ပြီဆိုလျှင် သူတို့အိမ်နောက်က ထုံးဖြူဖြူစေတီလေးပေါ် ဦးလေးတက်ပြေးရသည်။

ကိုင်း– သူက ကျွန်တော်တို့ကို နှိပ်စက်တာ ကြည့်ဦးမလား။ အင်း တစ်ခါက ကျွန်တော်နှင့် ဆန်နီညိမ်းကို အဖော်ခေါ်ပြီး မြို့ထဲသို့ ဆိုက်ကားနှင့် သွားသည်။ လမ်းမှာ အရက်ဝင်သောက်သည်။ သူ မကျေနပ်သည့်အိမ်များလှည့်ကာ ဆဲသည်။ နောက်ဆုံး မြို့ထဲရောက်တော့ သူပါဝင်သော ရုပ်ရှင်ကား [illegible]





သည့်ရုံရှေ့တွင် ရှုးရှူးတွေ ထိုင်ပန်းသည်။ မှတ်ကရောပဲ။

မမမာကား လင်ဆိုးမယား တဖားဖားပင်။ သူ့လင်အနွံရော ကျွန်တော်တို့အတာကိုပါ ခံရရှာသည်။

ဘာပဲဖြစ်ဖြစ် ဦးလေးနှင့် မမမာကို ကျွန်တော်တို့ ချစ်ကြသည်။

မရောက်ရောက်အောင် သွားကြသည်။ သွားပြီဆိုလျှင် သချာတာတစ်ခုက အရက်ပါသွားခြင်းပင်။ အဲဒီတုန်းကတော့ အရက်ဖြူပေါ့ခင်ဗျာ။ ပြီးတော့မှ မမမာ အကြော်ဆိုင်မှ အမြည်းအဖြစ် အကြော်တွေ ယူစားသည်။ နှိပ်စက်ကြသည်။

❑ ❑ ❑

လောကကြီးသည် အချိုးညီညီ ပြောင်းလဲနေသည်လား။ တစ်ဖက်သတ် ပြောင်းလဲနေသည်လား။ ဥယာဉ်မှူးနှင့် ပန်းပွင့်၊ ပန်းပင်တို့ သဏ္ဍာန်တူသလားတော့ မပြောတတ်ပါ။

မမမာနှင့် ကျွန်တော်တို့ အခြေအနေကတော့ တစ်မျိုးဖြစ်သည်။ ဦးလေးဗဂျီအောင်စိုးဆုံးပြီးတော့ မမမာ ပို၍ ဆင်းရဲသွားသည်။ ကျွန်တော်တို့ ဆန်နီညိမ်းတို့ ပိုချမ်းသာလာကြသည်။ သို့သော် အသွားအလာကား မပျက်ခဲ့ပါ။

သို့သော် သွားတိုင်း အရက်ပုလင်း မပါဘဲမသွား။ မေးဘဲမပြန်။ မမမာကျွေးသော အကြော်မစားဘဲ မပြန်။ မမမာ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ကျွန်တော်တို့ လာပြီဆိုလျှင် ကျေနပ်သည်။

မလာလျှင် မျှော်ရသတဲ့။ ဘာမျှော်လင့်ချက်နှင့်မှ မဟုတ်။ အထူးခြားဆုံးမှာ ကျွန်တော်တို့ဆိုက်ကားနှင့် ရောက်စဉ်ကလည်း မမမာ မထူးခြား၊ လေးဘီးစီးလာတော့လည်း သည်အတိုင်း။ 'ဃ' နံပါတ်ကားကလေးနှင့် ရောက်လာတော့လည်း ဘာမျှ မဖြစ်။

သေချာတာက သူ့အိမ်မှာ အရက်လာသောက်ကြတော့မည်။ သူ့ကို နှိပ်စက်ကြတော့မည်ကိုသာ မျှော်လင့်ထားသည်။

❑ ❑ ❑

မမမာဆီ မရောက်တာကြာပြီမို့ ရောက်ဖြစ်ခဲ့သည်။

သည်တစ်ခါ ကျွန်တော်သည် ရှုပါရဖ်ကားနှင့်။

မမမျက်နှာ ဝင်းလက်သွား၏။ ရှုပါရဖ်အရှိန်နှင့် မဟုတ်။ ကားကိုကြည့်ပင်မကြည့်။ ကျွန်တော့်ကိုသာ ဝမ်းသာအားရ ပြေးဖက်ကြိုသည်။ ကျွန်တော့်မျက်နှာကိုသာ ကြည့်ရှုစစ်ဆေးသည်။

"ဗလ မင်းသောက်သေးလား"

"မသောက်တာကြာပြီ မမ့"

"အေး ကောင်းပါတယ်ကွယ်"

ကျွန်တော်က ရယ်ကျဲကျဲ လုပ်သည်။

"မဟုတ်ဘူး။ ခုနည်းနည်းသောက်ချင်လို့မမအိမ်လာတာ"





"ခွေးကောင် ထင်သားပဲ။ လာ အိမ်ပေါ်ကြွ'

သည်တစ်ခေါက်တော့ ကျွန်တော့်ကို မင်္ဂလာဆောင်တစ်ခုက လက်ဖွဲ့လိုက်သော VAT 69 တစ်လုံးပါလာသည်။

"မောင်မြင့်စိုး (မမသားကြီး)လာကွာ'"

"မမ သူတို့လည်း နည်းနည်းတိုက်မယ်နော်"

"အမလေး သူနဲ့ သူငယ်ချင်းတွေ ညနေတိုင်း ငါ့နှိပ်စက်နေကျ"

ကျွန်တော်သည် အိမ်ရှေ့က ရှုပါရဖ်ကိုရော၊ မင်္ဂလာဆောင်မှ ဝတ်စားလာသော ပိုးထည်များကိုရော မေ့သွားသည်။

မမမာ၏ ပို၍ ယိုင်နေသော ကြမ်းပြင်ပေါ် ထိုင်လိုက်တော့ ကျွန်တော့်ကိုယ်သည် (၃၀)ဒီဂရီလောက် စောင်းနေသည်။ မမမာက အမြည်းသွားယူပေးသည်။

အရက်နှစ်ပက်လောက်သောက်ပြီးတော့ ကျွန်တော်သည် သုမောင်မဟုတ်တော့။ မမမာသည်လည်း အဘွားကြီး အိုကြီး မဟုတ်တော့။ ကျွန်တော်တို့ ငယ်ငယ်က ပုံစံဖြစ်နေသည်။

ထိုအချိန်တွင် ဦးလေးဗဂျီအောင်စိုး၏ ပုံတူပန်းချီကားကြီးသည် အိမ်နံရံမှ နေ၍ ပြုံးပြုံးကြီး ကြည့်နေသည်။

"လုပ်နှင့်ကြဦးပေါ့ကွာ"ဟု ပြောနေသယောင်။

ကျွန်တော်သည် ငယ်ငယ်က ပညာသင်ခဲ့သော ကျောင်းအိုလေးထဲမှာပါလား။

(စစ်ပြန်၊ ရှုလိုင်၊ ၁၉[illegible])



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်သိသော သာမု

## (၁)

"ဟော့- သား၊ ဒီကောင်နောက်တစ်ခါ ခြံထဲမလာစေနဲ့။ လာရင်လဲ မောင်းထုတ်ပစ်။ မင်းပြောရမှာ အားနာရင် အဖေ မရှိဘူးလို့ပြော။ အိမ်မှာ ကြာကြာထိုင်ခံမနေနဲ့"

အဖေ၏ အမိန့်သည် တစ်ကြိမ်ဆိုလျှင် ပြီးပြီဖြစ်၏။ မပြင်တော့ချေ။ သို့သော် ကျွန်တော့်အနေနှင့်မူ အားနာတတ်ခြင်း ဇီဇ အမေ့ဘက်ကပါလာသဖြင့် အထွန့်တက်ခဲ့ပါသည်။

"လူကြီးလူကောင်းတစ်ယောက်ပဲ ဖေဖေရယ်။ အားနာစရာကြီး"

"မရှည်နဲ့။ အဖေပြောတာလုပ်။ ဘာကြောင့်ဆိုတာ အဖေ အိမ်သာက ဆင်းလာတော့ ရှင်းပြမယ်"





အဖေသည် ပြောပြောဆိုဆိုပင် သတင်းစာများက တစ်ဖက်၊ ရေနွေးကြမ်း မတ်ခွက်တစ်ဖက်ကိုင်လျက် အိမ်သာဘက်သို့ ထွက်သွားပါတော့သည်။

အဖေသည် ထိုစဉ်က ထွက်သမျှသော မြန်မာ-အင်္ဂလိပ် သတင်းစာ အားလုံးယူသည်။ အကုန်လုံး ကုန်အောင် အိမ်သာထဲမှာ ဖတ်သည်။ သူ့မတ်ခွက်ကြီးထဲမှ ရေနွေးကြမ်းကုန်လျှင် အိမ်သာထဲမှပင် ကြေးခေါင်းလောင်းကလေးကို ဆွဲ၍ ခေါ်သည်။ ရေနွေးကြမ်း ထပ်ဖြည့်ခိုင်းသည်။ ကျွန်တော်တို့ အိမ်သာထဲတွင် ရေနွေးကြမ်းနှင့် သတင်းစာတင်ရန် သစ်ပြားစင်ကလေးတစ်ခု ရိုက်ထားပါသည်။ သည်အကျင့်မှာ ကျွန်တော် သိတတ်စ အရွယ်ကတည်းက အဖေ၏ အိမ်သာတက်နည်း အကျင့်ဖြစ်ကြောင်း ကျွန်တော်သိခဲ့ပါသည်။

အဖေအိမ်သာထွက်သွားလျှင်ပင် ကျွန်တော်သည် ကျွန်တော့်၏ ဧည့်ခန်းတွင် ထိုင်လျက် အဖေ၏ အပြုအမူကို စဉ်းစားနေတော့သည်။ စောစောက အဖေ ဘာကြောင့် ထိုအပြုအမူကို လုပ်ခဲ့ကြောင်း ကျွန်တော် နားမလည်သည်မှာ ဒါပါနှင့်ဆိုလျှင် နှစ်ကြိမ်ရှိပါပြီ။ ပထမတစ်ကြိမ်ကို အရင်ပြောပါမည်။ စောစောက ကိစ္စကိုကား ပြီးမှပြောပြပါမည်။

ယင်း ပထမအကြိမ်အဖြစ်အပျက်ကား ၁၉၆၄ခုနှစ်လောက် (ကျွန်တော် ၁၂-နှစ်သားလောက်)က ဖြစ်ပါသည်။ ဗိုလ်ချုပ်ဈေးတွင် ဖြစ်၏။ ထိုစဉ်က ပပက (ပြည်သူ့ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



ကော်ပိုရေးရှင်း)ဆိုင်များ ခေတ်ဦးဖြစ်၏။ လူတွေ အထူးအဆန်း ဈေးဝယ်ကြရသော ကာလဟု ဆိုပါဆို့။ ကိုယ်လိုချင်သော ပစ္စည်းကို လိုသလောက် ဝယ်၍မရပါ။ ဆိုပါစို့။ လူတစ်ယောက် နို့ဆီဝယ်လိုလျှင် လိုသလောက် မဝယ်ရ။ တစ်ယောက်လျှင် တစ်ဘူး။ ဤသို့ဖြစ်၏။ တန်းစီတိုးစားဟူသော စကားရပ်ပင် ပေါ်ခဲ့ပါသည်။

ကျွန်တော်သည် အဖေသွားလေရာရာသို့ ငယ်စဉ်ကတည်းက (ကျောင်းအားလျှင်)တကောက်ကောက် လိုက်တတ်သူဖြစ်ပါသည်။ စောစောက ပြောသလို ဗိုလ်ချုပ်ဈေးသို့ သွားကြသည်မှာ ထိုစဉ်က ခေတ်စားခဲ့သော ဘောလ်ပင်ဝယ်ယူရန် ဖြစ်၏။ (ဖောင်တိန်အသုံးများဆဲ ကာလ)။ အဖေသည် စာရေးရာ၌ ဘောလ်ပင် ရောင်စုံသုံးသည်။ ဆိုပါစို့။ ခေါင်းစီးစာတန်းကို အစိမ်းရောင်၊ စာသားကို အပြာရောင်၊ အရေးကြီးသည့် စာလုံးစာပိုဒ်တို့ကို အနီရောင် စသည်ဖြင့် ဖြစ်ပါသည်။

ဤသို့ဖြင့် ဗိုလ်ချုပ်ဈေးသို့ ရောက်သောအခါ စားသောက်ဆိုင်များ၌လောက်သာ လူတွေတန်းစီနေကြပြီး စာရေးကိရိယာဆိုင်တွင်မူ လူသူကျဲပါး နေပါသည်။

အဖေက အရောင်းစာရေးအား ဘောလ်ပင် အရောင်သုံးမျိုး သုံးချောင်းလိုချင်ကြောင်း ပြောပါသည်။

အရောင်းစာရေးက...





"တစ်ယောက်တစ်ချောင်းနှုန်းပဲ ရမယ်"ဟု ခပ်ပြတ်ပြတ်ပင် ပြောပါသည်။ အဖေက ပထမအဆင့်အနေနှင့် အလျှော့ပေးကာ–

"ဒါဖြင့် ဒီကလေးအတွက်ပါဆို နှစ်ချောင်းပဲ ရောင်းပါ" ဆိုတော့–

"ဟာ– ကလေးအတွက်မရောင်းဘူး"ဟု ပြန်ပြောပါသည်။

ကျွန်တော်က ကလေးမျှသာ ဖြစ်သဖြင့် သဘောမပေါက်သော်လည်း အဖေနှင့် ထိုအရောင်းစာရေးတို့ အချီအချ စကားများပါတော့သည်။

အဖေသည် နားလေးသူဖြစ်သောကြောင့် ထိုသူပြောသည်ကို မကြားတစ်ချက် ကြားတစ်ချက်။ ထိုအခါ ထိုသူက အော်ဟစ် ပြောရသည်။ အဖေက ပြန်အောင်သည်။ ဆိုင်တွင်းရှိ လူများ ကျွန်တော်တို့သားအဖထံ မျက်လုံးများ ရောက်ကြသည်။

ထိုစဉ် ဆိုင်ထိုင် မန်နေဂျာ စစ်ဗိုလ်တစ်ယောက် သူ့စားပွဲမှ ထလာပြီး အခြေအနေကို မေးပါတော့သည်။ အဖေကလည်း ပြော၊ အရောင်းစာရေးကလည်း ရှင်းပြနှင့်ပေါ့။

"ဩော် စာရေးဆရာ ဦးသာမှကိုး။ ဟော့– စာရေးဆရာဆိုတာ ဖောင်တိန်၊ ဘောလ်ပင် လိုအပ်တာပဲကွ။ သူလိုသလောက် ရောင်းပေးလိုက်"

ဤသို့ဖြင့် အဖေလိုချင်သော ဘောလ်ပင်သုံးချောင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့ပါသည်။ သို့ရာတွင် အရောင်းစာရေး၏ မချေမငံ ဆက်ဆံ ရေးကိုကား ဒေါသပြေပြေ ပြန်မတုပ်ပါ။ ကျွန်တော့်လက်ကို ဆွဲလျက် ဆိုင်ထဲမှ ဆောင့်၍ ထွက်ခဲ့ပါတော့သည်။

ဆိုင်ထဲမှ ထွက်ထွက်ချင်းပင် မျက်နှာချင်းဆိုင်မှ လျှောက်လာသော လူတစ်ယောက်က ကျွန်တော်တို့ကို ကျော်သွားပြီးမှ ပြန်လှည့်လာပုံရသည်။ နောက်ကျောမှနေ၍–

"ဆရာ– ဆရာ။ ဆရာသာခု"ဟု လှမ်းခေါ်ပါသည်။ အဖေကား လှည့်မကြည့်ပါ။ မကြားသောကြောင့်ဟု ကျွန်တော်က ထင်ပါသည်။ ထိုအခါ ကျွန်တော်က အဖေ့လက်ကို ဆတ်ဆတ်ကလေးဆွဲပြီး "ဖေဖေ ဟိုမှာ ခေါ်နေတယ်"ဟု ပြောပါသည်။ အဖေသည် ကျွန်တော့်လက်ကလေးကို ဖျစ်ညှစ်၍ အသာနေစမ်းဟု မျက်နှာထားဖြင့် လျှောက်မြဲ လျှောက်ပါသည်။

ထိုပုဂ္ဂိုလ်ကား ဖွဲ့မလျှော့ဘဲသုတ်သုတ် သုတ်သုတ်လိုက်လာပြီး အဖေ၏ လွတ်နေသော လက်တစ်ဖက်ကို လှမ်းဆွဲပါသည်။

ထိုအခါ အဖေသည် ကျွန်တော်ပင် လန့်ဖျပ်သွားလောက်အောင်–

"အို"ဟု ဒေါသသံ လွှမ်းပြီး ဘောက်ဆတ်ဆတ်တစ်ချက်အော်လျက် ထိုသူ့လက်ကို ပုတ်ချပစ်လိုက်ပါတော့သည်။ ထိုသူသည် ရှက်ကိုးရှက်ကန်းဖြင့် မတ်မတ်ကြီး ကျန်ရစ်ခဲ့သည်





ကို ကလေးမျှသာ ဖြစ်သော ကျွန်တော်ပင် အားနာမိခဲ့သည်ကို ယခုတိုင် မှတ်မိနေပါသေးသည်။

"အဖေကလည်းဗျာ"ဟု ကျွန်တော်က ပြောသောအခါ "ဒီလောင်လူလိမ်ကွ။ လူလိမ်တွေနဲ့ အရောမဝင်နဲ့။ အဲဒါပဲ သားခေါင်းထဲ မှတ်ထား"

(၂)

အဖေသည် သူခံတွင်းမတွေ့သူများကို လုံးဝ ဆက်ဆံလေ့မရှိပါ။ ပုံသေအားဖြင့်မူ အကြောင်းမဲ့ အလည်အပတ်လာသော ဧည့်သည်များကို အဖေသည် ကြာကြာ လက်ခံစကားပြောလေ့ မရှိပါ။

ထို့ကြောင့်ပင် 'ဧည့်သည်'ဟူသော ရုပ်ရှင်ဇာတ်ကားကို ကိုယ်တိုင် သရုပ်ဆောင်ပါဝင်၍ ရိုက်ကူးခြင်း ဖြစ်ပါသည်။ အဖေ့ရုပ်ရည်သည် ကျွန်တော့်ထက် နှစ်ဆလောက် ဆိုးပါသည်။ အသက်ကလည်း (၄၅)နှစ်အရွယ်။ ထိုစဉ်က ကျော်ဆွေ၊ ထွန်းဝေ၊ ကောလိပ်ဂျင်နေဝင်း၊ မြတ်လေးတို့ ခေတ်စားနေခဲ့သည်။ ကိုဝင်းဦးကား စူပါစတားပေါ့။ သည်ကြားထဲကပင် အချစ်ဇာတ်လမ်းမဟုတ်သော ဧည့်သည်များအကြောင်းကို သူ့ရုပ်နှင့် အရဲစွန့်ရိုက်ကူးခဲ့ရာ အကြီးအကျယ် အောင်မြင်ခဲ့လေသည်။ (မှတ်ချက်ချရန်မှာ ပရိသတ်၏ ခံစားမှုကို ထွက်ပေါက်ပေးနိုင်သော ဇာတ်လမ်းဇာတ်ကွက်များကို ပညာပေးရိုက်ကူးနိုင်



www.burmeseclassic.com

www.burmeseclassic.com



လျှင် အောင်မြင်မည်မလွဲ ဟူလို။)

ယင်း ညည့်သည်ဇာတ်ကား၏ ဇာတ်ကွက်များမှာ အလိုက်ကန်းဆိုးမသိတတ်သော ညည့်သည်များအကြောင်းပင် ဖြစ်ပါသည်။ အိမ်ရှင်၏ အိမ်တွင်းရေး အခြေအနေ၊ စီးပွားရေး အခြေအနေကို သတိမမူ 'သတိရလို့ပါ'၊ 'အလည်လာတာပါ' ဟူသော စကားမျိုးဖြင့် ရောက်တတ်ရာရာ ပြောဆိုရင်း အချိန်တွေ အလဟဿ ကုန်စေနိုင်ကြောင်း ပညာပေး ဖြစ်၏။ အိမ်ရှင်လင်မယား ရန်ဖြစ်ထားကြသည်ကို မသိ၊ ရယ်စရာ မောစရာတွေ ပြောလိုပြော၊ ခြင်ထောင်၊ ခေါင်းအုံးပို ရှိ၊မရှိ မသိ။ ညအိပ်ညည့်သည်လာတတ်သည်မျိုး။ ငါးပိ၊ ငါးခြောက် ကုန်ကူးရင်း အိမ်ရှင့်အိမ်မှာ ယင်းကုန်စည် အနံ့အစော်များဖြင့် စတည်းချလိုချ စသည့် အလိုက်မသိသော ညည့်သည်များ အကြောင်းကို ရိုက်ကူးတင်ပြခဲ့ခြင်း ဖြစ်၏။

လူများစု ခံစားနေရသော ဒုက္ခကို ရဲရဲဝံ့ဝံ့ တင်ပြခဲ့သဖြင့် အောင်မြင်မှုရခြင်း ဖြစ်ပုံရလေသည်။

ကျွန်တော်တို့ မြန်မာ့ နယ်ပယ်တွင် အားနာတတ်လွန်းခြင်း၊ 'ညည့်လာမှ အိမ်သာတယ်' ဟူသော စကားကို လက်ခံလွန်းခြင်းတည်းဟူသော ယဉ်ကျေးမှုတစ်ရပ်လို ဖြစ်နေသော အစဉ်အလာကို တော်လှန်ခြင်းပင် ဖြစ်သည်ဟု ဆိုကြပါစို့။

ဘာပဲဖြစ်ဖြစ် အဖေသည် လိုအပ်သည်ထက် ပိုသော အလေ့အထကို လက်မခံခြင်းကား သေချာပါသည်။ သူနှင့်





ဆန့်ကျင်ဘက် အယူအဆရှိသူများကိုလည်း အာမနာတမ်း ဆက်ဆံတတ်၏။

အထူးသဖြင့် အများပြည်သူအကျိုးကို ထိခိုက်အောင် ပြုသူသည် သူ့ရန်သူ။

ဤသို့ဆိုသဖြင့် အဖေ့အား သားက 'ဘုတ်ကျိုးမြွောက်၊ ကျိုးဘုတ်မြွောက်' လုပ်သည်၊ ကိုယ့်ငါးချဉ် ကိုယ်ချဉ်သည်ဟု ထင်စရာရှိပါသည်။ (အမှန်တော့ အနီးစပ်ဆုံး လူတစ်ယောက်ကို လက်ညှိုးထိုးပြခြင်းပါ။) သို့သော် အဖေ၏ အင်္ဂလိပ် ဆန့်ကျင်ရေးသမားဘဝ၊ သခင်ဘဝ၊ စာရေးဆရာဘဝ၊ ရုပ်ရှင် ဒါရိုက်တာဘဝတို့ကို သိဖူး၊ မှတ်ဖူး၊ ဖတ်ဖူးလျှင် သိနိုင်ပါလိမ့်မည်။

အဖေ့ကို မမီလိုက်သူများ ယနေ့လူငယ်များ သိသာစေရန် အချက်အချို့ကို ဖော်ပြပါမည်။ မချီးမွမ်းလောက်သည်ပင် ထားဦး။ အတုယူလောက်သည်ဟု ရိုးသားစွာ ကျွန်တော် ထင်ပါသည်။

အဖေသည် အင်္ဂလိပ်ခေတ်က (၇)တန်းအောင်ပြီးခါစတွင် ကျွန်ပညာအလိုမရှိ ဟူသော ခံယူချက်ဖြင့် တို့ဗမာအစည်းအရုံးသို့ သခင်ဖေသန်းအမည်ဖြင့် ဝင်ခဲ့၏။ ထို့နောက် (၁၉၃၈)ခုနှစ် ရေနံမြေသပိတ်ကြီး ပေါ်ပေါက်ခဲ့ရာ ရေနံချောင်းမှ ရန်ကုန်ထိ ခြေကျင်ချီတက်ဆန္ဒပြပွဲ၌ ရှေ့ဆုံးမှ အသေခံတပ်ဗိုလ်အဖြစ် ပါဝင်ခဲ့၏။ တစ်ခါတစ်ရံ မြန်မာ့ရုပ်မြင်သံကြား



www.burmeseclassic.com

www.burmeseclassic.com



မှ ရေနံချေးသပိတ် ချီတက်လာပုံ ရုပ်ရှင်တိုကလေး ပြသလျှင် ရှေ့ဆုံးမှ ခြေထောက်ပတ်တီး၊ လွယ်အိတ်တစ်လုံးနှင့် ထော့ကျိုး၊ ထော့ကျိုး လမ်းလျှောက်ချီတက်လာသူမှာ ကျွန်တော့် အဖေ သခင်ဖေသန်း(သာမု)ဖြစ်ပါသည်။ သို့အတွက်လည်း နိုင်ငံ့ဂုဏ်ရည်(ဒုတိယ)ဆုကို ချီးမြှင့်ခြင်း ခံခဲ့ရသည်။ ဒါတောင် ပြသနာ ပေါ်ခဲ့သေးသည်။ မကွေးရောက်တော့တဲ့ တစ်ယောက်သော သပိတ်ခေါင်းဆောင်က မကွေးဈေးထဲသွား၊ မိန်းမတွေ ခေါင်းစည်းသည့် ဖဲကြိုးရောင်စုံများဝယ်၊ အရောင်တစ်မျိုး၊ နှစ်မျိုး၊ သုံးမျိုး၊ လေးမျိုး စသည်ပြင့် နှစ်လက်မစီခန့်ဖြတ်၊ ပြီးတော့ တစ်ရောင်တည်း၊ နှစ်ရောင်တွဲ၊ သုံးရောင်တွဲ စသည် ဖြင့် သီတွဲ။ ဤသို့ပြုလုပ်ပြီး အဖေ့ထံ ရောင်စုံဖဲပြားတွဲ တစ်ခု လာပေးသည်တဲ့။

"ရော့ သခင်ဖေသန်း။ ခင်ဗျားက ရေနံအသေခံတပ်ဗိုလ်၊ ဒီဟာကို ရင်ဘတ်မှာ ချိတ်ထား"

အဖေသည်–

"ကျုပ် နိုင်ငံလွတ်လပ်ရေး၊ အင်္ဂလိပ်ဆန့်ကျင်ရေး လုပ်ဖို့လာတာ၊ ပေါကြောင်ကြောင်လာမလုပ်နဲ့"ဟု ပြန်ပြော သဖြင့် ထိုပုဂ္ဂိုလ်နှင့် လုံးဝ အစေးမကပ် ဖြစ်ခဲ့ရတော့သည် တဲ့။ (ထိုပုဂ္ဂိုလ်အမည်ကို မသင့်လျော်၍ မဖော်ပြတော့ပါ။)

စာရေးဆရာဘဝလည်း ၎င်းအတိုင်းပါပဲ။ အဖေသည် နိုင်ငံ့ရေး အကွဲအပြဲများ၊ သခင်ချင်း မသင့်တင့်မှုများကြောင့်





နိုင်ငံရေး လောကမှ ထွက်ကာ မြင်းလှည်းမောင်း၏။ ဘတ်စ်ကား မောင်း၏။ နယ်တကာလှည့် ဆေးရောင်း၏။ နောက်ဆုံး ပူဇော်တူးဟူသော အမည်ဖြင့် ပေါင်ဒါလုပ်ရောင်းရာမှ မော်တော်ကားတစ်စီး ဝယ်စီးနိုင်သော သူတစ်ယောက် ဖြစ်လာလေတော့ သည်။ (မှတ်ချက်– ဒါတောင် လွတ်လပ်ရေး ကြိုးပမ်းသူများ အပေါ် သံယောဇဉ်မပြတ်ခဲ့။ ဗိုလ်ချုပ်အောင်ဆန်း တရားလည်ဟောသော မော်တော်ကားမှာ အဖေ၏ မော်တော်ကား ဖြစ်၏။)

၁၉၄၇ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကြီးများ ကျဆုံးကြလေသည်။ ထိုအခါ ဂျူဗလီဟော (ယခု တပ်မတော်စစ်သမိုင်းပြတိုက်နေရာ) တွင် အလောင်းစင်များ ထားရှိခဲ့၏။ ငိုယိုလွမ်းဆွတ်သူတို့ ကြက်ပျံမကျ စည်ကားခဲ့၏။ ယင်းဂျူဗလီဟောနှင့် ကပ်လျက်တွင် ကျားကူးကွက်သစ်ဟူသော ရပ်ကွက်ငယ်ရှိ၏။ ထိုရပ်ကွက်တွင် အဖေက နေ၏။

တစ်နေ့တွင် တန်းစီ၍ ဗိုလ်ချုပ်တို့အား ဂါရဝပြုနေသူ လူတန်းကြီးနံဘေးတွင် မယ်ဒလင်(မင်ဒိုလင်)တစ်လက်ဖြင့် ဗိုလ်ချုပ်တို့အား လွမ်းဆွတ်သော တေးတစ်ပုဒ်ကို စပ်ဆိုတီးခတ်လျက် သီချင်းစာရွက် လိုက်ရောင်းနေသူ တစ်ယောက်အား အဖေ တွေ့ရလေတော့သည်။ ထိုအခါ အမြင်မတော်လျှင် မနေတတ်သော အဖေသည် ချက်ချင်း ထိုသူ့ထံသွား



www.burmeseclassic.com

www.burmeseclassic.com



လူကို–

"ဒီမယ်မိတ်ဆွေ၊ ခင်ဗျား အဖေသေရင်တော့ ဒီလို သိချင်းစပ်ပြီး စာရွက်ရောင်းစားမလား"ဟု မေးလိုက်ရာ ထိုလူမှာ ရှက်ရှက်နှင့် အဖေ့အား ထိုးကြိတ် ရိုက်နှက်လေတော့သည် တဲ့။

ဒါကြောင့်ပင်–

"ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးစဉ်က ကမောက်ကမ မြင်ကွင်းများကို မကျေနပ်သဖြင့် စာတစ်ပုဒ် ကောက်ရေးရင်း စာရေးဆရာဖြစ်မှန်းမသိ ဖြစ်ခဲ့ရသော သာခု"ဟု သူ့ကိုယ်သူ သုံးနှုန်းလေ့ရှိပါသည်။

ဝတ္ထုအမည်ကား 'ဝန်ကြီးတစ်မတ်'။ သဘောမှာ ဝန်ကြီး ကတော်သေလျှင် ကူငွေ တစ်ကျပ်ထည့်၏။ ဝန်ကြီးသေလျှင်ကား ကူငွေ တစ်မတ်(၂၅–ပြား)သာ ထည့်တော့သည်။ ဝန်ကြီး၏ မျက်နှာ အရှိန်အဝါကိုသာ ကြည့်သည်။ နာရေးဆိုသည်ကို မကြည့်ကြတော့ကြောင်း လူ့သဘာဝကို ဖော်ကျူးခြင်းပင် မှတ်သားထိုက်ပေသည်။

ဤမျှလောက်ဆိုလျှင် ကျွန်တော့်ဖခင် ဦးသာခု၏ ဘကန့်လန့်ကျကျ မှန်ရာကို လုပ်တတ်သော သဘာဝကို စိုးစဉ်းမျှ သိလောက်ပါလေပြီ။





(၃)

"ဟေ့သား၊ ဒီကောင် နောက်တစ်ခါ ခြံထဲ မလာစေနဲ့။ လာရင်လည်း မောင်းထုတ်ပစ်"အစချီ ကျွန်တော်၏ စာစု အစပိုင်းကိစ္စကို ပြန်ဆက်ပါတော့မည်။

သူ့အိမ်သာမှ ဆင်းလာသောအခါ ကျွန်တော်၏ ဧည့်ခန်းသို့ လာပါသည်။ အဖေသည် ကျွန်တော့်ဧည့်ခန်းသို့ ညပိုင်းတီဗွီသတင်းချိန်မှလွဲလျှင် မလာတတ်ပါ။ သူနေထိုင်ရာ အပေါ်ထပ် ဗြုတ်မဗျင်းတောင်း အစုတ်ပလုတ်ပစ္စည်း ပုံကြီးကြားထဲ၌သာ နေပါသည်။ သူ့ဧည့်သည်၊ သူလက်ခံချင်သော ဧည့်သည်ကိုလည်း ထိုနေရာမှာပင် ဧည့်ခံတတ်ပါသည်။ အဲ–စကားမစပ် ဧည့်သည်ဆိုလို့ သူလိုလားသော ဧည့်သည်ဆိုလျှင် (ဥပမာ–ဆရာကြီးသော်တာဆွေ)ကိုယ်တိုင် ကားဖြင့်သွားခေါ်ပြီး အိမ်မှာ တစ်နေကုန် ဧည့်ခံ၊ ကိုယ်တိုင်ပြန်ပို့ လုပ်တတ်သည်။

စောစောကပြောသလို ကျွန်တော့်ဧည့်ခန်းသို့ ရောက်သောအခါ ရေနွေးကြမ်းတစ်ခွက် ထပ်ယူခိုင်းပြီး စီးကရက်သောက်နေပါသည်။ အဖေသည် ရေနွေးကြမ်းကို အိမ်သာထဲအထိ ယူသွားတတ်သလို စီးကရက်ကိုလည်း မီးခြစ်မကိုင်ဘဲလျက် သောက်တတ်သည်။ မနက်အိပ်ရာထ ဆေးလိပ်တစ်လိပ်မီးညှိပြီးလျှင် တစ်နေကုန် မီးကူးသောက်သူတည်း။

"ဒီလိုကွ သားရဲ့။ ဒီကောင့်နာမည်က ...တဲ့။ အဖေတို့နဲ့အတူ နယ်ချဲ့ဆန့်ကျင်ရေး လုပ်ဖော်ကိုင်ဖက်ပေါ့။ ခုထိလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အစိုးရတက်တက် ဆိတ်ငေးစေ့ လုပ်နေတဲ့ကောင်။ တကယ် မျိုးချစ် မဟုတ်ဘူး။ ယုံကြည်ချက်ရှိတဲ့ကောင် မဟုတ်ဘူး အဆိုးဆုံးကတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ အဖေတို့ ချင်း-ဗမာချစ်ကြည်ရေး ခရီးသွားကြတုန်းက အဖေနဲ့ ပြဿနာဖြ ခဲ့တာပဲ။ အတိုချုပ်ကတော့ကွာ အဖေတို့ကို ဗိုလ်ချုပ် ဦးဆောင်ခေါ်သွားတာ ချင်း-ဗမာညီညွတ်ချစ်ခင်ရေး။ ဟိုမှာ ဒီကောင်က ဘာလုပ်တယ် မှတ်သလဲ"

တစ်နေ့ညနေခင်းတွင် အားလပ်ချိန်ရသဖြင့် အဖေသည် ချင်းပြည်နယ် တောင်တန်းရှုမျှော်ခင်းတွေ ကြည့်ရင်း တော ကြိုတောင်ကြား လျှောက်သွားသည်တဲ့။ ဒီမှာတင် တစ် ရာရောက်တော့ သစ်ပင်ကလေး တစ်ပင်အောက်မှာ မထင်မှတ် ထိုပုဂ္ဂိုလ်ကို သွားတွေ့သည်တဲ့။ တွေ့ပုံကလည်း ချင်းလုံမ တစ်ဦးကို အတင်းကပ်လျက် ချစ်ရေးဆိုနေရင်းတဲ့။

"ဒါနဲ့ အဖေလည်း ဒေါသဖြစ်ဖြစ်နဲ့ ဒီကောင့်ကို တော့တာပေါ့။ တို့လာတာ မောင်နှမချစ်ကြည်ရေးကွ။ ကာ ရာဂချစ်ကြည်ရေး မဟုတ်ဘူး စသည်ဖြင့်ပေါ့ကွာ။ ဒီ ဒီကောင်က သေနတ်ဆွဲထုတ်တယ်။ ရှက်ရမ်းရမ်းတာပေါ့ကွာ အဖေကလည်း ဟေ့ကောင် မင်းသတ္တိရှိရင် ဒီလိုတော့ တစ် သတ်မလုပ်နဲ့ ခဏစောင့်။ ငါသေနတ်သွားယူဦးမယ်။ ယှဉ် မယ်"

အဖေသည် သူ၏ သွားကျိုးကလေးများပေါ်အော





ရယ်မောရင်း–

"ပြောသာပြောရတာ။ တကယ်ယှဉ်ပစ်ရင် အဖေသေမှာကွ။ အဖေက သေနတ်သာကိုင်တတ်တာ။ ပစ်တတ်တာ မဟုတ်ဘူး"

စောစောက ပြောသလို အဖေသည် စခန်းချရာသို့ ပြန်သည်။ သေနတ်သွားယူသည်။ ထုံးစံအတိုင်း သုတ်သီးသုတ်ပျာ ပြန်ထွက်လာသည်။

"ကံကောင်းချင်တော့ကွာ ဘယ်တော့မှ သေနတ်မကိုင်တဲ့ အဖေ သေနတ်ကိုင်လိုက်တာ တွေ့တဲ့ ရဲဘော်တစ်ယောက်က ဗိုလ်ချုပ်ကို ပြေးတိုင်ပြီး အဖေ့နောက်လိုက်လာတယ်။ ချက်ချင်းပဲ ဗိုလ်ချုပ်လည်း ရောက်လာပြီး၊ ဟေ့– တော်ကြ၊ တော်ကြ၊ မှားကုန်မယ်ဆိုပြီး ဝင်တားတယ်။ ဗိုလ်ချုပ်အမိန့်နဲ့ ဆိုတော့လည်း နှစ်ယောက်လုံး လက်လျှော့လိုက်ကြတယ်"

"ဖေဖေက ပြန်မတိုင်ဘူးလား ဗိုလ်ချုပ်ကို"

"တိုင်တာပေါ့ကွ။ ဒါပေမယ့် စည်းရုံးရေးကာလဆိုတော့ ဒီကောင့်ကို ကြီးကြီးမားမား အပြစ်မပေးပါဘူး။ ဆူပူရုံလောက်၊ နောက်တစ်ခါ မမှားဖို့လောက်ပဲ ဆုံးမလိုက်တယ်"

❑ ❑ ❑

စောစောကပြောသော ပုဂ္ဂိုလ်ကြီးမှာ ခြံထဲသို့ မော်တော်



www.burmeseclassic.com

www.burmeseclassic.com



ကား အကောင်းစားကြီးဖြင့် ဝင်လာခဲ့ခြင်း ဖြစ်ပါသည်။ အဝတ်အစားများလည်း တောက်တောက်ပြောင်ပြောင်ရှိပါသည်။

ခြံထဲ ညည့်သည်ဝင်လာလျှင်ကျွန်တော်က အရင်ကြို ရပါသည်။ ကျွန်တော့်ညည့်ခန်းမှာ ထိုင်စေလျက် အဖေ့အား အကြောင်းကြားရန် ပြင်ပါသည်။ ထိုစဉ်မှာပင် ခုံဖိနပ်သံ တဂွပ်ဂွပ်ဖြင့် အိမ်သာတက်ရန် ဆင်းလာသော အဖေနှင့် တန်းတိုးခဲ့ခြင်း ဖြစ်ပါသည်။ တွေ့တွေ့ချင်းပင် အဖေက–

"ဩော် ……ကိုး။ ဘာကိစ္စရှိလို့လဲ"

"ဟာ သခင်ဖေသန်းကလည်း ကိစ္စရှိမှ လာရမှာလား။ သက်သက်အလည်လာတာ။ ဟား ဟား"ဆိုပြီး အဖေ့အား ပွေ့ဖက်ရန် ဟန်ပြင်ပါသည်။ အဖေသည် ရုတ်ခနဲ ကိုယ်ကို နောက်ဆုတ်လျက်၊

"အတော်ပဲဗျာ။ ကြွတုန်း ချေးဝင်ပါသွားပါလား"ဟု ပြောရင်း ချာခနဲ လှည့်ထွက်သွားပါတော့သည်။ ထိုပုဂ္ဂိုလ်ကြီး လည်း ရုတ်တရက် ဘာလုပ်ရမှန်းမသိ ငိုင်ကျသွားပြီး၊ ရှက်ကိုးရှက်ကန်းဖြင့် ကျွန်တော့်အား နှုတ်ဆက်လျက် သူ့ မော်တော်ကားကြီးဖြင့် ဝှီးခနဲ ပြန်မောင်းထွက်သွားလေတော့ သည်။

သည်တော့မှ အဖေ ပြန်ပေါ်လာပြီး ဤစာစုအစ၌ ဖော်ပြခဲ့သော စကားကို ကျွန်တော့်အား ဆိုခြင်းဖြစ်ပါတော့ သတည်း။ ။





**မှတ်ချက်။** ။ အကယ်၍ ယင်း ပုဂ္ဂိုလ်ကြီးသည် ယခုတိုင် သက်ရှိထင်ရှားရှိနေလျက် ဤစာမူကို ဖတ်မိပါမူ သို့မဟုတ် တစ်ဆင့်စကား ကြားရပါမူ ကျွန်တော့်အား စာရေးဆရာတစ်ယောက်သည် မိမိလက်လှမ်းမီရာ အကြောင်းအရာတစ်ရပ်ကို ရိုးသားစွာ ရေးဖွဲ့သည်ဟု မှတ်ယူပါရန်။ ကွယ်လွန်ပြီဖြစ်ပါကလည်း ရောက်ရာဘဝမှ သာဓုခေါ်ပါရန် တောင်းပန်အပ်ပါကြောင်း။

(မြဝတီ၊ ဩဂုတ်၊ ၁၉၉၆)



www.burmeseclassic.com

www.burmeseclassic.com

# မိုးမိုးမြင့်အောင်နတ်

(၁)

ကျွန်တော်က **မိုးမိုးမြင့်အောင်နတ်**ဟူ၍ ခေါင်းစီးတပ်လိုက်သဖြင့် အတွင်းအပြင် (၃၇)မင်း အစရှိသော နတ်များကို ယုံကြည်ကိုးကွယ်ကြသူများက "အောင်မလေး၊ မဆီလေးရယ်တဲ့ ဘာမဆိုင်၊ တန်ရာတန်ရာ ထားစမ်းပါ"ဟူ၍ ကျွန်တော့်အား အပြစ်မမြင်ကြပါကုန်နှင့်။ မိုးမိုးမြင့်အောင်လို နာမည်ကြီးတစ်ယောက် သူတို့ နတ်စာရင်းထဲဝင်လာပြီဟူ၍လည်း ဝမ်းမသာပါကုန်နှင့်။ ဥပစ္စေဒကံဖြင့် သေမှ နတ်ဖြစ်ရသောကြောင့် မိုးမိုးကို သေတွင်းပို့ရက်သည်ဟူ၍လည်း မိုးမိုးချစ်ပရိသတ်က ကျွန်တော့်အား ရွှေမေတ္တာ ပို့ကြမှာ ကြောက်လှပါသည်။

ထို့အတူ ယင်းနတ်အမျိုးအစားများကို လုံးဝ အယုံ





အကြည်မရှိသူတို့ကလည်း ကျွန်တော့်အား နတ်ယုံသူ၊ ခေတ်နောက်ပြန်ဆွဲသူဟု စွဲချက်မတင်ကြစေချင်ပါ။

ရိုးရာယဉ်ကျေးမှုတစ်ရပ်အနေနှင့် လက်ခံကြသော သူတော်ကောင်းအပေါင်းတို့ကလည်း ယဉ်ကျေးမှု အမွေကို ရုပ်ရှင်မင်းသမီးနှင့် ထပ်တူပြု၍ ဖျက်ဆီးသည်ဟု ဈေးတစ်စောင်းထိုးတော်မမူကြပါရန်ဗျာ။

❑ ❑ ❑

ကျွန်တော်က စာရေးလျှင် ခေါင်းစီး၊ ခေါင်းစဉ်ကို ဆန်းဆန်းပြားပြား မဟုတ်သော်လည်း ရိုးရိုးနှင့် စိတ်ဝင်စားဖွယ်ကောင်းအောင် တပ်ဆင်တတ်ပါသည်။ ကျွန်တော်၏ စာကိုယ်၊ စာစုကို ဖတ်ချင်လာအောင် မြူဆွယ်ခြင်းသဘော ဖြစ်ပါသည်။ သို့သော် ခေါင်းတခြား၊ ကိုယ်တခြားတော့ ကျွန်တော် မပြုပါ။ ပတ်သက်ဆက်နွှယ်အောင် ကြိုးစားပါသည်။

ယခု ဤစာစုသည် မိုးမိုးမြင့်အောင်နှင့် ပတ်သက်သဖြင့် မိုးမိုးမြင့်အောင်ကို အသုံးချပါသည်။ ပြီးတော့ ...နတ်။

ကျွန်တော်တို့ မြန်မာလေ့တွင် နတ်ကြီးသည်၊ နတ်ခိုက်သည်။ နတ်လိုက်သည် စသည်ဖြင့် အကောင်အထည် ရှိသည်၊ မရှိသည် အပထားလို့ 'နတ်'ဟူသော ဝေါဟာရကို အသုံးချသော အလေ့တစ်ခုရှိခဲ့ပြီး ဖြစ်ပါသည်။ ဆိုပါစို့။ ရုပ်ရှင်ရိုက်ရာတွင်ပင် 'ကင်မရာနတ်'ကြီးသည်ဟု ဆိုတတ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေလုပ်သား တံငါသည်များသည် ငါးမရသော နေ့ကို 'နတ်မလိုက်တဲ့ နေ့'ဟု ဆိုကြပါသည်။ ဝပ်ရှော့ဆရာများသည်လည်း မတတ်တတတ်နှင့် စက်ပစ္စည်းကလိသူများကို 'နတ်မတင်လို့' ဟု ဆိုတတ်ပါသည်။ နင်မတတ်လို့ဟု ပြောင်းပြန် အဓိပ္ပာယ်ကောက်ခြင်းပါ။

သဘောကတော့ ဟုတ်သည်၊ မဟုတ်သည် အပထားလို့ တစ်စုံတစ်ရာ ထူးထူးခြားခြား ဖြစ်လာသော ကိစ္စများကို 'နတ်'နှင့် ထပ်တူပြုတတ်သော အလေ့အထသည် ပညာတတ်ရော၊ ပညာမဲ့ပါ အလိုလို အသုံးပြုနေမိသည်ဟု ကျွန်တော်ကတော့ ထင်ပါသည်။

ခုပင်ကြည့်။ ကျွန်တော်သည် မိုးမိုးမြင့်အောင်ကို နတ်နှင့် ထပ်တူပြုနေပါပြီ။ အဘယ်ကြောင့်ပါနည်း။ စောစောက ပြောသလို ထူးခြားသော ဖြစ်ရပ်တစ်ခုနှင့်လည်း တိုက်ဆိုင်နေပြီး မိုးမိုးမြင့်အောင်နှင့်လည်း ပတ်သက်နေသောကြောင့်ပင်။ မိုးမိုးမြင့်အောင်၏ အရှိန်အဝါ ကြီးမားခြင်းကလည်း ကျွန်တော်၏ အသုံးအနှုန်းကို အထောက်အကူပြုမည်ဟု ထင်ပါသည်။

(၂)

ကျွန်တော့်ဖခင် ဦးသာစုပိုင် ခြံကြီးသည် သုံးဧက ကျယ်ဝန်းပါသည်။ ဟိုယခင် အဖေငယ်စဉ်ကတော့ သရက်တောကြီးမျှသာ ဖြစ်သဖြင့် ကာလတန်ဖိုးနှင့် ဈေးသိပ်မကြီးခဲ့ပါဟု ထင်ပါသည်။





အဖေသည် စာရေးဆရာဘဝမှ ရုပ်ရှင်သမားဘဝသို့ ကူးပြောင်းသောအခါ နံပါတ်တစ် ခြံမြေကို အရင်ဝယ်သည်။ နေအိမ်ဆောက်သည်။ အလုပ်သမားတန်းလျားများ ဆောက်သည်။ ရုပ်ရှင်စတူဒီယိုဆောက်သည်။ ပြီးတော့မှ ယင်းစတူဒီယိုနှင့် အိမ်တန်းလျားများကို ဝါရင့်ရုပ်ရှင်သမားကြီးများအား ဈေးသက်သက်သာသာနှင့် ရုပ်ရှင်ရိုက်ရန် ငှားစားသည်။ သဘောကတော့ သူတို့တွေ ရုပ်ရှင်လာရိုက်ကြသည်ကို အဖေက စာရေးရင်းမှ တစေ့တစောင်း လေ့လာသည်။ ပညာလည်းရ၊ ဝမ်းလည်းဝ သဘောဖြစ်သည်။ ထို့ကြောင့် ဆရာကြီးသော်တာဆွေက "မင်းအဖေက သိပ်လူပါးဝတဲ့ကောင်"ဟု မကြာမကြာ ပြောတတ်ခြင်းဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ဤသို့ လူလည်ကျခဲ့သော အဖေ၏ အစီအစဉ်သည် အောင်မြင်ခဲ့ပါသည်။ မည်သူ့ထံမှလည်း အောက်ကျ၊ နောက်ကျခံပြီး ပညာသင်စရာမလို။ လာရိုက်သမျှသော ရုပ်ရှင်ဆရာကြီး ဆရာလေးတို့ထံမှ အကောင်းအဆိုး ပညာနှစ်မျိုးလုံးကိုလည်း ရလိုက်သည့်အပြင် သူတို့အိတ်ထဲမှ ငွေများကိုလည်း တရားဝင် ဆွဲထုတ်ပြီးသား ဖြစ်ခဲ့ရသည်မဟုတ်လား။ ဤသို့ ခပ်တည်တည်ပင် ထုတ်လုပ်သူဒါရိုက်တာဝင်လုပ်ခဲ့လေရာ အောင်မြင်သွားတော့၏။

သို့သော် ရေစီးကြောင်းကား ပြောင်းလဲနေသည့် သဘာဝအတိုင်း အဖေကိုယ်တိုင်ရော၊ ရုပ်ရှင်နယ်ကြီး တစ်ခုလုံးပါ



www.burmeseclassic.com

www.burmeseclassic.com



အပြောင်းအလဲဒဏ်ကို ခံကြရပေသည်။ သူတို့ ရိုက်သော ရုပ်ရှင်ကားများ ဈေးကွက်သိပ်မဝင်တော့။ ဝင်အောင် ရိုက်ဖို့ဘလည်း သူတို့စိတ်နှင့် မဖြစ်ကြတော့။ အထူးသဖြင့် ဆက်တင်ခေါ် အခမ်းအနားများ ဆောက်လုပ်ရိုက်ကူးမည့် အလေ့အထများ ပျောက်ပျက်၍ အိမ်လုံးချင်းငှားရိုက်သော စနစ်များ ပေါ်လာခြင်းသည် အဖေ၏ ရုပ်ရှင်စတူဒီယိုကြီး စိမ်ကိန်းသည် ပျက်သွားပါတော့၏။ ဘာပဲဖြစ်ဖြစ် ရုပ်ရှင်ကို စိတ်ပျက်လက်ပျက်နှင့် (၁၅)နှစ်၊ အနှစ်(၂၀)လောက် ပစ်ထားလိုက်ပြီးသော ကာလ၌ကား။

စောစောကပြောသော အဖေပိုင် ခြံကြီးထဲတွင် ကျွန်တော်တို့ အပါအဝင် အရင်းအချာများ ဆွေနီးမျိုးစပ်များ၊ အလုပ်သမားများ စသည်ဖြင့် ကိုယ့်အိမ်ကိုယ့်ရာ ထူထောင်ကြ၊ လက်ရှိ ဆက်တင် အဆောက်အအုံများတွင် နေထိုင်ကြနှင့် ရပ်ကွက်ကြီးလို ဖြစ်လာခဲ့ရတော့သည်။ ပို၍ဆိုးသည်မှာ တောင်ဘက်အိမ်မှသမီးနှင့် မြောက်ဘက်အိမ်မှသား အိမ်ထောင်ကျ၊ အရှေ့တောင်ထောင့်တွင် တဲထိုးနေကြ၊ အနောက်မြောက်ထောင့်မှ သကောင့်သားနှင့် အရှေ့မြောက်ထောင့်မှ အဝှာတို့ ဟိုဒင်းဖြစ်ကြ၊ အိမ်နောက်ဖေး အဖီဆွယ်လိုက်ကြနှင့်။ နောက်တော့ အဖေစိမ်စဉ်က ဆက်တင်သဘောဖြစ်သော်လည်း ယခုအခါ တကယ့် အပီအပြင် ဟောလီးဝုဒ်ငယ်ကလေးလို ဖြစ်လာရတော့သည်။ တိုက်ကြီးများမှအစ တဲပုတ်ငယ်အဆုံး ခြံထဲတွင်





အကုန်ရှိနေပါသည်။ ပိုက်ဆံရှိသော လူကုံထံများ ရှိသလို ကျွန်တော်တို့လို ပညာရှင်များလည်း ရှိကြ၏။ အဆုံးစွန်ရေခဲရေရောင်းသမားမှအစ အနိပ်သည်အဆုံး ဗေဒင်ဆရာပါ မကျန် ခြံထဲမှာ အကုန်ရှိလေသည်။

ဤတွင် အဖေသာမှု ကွယ်လွန်သွားသော်လည်း အဖေ၏ စိမ်ကိန်းကြီးသည် ယခုမှ တစ်ဖန် တစ်ပတ်လည်၍ ခေတ်စားလာပြန်တော့၏။ ဟောကြည့်။ ယခု ဗီဒီယိုခေတ်။ ဆက်တင် အခမ်းအနားမလို။ တဲငှား၊ အိမ်ငှား တိုက်ငှား ရိုက်ကြသည်။ ကျွန်တော်တို့ ခြံကြီးက ကျယ်လည်းကျယ်သည်။ အနီအဆောက်အအုံပုံစံမျိုးလည်း ရှိသည်။ ရုပ်ရှင်ပါးဝနေသော လူတန်းစားမျိုးစုံလည်း ရှိသည်။ ဟန်ကိုကျလို့။ ခွင်တိ။

သည်လိုနှင့် သာမုခြံကြီးသည် ဗီဒီယိုသမားများ၏ စားကျက်ကြီး ဖြစ်လာခဲ့ပေချေ၏။ သို့သော် အဖေ့လက်ထက်တုန်းကလိုတော့ သူတို့အိတ်ထဲက ငွေ ကျွန်တော်တို့ မရပါ။ ယူလို့လည်း မသင့်ပါ။ အဲ– တဲငှားသူ တဲခရ၊ အိမ်ငှားသူ အိမ်ငှားခရ။ စားကြပါစေပေါ့။ ကုသိုလ်တောင် ရသေးသည်။ သာမုပါ။

ကျွန်တော်တို့ကတော့ ဗီဒီယိုပညာသာ သူတို့ဆီက ရစရာရှိပါသည်။ ဟုတ်ပါ့။ ဗီဒီယိုပညာ။ နောက်တာမဟုတ်ပါ။ တကယ့်ကို ယနေ့ ဗီဒီယိုပညာ ကျွန်တော်မတတ်ခဲ့ပါ။

အင်း– ရှေးလူကြီးများ အမြော်အမြင် တယ်ကြီးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မှန်လှပါရကလား။ အဖေသည် တစ်ချိန်ချိန် သည်လိုဖြစ်လာလိမ့် မည်ဟု မသေခင် ကြိုတင်တွက်ချက်ခဲ့ပုံရပါသည်။

(၃)

တမြန်နေ့ဆီက မို့မို့မြင့်အောင်တစ်ယောက် ကျွန်တော့် အိမ်ဘေးက အလုပ်သမားတဲတစ်လုံးမှာ ရုပ်ရှင်လာရိုက်ပါ သည်။ သင်းက ကျွန်တော်တို့ခြံထဲ သည်တစ်ခါလား လာရိုက် ဖူးသည်။ ဖင်းသား၊ မင်းသမီး တော်တော်စုံပြီဖြစ်သော်လည်း ထူးထူးခြားခြား မို့မို့လာရိုက်သည်ဆိုတော့ တစ်ခြံလုံး တရုန်း ရုန်းပေါ့။ အထူးအဆန်းဖြစ်နေတာလည်း ပါပါသည်။ မို့မို့ ဆိုတာကြောင့်လည်း ပါကောင်းပါမည်။ ပြီးတော့ သင်းက ကျွန်တော့်ကိုချစ်သည်။ (အစ်ကိုကြီးလိုပြောတာ) ကျွန်တော့် အိမ်လာသည်။ ဖက်လှဲတကင်း နေသည်။ ကျွန်တော့်အိမ်ဆိုတာ သူလာရိုက်သောနေ့က မျက်နှာပွင့်လိုက်တာ။ ဘာပြောကောင်း မတုံး။ သူ့မျက်နှာနှင့် ကျွန်တော့်မှာ ပါးပြောင်လိုက်ရပါသည်။

❐ ❐ ❐

စောစောက ပြောသလို ခြံထဲမှာက လူမျိုးတစ်ရာတစ်ပါး ရှိသည်။ အားလုံးကလည်း ရုပ်ရှင်ဝါးဝနေကြပြီး ဖြစ်သည်။ တော်ရုံဇာတ်ပို့လောက်ကတော့ တခြား လိုက်ရှာငှားနေရော မလို။ ခြံထဲမှာပင် ကောက်သင်းကောက်လိုက်ရုံ ရှိသည်။





ကိုင်း– သည်လိုနှင့် မို့မို့မြင့်အောင်တို့ ကျွန်တော့်အိမ်ဘေးက တဲကလေးမှာ ဗီဒီယိုရိုက်ကြသည် ဆိုကြပါစို့ရဲ့။

လာ လာပြီး ရိုက်ကြတာ များလှပေမည့် ကျွန်တော်သည် ကိုယ်နှင့် အလွန်ရင်းနှီးသူ မဟုတ်လျှင် ခပ်ကင်းကင်းသာ နေ ခဲ့ပါ၏။ ဆိုလိုတာက သူတို့ထံ ကျွန်တော်မသွား။ ကျွန်တော့် အား ချစ်ခင်ကြသူများက ကျွန်တော့်အိမ် အလည်လာမှ သို့ မဟုတ် ကျွန်တော်ပိုင် ပစ္စည်းများ အလကား အကူအညီ လာ တောင်းမှ သူတို့နှင့် တွေ့ခွင့်ကြုံပါသည်။ ဘာတွေရိုက်လို့၊ ဘာတွေဖြစ်နေကြသည်ကို ကျွန်တော် မှတ်မှတ်ရရ တစ်ခါမျှ မသိခဲ့ဖူးဘူးပါ။

ခုလည်း မို့မို့ မို့သာ အိမ်မှာ ခေတ္တ ဧည့်ခံစကားပြော လိုက်ရသော်လည်း သူတို့ ဘာရိုက်နေသည်၊ ဘာအခန်း မမေး မိပါ။ ကြည့်ရတာကတော့ မို့မို့သည် စုတ်စုတ်ပြတ်ပြတ်နှင့် သူဆင်းရဲမသွယ်ဘာန် ဆင်းမြန်းထားသဖြင့် ဆင်းရဲသားခန်းဖြစ် မှာပါပဲ။ မို့မို့ဖြစ်နေသောကြောင့် တန်ရုံတော်ရုံ ဆင်းရဲလို့မရ။ ဆံထုံးတော်ကြီး တမာသီးနှင့် ခါးစည်းဝတ်လဲ၊ ချုပ်စပြကို၊ တဲအပ်နှင့်တွယ်၊ မြင်မြင်သမျှ၊ စိတ်ပျက်အောင်လှပါတဲ့ မရေ သည်လို့ အခန်းမျိုးသား ဖြစ်ရပေလိမ့်မည်။

ကျွန်တော့်အိမ်နားက အလုပ်သမားတဲပုတ်မှာ အနိမ့် စား မသာအိမ်သဖွယ် မို့မို့မြင့်အောင်၏ ငိုချင်းရှည်ဖြင့်သာ တစ်နေကုန်ပါတော့သည်။ ညနေ နေဝင်ခါနီးလောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



အပြင်ခန်း ရိုက်စရာရှိသည်ဟု မို့မို့က လာနှုတ်ဆက်လိုက်၍ ကျွန်တော့်မှာ သရုပ်ဆောင် မသာအိမ်၏ ဒုက္ခမှ ကင်းလွတ်ရ ပါတော့သည်ဟူသတတ်။

(၄)

ကျွန်ပော့်အိမ်အတွက် ဘုရားပန်းကို ဈေးမှာ တကူး တကန့် သွားဝယ်စရာမလိုပါ။ ခြံထဲတွင် ပန်းသည် ရှိပါသည်။ သူသည် တစ်ခြံလုံး ပန်းလည်ရောင်းရင်း ဒုက္ခိတ သားငယ်နှင့် တစ်ဝမ်းတစ်ခါး လုပ်နေရသူဖြစ်၏။ စကားပြောလည်း ကောင်းပါသည်။ ကောင်းမှာပေါ့။ နံနက်ပန်းလည်ရောင်းပြီး နေ့လယ်နေ့ခင်းမှာ မတောက်တခေါက် အနှိပ်သည်ကိုး။

သည်မနက် ကျွန်တော် အိပ်ရာကနိုးတော့ ကျွန်တော့် ဇနီးအေးဘုံက သူ့ထံမှ ပန်းဝယ်နေသည်ကို အသင့်တွေ့ရ၏။ ကျွန်တော့်ကိုမြင်လိုက်တော့ အေးဘုံနှင့် ပြောလက်စ စကား ဖြတ်လိုက်ပြီး–

"လာပါဦး ဆရာရယ်။ ဆရာ့ကိုမှ ပြောချင်နေတာ" ဟု အထက်စီးနှင့် အောင်ဟျို့ခေါ်ပါသည်။ ကျွန်တော်ကလည်း သည်လိုလူမျိုးတွေကိုမှ အရေးပေးတတ်သော အလေ့ရှိသူမို့ အနားသွားထိုင်ပါသည်။ ကျွန်တော်က ကုလားထိုင်တွင် ထိုင် သော်လည်း သူတို့က ကြမ်းပြင်ပေါ်တွင် ဆောင့်ကြောင့်ထိုင် လျက်ပါ။

"ဆရာ မနိုးသေးဘူးထင်လို့ ဆရာမကို အားရအောင်





ပြောနေတာ။ ခု အတော်ပဲ။ ဆရာ့ကို ပြောရဦးမယ်"

ဘာအကြောင်းအရာမှန်း မသိသော်လည်း သူတို့ ဈေးသည်စကားတစ်လုံးတလေသည် ကျွန်တော့်အဖို့ စာစုတစ်စု မဖြစ်တောင် ဝေါဟာရတစ်လုံးတော့ တိုးတတ်သည်မို့ အလိုက် သင့် နားထောင်ရပါသည်။

လမ်းလျှောက်ဈေးသည်လည်းဖြစ် မတောက်တခေါက် အနှိပ်သည်လည်း ဖြစ်သဖြင့် စကားကြောက အတော်ရှည်ပါ သည်။ ဗမာဟုတ်ဟန်မတူ။ တိုင်းရင်းသား မြန်မာမျိုးနွယ်စု ဖြစ်ပုံရသဖြင့် ဝဲကလည်း ဝဲလှပါသည်။ အတော့်ကို နားထောင် ယူရ၏။ သို့သော် သူ့စကား အနှစ်ချုပ် ယူသည်ရှိသော်–

စေစောက ကျွန်တော်ပြောခဲ့သလို မို့မို့မြင့်အောင်တို့ အုပ်စုသည် ကျွန်တော့်အိမ်ဘေးက တဲငယ်တွင် မသာအိမ် သရုပ်လုပ်၍ ဗီဒီယို ရိုက်ကူးပြီးသကာလ အောက်ဒိုးခေါ် အပြင်ခန်းရိုက်ရန် ထွက်ခွာကြရာ၌ အရံသရုပ်ဆောင်များအဖြစ် ခြံထဲမှ ရေထမ်းသမား၊ ပုလင်းကောက်သမားများမှစ အဲသည် ပန်းသည်မကြီးအထိသော လူလေးငါးဆယ်ယောက်ကိုပါ ခေါ် ဆောင်သွားကြပါသည်တဲ့။ ရိုက်ကူးမည့် အခန်းကလည်း သချိုင်းကုန်းမှာ အလောင်းမြေချခန်းတဲ့။ အင်း–အိမ်မှာ ငိုလို့ အားမရသဖြင့် ကျွန်တော်တို့၏ ဓာတ်လိုက်မကြီး မို့မို့ သချိုင်းမှာ အားရပါးရ ငိုရပုံကို မျက်စိထဲမြင်လာမိပါသည်။

"ဆရာရယ် အဲဒီမှာ မို့မို့မြင့်အောင်က မြေပုံဘေး လူး လိမ့်ငိုရာကနေ တက်သွားပါလေရော"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပဲ တက်သွားရောလားဗျာ" ဟု ကျွန်တော်က ရယ်ကျဲကျဲပြောလိုက်ရာ–

"ဘယ်ကလာ ဆရာကလဲ သူ့အကယ်ဒမီ မင်းသမီး ပဲ။ အိုက်တင်လုပ်တာပေါ့။ ခက်တာက ကျွန်မရှင့်။ ဒီလိုဆရာရဲ့"

တကယ်တော့ မိုးမိုးမြင့်အောင်ခမျာ ငိုယိုခြင်း၏ အထွတ်အခေါင်ဖြစ်သော တက်ချက်သွားရခြင်း သရုပ်ကို ဆောင်လေရာ ပီပြင်လွန်းသဖြင့် ပန်းသည်ကြီးခမျာ တကယ်ပင် ဗီဒီယို ရိုက်ရင်း တက်သွားသည်ဟု အထင်ရောက်ရရှာလေ၏။ သူမလည်း ဇာတ်ဝင်ခန်းတွင် မင်းသမီး သတိလစ်ပြီး တက်ချက်သွားသဖြင့် ဝိုင်းဝန်းဖေးမရသော အိမ်နီးချင်းမသာပို့သူ့အဖြစ် ပါဝင်သရုပ်ဆောင်ရသည်ဖြစ်ပေရာ။ (ကျွန်တော် ပြောခဲ့သော ရုပ်ရှင်နတ် ဝင်စီးပြီထင်ပါ၏။)

သူ့ခမျာ သရုပ်ဆောင်အာရုံ ဝင်စားသွားသည်လည်းတစ်ကြောင်း၊ မိုးမိုးမြင့်အောင်၏ သရုပ်ပီပြင်မှုကို အထင်ရောက်သည်လည်း တစ်ကြောင်း၊ အဲ မူလအလုပ်က အနှိပ်သည်ဆိုတော့ကာ သတိလစ်သွားဟန်ဆောင်သော မိုးမိုးမြင့်အောင်ကို သူတတ်သည့်ပညာဖြင့် ရင်ဘတ်ဖိ၊ ခြေမချိုး၊ ဆံပင်ဆွဲ၊ ကုပ်ပိုးအုပ် လုပ်ပါလေတော့သည်တဲ့။

"ဟီး ဟီး ခုမှသာ ရယ်နိုင်ဟာဆရာရေ။ အဲဒီတုန်းကမှာ မင်းသမီးတစ်ခုခု ဖြစ်သွားမှာစိုးလို့ ပူရတာကတစ်ပိုင်း။ မင်းသမီးက နာလွန်းလို့ ထအော်ပြီး ငိုရာကနေ ရယ်လိုက်တာက





တစ်ပိုင်း၊ ဒါရိုက်တာက ကြိမ်းတာက တစ်ပိုင်းနဲ့ ကျွန်မဖြင့် ကြောက်လိုက်တာလေ။ သူတို့အလုပ် ကျွန်မကြောင့် ပျက်ရတာယ် မဟုတ်လား’

အကယ်တည့် ဟိုးလွန်ခဲ့သော နှစ်ပေါင်း(၂၀)ကျော် ကာလ စာရေးဆရာ အငယ်စားဘဝကဆိုလျှင် ဤမျှလောက် သိရရုဖြင့် ကျွန်တော့်မှာ ဝတ္ထုတိုတစ်ပုဒ် ရနေပါပြီ။ သို့သော် ခုအချိန်မှာကား သည့်ထက်လေးနက်ပြီး သည့်ထက်ရိုးသားသော အကြောင်းအရာကို ရှာနေတတ်သော ကျွန်တော့်မှာ ပြုံးရုံသာပြုံးမိပါ၏။ ကျွန်တော်က ပန်းသည်မကြီးကို အပြောင်အပြက် မေးပါသည်။

"သရုပ်ဆောင်ခကော ရရဲ့လား"

သူ့မျက်နှာသည် မထေ့တထေ့သဘောမျိုး၊ မထိမဲ့မြင် သဘောမျိုး ရွဲ့သွားပါသည်။

"အမလေး ဆရာရယ် (၁၅၀)ရတာပါ။ ဟင်း ဘာလုပ်ရမှာလဲ။ ကျွန်မ ပန်းရောင်းတာနဲ့လည်းနှိပ်တာ။ တစ်နေ့ (၄၀၀)ကျော်လောက်စည် နေမင့်ဟာ။ ကျွန်မအဖို့တော့ မိုးမိုးမြင့်အောင်နဲ့ တွဲလိုက်ရတာ အမြတ်ပါပဲ။ ဘုရားစူးစေ့"

သူသည် သူ့ဈေးဗန်းကို ခေါင်းရွက်ရန် ဟန်ပြင်ရင်း တစ်ခုခု သတိရဟန်ဖြင့် အားကိုးတကြီး ပြောလိုက်ပါသေးသည်။

"ဆရာရယ်။ ဆရာတို့ မင်းသား၊ မင်းသမီးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် တစ်ယောက်ပြောရင်ရပါတယ်။ နောက်နောင်လည်း မို့မို့မြင့်အောင်နဲ့ တွဲရမယ်ဆို ဘယ်အခန်းဖြစ်ဖြစ် ခေါ်သုံးစမ်းပါလို့။ ပိုက်ဆံမယူပါဘူးလို့''"

ပြောပြောဆိုဆိုပင် သူ၏ ပန်းဗန်းသည် သူ့ခေါင်းပေါ်ရှက်ပြီး အသင့်ဖြစ်နေပါပြီ။ အင်း ရုပ်ရှင်နတ်သာမက မို့မို့မြင့်အောင်နတ်ပါ သူ့ခမျာ အစီးခံရပေပြီကိုး။

❑ ❑ ❑

သူသည် ကျွန်တော့်အားလည်းကောင်း၊ ကျွန်တော့်ဇနီးအားလည်းကောင်း ရည်ရွယ်ဟန်မတူဘဲ သူ့ဘာသာသူ ညည်းသလိုလို ပြောသွားသော စကားသံ တိုးတိုးကိုကား ကျွန်တော့်နားထဲမှ ထုတ်ပစ်လို့ကို မရတော့ပါ။ မို့မို့မြင့်အောင်၏ ဟိုတမြန်နေ့က ငိုချင်းရှည်ထက်ပို၍ စူးရှသည်ဟု ကျွန်တော်ကတော့ ထင်လိုက်ပါသည်။

"အင်း မနေ့ကလည်း ထမင်းစား မကောင်းတော့ဘူး။ ဒီနေ့လည်း စားကောင်းမှာ မဟုတ်တော့ဘူး။ အဲဒီနေ့က သူတို့ ဗီဒီယိုအဖွဲ့က ကျွေးတဲ့ ထမင်းတစ်နပ် တယ်ကောင်းတာပဲ။ ဟင်းတွေကို စုံလို့"

(၅)

ကျွန်တော်ကတော့ တစ်မျိုးသာ တွေးလိုက်ပါသည်။ သည်မိန်းမကြီးက 'တ'သတ်နှင့် 'ပ'သတ်ကို မသိဘူး ထင်ပါရဲ့။





နတ်နှင့် နပ်ကို နားလည်ဖို့ ကျွန်တော်ကကော ဘယ်လိုလုပ်ပြီး ရှင်းပြရပါမည်နည်း။ သူ့အဖို့ရာကား 'တ'သတ်နတ်တွင်သာမက 'ပ'သတ်နတ်ပါ စီးသွားရှာပြီတကား။

(ရွှေအမြုတေ၊ ဇန်နဝါရီလ၊ ၁၉၉၇)



www.burmeseclassic.com

www.burmeseclassic.com

## အငှားခန္တာ မြှောင်ရတယ်

(၁)

ဝင်ကစွပ် မြင်ဆွတ်က ကြည့်ဖို့ရာ
ဟိုသို့လာ သည်သို့သွားနှင့်
အငှားခန္တာမြှောင်ရတယ်
ဆန်းခေါင်ထွတ်မျိုး။

အထက်ပါ တစ်ပိုင်းတစ်စကဗျာ (သီချင်း)ကလေးမှာ ကျွန်တော်တို့ ငယ်စဉ်က အထက်တန်း ကျောင်းတွင် သင်ရသော ရှေးစာဆိုကြီး ဦးကြင်ဥ၏ ပဒေသာသီချင်းများမှ အပုဒ်တစ်ပုဒ်၏ အပိုဒ်တစ်ပိုဒ် ဖြစ်ပါသည်။ ကျွန်တော်ကလည်း ဤမျှလောက်သာ မှတ်မိပါသည်။ အစအဆုံး မရတော့ပါ။ သို့သော် ယခု ကျွန်တော်ရေးမည့် စာစုကလည်း ဤမျှလောက်နှင့်သာ သက်ဆိုင်နေသဖြင့် အဆင်ပြေပါသည်။





(၂)

ကျွန်တော်သည် ဖခင်ကြီးနှင့်အတူဝင်ဒါမီယာရပ်ကွက်၌ နှစ်ပေါင်းနှစ်ဆယ်ခန့် နေဖူးပါသည်။ ဝင်ဒါမီယာရပ်ကွက်သည် ထိုစဉ်က လူကုံထံများနေသော အရပ်ဖြစ်ပါသည်။ အိုးပိုင်အိမ်ပိုင်များရှိသလို ကျွန်တော်တို့ကဲ့သို့ အိမ်ငှားနေကြသူများလည်း ရှိပါသည်။ မည်သို့ပင်ရှိစေ ဝင်ဒါမီယာမှာ အိမ်ငှားနေရတာလည်း ဈေးမသေးလှပါ။ ဒါကြောင့် ဝင်ဒါမီယာကို သူဌေးရပ်ကွက်ဟု သမုတ်ကြဟန် တူပါသည်။ သို့သော်-ဝင်ဒါမီယာ ရပ်ကွက်ကြီးထဲတွင် အလွန်ဆင်းရဲသော ရပ်ကွက်ငယ်ကလေးများလည်း တွဲလျက်တွဲလျက် ရှိနေ ပါသည်။ ဆန်းတော့ မဆန်းလှပါ။ ဒါနရှင်ရှိလျှင် အလှူခံရှိ ရမည်။ မနရှင်ရှိလျှင် ကူဖော်လောင်ဖက် ရှိရမည် မဟုတ်ပါလား။

ဝင်ဒါမီယာသည် မူလက နွားကုလားများ အခြေချခဲ့ရာ အရပ်ဖြစ်ပါသည်။ ထို့ကြောင့် သူတို့၏ အကြွင်းအကျန်များ ရှိနေပါသေးသည်။ လူကုံထံများ ရောက်မလာခင်ကလည်း (အမေရိကားတွင် လူနီများ အခြေချခဲ့ကြသလို)မူလ မြန်မာ-ကရင်စသော လက်လုပ်လက်စားများ ပျံ့ကျနေခဲ့ကြပါသည်။ ယခု လူကုံထံရပ်ကွက်ဖြစ်လာတော့လည်း ထုံးစံအတိုင်း အစေအပါးအလို့ငှာ ခြံစောင့်၊ မာလီစသော ဗာဟီရအလုပ်များ အလို့ငှာ သူဆင်းရဲများလည်း ရောက်ရှိလာကြတော့သည်။

ဤသို့ဖြင့် လူကုံထံရပ်ကွက်ဟု သိမ်းကျုံးခေါ်ဝေါ်သော



www.burmeseclassic.com

www.burmeseclassic.com



ဝင်ဒါမီယာတွင် အဆွယ်အဖွား ဆင်းရဲသားရုပ်ကွက် သို့မဟုတ် မူလ ဒေသခံ လူတစ်စု၏ ရုပ်ကွက်သည်လည်း တွဲလျက် ရှိနေပါတော့သည်။

❑ ❑ ❑

ကျွန်တော်တို့ သားအဖ ငှားနေသော ခြံနှင့် ကပ်လျက်က အေးဘုံ(ကျွန်တော့်မိန်းမ)တို့ခြံ ဖြစ်ပါသည်။ သူတို့က ဘိုးဘေး ဘောင်ဆက်ကတည်းက ဝင်ဒါမီယာမှာ အခြေချနေခဲ့သူများ ဖြစ်သည်။ နွားကုလားထံမှ မြေတော်တော်များများ ဝယ်ယူခဲ့ ပါသည်။ ထိုစဉ်က တောကြီးမျက်မည်းဟု ဆိုပါသည်။ နောက် တော့ သူတို့ခြံကို ပိုင်း၍ပိုင်း၍ ရောင်းချလိုက်သည်။ သူ(အေးဘုံ) နှင့် ကျွန်တော် ဆုံစည်းကြတော့ ခြံတစ်ခြံတွင်း သူ့တို့ မိဘ များက တစ်ခြမ်း၊ နိုင်ငံခြား သံအရာရှိများကိုတစ်ခြမ်း ငှား ပြီး နေထိုင်ကြသော အချိန်ဖြစ်ပါသည်။

ကျွန်တော်နှင့် အေးဘုံ အိမ်ထောင်မကျခင် အတော အတွင်း ခန့်မှန်းခြေ (၃)နှစ်လောက်ရှိမည်။ စောစောကပြောသော ငှားထားသည့် ခြံတစ်ခြမ်းတွင် လူမျိုးခြား အရာရှိများ တော်တော် စုံစုံလင်လင်နေသွားကြသည်ကို ကျွန်တော် သတိထားမိပါ သည်။

ဤသို့ သတိထားမိသည်မှာလည်း နိုင်ငံခြားသားများ ငှားရမ်းနေထိုင်သော အခြမ်းက ကျွန်တော့်ခြံဘက်ကျသော





ကြောင့် ဖြစ်ပါသည်။ ရိုးရိုးသားသား ပြောရလျှင် ကျွန်တော့် အိမ်အပေါ်ထပ်မှနေ၍ အေးဘုံတို့ အိမ်ကို လှမ်းပြီး ငေးသော အခါ အိမ်ငှားများဘက်အခြမ်းကို အနီးကပ် အရှင်မြင်ရသော ကြောင့်ပါ။ သူတို့အိမ်များက တစ်ထပ်တိုက်များမို့ အပေါ်စီး မှ မြင်ရပါသည်။ ဤသို့ဖြင့် အေးဘုံနှင့် ကျွန်တော့်ထိစ္စ အသာထားလို့ သည်ဘက်က အငှားအိမ်မှာ လူအပြောင်းအလွဲ များ၊ လှုပ်ရှားမှုများကို မမြင်ချင်မနေရ မြင်နေရသောအခါ–

❑ ❑ ❑

ယင်းအိမ်ငှားများအနက် ကျွန်တော် မှတ်မှတ်ရရ ရှိ နေသော အိမ်ငှားနှစ်စု ရှိပါသည်။ ဂျပန်မိသားစုက တစ်စု၊ နောက် ပါကစ္စတန်မိသားစုကတစ်စု။ မှတ်မှတ်ရရ ရှိနေရသည် မှာ ဂျပန်မိသားစုထဲမှ အငယ်ဆုံးကလေးမှာ ချစ်စရာ အလွန် ကောင်းသောကြောင့် ဖြစ်ပါသည်။ အဲ– ပါကစ္စတန်မိသားစု မှာတော့ အိမ်ရှင်မသည် တော်တော့်ကို ချောသောကြောင့်ပါ။ ဖြူဖြူချောချောရှိသည့်အပြင် အိမ်နေရင်း ဝတ်စားထားပုံကိုက လွတ်လပ်ပေါ့ပါး ခေတ်မီနေပြီး ခြံထဲ ညနေတိုင်း လမ်းသလား နေတတ်ပါသည်။

သူတို့ ခြံသည် နိုင်ငံခြားသားများ အငှားချထားသည်မို့ အမြဲတမ်း သပ်သပ်ရပ်ရပ် ရှိနေပါသည်။ အထူးသဖြင့် ပန်းခြံကို အလေးထားကြပါသည်။ ဒါကလည်း စုတ်ပေပေနေ



www.burmeseclassic.com

www.burmeseclassic.com



တတ်သော ကျွန်တော်တို့ စာရေးဆရာသားအဖ ခြံနှင့်ကပ်လျက် ယှဉ်မိသောကြောင့် တစ်ကြောင်းလည်း ဖြစ်ပါလိမ့်မည်။

အေးဘုံနှင့် အတန်မျှ ရင်းနှီးလာကြသောအခါ (ဒီအကြောင်း ခဏခဏ ပြောရတာလည်း မကောင်းပါ။) သူတို့ဘက်ခြံသို့ ကျွန်တော် ခြေလှမ်းစိပ်လာပါသည်။ သည်မှာတင် ခြံငှားနေကြသော နိုင်ငံခြားသား မိသားစုနှင့်လည်း ရင်းနှီးခဲ့ရပါသည်။ အထူးသဖြင့် ခြံစောင့်ဦးညွန့်မောင်နှင့်။ ကျွန်တော် ပြောချင်သည်မှာလည်း အေးဘုံအကြောင်း၊ သူတို့ ခြံအကြောင်း၊ နိုင်ငံခြားမိသားစုအကြောင်း မဟုတ်ပါ။ ယင်း ဦးညွန့်မောင် အကြောင်းမျှသာ ဖြစ်ပါသည်။

❑ ❑ ❑

ကျွန်တော်နှင့် ဦးညွန့်မောင်တို့ ရင်းနှီးကြရသည်မှာ သူ့အလုပ်ရှင် ဂျပန်မိသားစု၏ အငယ်ဆုံးကလေး 'တုံးချန်' ကြောင့် ဖြစ်ပါသည်။ တုံးချန်ကလေးမှာ စကားတတ်စဖြစ်၏။ သူ့မိဘများ လက်ပေါ်နေရသည်မရှိဘဲ နာနီနှင့် ဦးညွန့်မောင်လက်ပေါ်သာ အနေများရသူလေး ဖြစ်သည်။ မြန်မာစကားကို မပီကလာတတ်ပါသည်။

ကျွန်တော်က လူပျိုဘဝမှာကတည်းက ကလေးလိုချင်သော ဆန္ဒက မိန်းမလိုချင်သော အာသာထက် ပိုခဲ့သူပါ။





အထူးသဖြင့် ခွေမျိုးရင်းချာများထက် သူစိမ်းတစ်ရံဆံတို့၏ ကလေးများကို ပိုတတ်ပါသည်။ ဘာကြောင့်မှန်းတော့ မသိပါ။

သည်လိုနှင့် ညနေတိုင်လျှင် တုံးချန်ရယ်၊ ဦးညွန့်မောင်ရယ်၊ ကျွန်တော်ရယ် သူတို့ ပန်းခြံထဲမှာ ဆုံကြသည်။ ကျွန်တော်က ပန်းကိုလည်း ချစ်တတ်ပါသည်။

"အင်း ဒီကလေးလည်း တုံးချန်ဆိုတဲ့ နာမည်နဲ့လိုက်အောင် ဂျပန်လမ်းဘေးတီးဝိုင်းလို တုံချန်တုံချန်နဲ့ ဟိုလူ့လက်၊ ဒီလူ့လက်ပဲ ပြောင်းနေရတာပဲနော်"ဟု ကျွန်တော်က အပြောင်အပြက်စကားပြောသောအခါ ဦးညွန့်မောင်က–

"သူ့မိဘများက အလုပ်များရှာတာကိုး။ ပြီးတော့ ကလေးက ကျုပ်တို့လက်ကို ကြိုက်နေပြီဗျ။ လက်နုတာကိုး"

ကျွန်တော်ကတော့ သူ့စကားကို သဘောကျသဖြင့် ပြုံးရပါသည်။ သစ်ပင်စိုက်တဲ့ လက်က နုသတဲ့။ လှလိုက်တဲ့ စကားလေ။

"ဦးညွန့်မောင်ကလည်း သံယောဇဉ်ကြီးတတ်တာကိုးဗျ"

"အင်း ခဏပါပဲလေ။ ဒီတစ်ယောက်ပြီး နောက် ဘယ်တစ်ယောက် လက်ပေါ်ရောက်ဦးမယ် မသိဘူး"

သူဆိုချင်တာက မကြာမတင် ဂျပန်တွေ ပြန်ကြလျှင် သာ ဘာလူမျိုးတွေ ရောက်လာမည်မသိသည်ကို ဖြစ်ပါသည်။

"ဟိုတစ်ယောက် 'ရာဖြာ'တုန်းကလည်း ဒီလိုပါပဲ။ သံယောဇဉ်တွေ တွယ်ပြီးမှ ပြည်တော်ပြန်ကြလို့ ကျုပ်လွမ်းနာ



www.burmeseclassic.com

www.burmeseclassic.com



ကျရပြီးပြီ။ ဒါပေမယ့် ခဏပါပဲလေ။ ဝင်ကစွပ်ကောင်တွေလိုပေါ့။ ဟိုအခွံ ထဲဝင်လိုက်၊ ပြန်ထွက်သွားလိုက်၊ ဒီအခွံထဲဝင်လိုက် စွန့်သွား ပြန်လိုက်နဲ့"

သူပြောသော ဟိုတစ်ယောက် 'ရာဖြာ'ဆိုသည်မှာ ပထမနေသွားသော ပါကစ္စတန်မိသားစုမှ သမီးငယ်လေး ဖြစ်ပါသည်။ ထိုကလေးမကိုလည်း ကျွန်တော် မှတ်မိနေပါသည်။ ချစ်စရာကလေးပါပင်။ သည်တုန်းကလည်း ကလေးသည် နာနီများလက်ပေါ်မှာနှင့် ဦးညွှန့်မောင်လက်ပေါ်မှာသာ သာယာခဲ့ပုံရပါသည်။ 'ရာဖြာ'ကိုတော့ ဂျပန်လေး တုံးချန်လောက် ကျွန်တော် မရင်းနှီးခဲ့ပါ။ သူ့အမေရှောကြောင်း ကျွန်တော်ပြောပြီးပြီပဲ။ ကျွန်တော့်မျက်နှာပိုးမသေ ဖြစ်ခဲ့ဟန်တူပါသည်။

"သူတို့ပြန်တော့ ဂျပန်လိုက်သွားပေါ့ဗျ"

"ဟာ ဆရာကလည်း မဖြစ်နိုင်တာကြီး။ ဟိုနာနီမတွေထဲက တစ်ယောက်ကတော့ပါသွားလေရဲ့။ ပါကစ္စတန်ကို ကျုပ်လိုအဘိုးကြီးတော့ ဘယ်သူခေါ်မှာတုံး။ ခေါ်လည်း မလိုက်နိုင်ပါဘူးဗျာ။ ခေါင်းချခြင်းချ ကိုယ့်ရပ်ကိုယ့်ရွာမှာပဲ ချချင်တယ်"

သူ့စကား ဟုတ်မဟုတ် မသိသော်လည်း ယုတ္တိရှိတာကတော့ သေချာပါသည်။

"နေ့ ဦးညွှန့်မောင် ဇာတိက"

"အညာဘက်ကဆိုပါတော့ ဆရာရယ်"

သူက ဇာတိကို သေသေချာချာ မပြောပါ။ ပြောချင်





ပုံလည်း မရပါ။ ပြောပင် ပြောနိုင်ပုံမရဟု ကျွန်တော်က ထင်ပါသည်။

ကျွန်တော် သိရသလောက် သူ့မိဘများက ဓားပြသတ်လို့ သေကုန်သည်။ သူက တစ်ဦးတည်းသောသား။ အခြားဆွေမျိုးသားချင်းများလည်း ဘယ်ရောက်ကုန်သည်မသိ။ ရွာဦးကျောင်း ဘုန်းကြီးမှအစ ဟိုလက်သည့်လက်ပြောင်း၊ နောက်သူက တော်လှန်ရေးထဲ ပါသွားသည်။ နောက်တော့ တပ်ထဲဝင်သည်။ တပ်ကထွက်တော့ ရွာပြန်သည်။ လှေဆိပ်မှာ ကူလီထမ်းသည်။ သူရင်းငှားလိုက်သည်။ ဖဆပလ လက်ထက်ကျတော့ ရန်ကုန်မြို့ တက်လာသည်။ ကူလီထမ်းပါပဲ။

နောက်ဆုံး အလုပ်ကတော့ လက်ရှိခြံစောင့်မာလီအလုပ်။ သည်အလုပ်ကိုတော့ တော်တော်ပင် ရှဲရှဲမြဲမြဲ လုပ်လာခဲ့ဟန်တူသည်။ သို့သော် ဘယ်နှစ်ခြံ ပြောင်းခဲ့ပြီကိုတော့ သူမမှတ်မိတော့ပါတဲ့။ သည်အလုပ်နှင့်အတူ သည်ခြံထဲမှာတော့ ကြာလှပါပြီ။

"အိမ်ထောင် မရှိဘူးလားဗျ"

"ဟဲ ဟဲ ပန်းစိုက်လိုက်၊ ကလေးထိန်းလိုက်နဲ့ အိမ်မရှိ၊ ရာမရှိ ဘယ်မိန်းမယူလို့ရမလဲဆရာရယ်"

သူက ရိုးရိုးကြီးပင် ပြောပါသည်။

ကျွန်တော်ကလည်း ရိုးရိုးပင် တွေးပါသည်။ ဂျပန်ကလေး၊ ပါကစ္စတန်လေး၊ ဘာကလေး၊ ညာကလေး သည်ခြံမှာ အငှားနေသွားသူမှန်သမျှ ကလေးတွေကို သူက ဝင်ကစွပ်ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။ သူကရောတဲ့။ ဟိုအိမ်နေ၊ သည်အိမ်နေနှင့် ဝင်ကစွပ်ဝင် မဟုတ်ပါလားဟု။

သူ့အလုပ်ရှင်များ၊ သူ့ပန်းပင်များအတွက်ဆိုလျှင် သူက ခရုခွံ။ သူလှည့်လည်နေလာခဲ့ရာ နေရာဒေသများနှင့်ဆိုလျှင် သူက ဝင်ကစွပ်ကောင်။

❑ ❑ ❑

ကျွန်တော့် ဖခင်ကြီး ကွယ်လွန်သောအခါ ဝင်ဒါမီယာမှ သဃ်န်းကျွန်းသို့ ကျွန်တော်တို့ ပြောင်းရပါသည်။ ထိုကာလတွင် ကျွန်တော်နှင့် အေးဘုံတို့ အိမ်ထောင်သက် (မည်မျှရှိပြီ မမှတ်မိပါ) ကလေးလေးယောက်ရပြီး ဖြစ်ပါသည်။

ဝင်ဒါမီယာနှင့် ပတ်သက်သမျှ အရာရာကို ကျွန်တော်တို့ စွန့်လွှတ်ခဲ့ရပါသည်။ သူဌေးများပေါပြီး ဆင်းရဲသားရှားသော ဝင်ဒါမီယာမှ ဆင်းရဲသားပေါပြီး သူဌေးရှားသော သဃ်န်းကျွန်းသို့ စာရေး~ ရာသုမောင် ရောက်ခဲ့ရပြန်သည်။ ကောင်းလေစွ။

စာရေးဆရာတို့ သဘာဝအတိုင်း ကျရာမှာ နေပြီး ကျပန်း အတွေးစုများကို ရေးသားရင်း အနေပျော်ခဲ့ပါသည်။ ကြည့်စမ်း။ ခုဆို သဃ်န်းကျွန်းရောက်သည်မှာ (၆)နှစ်ရှိပါပြီ။ ဝင်ဒါမီယာကို မေ့ထားခဲ့သည်မှာလည်း ၎င်းအတိုင်းပင်။ ဦးညွန့်မောင် တစ်ယောက်ရော ဘယ်ရောက်နေ သနည်း။ တစ်ခါတစ်ခါတော့





စဉ်းစားမိပါသည်။ အမှတ်တမဲ့မျှသာ။ ပြောမည့်သာ ပြောရသည်။ ကျွန်တော်ကရောတဲ့။ ဝင်ကစွပ်ကောင် တစ်ကောင်ပင် မဟုတ်ပါလား။ မွေးကတည်းက ဘယ်မှာမှ အခြေတကျ၊ ကိုယ်ပိုင်အိမ်ရာဖြင့် မနေခဲ့ရဖူးပါလား။

❑ ❑ ❑

“ဟဲ့ ဗလ။ မင်း ဘိုးဘွားရိပ်သာမှာ အသိရှိသလား” ဟု ကျွန်တော့်ယောက္ခမ (အေးဘုံအမေ)က တစ်နေ့ ဖုန်းဆက်မေးပါသည်။ သူက မယ်သီလရှင်ဝတ်ဖြင့် ဝင်ဒါမီယာ သူ့ခြံမှာပင် ကျန်ရစ်ခဲ့သည်။ စာရေးဆရာ မောင်နေဝင်း(ကွယ်လွန်)၏ မငွေရီ ဓာတ်ကောင်ကဲ့သို့ပင် ကျွန်တော့်ယောက္ခမကြီးသည် ထစ်ခနဲရှိ ဟဲ့ ဘယ်သူ့ပြောပေးစမ်းပါဟု အမြဲ ပူဆာတတ်သည်။ ဟုတ်တော့လည်း အဟုတ်သားပင်။ ကျွန်တော်ကလည်း ဟိုပွဲသည်ပွဲတွေမှာ မကြာမကြာပါနေတတ်သည်ကိုး။ တီဗွီမှာ ပြောပါတယ်။

“ဘာကိစ္စရှိလို့လဲအမေ။ အမေသွားနေချင်လို့လား” ဟု ကျွန်တော်က နောက်တောက်တောက်မေးပါသည်။

“အို ပေါက်တတ်ကရကွယ်။ ကိုညွန့်မောင် သိတယ် မဟုတ်လား။ သူ့ပို့ချင်လို့”

သည်တော့မှ ဦးညွန့်မောင်ကို ကျွန်တော် သတိရပါသည်။ ဩော် ခုလောက်ရှိ ခုနစ်ဆယ်ကျော်ရောပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဦးညွန့်မောင်က အမေ့အိမ် ဘယ်နှယ်ရောက်နေသလဲ"

"အစတော့ ဒိုက်ဦးက မောင်ဖော်တို့အိမ်မှာ။ ခုတော့ လေဖြတ်လို့ ငါခေါ်ထားရတယ်"

ဩော် (၈၀)ကျော် သီလရှင် အဘွားကြီးနှယ် ကိုယ့်အတွက် တောင်ဝေးတော့ မရှာ။ ကိုယ့်လို အရွယ်အိုကြီးပြီးတော့ ဒုက္ခိတကြီးမှ အိမ်ခေါ်ထားရတယ်လို့ဟု ကျွန်တော်က ကရုဏာဒေါသော ဖြစ်ရပါသည်။

ကျွန်တော့် ယောက္ခမကလည်း သည်ကိစ္စမျိုး ဝါသနာကို ကြီးသည်။ ဆွေမျိုးသားချင်းများ၊ အိမ်နီးနားချင်းများ ဒုက္ခရောက်ပြီဆိုလျှင် ခုလိုပဲ သူ့အိမ်ဝင်းထဲခေါ်ခေါ်ထားတတ်သည်။ "ကုသိုလ်ရတာပေါ့"ဟု ဆိုသည်။ ကုသိုလ်က နောက်၊ သူ့အိမ်ပေါ် ခေါ်တင်ထားသဖြင့် မဆင်းဘူးဗျို့၊ ပုလင်းဘူးဆို လုပ်သူတွေနှင့် ကြုံရသည်ကို မမှတ်သေးချေ။

ဆိုလိုသည်မှာ ဤနှယ်လူမျိုးပေါင်းစုံကို ကုသသမဂ္ဂ ဒုက္ခသည်စခန်းသဖွယ် လက်ခံနေသည်မှာ ကျွန်တော့်ယောက္ခမကြီး၏ ငယ်ကျင့်ပင်။

ယခု ဦးညွန့်မောင်။ ဒုက္ခိတ။

"အမေရယ်။ ကိုယ်တိုင်လည်း လူဝတ်ကြောင်ပယ်ပြီး သီလရှင်လုပ်နေမှ ဘာကြောင့် ဒုက္ခရှာရတာလဲ"

"အေး အစကတော့ သူ့ဘာသာသူလုပ်နိုင်ကိုင်နိုင်မို့ ငါက မခေါ်ပါဘူး။ ခုတော့ ဒုက္ခိတကြီး ဖြစ်နေလို့ တမင်ခေါ်ထားတာ"





ကျွန်တော့် ယောက္ခမအကြောင်း ကျွန်တော်သိပြီးသားမို့ သိပ်စကားမရှည်တော့ပါ။ ကျွန်တော် စိတ်ဝင်စားသည်မှာ ဘိုးဘွားရိပ်သာ။

အဖြစ်က သည်လိုပါ။ ဦးညွန့်မောင်သည် မူလအတိုင်း အေးဘုံတို့ ငှားထားသော နိုင်ငံခြားသားများ ခြံတွင် ဆက်လက် လုပ်ကိုင်နေခဲ့၏။ သို့သော် တိုက်က သိပ်မကောင်းလှပါ။ ခု ခေတ်မှာ ပုံဆန်း၊ ပုံသစ် တိုက်အမျိုးမျိုး ဝင်ဒါမီယာမှာ မှိုလို ပေါက်လာပြီဖြစ်သည်။ အမေ့အိမ်သည် အနုပ်စား ဖြစ်သွား၏။ ငှားမည့်သူ မရှိတော့ချေ။ အမေကလည်း အသက်ကြီးပြီမို့ သူ့တစ်နေရာစာကျန်လျှင် တော်ပြီဟု ယင်းခြံကို ပိုင်းရောင်းလိုက်၏။

နိုင်ငံခြားသားတွေ မငှားကြတော့ကတည်းက အလုပ်လက်မဲ့ ဖြစ်သွားသော ဦးညွန့်မောင်သည် ဝင်ဒါမီယာထဲမှာပင် ဘိုအိမ်၊ သည်အိမ် တလည်လည်နှင့် ဝင်ကစွပ်ကောင် ဖြစ်နေရှာခဲ့၏။ အသက်ကြီးလာတော့ အရင်လိုလည်း အလုပ်ကို အတည်တကျ မလုပ်နိုင်၊ အပင်ပန်း မခံနိုင်တော့။ အလွန်ဆုံး ခြံစောင့်လောက်၊ လက်တိုလက်တောင်းလောက်သာ လုပ်နိုင်တော့၏။

သည်လိုနှင့် နောက်ဆုံး ကျွန်တော့်ယောက်ဖအငယ်မိသားစုက ဒိုက်ဦးမြို့သို့ ခေါ်ဆောင်သွားတော့သည်။ ဘာမျှတော့ အပင်ပန်းပန်း မလုပ်ရပါ။ အိမ်မှာ လူကြီးတစ်ယောက် ရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လက်တို့လက်တောင်း အကူရသည်။ ဆွေမျိုးသားချင်း မရှိသဖြင့် ပြဿနာတက်စရာ မလို။ အဆင်မပြေပေဘူးလား။

သို့သော် ကျွန်တော်တို့သည် အလွန်သေချာပြီး ဖြစ်ကို ဖြစ်လာရမည့် အရေးတစ်ခုကို မေ့နေတတ်ကြပါသည်။ လူဖြစ်ပြီး လူ့ဘဝ၏ ပစ်မလွှမ္မတာကို သိသိကြီးနှင့် ဂရုမစိုက်ဘဲ နေတတ်ကြပါသည်။

ဟော- တလောဆီက ဦးညွန့်မောင် လေဖြတ်သည်တဲ့။ လူဆိုတာ အိုလာလျှင် နာရမည်။ ပြီးတော့ သေရမည်။ ဒါကို ကြိုတင်ပြီး စီစဉ် တွက်ချက်ထားတတ်သူ ဘယ်နှစ်ယောက်ရှိသနည်းဟု ကျွန်တော် စဉ်းစားမိပါသည်။ ဆင်းရဲချမ်းသာမရွေးပါ။ မျှော်လင့်ချက်ဖြင့် အသက်ရှင်နေကြသည်။ စိတ်ကူး အိပ်မက်များဖြင့်သာ နေ့ဝင်နေ့ထွက်ကို စောင့်နေကြသည်ကများသည်ဟု ကျွန်တော်ကတော့ ထင်ပါသည်။

❑ ❑ ❑

"မောင်ဖေတို့ဆီမှာကလည်း လူပိုမရှိတော့ ကိုညွန့်မောင်ကို တကူးတကန့် မပြုစုနိုင်ကြဘူး။ ဒါနဲ့ ငါပဲခေါ်ပြီး ဆေးကုပေးခဲ့တယ်။ ခုတော့ လူကောင်းနီးနီး ဖြစ်နေပါပြီ"

(၇၀)ကျော် ဒုက္ခိတကြီးအား (၈၀)ကျော် သီလရှင်ကြီးက မည်သို့မည်ပုံ ကူညီဆေးကုပေးသည်ကို ကျွန်တော် စဉ်းစားမရသော်လည်း သက်ကြီးရွယ်အိုတို့၏ တာနာခြင်း သဘော၊ နောက်ဆုံးအချိန်တွင် ဖြစ်ပေါ်လာတတ်သည့် သန့်ရှင်းကြည်လင်သော လူ့မနောဓာတ်တို့ကိုကား ကျွန်တော် ကောင်းကောင်းကြီး ခံစားရပါသည်။

"ခုတော့ ငါလည်း သေမယ့်အချိန် စောင့်တဲ့အရွယ်ရောက်ပြီ။ ကိုညွန့်မောင်ကလည်း ရောဂါပျောက်ပေမယ့် လူမိုကြီးဖြစ်နေပြီ။ အဲဒါ အကောင်းဆုံးကတော့ ဘိုးဘွားရိပ်သာပို့ဖို့ပဲ"

"ကောင်းတာပေါ့ အမေ။ ဒါဟာ သူ့အတွက် အသင့်တော်ဆုံး နေရာပဲ"

"အေး အခုဟာက ခက်နေတယ်။ သူနဲ့ ပတ်သက်တဲ့ ထောက်ခံချက်တို့ အာမခံမယ့်သူတို့ လိုနေတယ်"

"ရတယ်လေ ကျွန်တော် ကူညီပါ့မယ်"

"ဩော်- ကိုယ့်မျက်စိအောက် နေလာခဲ့တဲ့ လူတစ်ယောက် လူအိုရုံ ပို့ရတယ်ဆိုတော့ တစ်မျိုးကြီး ခံစားရတာပေါ့။ အေးလေ အိုပြီကိုး"

"ဘိုးဘွားရိပ်သာပါ အမေရဲ့"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်။ အသက်ကြီးလာရင် အမေ့လို မိသားစု စုံစုံလင်လင်ရှိတဲ့ လူတွေတောင် အထီးကျန်လာတတ်ကြတယ် မဟုတ်လား"

"ဒါပေမယ့် သက်တူရွယ်တူတွေချင်း စုပေါင်းနေကြ







www.burmeseclassic.com

www.burmeseclassic.com



ရှုတာဆိုတော့ ပျော်သွားမှာပါ။ ဟဲ–ဟဲ ဟိုမှာရည်းစားတွေဘာတွေတောင် ရချင်ရနေမှာဗျ"

ကျွန်တော်က ရယ်စရာ ပြောသော်လည်း အမေက မရယ်ပါ။ ကျွန်တော်ကိုယ်တိုင်ခွဲကရောတဲ့။ ကျွန်တော်သည်လည်း ဦးညွှန့်မောင်အပေါ် သံယောဇဉ်ရှိနေမင့်ဟာကိုး။ ဟန်ဆောင်ပြုံးရယ်ရပါသည်။

(၃)

ရှေးစာဆိုကြီး ဦးကြင်ဥသည် ဝင်ကစွပ်ကောင်လေးများ ပင် ပင်လယ်ကမ်းခြေမှာ ဟိုခရုခွံ၊ သည်ခရုခွံ ပြောင်းလွဲနေထိုင်ကြသည့် သာမော့ဖွယ်အဖြစ်ကို စပ်ဆိုပါသည်။

ဝင်ကစွပ်ကောင်ကလေးများ၏ အခြေအနေကို ကြည်နူးစရာ ကောင်းသည်ဟု ဘက်လိုက် ဖွဲ့ဆိုပါသည်။

ထိုဝင်ကစွပ်ကလေးများ စွန့်ခွာသွားခြင်း ခံရသော ခရုခွံများ၏ သဘာဝနှင့် ဘဝကို သတိမေ့သွားဟန် တူပါသည်။

(ကလျာ၊ ဖေဖော်ဝါရီ၊ ၁၉၉၇)



# အဘိုးအို၏ နောက်ဆုံးအိမ်

(၁)

အမှန်က ဤစာစုကို ကလျာမဂ္ဂဇင်းတွင် ရေးသင့်ပါသည်။ ကျွန်တော်၏ ကွမ်းစကား စာစုစာရင်း ဝင်ရုံတင်မက ကလျာမဂ္ဂဇင်းအမှတ် ၁၄၄၊ ဖေဖော်ဝါရီ (၉၇)တွင် ကျွန်တော် ရေးသားခဲ့သော "အငှားခန္ဓာပြောင်းရတယ်"ကွမ်းစကား စာစု၏ အဆက်ဟု ယူဆနိုင်သောကြောင့် ဖြစ်ပါသည်။

ယင်းစာစုကို လိုအပ်မည်ထင်သဖြင့် အတိုချုံ့ ပြန်လည် ဖော်ပြပါရစေ။ ဒါမှ ကျွန်တော်ပြောလိုသော ဆိုလိုရင်းကို ရောက်ပါလိမ့်မည်။

တစ်ချိန်တုန်းက ကျွန်တော် နေခဲ့ဖူးသော သုဒ္ဓေးရပ်ကွက်တစ်ခုမှ နိုင်ငံခြားသံအရာရှိအိမ်များတွင် အောက်ခြေသိမ်း



www.burmeseclassic.com

www.burmeseclassic.com



တာဝဲလည်လည် လုပ်ခဲ့ရသော ဦးညွန့်မောင်ဆိုသူ တစ်ကောင်ကြွက်ကြီးတစ်ယောက် ရှိပါသည်။ ကျွန်တော်နှင့် အတန်အသင့်ရင်းနှီးပါသည်။ ကျွန်တော်နေသော အိမ်နှင့် ကျွန်တော့်ဇနီးအေးဘုံနေသော အိမ် (ထိုစဉ်က မညားကြသေးပါ။)အကြားတွင် ထိုဦးညွန့်မောင် အလုပ်လုပ်သော သံအရာရှိအိမ်ရှိပါသည်။ အမှန်တော့ ယင်းအိမ်သည်လည်း အေးဘုံတို့အိမ်ဖြစ်ပြီး အိမ်ငှားချထားခြင်းဖြစ်ပါသည်။ ကျွန်တော် ညနေဘက် ယင်းအိမ်သို့အလည်သွားရင်း အေးဘုံကို အမျှော်စိုက်ပါသည်။ သည်လိုနှင့်ဦးညွန့်မောင်အကြောင်း ကျွန်တော် သိခဲ့ရခြင်း ဖြစ်ပါသည်။

ဦးညွန့်မောင်သည် ကျေးတောသား ဖြစ်ပါသည်။ တာ...သတ်လို့ မိဘတွေ သေခဲ့ကြပါသည်။ ဆွေမျိုးဉာတိ မရှိပါ။ ရွာဦးဘုန်းကြီးလက်ပေါ် ကြီးရသည်။ တော်လှန်ရေးကာလ...တပ်ထဲဝင်ခဲ့သည်။ တော်လှန်ရေးကြီးပြီးတော့ တပ်မှ ထွက်...သည်။ လွတ်လပ်ရေးရတော့ ကျပန်းအလုပ်တွေ မျိုးစုံလုပ်...သည်။ နောက်ဆုံးတော့ သံအရာရှိအိမ်တွလည်ပြီး မာလီလု...သည်။ ကလေးထိန်းသည်။ စောစောကပြောသော သံအရာရှိအိမ်တွင် အနေအကြာခဲ့ဆုံး ဖြစ်သည်။ သူ့အသက်ကြီးလာသည်နှင့်အမျှ သံအရာရှိငှားရမ်းသော အိမ်မျိုးစုံတို့လည်း ပြောင်းနှမ်းလာကြသည်။ အေးဘုံတို့အိမ်သည် ခေတ်မမီတော့...သည်လိုနှင့် အေးဘုံနှင့် ကျွန်တော် ညားကြပြီး ကာလအတန်ကြာသောအခါ ထိုအိမ်ကို အေးဘုံတို့က ရောင်းချပစ်လိုက်





တော့သည်။ ထိုအခါ ဦးညွန့်မောင်သည် ထိုရပ်ကွက်ထဲမှာပင် ဟိုအိမ်၊ သည်အိမ် လှည့်နေခဲ့ရတော့သည်။ အလုပ်ကတော့ မာလီပင်။ သူက လူပျိုကြီးလည်းဖြစ်ပါသည်။ ကလေးတွေကို အင်မတန် ချစ်သည်။ သူ့အလုပ်က ပန်းစိုက်ရင်း ခြံစောင့်ရင်း နိုင်ငံခြားသားကလေးများကိုပါ စေတနာ့ဝန်ထမ်းကူညီထိန်းပေးခြင်းဖြစ်လေရာ ယင်းနိုင်ငံခြားသားများ ပြည်တော်ပြန်သောအခါ ကလေးများ သံယောဇဉ်အမြစ်မှ အနှုတ်ခံရသလို ဝေဒနာတွေ ကျန်ရစ်ခဲ့ရသည်။

"အင်း ကျုပ်ဘဝကတော့ ပင်လယ်ကမ်းခြေက ဝင်ကစွပ်ကောင်လေးတွေ ခိုအောင်းသွားကြတဲ့ ခရုခွံလိုပါပဲဗျာ။ တစ်ကောင်ဝင် တစ်ကောင်ထွက်နဲ့ နောက်ဆုံး ကျုပ်သာ တစ်ကောင်ကြွက် ဖြစ်ကျန်ခဲ့ရတာပါ"

ဟု သူက မကြာမကြာ လွမ်းမောပြတတ်ပါသည်။

နောင် ကျွန်တော်နှင့် အေးဘုံတို့ သဃ်န်းကျွန်း ကျွန်တော်တို့ ခြံသို့ ပြောင်းသောအခါ ဦးညွန့်မောင်နှင့် အဆက်ပြတ်ခဲ့ရပါသည်။ လေး၊ ငါး ဆယ်နှစ်ခန့် အကြာ ဦးညွန့်မောင်သတင်းပြန်ကြားရသောအခါ သူလေဖြတ်နေသည်။ ကျွန်တော့်ယောက္ခမ မယ်သီလရှင် အဘွားအိုကြီးက ခေါ်ယူ ကျွေးမွေးဆေးကုသပေးနေရပါသည်။ ရောဂါပျောက်သွားပါပြီတဲ့။ သို့သော် နာလန်ထစ ခုနစ်ဆယ်ကျော် အဘိုးကြီးအား ရှစ်ဆယ်ကျော် မယ်သီလရှင်အဘွားကြီးက မည်သို့ ဆက်လက် ကူညီ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်မနိုင်ပါတော့မည်နည်း။ ကျွန်တော့် အကူအညီဖြင့်ဖင် ဘိုးဘွားရိပ်သာသို့ အပြီးတိုင် အပ်နှံလိုက်ရတော့သည်။ သူ့ အဖို့ မသေခင် နတ်ပြည်ရောက်သွားသည်ဟု ယူဆနိုင်ပါသည်။ နဂိုကတည်းက တစ်ကောင်ကြွက်မို့ သည့်ထက်ကောင်းသည့် နေရာ သို့မဟုတ် နောက်ဆုံး အိမ်သည်မရှိနိုင်တော့ပါ။ အချိန် တန်စား၊ အချိန်တန်အိပ်၊ အချိန်တန် ဘာဝနာပွား။

အထက်ပါ ကလျာမဂ္ဂဇင်းပါ ကျွန်တော်၏ စာစုအနှစ် ချုပ်သည်ကား သူပြောသလို သူသည် ခရုခွံ၊ ကမာခွံကလေးများ ကို သူ့ဘဝနှင့် နှိုင်းသလို သူလှည့်လည်နေထိုင်သွားခဲ့သော အိမ်များသည်လည်း ကမာခွံ၊ ခရုခွံကလေးများပင်ဟု တစ်ဖက်မှ ပြန်တွေးနိုင်ပါသည်။ သူကတော့ အဲသည့်အခါမှာ ဝင်ကျွပ် ကောင်ပင် မဟုတ်ပါလား...ဟူ၍။

(၂)

ကောင်းပါပြီ။ ဟိုးအစ၌ ကျွန်တော်က ယခု စာစုကို ကလျာမဂ္ဂဇင်း၌ပင် ဆက်၍ ရေးသင့်သည်ဟု ဘာကြောင့် ပြောခဲ့ပါသနည်း။ ခုတော့ရော ဘာကြောင့် "မြို့တော်"သို့ ပြောင်း၍ ရေးရပါသနည်း။

အခန်းဆက်ဝတ္ထု၊ အခန်းဆက် ဆောင်းပါးတို့မည်သည် မဂ္ဂဇင်းတစ်စောင်ထဲ၌သာ လစဉ်မှန်မှန်ရေးရရိုး ရှိပါသည်။ ယခု ဤစာစုသည်ကား ဦးညွန့်မောင်၏ အကြောင်းအရာသည် လည်း ကလျာမဂ္ဂဇင်းပါ စာစုကဲ့သို့ ဘဝအမောအကြောင်း မဟုတ်ဘဲ ပြုံးချင်စရာ ဖြစ်နေသည်လည်း တစ်ကြောင်းကြောင့် ဖြစ်ပါသည်။ ပြီးတော့ ဤစာစုကို ကလျာတွင် ရေးလိုက်ပါက ပထမစာစု၏ မူလအရသာ ပျက်သွားမှာကို ကျွန်တော်က စိုးရိမ်ပါသည်။ ယခု ဦးညွန့်မောင်အကြောင်းကို ဆက်၍ ရေး လျှင် စာဖတ်သူ သဘောပေါက်ပါလိမ့်မည်။

စောစောက ပြောသလို ဦးညွန့်မောင်အား ဘိုးဘွားရိပ်သာ သို့ အပြီးတိုင် သွားမပို့ခင် ပထမအကြိမ် အစစ်ဆေးခံရန် သွားကြရပါသည်။ သူ့အား လူတွေ့ရော၊ ဆေးစစ်ခြင်းကိုပါ ပြုပါသည်။ ထောက်ခံသူ ကျွန်တော့်အားမူ ဦးညွန့်မောင်ကို ဘာကြောင့် ဘိုးဘွားရိပ်သာပို့ပေးရကြောင်းလောက်သာ စစ်ဆေး ပါသည်။

လူတွေ့စစ်ဆေးကြပြီးသောအခါ ဦးညွန့်မောင်အား ဘိုးဘွားရိပ်သာပိုင် ဘိုးဘွားဆေးရုံ၌ ဆေးစစ်ပါသည်။ ဆေး စစ်သူ ဒေါက်တာမှာ အသက်သုံးဆယ်ဝန်းကျင်ရှိ အမျိုးသမီး ဆရာဝန်မ ဖြစ်ပါသည်။ ရုပ်ရည် အသင့်အတင့်ရှိပြီး အိမ် ထောင်သည်တစ်ယောက်ဟူ၍ ကျွန်တော်က ခပ်လှမ်းလှမ်းမှ မှတ်ချက်ချပါသည်။ သို့မဟုတ် အဘိုးအဘွားများကို ကလေး သူငယ်များပမာ ကိုယ်ဖိရင်ဖိ ဆက်ဆံရဖန်များသဖြင့် ကိုယ် နှုတ်နှလုံးက မိခင်သဏ္ဍာန် ပေါ်နေသော အပျိုကြီးတစ်ယောက် လည်း ဖြစ်ချင်ဖြစ်ပေလိမ့်မည်။ ဤသို့လျှင် ထိုဆရာဝန်မ






www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ပုံဖော်နေရသည်မှာ ဤစာစု၌ ဦးညွန့်မောင်၏ စရိုက်ကို ဖော်ကျူးရာတွင် လိုအပ်သည်ထင်သောကြောင့် ဖြစ်ပါသည်။

ကိုင်း သည်လိုနှင့် ဆေးစစ်ကြပြီ ဆိုကြပါစို့...ရဲ့။ ဦးညွန့်မောင်အား ကိုယ်အလေးပေါင်ချိန်သည်။ ရင်ဘတ်ကျော စသည်ဖြင့် နားကျပ်ဖြင့် စမ်းသပ်သည်။ ထိုင်ချည် ထချည် လုပ်ခိုင်းသည်။ လမ်းလျှောက်ခိုင်းသည်။ ကိုယ်လက်လှုပ်ရှားခိုင်းသည်။ မေးခွန်းအချို့ကို မေးသည်။ ကလေးတစ်ယောက်၏ မှတ်ဉာဏ်ကို စစ်ဆေးသော မေးခွန်းမျိုး ဖြစ်သည်။ ဒါကလည်း ကူးစက်ရောဂါ၊ လက်လွန်နေပြီဖြစ်သော ရောဂါဆိုး စိတ်ရောဂါစသည်များ ရှိ၊ မရှိ စစ်ဆေးခြင်း ဖြစ်ဟန်တူပါသည်။ အများအတွက် ဆိုးကျိုးကိုသာ ပေးနိုင်သော အဘိုးအဘွားတို့ကိုကား မည်သို့လျှင် တာဝန်ယူနိုင်ပါမည်နည်း ဟုတ်သားပဲ။

"အဘိုးမှာ အူကျရောဂါ ရှိသလား"

"ဗျာ။ ဘာကို ပြောတာလဲ ဆရာမလေးရဲ့"

"ဩော် သဘောတွေ၊ ဘာတွေ ကျသလားလို့ မေးတာပါ"

"ဟာဗျာ"

ဦးညွန့်မောင်၏ အသံတုန်ခါ တိတ်ဆိတ်သွားပါသည်။ ခိုးခိုးခစ်ခစ် ရယ်သံနှင့်အတူဆရာမလေးက ဆက်၍ မေးပါသည်။





"ရှက်မနေပါနဲ့ အဘိုးရဲ့။ သမီးပြောတာက ဂွေးစေ့၊ ဂွေးစေ့အောင့်တတ်သလား မေးတာ"

အတန်ကြာ တိတ်ဆိတ်နေပြီးမှ "တစ်ခါတလေ သိပ်ပြေးဟ၊ လွှားဟလုပ်ရင်တော့ အောင့်သလိုပေါ့ဗျာ" ဟု ကတုန်ကယင်ဖြင့် ပြန်ဖြေပါသည်။ ဆရာဝန်မကလေးသည် အဘိုးအိုအား ဆိုးဆိုးဆတ်ဆတ် လက်ကိုဆွဲလျက် အခြား အခန်းငယ်တစ်ခုထဲသို့ ခေါ်သွားပါတော့သည်။ အတန်ကြာသောအခါမှ ချွေးသီးချွေးပေါက်များ နဖူးပြင်ပေါ် သီးနေသည့် ဦးညွန့်မောင် ပြန်ထွက်လာပါသည်။ ဆရာဝန်မလေးသည် "ခဏနေကြဦး" ဟု ကျွန်တော်တို့အား ခြိုင်ပြောဆိုလျက် သူနာပြုဆရာမတစ်ဦးအား တစ်စုံတစ်ရာ ညွှန်ကြားနေပါသည်။ ပြီးနောက် ကျွန်တော်နှင့် အေးဘုံထဲသို့ လျှောက်လာပါသည်။ ဦးညွန့်မောင်ကား ခပ်လှမ်းလှမ်းမှာ ကျန်ခဲ့ပါသည်။

"ဒီအဘိုးမှာ သွေးတိုးရှိလား"

ကျွန်တော်တို့က မသိရပါကြောင်း ဖြေကြပါသည်။ ဆရာဝန်မလေးက...

"သွေးပေါင်တွေ သိပ်တက်နေတယ်။ သူ့ကို မေးတော့လည်း ခုချိန်ထိ နေပူမိုးရွာမရှောင် လုပ်ကိုင်လှုပ်ရှားနေတာပဲတဲ့၊ မော်တယ်ရယ်လို့လည်း မရှိပါဘူးတဲ့။ ကျွန်မ စမ်းကြည့်သလောက်လည်း သွေးတိုးရောဂါတို့၊ သွေးပေါင်ချိန်တက်တဲ့ ရောဂါတို့ မတွေ့ရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဆရာဝန်မလေးက ကျွန်တော်တို့ နားလည်လွယ်ဆုံးသော သာမန်အရပ်စကားဖြင့်ပင် ပေါ့ပေါ့ပါးပါး ရှင်းပြပါသည်။

ကျွန်တော် စိတ်ပူရင်းစွဲလည်း ရှိပြန်၊ စိတ်ပူမိသည်လည်း အမှန်မို့–

"နော့– ဆရာမရယ် မရှိမသေ။ ဟို အူကျတာတို့ ဘာတို့"

"မရှိပါဘူးရှင်။ ကျွန်မ စမ်းပြီးပါပြီ။ အောက်ခံဘောင်းဘီ ဝတ်လေ့ဝတ်ထမရှိလို့ နေမှာပါ"

"ဒါဖြင့် သွေးတိုးရောဂါဆိုတာက"

"မဟုတ်ဘူးရှင့်။ သွေးတိုးမဆိုလိုပါဘူး။ သွေးပေါင်ချိန်တွေ သိပ်တက်နေလို့ ပြောတာပါ။ ကိစ္စမရှိပါဘူးလေ။ ကျွန်မ သွေးကျဆေး သွားယူခိုင်းထားတယ်။ အိမ်ရောက်ရင် တိုက်လိုက်၊ ခဏတစ်ဖြုတ် နားခိုင်းထားပါ"

ကျွန်တော်သည် ဘာမဟုတ်တာကလေးနှင့် ဦးညွန့်မောင် ဆေးစစ်စာမေးပွဲကျမှာကို စိုးရိမ်နေမိပါသည်။ အရိုးသားဆုံး ပြောရလျှင် ဦးညွန့်မောင်လို လူတစ်ယောက်အတွက် နတ်ပြည်ဆိုရအံ့သော ဤနေရာကလေးနှင့် လွဲရမည်ကို ကျွန်တော် စိုးရိမ်မိခြင်း ဖြစ်ပါသည်။ သူ့ဘဝတွင် သူကချည်း ပြုစုနေခဲ့ရသည်။ ယခုအခါ သူက တစ်ဖန် အပြုစုခံ ဖြစ်ရတော့မည် မဟုတ်လား။





ရေရှည်ကို တွေးတတ်သော ကျွန်တော်သည် ဦးညွန့်မောင် တစ်ယောက် ဆေးစစ်စာမေးပွဲအောင်ပါ့မလား။ ဘိုးဘွားရိပ်သာ နေခွင့်ရပါ့မလားဟူ၍ စကားကြောရှည်ရန် စတင် ကြိုးစားစဉ်မှာပင်လျှင် စောစောက သူနာပြုဆရာမ ပြန်ရောက်လာသည်။ ဆေးထုပ်တစ်ထုပ်ကို ဆရာဝန်မလေး လက်သို့ အပ်ပါသည်။ ဆရာမလေးက ဦးညွန့်မောင်အား လှမ်းခေါ်ပြီး 'ကဲ...ရော့ အဘိုး၊ ဒီဆေးပြားတစ်ပြား အိမ်ရောက်ရောက်ချင်း ရေအေးအေးနဲ့ သောက်၊ ငြိမ်ငြိမ်ကလေးနေ၊ နေပူထဲ လျှောက်မသွားနဲ့။ နက်ဖြန်မနက် တစ်ပြား၊ ညနေတစ်ပြားသောက် ဟုတ်ပြီလား'ဟု ပြောပြောဆိုဆို ဆေးထုပ်ကို အပ်လျက် နောက်ထပ်အဘိုးတစ်ဦးအား ဆေးစစ်ရန် ချာခနဲ လှည့်ထွက်သွားပါတော့သည်။

❑ ❑ ❑

အစည်းအဝေးထိုင်ပြီး အရင်အကြောင်းကြားပါမည်။ လက်ခံကြမှာပါဟု ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌကြီးက ပေါ့ပေါ့ပါးပါး ချိုချိုသာသာ ပြောလိုက်သော်လည်း အပြန်လမ်းတစ်လျှောက်တွင် ကျွန်တော်တို့အားလုံး ဦးညွန့်မောင်တစ်ယောက် ဆေးစစ်ကျသွားရင်ဖြင့် အခက်ပဲဟူ၍ တွေးနေမိကြပါသည်။ ကျွန်တော်က ကားမောင်းနေရင်း တစ်ဖက်ဖြစ်သည်တစ်ကြောင်း၊ ဦးညွန့်မောင်၏ အတွင်းရေးကို သိပ်မသိလှသည်တစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဘာမျှမမေးသော်လည်း အေးဘုံတို့သားအမိကမူ သွေးတိုးရောဂါရှိသလား။ နေပူထဲ ထွက်ရင် မူးသလား။ ခေါင်းအုံ၊ ဇက်လေးတတ်သလား။ နှလုံးတုန်သလား။ ချွေးစေး ပြန်သလား စသည်ဖြင့် သူတို့ကြားဖူးနားဝရှိသလောက် သွေးပေါင်ချိန်တွေ အလွန်တက်နေရခြင်း အကြောင်းကို ဖင်ပြန်ခေါင်းပြန်မေးနေကြပါသည်။ ဦးညွန့်မောင်မှုကား သူ ဘာမှ မဖြစ်ဖူးဘူးဟူ၍သာ တွင်တွင်ငြင်းလျက် နေပါသည်။

"ကျုပ် အခု ဒီကပြန်ရင် မြေနီကုန်းဘက် ကီစွတစ်ခုနဲ့ လမ်းလျှောက်ထွက်ရဦးမှာဗျ"ဟုပင် ဆိုလိုက်ပြန်ပါသည်။ ကျွန်တော်က...

"ဟာ ဘယ်ဖြစ်မလဲဗျ။ ဆရာဝန်မက နေပူထဲတောင် မထွက်ပါနဲ့။ ငြိမ်ငြိမ်လေးနေပြီး ဆေးသောက်ပါလို့ ပြောထားတဲ့ဥစ္စာ"

"ကျုပ် ဘာမှ မဖြစ်ပါဘူးလို့ဆိုနေမှဗျာ"

"ဘာမှမဖြစ်ဘဲ ဟိုက ပြောမလားဗျ။ သူပြောတဲ့အတိုင်းသာ ဆေးသောက်ပြီး အိပ်ရာထဲ ငြိမ်ငြိမ်နေလိုက်။ တော်ကြာနေ နောက်တစ်ခါ ဆေးထပ်စစ်တော့မှ သွေးပေါင်မကျတာလေးတစ်ခုတည်းနဲ့ စာမေးပွဲကျနေရင် ခက်နေဦးမယ်"

ဦးညွန့်မောင်သည် ဆတ်ခနဲ ဖြစ်သွားပြီး ကတုန်ကယင်လေသံဖြင့် မေးရှာပါသည်။

"ဟင် ဆေးက ထပ်စစ်ဦးမှာတဲ့လား"





"သိဘူးလေဗျာ။ အကြောင်းကြားမယ်ဆိုတာ ဘာကိုမှန်းမှ ကျွန်တော်မသိတာ။ လိုအပ်လို့ ဆေးထပ်စစ်တဲ့အခါ ကိုယ့်ဘက်က သွေးပေါင်တွေ၊ ဘာတွေတက်မနေ၊ ကျမနေဖို့ဘဲ အရေးကြီးတာ မဟုတ်လား"

ဦးညွန့်မောင်သည် ခေါင်းငိုက်စိုက်ကြီးကျလျက် အတန်ကြာမျှ သက်ပြင်းရှည်ကြီးများကိုသာ ချလျက်၊ ချလျက် ခနေ ရှာပါသည်။ ပြီးမှ...

"နောက်တစ်ခါစစ်လည်း သွေးပေါင်ကတော့ ပြန်တက်ဦးမှာပါပဲဗျာ"ဟု ဖြေရင်း သူ၏ ပေါင်ခြံနှစ်ခုကြား လက်များ လျှိုသွင်းလျက် လုံခြုံအောင် နေရာပြင်ထိုင်လိုက်သည်ကို ကျွန်တော် အမှတ်မထင် တွေ့လိုက်ရပါသည်။ တစ်စုံတစ်ရာကို သိလိုက်သလိုလည်း ဖြစ်သွားပါသည်။ ဦးညွန့်မောင်က ဆုတောင်းသလို စကားဆိုပါသည်။

"ဟင်း နောက်တစ်ခါ ဆေးစစ်ခံရရင်လည်း ယောကျ်ား ဆရာဝန်ဖြစ်ရင် အကောင်းသားဗျာ"

ကျွန်တော်ကတော့ ပြုံးလိုက်မိပါသည်။

❑ ❑ ❑

"နောက်တစ်ခါ ဆေးစစ်ဦးမှာတဲ့လားဗျ"

ဦးညွန့်မောင်အား ဘိုးဘွားရိပ်သာမှ လက်ခံလိုက်ပြီဖြစ် ကြောင်း အကြောင်းကြားသဖြင့် သူ့ကို ပို့ရန် သွားကြသော



www.burmeseclassic.com

www.burmeseclassic.com



အခါ ကျွန်တော့်ကားပေါ်တက်လျှင်တက်ချင်း မေးသော စကား ဖြစ်ပါသည်။ ကျွန်တော်ကတော့ ပြုံးလို့သာ နေပါသည်။

"ဟဲ့ မင်းသွေးပေါင်းကျမကျ ပြန်စစ်ချင် စစ်ဦးမှာပေါ့" ဟု ကျွန်တော့် ယောက္ခမ သီလရှင်ကြီးက ငေါက်လိုက်ပါသည်။

"ခက်တာပဲဗျာ"

"ဘာခက်ရမှာလဲဦးလေးရဲ့။ သူတို့လည်း လူကြီးတစ်ယောက်ကို စိတ်ချလက်ချ ဖြစ်စေချင်လို့နေမှာပေါ့"ဟု အေးဘုံက ပြောင်ချော်ချော် ဝင်နောက်ပါသည်။ တကယ်တော့မူ ဦးညွန့်မောင်အား သူ၏ လိုသုံး၊ မယ်သုံး ပစ္စည်းများ တစ်ပါတည်းယူ၍ လာခဲ့ရန် အကြောင်းကြားပြီဆိုကတည်းက ဘိုးဘွားရိပ်သာက အပြီးတိုင် လက်ခံလိုက်ပြီဆိုသည်မှာ သေချာနေပါပြီ။

"အင်း သွေးပေါင်ပြန်ချိန်ရုံလောက်ကတော့ ဘယ်နှစ်ခါ ချိန်ချိန်ပါဗျာ"

သီလရှင်ကြီးကမူ ဦးညွန့်မောင်၏ အခက်အခဲကို ဘာမျှ မသိရှာဘဲ...

"ဟဲ့ သွေးပေါင်မကလို့ ဘာချိန်ချိန်ပေါ့။ မင်းကို ခုလို တစ်ပြားတစ်ချပ်မကုန်ဘဲ ဆေးရုံနဲ့နီး၊ ဘုရားနဲ့ နီးထားပေးဖော် ရတာကိုပဲ ကျေးဇူးကြီးလှပြီမှတ်"ဟု အစချီလျက် ဘိုးဘွားရိပ်သာ၏ ကောင်းရာကောင်းကြောင်းများကို "ငါတောင်မှ နေလိုက်ချင်သေး"ဟူသော စကားခဏခဏညှပ်လျက် ရှည်လျား





ထွေပြားစွာ ပြောနေပါသည်။ ဦးညွန့်မောင်ကား "ဆရာလေး မသိပါဘူးဗျာ"ဟူ၍သာ တွင်တွင်စကားထောက်နေပါသည်။ ကျွန်တော်နှင့် အေးဘုံကမူ မော်တော်ကား နောက်ကြည့်မှန်မှ တစ်ဆင့်အပြုံးကိုယ်စီဖြင့် မျက်စပစ်နေကြပါသည်။

ဘိုးဘွားရိပ်သာသို့ရောက်၍ ဆင်ဝင်အောက် ကားရပ်လိုက်သောအခါတွင်လည်း ဦးညွန့်မောင်သည် ကားတံခါးကို ရုတ်တရက် မဖွင့်ဘဲ နေပါသေးသည်။

"အင်း ဆေးထပ်စစ်မယ်ဆိုရင်လည်း ယောကျ်ားဆရာဝန်နဲ့သာ စစ်ဖို့ တောင်းပန်ပေးပါ ကိုသုမောင်ရာ"

ကျွန်တော်ကတော့ ရယ်ချင်စိတ်ကို အောင့်အည်းလျက်–

"ကဲကဲ ဆင်း ဦးညွန့်မောင်။ ကျွန်တော် ကြည့်ပြောပေးပါ့မယ်"ဟု ပြောပြောဆိုဆို ဥက္ကဋ္ဌကြီးရှိရာ အခန်းဘက်သို့ ဦးဆောင်လျှောက်သွားပါသည်။

တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပင် မျက်နှာချင်းဆိုင်မှ လျှောက်လာနေသော ထိုဆရာဝန်မလေးကို တွေ့လိုက်ရပါသည်။ သူက အဓိပ္ပာယ်ပါပါ ပြုံးပြသလို ကျွန်တော်ကလည်း တရင်းတနှီးပင် နှုတ်ဆက်လိုက်ပါသည်။

"ဘယ်လိုလဲ ဆရာမ။ ဦးညွန့်မောင်ကို အစအဆုံးပြန်ပြီး ဆေးစစ်ရဦးမှာလား"

"အို တစ်ကြိမ်နဲ့ ဘယ်ရမလဲ။ အနည်းဆုံး တစ်ပတ်သုံးကြိမ်မှန်မှန် တစ်ကိုယ်လုံး စစ်ဆေးရမှာ"ဟု မျက်နှာထား



www.burmeseclassic.com

www.burmeseclassic.com



တည်တည်ဖြင့် ဦးညွန့်မောင် တုရှုသို့ကြည့်၍ ပြောလိုက်ရာ ခပ်ကားကားရုပ်လျက် ထိတ်ထိတ်ပျာပျာ ဖြစ်နေသော ဦးညွန့်မောင်၏ ပေါင်နှစ်ချောင်းသည် အလိုလိုနေရင်း စေ့၍စေ့၍ သွားပါတော့သည်။

❏ ❏ ❏

တကယ်တော့မူ လူမှန်းသိတတ်စကတည်းက တစ်ကောင်ကြွက် လူပျိုကြီးအဖြစ် ဝင်ကစွပ်ကောင်ကဲ့သို့ ခရုခွံပေါင်း များစွာကို တစ်လှည့်စီ အိမ်လုပ်နေခဲ့ရသော ဦးညွန့်မောင်။ တစ်ခါတစ်ရံ သူကိုယ်၌က ဝင်ကစွပ်ကောင်များ ဝင်ချည်ထွက်ချည် အိမ်ကဲ့သို့ လုပ်သွားခြင်း ခံခဲ့ရသော ခရုခွံဘဝ ဦးညွန့်မောင်သည် ယခုအခါ၌ကား စကားတတ်စအရွယ် ချစ်စဖွယ်ကလေးငယ်တစ်ယောက်ကဲ့သို့ လူတန်းစေ့ နေနိုင်သည့် မိဘများလက်တွင်းသို့ ရောက်ရှိသွားပေလေပြီ။

ဒီဘဝအတွက် သူကိုယ်ပိုင်ခြောက်ပေ၊ လေးပေစာမျှ မြေတစ်ကွက်၊ ပွတစ်လုံးမရသည့်တိုင် ဤနေရာသည် သူ၏ နောက်ဆုံး အိမ်ကလေးဖြစ်သွားတော့မည်ကိုကား ကျွန်တော်ကတော့ ယုံကြည်နေပြီဖြစ်ပါကြောင်း။

❏ ❏ ❏





ဝင်ကစွပ်
မြင်ဆွတ်က ကြည်ဖို့ရာ
ဟိုသို့လာ သည်သို့သွားနှင့်
အငှားခန္ဓာ ပြောင်းရတယ်
ဆန်းခေါင်ထွတ်မျိုး။

**ရှေးစာဆိုကြီး ဦးကြင်ဥ**

**(မြို့တော်၊ အမှတ်–၈၉၊ ၁၉၈၇)**



www.burmeseclassic.com

www.burmeseclassic.com

# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်

(၁)

'လူ့စိတ်သည် မျောက်စိတ်လိုပဲ'ဟု ပညာရှိများက ဆိုပါသည်။ ပညာရှိများကို ဆန့်ကျင်စိတ်မရှိသော်လည်း ကျွန်တော်ကတော့ 'လူစိတ်သည် မျောက်စိတ်ထက်ပို၍ လှုပ်ရှားပါသည်'ဟု ဆိုချင်ပါသည်။ လှုပ်ရှားမှုဆိုသည်မှာ အနှုတ်နှင့် အပေါင်း တစ်ဖက်မှ တစ်ဖက်သို့ ခုန်ကူးနေရသည့် သဘောရှိပါသည်။ ပြီးတော့ သာမန်ထက် လွန်ကဲတာမှ လှုပ်ရှားသည်ဟု ဆိုရပါမည်။

ကျွန်တော်သိသလောက် စိတ်လှုပ်ရှားမှုအရာတွင် 'အနုပညာ'နှင့် 'စီးပွားရေးသမား'တို့၏ စိတ်သည် အလွန်ကဲဆုံးဟု ဆိုချင်ပါသည်။ ပညာတတ်ဉာဏ်ရှိသူများနှင့် အလံပန်းရောင်များအကြောင်းတော့ဖြင့် ကျွန်တော် မသိလို့ မပြောတော့ပါ။





(၂)

စောစောက ပြောသလို 'အနုပညာ'နှင့် 'စီးပွားရေးသမား' နှစ်ယောက်တည်းအကြောင်းကို ကျွန်တော် ပြောပြပါမည်။ ကိုယ်တွေ့ဖြစ်ပါသည်။ ကိုယ်တွေ့ဆိုတာမှ ကျွန်တော့်စာစုခေါင်းစီး 'သူငယ်ချင်း'ကိုယ်တွေ့ ဖြစ်ပါသည်။ စဉ်းစားကြည့်ကြပါကုန်။ လောကတွင် သူသူငါငါ ဘယ်အချစ်မျိုးနှင့်မှမတူသော အချစ်သည် သူငယ်ချင်းချစ် ဖြစ်ပါသည်။ ဒါတောင် ယောကျ်ားလေးနှင့် မိန်းကလေး သူငယ်ချင်းဖြစ်ပါက နည်းနည်းရှုပ်ချင်ရှုပ်ပေမည်။ လိင်တူချင်း သူငယ်ချင်းကား ပို၍ ချစ်တတ်ကြပေသည်။ (ယနေ့ ကမ္ဘာကျော် လိင်တူကိစ္စကို ခဏဘေးဖယ်ထားကြပါ။) ကျွန်တော်က သန့်သန့်ရှင်းရှင်း ရိုးရိုးသားသား ပြောတော့မှာမို့ ဒီကွင်းစ ကွင်းပိတ်ကို ထည့်ခြင်း ဖြစ်ပါသည်။

ကိုင်း– ကျွန်တော်နှင့် ကျွန်တော့် သူငယ်ချင်း။

စိန်ပေါ(လ်)ခေါ် ခရစ်ယာန်မစ်ရှင် ကျောင်းတွင် နပ်ချေးတွဲလောင်း အရွယ်မှစ၍ အတူပညာသင်ခဲ့ကြသော်လည်း ကျွန်တော့်နာမည်က 'ဗလ'၊ သူ့နာမည်က 'ဟူးဘတ်မောင်စံ'။ သို့သော် နာမည်ကား အဓိကမဟုတ်ပါ။ သူနှင့် ကျွန်တော် အလွန်ချစ်ကြပါသည်။

ငယ်သူတို့ ထုံးစံအတိုင်း ချစ်သည်ကတစ်ပိုင်း၊ နိုင်လိုမင်းထက် ရှိသည်က တစ်ပိုင်း ဖြစ်ပါသည်။ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို နိုင်ပါသည်။ ကိုယ်လုံးကိုယ်ထည်အရရော စိတ်ပိုင်းအရပါ ကျွန်တော်က ကြီးပါသည်။ အထူးသဖြင့် ကျွန်တော်က စိတ်ကြီးပြီး သူက စိတ်နုပါသည်။ ထို့ကြောင့်ပင် ထင်ပါသည်။ သူက အဆိုအက အလွန်ဝါသနာပါခဲ့ပြီး ကျွန်တော်က အင်ဂျင်နီယာ အလွန်လုပ်ချင်ခဲ့ပါသည်။ စိတ်နု ကိုယ်နုသူများ အနုပညာရှင် ဖြစ်တတ်ကြသည်မှာ ဟုတ်၊ မဟုတ် ကျွန်တော်က မသိပါ။ သို့သော် သေချာတာက ကျွန်တော်သည် ယခုအခါ စာရေးဆရာ၊ သူက ဆောက်လုပ်ရေး အင်ဂျင်နီယာ။

သူနှင့် ကျွန်တော် အထက်တန်းကျောင်းသားဘဝတွင် စတင်ကွဲကွာသွားခဲ့ကြရာ ယခုနှစ်ပေါင်း အစိတ်ကျော်ကာလ ပြန်ဆုံကြသောအခါတွင် ကျွန်တော်သည် ကျဆင်းစပြုနေပြီဖြစ်သော အနုပညာသည်ဖြစ်နေပြီး သူကမူ တက်သစ်စ ဈေးကွက်စီးပွားရေး ပညာရှင်ကြီး ဖြစ်နေပါပြီ။

စိန်ပေါ(လ်)ခေါ် လူချမ်းသာများသာ နေနိုင်သော ကျောင်းတွင် အတူနေခဲ့ကြသော်လည်း ငယ်ငယ်က ကျွန်တော့်မိဘမှာ အသင့်အတင့် ချမ်းသာပြီး သူ့မိဘက တော်တော် ဆင်းရဲခဲ့ပါသည်။ ယခုမူ ကျွန်တော်က အသင့်အတင့် ဆင်းရဲပြီး သူက တော်တော်ချမ်းသာနေပါပြီ။

သူနှင့်ကျွန်တော်၏ ငယ်ဘဝနှင့် ပတ်သက်၍ အကြောင်းအရာများစွာရှိသည့်အနက် ကျွန်တော်မှတ်မိတာတွေ များစွာရှိပါမည်။ သို့သော် စကားမစပ်ဆိုသလို ပြောရလျှင် ကျွန်တော်က





သူ့ကို 'သငယ်ဂျင်း'ဟု အသံထွက်ခေါ်ပြီး သူက ကျွန်တော့်အား 'သယ်ရင်း'ဟု အသံထွက် ခေါ်ပါသည်။ ဆိုချင်တာက 'သူငယ်ချင်း'ပါ။

(၃)

တစ်နေ့တွင် သူ ကျွန်တော့်ထံ ရောက်လာပါသည်။ ကျွန်တော်တို့သည် ကိုယ့်ဘဝနှင့်ကိုယ် ဘယ်ရောက်လို့ ဘယ်ပေါက်ကုန်ကြပြီကို မသိတော့သည့် (ကျွန်တော် ဘာကောင်ဖြစ်နေမည်ကိုတော့ သူက သိပါသည်) ငယ်သူငယ်ချင်းချင်း ပြန်တွေ့ရသဖြင့် ဝမ်းသာရပါသည်။ ခပ်ရုတ်ရုတ် နောက်ဖွင့် မော်တော်ကား တစ်စီးဖြင့် လာရောက်သည်ကို ကြည့်ရခြင်းအားဖြင့် သည်ကောင် တော်တော် ကြီးပွားနေပြီကို အတပ်သိပါသည်။ ယခုခေတ် တကယ်အလုပ်လုပ်ပြီး ကြီးပွားနေသူများသည် ရိုးရိုးကုပ်ကုပ်သာ နေတတ်သည့် သဘာဝကို ကျွန်တော် မြင်ဖူးပေါင်း များပါပြီ။ တွေ့လျှင် တွေ့ချင်းပင်–

"ဟော့ သယ်ရင်း ကျွန်တော့်ကို မှတ်မိလား"ဟု ဆိုပါသည်။ ရုတ်တရက် မမှတ်မိသော်လည်း သူငယ်ချင်းကို သယ်ရင်းဟု အသံထွက်သည်ကို ရှုးစိုက်သောအခါ "ဟာ... မောင်စံ"ဟု ကျွန်တော့်နှုတ်က အလိုလို အသံထွက်သွားပါသည်။ ကျွန်တော်တို့ ငယ်စဉ်က ကျောင်းတွင် အင်္ဂလိပ်နာမည်များ ရှေ့ကတပ်၍ ဖခင်အမည်ကို နောက်ကကပ်လျက် မှည့်ခေါ်ကြသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်နာမည်များက ထပ်နေသဖြင့် နောက်မှ ဖခင်အမည် (မြန်မာအမည်)ကိုသာ ခေါ်ဝေါ်တတ်ပါသည်။ မိုက်ကယ်မိုးမြင့်ဆိုလျှင် မိုးမြင့်၊ ရယ်ဂျီဘဦးဆိုလျှင် ဘဦး။ စီဇယ်(လ်)ချစ်ဖေဆိုလျှင် ချစ်ဖေ။ ကြားဖြတ်ပြောရဦးမည်။ ရယ်ဂျီဘဦးမှာ တစ်ချိန်က နာမည်ကြီး အဆိုကျော် တက္ကသိုလ် အေးမောင်ပါ။ သူ့ဖခင်က ဦးဘဦးပါ။ တစ်နေ့ သူ့အိမ်ရှေ့ ညကြီးသန်းခေါင် သွားပြီး "ဟေ့- ဘဦး ထွက်ခဲ့ကွ"ဟု အော်ရာ အဘိုးကြီး ထွက်လာသဖြင့် ပြေးပေါက်များခဲ့ပါသည်။

ကိုင်း "ဟူးဘတ်မောင်စံ"

ကျွန်တော်က "မောင်စံ"ဟု တရင်းတနှီး ခေါ်လိုက်သော်လည်း သူက ကျွန်တော့်အား...

"အင်း ကိုသုမောင်ဆီ တမင်လာတာပဲ သယ်ရင်း"ဟု ရှေ့နောက် စကားမညီဆိုပါသည်။

"ဟာ ကိုသုမောင်တွေ ဘာတွေ လုပ်မနေပါနဲ့ကွ" ဆိုတော့ "ဟာ- သယ်ရင်းက ကိုယ့်ဂုဏ် ကိုယ်ဒြပ်နဲ့ဆိုတော့ ဒီလိုပဲ သုံးရမှာပေါ့"

သည်တော့မှ သူ့မှာလည်း သူ့ဂုဏ်သူ့ဒြပ်နှင့် ဆိုသည်ကို ကျွန်တော် ပြန်သတိထားမိရပါသည်။

"ဆိုပါဦး ကိုမောင်စံ"

"ဟာ ကျွန်တော့်နာမည်က ဦးအာကာမောင်ပါ။ ဦးမောင်စံက ကျွန်တော့်အဖေလေ။ ခင်ဗျား မမှတ်မိဘူးလား။ စိန်ပေါလ်ကျောင်း ပြည်သူ့ပိုင်လုပ်လိုက်ကတည်းက နာမည်





ပြောင်းလိုက်တာ"

"ဟုတ်သားပဲ။ မေ့ကုန်ပြီလေ။ ကဲ လာရင်းကိစ္စ ပြောဗျာ"

ဤသို့ ကျွန်တော်က တဲ့တိုးမေးလိုက်ရသည်မှာ ပဋိသန္ထာရစကားပြောလည်း အပိုဖြစ်မည့်ကို ပျာပျာ ပျာပျာနှင့် အရင်းမရှိ၊ အဖျားမရှိ စကားများ ဆိုနေကတည်းက တစ်စုံတစ်ရာအတွက် လာမှန်းသိလိုက်သောကြောင့် ဖြစ်ပါသည်။

"ကိုသုမောင်ဆီက အကူအညီ တစ်ခုလိုချင်လို့ပါ။ သိပ်လည်း မပင်ပန်းပါဘူး"

"ဘာတုံး။ သမီးမင်္ဂလာဆောင်လား၊ သားမင်္ဂလာဆောင်လား"

"ဟာ ဆောရီးပဲ။ သားကြီးမင်္ဂလာဆောင်တုန်းက သီချင်းလာဆိုပေးဖို့ အကူအညီသတိရပါတယ်။ ဒါပေမယ့်သားက ခေတ်ပေါ်ဝိုင်းပဲ သုံးချင်တယ်ဆိုတာနဲ့..."

"ဒါဖြင့် ခု သမီးပေါ့"

"ဟာ သားတစ်ယောက်ပဲရှိပါတယ်။ ခုဟာက ကျွန်တော့်ဇနီး"

"ဗျာ" မည်သို့ စကားဆက်ရမည်မသိအောင် အံ့သြသွားရပါသည်။ ကျွန်တော်တို့ အနုပညာမိတ်ဆွေတစ်ဦးဦးသာ ဖြစ်ဘိမူ "မင်းမိန်းမနောက်အိမ်ထောင်ပြုဖို့လား"ဟု နောက်မိမည် အမှန်ဖြစ်ပါသည်။ သူ့ကိုကား နောက်ပြောင်ဖို့ မရနိုင်သော လူစားမှန်း ကျွန်တော်သိပါသည်။ ကျွန်တော်၏ ကျီစယ်စကား



www.burmeseclassic.com

www.burmeseclassic.com



ကို သုနားမလည်မှာသေချာပါသည်။ ကျွန်တော်သည် ယခုအခါ လူတစ်ယောက်၏ ပင်ကို အလုပ်နှင့် အင်္ဂါရုပ်ကို အတော်အတန် ဖတ်မိနေပါပြီ။

"ဒီလိုဗျာ။ ကျွန်တော် ခုဆောက်လုပ်ရေးမကုမ္ပဏီတစ်ခု ထောင်ထားတယ်။ ကြာပါပြီလေ။ "အာဏာရွှေရည်"ဆိုတာ ကြားဖူးမှာပေါ့"

"နာမည်ကြီး"ဟူ၍ ယောင်ဝါးဝါး စကားကိုသာ ဆိုလိုက်ရပါသည်။

"ဒီလိုဗျာ အာဏာက ကျွန်တော့်နာမည်၊ ရွှေရည်က ဇနီးသည်ရဲ့နာမည်။ အဲ...ကုမ္ပဏီဆိုပေမယ့် အခြားလူတွေ မပါပါဘူး။ မိသားစုဝင်တွေနဲ့ ဖွဲ့ထားတာပါ။ ဇနီးသည်က အလုပ်ရှာတယ်။ စာရင်းဇယားကိုင်တယ်။ ကျွန်တော်က အလုပ်လုပ်တယ်။ ကျန်လူတွေကတော့ နာမည်ခံတွေပါ။ ပတ်သက်ရာ ပတ်သက်ကြောင်းတွေဆိုပါတော့ ဟဲ...ဟဲ"

"နော်... ခုဟာက ကျွန်တော်နှင့် ဘယ်လို ပတ်သက်လို့လဲ။ ဘာအကူအညီပေးရမှာလဲ"

"ဒီလိုဗျာ" သူသည် ဒီလိုဗျာဆိုသော စကားကို ခဏခဏ ပြောသလို မျက်လုံးကလည်း မကြာမကြာ ကျွန်တော့်အိမ်နံဘေး ကွက်လပ်ကြီးသို့ ကြည့်ကြည့်နေပါသည်။

"ကျွန်တော့်ဇနီး ဒေါ်ရွှေရည်က ပြောတယ်။ ဟောဟို ကွက်လပ်ကြီးဟာ ကိုသုမောင်ရဲ့ အဖေ ဦးသာစုပိုင်ဆို"

"ဖေဖေဆုံးသွားပါပြီဗျာ"





"ဆောရီးဗျာ။ ဘာပဲဖြစ်ဖြစ် အဲဒီ ကွက်လပ်ကြီးထဲက ခင်ဗျားတို့ရဲ့ အလုပ်သမားတန်းလျားတွေဖျက်ပြီး ကန်ထရိုက် ဆောက်မယ် သတင်းကြားတယ်။ အဲဒါ..."

သူစကား ဆက်ရမှာ ခက်နေသလို ကျွန်တော့်မှာလည်း ဆက်နားထောင်ရမှာ ခက်နေပါသည်။ ရိုးတိုးရိပ်တိတ်တော့ ဖြင့် ကျွန်တော်သိနေပါပြီ။

"ဒီလိုဗျာ။ ရွှေရည်က မျက်စိပေါက်နားပေါက်ရှိတယ် ဗျာ။ ဟား-ဟား ပေါက်ပေါက်ရောက်ရောက်ရှိတာ ပြောချင်တာပါ။ ဒီလိုဗျာ သူက အဲဒီသတင်းကြားကြားချင်း သယ်ရင်း အဲ...ကိုသုမောင်ဆီ လွှတ်တော့တာပဲ"

ယင်းကိစ္စနှင့် ပတ်သက်၍ ကျွန်တော် ဂဃနဏ မသိသော်လည်း သူ့ဆိုလိုရင်းကိုကား သိလိုက်ပါသည်။ အကယ်၍ ကန်ထရိုက်တိုက် ဆောက်ဖြစ်လျှင် သူလိုချင်သည်။ အာဏာ ရွှေရည် ဆောက်လုပ်ရေးဆိုင်းဘုတ်ကြီးကို သာမုခ်ဦး ဆိုင်းဘုတ် ကလေးရှေ့တွင် ပိတ်၍ ချိတ်ဆွဲမည်။

"ကျွန်တော်က ဘာကူညီနိုင်မှာမို့လို့လဲဗျာ"

ကျွန်တော် ဟက်ဟက်ပက်ပက်ရယ်မိပါသည်။ဘယ်နှယ့် လုပ်ပြီး ငမိုက်သား ကျွန်တော်မျိုး ရှယ်ယာဝင်နိုင်ပါ့မည်နည်း။

"ငွေရှယ်ယာ မဟုတ်ပါဘူးဗျာ။ မျက်နှာရှယ်ယာပါ"

"ဗျာ"

"ဒီလိုဗျာ နာမည်ခံရုံသက်သက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူဆိုလိုရင်းကို သိသော်လည်း မသိဟန်ဆောင်တတ်သော ကျွန်တော့်သဘာဝအတိုင်း "ကျွန်တော် သဘော မပေါက်ဘူးဗျာ"

"ဒီလိုဗျာ ခုဆောက်မှာကလည်း ခင်ဗျားတို့ခြံ၊ ကုမ္ပဏီအမှုဆောင်မှာလည်း ခင်ဗျားပါတယ်ဆိုတော့ ကျွန်တော်တို့ ဒီနေရာကို အပြိုင်အဆိုင် လျှောက်တဲ့အခါမှာမှ အခွင့်အရေးရတာပေါ့။ ပြီးတော့ ရှေ့ရည်က ပြောတယ်။ ကိုသုမောင်က ပေါက်ပေါက်ရောက်ရောက် ရှိတယ်တဲ့"

ကျွန်တော် အရက်သောက်လျှင် ပေါက်ပေါက်ရောက်ရောက် ရှိမည်မှန်သော်လည်း သူဆိုလိုသော ပေါက်ရောက်မှုမျိုးကား မရှိရိုးပါ။ အဲ သတင်းစာထဲ တီဗွီဖန်သားပြင်ပေါ်မှာ မကြာခဏ ကျွန်တော့်ရုပ်ပုံပါလာတတ်သည်တော့ ရှိပါသည်။ ဘယ်နေရာမှာ ဘာအတွက်ကျွန်တော်ရှိနေသည်ကို သူတို့ သိဟန်မတူပါ။ တပွဲတွဲတွဲတွေ့လျှင် တန်းတူထားတတ် လိုက်ကြသည့် လူ့သဘာဝပင် ဖြစ်ပါလိမ့်မည်။

"ကျွန်တော်က အနုပညာသည်ပါဗျာ"

သူတတ်နိုင်သမျှ နားမလည်စေရန်သာ ဝေ့လည်ကြောင်ပတ် ပြောရပါမည်။

"အဲဒါပြောတာပေါ့ဗျာ။ ခုနေခါမှာ အနုပညာသည်တွေ သိပ်ရိုက်စား၊ အဲ... လုပ်စားလို့ ကောင်းနေတာကလား"

"ကျွန်တော် မလုပ်တတ်လို့ပါဗျာ။ တကယ်ပါ"





"ဘာမှ လုပ်စရာမလိုပါဘူးဆိုမှဗျာ။ ကိုသုမောင် မျက်နှာပြရုံပါပဲ။ အဲ...မပြချင်လည်း နေဗျာ။ နာမည်ခံရုံသက်သက်ပါ"

ဤနေရာတွင် အခြားစီးပွားရေးသမားတစ်ဦးဆိုလျှင် သူနှင့် ကျွန်တော် စကားဖြတ်ရုံရှိပါသည်။ ခုတော့ သူငယ်ချင်း။

သူ၏ ရိုးသားပွင့်လင်းမှုကို ချီးကျူးဂုဏ်ပြုမိသော်လည်း တစ်ပြိုင်နက်မှာပင် ကျွန်တော်၏ ခံစားမှုက ဆဲရေးကြိမ်းမောင်းနေပါသည်။ သို့သော် သူငယ်ချင်းလေ။

"ပြီးတော့ ဘယ်လောက်ခွင်ကျသလဲ။ ခြံက သာ့ခုခြံ၊ ကန်ထရိုက်က ဦးသုမောင်၊ ဟား– ဟား– ဟား"

သူ၏ ရိုးသားပွင့်လင်းမှုကို ချီးကျူးဂုဏ်ပြုမိသော်လည်း တစ်ပြိုင်နက်မှာပင် ကျွန်တော်၏ ခံစားမှုက ဆဲရေးကြိမ်းမောင်းနေပါသည်။ သို့သော် သူငယ်ချင်းလေ။

"ကဲပါဗျာ။ ကျွန်တော်, အနုပညာသည်ဘဝနဲ့ ဒီကိစ္စ စပ်ဟပ်လို့ ရမှာမဟုတ်ပါဘူး။ ခွင့်လွှတ်ပါဗျာ"

"ဟာ...စီးပွားရေးလုပ်မယ်ဆိုရင် အဲဒီအနုပညာသည်ရဲ့ ဦးနှောက်ကြီးကို ခင်ဗျားခေါင်းထဲက ဆွဲထုတ်ပစ်လိုက်ပါ။ အလုပ်ဖြစ်သွားပါလိမ့်မယ်ဗျ။ ဟား– ဟား"

သည်စကားအတွက်တော့မှု ကျွန်တော်၏ ဖြစ်လက်စဒေါသသည် အရှိန်နည်းနည်း လျော့ပါးသွားပါ၏။ စိတ်မဆိုးမိသည့်အပြင် ဆရာလုပ်ရမှ ကျေနပ်သော စာရေးဆရာစိတ်က



www.burmeseclassic.com

www.burmeseclassic.com



နားညှိစွာ သူ့အား ဆုံးမရန် အခွင့်သာလာသောကြောင့်ပင်။

"ဒီမယ် သူငယ်ချင်း။ အဲ...ကိုအာကာ အနုပညာသည် တစ်ယောက်ရဲ့ ဦးနှောက်ဟာ စီးပွားရေးမှ မဟုတ်ဘူး။ ဘယ်အရေးမှာမဆို အလွန်တန်ဖိုးရှိတယ်။ အသုံးကျတယ်ဗျ။ ခု ကျွန်တော်စီးပွားရေးသမားလုပ်မယ်ဆိုရင် ထုတ်ပစ်ရမှာက ဉာဏ်ရည်ထက်မြက်တဲ့ ဦးနှောက်မဟုတ်ဘူး။ ခံစားတတ်တဲ့ နှလုံးသား။ ကျွန်တော့်ဦးနှောက်ကို ထိန်းချုပ်ပေးနေတဲ့ နှလုံးသားကို ထုတ်ပစ်ရမှာဗျ"

သူသည် အူကြောင်ကြောင်ကြီး ဖြစ်နေပါသည်။ ကျွန်တော့်စကားကို လိုက်မမီပုံမရပါ။ တဟဲဟဲသာ ရယ်ပွဲဖွဲ့နေပါသည်။

"တစ်ခုတော့ရှိတယ် ကိုအာကာ။ ခင်ဗျားနဲ့ ကျွန်တော် စီးပွားရေးလုပ်ငန်းတစ်ခု စုပေါင်းလုပ်ရင် ဘယ်သူမှ လိုက်မမီနိုင်တဲ့ နည်းတော့ရှိတယ်"

"ဟယ်...ဟင် လုပ်စမ်းပါဦးဗျ"

အငမ်းမရ ရှိလှသော သူ့အား ပို၍ နားရှုပ်စေမည့် စကားကို ကျွန်တော် ဆိုလိုက်ရပါသည်။

"ဒီလိုဗျာ ကျွန်တော်က ကျွန်တော်ရဲ့ ခံစားနားလည်မှု ရှိတဲ့ နှလုံးသားကို ထုတ်ပစ်လိုက်မယ်။ ခင်ဗျားကလည်း နှလုံးသားက ခိုင်းတာသာ လုပ်တတ်တဲ့ ခင်ဗျားဦးနှောက်ကို ထုတ်ပစ်လိုက်"

"ဗျာ ကျွန်တော် နားမလည်တော့ဘူး"





"ရှင်းရှင်းလေးပါဗျာ။ အလွန်ဉာဏ်ကောင်းတဲ့ ဦးနှောက်နဲ့ အလိုရမ္မက်ကြီးတဲ့ နှလုံးသားပေါင်းလိုက်ရင် ဟဲ-ဟဲ ရိုက်စားပေါ့ဗျာ။ ဘယ်သူ့လိုက်လို့ မီပါတော့မည်နည်းပေါ့"

သည်လောက်တဲ့ဟိုးကြီး ပြောလိုက်တော့လည်း သူ့ခမျာ နားလည်သလိုလို ရှိသွားပုံရပါသည်။ ဆတ်ခနဲ ခါသွား၏။

"ပြန်မယ် သယ်ရင်း"

"ကောင်းပြီ သူငယ်ချင်း"

(၄)

သူကား ရူးသလိုလို၊ ပေါသလိုလို နှုတ်ဆက်စကားပြောပြီး ပြန်သွားသော်လည်း ကျွန်တော့်မှာမူကား ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်သီးဖြင့် စားပွဲကို ထုလိုက်ရာ သူ့ကို ညှော့်ခံထားသော စပတ်ကလင်ပုလင်း ကျကွဲသွားပါတော့သည်။

သူကတော့ ပြန်ခါနီးတွင် ရှိုးရှိုးသားသားပင် ပြောသွားရှာပါ၏။

"ဟူး...ကိစ္စက မပြတ်သေးလို့ အေးအေးစကား မပြောနိုင်ဘူး သယ်ရင်း။ ကြံတောသုသာန်ဖျက်ဖို့နဲ့ သုသာန်သစ်မှာ အုတ်တံတိုင်းကာဖို့ ကန်ထရိုက်ကိစ္စ လိုက်ရဦးမယ်"

ကြံတောသုသာန်မှာ ကျွန်တော့်ဖခင်ကြီး၏ အုတ်ဂူရှိပါသည်။

(ရွှေစည်းစိမ် ၊ မေ၊ ၁၉၉၅)



www.burmeseclassic.com

www.burmeseclassic.com

# ကွမ်းစကား
# ချစ်ကိုယ်တွေ့

**အေးဘုံကို တကယ်ချစ်ရဲ့လား**

ဤစကားကို ကျွန်တော့်မိန်းမက မေးခြင်းမဟုတ်ရပေါင်ပါ။ အေးဘုံသည် သမီးရည်းစားဘဝမှစ၍ ယခု လေးဆွေးငါးဆွေး (ကျွန်တော်တို့တွင် သားသမီး ငါးယောက် သန္ဓေတည်ခဲ့ရာ တစ်ယောက်မှာအဖတ်မတင်ခဲ့ပါ။)အရွယ်ရောက် သည်အထိ ချစ်တယ်၊ ချစ်ရဲ့ သားဟူသော စကားကို တစ်ခါမျှ မသုံးနှုန်းဖူးကြောင်း ကျွန်တော်ကတော့ ဝန်ခံရပါမည်။

ခု သည်စကားမှာ သူ့မိန်းမကို အလွန်ချစ်ကြောင်း ခဏခဏ ပြောတတ်သော ငယ်သူငယ်ချင်းက မေးလိုက်ခြင်းပါ။

ယင်းကဲ့သို့ သူမေးလိုက်သော အချိန်မှာလည်း အရက်ဝိုင်းဖွဲ့နေကြစဉ် မဟုတ်ပါ။ သူငယ်ချင်းတစ်ယောက်၏ အလှူ





အတွက် ညနေပိုင်း ကြိုတင်ပြင်ဆင်ကြစဉ် သူငယ်ချင်းက အမှတ်မထင် မေးလိုက်ခြင်း ဖြစ်ပါသည်။

ခက်သည်က သူမေးလိုက်ချိန်တွင် ကျွန်တော်တို့ အုပ်စုတွင် အေးဘုံလည်း ရှိနေသည်။ သူ့မိန်းမလည်း ရှိနေသည်။ အခြား ပူငယ်ချင်း နှစ်ယောက်သည်လည်း ကိုယ်စီကိုယ်စီ စုံတွဲတွေနှင့်။

ဖြစ်ချင်တော့ ထိုအချိန်တွင် ရုပ်မြင်သံကြားမှ ကျွန်တော်၏ 'ချစ်တယ်'ဟူသော တေးသီချင်းလွှင့်ထုတ်နေချိန်နှင့် တိုက်ဆိုင်နေပါသည်။

"အဘိုးကလည်း အဘွားကိုချစ်တယ် ပြောမှာပါ။
အဖေကလည်း အမေ့ကိုချစ်တယ် ချစ်တယ်နဲ့
ကိုယ်ကလည်း မင်းကို ပြောပါတယ် ချစ်တယ်"

သီချင်း၏ ယင်းစာသား အရောက်တွင် သည်ကောင်က စောစောကလို ကောက်ကာငင်ကာ မေးလိုက်ခြင်း ဖြစ်ပါသည်။ အရက်ဝိုင်းတွင် ထိုမေးခွန်းကို မေးပါက ကျွန်တော်က ပေါက်တတ်ကရတွေ ဖြေလိုက်မည်မှာ သေချာပါသည်။ "နှစ်နေအောင် ချစ်တာပေါ့ကွာ" သို့မဟုတ် "ဟော့ ချောချောလှလှ ကောင်မလေးတွေ အကုန်လုံးချစ်တတ်တဲ့ သုမောင်ကွ"ဟူ၍ ပြောမိမှာ အမှန်ပင်။

သို့သော် ခုဟာက လင်စုံမယားဖက် လေးစုံတွဲကြားတွင် ပြီးတော့ ကုသိုလ်ရေးအတွက် စီစဉ်နေကြစဉ်ဆိုတော့ကာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခြေရမှာ တော်တော်ခက်ပါသည်။ ရယ်ကျဲကျဲ လုပ်နေသော အေးဘုံတို့ မိန်းမတွေတစ်သိုက်တော့ ဘယ်လိုနေမည်မသိ။ ကျွန်တော့်မှာတော့ အလိုက်ကန်းဆိုးမသိသော သူငယ်ချင်းကောင်ကိုသာ စိတ်ထဲမှာ ကျိန်ဆဲနေမိပါတော့သည်။

သူက အတည်ပေါက် မေးနေသဖြင့် ကျွန်တော်က ပေါ့ပေါ့တန်တန် ဖြေလို့မရပါ။ သူတို့မိန်းမတစ်တွေကလည်း စာရေးဆရာတစ်ယောက်၏ အဘိမ္မောကို ငံ့လင့်နေကြပုံ ရပါသည်။

ကျွန်တော့် အတွေ့အကြုံအရ မိန်းမတွေသည် ဗေဒင်ဆရာ၏စကား၊ ဘုန်းကြီးများ၏အဆိုအမိန့်နှင့် စာရေး ဆရာတို့၏ ချစ်အဘိမ္မောတို့ကို အလွန်အမင်း အလေးအနက် ထားတတ်ကြပါသည်။ အများစုကို ဆိုတာပါ။ မည်သို့ပင်ရှိစေ၊ ခုလို သူငယ်ပြန်မေးခွန်းမျိုး ကြားလိုက်ရချိန်၌ သူတို့ ကျွန်တော့်အဖြေကို အလေးအနက် အာရုံစိုက်ဖြစ်ကြသည်မှာတော့ လင်ရှိမယားတိုင်း နားလည်ကြမည် ထင်ပါသည်။

ကျွန်တော်က တော်တော်လေး အချိန်ယူ စဉ်းစားပြီးမှ–

“အင်း ဒီမေးခွန်းကို ဒီအရွယ်ကြီးကျမှ ဖြေရတာ ခက်ပါရဲ့ကွာ။ ဒါပေမယ့် တစ်ခုရှိတာက အေးဘုံမရှိရင် ငါမနေတတ်ဘူး။ တစ်ခုခု လိုနေသလိုပဲ”

“အဲဒါ ချစ်တာပဲ မဟုတ်လား”

“မင်း ပြောတာက မနူးမနပ်အရွယ်က အချစ်မျိုးပါ





ကွာ”

“ကိုင်း ဒါဆို ခုအချစ်က ဘယ်လိုမျိုးလဲ။ လင်းစမ်းပါဦး ဆရာရဲ့”

“မသိဘူးကွ။ တစ်ခါတလေ အမေလို၊ မိကြီး မိထွေးလို၊ တစ်ခါတလေ မောင်နှမလို၊ သူငယ်ချင်းလို၊ သားသမီးလို”

“ဟယ် ဟော့ စာရေးဆရာပီပီ ပညာတတ်စကားတော့ မပြောနဲ့ကွာ”

“နော့ မင်းတို့က ခုထိ ဆားငန်ရည် သောက်ကြတုန်းလား”

“ဟာ ဆားငန်ရည်က တဏှာကို ပြောတာပဲ။ SEX ပဲ။ ခု ငါမေးတာက LOVEချစ်ခြင်းမေတ္တာကို ပြောနေတာ”

တကယ်တော့မှ သူကိုယ်၌ကိုယ်က တဏှာပေမအချစ်၊ သမီးရည်းစားအချစ်၊ လင်မယားအချစ်နှင့် ဘာမှန်းမသိဘဲ ခယစ်တယ်– ချစ်တယ် ပြောနေသော အချစ်တို့ကို ကွဲပြားခြားနားစွာ သိပုံရမပါ။

ကျွန်တော်ကကောတဲ့။

‘အချစ်သည် ကူးစက်တတ်သော ရောဂါ’ဟူ၍ ငယ်နုစဉ်က ကျွန်တော်သရော်တော်တော် ရေးခဲ့ဖူးပါသည်။

‘အချစ်သည် ဘဝ၏ အစ’ ဟူ၍ တောင်မရောက်မြောက်မရောက်အရွယ်က ကျွန်တော်လက်ဝဲသမားဆန်ဆန် ရေးခဲ့ဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါတွင် "အချစ်ဆိုတာ မသိပါ"ဟု ကျွန်တော် မည်သို့ ပြောရပါမည်နည်း။

□ □ □

အေးဘုံအပါအဝင် ကျွန်တော် ချစ်ရေးဆိုဖူးသော မိန်းမ ခုနစ်ယောက်ရှိခဲ့ပါသည်။ ဓာစောက ပြောသလို အချစ်ဆိုတာ ဘာဟူ၍ အဓိပ္ပာယ်အမျိုးမျိုးကို အသက်အရွယ် အချိန်အခါ အမျိုးမျိုးလိုက်ပြီး ချစ်ရေးဆိုခဲ့သည်ကိုလည်း ဝန်ခံပါသည်။ အချစ်ဆိုတာ ဘာမှန်းမသိခဲ့ပါဘူးဟူ၍ နောက်ဆုံးချစ်သူ အေးဘုံကို ကျွန်တော်ကတော့ မလိမ်ချင်ပါ။ တချို့ မိန်းမ တွေ သဝန်တိုတတ်ကြ၏။ ထို့ကြောင့် ကျွန်တော်တို့ အနုပညာ သည်များသည် ငယ်ငယ်တုန်းက အကြောင်းတွေပေါ်ကုန်လျှင် 'ကြိုက်ခဲ့တာပါ'၊ 'ချစ်ခဲ့မိတယ်ထင်တာပါ'၊ 'စိတ်ကစားမိတာ ပါ'၊ 'ခုမှ အချစ်စစ် အချစ်မှန်ကို တွေ့တော့တယ်'၊ 'လက်ထပ် တယ်ဆိုမှတော့ အချစ်ဆုံးမို့ပေါ့'စသည် စသည်ဖြင့် ပညာတတ် စကားမျိုးတွေ ကျွန်တော် မသုံးတတ်ပါ။

ရိုးရိုးသားသား ပြောကြေးဆိုလျှင် ကျွန်တော် အေးဘုံ ထံ ပို့ခဲ့သော ချစ်သဝဏ်လွှာတွင် "ချစ်ပါတယ်"ဟူသော စကား တစ်လုံးမှ မပါခဲ့ပါ။ "ကျွန်တော် လက်ထပ်ချင်ပါတယ် ဆံရာမ"ဟူ၍သာ ရေးခဲ့ပါသည်။ ဒါကြောင့်များ သူ ကျွန်တော့် အချစ်ကို လက်ခံခဲ့လေသလားတော့ မသိ။





"ကိုဇလက ရည်းစားစာရေးတတ်တယ်"ဟု နောက်တစ် ချိန်တွင် အေးဘုံက စကားဆိုပါသည်။ သူ့ကို ချစ်ရေးဆိုခဲ့သူ ဘယ်နှစ်ယောက်ကများ ချစ်တယ်တွေ ထပ်ခါတလဲလဲ ပြော ခဲ့သည်ကို ကျွန်တော်မသိ။ သူဖွင့်ပြောလို့ နှစ်ယောက်ကိုတော့ ကောင်းကောင်းသိပါသည်။

ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေ။ သူက ဘယ်နှစ်ယောက် ကို ပြန်ချစ်ခဲ့ဖူးသည်လည်း ကျွန်တော်မသိ။ မေးလည်း မမေးခဲ့။ မမေးရဲဘူးလေ။ သိတယ် မဟုတ်လား။ သည်နေရာမျိုး မှာ ကျွန်တော်တို့ ယောကျ်ားတွေက သူ့ရဲကောင်းကြီးလုပ်ပြီး ဝန်ခံသလိုလိုနှင့် ရိုးသားချင်ဟန်ဆောင်ပြတတ်သော်လည်း သူတို့ မိန်းမတွေက ဝန်ခံစကားမပြောနှင့်၊ အမှုအရာလေး တစ် ချက်ပျက်လျှင်ပင် သည်အကောင်တွေ သဝန်တိုတတ်ကြသည်မှာ ဆတ်ဆတ်လူး။

ဘာပဲဖြစ်ဖြစ် ကျွန်တော်က "ချစ်တယ်"ဟု ဖွင့်ပြောခဲ့ ဖူးသော မိန်းမခြောက်ယောက်တွင် ငါးယောက်က "ချစ်ပါ တယ်"ဟု ပြန်၍ အဖြေပေးခဲ့ကြပြီး တစ်ယောက်ကမူ "ကျွန်မ ဒီတစ်သက် အိမ်ထောင်ပြုမှာ မဟုတ်ဘူး"ဟု ပြန်ပြောခဲ့ပါသည်။ အေးဘုံကျတော့ ကျွန်တော်ကလည်း ချစ်တယ်ဟု မပြောခဲ့။ သူကလည်း ပြန်မပြောခဲ့။ ခေါင်းညိတ်ပြရုံသာ။ ဒါကြောင့်များ ညားကြလေသတည်း ဖြစ်သွားသလား မသိပါ။

ချစ်တယ်ဟု အပြန်အလှန် ပြောဖြစ်ခဲ့သော ဟို ငါး ယောက်တွင်တော့ ပထမဆုံးတစ်ယောက်ကို ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



ထောင်၍ စွန့်ခွာခဲ့ပါသည်။ ကျန်လေးယောက်ကတော့ သူတို့က စွန့်ခွာသွားကြခြင်းပါ။ အိမ်ထောင်မပြုပါဆိုသော မိန်းမကတော့ ကျွန်တော့်အား ချစ်ဖို့ဝေးလို့ ကြိုက်ပင် ကြိုက်ဟန်မတူပါ။ အဲတစ်ခု ထူးခြားတာက သူသည် ယခုထိ အပျိုကြီးဗျ။

နော့ ချစ်ပါတယ်ဟု နှစ်ဖက်လုံးက မပြောဖြစ်ခဲ့သော ကျွန်တော်နှင့် အေးဘုံကျတော့ရောတဲ့။ မချစ်ဘဲ ညားကြရောလား။ ချစ်တာတော့ ချစ်တာပေါ့။ သို့သော် အချစ်ဆိုတာ ဘာမှန်း ခုထိ မသိသေးသော ကျွန်တော်က ဘယ်လိုလုပ်ပြီး ရှင်းပြရပါမည်နည်း။

"မင်းကိုယ့်ကိုချစ်သလား"ဟု တစ်ခါတစ်ရံ အေးဘုံကို အတည်ပေါက် မေးကြည့်ဖူးပါသည်။ ထိုအခါမျိုးတွင် သူက ကျွန်တော့်နားထင်ဆံပင်စကို ဆွဲတတ်ပါသည်။ ကျောင်းဆရာမပေကိုး။ ကျွန်တော့်ကို သူတပည့်တစ်ယောက်လိုများ ချစ်သလားတော့ မသိ။ သူ ကျွန်တော့်ကို ကြိုက်ခဲ့တာတော့ သေချာသည်။

"အစ်ကိုနဲ့ မသိခင်ကတည်းက စာရေးတာ ကြိုက်တယ်။ အသံကို ကြိုက်တယ်"

"ရုပ်ကိုကော"

"မြင်မှ မမြင်ဖူးတာ"

"ရုပ်ရှင်ထဲမှာရော"

"အေးဘုံမှ ရုပ်ရှင်မကြည့်တတ်တာ"

"ခု လူကောင်ကြီးပါ မြင်ဖူးပြီပဲ"





"အင်း ချောတော့မချောဘူး"

ဘာမျှ ဆက်မပြောသဖြင့် ကိုယ့်ဘာသာကိုယ် စိတ်ကူးဖြင့် ရုပ်တော့မဆိုးဘူး ထင်ပါရဲ့ စိတ်ဖြေခဲ့ရပါ၏။

ကျွန်တော်ကတော့ သူ့ကိုချစ်လည်း ချစ်၊ ကြိုက်လည်း ကြိုက်ခဲ့ပါသည်။ ချစ်တာကို ရှင်းမပြတတ်ပေမယ့် ကြိုက်တာကိုတော့ ရှင်းပြတတ်ပါသည်။

ကျွန်တော်က မော်တော်ကား ဝါသနာပါသည်။ ကျွန်တော် မော်တော်ကားဝယ်လျှင် မင်္ဂလာဆောင်သွားလို့လည်းရ၊ မသာသွားလို့လည်းရ၊ ခရီးကြမ်းသွားလို့လည်းရ၊ လူများများ တင်လို့လည်းရ၊ ပြီးတော့ ဘယ်တော့ကြည့်ကြည့် ဣန္ဒြေရပြီး မျက်စိစွဲသော ကားမျိုးကို ရွေးဝယ်တတ်ပါသည်။ အေးဘုံသည် ကျွန်တော် ချစ်ခဲ့ဖူးသော မိန်းမများနှင့်မတူဘဲ ကျွန်တော် ဝယ်ခဲ့ဖူးသော မော်တော်ကားများနှင့် တူပါသည်။ ဒါကြောင့် ကျွန်တော်ကတော့ ကြိုက်ပါ၏။

နော့...ဟိုခြောက်ယောက်တုန်းကရောတဲ့။ အင်း ကြိုက်ခဲ့တာပါပဲ။ တစ်မျိုးပေါ့။ တရုတ်စာ၊ ကုလားစာ၊ ဘိုစာ စသည်ဖြင့် ခံတွင်းတွေ့ခဲ့ကြတာချည်းသာ ဖြစ်ပါ၏။ အကယ်၍ နိုင်ငံခြားမှာ အနေကြာပြီး ရိုးရာအစားအစာတွေနှင့်သာ နပန်းလုံးခဲ့ရသည်ဆိုပါက ယင်းအစားအသောက်များကို ပုံမှန်စားသောက်တတ်သွားမည်ကဲ့သို့ အဲသည့် တစ်ယောက်ယောက်နှင့် ကြာကြာ ဇာတ်လမ်းဖြစ်ခဲ့ကြလျှင်လည်း ကျွန်တော်သည် အေးဘုံနှင့် မညားဘဲ သူတို့ထဲက တစ်ယောက်ယောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ညာအမှာ သေချာပါသည်။

ကိုင်း …ကျွန်တော် ကံမကောင်းပေဘူးလား။ ကြိုက်လည်းကြိုက်၊ ချစ်လည်းချစ်သောသူနှင့် ညားခဲ့ရလေသည်။ ညားပြီးလက်စနှင့် မထူးတော့ပါဘူးဟူ၍ စကားကို ဆိုရခြင်း မဟုတ်ကြောင်း ကျွန်တော်ပြောရပါသည်။ တကယ်ပါ။ အချစ်သည် ကံတရားလေလားဟု တစ်ခါတစ်ခါ တွေးမိပါရဲ့။

ချစ်ခဲ့တာ ခုနစ်ယောက်၊ ကြိုက်ခဲ့တာကတော့ အများကြီး ဖြစ်သည်။ ခုထိပင် မျက်စိထဲ ကြည့်လို့ကောင်းသော မိန်းမတွေဆိုလျှင် ကျွန်တော်ကတော့ ကြိုက်လိုက်တာပဲ ဖြစ်သည်။ အထူးသဖြင့် ခြေချောင်း၊ လက်ချောင်းကလေးများလှသော မိန်းမတွေကို ကျွန်တော် ငယ်ငယ်ကတည်းက ကြိုက်တတ်သည်။ ခုအချိန်ကျတော့ မျက်နှာကြောတင်းသော အိမ်ကအင်း အေးဘုံကြီးနှင့် နေ့နေ့ညည မျက်နှာချင်းဆိုင်နေရလို့လား မသိ။ မချိုမချဉ် စပရင်ကဲ့သို့ မျက်နှာထားရှိသော ကောင်မလေးများကို ကျွန်တော် ကြိုက်နေပြန်ပါ၏။

ညပိုင်း ရုပ်မြင်သံကြား နိုင်ငံတကာသတင်းကို အချိန်မှန် စောင့်ရင်း (ဘယ်အချိန်လာမယ်မှန်းမှ မသိတာ) ကြော်ငြာများကို ကြည့်နေခဲ့မိရာမှ ထက်ထက်မိုးဦးကို ကျွန်တော်ကြိုက်မိပြန်၏။ တရုတ်အဘိုးကြီး ရုပ်တု၏ နှာခေါင်းကို ဆွဲလိမ်သော ကိုကြီး– ကိုကြီး ကြော်ငြာလာလျှင် ကျွန်တော်သည် ကိုယ့်နှာခေါင်းကိုယ် ယောင်ပြီး ကိုင်မိ၏။

"ငါ ထက်ထက်ကို ကြိုက်တယ်ကွ။ Charming ဖြစ်





တယ်"ဟု ပြောသောအခါ အေးဘုံက…

"ဟုတ်တယ်။ အေးဘုံလည်း ကြိုက်တယ်။ ချစ်စရာလေး"ဟု ပြန်ပြောပါသည်။ နောက်ပြီး ကျွန်တော့်သမီးကြီးကတော့ အေးဘုံကဲ့သို့ပင် မျက်နှာကြောတင်းထားသည်။

❑ ❑ ❑

ဂုဏ်ပြု ညစာစားပွဲတစ်ခုသို့ တက်ဖြစ်ခဲ့သည်။ ဆေးရောင်စုံ ညစာစားပွဲမဟုတ်ပါ။ ပညာရှင်များ၏ ပွဲဖြစ်ပါသည်။ ဒါကြောင့်မို့လည်း သူရောက်လာခဲ့ခြင်း ဖြစ်ဟန်တူပါသည်။ သူက ပညာတတ်။ သူဆိုသည်မှာ စောစောက ပြောခဲ့သော ကျွန်တော့်အား ချစ်လည်းမချစ်၊ ကြိုက်လည်း မကြိုက်ခဲ့သော ဟိုတစ်ယောက်ဖြစ်ပါသည်။ ကျွန်တော်လည်း ညှော်ခံပွဲရောက်မှ သူလာမှန်းကို သိပါသည်။ သူလာလိမ့်မယ်မှန်း ကြိုတင်သိခဲ့လျှင်မူအင်း– ကြိုတင်ရင်ခုန်ရမှာ သေချာပါသည်။

"ဘိုသု မှုံ့နီကြီး ရောက်နေတယ်ဗျ"

စာရေးဆရာ ချစ်ဦးညိုက အကြောင်းသိချင်းမို့ တွေ့တွေ့ချင်း သတင်းပို့ပါသည်။ သူ့နာမည်ရင်းကို သို့မဟုတ် ခပ်ဆင်ဆင်နာမည်ကို ကျွန်တော် မပြောတော့ပါ။

ကျွန်တော်က ရိုးရိုးသားသား ရေးသည့်တိုင် သူက ကျွန်တော့်အစ်ကို မောင်ဝဏ္ဏကို ပြန်တိုင်မှာဗျ။ ကျွန်တော် ဝဏ္ဏတွေ၊ ဘာတွေရေးလို့ သူနှင့်အကြောင်း ဇာတ်ကွက်ဝင်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ရှိုးတိုးရိပ်တိတ် ရေးမိလျှင်ပင် "ကိုဗလကို ပြောပေးပါ။ မဟုတ်တဲ့တရုတ်တွေ စာထဲထည့်ထည့်မရေးပါနဲ့။ မကြိုက်ဘူးလို့"ဟု မောင်ဝဏ္ဏကို တိုင်တတ်ပါသတဲ့။ သူက ကျွန်တော့် အစ်ကိုနှင့် မတိမ်းမယိမ်း၊ ဟိုတုန်းကတော့ မမပေါ့လေ။

"ဟုတ်လား။ ဘယ်စားပွဲမှာလဲ။ သွားနောက်ဦးမှပဲ" ဟု ကျွန်တော်က ချစ်ဦးညိုကို ရှူးသလိုလို ပေါသလိုလို ပြောပါသည်။ သို့သော် ထမင်းစားပွဲမစခင်မှာ ကျွန်တော် ဘာကြောင့် ထမင်းဆာသွားရပါသနည်း။ အချစ်ဆိုတာ ထမင်းဆာခြင်းလေလား။

"သွားမလုပ်နဲ့ ကိုယ့်လူ။ လူကြားသူကြား ဘာတစ်ခုမှ ပြန်မပြောလို့ သောက်ရှက်ကွဲနေဦးမယ်"

ကျွန်တော်က ဧည့်ခံပွဲ အလာနောက်ကျသဖြင့် လူသွားလမ်းဘေး စားပွဲလွတ်တစ်ခုတွင် နေရာရပါသည်။ သူကမူ လူကြီးလူကောင်းများနှင့် နီးသော စားပွဲမှာတဲ့။ ချစ်ဦးညိုက ညွှန်ပြပါသည်။

"မောင်ရင့် မဲ့နီကြီးက အယ်စတဲ့ကြီး ဖြစ်နေပြီ"

ပြောရဦးမည်။ မဲ့နီကြီးဆိုတာ သူ့ကို ကွယ်လွန်သူ ပန်းချီဆရာကြီး ဦးအောင်စိုး(ဗဂျီအောင်စိုး)ကပေးသော ချစ်စနိုးနာမည်ဖြစ်ပါသည်။ ဒီလိုပါ။ ကျွန်တော် စာပေနယ်ဝင်စက ဆရာကြီးဗဂျီအောင်စိုးနှင့် အဖွဲ့ကျခဲ့ပါသည်။ သူက လူကြီးတွေချင်း မပေါင်းပါ။ လူငယ်တွေနှင့် ပေါင်းပါသည်။ အမြဲလိုလို အ





ပြောင်အပြက်စကားများသာ ပြောတတ်ပြီး တစ်ခါတစ်ရံတွင်မှ အနှစ်သာရရှိသော စကားတစ်ခွန်းတစ်စကို လွှတ်ခနဲဆိုသလို ပြောတတ်ပါသည်။ ထိုတစ်ခွန်းတလေသည် ကျွန်တော်၏ အနုပညာခရီး၌ အမြဲသုံး ယာဉ်ကဲ့သို့ အဖိုးတန်တတ်ပါသည်။ ကျွန်တော်ကတော့ သူ့ကို စကားများများ ပြောပါသည်။ ပေါက်တတ်ကရရော၊ အလေးအနက်ရော။ ဒါမှ သူ့ထံမှ အမှတ်မထင် ပညာကလေးများ ရမည်မဟုတ်ပါလား။ သူသွားရာနောက် တကောက်ကောက် လိုက်တတ်သလို ကျွန်တော်သွားရာသို့လည်း သူ့အား ခေါ်သွားတတ်ပါသည်။ ဒါအတွက် သူလည်း ပျော်ပုံရပါသည်။

သည်လိုနှင့် ကျွန်တော်၏ မဲ့အနီကြီးထံ အမျှော်စိုက်သွားသောအခါမျိုးတွင် ဆရာကြီး ဗဂျီအောင်စိုး တစ်ခါတစ်ရံ ပါပါလာတတ်ပါသည်။

အဝေးမှပင် ငေးကြည့်ရခြင်း ဖြစ်ပါသည်။ ပြောခဲ့ပါပကော။ သူကမှ ကျွန်တော့်ကို ဖုတ်လေတဲ့ငါးပိ ရှိတယ်မထင်တာ။ အင်း အဝေးကြည့် ဒေဝီ။

သည်လိုနှင့် လသာချိန်ကို မျှော်သော ကလေးကဲ့သို့ ကျွန်တော်သည် သူတို့ဌာနနှင့် မလှမ်းမကမ်းမှာ မှန်မှန်ကြီး အမျှော်စိုက်ခဲ့လေရာ တစ်နေ့သည်၌ ဌာနမှ ထွက်လာပြီး သူ့ကားပေါ်သို့လှမ်းအတက်...

"အင်း ကိုဗလကြီး။ ခင်ဗျား အမျိုးသမီးရဲ့ ညာဘက်ခြေ



www.burmeseclassic.com

www.burmeseclassic.com



သလိုမျိုး မှဲ့ပါတယ်ဗျာ။ မှဲ့နီကြီး”ဟု ဇဂျီအောင်စိုးက ပြုံးပြုံးကြီး ဆိုပါသည်။

“ဟင် ဦးလေး ဘယ်လိုလုပ်မြင်လဲ”

“ဦးလေးက မျက်စိမှုန်ပေမယ့် သျှန်တိနိကေတန်မှာ ပညာတသင်လာတော့ မိန်းမတွေရဲ့ စရိုက်သဘာဝနဲ့ ကိုယ်နေဟန်ထား အမှတ်အသားတွေကို ကောင်းကောင်းကြီး သိတာပေါ့ကွာ’ဟု အတည်လိုလို၊ အပြောင်လိုလို ပြောပါသည်။ (သျှန်တိနိကေတန်ဆိုသည်မှာ အိန္ဒိယနိုင်ငံမှ ကမ္ဘာကျော် အနုပညာရှင်ကြီး ရာဘင်ဒြာနတ်တာဂိုး တည်ထောင်ခဲ့သော အနုပညာဥယျာဉ်ကျောင်းကြီး ဖြစ်ပါသည်။)

ထားပါ။ ဒါသည် အရေးမကြီးပါ။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ခြေသလုံးပေါ်က မှဲ့နီကြီးဆိုသော စကားရပ်သည် ကျွန်တော့်အဖို့ မှတ်မှတ်သားသား ဖြစ်သွားရသည်ကတော့ အမှန်ပင်။ တစ်မျိုးကြီးပါပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်နှင့် မှဲ့နီကြီးတို့ ဇာတ်လမ်းသည် စကတည်းက ယဉ်ဆက်ကိုဆိုသလို လက်ဖွေ့သမားနှင့် လေ့ကျင့်ရေး ဖွဲ့အိတ်ကြီးကဲ့သို့ ရှိခဲ့လေရာ တစ်ဖက်သတ်ကြီးနှင့်ပင် အရာမထင် ဖြစ်ခဲ့ရလေသည်။

သို့သော် ယခု ကျွန်တော်၏ ဖွဲ့အိတ်ကြီး သို့မဟုတ် မှဲ့နီကြီးသည် ဧည့်ခံပွဲတွင် ရောက်ရှိနေပါပကော။

“ဘယ်စားပွဲလဲဗျ။ သေသေချာချာ ပြစမ်းပါ”

“ဘိုသုရယ်။ ရှေ့ကါက အကင်းမသေသေးပါလား





ဒီမယ် ကိုယ့်နောက်ကျော ညာဘက်ယွန်းယွန်း ထိပ်ဆုံးစားပွဲရဲ့ ညာဘက် မောင်ရင့်နေရာက ကြည့်ရင် ဘယ်ဘက်။ အဲ... အဲဒီစားပွဲရဲ့ တောင်ဘက်တစ်ဝိုင်းကျော်”

ကိုချစ်ဦးညိုသည် သူ့ဝတ္ထုရေးသလို ညွှန်းနေလေရာ ကျွန်တော့်မှာ ရှာမရဖြစ်ရပါသည်။

အတန်ကြာ အချီအချ အမေးအဖြေလုပ်ပြီးမှ မှဲ့နီကြီးကို ခပ်စောင်းစောင်း အနေအထား မြင်ရပါသည်။ အလို ဟိုတုန်းက ဆံပင်ပုံစံနှင့် တစ်ပွင့်ပန်းနှင့်၊ မျက်နှာကို တည့်တည့် မမြင်သေးသော်လည်း ကောင်းကောင်းကြီး မှတ်မိနေပါသည်။

“နေရာပြောင်းထိုင်လို့ ရမလားခင်ဗျာ”

ကျွန်တော့်နံဘေးမှ ပုဂ္ဂိုလ်ကို စည်းရုံးပြီး သူ့မျက်နှာမြင်ရလောက်သော ဘက်သို့ ကျွန်တော့်ရွှေ့ထိုင်လိုက်ပါသည်။

“ကိုယ့်လူ Close-upရအောင် Zoomဆွဲကြည့်လိုက်”ဟု ချစ်ဦးညိုက ဆိုပါသည်။ (Close-upဆိုသည်မှာ မျက်နှာပြည့်လောက်အထိ အနေအထား၊ Zoomဆိုသည်မှာ အဝေးရိုက်မှ အနီးရိုက်ဆွဲယူ၍ရသော ကင်မရာမှန်ဘီလူး။) -

မှန်ပါသည်။ တကယ်တမ်းကျတော့လည်း သူတို့ဝိုင်းတွင် လူငါးယောက်ရှိလေရာ သူနှင့် ကျွန်တော်က မျက်နှာချင်းဆိုင် အနေအထား။ စားပွဲပေါ်မှာ စားသောက်ဖွယ်ရာများနှင့် နံဘေးလူများကလည်း ခြံရံထားသဖြင့် သူ့ကို ရင်ခေါင်းလောက်အထိသာ ကျွန်တော်က မြင်ရပါ၏။ (သူက နည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းအရယ်ပုပါသည်။)

အဝေးကြည့်အနေအထားမှ မြင်ရသောကြောင့် တစ်ကြောင်း၊ ပေါင်ဒါဖုန်ဖုန်ကလေးနှင့် နှုတ်ခမ်းနီရဲရဲကို ထိုစဉ်က အတိုင်း ခြယ်သထားမြဲမို့ ပါးရေနားရေ တွန့်မတွန့် ကျွန်တော် မသိရပါ။ ဇရာဆိုတာကတော့ မပြောနိုင်ဘူးလေ။ ဒါပေမယ့် သူက အပျိုကြီးကိုး။ သေချာတာတစ်ခုကတော့ သိပ်ပြီး အမှု အရာတွေ မပျက်စီးသေးခြင်းပါ။

ဂုဏ်ပြု ဧည့်ခံပွဲတို့ ထုံးစံအတိုင်း အစီအစဉ်တွေ တစ်ခု ပြီးတစ်ခု လုပ်သွားပါသည်။ ကျွန်တော် သည်အစီအစဉ်များ ကို စိတ်ဝင်စားစား ထားရှိခဲ့သော်လည်း သူ့ကိုကား လစ်လျှင် လစ်သလို ကြည့်နေခဲ့ပါသည်။ ထူးခြားသည်မှာ ကျွန်တော် သည် သူ့မျက်နှာထက် သူ့ကိုယ်လုံးကိုယ်ထည်ကို ပို၍ ကြည့် ချင်နေခြင်း ဖြစ်ပါသည်။ သို့သော် ဘယ်လိုမှ မြင်နိုင်စရာအ ကြောင်း မရှိပါ။

"တကယ့် ဝတုတ်ကြီး ဖြစ်နေပြီလားဗျာ"

"ရှင်ဘွမ်းဗွိပုံ ပေါက်နေပြီဆိုမှဗျာ"

သည်လိုနှင့် ကျွေးမွေးဧည့်ခံခြင်း၊ ဖျော်ဖြေသီဆိုခြင်းများ စတင်သဖြင့် ကျွန်တော်လည်း သူ့ထံမှ အာရုံပျောက်သွားခဲ့ ရပြန်ပါသည်။ ထိုစဉ်…

"ဟာ လစ်ပြီဗျို့၊ လစ်သွားပြီ"

ကိုချစ်ဦးညိုက အလန့်ထညက် တိုးတိုးကလေး အော်ပါ





သည်။ ကျွန်တော်လည်း သူတို့ ဝိုင်းသို့ လှမ်းကြည့်လိုက်ရာ သင်းမရှိတော့ပါ။ လူသွားလမ်းဘက် တအက်လျှောက် လိုက် ကြည့်သော်လည်း မတွေ့တော့ပါ။

"ခုပဲ အပေါက်ဝဘက်က ထွက်သွားတာဗျ"ဆိုသဖြင့် "လာဗျာ"ဟု သူ့ကိုဆွဲလျက် အဝင်ပေါက်ဘက် ထွက်ခဲ့ပါသည်။ ကိုချစ်ဦးညိုကလည်း ယောင်နနဖြင့် လိုက်ချလာပါသည်။

ကျွန်တော်တို့ ဆင်ဝင်အောက်သို့ ရောက်သောအခါ သူသည် သူ့ကားတံခါး ပိတ်ပြီးနေပါပြီ။ ဩော် အရင်တုန်းက ကားကလေး စီးနေတုန်းပါပဲလား။ အရောင်လည်း မပြောင်း။ ပြီးတော့ နောက်ခန်း ညာဘက်ထိုင်နေကျ နေရာမှာပင် ထိုင် လျက်။ ကျွန်တော်တို့ဘက် တစ်ချက်လှည့်ကြည့်သော်လည်း မသိဘာသာပင်။

မမှတ်မိတာလား၊ အရင်လိုပဲ မထုံတက်သေး သဘော လား။ ကျွန်တော်မသိပါ။

အရေးကြီးတာက သူ့ကိုယ်လုံးကိုယ်ပေါက်ကို မမြင်လိုက် ရခြင်းပင်။ အကယ်၍သာ ကျွန်တော်တို့ ခြေလှမ်းသွက်ခဲ့ပါ လျှင် သူ့ကားပေါ်သို့ လှမ်းတက်လိုက်ချိန်ကို မီနိုင်တန်ကောင်း ပါ၏။ ဒါဆိုလျှင် သူ့ခြေသလုံးကိုတော့ အနည်းဆုံး မြင်လိုက်ရ တန် ကောင်းပါရဲ့။ သည်လို မျှော်လင့်လိုက်မိသောအခါ ဆရာဗဂျီအောင်စိုးပြောခဲ့သော မှဲ့နီကြီးကို လုပ်ခနဲ သတိရသွား ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျဲကော်ပင်ကလေးတွေ ငယ်ငယ်တုန်းကနှင့် ယခု ဘုံကော်ပင်တွေ ကြီးတောကြီး၊ ခုတ်တာခုတ် ဖြစ်သောကာလတွင် သူ့ခြေသလုံးကမှဲ့နီကြီး သည်ထက်ကြီးလာပြီလား။ ကလော်ထုတ်ပစ်လိုက်ပြီလား။ ကျွန်တော် စဉ်းစားနေရပါပြီ။

ဘာပဲဖြစ်ဖြစ် စောစောက ညည့်ခံခန်းမထဲတွင် နံဘေး အရှုပ်အယှက်တွေကြားမှာ မြင်ရသောမျက်နှာနှင့် ယခု နောက် ခံညအမှောင်ထဲ မော်တော်ကား အပြာရင့်ရင့်၏ တံခါးဘောင် ခတ်ထားလျက် သူ့မျက်နှာ ကွက်ကွက်ကိုသာ မြင်ရသည်မှာ အင်း…မဆိုးဘူး။ လှတုန်းပဲဟု မှတ်ချက်ချမိပါသည်။ သူတို့ကား ထွက်သွားသောအခါ…

"အင်း ကံကောင်းတယ်ဆိုရမယ်ဗျာ။ သူ့ကိုယ်လုံးကို မမြင်လိုက်ရတာ"

"ဟ ဘုတ်အိုးကြီး ဖြစ်နေပါပြီဆိုမှ"

"အဲဒါကြောင့် ပြောတာပေါ့ဗျ။ မျက်နှာလေးပဲ မြင် လိုက်ရလို့"

အိမ်ပြန်ရောက်သော အခါ အေးဘုံကို ထမင်းနယ်ခိုင်းပါ သည်။

"ဟိုမှာ မစားခဲ့ဘူးလား"

"ငါမှ လူလိုသူလို ထမင်းမစားတတ်တာကွာ"

ကျွန်တော်သည် အိမ်မှာပင်လျှင် ထမင်းကို အများသူငါ လို မစားတတ်ပါ။ စာရေးရင်း၊ တီဗွီကြည့်ရင်း၊ အေးဘုံနယ် ပေးသော ထမင်းကို ရွှန်းတပ်လျက် စားတတ်သူ ဖြစ်ပါသည်။ ဝါးပင် မဝါး၊ ဒီအတိုင်း မျိုချတတ်၏။ ပျင်းလို့။ ကျွန်တော့် အဖို့ ထမင်းနှင့် အချစ်သည် ဆန့်ကျင်ဘက်။

"ဒါနဲ့ နေစမ်းပါဦးကွ အေးဘုံ။ မင်းမှာ မှဲ့ရှိသလား"

ကျွန်တော်က ဤသို့ အရင်းအမြစ်မရှိ မေးသောအခါ အေးဘုံက..

"ဘာရယ်"

ကျွန်တော်သည် သူ့နံဘေးမှ မတ်တတ်ရပ်လျက် အနေ အထားတွင်ရှိသော အေးဘုံ၏ ဗိုက်ပူကြီးကို မဆီမဆိုင် ငေး ကြည့်လိုက်မိပါသည်။ သူ့ဘလောက်အင်္ကျီအပွကြီးကို ဖောက် ထွင်း၍လည်း စိတ်ကူးဖြင့် မြင်ကြည့်နေပါသည်။

"မင်းဗိုက်မှာ မှဲ့အနီတွေ ဘာတွေများ ရှိသလား ဟေ"

အေးဘုံသည် စာမေးပွဲစောင့်သော ဆရာမမျက်လုံးများ ဖြင့် ကျွန်တော့်အား ကြည့်ပါသည်။

"ကို ညည့်ခံပွဲမှာ အရက်သောက်လာသလား။ ပြန်မစနဲ့ နော်။ ကိုယ်က အရက်ဆိုရင် စမိရင် ပြန်ပြန်လည်တတ်တယ်"

သူက အရင်းခံအတိုင်း ပြောသော်လည်း ကျွန်တော် ကမူ ပြုံးလို့သာ နေမိပါတော့သတည်း။ ကျွန်တော် ပြုံးသည့် အဓိပ္ပာယ်ကို အေးဘုံသိလျှင် နားထင်ဆံစ အဆွဲခံရဦးမှာ။

(ကလျာ၊ မေ၊ ၁၉၉၇)







www.burmeseclassic.com

www.burmeseclassic.com

# Elizabeth
## အေးဘုံနှင့် သုမောင်

ပထမတော့ အတော့်ကို ရှက်ကိုးရှက်ကန်း ဖြစ်ရပါသည်။ ကျွန်တော်သည် အေးဘုံအပါအဝင် ရည်းစားခုနစ်ယောက်ရှိခဲ့လေရာ အေးဘုံနှင့် ချိန်းတွေ့ရသော ကာလသည် ကျွန်တော့်အဖို့ အတော်ခွကျခဲ့ရပါသည်။ အကြောင်းမှာ ထိုစဉ်က ကျွန်တော်သည် မင်းသားဖြစ်စအချိန် (လူသိအတော်များနေပြီဖြစ်သော ကာလ)ဖြစ်သောကြောင့်ပင်။

ကျွန်တော့်တွင် ထိုစဉ်က (ဃ/၈၉)အကွရာနံပါတ်စပုတ်တိုင် မော်တော်ကားကလေးတစ်စီး ကိုယ်ပိုင်ဝယ်စီးနိုင်နေပါပြီ။ မင်းသားပေါက်စတစ်ယောက် ရှေးဟောင်းကားကလေးတစ်စီး ဝယ်စီးခြင်းသည် ထိုစဉ်က POPခေါ် POPULAR (ပေါ်ပြူလာ)မဟုတ်ခဲ့ပါ။ မင်းသားတို့သည် ခေတ်ပေါ်ကားသာလျှင် စီးတတ်ကြသော ခေတ်ဖြစ်ပါ၏။ ယနေ့ခေတ်တွင်





တော့ မင်းသား၊ မင်းသမီးငယ်များအဖို့ ရှေးဟောင်းပစ္စည်းများပြန်၍ သုံးကြခြင်းဖြင့် တစ်ခေတ်ဆန်းနေပါပြီ။ အင်း မင်းသားအဖြစ်စောလေခြင်း။

ဘာပဲဖြစ်ဖြစ် ကျွန်တော် ထိုစဉ်က နာမည်ရခါစမင်းသာ ဖြစ်သော်လည်း ပေါ်ပြူလာတော့ မဖြစ်ခဲ့ပါ။ ဈေးခေါ်ကောင်းသော မင်းသားစာရင်းတွင် ကျွန်တော် မပါဝင်ခဲ့ပါ။ ထိုစဉ်က ဈေးခေါ်ကောင်းသော မင်းသားများမှာ ဇော်လင်း၊ ထွန်းထွန်းဝင်း၊ မြင့်စိုင်းသားအောင်အောင် စသူတို့ ဖြစ်ကြပါသည်။ အရုပ်ဆိုးဆိုး ဘုဂလန့်ကျကျ အ, တီး၊ အ, က ပေါ်ချာချာ စရိုက်များ ဝင်လာလျှင်ကား ကျွန်တော်မှလွဲ၍ ဘယ်မင်းသားမှ ငှားမရခဲ့ပါ။ ကံများနယ်နော်။

သို့သော် ကျွန်တော့်မင်းသားသက်တမ်းတွင် ထိုစဉ်က တက္ကသိုလ်ကျောင်းသားအများစု၏ အားပေးမှုကိုကား ရရှိခဲ့ပါသည်။ ကျောင်းသူများကတော့ 'တာ့တာ'ပါပဲ။

ကိုယ့်ပရိတ်သတ်နှင့်ကိုယ်ဖြစ်အောင် ယင်း(ဝ/သ) နယ်မြေမှာပင် ရည်းစား (၄)ယောက်ရှိခဲ့လေရာ (တစ်ယောက်က ကျွန်တော်က တစ်ဖတ်သက် သတ်မှတ်သူပါ) ပထမသုံးယောက်တွင် ကျွန်တော့်အဖို့ မထောင်းတာလှသော်လည်း နောက်ဆုံးပိတ် ကျွန်တော့်အား အိတ်နှင့် လွယ်နိုင်သူ အေးဘုံကျခါမှ ကျွန်တော်နာမည်ရစ လူသိများစအချိန်နှင့် တိုက်ဆိုင်ခဲ့ရသည်မှာ နှစ်ဦးသား ကံ့ကော်ပင် ငယ်ငယ်လေးတွေအောက် ထိုင်ရသည်တွင် ဟိုလူကြည့်၊ သည်လူကြည့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အဆော်ဒုက္ခရောက်ရပါ၏။ အေးဘုံက ညိုချောဖြစ်ပါသည်။ အေးချမ်းသော လက္ခဏာရှိပါ၏။ ကျွန်တော်က ရုပ်ဆိုးဆိုး မင်းသားပေါက်စဆိုတော့ မင်းသားတော့ တို့တက္ကသိုလ်က ညိုညက်ညက်ကလေးကို အကြဲအဖန် လုပ်နေပြီဟု ထင်စရာပင် မဟုတ်ပါလား။ စောစောက ပြောခဲ့သော ကျွန်တော်ပိုင် စပုတ်တိုင် ကားကလေးဖြင့် သွားလာပြန်တော့လည်း လူကြား သူကြား ပေါ်ပြူလာမဖြစ်ဘဲ ရယ်စရာ မောစရာ ဖြစ်နေပြန်ပါ၏။ ရယ်စရာက အရေးမကြီးပါ။ မောစရာကား ဆိုးလှ၏။ တစ်ခါတစ်ရံ စက်နှိုးမရလို့ တွန်းရသည်ကို တခြားမမေးနှင့်။ ဘာမျှ မပြောတတ်သော တက္ကသိုလ်စာကြည့်တိုက် အဆောက်အအုံဟောင်းကြီးကို မေးကြည့်ကြပါတော့။

ထိုစဉ်က ကျွန်တော်သည် စာရေးဆရာပေါက်စလည်း တစ်ပိုင်းဖြစ်နေပြီ ဖြစ်လေရာ ဆရာကြီး ဇော်ဂျီထံပါး ကျောက်စာ ကူး ပညာရပ်လေ့လာရင်းမှ ကျွန်တော်၏ အစဉ်အဆက် ရည်းစားများကို စာကြည့်တိုက်နံဘေး ကုံကော်ပင်ငယ်ငယ် ကလေးတွေ အောက်မှာ ချိန်းဆိုတတ်၊ မစားရ သွားရည်ယို လုပ်တတ်ပါသည်။

အေးဘုံက မူလတန်းပြ ဆရာမ စာပေးစာယူ(ယခု အဝေးသင်ပေါ့)။ ကျောင်းသူဆိုတော့ကာ တစ်ပတ်လျှင် စနေ တနင်္ဂနွေ (၂)ကြိမ်ဆုံခွင့်ရသည်။ ထိုရက်မှာ နေ့ကျောင်းပိတ်ရက် ဖြစ်သော်လည်း စာပေးစာယူကျောင်းသူကျောင်းသားများ အဆောင်ကျောင်းသူ ကျောင်းသားများလည်း ရှိတတ်သည်။





စာကြည့်တိုက်ကား ပိတ်ထားသည်။ သို့သော် စာမေးပွဲအနီး ကပ်ကျတော့ တစ်လလုံး ကျောင်းတက်ရသည်မို့ နေ့စဉ်လိုလို တွေ့နိုင်သည်။

ဤတွင် ကျွန်တော့်ထက်ပင် အရုပ်ဆိုးပြီး ခနော်ခနဲ့ နိုင်သော ကျွန်တော့်စပုတ်တိုင် ကားကလေးကို တော်တော်များ များက မှတ်မိနေပါသည်။ ပြောခဲ့ပါပကော။ စကားမပြောတတ် သော စာကြည့်တိုက်ကြီးကိုသာ မေးကြည့်တော့ဟု။

သို့မို့ကြောင့်ပင် ကျွန်တော်ရယ်၊ ကျွန်တော့်ကားရယ်နှင့် အေးဘုံသည် သူတို့လောကဩ ရိုးအီနေသလို ကျွန်တော့်အဖို့ ကျပြန်တော့လည်း အေးဘုံကို အမွှော်စိုက်ရချိန်တွင် အနေရခက် ရခြင်း ဖြစ်ရပါသည်။ မင်းသားတစ်ယောက် လူကြား သူကြား မျက်နှာမထားတတ်သည့် အဖြစ်မျိုး ရုပ်ရှင်လောကဩ ကျွန် တော်တစ်ယောက်သာလျှင် ရှိမည်ထင်၏။ (သတင်းဆိုးကြောင့် ကို မဆိုပါ။)

❑ ❑ ❑

"ကိုဗလ ပျင်းနေပြီလား"ဟူသော စကားကို နောက် ကျောဘက်မှ ကြားလိုက်ရပြီး ခေါင်းလှည့်ချိန် ပြန်နှုတ်ဆက် ချိန်ပင် မရနိုင်လောက်အောင် နောက်ဆက်တွဲ စကားများ တရစပ် ပြောဆိုရင်း ကျွန်တော့်အနီးကပ်လာသူမှာ အယ်လစ် ဇဘက် ဖြစ်ပါသည်။ ထိုခဉ်က ဘိုနာမည်တွေ ခေတ်မစားတော့



www.burmeseclassic.com

www.burmeseclassic.com



ပါ။ မြန်မာနာမည်တွေ ခေတ်ဆန်းနေချိန်ကျမှ သူက ထိုနာမည်ကို တမင်ယူခဲ့သူ ဖြစ်ပါသည်။ သူသည် သည်လိုပဲ အေးဘုံကို ကျွန်တော် အမှျော်စိုက်နေတုန်း ရောက်ရောက်လာတတ်သူ ဖြစ်၏။

သူ့ဖခင် ရုပ်ရှင်ထုတ်လုပ်သူ ဒါရိုက်တာ ဦးငယ်၏ သမီးဖြစ်ပြီး အယ်လစ်ဇဘက် ငယ်ငယ်ဟု အမည်တွင်ခြင်း ဖြစ်၏။ သို့သော် ငယ်ငယ်၏ ရှေ့မှ အယ်လစ်ဇဘက်ကို တပ်ဆင်ခြင်း၌ကား သူ့ဘာသာသူ့သဘောနှင့် ဖြစ်ပါ၏။

"အယ်လစ်ဇဘက်ဆိုတဲ့ နာမည်နဲ့ ကမ္ဘာကျော်တာ ကမ္ဘာပေါ်မှာ နှစ်ယောက်ပဲရှိတယ် ကိုဗလရဲ့။ တစ်ယောက်က တော်ဝင်ဘုရင်မကြီး အယ်လစ်ဇဘက်။ နောက်တစ်ယောက်က ယောက်ျား (၆)ယောက် ဇည်လဲယူတဲ့ ရုပ်ရှင်မင်းသမီး အယ်လစ်ဇဘက်တေလာ"

ထိုစဉ်က ရုပ်ရှင်မင်းသမီး အယ်လစ်ဇဘက်သည် ယောက်ျား(၆)ယောက် ရှိခဲ့ပြီးပါပြီ။ ခုတော့ (၈)ယောက်လား ပဲ။ သို့သော်...

"ကျွန်မ ဒီနာမည်ရွေးတာက အယ်လစ်ဇဘက် ဘုရင်မကြီးလို တော်ဝင်ချင်လို့။ ပြီးတော့ ရုပ်ရှင်မင်းသမီး အယ်လစ်ဇဘက်လို ကျော်ကြားချင်လို့။ သူ့လိုတော့ ယောက်ျားတွေ ထည်လဲမယူချင်ပါဘူး။ ရည်းစားတော့များများ ထားကြည့်ချင်တယ်။ ရွေးလို့ရတာပေါ့"





သူ့အယူအဆသည် တစ်မျိုးတော့လည်း တစ်မျိုးပေါ့။ မှတ်ချက်ချမိခဲ့သေး၏။ ထို့ပြင်...

"အင်း ပြီးတော့ကျတော့ကာ အယ်လစ်ဇဘက်ငယ်ငယ် ဆိုတော့ သူတို့လို အယ်လစ်ဇဘက် အဘွားကြီးတွေ မဟုတ်ဘူးပေါ့နော်"ဟု ဆိုပြန်သေးသည်။

ထိုစကားများ ပြောဖြစ်ခဲ့သည်မှာ လွန်ခဲ့သော နှစ်(၂၀) ခန့်၊ သူ့ဖခင် ကျွန်တော့်ဝတ္ထုများ ဝယ်ယူပြီး ရုပ်ရှင်ရိုက်ကူးချိန်၊ မင်းသားအဖြစ် ဂုဏ်ရမ်းသုံးစွဲနေချိန် ကာလများဆီက ဖြစ်ပါသည်။ သူသည် ထိုစဉ်ကတည်းက သွက်လက်ဖျတ်လတ်သူ ဖြစ်၏။ ခေတ်ဆန်၏။ ပွင့်လင်း၏။

အယ်လစ်ဇဘက် ဘုရင်မကြီးကဲ့သို့ တော်ဝင် မဟုတ်ခဲ့ပါ။ ရုပ်ရှင်မင်းသမီး အယ်လစ်ဇဘက်ကဲ့သို့ ကမ္ဘာမကျော်ခဲ့သော်လည်း တက္ကသိုလ်မှာတော့ ကျော်ကြားခဲ့ပါသည်။ ခေတ်ဆန်သည်။ ပေါ်ပြူလာဖြစ်သည်။ လေတိုက်လို့ သစ်ရွက်လှုပ်တာကိုပင် "လှုပ်တယ်တော့"ဟု ပြောပြီး ရယ်တတ်သောသူ ဖြစ်၏ဟု လူသိများခဲ့၏။ (ယခုအချိန်တွင် အိမ်ထောင်တစ်ဆက်တည်းသာ ရှိခဲ့သော်လည်း) ထိုစဉ်က ရည်းစားလား၊ သူငယ်ချင်းလားတော့မသိ။ သူ့အနားမှာ ယောက်ျားလေး၊ မိန်းမလေးတွေ တရုန်းရုန်း ရှိတတ်၏။ ယခုခေတ်မှာကဲ့သို့ မိန်းကလေးတွေ စီးကရက်သောက်၊ ဘီယာသောက်မဟုတ်သေမယ့် သူ့ခေတ်သူ့အခါနှင့်တော့ ဆိုရှယ်ကျခဲ့သည်ကား သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ဗေဒင်ဆရာမလို့ ကောင်လေးတွေက ကင်ပွန်းတပ်ကြတယ်"ဟု အေးဘုံက ပြန်ပြောတတ်ပါသည်။

အစပိုင်းတွင် သူတို့ 'မိန်းမငြိမ်'များ ထုံးစံအတိုင်း "သူက ဘယ်သူလဲ၊ ဘာကိစ္စ ခဏ၊ ခဏ ဆုံကြတာလဲ။ မှန်မှန်ပြောနော်။ ဘာကြောင့် ကျွန်မ မရောက်ခင် သူက ရောက်ရောက် နေတတ်တာလဲ" စသည့် မေးခွန်းမျိုးကို အေးဘုံက မေးတတ်သော်လည်း...

ချိန်းဆိုထားသော အေးဘုံ ကျွန်တော့်အနီးသို့ ရောက်လာလျှင် "သွားမယ် အေးဘုံ၊ ဟီဟိ အေးဆေးကြည်နိုင်ကြပါစေ"(ထိုခေတ်က သမီးရည်းစားဖြစ်လျှင် 'ကြည်'သည်ဟု တစ်ကျော့ပြန် ခေတ်ပေါ်ဝေါဟာရကို သုံး၏။)

ဟု ပြောပြီးမှ ကျွန်တော့်အပါးမှ ခွာသွားလေ့ရှိပါသည်။ 'မိန်းမငြိမ်'အေးဘုံ လှုပ်သော်လည်း 'မိန်းမလှုပ်' အယ်လစ်ဇဘက်ကတော့ ငြိမ်နေ၏။ ထိုသို့လျှင် ခဏခဏ ကျွန်တော်နှင့် အေးဘုံမဆုံခင် သူနှင့် နှစ်ယောက်တည်းဆုံပြီး စကားပြော၊ အေးဘုံရောက်လာတော့ ခပ်ပေါ့ပေါ့ပင် နောက်ပြောင် နှုတ်ဆက်ထွက်သွားလိုက်ဆိုတော့ ကြာသော် အေးဘုံသည်လည်း သူ့မနောကို သိရှိသွားပုံရလာတော့၏။ အင်း သူတို့ချင်းပင် ခင်မင်သွားကြပြီး အရင်က ကျွန်တော့်ရည်းစားများအကြောင်းပင် အေးဘုံအား သူက ဖောက်သည်ချသည်အထိ။

မည်သို့ပင်ရှိစေ မိန်းမပျိုနှစ်ယောက်နှင့် မင်းသားပေါက်စ





တစ်ယောက်တို့ တက္ကသိုလ် စာကြည့်တိုက်နံဘေးတွင် အလှည့်ကျ ပူးတွဲနေသည်ကို ထိုစဉ်က ကျောင်းတော်သူ ကျောင်းတော်သားများက မည်သို့ ထင်ကြမည်ကို ကျွန်တော်မသိ။ နေတတ်၊ မထိုင်တတ် ဖြစ်ရသည်ကတော့ သေချာခဲ့ပါ၏။

မိန်းမလှုပ်နှင့် နှလုံးငြိမ်ရခြင်း၊ မိန်းမငြိမ်နှင့် နှလုံးလှုပ်ရခြင်းကို အဘယ်သူလျှင် တစ်ပြိုင်နက် ခံစားဖူးပါသနည်း။

❑ ❑ ❑

"ဟုတ်ကဲ့ ဦးငယ် ရှိပါသလား"

"အမေ မန္တလေးသွားတယ်။ ဘာကိစ္စရှိလို့လဲ။ ကိုဇလ အေးဘုံနေကောင်းရဲ့လား။ ကလေးတွေ ဘယ်နှစ်တန်း ရောက်ကုန်ပြီလဲ"

ကျွန်တော်က ရုပ်ရှင်ဒါရိုက်တာ ဦးငယ်ထံ ကျွန်တော့် ဝတ္ထုတစ်ပုဒ် ရုပ်ရှင်ရိုက်မည့် ကိစ္စအတွက် တယ်လီဖုန်းဆက်ခြင်းဖြစ်၏။ နှစ်ပေါင်း ကာလကြာမြင့်ပြီဖြစ်သဖြင့် သူ့အသံကို ကျွန်တော် မမှတ်မိသော်လည်း သူကတော့ ချက်ချင်းပင် မှတ်မိပါသည်။

"ဩော် အယ်လစ်ဇဘက်လား။ ကိုယ့်အသံကို မှတ်မိသားပဲ"

"သူ့အသံလား။ တစ်နိုင်ငံလုံးကို နှိပ်စက်နေတဲ့အသံ



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိ ရှိပါ့မလား ဟီဟိ"

သည်လိုနှင့် သူနှင့်ကျွန်တော် ရှေးဖြစ်နှောက်ကြောင်းတွေ တော်တော်ပြောဖြစ်ကြ၏။ အေးဘုံကို ခေါ်နိုင်းသဖြင့် ရေချိုးလျက် တန်းလန်းမှပင် အေးဘုံ လာစကားဝင်ပြောရသေး၏။ (ထိုနေ့က အေးဘုံ အအေးမိ၊ နှာစေးပင် ဖြစ်ယူရသည်။)

ကျွန်တော်တို့၏ တယ်လီဖုန်းစကားဝိုင်းသည် လုဝ်ငန်းကိစ္စသို့ မရောက်ဖြစ်တော့ပါ။ အတိတ်က ရယ်စရာများ၊ ယခုအရွယ် မောစရာများဖြင့်သာ။ နောက်ဆုံး…

"ဘယ့်နှယ်လဲ ကိုဗလ။ ခုနယ်ခါရော အရင်ကလို ရှက်တတ်ကြောက်တတ်တုန်းပဲလား"ဟု သူက ရှင်းရှင်းမေး၏။

"အင်း လိုအပ်ရင်တောပေါ့လေ"ဟု ကျွန်တော်က ဝေ့လည်ကြောင်ပတ် ဖြေ၏။

ထိုအခါ သူက စကားတစ်ခွန်း ဆိုပါသည်။ သူနှင့်ကျွန်တော့်ကြားတွင် ပထမဆုံးသော လေးနက်သည့်စကားနှင့် လေသံဖြစ်ပါသည်။

"တကယ်တော့ ကိုဗလရယ် အဲဒီတုန်းက ယူတစ်ယောက်တည်း ကြောင်စီစီနဲ့ အေးဘုံကို စောင့်စောင့်နေတာ ပတ်ဝန်းကျင်ကိုရှက်ပြီး ဆေးပေါလိပ်တွေ အရမ်းဖွာဖွာနေတာ သနားလို့။ ပြီးတော့ တို့အဖေရဲ့ လုပ်ဖော်ကိုင်ဖက် တစ်ယောက်





အနေနဲ့ ကူညီချင်လို တို့က ယူ့ရည်းစားအတုဝင်ဝင်လုပ်ပေးနေတာပါ"

လှိုက်ခနဲ ကျေးဇူးတင်သွားသော်လည်း "ဟာ ညည်းလုပ်ပုံက ကိုယ့်မှာ ပထမဖြူဖြူသွယ်သွယ် လှုပ်လှုပ်ရှားရှား ကောင်မလေးတစ်ယောက်၊ ချက်ချင်း ညိုညိုညက်ညက် ငြိမ်ငြိမ်သက်သက် ကောင်မလေးတစ်ယောက် ဆက်တိုက်တွဲတယ်ဆိုတော့ ဘယ်လိုလုပ် နေတတ်တော့မှာလဲ။ ပိုတောင် ဆိုးသွားတာပေါ့"

"တကယ်ဟုတ်နေကြလို့လား"

"အေးလေ မဟုတ်မှ မဟုတ်ဘဲ"

"ပြီးရောပေါ့။ တို့ကတော့ မကြောက်ပေါင်။ ကိုယ်တတ်နိုင်တဲ့ကိစ္စ ကူညီတာပဲ။ ပွဲပါသွားတာမှတ်လို့"

"နော့ မတော်တဆ ပွဲပါသွားခဲ့ရင်ရော"

"ဟား ဟား ကန်တော့ပါသေးရဲ့ ကိုဗလရေ။ ယူ့ကို တို့က ခင်တာပါ"

"အင်း ဝတ္ထုတစ်ပုဒ်ရပြီ၊ ရေးလိုက်ရမလား။ နာမည်ဝှက်နဲ့ပါ"

"အမလေး မဝှက်ပါနဲ့ကွယ်၊ နာမည်ရှင်း (———)နဲ့သာ ရေးစမ်းပါ။ တို့မှာ ခုဆို တို့သားအိမ်ထောင်ကျသွားလို့ မြေးတောင်ရတော့မှာ။ သိတယ်မဟုတ်လား"

(ရွှေအမြုတေ၊ ဇူလိုင်၊ ၁၉၉၇)



www.burmeseclassic.com

www.burmeseclassic.com

## အသုဘဖြင့် လုပ်စားခြင်း

အနုပညာသည်နှင့် ငွေရှင်၊ ကြေးရှင်တို့တွင် အများအားဖြင့် ငွေရှင်၊ ကြေးရှင်က အသေဖြောင့်တတ်ပါသည်။ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝမှုသည် အစွဲအလမ်းဖြင့် သေရတတ်သည်ဟု ယေဘုယျသဘောရှိသော်လည်း ယင်းငွေကြေးဥစ္စာတို့ကို အမွေပေးခြင်း၊ အလှူဒါနပြုကြခြင်းအားဖြင့် မသေခင်မှာ အပြတ်ဖြတ်လို့ ရနိုင်ပါသည်၊

အရိယာ ပုဂ္ဂိုလ်များမှသည် သီလစင်ကြယ်သူများအထိကမူ အသေဖြောင့်တတ်ကြသော်လည်း အများစုမှာ တစ်ကြောင်းမဟုတ် တစ်ကြောင်းဖြင့် အစွဲကျန်နေတတ်ကြပါသည်။

ကျွန်တော်၏ လက်ရှိအနေအထားနှင့် ဆိုရပါမူ ကျွန်တော်သည် အသေဖြောင့်ဖို့ တော်တော်ခက်နေပါသည်။ အနုပညာသည် ဖြစ်နေသောကြောင့်ပင်။ အထူးသဖြင့် ကျော်ကြားသော အနုပညာသည်သည် မို၍ပင် အသေမဖြောင့် တတ်





နိုင်ဟု ကျွန်တော်ကတော့ ယူဆပါသည်။

မရဏခေါ် သေဘေးမရောက်ခင်ဗျာစိ(နာရခြင်း)နှင့် ဇရာ(အိုရခြင်း)၌ပင် ငွေကြေးဥစ္စာပြည့်စုံသူသည် အနုပညာပြည့်စုံ သူထက်ပို၍ သက်သောင့်သက်သာရှိပါသည်။ ငွေကို အသုံးချ ၍ လူ့ဘဝ၏ နေဝင်ချိန်ကို လက်လှမ်းမီသလောက် ဖြုန်းနိုင် သည်။ အနုပညာသည်ကား အိုလာ၊ နာလာပြီဆိုလျှင် ငွေ ကြေးရှိနေသည့်တိုင် မိမိ၏ အောင်မြင်ကျော်ကြားခဲ့မှုအပေါ် နှမြောတသရသည်မှာ အနေခက်လှသည်။

ငွေလိုဖြုန်းပစ်လို့လည်း မရတော့ပါ။ အမွေပေးလို့လည်း မိမိ၌ ကျော်ကြားခဲ့မှုကား ကုန်ဆုံးမသွားပါ။ "လူသာ သေသည်၊ နာမည်မသေ"ဟူသော စကားကို မှတ်သားရာသည်။

ခက်သည်မှာ လူသေပြီး နာမည်မသေသော်လည်း မသေခင်မှာတော့မူ အိုလာ၊ နာလာသည်နှင့်အမျှ နာမည်သာရှိပြီး အောင်မြင်ကျော်ကြားမှုကား ပွန်းပါး၍လာတတ်သည်။ အချို့ကား ခြွင်းချက်အနေဖြင့် လူအိုသော်လည်း ကျော်ကြားမှု မအိုတတ်ပါ။ အထူးသဖြင့် စာရေးဆရာများ ဖြစ်သည်။

ဤစာစုတွင် ကျွန်တော်သည် ကျွန်တော်ပိုင် အနုပညာနယ် ပယ် သုံးရပ်မှ ရုပ်ရှင်ကို ဦးစားပေး ဖော်ပြချင်ပါသည်။ ယင်းရုပ်ရှင်နယ်အတွင်းမှာပင် သရုပ်ဆောင်တို့၏ အကြောင်းကို ရွေး၍ ဆိုချင်ပါသည်။

ကျွန်တော်တို့ သရုပ်ဆောင်များတွင် တစ်ဟုန်ထိုး ကျော်ကြားသွားသူများ၊ တစ်စတစ်စ ကျော်ကြားလာသူများ၊



www.burmeseclassic.com

www.burmeseclassic.com



ခုတက်ခုဆင်း ဆိုသလို ဖြစ်သွားကြသူများ၊ စကတည်းက ဆုံးသည်အထိ ဒုံရင်းဒုံရင်း ဖြစ်နေကြသူများနှင့် နေထွက်ချိန်၊ နေမွန်းတည့်ချိန်၊ နေဝင်ချိန်ဟု လောကသဘာဝအတိုင်း ဖြစ်သွားကြသူများဟူ၍ ရှိကြပါသည်။

ကျွန်တော်သည် ဘယ်အမျိုးအစားတွင် ပါဝင်မှန်း ကိုယ့်ဘာသာကိုယ် မသုံးသပ်ခဲ့ဖူးသော်လည်း စာရေးဆရာ တစ်ယောက်အနေနှင့် နံဘေးမှကြည့်သောအခါ မည်သည့် သရုပ်ဆောင်ဖြစ်ဖြစ် သေသောအခါ မိမိ၏ အောင်မြင်ကျော်ကြားမှုအားလုံးကို ထားခဲ့လို့လည်းမရ၊ ယူသွားလို့လည်း မရသည်မှာ သေချာကြောင်း ဆင်ခြင်မိပါသည်။

□ □ □

ခက်သည်က သရုပ်ဆောင်တစ်ယောက် သေဆုံးပြီးသောအခါကျမှ ယင်းအသုဘဖြင့် လုပ်စားကြခြင်း ခံရသည်ကိုကား ထိုအသုဘကိုယ်၌က မည်သို့ရှိမည်မသိ။ နံဘေးမှ ကျွန်တော့်မှာတော့ တော်တော်ခံရခက်လှပါသည်။

အသုဘအိမ်တွင် ဖဲဝိုင်းထောင်ခြင်းသည် ရိုးရာတစ်ခုလို ဖြစ်နေခဲ့သည်မှာ မကောင်းသာလှပါ။ ထို့အတူ ကူငွေကောက်ခံခြင်းသည်လည်း ယဉ်ကျေးမှုတစ်ခု ဖြစ်နေခဲ့သည်မှာ မဆန်းပါ။ ရိုးရာ (Tradition)နှင့် (Culture)ယဉ်ကျေးမှု အဆင့်ထိ သည်းညည်းခံနိုင်သော်လည်း (Civilization)ခေါ်





လူမှု ရေစီးကြောင်း ပြောင်းလဲမှုအဆင့်ထိ လုပ်ကိုင်စားသောက်လာကြသည်မှာကား အသုဘကိစ္စတွင် မရှိကောင်းဟု ကျွန်တော် ထင်ပါသည်။ ခေတ်ရေစီးကြောင်းပေါ် လိုက်လာကြသည်ဆိုလျှင်လည်း သေသူအတွက် နာရေးထည့်ပေးခြင်း၊ လွမ်းမောတသသော ဆောင်းပါး၊ ကဗျာ၊ စာစုများ ရေးသားမှတ်တမ်းတင်ခြင်း၊ အလှူအတန်းပြု ကျောက်စာကမ္ပည်းထိုးခြင်း စသည်များမှာ ခွင့်လွှတ်သာပါသည်။

အသုဘနှင့် လုပ်စားတာကတော့ မကောင်းဟု ထင်သည်။ အသုဘဈေးကွက်အထိ မလုပ်ကောင်းပါ။

မရှိမဖြစ် လိုအပ်သော အသုဘအပြင်အဆင်များ (ဥပမာ ခေါင်းတလားစီစဉ်ခြင်း)စသည်များ၌ ခေတ်နှင့် အမီလိုက်သည်ကို မဆိုပါ။ စောစောကပြောသလို သေသူ၏ ကျော်ကြားမှုကို အခြေခံလျက် စီးပွားရှာခြင်းကိုသာ ဆိုပါသည်။ ဒါကြောင့် ကျွန်တော် သရုပ်ဆောင် အသုဘများကို ရွေးပြီး တင်ပြနေခြင်း ဖြစ်ပါသည်။

ဤနေရာတွင်လည်း ဈေးကွက်မျိုးစုံ ရှိနေသည်ကို တွေ့ရပါသည်။ ဘယ်လောက်ကြီးခဲ့ ကြီးခဲ့ သေချိန်တန်မှ သေရသော နာမည်ကြီး အသုဘများကို လုပ်စားသည်က တစ်မျိုး။ သေချိန်မတန်ခင် နာမည်အရှိန်ကြီးနေစဉ် အကြွေစောရသူများကျတော့ တစ်မျိုး။ (ဥပမာ ပြေငြိမ်း)။ ပြေငြိမ်းတုန်းကဆိုလျှင် ကျွန်တော်သတိထားမိတာများစွာရှိသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ခင်သောင်ဖြစ်ခါစက ဓာတ်ထုတ်များပင် တစ်ခေတ်ပြန်ဆန်း သစ်လိုက်ကြသေးသည်။ တီရှပ်တွေ၊ ဘာတွေတောင် ထုတ်ရိုက် လိုက်ကြသေး၏။ ထိုအတူ နာမည်အရှိန်အဝါနှင့် ပရိသတ် အတွင်း ကျော်ကြားမှုအနည်းအများပေါ် လိုက်၍ လုပ်စားပုံ မျိုးစုံရှိနေခဲ့ကြပါသည်။

ယခု ကျွန်တော် ဖောင်းပေးဖော်ပြလိုသည်မှာ တစ်ချိန် က နာမည်လျှမ်းလျှမ်းတောက်ခဲ့ပြီး အရွယ်ရလာသောအခါ ရုပါတန်းမှ လျှောကျခဲ့ရသူများ။ ထိုမှတစ်ဖန် ကိုးလိုးကန့်လန့် အရွယ်တွင် ဓာတ်ပို့၊ ဓာတ်ရုံနေရာမှ တစ်ခေတ်ဆန်းလာကြ သူများကို ဖြစ်ပါသည်။

ဥပမာ ဇော်လွင်၊ ဇော်လင်း။ သူတို့သည် တစ်ချိန်က ရုပါများဖြစ်ခဲ့သည်။ နောက်တော့ ကျသွားသည်။ တစ်ဖန် အဖေခန်း၊ ဦးလေးခန်းများတွင် ပြန်၍ နေရာရလာသည်။ အစ ပိုင်းတွင် "သမီးရယ်၊ အဖေ ဒီတောင်က မကျော်နိုင်တော့ပါဘူး။ အဖေစိတ်ချမ်းသာအောင် အဖေတို့ စီစဉ်တာ နာခံပါကွယ် ဂစ်" ဆိုသည့် အခန်းလောက်တွင်သာ အသုံးချတတ်သည်။ နောင်သော် တဖြည်းဖြည်း အရေးပါလာကြသည်။ သမ္မာနှင့် လည်း ဆိုင်ပေမည်။ သို့သော် ဈေးကွက်အရ ယိုပုဂ္ဂိုလ်ကြီးများကို ကျော်ကြားမှုအပိုင်း၌ နေရာမပေးချင်ကြပေ။ ဆိုပါစို့ ယနေ့ ခေါင်းစီးစာတန်းသုံးရာတွင်ပင် လူရွှင်တော်များ၊ လူကြမ်းများ နောက်သို့ ရောက်ခဲ့ရသည်။





သို့သော် ဟော– သင်းတို့သေကုန်ကြသည်နှင့် တစ်ပြိုင် နက် ကြော်ငြာရာ၌ပင် သူတို့နာမည်တွေ ရှေ့တန်း တက်လာ ကြပြန်သည်။

❑ ❑ ❑

သည်လို ဟန်ပျက်နေမှုတွေကို ပြောစရာများစွာ ရှိသော် လည်း ကျွန်တော်ကတော့ စဉ်းစားတာ တစ်ခုသာ ရှိနေပါသည်။ ငါသေရင် ဘယ်လိုနေမည်နည်းဟု။

သို့သော် တစ်ခုတော့ ပြောစရာရှိသည်။ စာဆောက ပြောသလို ငွေကြေးဥစ္စာကို စွန့်ခဲ့လို့ ရသည်။ ကျော်ကြားမှုနှင့် နာမည်ကို စွန့်ခဲ့၍ မရသည်မှန်သော်လည်း အနုပညာသည်သည် ငွေရှင်၊ကြေးရှင်ထက် သာတာ တစ်ခုရှိသည်။ ဦးနှောက်၊ စိတ်နှလုံးနှင့် ပါရမီတို့ ဖြစ်သည်။ တွေးခေါ်နိုင်ခြင်း၊ အေးချမ်း စိတ်မွေးနိုင်ခြင်းနှင့် သိလွယ်တတ်ခြင်းတို့ဖြင့် အသေဖြောင့်နိုင် ကောင်းပါသည်။

(မဟေသီ၊ အောက်တိုဘာ၊ ၁၉၉၇)



www.burmeseclassic.com

www.burmeseclassic.com

## ကြီးတစ်ခါ ငယ်နှစ်ခါ

ကျွန်တော့်အသက်တမျှ သက်တမ်းရှိပြီဖြစ်သော 'ရုပ်ရှင်မျက်မှန်မဂ္ဂဇင်း'မှာ စာရေးရသဖြင့် ဝမ်းသာပါသည်။ ပြီးတော့ (၄၆)နှစ်မြောက် အထူးထုတ်တဲ့။ ပို၍ ပီတိဖြစ်ရသည်။ ကျွန်တော်လည်း အသက် (၄၆)နှစ်ပြည့်ပြီပဲ။ ရုပ်ရှင်မျက်မှန်မဂ္ဂဇင်း စာပေနယ်သို့ စတင်ဝင်ရောက်ချိန်တွင် ကျွန်တော့်ကို အမေက မွေးလိုက်သည်။ မဆိုစကောင်း ဆိုစကောင်း 'ဖွားဖက်တော် မဂ္ဂဇင်း'

ရုပ်ရှင်မျက်မှန်သည် စာပေကို အခြေခံ၍ ရုပ်ရှင်ကို အားပြုသော မဂ္ဂဇင်းဖြစ်သည်။ ကျွန်တော့်ဘဝနှင့် မတူပေဘူးလား။ သို့သော် ကျွန်တော်သည် စာရေးဆရာဖြစ်ပြီးခါမှ ရုပ်ရှင်မျက်မှန်တွင် အစဉ်တစိုက် စာမရေးဖူးခဲ့ပါ။ ကြုံသလိုသာ ရေးခဲ့မိသည်။ ဘာအကြောင်းမှတော့ မရှိ။ သတိမမူမိသည်သာဖြစ်၏။ တကယ်တော့ ကျွန်တော့်လို ရုပ်ရှင်သမား





စာရေး ဆရာများသည် ဤမဂ္ဂဇင်းမျိုးတွင် မကြာမကြာ ရေးသင့်ပေ သည်။

ရုပ်ရှင်မျက်မှန်မဂ္ဂဇင်း၏ ဖခင်ကြီး ဦးအောင်သိန်းသည် ကျွန်တော့်အဖ ဦးသာခုနှင့် စာပေမိတ်ဆွေ။ ကျွန်တော့်အမေနှင့်တော့ ကျောင်းနေဖက်သူငယ်ချင်း။ ယော ဆရာမောင်ရွှေစွန်ကျတော့ ကျွန်တော်တို့ ညီအစ်ကိုတစ်တွေနှင့် ညီအစ်ကို သူငယ်ချင်း။ ကိုင်း ကျွန်တော်သည် ရုပ်ရှင်မျက်မှန်ကို စာမူပို့ဖို့ မကောင်းပေဘူးလား။ ထို့အတူ မောင်ရွှေစွန်တို့ကလည်း ကျွန်တော်သတိမေ့နေသည့်တိုင် "ဟေ့ ဗလကြီးတို့မဂ္ဂဇင်းအတွက် စာမူပေးဦးကွ"ဟု သတိတရ ဖိတ်ခေါ်ဖို့ မကောင်းပေဘူးလား။

ဪ ဆွေမျိုးသားချင်း အရင်းအချာများပင်လျှင် အချိန်တန်တော့ ကိုယ့်ဘဝကိုယ် လျှောက်ရင်း ခရီးကြုံသာ ဆုံနိုင်တတ်ကြသည် မဟုတ်ပါလား။

ခုလည်း ဆရာမောင်ရွှေစွန်က လမ်းကြုံ စာမူတောင်းသဖြင့် ခရီးကြုံစာမူကိုသာ ရေးရပါတော့သည်။ သို့သော် စာပေအခြေခံ ရုပ်ရှင်မျက်မှန်မဂ္ဂဇင်းအတွက် သက်တူရွယ်တူမဂ္ဂဇင်းအတွက် ဆွေမျိုးသားချင်း စာမူသဘောတော့ဖြင့် ရေးရပါလိမ့်မည်။ တစ်ခုရှိတာက မနေ့က သူ(မောင်ရွှေစွန်)နှင့် တွေ့သည်။ သည်နေ့ စာမူအပြီးပေးပါဆိုသဖြင့် ပြူးပြဲစဉ်းစားပြီး ရေးရသောကြောင့် နည်းနည်းတော့ စာပေါ့ချင်ပေါ့လိမ့်မည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာသည် စေတနာထားတတ်လျှင် စာသန့်သည်ဟု ဆိုကြသည်၏။ မတွေ့တာကြာပြီဖြစ်သော မိတ်ဆွေနှင့် လမ်းမှာ ကြုံလျှင်ပင် လဘက်ရည်တစ်ခွက်သည်လည်း စေတနာ ပါ တတ်သကဲ့သို့ပင်။

အနည်းဆုံး ဤစာမူသည် ရုပ်ရှင်မျက်မှန်မဂ္ဂဇင်းအတွက် 'နှမ်းဖြူး' ပေးသော စာပေများဖြစ်သွားလင့်ကစား ကောက်ညှင်း ပေါင်းသည် နှမ်းထောင်းပါမှ ခံတွင်းတွေ့သည်ဟု ကျွန်တော် ကတော့ ကိုယ့်ဘက်ကိုယက်၍သာ ဆိုချင်ပါတော့သည်။

❑ ❑ ❑

ခုတလော မြန်မာဗီဒီယိုဇာတ်ကားများ၊ ရုပ်ရှင် (ဗီဒီယို ပြန်ကူး)ဇာတ်ကားများ ဆက်တိုက်ဆိုသလို ကြည့်ဖြစ်ခဲ့ပါသည်။ ခေတ်ကို အမီလိုက်နိုင်ရန် ဖြစ်သည်။ ပြီးတော့ 'ရုပ်ရှင်ရိုက် ဖို့ ဗီဒီယိုရိုက်ဖို့' ဆိုပြီး ဇာတ်လမ်းလာလာတောင်းကြတာများ လွန်းလို့လည်း ဖြစ်သည်။ တကယ်တော့ စာရေးဆရာသည် မူလက ရုပ်ရှင်ရိုက်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် ဝတ္ထုရေးခြင်း မဟုတ်။ သူ့ဝတ္ထုထွက်လာမှ ရုပ်ရှင်ဆရာတို့က သင့်တော် မည်ထင်လျှင် ဝယ်ယူသွားကြရုံသာ ဖြစ်သည်ဆိုတာကို ရှင်းပြ လို့လည်း သူတို့က နားမလည်ပါ။ ပြီးတော့ ကျွန်တော်ကိုယ် တိုင်က စောစောကပြောသလို ရုပ်ရှင်သမား စာရေးဆရာဖြစ် နေတော့ ကျွန်းနှင့် ကိုင်းမှီနေကြသည့် သဘောဖြင့် ရုပ်ရှင်





ရိုက်ဖို့ ဝတ္ထုရေးခိုင်းကြသည်လည်း ဖြစ်နိုင်သည်။ သဘာဝတော့ အကျသားပင်။ သည်တော့ ကိုယ်တိုင် စဉ်းစားသော ဇာတ်လမ်း များ သည်ကနေ့ခေတ် ဗီဒီယိုရေစီးတွင် ယက်ကန်ကန် ဖြစ်မ နေစေရန် ဂရုစိုက်ရပေမည်။ မျောပါသွားလို့လည်း မဖြစ်။ ဆန်တက်လို့လည်း မရ။ သို့မို့ကြောင့် မြန်မာဗီဒီယို ရုပ်ရှင်များကို မကြာမကြာ ကြည့်ပေးနေဖြစ်တော့သည်။ သည်တော့မှ ကိုယ့် ဇာတ်လမ်းကို လိုတိုးပိုလျှော့ လုပ်နိုင်ပေမည်။ သည်တွင် လူ့သဘာဝတစ်ခုကို ကောင်းကောင်းကြီး ကြုံရတော့၏။ ရုပ်ရှင် ရိုက်ရန် ဇာတ်လမ်းရှာမည်ဟူသော ရည်ရွယ်ချက်သည် အနီ ဇာတ်ကားများ ကြည့်နေရင်းမှ မေ့မှိန်သွားရသည်။ မင်းသား၊ မင်းသမီးတို့၏ ရုပ်ရည်နှင့် သရုပ်ဆောင်မှုများတွင် မျောပါ သွားတတ်ခြင်းပင် ဖြစ်သည်။ တစ်ခါတစ်ရံ မိမိသည် ပရိသတ် နေရာ ရောက်သွားသောအခါ ကိုယ်တိုင်ပညာသည်ဟူသော အသိပျောက်သွားပြီး ခံစားမှုပိုင်း၌ ပိုလာခြင်းသဘော ဖြစ်ပါလိမ့် မည်။ အထူးသဖြင့် ကိုယ်တိုင်က ရုပ်ရှင်သရုပ်ဆောင်ဖြစ်နေ သဖြင့် သရုပ်ဆောင်များကို အလေးပေးကြည့်နေမိပါသည်။

ဤသို့ဖြင့် ခုတလော ကြည့်ဖြစ်သော ဗီဒီယိုဇာတ်ကား ထဲမှ သရုပ်ဆောင်တို့၏ ဘဝအနေအထားလေး တစ်ခုကို သတိထားလိုက်မိပါသည်၊

အခြားမဟုတ်ရိုးလား။ နိုင်ငံကျော် သရုပ်ဆောင်များ၏ ဘဝအမောပင်တည်း။ လောကသဘာဝတရားကိုက ဖြစ်ပျက်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲမည်။ နရာမှ အိုမင်းလာမည်။ သည်လိုမဟုတ်လား။ တရားသဘောနှင့် ရှုမှတ်လျှင် ဘာဝနာဖြစ်သော်လည်း ပုထုဇဉ် သဘာဝအနေနှင့်ကား တရားရဖို့ထက် နမြောတသဖို့က ပိုများနေသည်။ ငယ်စဉ်က နပျိုခြင်းကို အရွယ်ရောက်လာလျှင် ပြန်မရတော့သည်မှာ ဓမ္မတာမို့ လူသူငါငါ ဖြေသာနိုင်သော်လည်း သရုပ်ဆောင်ဟူသော (အထူးသဖြင့် ခေါင်းဆောင်မင်းသား၊ မင်းသမီး)ပုဂ္ဂိုလ်များအဖို့ကား အနည်းနှင့်အများဆိုသလို ခံစားကြရပေလိမ့်မည်။ ငယ်ငယ်က ရွှေထီးတော် ဆောင်းခဲ့ရသည်ကို ပြန်ခံစားရသည်မှာ အရသာတစ်မျိုး ဖြစ်ပါသည်။ သို့သော် တစ်ဆက်တည်းမှာပင် ပြန်လည်မရနိုင်တော့သော ရုပ်ရည်နှင့် ဂုဏ်ဒြပ်တို့ကို လွမ်းမောရပေလိမ့်မည်။

သည်ကိစ္စနှင့် ပတ်သက်၍ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာရပုံကလေးကို ပြောပြရပါဦးမည်။ စာစောက ပြောသလို ခုတလော ကြည့်ဖြစ်ခဲ့သော မြန်မာဗီဒီယိုရုပ်ရှင် (၃) ကားအကြောင်း။ ပထမဇာတ်ကားက ယနေ့ခေတ်ပေါ် ဗီဒီယိုစစ်စစ်။ သို့သော် ဇာတ်လမ်းက ဟိုးယခင်ရှေးက မြန်မာရုပ်ရှင်ကားကြီးကို ပြန်လည်ဆန်းသစ်သည် ဆိုပါစို့။ ယင်းဇာတ်ကားတွင် မင်းသား၊ မင်းသမီးများက ယနေ့ခေတ်ပေါ်ကလေးများ ဖြစ်သည်။ မှတ်မှတ်ရရ မင်းသမီးဖခင်က မင်းသားကြီးဇော်လွင်၊ (ကနေ့အခေါ် ဦးဇော်လွင်)မင်းသား၏ မိခင်က မင်းသမီးကြီး စမ်းစမ်းအေး။ ဆိုကြပါစို့။ ဇာတ်ဝင်ခန်းတွင် ဦးဇော်လွင်က သမီးဖြစ်သူ(ချမ်းသာသည့် မင်းသမီး)ကလေးကို အိမ်ထောင်ချပေးချင်သည်။ သမီးမှာက ချစ်သူ(ဆင်းရဲသား)ရှိနေသည်။ သည်တွင် ဦးဇော်တွင် (နှလုံးရောဂါလည်းရှိနေသူ)သည် မိမိနှင့်ဂုဏ်ရည်တူ သူဌေး သားနှင့်သမီးကို အောက်ပါအတိုင်းနားချ စည်းရုံးသည်။

"သမီးရယ် အဖေဘော့ ဒီတောင်က မကျော်နိုင်တော့ပါဘူး။ အဖေသေဖြောင့်အောင် မောင် ကို လက်ထပ်လိုက်ပါကွယ်"

ထို့နောက် သမီး၏ ခေါင်းညိတ်အဖြေပေးမှုကိုရလျှင် ပြုံးပြုံးကြီးလုပ်၍ 'ဂစ်'ခနဲ ခေါင်းလုံချ သေသွား။ ဒါလောက်ပဲ ဇာတ်လမ်းမှာ လုပ်ခွင့်ရလေသည်။

ဒေါ်စမ်းစမ်းအေးကရောတဲ့။ သားဖြစ်သူ (ဆင်းရဲသား မင်းသား)က သူဌေးသမီးနှင့် ချစ်ကြိုက်နေတာကို သိသဖြင့် "အထက်တန်းကို မလှမ်းပါနှင့် သားရယ်"ဟူသော စကားကိုသာ တွင်တွင်ပြောရင်း တစ်နေရာအရောက်၌ မင်းသမီးနှင့် စေ့စပ်ထားသူ မောင်းလာသောကားနှင့် တိုက်မိပြီး သေ။ ဒီလောက်ပါပဲ။

သမားရိုးကျ ဇာတ်လမ်းမျိုးဖြစ်သဖြင့် အပေါ်ယံသာ ရုပ်ပြီး ကြည့်ဖြစ်ခဲ့ပါသည်။ သို့သော် တိုက်တိုက်ဆိုင်ဆိုင် နောက်တစ်နေ့ နေ့လယ်ခင်းတွင် မြန်မာ့ရုပ်မြင်သံကြားမှ ဇာတ်ကားဟောင်းတစ်ကား ပြန်ပြသည်။ ကျွန်တော့်အစ်ကို







www.burmeseclassic.com

www.burmeseclassic.com



အောင်သွား၏ ငယ်လက်ရာ 'ခြေဖဝါးတော်နုနု' ရုပ်ရှင်။ ယင်းဇာတ်ကားတွင် ခေါင်းဆောင်မင်းသားက ဇော်လွင်၊ မင်းသမီးက စမ်းစမ်းအေး။ နှစ်ယောက်စလုံး ရှိလှမှ အသက်(၃၀) ဝန်းကျင်။ ထိုစဉ်က ကျွန်တော်သည် ယင်းဇာတ်ကား၏ ရှုတင်မန်နေဂျာ လက်တိုလက်တောင်း။ သူတို့နှစ်ယောက်စလုံးနှင့် အနီးကပ် ပေါင်းရသောကြောင့် သူတို့ငယ်စဉ်က ဘယ်လောက်ချောကြောင်း သိနေခဲ့သည်။ သို့သော် ယင်းဇာတ်ကားကို ခုမှကြည့်ဖူးသော ကျွန်တော့်သားသမီးတွေကတော့ "ဟယ် ချောလိုက်တာ၊ ဟယ် လှလိုက်တာ"နှင့် စုတ်တသတ်သတ်၊ အငယ်ဆုံးမက "အဲဒါ ညတုန်းက ကြည့်ရတဲ့ ဗီဒီယိုထဲက အဘိုးကြီးနှင့် အဘွားကြီးပဲလား ဖေဖေ"ဟု မေးသည်။ ကျွန်တော့်ဇနီးအေးဘုံကတော့ "ကြည့်ကြစမ်း။ အဲဒီခေတ်က မင်းသား၊ မင်းသမီးတွေမှ တကယ်ချောတာ တွေ့လား"ဟု မိန်းမတို့ထုံးစံအတိုင်း ကိုယ့်ခေတ်ကိုကိုယ် ဘက်လိုက်ဂုဏ်ပြုသည်။

ကျွန်တော်ကတော့ ပြုံးပြီးသာလျှင် နေသည်။ ကျွန်တော်စဉ်းစားကြည့်သည်။ ခုနယ်ခါ 'ခြေဖဝါးတော်နုနု'ဇာတ်ကားကို ဒေါ်စမ်းစမ်းအေး ကြည့်နေဖြစ်သည်ဆိုလျှင် သူတရားရနေမည်လား၊ ကိုယ့်ဘာသာကိုယ်ပင် မနာလိုဝန်တို ဖြစ်နေရှာမည်လား မပြောတတ်။ ကွယ်လွန်ရှာပြီဖြစ်သော ဦးဇော်လွင်ရော ခုနယ်ရှိနေသေးလျှင် ဘယ်လိုခံစားရရှာမည်နည်း။

❑ ❑ ❑





တလောဆီကတော့ ကျွန်တော်ကိုယ်တိုင် ပါဝင်သော ရုပ်ရှင်ကား တစ်ကား မြဝတီမှ ထုတ်လွှင့်သည်။ ကျွန်တော်ငယ်စဉ်က မင်းသားပေါက်စဘဝက ဇာတ်ကားဖြစ်သည်။ စိတ်အထင် အသက်(၂၄)နှစ်လောက်က ဖြစ်မည်။ ကျွန်တော်က ရုပ်ဆိုးသော မင်းသားဖြစ်သော်လည်း ငယ်ဂုဏ်နှင့်မို့ ကြည့်ကောင်းနေပါသည်။ ဒါကို ကျွန်တော့်မိန်းမက...

"ကြည့်စမ်း အဲဒီတုန်းကများ ဆံပင်တွေ တစ်ထွေးကြီးနဲ့။ မျက်ခုံးကလည်း ကောင်းလိုက်တာ ရန်အောင်ကျနေတာပဲ။ ခု ဒါတွေပြောင်ကုန်တာ အရက်ကြောင့် သိလား"ဟု မဆီမဆိုင် လက်ပံသားမားနှင့် ချိုင်ပါ၏။ သမီးကြီးကတော့...

"ဖေအောင်မယ် ဖေဖေ ငယ်ငယ်က ရန်အောင်ထက် ချောပါတယ်နော်"ဟု ပေါက်တူးစကားဆိုပါသည်။

ကျွန်တော်ကတော့ ပြုံးလို့သာ နေရင်း ကိုယ့်ရုပ်ရည်ကို ကိုယ်နှမြောတသနေမိပါသည်။ သို့သော်...

ယင်း ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်း ရေးသူမှာလည်း ကျွန်တော်ပင်လျှင် ဖြစ်နေပြန်သည်။ ငယ်တုန်းက ရေးသားခဲ့သော လုံးချင်းဝတ္ထုတစ်ပုဒ်ပါ။ ငယ်တုန်းက ကိုယ့်ဝတ္ထု။ ကိုယ်တိုင် သရုပ်ဆောင်မင်းသား။ ကျွန်တော်၏ စိတ်သည် ဒွိဟဖြစ်နေရပါသည်။ စိတ်တစ်ခုက ရုပ်ရှင်မင်းသား ငယ်ငယ်လေး 'သုမောင်'ကို ယခုသုမောင်က ပြန်လည်တသပြီး မနာလို ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ချင် ဖြစ်နေသည်။ စိတ်တစ်ခုကတော့ စာရေးဆရာ ငယ်ငယ်လေး 'သုမောင်'ကို ယခုသုမောင်က ဂုဏ်ယူပီတိ ပွားနေပါရောလား။

ကြည့်စမ်း အနုပညာရှင်ချင်း အတူတူ ရပ်ရည်ကို ရှေ့တန်းတင်ရသောသူနှင့် ဦးနှောက်ကို အလေးပေးရသောသူ ကွာခြားနေပါရောလား။ စိတ်နှလုံး သန့်စင်မှုချင်းလည်း မတူပြန်ပါလား။

တကယ်တော့မူ ဤစာစုကို ရေးရာ၌ ရုပ်ရှင် သရုပ်ဆောင်သက်သက်ဖြစ်သော ပညာရှင်များကို ကျွန်ုပ်ဘော်က အထက်စီးဖြင့် ပြောနေခြင်းမဟုတ်ရပါ။ စာရေးဆရာများဘက်က ဘက်လိုက်နေခြင်းလည်း မဟုတ်ရရိုးပါ။ ကိုယ်တိုင်က စာသမား ရုပ်ရှင်သမား ပူးတွဲ ဖြစ်နေသောကြောင့် မိမိဘာသာ နှိုင်းချိန်ကြည့်ခြင်းသာ ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ အေးဘုံ၏အမေ (ကျွန်တော့် ယောက္ခမကြီး) ပြောခဲ့ဖူးသော စကားတစ်ခွန်းကိုကား ပြန်လည်ကြားယောင်၍သာနေပါတော့သည်။

"ဟဲ့ မောင်ဗလ မင်းကို ငါ့သမီးနဲ့ သဘောတူခဲ့တာ မင်းနာမည်ကြီးလို့၊ မင်းသားအဆိုတော်မို့လို့ရယ် မဟုတ်ဘူးကွယ့်။ မင်းဟာ စာရေးဆရာ သာမှသား စာရေးဆရာ တစ်ယောက်မို့ပဲ"

အင်း...က်ကောင်းပေစွ။

(ရုပ်ရှင်မျက်မှန်၊ အောက်တိုဘာလ၊ ၁၉၉၇)



# ပန်းခြံထဲမှာ

တလောဆီက ပန်းမြံတစ်ခုတွင် ရုပ်ရှင်ရိုက်ဖြစ်သည်။ ကျွန်တော်က ဆိုက်ကားသမားကြီး အခန်းမှ ပါဝင်ရသည်။ ထိုပန်းခြံထဲမှ ကလေးကစားကွင်းနှင့် တွဲလျက်ဖြစ်သော စားသောက်ဆိုင်မှာ ရိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် လာရောက်ကြည့်ရှုသူ ပရိသတ် တော်တော်စုံစုံကို တွေ့ရသည်။ မိသားစုများနှင့် စုံတွဲတွေက အများစုဖြစ်၏။

ကျွန်တော်က ရုပ်ရှင်ရိုက် ကျပါးသောကြောင့် တစ်ကြောင်း၊ ဆိုက်ကားသမားကြီးအသွင် ဆင်မြန်းထားသောကြောင့် တစ်ကြောင်း ကျွန်တော့်ကို ပရိသတ်တွေက မသိကြတာများသည်။ မမှတ်မိတာလည်း ပါလိမ့်မည်။ သည်အတွက်လည်း ကြံဖန်၍ ကျေနပ်မိသည်။ လွတ်လွတ်လပ်လပ်ရှိသည်ဟု၊ ထို့ကြောင့် မိမိအလှည့် မကျခင်မှာ စာထိုင်ရေးနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



[illegible]သောက်ဆိုင်၏ စားပွဲလွတ်တစ်ခုမှာ။

ရေးလိုက်၊ စဉ်းစားရင်း ငေးလိုက်လုပ်နေသောအခါ ကျွန်တော် ငေးမိသည့်နေရာ၌ လူငယ်တစ်ဦး ကျွန်တော့်အား စူးစိုက်ကြည့်နေသည်ကို မှတ်မှတ်ထင်ထင် တွေ့ရသည်။ ကြာတော့ အားနာလာသည်နှင့် ပြုံးပြမိသည်။ ထိုအခါကျမှ လူငယ်သည် ပြန်၍ ပြုံးတုံ့ရင်း ကျွန်တော့်ထံ လာရောက်မိတ်ဆက်လေတော့သည်။ သူ့နောက်မှာ တော်တော်ကောင်းသော မော်တော်ကားတစ်စီး ကျန်ရစ်၏။

"အစ်ကိုကြီး ပိန်သွားတယ်။ ခုဖြတ်လိုက်တယ်ဆို"

ကျွန်တော်နှင့် အလိုက်ဖက်ဆုံး ပဋိသန္ဓာရ စကားကို ဆိုသဖြင့် ပြုံးရသေးသည်။

"အင်း နားလိုက်တာပါကွာ"

"ကောင်းပါတယ်ဗျာ။ ကျွန်တော်ကတော့ သောက်တုန်းပဲ။ ဒါပေမယ့် ညမိုးချုပ်မှပါ။ စည်းကမ်းထားရတာယ်လေ။ အဲမသောက်လို့လည်း မဖြစ်တဲ့သဘော ရှိနေတယ်ဆိုပါတော့။ ဒါက ကျွန်တော့်ဆိုင်လေ"

သူ့စကားကို သဘောကျသည်။ အရက်နှင့် ပတ်သက်၍ သူ၏ ကိုယ့်တာလုံအောင် ပြောတတ်သည်။ ရိုးသားပွင့်လင်းမှု ရှိသည်။ ပေါ့ပါးဖျတ်လတ်ပုံသည် သူ့စကားမှာရော သူ့အဝတ်အစားမှာပါ ပေါ်လွင်နေသည်။ ရိုးရိုး တီရှပ်အဖြူကလေးနှင့် လုံချည်တို့ ဆုံစည်းရာ အရပ်၌ ဆယ်လူလာဖုန်းကလေး





ညှပ်ထားသည်။ တိုးတက်သော ခေတ်လူငယ်စတိုင်လ်။ မျက်စိထဲမြင်လာအောင် ပြောရလျှင် မင်းသားစိုးသူကို လေထိုးထားသည့် ပုံမျိုးလေး။

"ကျွန်တော်က အစ်ကိုကြီး ပရိသတ်ပါ။ ငယ်တုန်းက အရမ်းကြိုက်ခဲ့တာပေါ့။ ခုတော့ လုပ်ငန်းထဲ ရောက်နေလို့ ရုပ်ရှင်သိပ်မကြည့်ဖြစ်ဘူး။ စာသိပ်မဖတ်ဖြစ်တော့ဘူး။ အဲသီချင်းတွေတော့ နားထောင်ဖြစ်တယ်။ ဒီဆိုင်မှာက ညပိုင်းဆို အပျော်တမ်း ဆို၊ ပျော် အစီအစဉ်ကလေး လုပ်ပေးထားတယ်လေ။ လူကြီးတွေ မူးလာရင် အစ်ကို့သီချင်းတွေ တက်တက်ဆိုနေကြတာကိုး။ ဟား ဟား"

စကားများသော လူငယ်တစ်ယောက်ဖြစ်ဟန်တူသော်လည်း ကွက်တိခွင်ကျဟာသကလေးဖြင့် ပြောတတ်သည်ကို သဘောကျသည်။ ပြီးတော့ သူ့အလုပ်က စကားများများ ပြောရမည့်အလုပ်။ သူ့စကားတွေကလည်း ကျွန်တော့်အား အနေရအထိုင်ရ ခက်မသွားစေခဲ့။ ဒါကို သန့်ရှင်းရိုးသားသော သူ့ရယ်သံက သက်သေခံနေ၏။

"ကြည့်ပါဦး အစ်ကိုကြီး။ ကျွန်တော့်ဂေဟာလေးက ဘာလိုသေးလဲ။ ဒီမှာ စားသောက်ဆိုင်၊ ဟိုမှာကလေးကစားကွင်း။ ဒီဘက်က လူကြီးကစားကွင်းပေါ့။ အဆောက်အအုံဒီဇိုင်းတွေက ကျွန်တော်လုပ်တာ။ ဟောဟိုက ပန်းချီကားချပ်တွေကလည်း ကျွန်တော်ရေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တား ဟား ကြော်လှော်ချက်ပြုတ်ရော ဝင်မလုပ်ဘူး လားကွ ဟေ"

"ဟာ ဘယ်နေမလဲ။ ဝင်ချက်တာပဲ။ ကျွန်တော်က သဘော်လိုက်ဖူးတယ်ဗျ။ စက်ာပူအစာ၊ ထိုင်းအစာ၊ ဂျပန် အစာတွေ တော်တော်လေး ကျွမ်းတယ်"

"အင်း ဒါဆို ခုကြွတုန်း ရုပ်ရှင်ပါ ဝင်ရိုက်လိုက်ပါလား"

"မထင်နဲ့ အစ်ကိုရေ။ ကျွန်တော် အင်ဒိုနီးရှားမှာ သော်င်တင်နေတုန်းက သူတို့ ရုပ်ရှင်ရိုက်တာ ခဲလေလေ တစ်ယောက်လိုလို့ ဖြတ်လျှောက်တစ်ခန်းရိုက်ပေးဖူးတယ်။ မဆိုးဘူးဗျ။ တစ်ပတ်လောက် ထိုင်စားလို့ရတယ်"

သူနှင့် ကျွန်တော်သည် နှစ်ရှည်လများက သူငယ်ချင်း တွေလို လွတ်လပ်ပျော်ရွှင်စွာ ဆက်ဆံမိနေကြပါပြီ။

"အေးပါကွာ။ ကိုင်း မောင်ရင် နောက်ထပ်ရော ဘာ အလုပ်တွေ လုပ်မယ် စိတ်ကူးထားသေးလဲ"

သည်တစ်ခါတော့ ကျွန်တော်၏ ရယ်ပွဲဖွဲ့စကားကို သူက အရှိန်သတ်လိုက်ပါသည်။ သူ့အပြုံးသည် တည်ငြိမ်သွား ၏။

"ဟုတ်တယ်အစ်ကို။ ကျွန်တော် အလုပ်ပေါင်းစုံ လုပ် ခဲ့ပါတယ်။ ဘွဲ့ရပြီးတဲ့နောက် ကောင်းမယ်ထင်တာတွေ လျှောက် လုပ်ကြည့်တော့တာပဲ။ တပ်ထဲဝင်ဖို့တောင် စဉ်းစားဖူးသေး တယ်။ အဲ နောက်ဆုံးတော့ ခု ကျွန်တော်လုပ်တဲ့ လုပ်ငန်း





ဟာ ကျွန်တော့်အတွက် ခွင်အကျဆုံး ဖြစ်သွားရတာပါ။ လုပ် ပါ့မယ်။ ကျွန်တော် နောက်ထပ်အလုပ်ဆက်လုပ်ဦးမယ်။ ဒါ ပေမယ့် ဟိုစပ်စပ် ဒီစပ်စပ်တော့ မဟုတ်ဘူး။ ဒီလုပ်ငန်းကိုပဲ နိုင်ငံခြားသားတွေပါ စိတ်ဝင်စားအောင် တိုးချဲ့လုပ်မှာပါ'

သူက အရိုးခံစကား ပြောနေသော်လည်း အလုပ်မျိုးစုံ လုပ်ခဲ့သော ကျွန်တော့်အဖို့ "ငါ့များ စောင်းပြောလေသလား" ဟု မလုံမလဲ ဖြစ်မိသေး၏။ ကြည့်လေ သူက အလုပ်မျိုးစုံ လုပ်ခဲ့သည်။ နောက်ဆုံး သူနှင့် ခွင်အကျဆုံးအလုပ်ဖြင့် စီး ပွားရေးဘဝကို စိန်ခေါ်သည်။

ကျွန်တော်ကား ခုအချိန်တွင် စာရေးဆရာဘဝဖြင့် စီး ပွားရေးလောကကို ဘယ်လို စိန်ခေါ်ရပါမည်နည်း။

"တကယ်တော့ ကျွန်တော် ခုလိုဖြစ်လာတာဟာ အစ်ကို ကြီးရဲ့ ကျေးဇူးပါ"

ခက်ပါပြီ။ သူ့စကားသည် ကျွန်တော့်ဘဝကို သင်ခန်း စာယူ၍ သူ့ကိုယ်သူ ပြုပြင်ခဲ့သည်ဟု ဆိုသယောင် ရှိနေ၏။ သို့သော်–

'အစ်ကိုကတော့ ဘယ်မှတ်မိမှာလဲ။ ကျွန်တော် ဆယ် တန်းတုန်းက ကျောင်းမှာ အစ်ကိုစာပေဟောပြောပွဲ ဟောဖူး တယ်။ ဒီတုန်းက အစ်ကိုကပြောတယ်။ အမောင်တို့ စာများ များ ဖတ်ကြပါ။ စုံအောင် ဖတ်ကြပါ။ ကုန်ကုန်ပြောမယ်။ လူမသိအောင် ခိုးဖတ်ရတဲ့ ဟိုစာအုပ်မျိုးတွေလည်း ဖတ်ချင်



www.burmeseclassic.com

www.burmeseclassic.com



အတ်နိုင်ပါတယ်၊ အဲ တစ်ခုတော့ရှိတယ်။ ကောင်းတာကို ယူကြပါ။ မကောင်းတာကို ပယ်ကြပါ။ အဲ အရမ်းတော့ စမ်းမကြည့်ကြပါနဲ့ ဆိုတာလေ"

ကြည့်စမ်း။ ကျွန်တော် ပြောခဲ့စဉ်က စာဖတ်ခြင်းအကြောင်းမျှသာ။ သူကယူလိုက်တော့ ဘဝတစ်ခုလုံးအတွက်။

သူ့ကို တလေးတစား ကြည့်ငေးလိုက်မိပါသည်။ တစ်ထွာပြ တစ်ကိုက်မြင် ဆိုတာမျိုးထင်ပါ့။

ထိုအချိန်တွင် အကယ်ဒမီ သုမောင်၏ အမှုအရာသည် ဘယ်သို့ ရှိနေပါသနည်း။ ကိုယ့်ဘဝ၊ သူ့ဘဝ၊ ကျချိန်၊ တက်ချိန်၊ မျှော်လင့်ချက်၊ နောင်တ၊ အချိန်အခါနှင့် အခြေအနေ။

ကျွန်တော်၏ မျက်နှာပေါ်မှ အိုက်တင်များကို သူဖမ်းစားမိသွားပုံရသည်။

"ကိုင်း ကြည့်စမ်း အစ်ကိုကြီး၊ ဆယ်တန်းကျောင်းသားဘဝက စာရေးဆရာတစ်ယောက် ပြောတဲ့စကားကို ခေါင်းထဲစွဲထားရင်းက ကျွန်တော့်ဘဝ ခုလို တိုးတက်လာတာ၊ အစ်ကိုကြီးဟာ ကျွန်တော့်ကျေးဇူးရှင်စာရင်းထဲ ပါပါတယ်"

"တိုက်ဆိုင်တာလည်း ပါမှာပါကွာ"

"ဟုတ်ပါတယ်ခင်ဗျာ။ ဒါပေမယ့် တိုက်ဆိုင်တုန်းအချိန်ကလေးမှာ ကိုယ်က ခြေကုပ်ယူပြီး ကြိုးစားဖို့လည်း လိုတယ် မဟုတ်လား"

ကြည့်စမ်း၊ [illegible] ယ၏ စကားတွေက ကျွန်တော့်ကို





တစ်ရစ်ချင်း တုပ်နေသလိုပါပဲလား။ ဟုတ်ပါ့။ လက်ရှိတွင် ကျွန်တော်သည် ဘယ်လောက်များ စုမိဆောင်းမိနေပါပြီလဲ။

သည်နေရာတွင် စိတ်သန့်သူနှင့် ညစ်ညူးသူတို့ ကွာခြားချက်ကို တွေ့ရပါသည်။ ကျွန်တော် ဣန္ဒြေပျက်နေတာကို သူငယ်က သိနေသည်။ ဒါကို သူ့စကားတွေက သက်သေခံနေ၏။

"ဒါပေမယ့် အစ်ကိုကြီးရဲ့ စာပေတွေထဲမှာ ကျွန်တော် ခဏခဏ ဖတ်ခဲ့ရဖူးသားပဲ။ ဘာတဲ့ 'လောကကြီးဟာ တစ်ပတ်ပြီးတစ်ပတ် လည်နေတယ်။ အခွင့်အရေးဆိုတာလည်း မကြာမကြာ ပေးလာတတ်တယ်' ဆိုတာလေ။ အဲသလိုပေါ့ဗျာ"

မထူးတော့ပြီမို့ ကျွန်တော်လည်း အထက်စီးမှနေသော ဟန်ကို လျှော့ချလိုက်ရပါသည်၊

"ဒါပေမယ့် ကိုယ်က အသက်ကြီးလာပြီလေ"

"ဘယ်ဟာကို ပြောတာလဲအစ်ကိုကြီး။ အနုပညာနဲ့ ငွေရှာဖို့ကို ပြောတာလား"

မညိတ်ချင်ညိတ်ချင်ဖြင့်ပင် ခေါင်းဆတ်ပြလိုက်ရသည်။ သူငယ်က အထက်စီးဖြင့် ပြုံးလေသည်။

"ကျွန်တော် ခိုင်းနှိုင်းပြောတာလည်း မဟုတ်ဘူး။ မြှောက်ပင့်စရာလည်း မလိုပါဘူး။ ဥပမာတစ်ခု ပြောချင်တယ်။ ဆိုပါစို့။ ကောင်လိပ်ဂျင်နေဝင်း၊ သူဆိုရင် အသက်လည်း ကြီးလာရော မင်းသားလုပ်လို့ မရတော့ဘူး။ လူကြီးခန်း ဝင်



www.burmeseclassic.com

www.burmeseclassic.com



သာရတယ်။ ဟော ဒါပေမယ့် သူကကောင်းချင်တော့ ဘယ်သူမှ အိပ်မက်တောင်မမက်ဖူးတဲ့ 'ကက်ဆက်ဓာတ်လမ်း'တွေ ပေါ်လာလိုက်တာ။ ကောင်လိပ်ဂျင်မှ ကောလိပ်ဂျင်ပဲ ပြန်ဖြစ်ရရော မဟုတ်လား"

ကျွန်တော်သည် ကလေးငယ်တစ်ယောက်ကဲ့သို့ ဘာမှန်းမသိသော အခွင့်အလမ်းတစ်ခုကို ရမ်းသမ်းမျှော်လင့်မိပါသည်။ ဟော ဒါကိုလည်း သူငယ်က ရိပ်စားမိဟန် တူပြန်ပါသည်။

"အစ်ကိုကြီးအဖို့လည်း ဘယ်ကမှန်းမသိတဲ့ အနုပညာအခွင့်အရေးတွေ ဝင်လာမှာပါ။ ဘယ့်နှယ့် အင်တာနက်ခေတ်ပဲ အစ်ကိုကြီးရာ"

သည်လိုကျပြန်တော့လည်း ယုတ္တိတန်သော မျှော်လင့်ချက်မျိုးတွေ ကျွန်တော့်စိတ်ကူးထဲ ဝင်လာပြန်လေ၏။ သို့သော်–

"ဒါပေမယ့် တစ်ခုတော့ ရှိတယ်ဗျ။ ဒီတစ်ခါ အခွင့်အရေးရလာရင် ဒါကိုတော့ (သူ့လက်ညှိုးနှင့် လက်မကို ဝိုင်းပြ) နည်းနည်းလေး ဖြစ်ဖြစ် မေတ္တာရှိမှနော်။ အရင်လိုတော့ အနုပညာကိုချည်း တစ်လင်တစ်မယားစနစ်နဲ့ ပေါင်းလို့ မဖြစ်ဘူး။ အဲ ကျွန်တော်က ဆရာလုပ်တာ မဟုတ်ဘူးနော်။ နံဘေးက အမြင်ကိုပြောတာ"

သူက သည်လိုပြောပေမယ့် ကျွန်တော်ကတော့ ကျောင်းသားငယ်တစ်ယောက်လို 'အင်း'လိုက်နေမိပါသည်။





"ကျွန်တော့်အမေ မသေခင်က ပြောဖူးတယ်ဗျ။ ငွေရှာတဲ့ နေရာမှာ သရဲ၊ သဘက်တွေ သားစားကြူးသလို မရှာနဲ့တဲ့။ နတ်ကောင်းနတ်မြတ်တွေ နတ်သုဒ္ဓါစားသလို ရှာတဲ့။ ဟားဟား အဘိုးကြီး ဒိုင်ယာလော့ဂ်က မိတယ်"

❑ ❑ ❑

သူနှင့် ကျွန်တော် တွေ့လာကေလီစကားကောင်းနေကြစဉ် ကျွန်တော့်အား ရုပ်ရှင်ရိုက်ရန် အလှည့်ကျပြီဖြစ်ကြောင်း ကောင်လေးတစ်ယောက်က လာအကြောင်းကြားသည်။ ကျွန်တော် နင်းရမည့် ဆိုက်ကားကြီးကိုလည်း အသင့်ယူလာခဲ့သည်။ ထိုအခါ စောစောက လူငယ်သည် လက်ဝါးနှစ်ဖက်ကို ဖျောက်ခနဲ တီးတဲ့ပြီး–

"ဟာ အစ်ကိုကြီးကတော့ ကျွန်တော့်ကို ပညာတွေ ပေးပြန်ပြီဗျို့။ နောက်တစ်ကွက် ရလိုက်ပြန်ပြီ"

"ဟေ"

"အင်း ကျွန်တော့်ဆိုင်ကိုလာတဲ့ ဧည့်သည်တွေ၊ ပန်းခြံဂိတ်ပေါက်ကနေလာတဲ့အခါ ပြီးတော့ ပြန်ကြတဲ့အခါ သုံးဖို့ ဧည့်ကြိုဆိုက်ကားတွေ ထောင်ထားရင် ကောင်းမယ်။ နိုင်ငံခြားသားတွေရော၊ ကလေးတွေပါ ကြိုက်ကြမှာပဲ။ နိပ်ပြီဗျာ"

ဟု ပြောရင်း နှုတ်ခမ်းနှစ်လွှာကို ခတ်၍ 'ပျပ်၊ ပျပ်' ဟူသော အသံကိုပြုနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို နှုတ်ဆက်၍ ကျွန်တော် နင်းရမည့် ဆိုက်ကား အိုကြီးပေါ် တက်ပြီး ထွက်လာသောအခါ သူ၏ ညှော်ကြိုဆိုက်ကားလေးများကို ဘယ်လိုလူ စိတ်ဝင်စားအောင် တန်ဆာပလာတွေ ဆင်မည်နည်းဟု ကျွန်တော် တွေးလိုက်မိသည်။

သူကတော့ ကျွန်တော့်ကို အားရပါးရ နှုတ်ဆက်ရင်းမှ သူ့ဟောင်ကောင်တီရှပ်နှင့် မြန်မာချည်ချောလုံချည်တို့၏ နယ်စပ်မှာ ချိတ်ထားသော ဆယ်လူလာ တယ်လီဖုန်းကို ဆွဲဖြုတ်နေပါသည်။

(ရွှေအမြုတေ၊ ဒီဇင်ဘာ၊ ၁၉၉၇)



## ထိုဝင်းဦး

ကျွန်တော်သည်လည်း တစ်ခါတစ်ရံ ကြံဖန် ဂုဏ်ယူတတ်ပါသည်။ ကိုယ့်သိက္ခာ၊ ကိုယ့်ပညာနှင့် ကိုယ့်ကျော်ကြားမှုအပေါ် သမားရိုးကျ ဂုဏ်ယူတတ်ခြင်းမျိုးကို မဆိုပါ။ လူသာမန်တစ်ယောက် ရှာရှာကြံကြံ ဂုဏ်ယူတတ်ပုံမျိုးကို ဆိုပါသည်။

ဥပမာ လူတစ်ယောက်သည် တစ်ချိန်သောအခါဝယ် ကျွန်တော်နှင့် လမ်းဘေးအရက်ဆိုင်တစ်ဆိုင်တွင် ဆုံဖြစ်ခဲ့သည်။ သူက ဇွတ်အတင်း ညှော်ခံသဖြင့် ကျွန်တော်က သူ့အရက်ကို ယူသောက်မိသည်။

နောင်သောအခါ ထိုသူက "သုမောင်နဲ့ ငါ အရက်အတူတူ သောက်ဖူးတယ်"ဟူ၍ စကားကို ကြုံတိုင်း ဂုဏ်ယူပြောဆိုနေတတ်လေတော့သည်။ ဤသဘောမျိုးကို ဆိုလိုပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် စာရေးဆရာအဆိုတော်၊ ရုပ်ရှင်မင်းသား ဝင်းဦးအကြောင်းကို စာဖွဲ့သည်မှာ ဒါပါနှင့်ဆို သုံးကြိမ် ရှိပါပြီ။ ရေးလိုက်တိုင်းလည်း အကြောင်းအရာ သေးသေးမွှားမွှားကလေးများသာ ဖြစ်နေတတ်ပါသည်။

သူ၏ အသက်ငါးဆယ်ပြည့် ရွှေရတု မွေးနေ့တုန်းက ကျွန်တော်စာတစ်ပုဒ်လောက် ရေးခဲ့သည်။ အကြောင်းအရာက သူနှင့်ကျွန်တော် မွေးနေ့မွေးလတူသည့် အကြောင်းမျှသာ။ သူရော ကျွန်တော်ပါ (UNLUCKY 13, BORN) မတ်လ (၁၃)ရက်နေ့ဖွား ဖြစ်ကြသည်။ ခုနစ်တော့ ကွာပါသည်။ စာရေးတာ၊ ရုပ်ရှင်ရိုက်တာ၊ သီချင်းဆိုတာ တူညီကြသည်ကို ကျွန်တော်က စာဖွဲ့သည်။ အခြားမတူတတူ့ကိစ္စတွေကိုလည်း ဖွတ်ဆွဲပြီး ကျွန်တော်က တူပစ်လိုက်သည်။ ကွာခြားတာ ဗာစ်ခုပဲ ရှိသည်ဟု ကျွန်တော်က ဆိုသည်။

'သူက ကျွန်တော့်ထက် ချောမောလှပပါသည်။' ဤသို့ ကျွန်တော့်စာစုကို အဆုံးသတ်သည်။ ထိုစာမူကို ထိုမွေးနေ့မှာပင် ကျွန်တော်က လက်ဆောင်ပေးရာ သူက စန္ဒာမဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခဲ့လေသည်။ ဘာမှမဟုတ်သည့်ကိစ္စဖြစ်သော်လည်း သူနှင့် ကျွန်တော့်ဘဝတွင် အမှတ်ထင်ထင်ကလေး ဖြစ်နေစေချင်ရုံတစ်မယ်သာ။ ပြီးတော့ ထိုလိုစာစုမျိုး ရေးရတာ ကျွန်တော်က အားသန်သည်။

တကယ်တမ်းတော့ သူသည် ကျွန်တော့်ထက် အရှိန်





အဝါကြီးသူသာ ဖြစ်ပါသည်။ သို့သော် ပြောပြကြေးဆိုရင် သူလည်း စာရေးဆရာ၊ ကျွန်တော်လည်း စာရေးဆရာပင်။ (စာရေးဆရာဟူသည် ဗျူရိုကရေစီယန္တရားမှာကဲ့သို့ အဆင့်ဆင့် အုပ်ချုပ်မှု မရှိဟု ဆရာကြီး တစ်ယောက်က ဆိုမိန့်ဖူးသည်။)

နော့ပြင် သူနှင့် ကျွန်တော် တိုက်ဆိုင် ပတ်သက်ခြင်း အကြောင်းကို ဘာကြောင့် စာဖွဲ့ရမည်နည်း။ အနေသာကြီးဟု ဆိုဖွယ် မဟုတ်ပါလား။ တစ်ခုရှိတာက အနုပညာရှင် ဝင်းဦးအကြောင်းကို ကျွန်တော်က ရေးမည်ဆိုလျှင်လည်း စစ်စစ်ပေါက်ပေါက် ရေးရပါမည်။ ဆိုပါစို့ အတ္ထုပ္ပတ္တိသဘော။ သို့မဟုတ်လျှင် သူနှင့် ပတ်သက်သည့် အရေးပါသော အတွေ့အကြုံ။ ခုဟာက ကျွန်တော်ရေးပုံသည် မစို့မပို့ ဖြစ်နေသည်။

"ပြောခဲ့ပါပကော။ ကျွန်တော်ကသည်လိုစာမျိုး ရေးရတာ လက်သန်သည်ဟု".

❑ ❑ ❑

ကျွန်တော် ငယ်စဉ်က သူ၏ ပရိသတ်။ ကျွန်တော် အနုပညာနယ်ပယ်သို့ ဝင်သောအခါ သူက လက်ကမ်းကြိုဆိုရင်း တစ်တန်းတည်းထား၍ ဆက်ဆံသည်။ မင်းသားအနေနှင့်တော့မဟုတ်။ စာရေးဆရာအနေနှင့်။ ပြီးတော့ အဆိုတော်အနေနှင့်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား စာတွေကြိုက်တယ်ဗျာ။ ကျွန်တော့်စန္ဒာလည်း ရေးကောင်းတဲ့ မဂ္ဂဇင်းတစ်စောင်ပါ။ သန့်ပါတယ်ဗျာ"

ဟူသော သူ၏ ခနဲ့တဲ့တဲ့ စကားကို ယခုတိုင် ကြားနေရသေးသည်။ သူနှင့် တယ်လီဖုန်းဆက် စကားပြောဖြစ်တိုင်း–

"ဘယ်လိုလဲ ရွှေသုရဲ့၊ အသက်လေးက ကြည်မြပီသနေပါလားဗျ"

ဟူသော တခစ်ခစ်ရယ်မောပြောသံကိုလည်း မှတ်မိနေပါသေးသည်။

သူနှင့်ပတ်သက်လို့ မှတ်မိစရာ တောက်တိုမည်ရများစွာ ကျွန်တော့်မှာ ရှိပါသည်။ သို့သော် ဤစာစုမှာတော့ ရတန်သရွေ့သာ ဖော်ပြပါမည်။

သူ၏ အနှစ်ငါးဆယ်ပြည့် မွေးနေ့တုန်းက ကျွန်တော့်ကို မဖိတ်ကြားခဲ့သော်လည်း ကျွန်တော်နှင့် အေးဘုံ စေ့စပ်ပွဲမှာတော့ သူ့ကို တကူးတကန့် ကျွန်တော်က ဖိတ်ခဲ့၏။

သူ့တုန်းက ဘယ်လိုရည်ရွယ်ချက်ရှိခဲ့မှန်း ကျွန်တော် မသိသော်လည်း ကျွန်တော် စေ့စပ်ပွဲမှာတော့ ကျွန်တော့် ရည်ရွယ်ချက်က ရုပ်ရှင်သရုပ်ဆောင်ထဲမှ လုံးဝ လူပျိုလူလွတ်တစ်ယောက်နှင့် ပျိုပျိုနွေးနွေး အိမ်ထောင်ကွဲတစ်ယောက်ကို ကျွန်တော် ဖိတ်ခဲ့သည်။ ထို့ကြောင့် ဝင်းဦးနှင့် ဆွေဇင်ထိုက်ကို ရွေးခဲ့သည်။ ဝင်းဦးက လူပျိုကြီး၊ ဆွေဇင်ထိုက်မှာ ထိုစဉ်က မင်းသားစိန်မြင့်နှင့် ကွာရှင်းပြီးခါစ။ ကျွန်တော့် အိမ်ထောင်





ရေးကိုကက်ကင်း ဓာတ်ရိုက်ပြီး ယတြာချေတာဟု ယူလိုက ယူကြပါကုန်လော့။ သည်တုန်းက အမှတ်တရ ဓာတ်ပုံရိုက်တုန်း သူက ပြောခဲ့တာ မှတ်မိသေးသည်။

"ဟဲဟဲ သတို့သားနဲ့သတို့သမီးက ကျွန်တော်နဲ့ ဂရေ့(စ်) (ဆွေဇင်ထိုက်)ဗျ။ ခင်ဗျားနဲ့ အေးဘုံက အရန်တွေ"

ဟုတ်သားပဲ။ ဓာတ်ပုံထွက်လာတော့ သူတို့က တပြောင်ပြောင် တလက်လက်နှင့် လှနေသည်။ ကျွန်တော်ကို ကြည့်ဦး။ အသားမည်းမည်း ယောလုံချည်မည်းမည်းနှင့်။ အေးဘုံက လုံချည် ရွှေတစောင်းနှင့်။

မည်သို့ပင်ရှိစေ။ သူနှင့် ကျွန်တော်သည် စိတ်ချင်းသာ ဆက်သွယ်ရင်းနှီးမှု လွန်ကဲပြီး ရုပ်ချင်းကား သိပ်အစေးမကပ်လှပါ။ အတွေ့အထိလည်း နည်းပါးပါသည်။ သို့သော် တွေ့တိုင်းဆုံတိုင်းလည်း မှတ်မှတ်ထင်ထင်ကလေးများတော့ ကျန်ရစ်ခဲ့သည်သာ။

ကျွန်တော် အရက်မူးလျှင် သူ့ထံ ဖုန်းဆက်ပြီး ဂျပန်မူလီလို စကားတွေ ရစ်သည်။ (သူမူးလျှင် အခြား စာရေးဆရာကြီးများထံ ညကြီးသန်းခေါင် အလည်သွားသကဲ့သို့ပင်။)

သူက ခွေးလေးတွေ ချစ်သည်။ မွေးထားသည်။ ကျွန်တော်က သူ့အလစ်တွင် သူ့ခွေးလေးတွေကို ပိတ်ကန်သည်။ ကျွန်တော် ရုပ်ရှင်ကား ဆက်တာ သူ့အလုပ်ခန်းမှာ။ ကျွန်တော့် ဖလင်ပုံးများကို သူ့ခွေးတွေက သေးနှင့်ပန်းတာကိုး။

ရုပ်ရှင်ကားဆက်တာဆိုလို့ တစ်ခု သတိရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်တုန်းက ကျွန်တော် မင်းသားမဖြစ်သေးပါ။ အစ်ကို မောင်ဝဏ္ဏနောက်မှ လက်တိုလက်တောင်းလိုက်ရသည့် ဘဝ။ တစ်နေ့ သူ့အလုပ်ခန်းသို့ ရောက်သည်။ သူက ရုပ်ရှင်ကားဆက် နေသည်။ 'ဆောင်းအိပ်မက်'။ ဝင်းဦးနှစ်ကိုယ်ခွဲ (မင်းသားဆု သူရသည့် ဇာတ်ကား)။ ဒါရိုက်တာလည်း သူပဲဖြစ်သည်။

သူသည် သူ့နှစ်ကိုယ်ခွဲခန်းကို ကိုယ်တိုင်ကားဆက်နေသည်။ ကျော်မင်းနှင့် ဇော်မင်း(ဝင်းဦးနှစ်ယောက်) အချီအချ စကားများနေကြခန်း။

တစ်နေရာအရောက်တွင် သူက သူ့လက်ထောက်ဖလင်အယ်ဒီတာကို–

"ဟိုး တော်တော့။ ရပ်လိုက်"

ဟု ရုတ်တရက် အမိန့်ပေးလိုက်သည်။ သူ့လက်ထောက်က "ဘာဖြစ်လို့တုန်း အစ်ကို"ဟု ပြန်မေးသောအခါ–

"ဟိုကောင် ဇော်မင်းရုပ်က ပိုချောနေတယ်။ ကြာကြာမပြနဲ့။ ဖြတ်ပစ်လိုက်"တဲ့။

ဩော်– ဝင်းဦးချင်းအတူတူမှာပင် သူမနှစ်မြို့သော ဝင်းဦးပိုချောနေသည်ကို မနာလိုတတ်သည့် ဝင်းဦးပါတကား။

ကိုင်း ဒါက ရုပ်ရှင်မင်းသားဝင်းဦး၏ စိတ်သဘော။ ဟော စာရေးဆရာဝင်းဦးကျတော့ တစ်မျိုးဖြစ်ပြန်သည်။

ကျွန်တော်သည် သူ့စာဖတ်ပရိသတ်ဖြစ်ခဲ့သည်ဆိုလျှင်လည်း မမှားပါ။ ဒါကတော့ စာရေးဆရာလုပ်မည့်သူဆိုတာ





စာအုပ်ပေါင်းစုံ ဖတ်ရတာပဲကိုး။ သို့သော် ကျွန်တော်က သူ့ဝတ္ထုရှည်များထက် သူ့ဆောင်းပါးများ၊ အတွေ့အကြုံစာစုများကို ပိုကြိုက်ပါသည်။

မှတ်မှတ်ရရ မိုးဝေမဂ္ဂဇင်းတွင် သူရေးခဲ့သော လူငယ်များ ကျန်းမာရေးလိုက်စားရန် လှုံ့ဆော်သည့် ဆောင်းပါးမျိုးကို ခံတွင်းတွေ့သည်။ ဘာတဲ့။ 'လူငယ်တွေ ကျန်းမာစေချင်သည်။ ကိုယ်ကာယလှပစေချင်သည်'တဲ့။ ဟောကြည့်။ သည်လိုကျပြန်တော့ အလှအပနှင့် ပတ်သက်လို့ သူ့ကိုယ်သူပင် မနာလိုတိုရှည် ဖြစ်တတ်သော ရုပ်ရှင်မင်းသား ဝင်းဦး၏ စိတ်တွေ ဘယ်ရောက်ကုန်ပြန်ပါသနည်း။ ဩော် စာရေးဆရာ။

တစ်ခါတစ်ရံတော့ ရုပ်ရှင်မင်းသားစိတ်နှင့် စာရေးဆရာစိတ်တို့ ရောထွေးနေတာ တွေ့ရပြန်သည်။ သူ့အင်္ဂလန်သွားပြီး ဆေးကုသခံပြန်လာတော့ ရေးသည့်ဆောင်းပါး 'အိပ်မက်တစ်မက် ပြန်၍မက်သော်' (၁၉၈၈၊ ဩဂုတ်၊ စာပေလုပ်သားမဂ္ဂဇင်း)သူ့နောက်ဆုံးစာမူ ဖြစ်မည်ထင်သည်။

သဘောကတော့ လွန်ခဲ့သည့်နှစ်ပေါင်း (၄၀)ကျော်က အိပ်မက်ထဲမှာ ရောက်ခဲ့ဖူးသော လန်ဒန်မြို့မှ 'ဝါတာလူး' တံတားသို့ သူအမှတ်မထင် ရောက်သွားခဲ့၏။ စိတ်ကူးလှလှ ကလေးများဖြင့်။ တကယ်တမ်း ရောက်သောအခါ အိပ်မက်ထဲမှာကဲ့သို့ လွမ်းမောဖွယ်မဟုတ်တော့ဘဲ ဟာတာတာကြီး ဖြစ်ခဲ့ရသည်ကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။ အိပ်မက်သည် တကယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဟု ဆိုလိုသည်။ သူ့စာရ အဆုံးသတ်ဝါကျကလေးကို ကျွန်တော် တော်တော်ချစ်မိသည်။ ဘာတဲ့။

'လန်ဒန်က ပြန်လာတဲ့အထိ ဝါတာလူးတံတားကို ကျွန်တော် နောက်တစ်ခေါက် မရောက်ပါဘူး။ ရောက်လည်း မရောက်ချင်တော့ပါဘူး။ မရောက်ချင်တော့ဘူးဆိုခါမှ လွမ်းလိုက်တာလေ။ အိပ်မက်ထဲမှာလည်း ပြန်ပြီး မက်လိုက်ဘာလေ။ ဝင်းဦးဟာ ဝင်းဦးပဲမဟုတ်ပါလားလေ'တဲ့။

❑ ❑ ❑

ယခု ဤစာစုကို ကျွန်တော်ရေးခါနီးတွင် ကမ္ဘာကို ကိုင်လှုပ်ခဲ့သော အသုဘနှစ်ခု ဖြစ်ပေါ်ခဲ့သည်။ အချောအလှ နုနုငယ်ငယ် ဝေလမင်းသမီး ဒိုင်ယာနာနှင့် အိုကြီးအိုမ အဘွားကြီး မာသာထရီစာတို့ ပြိုင်တူလိုလိုကွယ်လွန်ကြခြင်း။ နှစ်ဦးစလုံးသည် အောက်ခြေလူတန်းစား အပယ်ခံ လူနွမ်းပါးများကို တတ်အားသရွေ့ ကယ်ဆယ်ခဲ့ကြသူများ။ သို့သော် ဒိုင်ယာနာက ပို၍ လူသိများ ကျော်ကြားသည်။ ချောမောလှပခြင်း အပြင် ငယ်ဂုဏ်ဟုခေါ်ရမလားမသိ ရှိသည်။ ဒိုင်ယာနာက ရွှေမင်းသမီး။ မာသာထရီစာက ဘွားသီလရှင်။ သည်တော့ ဒိုင်ယာနာက အလေးသာတာ မဆန်းပါ။ တစ်ခုရှိတာက ကမ္ဘာ့သတင်း ဝေဖန်သူ သုတေသီကြီးတစ်ဦး၏ စကားဖြစ်သည်။





"လောလောဆယ်တွင် ဒိုင်ယာနာ၏ သတင်းသည် မာ သာထရီမာ၏ ကိုယ်ကျိုးစွန့် လုပ်ငန်းများကို လွှမ်းမိုး၍ ကမ္ဘာ့လူသားအားလုံးကို တုန်လှုပ်စေသည် မှန်သော်လည်း နောင်အနှစ်တစ်ရာကြာသောအခါတွင်ကား ဒိုင်ယာနာကို လူသားတို့ မေ့မေ့ပျောက်ပျောက် ဖြစ်သွားလိမ့်မည်။ ထိုအခါတွင် မာသာထရီစာကဲ့သို့သော သီလရှင်များ၏ ပုံရိပ်သည် ပို၍ပို၍ ထင်ရှားပေါ်လွင်လာလိမ့်မည်။ ကမ္ဘာတည်သရွေ့ တည်တောင့် တည်ပေမည်"ဟုသတတ်။

❑ ❑ ❑

ဝင်းဦးကွယ်လွန်တော့ (၁၉၈၈)ကျွန်တော် အသုဘပို့ သွားဖြစ်ခဲ့သည်။ အခြေအနေ အရပ်ရပ်ကြောင့် သိပ်ပြီး စည်စည်ကားကား မရှိပါ။

မဖြစ်မနေဆိုသလိုတော့ဖြင့် လာရောက်ပို့ဆောင်ကြပါ သည်။ သူနှင့်ပတ်သက်သော အလွှာပေါင်းစုံ၊ လူပေါင်းစုံကို ကျွန်တော်က ခြုံငုံ၍ ကြည့်နေမိသည်။ သည်အထဲတွင် ကျွန်တော်အပါအဝင်ဖြစ်သော ရုပ်ရှင်သမားများနှင့် စာပေသမားများကို ပို၍ အလေးထားကြည့်သည်။ လူအရေအတွက်ရော ခံစားမှု ပုံစံချင်းပါ ကွာခြားနေပါသည်။ ရိုးရိုး ပြောကြစို့။ ရုပ်ရှင်ဘက်က ပို၍ အလေးသာနေသည်ကို တွေ့ရသည်။

ပရိသတ်အနေနှင့်လည်း ရုပ်ရှင်နှင့် ဂီတပရိသတ်က



www.burmeseclassic.com

www.burmeseclassic.com



ဗိုဒ္ဓိ များသည်။ သို့သော် စောစောက ပြောသလိုပင် နောင်နှစ်ပေါင်းများစွာ ကြာသောအခါ မည်သို့ရှိမည်နည်း။ ဒိုင်ယာနာနှင့်သော်လည်းကောင်း၊ မာသာထရီစာနှင့်သော် လည်းကောင်း ကျွန်တော်က ဝင်းဦးကို နှိုင်းယှဉ်နေခြင်းမဟုတ်ပါ။

သို့သော် ဝင်းဦးတွင် ကြယ်ကဲ့သို့ ရွှန်းလက်တောက်ပခြင်းနှင့် လကဲ့သို့ အေးမြတည်ငြိမ်ခြင်းဟူသော အနုပညာနှစ်မျိုးစလုံး ရှိနေခဲ့သည်။ ကျွန်တော် စဉ်းစားကြည့်သည်။ စာရေးဆရာ ဝင်းဦး၏ ပုံရိပ်သည် ကြာလေပိုပြင်လာလေဖြစ်လာလိမ့်မည်ဟု။

သူ့စာစကားနှင့် ပြောရလျှင်–

“ဝင်းဦးဟာ ဝင်းဦးပဲ မဟုတ်ပါလားလေ”

(ကျွန်တော့်အကြောင်းရေးရင် ‘ဝင်းဦး’လို့ပဲ တရင်းတနှီးတနင့်တပိုး ရေးစမ်းပါဗျာ။ ငရဲမကြီးပါဘူးဟု သူပြောခဲ့ဖူးသည်။)

(ရွှေအမြုတေ၊ ဇန်နဝါရီ၊ ၁၉၉၈)



# အလင်းအမှောင်

## ကိုခင်မောင်

ကျွန်တော့်တွင် ဦးလေးတော်တစ်ယောက် ရှိပါသည်။ ကျွန်တော့်အဖေ၏ ညီဝမ်းကွဲ တော်စပ်ပါသည်။ တော်တော်ကို ကိုးလိုးကန့်လန့်နိုင်သောသူ ဖြစ်ပါသည်။ ဉာဏ်တော့ အတော်ကောင်းသည်။

ကျွန်တော့်အဖေဘက်က မျိုးရိုးသည် ဇဝနဉာဏ်၊ ဖြတ်ထိုးဉာဏ် ကောင်းကြပါသည်။ ပညာတတ် နည်းပါးသော်လည်း ဉာဏ်ရည်ထက်မြက်ကြသူ ပေါများလေသည်။

ဆိုလိုသည်မှာ ခေတ်ပညာတတ်များ မဟုတ်ကြသည့်တိုင် ကျရာဘဝတွင် ထူးချွန်ထက်မြက်ကြသည်ဟု ဆိုပါစို့။ ပွဲကျဈေးသည်ဘဝတွင် ရပ်တည်ခဲ့ရသော ကျွန်တော့်အဘွား (အဖေ့အမေ)သည်ပင်လျှင် ယင်းဈေးသည်များထဲတွင် ခေါင်းဆောင်ဖြစ်ခဲ့ရသည်။ ပွဲကျဈေးသည်ဘဝနှင့်ပင် ရာဇဝင်လူဆိုးတစ်ယောက်ကို လက်ရဖမ်းပေးနိုင်သဖြင့် အင်္ဂလိပ်ဘုရင်ခံက မိန်းမကိုင် သေနတ်တစ်လက်ပေးအပ်ချီးမြှင့် ဂုဏ်ပြုခံရဖူးပါသည်။ (ကြားသိရသည်မှာ ယင်းလူဆိုးကို သူရောင်းချသော ငရုတ်သီးမှုန့်ဖြင့် မျက်စိထဲ ပက်ထည့်ပြီး ဖမ်းခဲ့သည်ဟူ၏။)

ဤအတိုင်းပင် အဖေ၏ မျိုးရိုးသည် ဇဝနဉာဏ်၊ တန်နုပ္ပတ္တိဉာဏ်၊ ဖြတ်ထိုးဉာဏ် ကောင်းကြလေရာ ကျွန်တော့်ဦးလေးတွင်လည်း ယင်းဉာဏ်မျိုးစေ့များ ပါလာလေတော့သည်။

www.burmeseclassic.com

ပန်းဆောင်စာပေ

www.burmeseclassic.com



ဦးလေးသည် အဘွား၏ မောင်မှ ဖွားမြင်လာခဲ့သူပေတည်း။ စောစောက ပြောသလို ဉာဏ်ကောင်းသည်ကတစ်ပိုင်း၊ ကိုးလိုးကန့်လန့်နိုင်သည်ကတစ်ပိုင်း ဖြစ်နေလေရာ အမေ့ဘက်က သွေးပါ ရောနှောနေသော ကျွန်တော့်အဖိုးရာဇ္ဇကား သူနှင့်ဆက်ဆံရသည်မှာ လက်ပေါက်ကတ်လှသည်ဟု ဆိုရပေမည်။ (ကျွန်တော့် အမေဘက် မျိုးရိုးကား ရိုးတာလွန်းခြင်း၊ အားနာလွန်းခြင်း လွန်ကဲလေ၏။)

❑ ❑ ❑

ကျွန်တော်သည် ယခုအခါ ကျွန်တော့် ပတ်ဝန်းကျင်မှ လူအများ၏ သဘာဝကို ဖော်ကျူးနေတတ်လေရာ 'ရွှေအမြုတေ'မှဆိုလျှင် ရုပ်ရှင်နယ်မှ ထူးချွန်သော ပုဂ္ဂိုလ်များအကြောင်း ရေးလေ့ရှိကြောင်း 'ရွှေ'စာဖတ်သူအချို့ ဂရုပြုမိခဲ့ကြပေလိမ့်မည်။ ယခု ကျွန်တော်ပြောနေသော ဦးလေးသည်ကား လူသိ အင်မတန်နည်းသော်လည်း ရုပ်ရှင်ကားပေါင်းမြောက်မြားစွာတွင် အဓိကအခန်းမှ ပါဝင်ခဲ့သူဖြစ်သောကြောင့် သူ့အကြောင်းရေးရသည်ကို ကျွန်တော် စိတ်သန့်ပါသည်။

သူပါဝင်ခဲ့သော အခန်းကဏ္ဍမှာ ရုပ်ရှင်ရိုက်ရာတွင် မရှိမဖြစ် လိုအပ်သော မီးထိုးမှန်ထိုး လျှပ်စစ်ပိုင်းဆိုင်ရာ ဖြစ်ပါသည်။ 'အလင်းအမှောင် ကိုခင်မောင်'ဟူသော အမည်တစ်လုံးကိုကား ရုပ်ရှင်နယ်ပယ်တွင် လူသိများခဲ့လေသည်။ သို့သော် ကျွန်တော်က သူ၏ ပညာပိုင်းဆိုင်ရာကိစ္စကို ပြောမည်မဟုတ်ဘဲ သူ၏ စိတ်နှင့် ဉာဏ်ရည်ပိုင်းဆိုင်ရာကိုသာ ပြောပါမည်။





ကျွန်တော်၏ ယခင်စာစုများတွင် နာမည်ကြီးများအကြောင်း ရေးခဲ့သော်လည်း သူတို့၏ ပညာပိုင်းထက် စိတ်ပိုင်းနှင့် လူ့သဘာဝ၊ စရိုက်သဘာဝကို ပြောပြသည်မှာ ကျွန်တော်၏ ရေးဖွဲ့ဟုပင် မှတ်ယူနိုင်သည် မဟုတ်ပါလား။

❑ ❑ ❑

ကျွန်တော် သိတတ်စအရွယ်တွင်ပင် ဦးခင်မောင်ကို မှတ်မှတ်ရရ ရှိနေခဲ့ပါသည်။ ထိုစဉ်က အဖေသည် ပုံနှိပ်တော် လုပ်ငန်းကို လုပ်ကိုင်နေပါသည်။ ရန်ကုန်မြို့ (၄၇)လမ်းတွင် ဖြစ်ပါသည်။ ကျွန်တော်က သူငယ်တန်း ကျောင်းသား။ စိန့်ပေါ(လ်)ကျောင်း (ယခု အထက (၆) ဗိုလ်တထောင်)တွင် ကျောင်းနေရသည်။ (၄၇)လမ်း၊ (၄၆)လမ်း၊ (၄၅)လမ်းပြီးလျှင် သိမ်ဖြူလမ်းကျယ်ကို ကူးလိုက်သည်နှင့် စိန်ပေါလ်ကျောင်းသို့ ရောက်ပါသည်။ ကျွန်တော်တို့ ညီအစ်ကိုတစ်စုသည် ကျောင်းသွားလျှင် အဖော်အဖြစ် လူကြီးတစ်ယောက်ယောက်က ဦးဆောင်ပြီး ခြေကျင်ပင် ကျောင်းတက်ရပါသည်။ ကျွန်တော်က သည်ခရီးတိုလေးကို မော်တော်ကားဖြင့် ကျောင်းတက်ချင်သည်။ လိုတာမရလျှင် တစ်လမ်းလုံး ကြားလောက်အောင် အော်ငိုတတ်သောကြောင့် ကျွန်တော့်ကို မော်တော်ကားဖြင့် ကျောင်းပို့ရသောတာဝန်သည် ဦးခင်မောင်၏ တာဝန်ဖြစ်သည်။

မော်တော်ကားမအားသော နေ့ရက်များကျတော့ ခြေကျင်ခရီးကိုပင် ဦးခင်မောင်၏ ကုပ်ပိုးပေါ် ခွစီးပြီးမှ ကျောင်းသွားသည်။ သို့သော် စောစောက ပြောသော (၄၆)လမ်း၊



www.burmeseclassic.com

www.burmeseclassic.com



(၄၅)လမ်း စသည့်လမ်းတိုများတွင် ကုပ်ပေါ်ခွစီးပြီးသွားသော်လည်း သိမ်ဖြူလမ်းမကြီးကို ရောက်ပြီဆိုလျှင် ကျွန်တော်က ကိုယ်တိုင်လမ်းဖြတ်ကူးချင်သည်။ လက်တွဲပင် မခံချင်တော့။ လူလယ်ကောင် အရှက်မရှိ အော်ငိုတတ်သဖြင့် ထိုနေရာသည် ကျွန်တော်နှင့် ဦးခင်မောင် နပန်းသတ်ရာနေရာအဖြစ် မှတ်တမ်းတင်ရပေမည်။ တစ်ဖန် ယခုအချိန်တွင် ထိုနေရာသည် ကျွန်တော်နှင့် ဦးခင်မောင်တို့အတွက် မှတ်ထင်စရာ ကြုံလာရပြန်သည်။ တိုက်တိုက်ဆိုင်ဆိုင်ဟုပင် ဆိုရပေမည်။

တလောဆီက (၄၅)လမ်းထဲရှိ မဟာသိမဂ္ဂဇင်းတိုက်သို့ ကျွန်တော်သွားသည်။ ရုပ်ရှင်ရိုက်ရင်း တန်းလန်းမှ မဟာသိသို့ ခရီးကြို စာမူဝင်အပို့။ ကျွန်တော့်ကားကို ဦးခင်မောင်က မောင်းသည်။ (ယခုတိုင် သူသည် ကျွန်တော်တို့အိမ်မှ ကားများကို မောင်းနေဆဲ။ ကျွန်တော့် သားသမီးများကို ကျောင်းပို့နေဆဲ)။ မော်တော်ကားသည် သိမ်ဖြူလမ်းအတိုင်း မောင်းလာခဲ့သည်။ ရန်ကုန်ထဲမှ မြို့ပြင် ဘက်သို့။ (တောင်မှ မြောက်သို့)သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံရောက်သောအခါ ကျွန်တော်က (၄၅) လမ်းထဲရှိ မဟာသိသို့ သွားချင်ကြောင်း ပြောသည်။ သူက သိမ်ဖြူလမ်းပေါ်မှာပင် နံဘေးကပ်၍ ကားရပ်ပေးသည်။ အကြောင်းမှာ အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်လမ်းသည် တစ်လမ်းမောင်း၊ (၄၅)လမ်းသည်လည်း တစ်လမ်းမောင်း။ ထို့ကြောင့် မဟာသိသို့ သွားချင်လျှင် သိမ်ဖြူလမ်းမှ ဗိုလ်ချုပ်လမ်းထိ





မောင်း၊ လက်ယာဘက်ပြန်ချိုး၊ (၄၇)လမ်းထဲပြန်ဝင်၊ အနော်ရထာလမ်းမှပြန်ထွက်၊ (၄၅)လမ်းထဲ လက်ယာဘက်ပြန်ဝင်၊ တစ်ပတ်ကြီးသွားရသည်။

"ကိုင်း မင်း ဒီကပဲ ဆင်းပြီး လမ်းလျှောက်သွားကွာ"

သူပြောတာမှန်သော်လည်း လက်ရှိအခြေအနေမှာ ကျွန်တော်က ရုပ်ရှင်ရိုက်ကွင်းမှလာသောကြောင့် မိတ်ကပ်လိမ်းထားသည်။ မင်္ဂလာဆောင်ခန်း ရိုက်နေသဖြင့် သတို့သားဝတ်စုံဝတ်ထားသည်။ လူလယ်ကောင် ဘယ်လိုလမ်းလျှောက်သွားမည်နည်း။ သည်တော့–

"ကျွန်တော် ဘယ်သူဆိုတာရော သိရဲ့လား ဦးလေးရယ်" ဟု ခနဲ့တဲ့တဲ့ စကားဆိုသောအခါ–

"မသိနေမလားကွ။ မင်းငါ့တူပဲ"ဟု ပြန်ပြောပါသည်။

"မဟုတ်ဘူးလေး ခုအချိန်မှာ ကျွန်တော့်မျက်နှာကြီးနဲ့ လူလယ်ကောင်ကို ဘယ်လိုသွားမလဲ"

ကျွန်တော်နှင့် သူစကားအချီအချ တော်တော်လေး ပြောပြီးသောအခါ အောက်ပါဆုံးဖြတ်ချက်ကို သူက ချမှတ်လေသည်။

"ကိုင်း ရော့။ ဒီအဝတ်ကို ခေါင်းပေါင်းပြီး မျက်နှာကွယ်သွား၊ မင်းကို လူမမှတ်မိတော့ဘူး"

သူထုတ်ပေးသောအဝတ်စမှာ မော်တော်ကား ဖုန်သုတ်ထားသော လုံချည်ဟောင်းတစ်ထည် ဖြစ်နေပါသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က လိုက်နာခဲ့ပါသည်။ အကြောင်းမှာ သူစိတ်မထင်လျှင် ကျွန်တော့်အဖေကိုသော်မှ မညှာတတ်သောကြောင့်ပင်။ တစ်ခါက အဖေရုံးကိစ္စတစ်ခုဖြင့် အလုပ်များနေခဲ့ရာ သူမစောင့်နိုင်တော့သဖြင့် အဖေ့ကို မြို့ထဲထားခဲ့ပြီး ကားမောင်းပြန်သွားခဲ့လေ၏။ အသက်(၇၀)အရွယ် အဖေ့ခမျာ ရရာကားတစ်စီးငှားပြီး အိမ်ပြန်ခဲ့ရဖူးလေသည်။

ထို (၄၇)လမ်းတစ်ပိုက်မှာပင် သူနှင့် အမှတ်ထင်ထင်ဖြစ်ခဲ့ရသည်များ များစွာရှိပါသည်။

တစ်ခါသော် ကျွန်တော့်အစ်ကို မောင်ဝဏ္ဏ။ ထိုစဉ်ကလည်း မောင်ဝဏ္ဏ လူမမည်အရွယ် ဖြစ်ပါသည်။ ညနေစောင်းမောင်ဝဏ္ဏကို ထိန်းကျောင်းရန် သူတာဝန်ကျသည်။ သူက (၄၇)လမ်းထိပ်က အသုပ်စုံသည် ကုလားမလေးကို ပိုးပန်းနေသည်။ မောင်ဝဏ္ဏကို ထိန်းကျောင်းရင်း ကုလားမလေးနှင့် စကားရည်လုသည်။ ထိုအခါမျိုးတွင် စိတ်မရှည်နိုင်သော မောင်ဝဏ္ဏက တဝါးဝါး ငိုကြွေးသည်။ သူဘာလုပ်သည် ထင်ပါသနည်း။ မောင်ဝဏ္ဏ၏ ပါးစပ်ထဲသို့ မုန့်ဖတ်များ အပြည့်သွတ်သွင်းပြီး မချိမဆံ့ အငိုတိတ်စေသည်။

တလောက သန်လျင်ဘက်တွင် မောင်ဝဏ္ဏ ရုပ်ရှင်သွားရိုက်ရာ ထုံးစံအတိုင်း လျှပ်စစ်မီး တာဝန်ဖြင့် ဦးခင်မောင်လိုက်ပါသွားရသည်။

ရိုက်ကွင်းတွင် သူတာဝန်ယူရသော မာတ်မီးစက်က





ဒုက္ခပေးသည်။ ဒါရိုက်တာလုပ်သူ မောင်ဝဏ္ဏကလည်း မာတ်မီးကိစ္စလောက် အရေးမထားနိုင်။ ရိုက်ကွင်းကိစ္စသာ အာရုံထားနေရသည်။ သည်ကြားထဲ ဝိုင်းကြည့်နေသော ပရိသတ်ကြီးကလည်း တရုန်းရုန်းနှင့်။ အချိန်တော်တော်ကြာ လျှပ်စစ်မီး မရသဖြင့် ဒါရိုက်တာ မောင်ဝဏ္ဏ စိတ်တိုရ၏။

"ဦးလေး မီးစက်လုပ်တာ ကြာလှချည်လား"

"ဟော့ကောင် မီးစက်က မင်းလို ဦးနှောက်ရှိတာမဟုတ်ဘူး။ သူလည်းချင်မှ ထလည်မှာပဲ"

"ဒါဖြင့် ဦးနှောက်ရှိတဲ့ ဦးလေးက ကြိုတင်ပြင်ဆင်ပါလား"

တွဝရီး အချီအချအော်ကြီးဟစ်ကျယ် စကားများကြသောအခါ လူကြားသူကြားမှာပင် ဦးခင်မောင်က ပွဲသိမ်းပစ်လေသည်။

"ဒီမှာ မောင်ဝဏ္ဏ၊ မင်းဟာမင်း အကယ်ဒမီနှစ်ထပ်ကွမ်းမကလို့ ဘာကြီးဖြစ်နေဖြစ်နေ မင်းပါးစပ်ခုပိတ်ထား။ မပိတ်ရင်ဟောဟိုမုန့်ဟင်းခါးသည်ဆီက မုန့်ဖတ်တွေယူပြီး ပိတ်ဆို့ပစ်လိုက်မယ်"

မောင်ဝဏ္ဏသည်ကော ဘာမို့လို့ပါနည်း။ ငြိမ်ကုပ်နေလိုက်ရတော့၏။

❑ ❑ ❑

ကျွန်တော့်ဖခင် ဦးသာရ မော်တော်ကားပြင်တာဝါသနာကြီးကြောင်းကို သူ့အတွင်းသိများ ကောင်းကောင်းနား



www.burmeseclassic.com

www.burmeseclassic.com



လည်တြပါသည်။ ကုန်ကုန်ပြောကြကြေး၊ မော်တော်ကား ပျက်နေလျှင် ရုပ်ရှင်ရိုက်နေရင်းမှ မင်းသား၊ မင်းသမီးများ ပြန်လွှတ်ပြီး ရိုက်ကွင်းဖျက်ပစ်တတ်သည်အထိ။ ပြီးတော့ သူ့ကားကို တခြားလူပြင်တာ မကြိုက်။ ကိုယ်တိုင်ပင် ပြင်ချင်သူ။ မူလီကလေး တစ်လုံးကျပ်တာကအစ။

ထိုအခါ အဖေ၏ ညီလည်းဖြစ်၊ ငယ်မွေးခြံပေါက်လည်း ဖြစ်သော ဦးခင်မောင်သည် အဖေရုပ်ရှင်ရိုက်သောအခါ လျှပ်စစ်တာဝန်ခံဖြစ်သလို အဖေ မော်တော်ကားပြင်သောအခါ လက်တိုလက်တောင်း ဖြစ်ရလေသည်။

အဖေသည် ညလူဖြစ်၏။ တစ်ညလုံးလိုလို မအိပ်မူဘဲ စာရေးနေတတ်၏။ နေ့ပိုင်း သူ့အလုပ်ချိန်ကို (ရုပ်ရှင်ရိုက်အပါအဝင်) မွန်းတည့် (၁၂)နာရီမှ စလေ့ရှိပါသည်။ သည်တော့ သူအိပ်ရာမှ မထခင် ကြိုတင် လုပ်ဆောင်စရာများကို တပည့်လက်သားများအား စာဖြင့် ရေးပြီး မှာထားတတ်၏။

တစ်နေ့တွင် အဖေသည် သူ့မော်တော်ကား ဘရိတ်များ ပြင်ရန်ရှိ၏။ ထို့ကြောင့် "ခင်မောင် မော်တော်ကားဘီး (၄) လုံး စလုံး ဖြုတ်ထား။ ရှေ့နောက် ဘယ်ညာမှက်ထား"

စာတိုကလေး တစ်စောင်ရေးထား၏။ မြေဖြူခဲ တစ်ချောင်းပါ အသင့်ပြင်ပေးထား၏။

ထုံးစံအတိုင်း ဦးခင်မောင်ကလည်း ဘီးများကို ဖြုတ်ပါ၏။ ရှေ့နောက်ဘယ်ညာလည်း မြေဖြူခဲဖြင့် မှတ်ပါ၏။ သို့





သော် အဖေအိပ်ရာမှ နိုးသောအခါ–

"ဟေ့ ခင်မောင်၊ ဘီးအမှတ်အသားတွေက ဘယ်လိုဖြစ်တာလဲ"

"မှတ်ထားတာ မတွေ့ဘူးလားဗျ"

"ခွီးတဲ့မှပဲ။ မင်းဟာက ဒါဘာလဲ။ ရှေ့ R ဆိုတာ"

"ဟာ အစ်ကိုကလည်း စာရေးဆရာလုပ်နေပြီး မသိဘူးလား။ ရှေ့ဆိုတာ ရှေ့ဘီး R ဆိုတာ ရိုက် Right ညာပေါ့ဗျ"

"ဒါဆို ဒီရှေ့ B ဆိုတာကရော"

"ခက်တာပဲ။၊ ရှေ့ဆိုတာ ရှေ့ဘီး၊ B ဆိုတာ ဘယ်ရှေ့ဘယ်ဘက်ပေါ့။ အတော်ထုံတဲ့လူ"

ထိုအခါ အိပ်ရာနိုးစ အဖေသည် သူ့ညီတော်မောင်အား ကောင်းစွာဆဲရေးလေတော့သည်။ ပြီးနောက်–

"မင်း ဒါကြောင့် ဒီနေရာက မတက်တာပဲ ခင်မောင်"

ဟု ကရုဏာဒေါသော ပြောသောအခါ–

"ဟာ အစ်ကိုလောက်တော်ရင် ကျွန်တော်ဟာ ခုလောက်ရှိ 'သာခု'ဖြစ်နေပြီ။ ခင်မောင် ဘယ်ဖြစ်တော့မလဲ"

❑ ❑ ❑

ချစ်စွာသော ကျွန်တော်၏ စာရှုသူ။ အထက်ပါအကြောင်းအရာကို မိတ်ဆွေဖတ်မိပြီ ဆိုပါစို့။ ကျွန်တော့်အားဟိုခုန်သည်ခုန်နှင့် မိန်းမတွေအတင်းပြောသလို စာရေးရသလားဟု ဆိုကောင်းဆိုနိုင်ပါသည်။ သို့မဟုတ် မဂ္ဂဇင်းဂျာနယ်များမှ



www.burmeseclassic.com

www.burmeseclassic.com



ရိုးရာပုံပြင်များ၊ ဟာသတိုများသဖွယ် ရေးဖွဲ့နေသည်ဟု ဆို ကောင်း ဆိုကြပေမည်။

တကယ်တမ်းတော့ ထိုဦးခင်မောင်အကြောင်းများကို ရေးမည်ဆိုလျှင် သူ့ကို ကျွန်တော်က စာဖတ်သူနှင့် ဦးစွာ မိတ်ဆက်ပေးရပေမည်။ ပြီးမှ သူ၏ ဂရိုက်သဘာဝကလေးများ ကို တစ်ခုချင်းဖွဲ့၍ တင်ပြရပေမည်။ မဂ္ဂဇင်းများတွင် လစဉ် ရေးပြီး လုံးချင်းအနေနှင့်မူ ဇာတ်ကောင်စရိုက် ပီပြင်စွာ ဖွဲ့ နွဲ့၍ သာမန်လူတစ်ယောက်၏ ဘဝပုံရိပ်ကို ဖော်ကျူးသင့် ပေသည်။ ကျွန်တော့်ဦးလေးသည် လူသိများသူမဟုတ်သဖြင့် လည်း ဇာတ်လိုက်တစ်ယောက်အဖြစ် ရုပ်လုံးပေါ်အောင် တော် တော်ကြီး မွမ်းပြီး အံချောကိုင်ရပေမည်။

ဆရာမောင်ထွင်၏ ‘ငဘ’တို့ ဆရာသာခု၏ ‘အတာ’တို့၊ ဆရာဆင်ဖြူကျွန်းအောင်သိန်း၏ ‘ကိုဆေးရိုး’၊ ဆရာကြယ်နီ ‘ကိုဒေါင်း’စသဖြင့် ဘဝပုံရိပ်ဖော်ရန်ကလည်း ပြောခဲ့ပါပကော။ ကျွန်တော့် ဦးခင်မောင်က ကိုးလိုးကန့်လန့် စရိုက်ပါ၏။

သို့သော် ဆရာမကြီး (လူထုဒေါ်အမာတို့၊ ဂျာနယ်ကျော် မမလေးတို့)လို ကျွန်တော်က ရုပ်လုံးအဖော်ကောင်းလျှင်တော့ ကောင်းလေစွ။

ဦးခင်မောင်၏ စရိုက်သဘာဝများသည် ရေးတတ်မည် ဆိုလျှင် တကယ်ထူးခြားသော သရုပ်သဏ္ဍာန်ပေါ်နိုင်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။





ဤစကားကို ကျွန်တော်က အကြောင်းမဲ့ ပြောခြင်း မဟုတ်ရရိုးပါ။ ပြ

စာပေ ဟောပြောပွဲတစ်ခုတွင် ကျွန်တော့်ဖခင် (ဆရာ သာမု) ပြောလိုက်သော စကားတစ်ခွန်းကြောင့်။ ထိုဟောပြောပွဲ တွင် စောစောက ကျွန်တော်တင်ပြခဲ့သော ဦးခင်မောင် မော် တော်ကားဘီး အမှတ်အသားပြုခြင်းနှင့် ပတ်သက်၍ အဖေက ပြန်ပြောပါသည်။ ထိုသို့ ပြောပြီးနောက်–

“ကိုင်း ပရိသတ်က ခု ကျွန်တော် ဒီအကြောင်း ပြော တော့ ရယ်ကြတယ်။ တကယ်တမ်း လေးလေးနက်နက် စဉ်း စားကြည့်ရအောင်။ အဲဒီ ခင်မောင်ဟာ သူ့ဟာသူ မှတ်ချင်သလို မှတ်တယ်။ R တွေ L တွေ B တွေဆိုတာက ကျွန်တော်တို့ မှတ်ထားတဲ့ ‘ပညတ်’တွေပါ။ တကယ်တော့ သူ့အသိနဲ့သူ ဘယ်လိုမှတ်မှတ် တကယ်တမ်း အံဝင်ခွင်ကျဖြစ်ဖို့ဟာ အဓိက မဟုတ်လား။ ‘ပရမတ်’ မဟုတ်လား။ စာရေးဆရာဆိုတာ ရေးတတ်ရင် ဖြစ်ပါတယ်။ စာဖတ်သူဆိုတာလည်း ယူတတ်ရင် ရပါတယ်။ အဲ ရေးသူနဲ့ ဖတ်သူငြိမ်ကြဖို့ပဲ အရေးကြီးပါ တယ်”

ဟု ကျွန်တော့်အဖေက ဟောပြောပွဲကို အဆုံးသတ်လေ ၏။

(ရွှေအမြုတေ၊ ဖေဖော်ဝါရီ၊ ၁၉၉၈)



www.burmeseclassic.com

www.burmeseclassic.com

## အကျိုးအပဲ့

"မခင်ညို သိပ်ကို ကံကောင်းတာပဲ"ဟု ကျွန်တော်တို့ မိခင်ကြီး ဒေါ်ခင်ညိုကို သူ့မိတ်ဆွေများက ဆိုကြပါသည်။

ကျွန်တော်က ကျွန်တော်တို့ မိခင်ကြီးဟု 'တို့'တစ်လုံး အပိုသုံးလိုက်ရခြင်းမှာ မောင်ဝဏ္ဏ၊ မောင်ဗလ(သုမောင်)၊ မောင်ရှုပနှင့် မောင်ဉာဏ်ပေါ်(မင်းလူ)တည်းဟူသော အနုပညာသည် (၄)ဦးကို ရည်ညွှန်းလိုသောကြောင့် ဖြစ်ပါသည်။

အမေ့မိတ်ဆွေများက "သိပ်ကို ကံကောင်းတာပဲ"ဟု ဆိုကြရာ၌လည်း ကျွန်တော်တို့ ညီအစ်ကိုတစ်စု၏ ဂုဏ်ကို ကိုးကား၍ ဆိုလိုကြသည်က များပါသည်။ ဟုတ်တော့လည်း ဟုတ်ပေသားပင်။ အမေသည် အဖေ(ဦးသာခ)ကဲ့သို့သော လူတော်တစ်ယောက်ကို ရခဲ့ငြားလည်း အိမ်ထောင်သက် လမ်းခုလတ်တွင် အဖေနောက်အိမ်ထောင်ပြုသဖြင့် ကံမကောင်းခဲ့ရဟု ဆိုဖွယ်ရှိသည် မဟုတ်ပါလား။ အမေသည် အမေ့ပေါ် ပစ်ပစ်





ခါခါ မရှိခဲ့သော်လည်း မိန်းမသားတို့သဘာဝ အိမ်ထောင်ရေး လမ်းကြောင်း ပြတ်တောက်သွားရသည့်အတွက်ကား ထိခိုက်မည်မလွဲပါ။ သည်တော့ မွေးထားသော သားလေးယောက်ကို အားကိုးလာသည်။ သားများကလည်း ငွေကြေးချမ်းသာသူများ မဟုတ်စေကာမူ ပညာနှင့် ကျော်ကြားမှု ချမ်းသာကြ၏။ ဒါသည်ပင် ဂုဏ်တစ်ပါးဖြစ်လေရာ အမေ ကံကောင်းသည် ဆိုကြခြင်းမှာ သင့်တော်ပေ၏။ ပြီးတော့ အဖေက ရုပ်ရှင်သမား၊ စာပေသမား၊ ဂီတသမား၊ အဖေ့ခြေရာ ဆိုပါစို့။

တိုက်ကြီးတာကြီးနှင့် မော်တော်ကားကြီးတွေ တစီစီနှင့် တနင့်တပိုး မထားနိုင်သော်လည်း အမေမျက်နှာ မငယ်စေခဲ့ကြရပါ။

ရိုးရိုးသားသား ပြောကြကြေးဆိုလျှင် ငွေကြေးမနေ၊ ရာထူးဂုဏ်သိမ်သရေတွေထက် ပညာဂုဏ်သည် လူ့ပတ်ဝန်းကျင်တွင် ပို၍ တွင်ကျယ်သည် မဟုတ်ပါလား။

ဒါကြောင့်ပင် ကျွန်တော့်အမေအား သူ့မိတ်ဆွေများ၊ ဆွေမျိုးသားချင်းများက အားကျခြင်း၊ ဂုဏ်ယူခြင်း ဖြစ်ကြရလေသည်။

"မခင်ညိုရယ် ညည်းယောကျ်ားလည်း အကယ်ဒမီရတယ်။ ဟော သားနှစ်ယောက်လည်း အကယ်ဒမီရကြပြန်ပြီ။ ကံကောင်းပုံများနယ်နော်"ဟု ချီးကျူးကြသူများကို အမေက–

"ဟဲ့ စာဆိုကတော်၊ စာဆိုမိခင်ဖြစ်ပြီးမှတော့ ဒါတွေက



www.burmeseclassic.com

www.burmeseclassic.com



အသေးအဖွဲ့ပေါ့အေ”ဟု ထပ်ဆင့်ဂုဏ်ယူစကားကို လေနုအေးဖြင့် ပြန်ပြောတတ်ပါသည်။ သည်လို ဂုဏ်ယူဝင့်ကြွားခြင်းအတွက်လည်း ပတ်ဝန်းကျင်က ကျေနပ်လက်ခံကြပါ၏။

မည်သို့ပင်ရှိစေ အမေအို ကံကောင်းသည်ဟုဆိုရာ၌ ကျွန်တော့်အမြင်မှာတော့ တစ်မျိုး ဖြစ်ရပါသည်။ ကျွန်တော်တို့ ညီအစ်ကိုတစ်တွေကြောင့် ကံကောင်းသည်မှာ တစ်ပိုင်းမှန်သော်လည်း အခြားကံကောင်းချက်များလည်း ရှိနေပြန်ပါသည်။ ကျွန်တော်တို့နှင့် ပတ်သက်၍ ဖြစ်ပါသည်။

❑ ❑ ❑

ကျွန်တော်တို့သည် ငယ်စဉ်ကတည်းက သွေးရင်းသားရင်းများထက် အပေါင်းအသင်း သူငယ်ချင်းများကို ပို၍ သံယောဇဉ် ရှိတတ်ကြသော သဘာဝ ရှိခဲ့ကြပါသည်။ ညီအစ်ကိုလေးယောက်တွင် ပင်ကိုစိတ်ထားနှင့် သဘာဝလေးမျိုးကွဲလာခဲ့သောကြောင့် အပေါင်းအသင်းလည်း လေးအုပ်စု ကွဲခဲ့ရပါသည်။ သို့သော် အပေါင်းအသင်းကို ကျွေးမွေးပြီး ပေါင်းသင်းတတ်ခြင်း၌ တူညီနေပြန်သဖြင့် သူငယ်ချင်းကောင်းများကိုသာ ရတတ်နေကြပြန်ပါသည်။ ကျွန်တော်တို့၏ သူငယ်ချင်းများကား တစ်ယောက်တစ်မျိုး ကောင်းကြသည်ဟု ဆိုနိုင်ပါသည်။





လူ့သဘာဝအတိုင်း အရွယ်ရောက်၍ အိမ်ထောင်ကျပြီး ကိုယ့်ဘဝကိုယ်ရုန်းကြပြီဆိုသောအခါ၌ အနေဝေးခြင်း၊ သဘောတရား ရေးရာ ကွာခြားလာကြခြင်း ရှိခဲ့သော်လည်း ငယ်သူငယ်ချင်းသည် ငယ်သူငယ်ချင်းပင် မဟုတ်ပါလား။ ကတောက်ကဆတ် ဖြစ်ခဲ့ကြသော်လည်း မေတ္တာမပျက်ခဲ့ကြပါချေ။ သည်ကြားထဲကမှ အထူးခြားဆုံးမှာ ဘယ်ဘဝရောက်နေသော သူငယ်ချင်းဖြစ်ဖြစ် ကျွန်တော်တို့၏ အမေကို ခင်မင်မပျက် ချစ်မြဲချစ်လျက်သာ ရှိနေကြခြင်းပင်။ ဆရာဝန်ဖြစ်နေသူများကလည်း အမေ့ကျန်းမာရေး၊ သဘော်သားဖြစ်နေသူများကလည်း အမေ့အတွက် လူကြီး အသုံးအဆောင်၊ ကြွယ်ဝချမ်းသာသူများကလည်း ငွေကြေးမုန့်ဖိုး အို–ကုန်ကုန်ပြောကြပါစို့ရဲ့။ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဆိုလျှင် တော်တော်နွမ်းပါးသည်။ မုန့်ဖက်ထုပ် ရောင်းနေရသည်။

“ဟော့ကောင် ဗလ၊ ငါအရင်းပြုတ်သွားပြီ။ ကူညီဦး”ဟု အကူအညီတောင်းတတ်သည့်ကြားမှ ကျွန်တော့်အမေအတွက် သူ့တောင်းထဲက မုန့်ဖက်ထုပ်ကလေးတစ်ထုပ်တော့ဖြင့် အမေ့ပါးစပ်ထဲအရောက် ခွံ့ကျွေးရှာပါသည်။ ကြည့်စမ်းဘယ်လောက်ကံကောင်းသည့် အမေပါနည်း။

ကျွန်တော့်သူငယ်ချင်း ဘုန်းကြီးတစ်ပါး ရှိပါသည်။ စစ်ကိုင်းချောင်မှာ တရားအားထုတ်နေသည်။ ယင်း ဘုန်းကြီးသည်ပင် ရန်ကုန်သို့ရောက်လျှင် အမေ့ဆီ တကူးတကန့် ကြ



www.burmeseclassic.com

www.burmeseclassic.com



လာတာတဲ့ပြီး–

"ရော့ မယ်တော်ကြီး စားချင်ရာဝယ်စား။ ဦးပဥ္စင်းက ဆင်းရဲတဲ့ ဘုန်းကြီးဆိုတော့ ဒါလောက်ပဲ စွန့်နိုင်တယ်"

ဟု မိန့်ပြီး ငွေငါးဆယ်မျိုး၊ ကိုးဆယ်မျိုး စွန့်ကြဲသွားတတ်သည်။ ဘုန်းကြီးကို အမေက ဝတ္ထုကပ်စရာမလိုပါ။

အမေကလည်း စကားပြော အင်မတန် ကောင်းသည်။ မှတ်မိမလား မသိ။ ကျွန်တော့်အဖေ အပါအဝင် ကျွန်တော်တို့ သား စာရေးဆရာများသည်ပင် အမေပြောပြသော ရှေးဟောင်း နှောင်းဖြစ် ဇာတ်လမ်းဇာတ်ကွက်များနှင့် မလွတ်ကြဟု ကျွန်တော် ရေးခဲ့ဖူးသည်ကို–။

ဆိုပါစို့။ စောစောကပြောသော ကျွန်တော့်သူငယ်ချင်း ဦးပဥ္စင်းကို အမေက ပြန်၍ ဆုပေးသည့်စကား။

"သား ဦးပဥ္စင်းကို မယ်တော်ကြီးကပဲ ဆုပြန်ပေးရမယ်။ အင်း... သီလနဲ့ပြည့်စုံတဲ့ အဘိုးကြီး၊ အဘွားကြီးတွေ ဆုပေးရင် ပြည့်တတ်တယ်နော်။ ကဲကဲ ဟောဒီသား ဦးပဥ္စင်း ဘုန်းကြီး အိုကြီး ဖြစ်ပါစေ"

ထိုအခါ သူငယ်ချင်း ဦးပဥ္စင်းသည် ခပ်ရီးရီးပင် "ပေးတဲ့ဆုနဲ့ ပြည့်ပါစေဗျာ"ဟု ဆုယူပါသည်။ သို့သော် အမေက စကားဆက်သည်။

"ဒီဆုပေးနည်းဟာ လယ်တီဆရာတော်ဘုရားကြီးက သူ့တပည့် မိုးညှင်းဆရာတော်ဘုရားကြီးကို ငယ်စဉ်က ပေးခဲ့





တဲ့ဆု သားဦးပဥ္စင်းရဲ့။ အဓိပ္ပာယ်က ရဟန်းဝတ်ဘဝနဲ့ပဲ အသက် ရှည်ရှည်ကြီး နေနိုင်ပါစေ။ ဘုန်းကြီးတဲ့ ရဟန်းအိုကြီး ဖြစ်ပါစေလို့ ဆုပေးလိုက်တာပါပဲ"

ဤနည်းဖြင့် ဘုန်းကြီးစာချဆန်သော စကားမျိုးကို လိမ္မာစွာ သုံးတတ်ပါသည်။ ကိုင်း သည်သူငယ်ချင်း ဦးပဥ္စင်းမှ အမေ့အပေါ် သဒ္ဓါမပေါက်လျှင် ဘယ်ဦးပဥ္စင်းပေါက်နိုင်ပါ တော့မည်နည်း။

ကျွန်တော်တို့တွင် သူငယ်ချင်းများစွာ ရှိခဲ့ကြသဖြင့် အမေ့အား ပုံသဏ္ဌာန်များစွာဖြင့် ပံ့ပိုးခဲ့ကြသည့်အထဲမှ မကြာ မကြာ အမေ့ထံ ရောက်လာတတ်သော သူငယ်ချင်းတစ်ယောက် အကြောင်း ပြောချင်ပါသည်။

နိုင်ငံကျော် ရွှေပုဇွန်မုန့်တိုက်ပိုင်ရှင် အဆိုတော် ဇေယျာ ပွင့် ဖြစ်ပါသည်။ သူ့ဖခင်က ကွယ်လွန်သူ ဦးပွင့်ကောင်း (တစ်ချိန်က နာမည်ကြီး ပွင့်ကောင်းငါးပိုင်ပြဇာတ်ရှင်)။ အဖေ တို့ အမေတို့သည် ငယ်စဉ်ကပင် ဦးပွင့်ကောင်းနှင့် ခင်မင်ခဲ့ကြ ပါသည်။ သူတို့သားနှင့် ကျွန်တော်မှာလည်း အနုပညာနယ်သို့ ပြိုင်တူဝင်သော သူငယ်ချင်းများပါ။ သို့သော် ဇေယျာပွင့်သည် ကျွန်တော့်အမေနှင့်တော့ အရင်က သိပ်မရင်းနှီးခဲ့ပါ။ နောင် ကျွန်တော့်အိမ် သူအလည်အပတ် ရောက်ရင်းမှ–

"ဗိုလ်သု– ရော့ ဒေါ်အေးဘုံနဲ့ ကလေးတွေအတွက် ရွှေပုဇွန်မုန့်တွေ"



www.burmeseclassic.com

www.burmeseclassic.com



"နိုပ်တယ်ဗျာ။ အတော်ပဲ ကျွန်တော့်အမေက အသက်ကြီးမှ ကလေးသရေစာတွေ သိပ်မက်နေတယ်။ အမေ့ကို ဦးချလိုက်ဦးမယ်။ ခင်ဗျားလည်း ကုသိုလ်ရတာပေါ့"

"ဟာ ဒီလိုလား။ ဒါဆိုနေဦး။ ဒီမုန့်တွေ ခင်ဗျားတို့ယူထားလိုက်။ အမေကြီးအတွက် ထပ်သွားယူလိုက်မယ်။ စက်ရုံက ဒီနားတင်ပဲ"

ပြောပြောဆိုဆို ဇေယျာပွင့်သည် သူ့မော်တော်ကားဖြင့် အမေ့အတွက် ကောင်းပေ့ဆိုသော မုန့်များကို ကိုယ်တိုင်သွားယူရှာပါသည်။ ရတ်တရက် သဒ္ဓါပေါက်သွားပုံရ၏။ သည်အထိလည်း ကျွန်တော့်စိတ်ထဲ တစ်ခါတစ်ရံလမ်းကြုံ ဒါနပြုခြင်းဟုသာ မှတ်ပါသည်။

သို့သော် တကယ်တမ်း အမေ့အိမ်ပေါ်တက်ပြီး ဦးချကန်တော့ကြသောအခါတွင်ကား–

"ဟဲ့ ဒါဘယ်သူတုံး"

"ကျွန်တော့်သူငယ်ချင်း အဲဆိုတော်ဇေယျာပွင့်ပါ အမေ။ အမေ့ကို လာကန်တော့တာ။ ဒီမှာ ရွှေပုဇွန်ကိတ်မုန့်တွေ"

"ဟဲ့ ရွှေပုဇွန်ဆို တယ်နာမည်ကြီးတာပေါ့နော့။ နေစမ်းပါဦး။ ရွှေပုဇွန်ဆိုတာ ပွင့်ကောင်းငါးပိ၊ ငံပြာရည်အဆက်တွေ မဟုတ်လား"

"ဟုတ်ပါတယ် အမေကြီး။ ကျွန်တော့် ဖေဖေက..."

"အောင်မယ်လေး ကိုပွင့်ကောင်းပါကွယ်။ အမေတို့နဲ့ ဆွေမျိုးသားချင်းတွေလို ခင်ကြတာပဲ။ အင်မတန် တော်တဲ့လူ၊ လာဘ်မြင်တဲ့လူပေါ့။ သူမင်္ဂလာဆောင်တုန်းကများဆိုရင်..."



ဟု အစချီပြီး ဦးပွင့်ကောင်း မင်္ဂလာဆောင်တုန်းက အမေတို့ အထူးအဆန်းဖြစ်ကြရသည့် ရှေးဟောင်းနှောင်းဖြစ်များကို စတင်ပါတော့သည်။ စောစောက ကျွန်တော် ပြောခဲ့သလို အမေသည် စကားပြော အလွန်ကောင်းသူဖြစ်လေရာ ကျရာနေရာ၊ ရောက်ရာအကြောင်းမှစ၍ စီကာပတ်ကုံး ဇာတ်လမ်း ဆင်ပြောတတ်သူဖြစ်၏။ စကားများသော အဘွားကြီးတစ်ယောက် မဟုတ်သော်လည်း ဖွဲ့ကာနွဲ့ကာ ပြောတတ်သူဖြစ်သဖြင့် အမေလေကြောရှည်သော်လည်း နားထောင်သူအဖို့ မငြီးငွေ့ရပါ။ သူ့နေရာနှင့်သူ ခွင်ကျအောင် ပြောနိုင်သည်ကို ကျွန်တော့်သူငယ်ချင်း ဘုန်းကြီးကျွန်းနှင့်ပင် ဇာဖတ်သူ သဘောပေါက်ပါလိမ့်မည်။

"ဒါနဲ့ သားဖေဖေရဲ့ ကျန်းမာရေးကော"

"ဖေဖေ ဆုံးပါးသွားတာ သုံးနှစ်လောက် ရှိပါပြီ အမေကြီး"

ဇေယျာပွင့် အသံအနည်းငယ် တုန်ခါသွားသည်ကို ကျွန်တော့်အမေက သတိထားမိဟန် တူပါသည်။ ချက်ချင်းပင် စကားကြောင်းကို တိမ်းပါ၏။

"အင်း သစ္စာ မမ္မ၊ ဝီရိယနှင့်၊ ဇာဂရိတ်၊ ငါးပါးရှိက၊ ကင်းဘိအပယ်၊ နောင်ဝယ်နတ်လူ၊ စိုးမပူတည့်တဲ့ သားရဲ့။





www.burmeseclassic.com

www.burmeseclassic.com



ဘော သစ္စာရှိသူ၊ တရားဓမ္မရှိသူ၊ ဝီရိယစွဲကောင်းသူ၊ စာဂစွန့်လွှတ်စွန့်စားသူ၊ မိတ်ကို မတုန်မလှုပ်တတ်သူ၊ အဲဒီ ဂုဏ်ငါးပါးနဲ့ ပြည့်စုံတဲ့သူဟာ နောင်ဘဝမှာ လူ သို့မဟုတ် နတ်ပဲ မလွဲဖြစ်ရမယ်တဲ့။ သားဖေဖေ ငရဲမကျတော့ပါဘူး"ဟူ၍ ဖေယျာပွင့်ကို စကားချီလိုက်ပါတော့သည်။ ကျွန်တော့် သူငယ်ချင်းသည် ထိုစကားကြားမှ မျက်ရည်များ လည်လာပါသည်။ ပီတိမျက်ရည် ထင်ပါသည်။

ဤမှစ၍ ဖေယျာပွင့်တစ်ယောက် အမေ့စကား၌ ချည်ပြီးတုပ်ပြီး ဖြစ်သွားရှာပါပြီ။

❑ ❑ ❑

အမေသည် စကားပြောရာ၌ အကြောင်းအရာကို စီကာစဉ်ကာ ပြောတတ်သလို ကြားပေါက်ဖြတ်ဝင်လာသော အကြောင်းအရာများရှိလာလျှင်လည်း မူလစကား၌ ပြန်၍ အကျုံးဝင်လာစေရန် ဆွဲယူပြောဆိုတတ်ပါသည်။ ရုပ်ရှင်ဇာတ်ညွှန်း အတတ်ပညာသဘောမျိုးဆိုပါတော့။

"အမေ ဆုပေးရင် ပြည့်တတ်တယ် သား ဖေယျာပွင့်ရဲ့။ ဘာကြောင့်လဲဆိုတော့ အမေက (၈)ပါးသီလ လုံခြုံလို့ပဲ။ အေး ရှစ်ပါးသီလဆိုတာ မင်းတို့လည်း သိပြီးသားပါလေ။ ဒါပေမယ့် မင်းတို့က မေးမယ်။ ဒီအဘွားကြီး ရှစ်ပါးသီလ လုံတယ်သာပြောနေ၊ အစားအသောက်ကျတော့ အချိန်မတော်ကြီးလည်း ထစားတာပဲလို့။ အေး အမေရှင်းပြမယ်။ အမေဟာ ခုအသက်အရှစ်ဆယ်ပြည့်တော့မယ်။ လူကြီးဆိုတာ အာဟာရလိုတယ်။ အမေ့သွားတွေက ကောင်းတုန်းဆိုတော့ မြိုးမြိုးမြက်မြက် စားချင်၊ ဝါးချင်တယ်။ ညကြီး အချိန်မတော် ဗိုက်ဆာတတ်တယ်။ ဒီတော့ထုံးစံ ရှစ်ပါးသီလယူရင် နေ့လွဲညစာ မစားရတဲ့ သီလကပါနေတယ်။ ဝိကာလဘောဇနာပေါ့လေ။ အဲဒီတော့ အမေ ဘာလုပ်သလဲ၊ အဲဒီ သီလတစ်မျိုးကို ဖြုတ်တယ်။ သူ့အစား ပိုပြီး ထိရောက်တဲ့ သီလတစ်ပါးကို အစားထိုးတယ်။ ဘာလဲ။ မေတ္တာပို့ သီလပေါ့ကွယ်။ အမေက မေတ္တာအမြဲပို့နေတဲ့သူဆိုတော့ ဟန်မကျဘူးလား။ ပြီးတော့ ညစာမစားတဲ့ သီလထက် မေတ္တာပို့တဲ့ သီလက ပိုပြီး မကောင်းပေဘူးလား။ ကိုင်း ငါ့သားလည်း ကုသိုလ်ရတယ်။ အမေ့မေတ္တာကိုလည်း ရတယ်။ အမေလည်း သားကျွေးတဲ့ မုန့်တွေစားရတယ်"

ဤမျှလောက်ဆိုလျှင် ဖေယျာပွင့်တစ်ယောက် ကျွန်တော့်အမေကို သူ့အမေနီးပါး ကြည်ညိုသဒ္ဓါပွားနိုင်လောက်ပါပြီ။ မုန့်ပဲသရေစာ ဒါနပြုသူကို ကျေနပ်လောက်အောင် ပြောနိုင်သူပါတကား။

"ဒါကြောင့် အမေဆုပေးရင် ပြည့်တယ်လို့ ပြောတာပေါ့။ ဟော ဘာကြာသေးလဲ။ အမေ့အိမ်သတင်းစာပို့တဲ့လူ။ ဆင်းရဲရှာပါတယ်။ ကလေးတွေကလည်း အများကြီးနဲ့။ အဲဒါပေမယ့် သူက အမေ့အပေါ် သဒ္ဓါကလေးတော့ ပေါက်သား







www.burmeseclassic.com

www.burmeseclassic.com



ကွယ်။ သတင်းစာဖိုးရှင်းတဲ့ လဆန်းရက်တိုင်းမှာ အမေ့ဖို့ ဇယာကြော်ကလေးဖြစ်ဖြစ်၊ ကောက်ညှင်းပေါင်းလေးဖြစ်ဖြစ် ဝယ်လာပြီး ကန်တော့သွားတတ်တယ်။ အင်း ခုသားဇေယျာပွင့်လို မုန့်အကောင်းစားကြီး မဟုတ်ဘူးနော်။ ဒါပေမယ့် အမေကတော့ ညီတူမျှတူ ဆုပေးမြဲ ပေးတာပါပဲ”

အမေသည် လှတန်းစားမရွေး ထားရှိသော သူ့မေတ္တာကိုလည်း အမွှမ်းတင်လိုက်သေး၏။

“သူ့ပြဿနာ သူ့အခက်အခဲဘာရှိတယ်ဆိုတာလည်း အမေ မသိပါဘူးကွယ်။ ပေးရိုးပေးစဉ်အတိုင်း ဆုပေးတာပါပဲ။ အဲ တစ်ခုတော့ အမေက ပိုလေ့ရှိတယ်။ ဘာလဲဆိုတော့ အမေ့ကို ခုလို ရှိခိုးကန်တော့ရတဲ့ အကျိုးဟာ ခုချက်ချင်း အမေ့ရှေ့က ခွာသွားသွားချင်း လိုရာဆန္ဒပြည့်ပါစေသတည်းလို့ လေ။ ကြည့်စမ်းကွယ်။ နောက်တစ်နေ့မှာပဲ ဝမ်းသာအားရနဲ့ အမေ့ဆီ သူပြန်ရောက်လာတော့တာပဲ”

အကြောင်းကား ထိုသတင်းစာပို့ ဆရာကြီး၏ သားတစ်ယောက်ကို သူသတင်းစာပို့သော အိမ်တစ်အိမ်မှ သင်္ဘောကပ္ပတိန်ဆိုသူက ရိုးသားမှုအပေါ် အခြေခံပြီး စီစဉ်ပေးလိုက်ရာ ထိုသူငယ်သည် ဘာမှ မကုန်ကျလိုက်ရဘဲ ဂျပန်နိုင်ငံရောက်ပြီး အလုပ်အကိုင် အဆင်ပြေသွားပါသည်တဲ့။

“အမှန်က အမေ့မေတ္တာ၊ အမေ့သီလနဲ့ အမေဆုတောင်းပေးလိုက်တာလည်း ပါတာပေါ့ကွယ်။ တိုက်ဆိုင်တာလည်း



BURMESE CLASSIC .com



ဖြစ်ချင်ဖြစ်မှာပေါ့။ ဘာပဲဖြစ်ဖြစ် အဲဒီနောက်ပိုင်းမှာ အမေဟာ အကြားအမြင်ရတဲ့ အဘွားကြီးတစ်ယောက်လို့တောင် သူတို့က အထင်ကြီးသွားတော့တာကလား။ အမေ့ဆီက မာတ်ပုံတောင်း ဘုရားခန်းမှာ ပူဇော်ပြီး ညတိုင်း မိသားစု ရှိခိုးကြတယ်တဲ့။ ကြည့်စမ်း အမေ့မေတ္တာတရားကြောင့် အမေဟာ အလိုလိုနေရင်း သူတော်ကောင်း အဘွားကြီးဘဝ ရောက်သွားရတော့တာ။ တကယ်တော့ အမေဟာ ဘယ်ကလာ အကြားအမြင်တွေ ဘာတွေရမှာလဲကွယ် နော့”

ထို့နောက် အမေသည် ဇေယျာပွင့် ကန်တော့သည့် မုန့်များကိုလည်း စားမည့်အကြောင်း၊ ညော့်သည်တွေလည်း ညော့်ခံမည့်အကြောင်း၊ ထိုမုန့်မျိုး မစားဖူး၊ မမြင်ဖူးသည့် သူ့လက်တိုလက်တောင်းများကိုလည်း ဝေကျွေးမည့်အကြောင်းများ ရွှမ်းရွှမ်းစဝအောင် ပြောပါတော့သည်။

ထို့နောက် ဇေယျာပွင့်က အမေ့အား ရှိခိုးကန်တော့သဖြင့် ကျွန်တော်ကလည်း အပိုဆု ရလိုရငြား ဝင်ကန်တော့ပါသည်။ ဦးငါးကြိမ်ချပြီး၍ ဇေယျာပွင့်မျက်နှာ ပြန်မော့လာသောအခါ မျက်ရည်တွေ ခိုးသုတ်နေသည်ကို ကျွန်တော်မြင်လိုက်ရပါသည်။ သည်တစ်ခါတော့ ပီတိမျက်ရည်သာမကတော့ပါ။ အခြားသော ပြင်းပြသည့် ခံစားချက်ပါ ပါသောမျက်ရည်တွေဖြစ်မှန်း ကျွန်တော် သိလိုက်ပါလေပြီ။

‘ကဲ အမေကြီး ကျွန်တော်တော့ အရမ်းကို စိတ်ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ။ နောက်နောင် မုန့်လုပ်တယ်ဆိုရင် ဗိုလ်သုကိုသာ အကြောင်းကြားလိုက်ပါ။ ကျွန်တော်လာပို့ပေးပါ့မယ်။ ကျွန်တော် မပြတ်ဒါနပြုပါ့မယ်"

"ဟဲ့ နေဦးသားရဲ့။ မင်းတို့မုန့်လုပ်ငန်းမှာ အမေကြားဖူးထားတာ တစ်ခုရှိတယ်။ မင်းတို့ မုန့်ပုံစံသွင်းတဲ့အခါ ကျိုးပဲ့သွားတဲ့ မုန့်အကြေတွေရှိတယ်ဆို။ အမေ့ကို ကန်တော့ချင်ရင် အဲဒါမျိုးတွေသာ ကန်တော့ပါကွယ်။ အမေတို့ အဘွားကြီးတွေဆိုတာ မျက်စိတွေလည်း မွဲကုန်ပြီ။ မုန့်ပုံစံကို မြင်ရတော့တာမဟုတ်ဘူး။ စားတဲ့အခါမှာလည်း လျှာအရသာခံရုံပဲ ရှိတော့တာ။ ဒီတော့ မုန့်အကျိုးအပဲ့တွေနဲ့သာ အမေ့ကို ကန်တော့ပါ။ သားအတွက် အမေပေးတဲ့ဆုနဲ့ မေတ္တာကတော့ မကျိုးမပဲ့ပါဘူး။ အပြည့်ပဲ ဖြစ်မှာပါ"

အမေစကားကြွယ်သည်ဟု အစဉ် ကျွန်တော်ဆိုခဲ့သော်လည်း ခုလို ထိရောက်အောင် ပြောနိုင်သဖြင့် ကျွန်တော်ပင် ပီတိမျက်ရည် လည်ချင်လာပါသည်။

"မဟုတ်တာဘဲ အမေကြီးရယ်။ ကျွန်တော် လှူနိုင်ပါတယ်။ ပြီးတော့ အကျိုးအပဲ့တွေ ဆိုတော့ ကျွန်တော့်စိတ်က မသန့်ချင်ဘူး"

"အိုကွယ် အလှူခံတဲ့လူက စိတ်သန့်ပြီးသားပဲ၊ ဘာပဲဖြစ်ဖြစ် သားက စေတနာသန့်တယ်ဆိုပြီးတာပဲ။ နောက်ပြီး မုန့်အကောင်းတွေဆိုတာ သားတို့က ရောင်းနေရတာ မဟုတ်



လား"

အမေက ရိုးသားစွာ ပြောသော်လည်း ဇေယျာ၏ အနေခက်မည်ကို စိုးသဖြင့် ကျွန်တော်က သံတမန်နည်းသုံး၍ စကားဝင်ထောက်ရပါသည်။

"မဟုတ်ဘူး မေမေရဲ့။ ကိုဇေယျာတို့က မုန့်ကို အကောင်းပကတိ ရောင်းတာထက် အကျိုးအပဲ့တွေကို သံပုံးနဲ့ သိပ်ထည့်ပြီးတော့ ဆိုင်သေးသေးတွေ ရောင်းရတာပိုပြီး တွက်ခြေကိုက်တာ"ဟု ဇေယျာပွင့်ကို မျက်စပစ်၍ ပြောရပါသည်။ သည်တော့မှ-

"အေး အေး ဒါဆိုလည်း ပြီးတာပါပဲကွယ်။ အမေ့အဖို့ကတော့ ဆာတဲ့အချိန်စားလိုက်ရရင် ကျွေးတဲ့လူကို ကျေးဇူးတင်၊ မေတ္တာပို့ရတာပဲ။ သာဓုကွယ် သာဓု သာဓု"

❑ ❑ ❑

ယခုအခါတွင် ဇေယျာပွင့်သည် ကျွန်တော်နှင့် ချိန်းဆိုထားသည် ဖြစ်စေ၊ လမ်းကြုံဖြစ်စေ ကျွန်တော့်မိခင်ကြီးအိမ်သို့ ပုံမှန်လိုလို လာရောက်ကန်တော့ရင်း မုန့်ဒါနပြုနေပါပြီ။ တစ်ခါတစ်ရံ ကျွန်တော်မပါဘဲနှင့် သူ့ဘာသာသူ အမေ့ကို လာကန်တော့သွားတတ်လေသည်။

ကျွန်တော် ဂရုစိုက်ထားမိတာတစ်ခုတော့ ရှိသည်။ နောက်ပိုင်း သူလာလာ ကန်တော့သော မုန့်များသည် တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ စုံလင်လာခြင်း၊ မုန့်အမျိုး အမည်များ ပြောင်းလာခြင်း၊ ကောင်းသည်ထက်ကောင်းလာခြင်းပင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ဖေယျာပွင့်တစ်ယောက်အမေ့ထံမှ ဘာတရားရသွားသနည်း။

သူ့ခံစားချက်တစ်ခုခုနှင့် အမေ့အား မုန့်ဖြင့် ဒါနပြုရခြင်းသည် ဘာများ တိုက်ဆိုင်ခဲ့လေသနည်း။

အမေ့အား လာရောက်ဂါရဝပြုရခြင်းကို အစွဲအလမ်းတစ်ခု၊ ဝတ္တရားတစ်ခုကဲ့သို့ သူဘာကြောင့် ပြုနေရသနည်း။

ကျွန်တော့်အဖို့ တွေးစရာတစ်ခု ဖြစ်နေသော်လည်း ထိုကိစ္စနှင့် ပတ်သက်၍ ဖေယျာပွင့်နှင့် စကားသော်မှ မစပ်ဖြစ်ခဲ့တော့ပါ။ သို့သော် ပထမဆုံးအကြိမ် အမေ့ထံ သူလာရောက်ကန်တော့စဉ် အမေက "မုန့်အကျိုးအပဲ့တွေသာ ကျွေးပါကွယ်" ဟု ဆိုခဲ့သည်နှင့် ပက်သက်၍ ဖေယျာပွင့်ထံမှ ပွင့်ထွက်လာသော အမှတ်မထင် မှတ်ချက်စကားက ရိုးရိုးကလေးဖြစ်သော်လည်း ကျွန်တော့်အဖို့ကား ဖော်ပြရန် ခက်ခဲသော တရားတစ်ခုပါ။

သူက "ဒီမယ် ဗိုလ်သု၊ အမေကြီး ပြောတဲ့ အကျိုးအပဲ့ဆိုတဲ့ စကားက သိပ်တာသွားငဲ့ဗျ။ အကျိုးဆိုတာ ကျိုးနေပျက်နေတာကို ဆိုတာလို့ သာမန်မှတ်ယူလို့ရပေမယ့် ယပင့်နဲ့ ကျိုးတဲ့အတွက် အကျိုးရှိခြင်းလို့လည်း အဓိပ္ပာယ်ရောက်နေပြန်ရောဗျ။ ဘာပဲဖြစ်ဖြစ် အမေကြီးကို ကန်တော့ရတဲ့ အကျိုးဟာ ကျွန်တော့်ဘဝအတွက် အကျိုးထူးတစ်ခုတော့ ဖြစ်လာမှာ သေချာပါတယ်"ဟု ပြောခဲ့ပါသည်။

(မဟေသီ၊ ဖေဖော်ဝါရီ၊ ၁၉၉၈)



BURMESE CLASSIC .com

www.burmeseclassic.com